
www.burmeseclassic.com

# မောင်မြင့်ကြွယ်

# အဏ္ဏဝါတစ္ဆေ

## CLIVE CUSSLER
## PACIFIC VORTEX!

BURMESE CLASSIC .com



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ——— ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ——— ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ——— ဒို့အရေး

ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



# မောင်မြင့်ကြွယ်

## အက္ကာဝါတ ရွှေ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၄၀၆၅၀

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ်
၆၄၄ / ၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၈၀၀၅၀၃
ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်
၂၀၀၅ ခုနှစ်၊ မေလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီနှင့် အတွင်း
ကိုစိုးအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယ်စိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ- ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၃ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၁၈၀၀- ကျပ်

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၄၅ | မရထားကုန်သည် | မောင်မြင့်ကြွယ် |
| ၁၄၆ | ရခေ့ာင်မောင်မောင်တုတ်(ရတနာသုံးလူ့ဝှက်မှာတ်လမ်းများ) | မောင်မေငယ် |
| ၁၄၇ | သမိုင်းကာမြေပြာမှာ ဂန္ဓီရှုနယ်မြေများ | လှမိုး(ပညာရေး) |
| ၁၄၈ | ပုန်းမကြည် | မာယာ |
| ၁၄၉ | သုရိယဂန္ဓီရှနှင့် ထန်ကြယ်ရသဝတ္ထုတိုများ | ပညာဗလ |
| ၁၅၀ | အပြီးကျောက်အမောက်ကျောက်နှင့် လူ့စွန်တမင်းဒင် | သိဝနေဟ(ကချင်ပြည်နယ်) |
| ၁၅၁ | ဂျာအေးနှင့် ဝိယဝိဇ္ဇာ | ပေါ်ဂျာရစ် |
| ၁၅၂ | ချေသော်မကြေ | အထောက်တော်လှအောင် |
| ၁၅၃ | မိုးဆန်းပန်းလိုလန်းပါစေနှင့်လက်ဘာအတူးဆောင်းပါးများ (ဖြိတ်)ဆရာကျော်လင်း | |
| ၁၅၄ | ဂျာအေးနှင့် တတ်လိုက်ကြီး | ပေါ်ဂျာရစ် |
| ၁၅၅ | တးပင်သုံးပင် ဆေးဟက်ဝင် | ဦးလှခင် |
| ၁၅၆ | ယုန်တောင်ကြောင်မိနှင့် ဂန္ဓီရုဝတ္ထုများ | တပ်ကြပ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ဂန္ဓီမြေပြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိမ်ကြီးပေါ်မှ ခြေသံများနှင့် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်ငတေနှင့် ကျောက်ဖားပြည်သံ | ဝေယံလင်းခေါင် |
| ၁၆၀ | စီးကိုတိုးတဲ့ ပိုးအလံ | အထောက်တော်လှအောင် |
| ၁၆၁ | တူရကီတွင်းကပါလာသူ | ခင်(တောင်ကြီး) |
| ၁၆၂ | ကမ္ဘာ့ရုပ်ရှင်းနှင့် ဂန္ဓီမြို့တော် | ဇိုးကျော် |
| ၁၆၃ | နဂါးကြီးနှင့် အတိတ်မှလောက်လွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေမည်းတောင်ကြား | ဝေယံလင်းခေါင် |
| ၁၆၅ | ပဲခူးမြို့မဆရာတော်ဘုရားကြီး | မကြွယ်ကြွယ် |
| ၁၆၆ | ဥမ္မာဘဏော | ပေါ်ဂျာရစ် |
| ၁၆၇ | တစ်ဝန်ပြန်၍မနီးသောဝေဒနာ | နတ်နွယ် |
| ၁၆၈ | ပရလောကမှထူးဆန်းသောဖြစ်ရပ်မှန်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၆၉ | လှယမင်းသား ကျားရဲလာနှင့်တစ်ခြားဝတ္ထုတိုများ | မင်းခေါင်စုန္ဒ |
| ၁၇၀ | ကျွန်တော်နှင့်ဆေးလောက ဆေးလောကနှင့်ကျွန်တော် | မကွေးဝင်းမြင့် |
| ၁၇၁ | ဂျားအေးနှင့် ချစ်နောက်ကောက် | ပေါ်ဂျာရစ် |
| ၁၇၂ | ကမ္ဘာချက်စစ်ဆင်ရေး | မောင်မြင့်ကြွယ် |
| ၁၇၃ | နာမည်ကျော်စာရေးဆရာများနှင့် အောင်မြင်ကျော်ကြားသော စာရေးဆရာများ၏လက်ရာများ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၇၄ | မြင့်မိုရ်ပုန်စိုင်း | မာယာ |
| ၁၇၅ | ဂျာအေးနှင့် ရွှေကြိုပုဂ်သား | ပေါ်ဂျာရစ် |
| ၁၇၆ | ဘုသာပန္တရိယ ဝိဟာကြီးမှာ နှင့် နိုင်ငံရပ်ခြားဝတ္ထုတိုများ | ထက်မြက် |

ယခု

| | | |
|---|---|---|
| ၁၇၇ | အတ္တဝါဒေ | မောင်မြင့်ကြွယ် |

ဆက်လက်၍

| | | |
|---|---|---|
| ၁၇၈ | လင်းဆွဲဖော်ယှာ | မာယာ |
| ၁၇၉ | ဂျာအေးနှင့် နှစ်လော်ရှာကုန်း | ပေါ်ဂျာရစ် |

www.burmeseclassic.com

www.burmeseclassic.com

## အစ၏နိဒါန်း

သမုဒ္ဒရာတိုင်းသည် လူနှင့်သင်္ဘောများကို ဝါးမျိုကြစမြဲ ဖြစ်သည်။ သို့ရာတွင် သင်္ဘောနှင့် လူများကို ပစိဖိတ် သမုဒ္ဒရာလောက် မည်သည့် သမုဒ္ဒရာကမျှ ဝါးမျိုခဲ့ခြင်း မရှိပါ။ ပစိဖိတ်သမုဒ္ဒရာက လူများနှင့် သင်္ဘောများကို မျှော်လင့်မထားသောနည်းများဖြင့် အငိုက်ဖမ်း၍ ဝါးမျိုတတ်ပုံမှာ စံတင်လောက်ပါပေသည်။

ပစိဖိတ်သမုဒ္ဒရာထဲတွင် ဘောင်တီ သင်္ဘောပေါ်၌ ပုန်ကန်ထကြွမှုကြီး* ဖြစ်ပွားခဲ့ပြီး ဘောင်တီ သင်္ဘောကြီးသည် ပစ်ကန်းကျွန်းအနီး၌ မီးရှို့ ဖျက်ဆီးခံခဲ့ရသည်။

အမေရိကန် စာရေးဆရာ ဟာမန်းမဲလ်ဗီးလ်က မိုဘီဒစ် အမည်နှင့် ဇာတ်လမ်းဆင်၍ ရေးခဲ့သော သီအက်ဆက် သင်္ဘောသည် ဝေလငါးကြီး၏ တိုက်ခိုက် ရန်ပြုမှုကြောင့် ပစိဖိတ်သမုဒ္ဒရာထဲတွင် နစ်မြုပ်ခဲ့ရသည်။ ဟိုင်းမာရူး ဆိုသော သင်္ဘောသည် ခုတ်မောင်းနေစဉ် ဝမ်းဗိုက်အောက်တည့်တည့်တွင် ရှိနေသော ရေအောက်မီးတောင် ရုတ်တရက် ပေါက်ကွဲမှုကြောင့် အစိတ်အစိတ်အမွှာမွှာကွဲပြီး ပျက်စီးခဲ့ရသည်။

ထိုသို့သော ကိစ္စများ ဖြစ်ပွားခဲ့သည့်တိုင်အောင် ကမ္ဘာပေါ်ရှိ အကြီးဆုံးသော သမုဒ္ဒရာကြီးသည် အများအားဖြင့် အေးချမ်းငြိမ်သက်စွာ ရှိနေတတ်သည်။

ပစိဖိတ် ဆိုသော အမည်ကပင်လျှင် ငြိမ်းချမ်းမှုနှင့် နူးညံ့ ပျော့ပျောင်းသည် ဆိုသော သဘောကို ဖော်ဆောင်လျက် ရှိပေသည်။

သို့ရာတွင် ထိုထိုသော အကြောင်းအချက်များကြောင့် မည်သူမဆို ပစိဖိတ် သမုဒ္ဒရာကြီးအား မလေးမခန့် မပြုသင့်ပါ။

ငြိမ်ငြိမ်သက်သက် နေထိုင်တတ်သူများသည် ခန့်မှန်း၍ မရနိုင်

---

* ဗြိတိသျှရေတပ်မှ ဘောင်တီသင်္ဘောပေါ်တွင် ၁၇၈၉ ခုနှစ်က ပုန်ကန်ထကြွမှု ဖြစ်ပွားခဲ့သည်။ ကပ္ပတိန်ဝီလျံဘလိုက်နှင့် သင်္ဘောသား(၁၈)ဦး လှေငယ်တစ်စီးနှင့် မျောမျောခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ရုတ်တရက် ဖောက်ပြန်ပြီး အကြီးအကျယ် ဒုက္ခပေးတတ်ကြသည် မဟုတ်ပါလား။

ညမိုးမချုပ်ခင် အကော့မြို့ ရေငုပ်သင်္ဘော စတားဘတ်ခ်၏ ပွဲစင်ပေါ်သို့ တက်ရောက်သွားသော ကွန်မင်ဒါ ဖီးလစ်ဒူပရီ၏စိတ်ထဲတွင် ထို ဘေးဥပဒ်များအကြောင်းကို တွေးတောနေမိလိမ့်မည် မဟုတ်ပါ။

သူသည် ပွဲစင်ပေါ်တွင် တာဝန်ကျနေသော အရာရှိအား ခေါင်းညိတ်ပြလိုက်ပြီးနောက် သံတိုင်လက်ရန်းတန်းကိုမှီရင်း အငန်ဓာတ်ပါသောပင်လယ်လေကို အရသာခံ၍ ရှူလိုက်ပြီး လုံးဝိုင်းသော သင်္ဘောဦးက ပင်လယ်လှိုင်းများအား ခွဲဖောက်ပြီး ရှေ့သို့ မောင်းနှင် ချီတက်နေသည်ကို အားရကျေနပ်စွာ စိုက်ကြည့်နေသည်။

လူအများစုက သမုဒ္ဒရာကို ရှိသေလေးစားကြသည်။ အချို့ကမူ သမုဒ္ဒရာကို ထိတ်လန့်စိုးရွံ့နေကြသည်။

သို့ရာတွင် ဖီးလစ်ဒူပရီသည် လူအများစုထဲတွင် ပါဝင်သူ မဟုတ်ပါ။ သူသည် သမုဒ္ဒရာ၏ ကြမ်းတမ်းမှုနှင့် ကြည်လင် တည်ငြိမ်မှုတို့ကို လက်ခံသူ ဖြစ်သည်။ သို့ရာတွင် သူသည် သမုဒ္ဒရာ၏ ညှို့မြှူချက် စက်ကွင်းအောက်သို့ မည်သည့်အချိန်တွင်မျှ ကျရောက်ခံမည့်သူ မဟုတ်ပါ။

သူသည် ပင်လယ်သမုဒ္ဒရာထဲတွင် နှစ်ပေါင်းနှစ်ဆယ် တာဝန်ထမ်းဆောင်ခဲ့ရပြီး ရေငုပ်သင်္ဘောထဲ၌ ဆယ့်လေးနှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်သလို သူ၏စွမ်းရည်ကို အထက်ပုဂ္ဂိုလ်များက လွှန်လွှန်မင်းမင်း သိစေချင်သူတစ်ဦး ဖြစ်သည်။

ဒူပရီသည် ကမ္ဘာပေါ်တွင် အသစ်လွင်ဆုံးနှင့် ခေတ်အမီဆုံး ရေငုပ်သင်္ဘော၏မာလိန်မှူး ဖြစ်သည်။ သို့သော် ထိုမျှနှင့် မလုံလောက်ပါ။ သူသည် ထိုထက်မက ပို၍ လိုချင် တောင့်တနေမိသည်။

စတားဘတ်ခ်သည် ဆန်ဖရန်စစ္စကိုရှိ သင်္ဘောကျင်းမှ တိုက်ရိုက်ရေချပြီး မောင်းနှင်လာသော သင်္ဘောသစ် ဖြစ်သည်။ စတားဘတ်၏ သင်္ဘောရေစာမှစ၍ သင်္ဘောပေါ်ရှိ ပစ္စည်းတိုင်းကို အခြားအခြားသော ရေငုပ်သင်္ဘောများနှင့် မတူအောင် တည်ဆောက်ထားသည်။ ရေငုပ်သင်္ဘောအတွင်းပိုင်း၌ ရှိနေသော စနစ်အားလုံးကို ကွန်ပျူတာနှင့် ထိန်းချုပ်၍ ထားသည်။

စတားဘတ်ခ်သည် ရေမျက်နှာပြင်အောက်ဘက် ပေနှစ်ထောင်အနက်တွင် တစ်နာရီလျှင် ရေမိုင် တစ်ရာနှစ်ဆယ့်ငါးမိုင်နှုန်းနှင့် အချိန်ကြာမြင့်စွာ မောင်းနှင်နိုင်စွမ်းရှိသော ရေအောက်မြို့တော်ဟု တင်စားခေါ်ဝေါ်ရမည့် အနာဂတ်ရေငုပ်သင်္ဘောများ၏ အစပထမပင် ဖြစ်တော့သည်။

စတားဘတ်ခ်သည် ပထမဦးဆုံး ဝင်ရောက် ယှဉ်ပြိုင်ရမည့် မြင်းပြိုင်ပွဲတွင် ကြွကြွရွရွကလေး ဟန်ရေးပြနေသော မျိုးကောင်းမျိုးသန့်





မြင်းတစ်ကောင်နှင့် တူနေသည်။ သို့ရာတွင် ပွဲကြည့်ပရိသတ် ရှိလိမ့်မည် မဟုတ်ပါ။ စတားဘတ်ခ်အား စမ်းသပ် မောင်းနှင်ရာတွင် သင်္ဘောအစောင့်အရှောက် မပါစေရဘဲ ပစိဖိတ်သမုဒ္ဒရာ၏ အလွန်ခေါင်လှသောနေရာတွင် လျှို့လျှို့ဝှက်ဝှက် စမ်းသပ်ရမည်ဟု ရေအောက်စစ်ဆင်ရေးဌာနက အမိန့်ပေးထားသည်။

ဒူပရီသည် စေ့စပ်သေချာသူတစ်ဦး ဖြစ်သည်သာမက ညွှန်ကြားချက်များကို အသေးစိတ် လိုက်နာ ဆောင်ရွက်နေတတ်သူ ဖြစ်သောကြောင့် စတားဘတ်ခ်အား စမ်းသပ်မောင်းနှင်သောပွဲတွင် ဦးစီးဦးဆောင်ပြုရန် ရွေးချယ်ခံရခြင်း ဖြစ်သည်။

ဒူပရီသည် အင်နာပိုးလစ် (ရေတပ်စစ်တက္ကသိုလ်) တွင် ရှိနေစဉ်ကပင် သူ့အား အချက်အလက်ဘဏ်တိုက်ကြီးဟု အတန်းသားများက တင်စား၍ ခေါ်ဝေါ်ခဲ့ကြသည်။ ဒူပရီ၏အရည်အချင်းများသည် ရေငုပ်သင်္ဘောလောကတွင် အထူး ထင်ရှားသည်။ သို့ရာတွင် ရေတပ်မတော်၌ ရာထူး တိုးတက်ရေးနှင့် ပတ်သက်လာပါက အရည်အချင်းသည် ဒုတိယတန်းနေရာကသာ နေရလေ့ရှိသည်။

ရေတပ်ဗိုလ်ချုပ် တစ်ယောက် ဖြစ်လာရန် ဥပဓိရုပ်ကောင်းမှု၊ ဩဇာတိက္ကမရှိသူများနှင့် ဆက်သွယ်ပေါက်ရောက်မှုနှင့် ဆက်ဆံရေးကောင်းမွန်မှု စသော အရည်အချင်းများ ရှိရန် လိုအပ်ပေသည်။

ထိုအရည်အချင်းများသည် ဒူပရီထံတွင် လုံးဝ မရှိသောကြောင့် မကြာသေးမီက (သူ့ အောက်မှ အရာရှိတစ်ဦးအား) သူ့ကို ကျော်လွှား၍ ရာထူးတိုးမြှင့်ပေးမှု ဖြစ်ပေါ်ခဲ့သည်။

ပွဲစင်ပေါ်ရှိ အချက်ပေးခလုတ်မှ အသံမြည်လာသောကြောင့် ပွဲစင်ပေါ်တွင် တာဝန်ကျနေသော ဆံပင်နက်နက်နှင့် လက်ဖတင်နင်ကလေးက စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။ ထိုလက်ဖတင်နင်ကလေးသည် တစ်ဖက်မှ စကားပြောသူနှင့် မြင်ရမည် မဟုတ်သော်လည်း ဦးခေါင်းကို နှစ်ချက် ညိတ်ပြလိုက်ပြီးနောက် စကားပြောခွက်ကို ပြန်ချိတ်လိုက်သည်။

"ထိန်းချုပ်ခန်းကပါ"

လက်ဖတင်နင်ကလေးက ခပ်တိုတို အစီရင်ခံလိုက်၏။

"လွန်ခဲ့တဲ့ ငါးမိုင်အတွင်းမှာ ပင်လယ်အောက်ခြေ မျက်နှာပြင်ဟာ ပေ (၁၅၀၀) မြင့်တက်လာတယ်လို့ ပွဲတင်သံစက်က သတင်းပို့ပါတယ်"

ဒူပရီသည် စဉ်းစဉ်းစားစားနှင့် နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်၏။

"ရေအောက်မှာ မြုပ်နေတဲ့ အကျွတ်ဝါ တောင်တန်းကလေးတွေ ဖြစ်မှာပေါ့ကွာ။ တို့သင်္ဘောရဲ့ ဧရာ (ဝမ်း) အောက်မှာ ရေထုတစ်မိုင်လောက် ရှိနေသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူက ပြုံးလိုက်ပြီး ထပ်မံ ဖြည့်စွက်လိုက်၏။

"တုန်းပေါ်တင်မှာကို စိတ်ပူစရာ မလိုပါဘူးကွာ"

လက်ဖတင်နင်ကလည်း ပြန်ပြုံးလိုက်သည်။

"ပိုပြီး စိတ်ချရအောင် အဲဒါထက် လေးငါးပေလောက်ထပ်ရှိရင် ပိုကောင်းမှာပေါ့လေ"

ပြုံးနေသော ဒူပရီသည် ပင်လယ်ပြင်ဘက်ကို ခပ်ဖြည်းဖြည်း ပြန်လှည့်လိုက်၏။

သူသည် လည်ပင်းတွင် မသေမသပ် ချိတ်ဆွဲထားသော မှန်ပြောင်းတစ်လက်ကို လက်နှင့် ကိုင်လိုက်ပြီးနောက် မိုးကုပ်စက်ဝိုင်းဆီသို့ စိတ်ဝင်စားစွာ စိုက်ကြည့်နေသည်။ ထိုလုပ်ရပ်မှာ အကျင့်ပါနေသောလုပ်ရပ်ဖြစ်သည်သာမက အဓိပ္ပာယ် မရှိသောလုပ်ရပ်လည်း ဖြစ်သည်။ စတားဘတ်ခ်ပေါ်တွင် ရှိနေသော အလွန် ခေတ်မီလှသည့် ရေဒါစနစ်သည် သာမန်မျက်စိနှင့် မမြင်နိုင်သေးခင် ကြိုတင်၍ ထောက်လှမ်းပေးနိုင်စွမ်းရှိသည်။ ထိုအချက်ကို ဒူပရီလည်း သိသည်။ သို့ရာတွင် ပင်လယ်ပြင်ကို ကိုယ်တိုင်ကိုယ်ကြပ် မျက်စိနှင့် လေ့လာရမှုက လူတစ်ယောက်၏စိတ်ကို သောက ကင်းစင်စေတတ်ပါသည်။

နောက်ဆုံးတွင် သူသည် သက်ပြင်းချလိုက်ပြီးနောက် မှန်ပြောင်းကို အောက်သို့ ပြန်ချလိုက်၏။

"ငါ ညနေစာစားဖို့ အောက်ကို ဆင်းလိုက်ဦးမယ်။ ၂၃:၀၀နာရီကျရင် ရေထဲဆင်းဖို့ အဆင်သင့် စီစဉ်ထားကွာ"

သူသည် ခေတ်သစ်ရေတပ်မတော်တွင် 'ရှက်' ဟု ခေါ်ဝေါ် သုံးစွဲနေကြသော အထပ်သုံးထပ်မြင့်သည့် ပွဲစင်ပေါ်မှ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နှင့် ဆင်းလာခဲ့ပြီး ထိန်းချုပ်ခန်းထဲသို့ ဆင်းလိုက်၏။ ထိန်းချုပ်ခန်းမှ ကြီးကြပ်ကွပ်ကဲသူ အရာရှိနှင့် ရေကြောင်းလမ်းပြအရာရှိတို့သည် မြေပုံစာရွက်ပေါ်မှ အနက်ပေကို ပြထားသော အမှတ်အသားများအား ငုံ့ကြည့်နေကြသည်။

ကြီးကြပ်ကွပ်ကဲသူ အရာရှိက ဒူပရီအား မော့ကြည့်လိုက်၏။

"မာလိန်မှူး၊ ကျွန်တော်တို့ ဒီမှာ ထူးထူးဆန်းဆန်းတွေကို တွေ့နေရပါတယ်"

"နေ့တစ်နေ့ကို ထူးဆန်းတဲ့ ကိစ္စကလေးနဲ့ အဆုံးသတ်ရတာလောက် ကောင်းတာမျိုး ဘယ်ရှိနိုင်ပါ့မလဲကွာ"

ဒူပရီက ရွှင်ရွှင်ပျပျနှင့် ပြန်ဖြေလိုက်၏။

သူသည် အရာရှိနှစ်ယောက်ကြား၌ ဝင်ရပ်လိုက်ပြီး နို့နှစ်ရောင်မှန်ပေါ်တွင် အောက်ဘက်မှ မီးထွန်း၍ပြထားသော အနုစိတ် အကွက်ဖော်ထားသည့် မြေပုံစာရွက်အား ငုံ့ကြည့်လိုက်သည်။ ထိုမြေပုံစာရွက်ပေါ်တွင် မျဉ်းတိုများနှင့် ကန်လန့်ဖြတ် ရေးဆွဲထားသောမျဉ်းကြောင်းများ၊





ကမန်းကတန်း ရေးမှတ်ထားသော သင်္ကေတများနှင့် သင်္ချာဖော်မြူလာ (ပုံသေနည်း) များ ရှိနေကြသည်။

ဒူပရီက မေးလိုက်၏။

"မင်းတို့က ဘာတွေကို တွေ့နေရလို့လဲ"

ရေကြောင်းလမ်းပြအရာရှိက ခပ်ဖြည်းဖြည်း ဝင်၍ အစီရင်ခံသည်။

"သမုဒ္ဒရာ အောက်ခြေကြမ်းပြင်ဟာ အံ့သြစရာကောင်းတဲ့ နှုန်းထားနဲ့ မြင့်တက်နေတယ်။ နောက်ထပ် (၂၅) မိုင်လောက်မှာ သမုဒ္ဒရာရဲ့ အောက်ခြေကြမ်းပြင်ဟာ ထိုးထိုးထောင်ထောင်နဲ့ ရေပြင်ပေါ်ကို ပေါ်မတက်လာဘူးဆိုရင် ကျွန်တော်တို့ သင်္ဘောဟာ ပင်လယ်ထဲမှာ မရှိဘူးလို့ ယူဆရတဲ့ ကျွန်းတစ်ကျွန်း ဒါမှမဟုတ် ကျွန်းကလေးတွေပေါ်မှာ သောင်တင်သွားပါလိမ့်မယ်"

"တို့က ဘယ်နားမှာလဲ"

"ကျွန်တော်တို့ဟာ ဟောဒီနေရာမှာပါ ဆရာ"

ရေကြောင်းလမ်းပြအရာရှိသည် မြေပုံပေါ်မှ တစ်နေရာကို ခဲတံနှင့် ထောက်ပြလိုက်၏။

"အိုဟာဟူးကျွန်း၊ ကာဟူကူပွိုင့်ရဲ့ မြောက်ဘက် မိုင် (၆၇၀)၊ ဘယ်ရာရင် ဇီးရိုး - ဇီးရိုး - ဆဲဗင်း ဒီဂရီမှာပါ"

ဒူပရီသည် ထိန်းချုပ်စက်ခလုတ်ခုံ တစ်ခုဆီသို့ ချာခနဲ လှည့်လိုက်ပြီးနောက် စကားပြောခွက်ပေါ်မှ ခလုတ်တစ်ခုကို ဖွင့်လိုက်၏။

"ရေဒါ၊ မာလိန်မှူး စကားပြောနေတယ်။ မင်း ဘာတွေကို မြင်တွေ့နေရသလဲ"

"ဘာမှ မတွေ့ရပါဘူး ဆရာ"

စပီကာထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ရေဒါနယ်ပယ်အတွင်းမှာ ရှင်းနေပါတယ်။ ခဏနေပါဦး ခင်ဗျာ၊ ပြန်ပြောချင်ပါတယ်။ ရှေ့တည့်တည့် မိုးကုပ်စက်ဝိုင်းဆီက နှစ်ဆယ့်သုံးမိုင်အကွာမှာ တစ်ခုခုကို မထင်မရှား တွေ့မြင်နေရပါတယ် ခင်ဗျား"

"ပစ္စည်း တစ်ခုခုလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ မီးခိုးတန်း ဒါမှမဟုတ် ခပ်နိမ့်နိမ့် ရှိနေတဲ့ ဝါးမ်တိုက်တွေနဲ့ ပိုပြီး တူပါတယ်။ ခုအထိတော့ ကျွန်တော် တိတိကျကျ မပြောနိုင်သေးပါဘူး"

"ကောင်းပြီလေ၊ မင်း အဲဒီဟာကို တိတိကျကျ ခွဲခြားလို့ရတဲ့ အချိန်ကျရင် အစီရင်ခံ"

ဒူပရီသည် စကားပြောခွက်ကို ပြန်ချိတ်လိုက်ပြီးနောက် မြေပုံစားပွဲဆီမှ အရာရှိနှစ်ယောက်ဘက်သို့ ပြန်လှည့်လိုက်၏။

"ကဲ - လူကြီးမင်းများကရော ဘယ်လို ယူဆပါသလဲ"

ကြီးကြပ်ကွပ်ကဲသူ အရာရှိတစ်ဦးက ဦးခေါင်းကို ယမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"မီးခိုးရှိရင် မီးရှိရတယ်။ မီးရှိတယ်ဆိုရင် တစ်ခုခုကို လောင်နေလို့ပဲ ဖြစ်ရမယ်။ မီးလောင်နေတဲ့ ဆီကွက်ကြီးတစ်ကွက်ကော မဖြစ်နိုင်ဘူးလား"

"ဘယ်က ထွက်လာတဲ့ ဆီတွေလဲကွ"

စိတ်မရှည်နိုင်တော့သော ဒူပရီက မေးလိုက်၏။

"တို့သင်္ဘောဟာ မြောက်ဘက်ပိုင်းက သင်္ဘောလမ်းတွေနဲ့ မနီးလှဘူး။ ဆန်ဖရန်စစ္စကိုက အရှေ့ဖျားဒေသကို ဟိုနိုလူလူကတစ်ဆင့် သွားကြတဲ့ သင်္ဘောလမ်းကလည်း တောင်ဘက် မိုင်လေးရာလောက်မှာ ကျန်ရစ်ခဲ့ပြီ။ ဒီနေရာဟာ ကမ္ဘာပေါ်မှာ ဘယ်သူနဲ့မှ မနီးစပ်တဲ့အတွက် စတားဘတ်ခ်ကို စမ်းသပ်ဖို့နေရာအဖြစ် ရေတပ်မတော်က တမင် ရွေးခဲ့တာပဲ"

ဒူပရီက ခေါင်းခါလိုက်၏။

"မီးလောင်နေတဲ့ ဆီကွက်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဟုတ်စပ်ဘူး။ ပစိဖိတ်သမုဒ္ဒရာ အောက်ခြေကြမ်းပြင်က မီးတောင်အသစ် ထွက်လာတယ် ဆိုတာကမှ နည်းနည်း ပိုပြီး နီးစပ်ဦးမယ်။ ဒါပေမယ့် အဲဒါကလည်း အတွေးသက်သက်ပါပဲလေ"

ရေကြောင်းလမ်းပြ အရာရှိသည် ရေဒါက ပေးပို့လိုက်သော အညွှန်းကို မြေပုံပေါ်တွင် ရေးမှတ်လိုက်ပြီးနောက် မြေပုံပေါ်တွင် စက်ဝိုင်းကလေးတစ်ခုကို ရေးဆွဲလိုက်၏။

"ရေပြင်အပေါ်နားမှာ ဖြစ်ပေါ်နေတဲ့ တိမ်တိုက်တစ်ခုပဲ"

ရေကြောင်းလမ်းပြအရာရှိက သူ့အတွေးကို နှုတ်မှ ထုတ်ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါပေမယ့် အဲဒီလို မဖြစ်နိုင်ဘူး။ လေထုရဲ့ အခြေအနေက အဲဒီလို မဖြစ်နိုင်ဘူးလို့ ညွှန်ပြနေတယ်"

စပီကာထဲမှ အသံတစ်သံ ထွက်ပေါ်လာ၏။

"မာလိန်မှူး၊ ရေဒါက ပြောနေပါတယ်"

ဒူပရီက ဖြေလိုက်သည်။

"မာလိန်မှူး ပြန်ဖြေနေတယ်"

"အဲဒီပစ္စည်းကို ဂဃနဏ ပြောနိုင်ပါပြီ ဆရာ"

ထိုအသံသည် ရှေ့ဆက် မပြောမီ တုံ့ဆိုင်းသွားပုံရသည်။

"ရေဒါနဲ့ တိုင်းတာချက်အရ အချင်း သုံးမိုင်လောက်ရှိတဲ့ မှိုနှင်းထုကြီးလို့ သိရပါတယ်"

"မင်းဥစ္စာက သေချာရဲ့လား"

"ကျွန်တော့်ရာထူးနဲ့တောင် ပုံပြီး လောင်းရဲပါတယ် ဆရာ"

ဒူပရီသည် စကားပြောခွက်ပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ပြီးနောက် ပဲ့စင်ပေါ်သို့ တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်၏။

"လက်ဖတင်နင်၊ တို့ရှေ့တည့်တည့်မှာ တစ်ခုခု ရှိနေတယ်လို့





ရေဒါက အစီရင်ခံထားတယ်။ မင်း မြင်ရတဲ့အခါကျရင် ငါ့ကို အစီအရင်ခံစမ်း"

သူသည် ပဲ့စင်နှင့် အဆက်အသွယ် ဖြတ်လိုက်ပြီးနောက် ထိန်းချုပ်ခန်းမှ ကြီးကြပ်ကွပ်ကဲသူ အရာရှိဘက်သို့ လှည့်ကြည့်လိုက်၏။

"လက်ရှိ အနက်ပေက ဘယ်လောက်လဲ"

"မြန်မြန်ကြီး မြင့်တက်လာနေတုန်းပဲ။ လက်ရှိ ပေ (၂၈၀၀) ဒါပေမယ့် မြင့်လာနေတုန်းပဲ ဆရာ"

ရေကြောင်းလမ်းပြ အရာရှိသည် တင်ပါးပေါ်ရှိ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ဆွဲထုတ်လိုက်ပြီးနောက် ဇက်ပေါ်တွင် သုတ်လိုက်၏။

"ကျွန်တော်တော့ သိပ်ကို ထိတ်လန့်သွားမိတယ်။ သမုဒ္ဒရာထဲမှာ ခုလို မြင့်တက်လာပုံမျိုးနဲ့ အနီးစပ်ဆုံးတူတဲ့ နေရာတစ်နေရာကတော့ ပီရူးချီလီ ရေအောက်မြောင်းကြီးပဲ။ ရေအောက်အနက်ပေ (၂၅၀၀၀) ကစပြီးတော့ အလျား တစ်မိုင်ရှိတိုင်း ဒေါင်လိုက်တစ်မိုင် မြင့်တက်လာတယ်။ ခုအချိန်အထိကတော့ ကမ္ဘာပေါ်မှာ အထူးခြားဆုံး ရေအောက် နိမ့်လျှောကုန်းစောင်းတစ်ခုပဲ"

"ဟုတ်ပဗျာ၊ ခုလို ထူးထူးခြားခြား တွေ့လိုက်ရတဲ့အတွက် အဏ္ဏဝါ ဘူမိဗေဒပညာရှင်တွေကတော့ သိပ်ကို ဝမ်းသာကြမှာပဲ"

"ပေတစ်ထောင့်ရှစ်ရာငါးဆယ်"

ပဲ့တင်သံစက်မှ အရာရှိ၏အသံက အနိမ့်အမြင့်မပါဘဲ ပေါ်ထွက်လာသည်။

"ဘုရားရေ . . ."

ရေကြောင်းလမ်းပြအရာရှိ တအံ့တဩ ဖြစ်သွားသည်။

"မိုင်ဝက်တောင် မပြည့်သေးခင် ပေတစ်ထောင်ကျော် မြင့်တက်လာတယ်။ ဒါ လုံးဝ မဖြစ်နိုင်ဘူး"

ဒူပရီသည် ထိန်းချုပ်ကွပ်ကဲခန်း၏ဘယ်ဘက်သို့ ဆက်လျှောက်သွားပြီး ပဲ့တင်သံစက်ကို ဖုံးအုပ်ထားသောမှန်အား နှာခေါင်းနှင့် ထိလုမတတ် တိုးကပ်၍ ကြည့်လိုက်၏။

ပစိဖိတ်သမုဒ္ဒရာ၏အောက်ခြေကြမ်းပြင်သည် အန္တရာယ်ရှိသည်ဆိုသော အနီမှတ်၏အထိ ကွေ့ကွေ့ကောက်ကောက်နှင့် တရိပ်ရိပ် တက်လာပုံကို ရုပ်ပုံဖော်စက်က အနက်ရောင်မျဉ်းဖြင့် အဆက်မပြတ် ဖော်ပြပေးနေသည်။

ဒူပရီသည် ထိုစက်ကို ကာဝန်ခံသူ အရာရှိပခုံးအား လက်နှင့် ကိုင်လိုက်၏။

"စက်ကို စံကိုက်တုန်းက မှားယွင်းသွားနိုင်တဲ့ အနေအထားမျိုး ရှိနိုင်သလား"



www.burmeseclassic.com

www.burmeseclassic.com

ထိုပုဂ္ဂိုလ်သည် ခလုတ်တစ်ခုကို ဖွင့်လိုက်ပြီးနောက် ကပ်လျက် ရှိနေသော ဒိုင်ခွက်ကလေးတစ်ခုကို စိုက်ကြည့်နေလိုက်၏။

"မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ ပွဲတင်သံစက်နဲ့ တသီးတခြားစီ ဖြစ်နေတဲ့ ဟောဒီစက်က ထွက်လာတဲ့အဖြေကလည်း ပွဲတင်သံစက်ကရတဲ့ အဖြေနဲ့ အတူတူပဲ ဖြစ်နေပါတယ်"

ဒူပရီသည် သမုဒ္ဒရာအောက်ခြေကြမ်းပြင်၏ အနက်ပေကို ပြသသော အနက်ရောင် မျဉ်းကြောင်းကလေး တရိပ်ရိပ် တက်လာသည်ကို ခေတ္တမျှ ဆက်ကြည့်နေလိုက်သည်။ ထို့နောက် မြေပုံစားပွဲဆီသို့ လျှောက်သွားပြီး တရိပ်ရိပ်မြင့်တက်လာနေသော သမုဒ္ဒရာအောက်ခြေကြမ်းပြင်နှင့် ရေငုပ်သင်္ဘော ရောက်ရှိနေသော နေရာတို့ကို တိုင်းထွာ မှတ်သားပြီး လေ့လာကြည့်ရှုပြန်သည်။

"ပွဲစင်က စကားပြောနေပါတယ်"

စက်ရုပ်က စကားပြောသံနှင့်တူသော အသံတစ်သံသည် စပီကာထဲမှာ ပေါ်ထွက်လာ၏။

"အဖြေကို ကျွန်တော်တို့ သိရပါပြီ။ ကျွန်တော် သိရသလောက် အစီရင်ခံရရင် တွေ့နေရတာဟာ နယူးအင်္ဂလန်ကမ်းခြေမှာ တွေ့ရလေ့ရှိတဲ့ နှင်းမြုထုမျိုးပါပဲ"

ဒူပရီသည် စကားပြောခွက်မှ ခလုတ်ကို ဖွင့်လိုက်၏။

"နားလည်ပြီ"

ဒူပရီသည် အတွေးနက်နေသော မျက်လုံးအစုံနှင့် မြေပုံကို ခပ်တည်တည် ဆက်ကြည့်နေသည်။

"ကျွန်တော်တို့ ပုလဲဆိပ်ကမ်းကို အကြောင်းကြားလိုက်ရမလား ခင်ဗျာ"

ရေကြောင်းလမ်းပြအရာရှိက လှမ်းမေးလိုက်၏။

"သူတို့က ထောက်လှမ်းရေးလေယာဉ် တစ်စင်းစင်းကို စေလွှတ်ပြီး စုံစမ်းနိုင်တာပေါ့"

ဒူပရီသည် ချက်ချင်း အဖြေမပေးချေ။ လက်တစ်ဖက်က စားပွဲခုံကို အဓိပ္ပာယ်မဲ့စွာ တဒေါက်ဒေါက်နှင့် ခေါက်နေစဉ် ကျန်လက်တစ်ဖက်ကို သူ့နံဘေးတွင် တွဲလောင်းချထားသည်။ သူသည် မည်သည့်အခါတွင်မျှ ဖြုန်းခနဲ ဒိုင်းခနဲ ဆုံးဖြတ်လေ့ မရှိ။ သူသည် လုပ်ရှားဆောင်ရွက်မှုမှန်သမျှကို စနစ်တကျ ဆောင်ရွက်တတ်သူ ဖြစ်သည်။

စတားဘတ်ခ်မှ သင်္ဘောသား အများစုသည် ယခင်က ဒူပရီ၏ ကွပ်ကဲမှုအောက်တွင် မကြာခဏ တာဝန် ထမ်းဆောင်ခဲ့ကြဖူးသူများ ဖြစ်သည်။ သူတို့သည် ဒူပရီအား အရူးအမူး ကြည်ညိုကြသူများ မဟုတ်သော်လည်း သူတို့သည် ဒူပရီ၏စွမ်းရည်နှင့်ဆုံးဖြတ်တတ်မှုတို့ကို လေးစားကြည်ညိုကြသူများ ဖြစ်သည်။ သူတို့သည် ဒူပရီအား လူပုဂ္ဂိုလ် တစ်





ယောက် အနေဖြင့် ယုံကြည်မှု ထားရှိကြသည်သာမက ဒူပရီသည် သူတို့အား အသက်အန္တရာယ် ဖြစ်စေလောက်သည့် ဆိုးရွားသော အမှားများကို ပြုလုပ်လိမ့်မည် မဟုတ်ဟု ယုံကြည်ထားကြသည်။

ယခင်ကိစ္စများတွင် ထိုအယူအဆမှာ မှန်ကန်ဖွယ် ရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ တက်တက်စင်အောင် လွဲခဲ့ရလေပြီ။

ဒူပရီက ခပ်အေးအေး ပြောလိုက်၏။

"တို့ သွားပြီး စုံစမ်းကြည့်ရအောင်"

ထိန်းချုပ်ခန်းမှ ကြီးကြပ်ကွပ်ကဲသူ အရာရှိနှင့် ရေကြောင်းလမ်းပြအရာရှိတို့သည် တစ်ဦးကိုတစ်ဦးက မေးခွန်းထုတ်လိုဟန်ဖြင့် လှမ်းကြည့်လိုက်ကြ၏။

သူတို့အား ညွှန်ကြားလိုက်သည့် အမိန့်မှာ စတားဘတ်ခ်ကို စမ်းသပ် မောင်းနှင်ကြည့်ရန်သာ ဖြစ်သည်။ မိုးကုပ်စက်ဝိုင်းဆီမှ မရေရာလှသော မြူနှင်းထုနောက်သို့ ကောက်ကောက်ပါအောင် လိုက်လံကြည့်ရှုရန် မဟုတ်ပါ။

သို့သော် ထိုအမိန့်နှင့် ပတ်သက်၍ တစ်ဦးချင်းထံ၌ သံသယကလေးများ ကိုယ်စီကိုယ်င ရှိနေကြသည့်တိုင်အောင် သူတို့သည် (ဒူပရီ၏အမိန့်ကို) ပခုံးတွန့်၍ လက်ခံလိုက်ပြီး ထပ်ဆင့် ညွှန်ကြားချက်များကို ဆက်လက် ညွှန်ကြားလိုက်ကြသည်။

မာလိန်မှူးဒူပရီသည် အဘယ်ကြောင့် ရုတ်တရက် ဖောက်ပြန်ပြီး အထက်က ညွှန်ကြားထားသော အမိန့်အတိုင်း မလိုက်နာခဲ့သည်ကို မည်သူကမျှ ပြောနိုင်ကြလိမ့်မည် မဟုတ်ပါ။

မသိသေးသော ကိစ္စတစ်ခုကို စုံစမ်းလိုမှုက အလွန်အမင်း ပြင်းထန်သွားလေရော့သလား သို့တည်းမဟုတ် အမြဲလိုလို လက်တစ်ကမ်းအလိုသို့ရောက်မှ လက်လွှတ်ခဲ့ရလေ့ရှိသော အောင်မြင်မှု သရဖူဆီသို့ ဦးတည် ချီတက်နေသူတစ်ဦးအဖြစ် မိမိကိုယ်ကို ယူဆသွားလေရော့သလား။

မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ စတားဘတ်ခ်သည် လှိုင်းထန်သောရေပြင်ကို ဖောက်ခွဲ၍ တစ်ဟုန်ထိုး ဆက်လက် မောင်းနှင်သွားနေချိန်တွင် ထိုအချက်သည် မှေးမှိန်၍ ပျောက်ကွယ်သွားခဲ့ရလေပြီ။

စတားဘတ်ခ်သည် နောက်တစ်ပတ် တနင်္လာနေ့တွင် ပုလဲဆိပ်ကမ်း၌ ဝင်ရောက် ဆိုက်ကပ်ရမည် ဖြစ်သည်။

အချိန်တန်သော်လည်း ပုလဲဆိပ်ကမ်းသို့ စတားဘတ်ခ် ရောက်ရှိမလာသောအခါ၊ ထပ်တလဲလဲ လွှင့်နေသော ရေဒီယိုနှင့် အချက်ပေးချက်ကို စတားဘတ်ခ် သင်္ဘောက ပြန်မထူးသောအခါ ရေပြင်နှင့် လေပြင်တို့မှ ခြေကုန်လက်ပန်းကျအောင် အထပ်ထပ်အခါခါ လိုက်လံရှာဖွေခဲ့ကြသော်လည်း ဆီကွက်ကလေး တစ်ကွက်ကလေ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

အပျက်အစီး အစအနကလေး တစ်ခုတလေကိုမျှ ရှာဖွေ၍ မတွေ့ကြရ။

မတွေ့ကြရသောအခါ အမေရိကန်လေတပ်မတော်သည် အသစ်လွင်ဆုံး ရေငုပ်သင်္ဘောတစ်စီးနှင့် လူတစ်ရာ့ခြောက်ဆယ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရလေပြီဖြစ်ကြောင်း မလွှဲမရှောင်သာ ကြေညာရလေတော့သည်။

စတားဘတ်ခ်သည် အပြောကျယ်လှသော မြောက်ပစိဖိတ်သမုဒ္ဒရာမှ နေရာတစ်နေရာ၌ နစ်မြုပ်သွားခဲ့ကြောင်း တိုင်းပြည်သို့ ကြေညာမှုကို တရားဝင် ထုတ်ပြန်လိုက်ရသည်။

မည်သည့် အချိန်၊ မည်သည့် နေရာတွင် မည်သည့် အကြောင်းကြောင့် နစ်မြုပ်သွားခဲ့ကြောင်း သဲလွန်စ တစ်ခုတလေကိုပင် ချန်ထားရစ်ခဲ့ခြင်း မရှိသော စတားဘတ်ခ်သည် သင်္ဘောသား အားလုံးနှင့် အတူ ပျောက်ကွယ်သွားခဲ့လေပြီတည်း။



(၁)

ဟာဝိုင်အီပြည်နယ်ရှိ လူသူလေးပါး များပြားလှထပ်စွာ ရှိနေတတ်သော ပင်လယ်ကမ်းခြေများအနက် လူသူလေးပါး ကင်းဝေး၍ ဆိတ်ငြိမ်မှု ရှိသော သဲသောင်ကမ်းစပ် တစ်နေရာရာကို ရှာဖွေ၍ တွေ့နိုင်ကောင်းပါသည်။

လက်ဝှေ့သမား တစ်ဦးက ဘယ်ဘက် ထောက်လက်သီးနှင့် ဆန့်ထိုးထားသည့်အလား ကောအီရေလက်ကြားထဲသို့ ထိုးထွက်နေသော ကေးနားမှိုင့် (အငူစွန်း) သည် သက်သောင့်သက်သာ ထိုင်၍ လှပသော ရှုမျှော်ခင်းကို အရသာခံနိုင်သော လူသူ ကင်းရှင်းသည့် ကမ်းခြေ တစ်နေရာပင် ဖြစ်သည်။

သို့သော် ထိုအရသာများမှာ ပရိယာယ် မာယာ များလှသော ထင်ယောင်ထင်မှားဖြစ်မှုတစ်ခုသာ ဖြစ်နိုင်ပေသည်။ မကြာခဏ ဆိုသလို သတိမလစ်သော ရေကူးသူများကလွဲ၍ အပန်းဖြေသူ အားလုံးကို အန္တရာယ်ဖြစ်စေနိုင်သော အလွန် ကြမ်းတမ်းသည့် လှိုင်းလုံးကြီးများက ထိုကမ်းခြေကို လာရောက် ရိုက်ခတ်တတ်သည်။ နှစ်တိုင်းလိုလိုပင် လူသူကင်းရှင်းသော သဲသောင်ကမ်းခြေ၌ ဖြည်းညင်းစွာ ရိုက်ပုတ်နေသော လှိုင်းအိကလေးများအား စိတ်ဝင်စားသွားမိသော ရေချိုးသူ တစ်ယောက်သည် ရေထဲသို့ ဆင်းသွား၍ မိနစ်ပိုင်း အတွင်းမှာပင် ပင်လယ်ထဲသို့ မျောပါသွားတတ်ကြသည်။ 'ကယ်ပါ ကူပါ' ဟု အော်သော အသံကို စိတ်မဝင်စားတတ်သော ပင်လယ်ငှက်ကြီးအချို့ကလွဲလျှင် မည်သူကမျှ ကြားလေ့ မရှိကြပါ။

ထူးခြားသောနေ့ တစ်နေ့တွင် ရေကူးဘောင်းဘီဖြူကလေး တစ်ထည်ကိုသာ ဝတ်ဆင်ထားသော အရပ်ခြောက်ပေနှင့်သုံးလက်မ မြင့်သည့် နေလောင်ခံထားသောကြောင့် ကြေးနီရောင်ပေါက်နေသော အသား အရေပိုင်ရှင် အမျိုးသား တစ်ယောက်သည် ဝါးနှင့် ရက်ထားသော


www.burmeseclassic.com

www.burmeseclassic.com

ဖျာကလေးတစ်ချပ်ပေါ်တွင် ပိုးလိုးပက်လက် ရှိနေသည်။

အသက်ရှူသွင်းလိုက်သည့်အခါတွင် အနည်းငယ် မြင့်တက်သွားလေ့ရှိသော အမွေးအမှင် ထူထပ်လှသည့် ရင်ဘတ်ပေါ်၌ ချွေးပေါက်ကလေးများသည် အောက်ဘက်သို့ စီးကျလာကြပြီး ဝါးဖျာပတ်ပတ်လည်ရှိ သဲထဲသို့ ကျဆင်းသွားကြသည်။

နေရောင်ခြည် မထိုးအောင် မျက်လုံးပေါ်၌ မိုးကာထားသော လက်နှစ်ဖက်တွင် ကြွက်သားများက အမြှောင်းမြှောင်း ထနေသည်။ ထိုပုဂ္ဂိုလ်၏ ဆံပင်များက နက်မှောင် ထူထပ်လှသည်။ ထိုပုဂ္ဂိုလ်သည် ပြုံးရယ်လိုစိတ် ရှိပါက မျက်နှာပေါ်ရှိ နေရာတိုင်းတွင် အရေးအကြောင်းပေါ်ပေါက်လာသည်အထိ ရင်းရင်းနှီးနှီးနှင့် အားရပါးရ ပြုံးတတ်သူဖြစ်သလို မကြာခဏ ပြုံးတတ်သူလည်း ဖြစ်သည်။ ယခု ထိုနက်မှောင်သော ဆံပင်များသည် နဖူးပေါ်သို့ ထက်ဝက်လောက်ရောက်အောင် ဖုံးအုပ်နေကြသည်။

မှေးခနဲ အိပ်ပျော်သွားရာမှ ပြန်နိုးလာသော ဒတ်ခ်ပစ်သည် သူ့ခန္ဓာကိုယ်ကို တံတောင်ဆစ် နှစ်ဖက်နှင့် ထောက်၍ ကြွလိုက်ပြီး တောက်ပသော အစိမ်းရင့်ရောင် မျက်လုံးအစုံနှင့် ပင်လယ်ထဲသို့ လှမ်းကြည့်လိုက်သည်။

သဲသောင်ကမ်းစပ်များသည် နေပူစာလှုံတတ်သော သာမန်ပုဂ္ဂိုလ်တစ်ဦးအတွက် ရေကူးရန်၊ နေပူစာလှုံရန်နှင့် ဇလာကျင်းလုနီးပါး ဝတ်ဆင်ထားသော အခြား လူသားများ၏ ခန္ဓာကိုယ်များကို အာရုံခံ၍ ကြည့်ရှုရန်ကောင်းသော သဘာဝ အားကစားကွင်း တစ်ခုသာ ဖြစ်တတ်ပေသည်။

သို့ရာတွင် ဒတ်ခ်ပစ် အဖို့မူ သဲသောင်ကမ်းစပ်များသည် အမြဲမပြတ် တရစပ် တိုက်ခတ်နေသော လှိုင်းလုံးကြီးများနှင့် လေဒဏ်တို့ကြောင့် အမြဲတစေ ပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲနေသော သက်ရှိပစ္စည်းတစ်ခု ဖြစ်သည်။

ဒတ်ခ်ပစ်သည် မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးကွာသော လေမုန်တိုင်းထန်သည့် ပင်လယ်ပြင်ဆီမှ မွေးဖွားလာကြသည့် လှိုင်းလုံးကြီးများ အပေါ်သို့ ကြွတက်လာကြပုံနှင့် လှိုင်းထိပ်မှ အောက်ဘက်သို့ ပြန်လျှောကျချိန်တွင် အရှိန်အဟုန် ပို၍ ပြင်းထန်လာကြပုံတို့ကို လေ့လာနေသည်။

လှိုင်းလုံးကြီးများသည် ရှစ်ပေခန့်အထိ မြင့်တက်လာကြပြီးနောက် ပြိုကွဲသွားချိန်တွင် ရေမှုန်ရေမွှားများနှင့် ရေမြှုပ်များ အဖြစ် ပြောင်းလဲသွားကြသည်။ ထို့နောက်ပိုင်း လှိုင်းအိကလေးများအဖြစ် ပြောင်းလဲသွားကြပြီး ခရီးရှည်ကြီး၏ အဆုံးတွင် ကြမ်းတမ်းသောသဲထဲ၌ ဝင်ရောက်ပျောက်ကွယ်သွားကြတော့သည်။





ချက်ချင်းလိုလိုပင် ပစ်၏မျက်လုံးအစုံသည် လှိုင်းလုံးကြီးများ၏ ကမ်းစပ်နောက်ဘက် ပေသုံးရာခန့် ဝေးသောနေရာမှ ဖျတ်ခနဲ ပေါ်လာသောအရောင်ကို အာရုံစိုက်မိတော့သည်။

ထိုအရောင်သည် ချက်ချင်းလိုလိုမှာပင် လှိုင်းလုံးကြီးတစ်ခု၏ နောက်ဘက်၌ ပျောက်ကွယ်သွားပြန်သည်။

သူသည် စိတ်ဝင်စားစွာဖြင့် ထိုအရောင်ကို နောက်ဆုံး မြင်ခဲ့ရသော နေရာဆီသို့ စိုက်ကြည့်နေခဲ့ရာ ထိုလှိုင်းလုံးကြီး ရွေ့သွားချိန်တွင် နေရောင်ခြည်ထဲ၌ လက်နေသော ထိုပစ္စည်းကို မြင်ရပြန်တော့သည်။ ထိုမျှလောက် အကွာအဝေးတွင် ထိုပစ္စည်း၏ ပုံပန်းသဏ္ဌာန်ကို ခွဲခြားနိုင်ခြင်း မရှိသော်လည်း ထိုပစ္စည်းသည် အဝါရောင် မီးစုန်းခတ် တောက်နေသည်။

ပစ်က သူသည် ထိုနေရာ၌ ဆက်၍ လဲလျောင်းရင်း သဘာဝလှိုင်းလုံးများက အမည်မသိ ထိုအရာဝတ္ထုအား သူ့ထံသို့ ရောက်ရှိလာသည်အထိ ပို့ပေးသည်ကို စောင့်နေသင့်သည်ဟု ကောက်ချက်ချခဲ့သည်။

သို့သော် ထိုကဲ့သို့ ဖြစ်မလာခဲ့ပါ။

နောက်ထပ် မိနစ်သုံးဆယ် ကြာသောအခါ ထိုပစ္စည်းသည် ကမ်းလွန်ရေစီးကြောင်းထဲ၌ ဆက်လက် ရှိနေဆဲပင် ဖြစ်သည်။

နောက်ဆုံးတွင် ပစ်သည် မတ်တတ်ရပ်လိုက်ပြီးနောက် ပင်လယ်ထဲသို့ ခပ်ဖြည်းဖြည်း ဆင်းလျှောက်သွားသည်။ ပင်လယ်ရေမျက်နှာပြင်သည် ဒူးဆစ်၏ အထက်ဘက်သို့ ရောက်ရှိလာသည့်အခါ ပစ်သည် ကိုယ်ကို ရှေ့သို့ ကုန်းလိုက်ပြီး ကမ်းဆီသို့ လာနေသော လှိုင်းလုံးကြီးတစ်လုံးနှင့် အချိန်ကိုက်၍ လှိုင်းလုံးကြီးထဲသို့ ဒိုင်ဗင်ထိုးပြီး ဝင်လိုက်သည်။

ပင်လယ်ရေသည် ဟိုတယ်အခန်းများမှ ကြက်သီးနွေး သာသာမျှသာရှိသော ချိုးရေကဲ့သို့ နွေးတေးတေး ဖြစ်နေပြီး အပူဒီဂရီမှာ (၇၅) ဒီဂရီနှင့် (၇၈) ဒီဂရီ အကြား၌ ရှိမည်ဟု ပစ်က ခန့်မှန်းလိုက်၏။

ဒတ်ခ်ပစ်၏ ဦးခေါင်းသည် ရေမျက်နှာပြင်ပေါ်သို့ ထွက်လာသည်နှင့် တစ်ပြိုင်နက် ၎င်းအား ရေစီးကြောင်းက ရေနက်ပိုင်းဆီသို့ တွန်းပို့နေသည်ကို အလိုက်သင့် လိုက်ပါရင်း ဝဲလှည့်နေသလို လည်ပတ်နေသော အမြှုပ်များ အကြားတွင် အေးဆေးသက်သာစွာ ကူးခတ်နေလိုက်သည်။

ဒတ်ခ်ပစ်သည် ပင်လယ်ဆီမှ နောက်တစ်ကြိမ် ထပ်ရောက်လာမည့် လှိုင်းလုံးကြီး တစ်လုံးကို ခေါင်းထောင်၍ အကဲခတ်ရန် မလိုအပ်လှပါ။ ပင်လယ်လေသည် လှိုင်းလုံးကြီးထိပ်မှ ရေမှုန်ရေမွှားများကို တိုက်ခတ်သယ်ဆောင်လာပြီး ၎င်း၏ကျောပြင်အား မိုးသီးမိုးပေါက်များပမာ လာရောက် ထိမှန်လျက် ရှိသည်။ ထိုအချိန်သို့ ရောက်သောအခါတွင်မူ သူသည် အသက်ကို ဝဝ တစ်ချက် ရှူသွင်းလိုက်ပြီး လှိုင်းလုံးကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ဟိုဘက်တွင် နေရောင်ခြည်ကို ပြန်၍ မြင်ရမည့်အချိန်အထိ ဝေါခနဲ ကျဆင်းလာသော ရေတံတိုင်းကြီးထဲသို့ ဒိုင်ဗင်ထိုး၍ ဝင်လိုက်ရမည် ဖြစ်ပေသည်။

မိနစ် အနည်းငယ် ကြာသောအခါ ဒတ်ခ်ပစ်သည် ရေထဲတွင် ရပ်တန့်လိုက်ပြီး သူမြင်လိုက်ရသော အဝါရောင်ပစ္စည်းကလေးကို လိုက်လံ ရှာဖွေလိုက်သည်။

ထိုပစ္စည်းသည် သူ၏ဘယ်ဘက် ကိုက်နှစ်ဆယ်ခန့် အကွာတွင် ရှိနေကြောင်း သူ မြင်လိုက်သည်။ သူသည် ရေထဲတွင် မျောနေသော ထိုပစ္စည်းကို မျက်စိအောက်မှ ပျောက်မသွားအောင် စောင့်ကြည့်နေရင်း ထိုပစ္စည်းဆီသို့ ကူးခတ်သွားခဲ့သည်။

ပင်လယ်ရေစီးကြောင်းက သူ့အား ညာဘက်သို့ အတင်း တွန်းပို့နေကြောင်း သတိထားမိသော ဒတ်ခ်ပစ်သည် ခြေကုန်လက်ပန်း မကျစေရန် ထိန်းချုပ်ရင်း မိမိ၏ ကူးခတ်ရာလမ်းကြောင်းကို ရေစီးကြောင်း၏ ဆွဲအားနှင့် ထေမိအောင်ပြင်၍ ကူးခတ်လိုက်သည်။

ထို့နောက် သူသည် လက်လှမ်း၍ ဆုပ်ကိုင်လိုက်ရာ ချောနေသော ခပ်လုံးလုံး ပစ္စည်းတစ်ခုကို ကိုင်လိုက်မိတော့သည်။

ရေနစ်မည့် အန္တရာယ်ကို ရင်ဆိုင်၍ ပစ်က အရယူခဲ့သော ထို ပစ္စည်းမှာ ဝါးကျည်တောက်သဏ္ဍာန် ပစ္စည်းတစ်ခုသာ ဖြစ်သည်။

ထိုပစ္စည်းသည် အချင်း ရှစ်လက်မနှင့် အလျား နှစ်ပေခန့် ရှည် လျားပြီး ထိုပစ္စည်းကို ထိပ်တစ်ဖက်တစ်ချက်တွင် **အမေရိကန်ရေတပ်မတော်** ဟု စာလုံးကြီးများနှင့် ရေးသားထားသော ရေလုံ ပလတ်စတစ်စနှင့် ထုပ်ထားသည်။

ဝါးကျည်တောက်သဏ္ဍာန် ထိုပစ္စည်းမှာ ခြောက်ပေါင်ခန့်ပင် မလေးလံဘဲ ပေါ့ပါးသည်။ သို့ရာတွင် ပို၍ အရေးကြီးသည်မှာ ထိုပစ္စည်း သည် ရေပေါ်တွင် ပေါ်နေမည် ဖြစ်သောကြောင့် ပစ်က ထိုပစ္စည်းကို လက်နှစ်ဖက်နှင့် ပွေ့ပိုက်၍ ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ဖြစ် အောင် ဖော့ထားရင်း လှိုင်းလုံးကြီးများနှင့် ခပ်လှမ်းလှမ်း အကွာအဝေးသို့ ရောက်နေသော မရေရာလှသည့် သူ့အနေအထားကို လေ့လာသုံးသပ် လိုက်သည်။

သူက သူ ရေထဲ ဆင်းသွားသည်ကို မြင်လိုက်ကြပြီး သက်ဆိုင်ရာ သို့ လှမ်း၍ အကူအညီ တောင်းပေးနိုင်စွမ်းရှိသော သက်သေတစ်ဦး တလေ ရှိ မရှိ သဲသောင်ပြင်ဆီသို့ လှမ်း၍ အကဲခတ်လိုက်၏။

သဲသောင်ပြင်ပေါ်၌ ဘယ်ညာနှစ်ဖက်စလုံးတွင် မိုင်ပေါင်းများစွာ အကွာအဝေးအထိ လူသူလေးပါး ကင်းရှင်းနေသည်။

ပစ်သည် ကမ်းစပ်နောက်ဘက်ရှိ မတ်စောက်သော ကျောက်ကမ်းပါး ကြီးဆီသို့ ဒုက္ခခံပြီး လှမ်းမနေတော့ပါ။ လုပ်ငန်းခွင်သို့ ဝင်နေကြရမည်





ဖြစ်သော ယခုလို နေ့ရက်မျိုးတွင် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်အ ထိုကျောက်ကမ်းပါးကြီးပေါ်သို့ လာ၍ တက်ရောက်ရန် ဆိုသောကိစ္စမှာ မျှော်လင့်ချက် ကင်းဝေးလှပေသည်။

သူသည် ယခုလို မိုက်မဲပြီး မိုက်ရူးရဲဆန်သော စွန့်စားမှုတစ်ခုကို အဘယ်ကြောင့် ပြုလုပ်ခဲ့ရလေသနည်းဟု ပျင်းပျင်းရိရိနှင့် တွေးကြည့် လိုက်သည်။

သို့သော် သူ့စိတ်ကို ယားကျိကျိ ဖြစ်စေသော အဝါရောင် ထို ပစ္စည်းက သူ့အတွက် လုံလောက်သော အကြောင်းပြချက်ပင် ဖြစ်သည်။ သူသည် ရေထဲသို့ ဆင်းခဲ့မိချိန်မှစ၍ နောက်ဘက်သို့ ပြန်လှည့်ရန် လုံးဝ ဝိတ်မကူးခဲ့ပါ။

ယခု အချိန်တွင်မူ ကောက်ကျစ်စဉ်းလဲသော ပင်လယ်က သူ့အား လွတ်လမ်း မရှိအောင် ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားခဲ့လေပြီ။

သူသည် ကမ်းခြေသို့ တစ်ဖြောင့်တည်း ပြန်ကူးရန်ဆိုသောအတွေးကို ခေတ္တမျှ တွေးလိုက်မိသည်။ ပစ်သည် ထိုအတွေးကို ခေတ္တခဏ တွေးမိခြင်း မျှသာ ဖြစ်သည်။ အိုလံပစ် ချန်ပီယံ မတ်စပစ်ဇ် ဆိုလျှင် ကမ်းခြေသို့ ရောက်အောင် တစ်ဖြောင့်တည်း ကူးနိုင်ပေလိမ့်မည်။

သို့သော် မတ်စပစ်ဇ်သည် သူ့ဘဝသက်တမ်း၏ ထက်ဝက်ခန့် အချိန်ပိုင်းတွင် အမြဲတစေ ရေကူးလေ့ကျင့်နေခဲ့သူဖြစ်ပြီး မတ်စပစ်ဇ် သည် နေ့စဉ် စီးကရက်ဘူးတစ်ဘူး ကုန်အောင်သောက်၍ စကော့ချ် ဝီစကီ လေးငါးပက်ကို မှန်မှန် သောက်နေမည် ဆိုပါက အိုလံပစ်ရွှေ တံဆိပ်များကို သိမ်းကျုံး၍ ယူလာနိုင်လိမ့်မည် မဟုတ်ဟု ဒတ်ခ်ပစ်က တွေးလိုက်မိ၏။

ဤတွင် ပစ်က သဘာဝတရားအား တိုက်ရိုက် ရင်ဆိုင်၍ အနိုင် ယူရန် စိတ်မကူးဘဲ အခြား နည်းလမ်းများကိုသာ စိတ်ကူးရတော့မည် ဖြစ်ပေသည်။

ယခုအချိန်တွင် လှိုင်းများသည် ပို၍ သိမ်မွေ့လာကြသလို ရေစီး ကြောင်း၏ဆွဲအားကလည်း လျော့နည်းလာလေပြီ။

ပစ်၏နှုတ်ခမ်းပေါ်၌ *'ငါ သိပါတယ် သာလီကာ့ရယ်'* ဆိုသော အပြုံးရိပ်ကလေး သန်းလာသည်။

သူသည် လှိုင်းရေစီးကြောင်းများနှင့် အောက်ဘက်မှ ရေစီး ဆွဲအားတို့ အကြောင်းကို ကောင်းကောင်း နားလည်ထားသူ ဖြစ်သည်။ သူသည် နှစ်ပေါင်းများစွာကြာအောင် လှိုင်းစီးခဲ့သူ ဖြစ်သဖြင့် ရေလှိုင်းများ၏ ပရိယာယ် မာယာများနှင့် ထူးခြားမှုများ အကြောင်းကို ဂဃနဏ နားလည် ထားသူ ဖြစ်သည်။

ကမ်းခြေ တစ်နေရာ၌ ရှိနေသူ တစ်ယောက်သည် ရေဆွဲအား ကြောင့် ပင်လယ်ထဲသို့ မျောပါသွားနိုင်ချိန်တွင် ထိုသူနှင့် ထိုက်တစ်ရာခ



www.burmeseclassic.com

www.burmeseclassic.com

အတွာအဝေး၌ မှီနေသော ကလေးငယ်များသည် ရေဆွဲအားကို လုံးဝ ခံစားရဘဲ သိမ်မွေ့သော လှိုင်းကြက်ခွပ်ကလေးများ၏ အကြားတွင် ဆော့ကစား၍ နေနိုင်စွမ်း ရှိကြပေသည်။

လှိုင်းရေစီးကြောင်းများ ဖြစ်ပေါ်ရသည့်သဘောမှာ ကမ်းပေါ်မှ ပြန်လျှော၍ စီးဆင်းသွားသော ပင်လယ်ရေများသည် ကျဉ်းမြောင်းသော သဲခုံတန်းများ အကြားမှ စီးဆင်းသွားရချိန်တွင် ဖြစ်ပေါ်လာတတ်ကြပေသည်။ ထိုနေရာတွင် ပင်လယ်ထဲတွင်မှ ကမ်းခြေဆီသို့ ရောက်ရှိလာသော လှိုင်းလုံးကြီးများ၏ ဦးတည်ရာအရပ်သည် ကမ်းခြေမှ ပြန်လည် ဆုတ်ခွာချိန်တွင် ပြောင်းလဲသွားသလို ရေစီးကြောင်း၏ အရှိန်အဟုန်ကလည်း တစ်နာရီလျှင် လေးမိုင်နှုန်းအထိ လျင်မြန်သွားတတ်ကြပေသည်။

ယခု အချိန်မှတွင် ရေစီးကြောင်းသည် အားကုန်လုနီးပါး ဖြစ်နေလေရာ ပစ်သည် ရေစီးကြောင်းထဲမှ လွတ်မြောက်သွားသည်အထိ ကမ်းခြေနှင့်ယှဉ်၍ ကူးခတ်နေရန်နှင့် သူသည် ကမ်းခြေဆီသို့ အခြား တစ်နေရာဆီမှ ပြန်လည် တက်ရောက်နိုင်လိမ့်မည်ဖြစ်ကြောင်း နားလည် သဘောပေါက်သွားသည်။

ရေလှိုင်းများ၏ အနောက်ဘက် ခပ်လှမ်းလှမ်းသို့ ရောက်နေသော ပစ်အတွက် စိုးရိမ်စရာ တစ်ချက်မှာ ငါးမန်းများ၏ ဘေးအန္တရာယ်ပင် ဖြစ်တော့သည်။

သူသည် နေ့လယ်စာ အတွက် ဟင်းတစ်ခွက် ဖြစ်မသွားခင် ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် ကမ်းခြေဆီသို့ ပြန်လည် ရောက်နိုင်ပါစေ ဟူသာ ဆုတောင်းရတော့သည်။

သူသိထားသမျှဆိုလျှင် ကမ်းခြေရှိ ကြမ်းတမ်းသော လှိုင်းလုံးများကြောင့် ငါးမန်းများ၏ ပါးဟက်များထဲသို့ သဲများ ဝင်ရောက်နိုင်သဖြင့် အလွန် ငတ်နေသော ငါးမန်းများကလွဲ၍ ငါးမန်း အများစုသည် ကမ်းစပ်အထိ လာရောက်လေ့ မရှိကြချေ။

ယခု အချိန်တွင် သူသည် ခွန်အား ချွေတာရေးကိစ္စကို စိတ်မကူးတော့ချေ။ သူသည် နောက်မှ ငါးမန်းများ အလိုက်ခံနေရသူတစ်ဦးပမာ ရေထဲတွင် အားနှင့်အင်နှင့် အစွမ်းကုန် ကူးခတ်တော့သည်။ သို့တိုင်အောင် လှိုင်းလုံးတစ်လုံးက သူ့အား ကမ်းစပ်ဆီသို့ ညင်ညင်သာသာ တွန်းပို့သည်ကို မခံစားရခင် သူသည် ရေထဲတွင် ဆယ့်ငါးမိနစ်ခန့် အပြင်းအထန် ကူးခတ်ခဲ့ရသည်။ နောက်ထပ် လှိုင်းလုံးကြီး ကိုးလုံး ပေါ်ပေါက်လာသေးသော်လည်း ပစ်အတွက် အကျိုး မထူးခဲ့ပါ။

ပစ်သည် ဒသမမြောက် လှိုင်းလုံးကြီးနှင့် တွေ့သည့် အခါကျမှ ထိုလှိုင်းလုံးကြီးသည် ဝါးကျည်ထောက် ပုံသဏ္ဍာန် ထိပ်ပစ္စည်းနှင့်အတူ ပစ်အား ဒီရေစီးကြောင်းနှင့် ဆယ်ပေခန့် အကွာအဝေးသို့ သယ်ဆောင်သွားလေတော့သည်။



ဒတ်ခ်ပစ်၏ ခြေထောက်များသည် သဲပြင်နှင့် စတင် ထိတွေ့လိုက်ရ ချိန်တွင် သဘောပျက်သောကြောင့် အားကုန်ခန်းနေသော သဘောသား တစ်ယောက်ပမာ သူ ဆယ်ယူလာသော ဆုပစ္စည်းကို နောက်ဘက်တွင် တရွတ်ဆွဲ၍ ယူလာရင်း အရက်မူးနေသူတစ်ဦးပမာ ယိုင်တိယိုင်ထိုးနှင့် ရေထဲမှ ထလျှောက်လာတော့သည်။

ထို့နောက် ပစ်သည် နေရောင်ခြည်ကြောင့် နွေးနေသော သဲပြင်ပေါ် ကျေးဇူးတင်စွာနှင့် ထိုင်ချလိုက်ရင်း ပင်လယ်ဘက်ဆီသို့ ပြန်လှည့်ကြည့် လိုက်၏။

"ဒီတစ်ချီတော့ မရသေးဘူးဟေ့"

ဒတ်ခ်ပစ်က ခပ်တိုးတိုး ရေရွတ်လိုက်၏။

သို့သော် အဖြေ အဖြစ် လှိုင်းလုံးကြီးများ၏ မဆုံးနိုင်သော တဝုန်းဝုန်း မြည်သံများသာ ပေါ်ထွက်လာသည်။

ပစ်သည် သူ့စိတ်အာရုံကို သူ့ဘေးနားရှိ အဝါရောင်ဘူးကြီးဆီသို့ နွမ်းနွမ်းရိရိနှင့် ဗူးစိုက်လိုက်၏။ ဒတ်ခ်ပစ်သည် အပေါ်က ဖုံးထားသော ပလတ်စတစ်ကို ခွာလိုက်သည့်အခါ သူ တစ်ခါမှ မမြင်ဘူးသေးသော ဒန်သတ္တုဘူးတစ်မျိုးကို တွေ့လိုက်ရတော့သည်။

ထိုဘူး၏ထိပ်နှစ်ဖက်တွင် အသေးစား မီးရှုထားသံလမ်းကလေး များနှင့် တူသော အချောင်းကလေးများကို ကပ်ထားပြီး ထိုဘူး၏ ထိပ်တစ် ဖက်တွင် လှည့်၍ဖွင့်ရသော အဖုံးတစ်ခုကို တွေ့လိုက်ရတော့သည်။

သူသည် ခပ်စိပ်စိပ် ရှိနေကြသော ဝက်အူရစ်များနှင့် ပမာဏ များပြားလှသော ဝက်အူရစ်များကြောင့် စိတ်ဝင်စားသွားပြီး ထိုအ ကျွတ်သွားသည်အထိ အဖုံးကို လှည့်ချွတ်လိုက်၏။

ဘူးထဲတွင် ခပ်ကျစ်ကျစ် လိပ်ထားသောစက္ကူလိပ်ကို ခပ်ဖြည်းဖြည်း ဆွဲထုတ်လိုက်ပြီးနောက် ဇယားကွက်များထဲတွင် လက်ရေးနှင့် သေ သပ်သပ် ရေထားသော စာရွက်များကို လေ့လာလိုက်သည်။

ဒတ်ခ်ပစ်က ထိုစာရွက်များကို ဖတ်နေစဉ် ရေခဲတမျှ အေး နေသော လက်ကြီးတစ်ဖက်က သူ့အသားအား လာ၍ ထိကိုင်လိုက်သ ခံစားလိုက်ရသည်။ ထို့အပြင် အပူရှိန်သည် ကိုးဆယ်ဒီဂရီ ရှိနေသေ လည်း သူ့တစ်ကိုယ်လုံးတွင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွ ရတော့သည်။

ခြုံထည်ကြီးတစ်ထည်ကို ခြုံထားသော တစ္ဆေသရဲနှင့်တူသ ပုဂ္ဂိုလ်တစ်ဦးက ပစ်အား သူ့နောက် လိုက်ခဲ့ရန် လက်ယပ်ခေါ်နေသ ခံစားလိုက်ရသောကြောင့် ဒတ်ခ်ပစ်သည် ပတ်ငန်းကျင်သို့ ကမန်းက လှည့်ကြည့်လိုက်၏။

သူ့အနားတွင် ငှက်ကလေးများကလွဲ၍ တစ္ဆေသရဲနှင့်တူ မည်သည့်ပုံသဏ္ဍာန်မျှ ရှိမနေပါ။



www.burmeseclassic.com

www.burmeseclassic.com

သူသည် စာရွက်များကို ဆက်မဖတ်ရန် တစ်ကြိမ်မက ကြိုးစားခဲ့သော်လည်း ထိုစာရွက်ထဲတွင် ပါသော ထိတ်လန့်စရာ အကြောင်းအချက်များ၏ ဆွဲဆောင်မှု အင်အားက အထူး ကောင်းမွန်နေပေသည်။

သူသည် သူ့လက်ထဲတွင် ရှိနေသော ထိုပစ္စည်း၏ အရေးပါမှုကြောင့် တအံ့တဩဖြစ်ပြီး ကြက်သေ သေသွားတော့သည်။

ပစ်သည် ထိုစာရွက်ထဲမှ နောက်ဆုံးဝါကျကို ဖတ်ရှု ပြီးစီးသွားသည့်အခါ ဆယ်မိနစ်ခန့်ကြာအောင် ပင်လယ်ပြင်ကြီးဆီသို့ အဓိပ္ပာယ်မရှိဘဲ ငေးကြည့်နေမိသည်။

ထိုစာသည် ရေတပ်ဗိုလ်ချုပ်ကြီး လိတ်ဟန်းတား ဆိုသော အမည်နှင့် အဆုံးသတ်သွားသည်။

ထို့နောက် ပစ်သည် ထိုစာရွက်ကို ဘူးထဲသို့ ညင်သာစွာ ပြန်ထည့်လိုက်ပြီး အဖုံးကိုပိတ်၍ အဝါရောင် ပလတ်စတစ်နှင့် ဂရုတစိုက် ပြန်ထုပ်လိုက်တော့သည်။

ကေးနားပွိုင့် (အငူစွန်း) တွင် ထူးခြားသော တိတ်ဆိတ်ငြိမ်သက်မှုကြီးက ဖုံးလွှမ်းသွားသလို ဖြစ်သွားခဲ့သည်။ မြင်ကွင်းတစ်ခုလုံးသည် ပစ်၏ မျက်စိထဲ၌ အိပ်မက်ပမာ ဖြစ်နေသည်။ လှိုင်းလုံးကြီးများသည် ကမ်းခြေဆီသို့ လိမ့်၍လိမ့်၍ လာနေဆဲ ဖြစ်သော်လည်း အသံတိတ်နေသည်။

သူသည် မတ်တတ်ရပ်လိုက်ပြီးနောက် စိုနေသော သူ့ကိုယ်ပေါ် ကပ်နေသောသဲများကို လက်နှင့် သပ်ချလိုက်၏။

သူသည် ဒန်သတ္တုဘူးကို ချိုင်းအောက်တွင် ညှပ်လိုက်ပြီးနောက် ကမ်းခြေအတိုင်း ခပ်ဖြည်းဖြည်း ပြေးလျှောက်လာသည်။

သူသည် ဝါးဖျာကလေးဆီသို့ ပြန်ရောက်လာသောအခါ ဒန်သတ္တုဘူးကို ဝါးဖျာနှင့် ပတ်လိုက်ပြီးနောက် ကမ်းခြေနှင့် ယှဉ်ပြိုင်၍ ဖောက်ထားသော မော်တော်ကားလမ်းပေါ် သို့တက်သည့် လူသွားလမ်းကလေးအတိုင်း ကမ်းခြေမှ တက်လာခဲ့သည်။

အနီရောင် အေစီ ဖို့ဒ် ကိုဘရာ ပြိုင်ကားလေးသည် လမ်းဘေးတွင် ထီးထီးကလေး ရှိနေသည်။

ပစ်က အချိန် မဖြုန်းပါ။

သူက ထိုပစ္စည်းကို ယာဉ်မောင်းသူ နံဘေးရှိ ထိုင်ခုံပေါ် ပစ်တင်လိုက်ပြီးနောက် လက်ကိုင်ဘီးနောက်သို့ ကပျာကယာ ဝင်ထိုင်လိုက်၏။ သူ့လက်သည် မော်တော်ကားသော့ကို ကိုးရိုးကားယား လှည့်နေမိသည်။ လွန်ခဲ့သောနာရီဝက်က ဖြစ်ပေါ်ခဲ့သော စိတ်ရှုပ်ထွေးမှုနှင့် ဝမ်းဗိုက်ထဲမှ သရိုးသရီဖြစ်မှုများကြောင့် ပစ်သည် ကြည်ကြည်လင်လင် စဉ်းစား၍ မရနိုင်ဘဲ ဖြစ်နေသည်။

"မင်း အတော်ညံ့တဲ့အကောင်"

ပစ်က ခပ်တိုးတိုး ရေရွတ်လိုက်၏။





ဒတ်ခ်ပစ်သည် ဟိုက်ဝေးအမှတ် ၉၉ ပေါ်သို့ ကွေ့တက်ခဲ့ပြီးနောက် ကောကိုမာဟူးဝါးချောင်းနှင့် ယှဉ်ဖောက်ထားသောလမ်းအတိုင်း မောင်းနှင်လာသည်။ ရှိုဖီးလ်တပ်စခန်းကို ကျော်လွန်လာသည့်အချိန်တွင် တပ်မတော်နယ်မြေသည် နောက်ဘက်၌ တရိပ်ရိပ် ကျန်ရစ်ခဲ့လေပြီ။

ဒတ်ခ်ပစ်သည် ဝါဟီရာဝါ အလွန်တွင် ရှိသော လမ်းချိုးအတိုင်း ကွေ့လိုက်ပြီးနောက် ပုလဲမြို့တော်ဆီသို့ အရှိန်ပြင်းပြင်းနှင့် ဆက်မောင်းသွားတော့သည်။

နောက်ဆုံးတွင် ပုလဲဆိပ်ကမ်းမှ ပင်မဂိတ်ကြီးကို မြင်လိုက်ရချိန်၌ ဒတ်ခ်ပစ်သည် မော်တော်ကားအရှိန်ကို လျှော့ချလိုက်၏။ ယူနီဖောင်းဝတ်ထားသော ကင်းရဲဘော်တစ်ယောက်သည် မည်သူမည်ဝါဖြစ်သည်ကို ထုံးစံအတိုင်း စစ်ဆေးရန် ရုံးခန်းထဲမှ ထွက်လာသည်။

ပစ်သည် ပိုက်ဆံအိတ်ကို ရှေ့ဘက်ရှိ အံဖုံးအကန့်ကလေးထဲမှ ဆွဲထုတ်ယူလိုက်ပြီးနောက် သူ၏မှတ်ပုံတင်ကတ်ပြားအား ကင်းရဲဘော် ရေတပ်ဆာဂျင်ကို ပြသလိုက်သည်။

ရေတပ်ဆာဂျင် ချာတိတ်ကလေးသည် ဓာတ်ပုံကို အတန်ငယ်ကြာအောင် ဂရုစိုက်၍ လေ့လာပြီးနောက် ပြန်ပေးလိုက်ပြီး ဟန်ပါပါ အလေးပြုရင်း ပစ်အား ဆက်မောင်းသွားရန် လက်ဝှေ့ယမ်းပြလိုက်သည်။

ပစ်က ပြန်၍ အလေးပြုလိုက်ပြီးနောက် ဆက်မောင်းသွားရန် ဟန်ပြင်ပြီးမှ ထိုကင်းရဲဘော်အား ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတား၏ရုံးချုပ်သို့ မည်သို့မည်ပုံ သွားရမည်ကို မေးမြန်းရန် သတိရလာတော့သည်။

ရေတပ်ဆာဂျင်က ရင်ဘတ်ပေါ်ရှိ အင်္ကျီအိတ်ထဲမှ စာရွက်နှင့် ခဲတံကို ထုတ်ယူလိုက်ပြီးနောက် မြေပုံကလေးတစ်ခုကို ရေးဆွဲ၍ ပြိုင်ကားထဲသို့ လှမ်းပေးရင်း နောက်တစ်ကြိမ် ထပ်အလေးပြုလိုက်ပြန်သည်။

ပစ်သည် မော်တော်ကားကို သင်္ဘောကျင်း ဧရိယာထဲရှိ မထူးခြားလှသော ကွန်ကရစ် အဆောက်အအုံတစ်ခုရှေ့၌ ရပ်တန့်လိုက်၏။

ထိုအဆောက်အအုံတွင် ရုံးချုပ် အမှတ် တစ်ရာ့တစ် ယူအက်စ် သင်္ဘောအုပ်စု ဟု သေသပ်စွာ ရေးထားသော ဆိုင်းဘုတ်ကလေးသာ မရှိခဲ့ပါက ဒတ်ခ်ပစ်သည် ကျော်လွန်၍ မောင်းနှင်သွားမိပေလိမ့်မည်။

သူသည် ကားစက်ကို သော့ပိတ်၍ ရပ်လိုက်ပြီးနောက် ရေစိုနေသောထိုအထုပ်ကို ကောက်ယူရင်း မော်တော်ကားထဲက ထွက်လိုက်သည်။

ဒတ်ခ်ပစ်သည် ဝင်ပေါက်မှ ဝင်သွားစဉ် ပင်လယ်ကမ်းခြေသို့ သွားစဉ်က ဘောင်းဘီရှည်တစ်ထည်နှင့် စပို့ရှပ်တစ်ထည်ကို ယူသွားမိအောင် အမြော်အမြင်ရှိခဲ့မည် ဆိုပါက ပို၍ ကောင်းလေစွဟု တွေးနေမိသည်။

သူသည် လက်နှိပ်စက်ကို စက်ရုပ်ဆန်ဆန် ရိုက်နှိပ်နေသော ရေတပ်သားတစ်ယောက်ဆီသို့ လျှောက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

နွေရာသီဝယ် အဖြူရောင် ယူနီဖောင်းကို ဝတ်ဆင်ထားသော ထိုပုဂ္ဂိုလ်၏ရှေ့ဘက်တွင် ရေတပ်သား ကျီယာဂါ ဆိုသော ဆိုင်းဘုတ်ကလေး တင်ထားသည်။

"ခွင့်ပြုပါ ခင်ဗျာ"

မလုံမလဲ ဖြစ်နေသော ပစ်က မပွင့်တစ်ပွင့် ပြောလိုက်၏။

"ကျုပ် ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားနဲ့ တွေ့ချင်ပါတယ်"

လက်နှိပ်စက်ရိုက်နေသော ရေတပ်သားသည် အမှုမဲ့အမှတ်မဲ့ မော်ကြည့်လိုက်ပြီးနောက် သူ့မျက်လုံး အစုံသည် မျက်လုံးအိမ်ထဲမှ ပြူးထွက်လာကြတော့သည်။

"ဒီမှာ ကိုယ့်လူ၊ ခင်ဗျား ရူးမှားနေသလားဗျာ။ ခင်ဗျားက ရေကူးဝတ်စုံကလွဲပြီး ဘာမှ မဝတ်မစားဘဲနဲ့ ဒီကို ဘာအကြံအစည်နဲ့လာခဲ့တာလဲ။ အဘိုးကြီးသာ ခင်ဗျားကို တွေ့သွားရင် ခင်ဗျား သေပြီသာမှတ်၊ ခင်ဗျား ခပ်မြန်မြန် ပြန်ရင်ပြန်၊ မပြန်ရင် သင်္ဘောပေါ်က ထိတ်တုံးခတ်တဲ့ အချုပ်ခန်းကို ရောက်သွားလိမ့်မယ်"

"ကျုပ်က နေ့လယ်ပါတီပွဲအတွက် ထိုက်တန်အောင် ဝတ်စားမလာဘူးဆိုတာ ကျုပ် သိပါတယ်"

ပစ်က ခပ်တိုးတိုးနှင့် ပြေပြေပြစ်ပြစ် ပြောလိုက်၏။

"ဒါပေမယ့်၊ ကျုပ် ဗိုလ်ချုပ်ကြီးနဲ့ တွေ့ဖို့က သိပ်အရေးကြီးနေတယ်"

မျက်နှာ နီရဲနေသောရေတပ်သားသည် သူ့စားပွဲမှ မတ်တတ်ရပ်လိုက်၏။

"ဒီမှာ လာပြီး လူပြက်လုပ်နေတဲ့ကိစ္စကို ရပ်တန်းက ရပ်တော့ဗျာ"

ရေတပ်သား ယာဂါက ကျယ်လောင်စွာ ပြောလိုက်သည်။

"ခင်ဗျားက ခင်ဗျားအိပ်ဆောင်ကို ပြန်ချင်လည်းပြန်၊ ဒါမှမဟုတ်ရင် ကျုပ်က ကင်းလှည့်နေတဲ့ စစ်ပုလိပ်အဖွဲ့ကို ခေါ်လိုက်ရလိမ့်မယ်"

"ဒါဆိုရင် ခေါ်လိုက်ပေါ့"

ပစ်၏အသံကလည်း ချက်ချင်းလိုလိုပင် မြင့်တက်လာသည်။

"ဒီမှာ ကိုယ့်လူ . . ."

ရေတပ်သား၏လေသံသည် စိတ်တိုမှုကို ထိန်းချုပ်ထားရဟန်ပေါ်နေသည်။

"ခင်ဗျားကိုယ်ကို ခင်ဗျား ကောင်းကျိုးပြုလိုက်စမ်းပါဗျာ။ ခင်ဗျား သင်္ဘောဆီကို ပြန်သွားပြီး ဗိုလ်ချုပ်ကြီးနဲ့ တွေ့ခွင့် ရဖို့အတွက် ထုံးစံအတိုင်း တရားဝင် ခွင့်တောင်းလိုက်စမ်းပါဗျာ"

"အဲဒါ မလိုတော့ပါဘူး ယာဂါ"

သူတို့နှစ်ယောက်၏နောက်ဘက်မှ ထွက်ပေါ်လာသောအသံသည်





ကွန်ကရစ်ခင်းထားသော ဟိုက်ဝေးလမ်းမကြီးအား မြေတူးစက်နှင့် ဖဲ့လိုက်သံမျိုးနှင့် ခပ်ဆင်ဆင် တူလှသည်။

ပစ်က နောက်ဘက်သို့ လှည့်လိုက်ရာတွင် အတွင်းဘက်ရှိ ရုံးခန်းတံခါးဝတွင် မတ်တတ်ရပ်နေသော အရပ်ရှည်ရှည်၊ အသားအရေ ခြောက်သွေ့ ရှုံ့တွနေသော အဘိုးကြီးအိုတစ်ယောက်နှင့် မျက်လုံးချင်း ဆုံလိုက်ရတော့သည်။

သူသည် ခြေဖျားမှကော်လာအထိ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ထူးခြားလှသော ရွှေရောင်ပိုးကြိုးများကို လက်မှ ပခုံးအထိ တပ်ဆင်ထားသည်။ ဖြူဖွေးနေသော သူ့ဆံပင်သည် ထူထူထဲထဲ ရှိနေသေးသည်၊ အလျှံတညီးညီး တောက်နေသောသူ့မျက်လုံးက ပစ်တစ်ကိုယ်လုံးအား သိမ်းကျုံးကြည့်နေသည်။

"ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားဆိုတာ ငါပဲ။ ဒီမှာ ကိုလူထွားဒါတာ မင်းကို အချိန်ငါးမိနစ်ပေးမယ်။ ဒီတော့ မင်းက ငါ့အချိန်ကို အကျိုးရှိအောင် လုပ်ပေးရလိမ့်မယ်"

"ကောင်းပါပြီ ခင်ဗျာ"

ပစ်က ထိုမျှသာ ပြန်၍ ဖြေနိုင်တော့သည်။

ဟန်းတားသည် ချာခနဲ လှည့်ပြီး ရုံးခန်းထဲသို့ပြန်၍ ဝင်သွားနှင့်လေပြီ၊ ပစ် သူ့နောက်က လိုက်သွားသည်။

ပစ်သည် ယခင်က ကြန္တြေမပျက်ခဲ့သည့်တိုင်အောင် ရေတပ်ဗိုလ်ချုပ်ကြီး၏ရုံးခန်းထဲသို့ ရောက်ရှိသွားချိန်တွင် နေမထိထိုင်မသာ ဖြစ်သွားရသည်မှာ သိသာလှသည်။

ဗိုလ်ချုပ်ကြီးဟန်းတားအပြင် စားပွဲကြီး၏ ပတ်ပတ်လည်၌ ထိုင်နေသူ အခြား ရေတပ်အရာရှိ သုံးယောက် ရှိနေသည်။

ထူးဆန်းသောပစ္စည်းကို ချိုင်းအောက်တွင်ညှပ်၍ ဘောင်းဘီတိုကလေး တစ်ထည်ကိုသာ ဝတ်ဆင်ထားသောပစ်အား မြင်လိုက်ရချိန်တွင် တအံ့တဩ ဖြစ်သွားကြပုံမှာ သူတို့၏မျက်နှာပေါ်တွင် အတိုင်းသားပေါ်လွင်နေသည်။

ဟန်းတားက အားလုံးနှင့် မိတ်ဆက်ပေးလိုက်၏။

သို့သော် ပစ်သည် ယဉ်ယဉ်ကျေးကျေး ဖြစ်အောင် တမင်လုပ်သည့်ကိစ္စကို အထင်မကြီးပါ။

ရေတပ်ဗိုလ်ချုပ်ကြီးသည် ပစ်၏မျက်လုံးမှ တုံ့ပြန်မှုကို အကဲခတ်ရင်း ရာထူးအဆင့်နှင့် ဖြခြောက်ရန် ကြံစည်နေခြင်းသာ ဖြစ်ပေသည်။

အရပ်ရှည်ရှည် ရွှေရောင်ဆံပင်နှင့် သမ္မတဂျွန်ကနေဒီ မျက်နှာပေါက်မျိုးရှိသောပုဂ္ဂိုလ်သည် အမှတ်တစ်ရာ့တစ်ဆယ်သင်္ဘောအုပ်စု၏ အုပ်ချုပ်ရေးအရာရှိ မောဂျာပေါလ်ဗိုလန်ဆိုသူ ဖြစ်ကြောင်း ပစ်သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ချွေးအလွှန်ထွက်တုတ်ပုံရပြီး အော်လ်စီနာနာ ဆိုသော ခပ်ဆန်းဆန်းအမည်နှင့် ခပ်ထွားထွားဗိုလ်မှူးကြီးသည် ဟန်းတား၏ ဆယ်ယူရေးသင်္ဘောအုပ်စုမှ သင်္ဘောများကို ဦးစီး ကွပ်ကဲရသူ ဖြစ်သည်။

ကမန်းကတန်း ပြေးထွက်လာပြီး ပစ်၏လက်ကို အားရပါးရ လက်ဆွဲနှုတ်ဆက်ရင်း ရေတပ်ဗိုလ်ချုပ်ကြီး၏လက်ထောက် အရာရှိအဖြစ် သူ့ကိုယ်သူ မိတ်ဆက်သော ခပ်ပုပု၊ ခပ်သေးသေး မှင်စာလေးနှင့် တူသော ပုဂ္ဂိုလ်သည် ဒုတိယဗိုလ်မှူးကြီး ဘားဒက်ဒင်တာ ဆိုသူ ဖြစ်သည်။

ပစ်သည် ခင်ခင်မင်မင်ရှိတတ်သော ထိုပုဂ္ဂိုလ်လေးအား ချက်ချင်းပင် ခင်မင်မိလေတော့သည်။

"ကဲ - ကိုလူထွားကြီး"

ထိုအသုံးအနှုန်းကို ထပ်သုံးစွဲပြန်လေပြီ။

ပစ်သည် လခ တစ်လခ အကုန်အကျခံ၍ ဟန်းတား၏ပါးစပ်ကို လက်သီးနှင့် ထိုးပစ်လိုက်ချင်သည်။

"မင်းက အရေးကြီးတဲ့ ဆွေးနွေးပွဲတစ်ခုကို ပျက်သွားအောင် လုပ်တဲ့အပြင် ငါနဲ့ ငါ့အရာရှိတွေလည်း တော်တော်ကလေး ကသိကအောက် ဖြစ်သွားစေခဲ့တယ်"

ဟန်းတား၏အသံသည် ငေါ့တော့တော့လေသံများနှင့် ပြည့်နှက်နေသည်။

"ကဲ - မင်းက ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘာဖြစ်လို့ ခုလို လာပြီး နှောင့်ယှက်ရတယ် ဆိုတာကို ကျေးဇူးပြုပြီး ရှင်းပြမယ်ဆိုရင် ငါတို့အားလုံးက ကျေးဇူးကုဋေကုဋာ တင်ကြပါလိမ့်မယ်"

ပစ်သည် ထောင်းခနဲ ကြွထလာသောဒေါသကို အတင်းအဓမ္မ ချိုးနှိမ်လိုက်ရပြီးနောက် ဟန်းတားကို စေ့စေ့ပြန်ကြည့်လိုက်၏။

"ခင်ဗျားက ရာထူး အရှိန်အဝါကို အခွင့်ကောင်းယူပြီး မောက်မောက်မာမာ ပြောစရာ မလိုပါဘူး။ ခင်ဗျားမှာ ယဉ်ယဉ်ကျေးကျေး ပြောနိုင်တဲ့ အရည်အချင်းမျိုး ရှိမယ်ဆိုရင် အရာရှိတစ်ယောက်လို ယဉ်ယဉ်ကျေးကျေး ပြုမူဆက်ဆံသင့်ပြီလို့ အကြံပေးပါရစေ"

ပစ်သည် လွတ်နေသော ကုလားထိုင်တစ်လုံးတွင် တိတ်တိတ်ဆိတ်ဆိတ် ဝင်ထိုင်ရင်း အုံကြွပေါက်ကွဲလာမည့်ကိစ္စကို ပျင်းပျင်းရိရိနှင့် ထိုင်စောင့်နေလိုက်၏။ သူ ကြာကြာ မစောင့်လိုက်ရပါချေ။

မျက်နှာ တစ်ပြင်လုံး သွေးရောင်လွှမ်းနေသော စီနာနာသည် စားပွဲ၏ဟိုဘက်မှ ဒေါသနှင့် ကြည့်လိုက်သည်။

"ဟေ့ - ဆန်ကုန်မြေလေး၊ မင်းက ဒီရောက်လာပြီး ဗိုလ်ချုပ်ကြီးကို စော်ကားတာလားကွ"

"ဒီလူ အရူးပဲ"

ဗိုလန်က ခပ်ဆတ်ဆတ်ပြောလိုက်၏။





သူက အေးစက်မာကျောသော မျက်နှာထားနှင့် ပစ်ဘက်သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"မင်း တော်တော် မိုက်ရိုင်းတဲ့အကောင်၊ မင်း ဘယ်သူ့ကို စကားပြောနေရတယ် ဆိုတာ မင်း သိရဲ့လား"

ဗိုလ်ချုပ်ကြီးဟန်းတားက အော်ပြောလိုက်၏။

ဒတ်ခ်ပစ်က အမှုမဲ့အမှတ်မဲ့ပုံစံနှင့် ပြန်ပြောလိုက်သည်။

"ကျုပ်တို့အားလုံးကို ဇာစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပေးပြီးပြီဆိုတော့ အဲဒါကို တရားဝင် ဖြေရမယ်ဆိုရင် အဖြေက ဟုတ်ကဲ့လို့ ပြောရမှာပါပဲ"

ချွေးစိုနေသော စီနာနာ၏လက်သီးသည် စားပွဲပေါ်သို့ပြင်းထန်စွာ ကျရောက်လာ၏။

"ဘုရားသခင် ကယ်တော်မူပါ၊ ယာဂါကို စစ်ပုလိပ်အဖွဲ့ လှမ်းခေါ်ခိုင်းပြီး မင်းကို ထိတ်တုံးခတ်ထားခိုင်းမယ်"

"ဒီခွေးမသားက သတ္တိတော့ရှိတယ်။ ငါက သူ့ကို အဲဒါအတွက် ချီးကျူးရလိမ့်မယ်"

ဟန်းတားသည် ခပ်ရှည်ရှည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် မီးခြစ်ဆံအား ပြာခွက်ထဲသို့ ပစ်ထည့်လိုက်သည်။ မီးခြစ်ဆံသည် ပြာခွက်နှင့် ခြောက်လက်မခန့် လွဲသွားသည်။ ဟန်းတားသည် ပစ်အား အေးအေးစက်စက် မျက်နှာထားနှင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

"မင်းက ငါ့ကို တခြားနည်း ရွေးစရာမရှိအောင် လုပ်လိုက်တာပဲ ကိုလူထွားကြီး"

ဒတ်ခ်ပစ်သည် ကုလားထိုင်ကို နောက်ခြေထောက်နှစ်ချောင်းပေါ်တွင်သာ ရှိနေအောင် နောက်ဘက်သို့ ကန်ထားလိုက်ပြီး ဟန်းတားအား ပြန်စိုက်ကြည့်လိုက်၏။

"ကျုပ်နာမည် ပစ်၊ ဒတ်ခ်ပစ်ပါ ဗိုလ်ချုပ်ကြီး၊ ကိုလူထွားကြီး မဟုတ်ပါဘူး။ ခင်ဗျားကိုကော လူတွေက ငါးဖောင်ရိုးခြောက်လို့ ဘယ်တုံးကအထိ ခေါ်ကြလို့လဲ"

ဟန်းတားသည် စားပွဲအစွန်းကို အားနှင့် ဖျစ်ညှစ်လိုက်သောကြောင့် လက်ဆစ်များပင် ဖြူဖွေးလာကြတော့သည်။

"မင်းနာမည် ပစ်ပဲ ဖြစ်ဖြစ်၊ တခြား ဘာနာမည်ပဲ ဖြစ်ဖြစ်၊ မင်းသေဘောအတိုင်း ဖြစ်စေရမှာပေါ့ကွာ"

ဟန်းတားသည် ဗိုလန်ဘက်သို့ လှည့်လိုက်၏။

"ဗိုလ်မှူး၊ ရေတပ်သား ယာဂါကို စစ်ပုလိပ်အဖွဲ့ ခေါ်ခိုင်းလိုက်"

"ကျွန်တော် မခေါ်ချင်တော့ဘူး ဗိုလ်ချုပ်ကြီး"

ဒင်တာသည် သူ့ကုလားထိုင်မှ ထလာပြီး ပစ် နောက်ဘက်သို့ တိုးကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ်က မမြင်ရသော်လည်း ဒင်ဗာ၏မျက်နှာပေါ်တွင် ပြောင်ချော်ချော် အပြုံးကလေးတစ်ခု ဖြစ်ပေါ်လာ၏။

"ခင်ဗျားတို့က ဆန်ကုန်မြေလေး၊ အရူး၊ သိပ်မိုက်ရိုင်းတဲ့အကောင်လို့ ပြောဆိုပြီး ထိတ်တုံးခတ်ထားချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ် ဒတ်ခ်ပစ်ဟာ အမျိုးသား ပင်လယ်ရေအောက်အဖွဲ့က စပါယ်ရှယ်ပရောဂျက် ဒါရိုက်တာတစ်ယောက် ဖြစ်သလို သူ့အဖေကလည်း ရေတပ်မတော်ဆိုင်ရာ ဘဏ္ဍာရေးကော်မတီရဲ့ ချယ်ယာမင် ကယ်လီဖိုးနီးယားက ဆီနိတ်တာကျော့ချ်ပစ်ပဲပေါ့"

စီနာနာသည် စာလုံးအဖြစ် ဖော်ပြရန် မသင့်သော စကားလုံးအချို့ကို ခပ်တိုးတိုး ရေရွတ်လိုက်၏။

အဲစောဆုံး စ၍ စကားပြောလိုက်သူမှာ ဗိုလန်ပင်တည်း။

"ခင်ဗျားဥစ္စာက သေချာရဲ့လား"

"ဟုတ်တယ် ပေါလ်၊ သိပ်ကို သေချာတယ်"

ဘားဒက်ဒင်ဗာသည် စားပွဲကို ပတ်လျှောက်လာပြီး ပစ်နှင့်မျက်နှာချင်းဆိုင်လိုက်၏။

"အရင်တုန်းက ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မတွေ့ဘူးကြပေမယ့် ဒူးမားမှာရှိနေတဲ့ ကျုပ်ရဲ့ တစ်ဝမ်းကွဲညီအစ်ကို ဒုဗိုလ်မှူးကြီး ရုဒီဂန်းကတော့ ခင်ဗျားအကြောင်း မကြာခဏ ပြောဖူးပါတယ်"

ပစ် ဝမ်းသာအားရ ရယ်လိုက်၏။

"ဟုတ်တာပေါ့၊ ရုဒီနဲ့ကျုပ်တို့က ပရောဂျက် ဆော်တော် ခပ်များများမှာ လက်တွဲပြီး လုပ်ဖူးကြတယ်၊ ခင်ဗျားတို့ ရုပ်ချင်းဆင်ပုံကို ကျုပ်ပြန်မှတ်မိလာပြီ။ ခင်ဗျားတို့ နှစ်ယောက် တော်တော့်ကို တူကြတယ်။ တစ်ခုတည်းသော ခြားနားချက်ကတော့ ရုဒီက ကော်ကိုင်းမျက်မှန်ထူထူကြီးကို တပ်ရတယ်၊ ဒါပဲ"

"ကျုပ်တို့ငယ်ငယ်တုန်းကတော့ သူ့ကို ဖျံမျက်လုံးလို့ ခေါ်ခဲ့ကြတာပဲ"

ဘားဒက်ဒင်ဗာက ရယ်ရယ်မောမောနှင့် ပြောလိုက်၏။

ပစ်ကလည်း ပြုံးပြုံးရယ်ရယ်နှင့် ပြန်ဖြေသည်။

"ကျုပ် သူ့ကို တွေ့တဲ့အခါကျရင် အဲဒီလိုခေါ်ပြီး စလိုက်မယ်"

ဗိုလန်က အထစ်အထစ်နှင့် ပြောလိုက်၏။

"ကျုပ်တို့ ပြောကြဆိုကြတဲ့ စကားတွေကို ခင် ခင်ဗျားက ငွေမယူတန်ကောင်းဘူးလို့ ယူဆပါရဲ့"

ပစ်က ပြောင်ချော်ချော် မျက်နှာနှင့် ပြန်ဖြေလိုက်သည်။

"မယူပါဘူးဗျာ"

ဟန်းတားနှင့် စီနာနာတို့သည် တစ်ယောက်မျက်နှာကို တစ်





ယောက်က ကြည့်လိုက်၏။

ထိုအမိပ္ပာယ်ကို ပစ်က အလွယ်တကူ အမိပ္ပာယ် ဖော်နိုင်ခဲ့ပါသည်။ သူတို့လူစုအား စော်စော်ကားကား ပြောရဲဆိုရဲသော ဆီနိတ်တာ ဘင်ယောက်၏သား ဖြစ်သူသည် သူတို့ထံသို့ ရောက်ရှိနေသည့်အတွက် စိတ်မသက်မသာ ဖြစ်နေကြရမှုကို ဖုံးဖိထားနိုင်စွမ်း မရှိကြပါ။

"ကောင်းပြီ မစ္စတာပစ်၊ ဒါ မင်းအလှည့်ပဲ။ မင်းက ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဆိုင်းသံ ဗုံသံလည်း မပါ။ မီးရှူးမီးပန်း ဖောက်အိုးလည်း မပါ။ ငိုးနိုးကလေး တဲ့တိုး မေးလိုက်သောမေးခွန်းတည်း။

"ကျုပ်က သာမန် ပြာတာသက်သက်ပါဗျာ"

ပစ်က ခပ်အေးအေး ပြောလိုက်၏။

"ဒီနေ့ညနေခင်းက ကျုပ်ကမ်းစပ်မှာ နေပူစာလှုံနေတုန်း ခင်ဗျားနဲ့ဆိုင်တဲ့ ပစ္စည်းတစ်ခုကို ရှာတွေ့လာခဲ့တယ်"

"အင်း . . . အင်း"

ဟန်းတားက လေးလေးပင်ပင်ကြီး ပြောလိုက်၏။ သူသည် တစ်ခွတ်ထိုးလုပ်ရသည့်ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

"ငါကတော့ တော်တော်ကလေး ဂုဏ်တက်သွားပြီ။ ဒါပေမယ့် အဲဒါက–ငါနဲ့ ဘယ်လို သက်ဆိုင်နေလို့တုံး"

ပစ်သည် လောလောဆယ်တွင် ဗုံးတစ်လုံးကို ပစ်ချ၍ ဖောက်ခွဲတော့မည့်ပုံစံနှင့် ကျန်သုံးယောက်အား လှမ်းကြည့်လိုက်၏။

ပစ်က ဝါးဖျာနှင့် ပတ်ထားဆဲဖြစ်သော ထိုဘူးကို စားပွဲပေါ်တွင် တင်လိုက်သည်။

"အထဲမှာ စာရွက်တချို့ကို ခင်ဗျားတွေ့လိမ့်မယ်၊ စာရွက်တစ်ရွက်ပေါ်မှာ ခင်ဗျားနာမည်ပါတယ်"

ဟန်းတား၏အမူအရာတွင် မျက်တောင်ကလေး တစ်ချက်ပင် မခတ်ချေ။ ဒီအဘိုးကြီးသည် အတော်အတန်ပင် ထိန်းချုပ်မျိုသိပ်ထားနိုင်စွမ်းရှိသူ တစ်ဦး ဖြစ်သည်။

"ဒီပစ္စည်းကို မင်း ဘယ်နားက တွေ့ခဲ့တာလဲ"

"ကေးနားပွိုင့် (အငူစွန်း) ထိပ်ကပါ"

ဒင်ဗာသည် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်၏။

"ကမ်းပေါ်မှာ လာတင်နေတာလား"

ပစ်က ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်က လှိုင်းလုံးကြီးတွေကို လွန်အောင် ကူးသွားပြီးမှ ပြန်ဆယ်လာခဲ့တာပါ"

ဒင်ဗာသည် ရုတ်တရက် ကြောင်သွားပုံရသည်။

"ခင်ဗျားက ကေးနားပွိုင့်က လှိုင်းလုံးကြီးတွေကို ကျော်ပြီး ရေကူး


www.burmeseclassic.com

www.burmeseclassic.com

သွားတယ် ဟုတ်လား၊ ကျုပ်ကတော့ ဖြစ်နိုင်လိမ့်မယ်လို့ တယ် မထင်ဘူး"

ဟန်းတားသည် ပစ်အား စဉ်းစဉ်းစားစားနှင့် ကြည့်နေလိုက်သော်လည်း ထိုကိစ္စကို အစမဖော်တော့ချေ။

"မင်း ယူလာတဲ့ပစ္စည်းကို တို့ ကြည့်ရအောင်"

ပစ်က တိတ်တဆိတ် ခေါင်းညိတ်ပြလိုက်ပြီးနောက် အစည်းအဝေး စားပွဲပေါ်သို့ စိုထိုင်းနေသောသဲများ ကျကုန်ကြသည်ကို လုံးဝ ဂရုမထားဘဲ ဝါးဖျာကို ခွာလိုက်၏။

ထို့နောက် သူက ဟန်းတားအား လှမ်းမေးလိုက်သည်။

"ကျုပ်မျက်စိက အပေါ်က ဖုံးထားတဲ့ အဝါရောင်ပလတ်စတစ်ကို သတိထားလိုက်မိတာပါ"

ဟန်းတားသည် ထိုဘူးကို လက်နှင့် ကိုင်ပြီးနောက် အခြားပုဂ္ဂိုလ်များက လေ့လာနိုင်ရန် ပြထားသည်။

"လူကြီးမင်းများ သတိထားမိကြပါရဲ့လား"

ကျန်ပုဂ္ဂိုလ်များက တိတ်တိတ်ဆိတ်ဆိတ် ခေါင်းညိတ်ပြလိုက်၏။

"မင်းက ရေငုပ်သင်္ဘောပေါ်မှာ တစ်ခါမှ တာဝန် မထမ်းဆောင်ဖူးသေးဘူး။ ရေငုပ်သင်္ဘောပေါ်မှာသာ တာဝန် ထမ်းဆောင်ဖူးမယ် ဆိုရင်တော့ ဆက်သွယ်ရေးဘူး ဆိုတာ ဘယ်လို ပုံစံမျိုးရှိတယ် ဆိုတာကို မင်းသိမှာပဲ"

ဟန်းတားသည် ထိုဘူးကို စားပွဲပေါ်တွင် ပြန်ချလိုက်ပြီးနောက် ရိုရိုသေသေ လက်နှင့် ထိကိုင်လိုက်၏။

"ရေငုပ်သင်္ဘောတစ်စီးဟာ ရေအောက်မှာပဲ ဆက်နေနိုင်ပြီး သူ့နောက်က လိုက်နေတဲ့ ရေပြင်ပေါ်က သင်္ဘောတစ်စီးနဲ့ ဆယ်သွယ်ချင်တယ်ဆိုရင် သူ ဆက်သွယ်ချင်တဲ့သတင်းကို ဟောဒီ ဒန်သတ္တုဘူးထဲမှာ ထည့်လိုက်တယ်"

သူသည် ပြောရင်းဆိုရင်းကပင် ပလတ်စတစ်အစကို ညင်ညင်သာသာ ဆွဲခွာလိုက်၏။

"အနီရောင်ဆိုးဆေးဘူးနဲ့ တွဲထားတဲ့ဘူးကို ရေငုပ်သင်္ဘောထဲက နေပြီးတော့ လေဖိအားသုံးပြွန်ကတစ်ဆင့် အပြင်ကို မှုတ်ထုတ်လိုက်တယ်။ အဲဒီ ဒန်သတ္တုဘူး ရေပြင်ပေါ်ကို ရောက်သွားတဲ့အခါမှာ ဆိုးဆေးတွေကို အန်ထုတ်ပစ်လိုက်တယ်။ ဒါကြောင့် ရေပြင်ပေါ်မှာ စတုရန်းပေ ထောင်ပေါင်းများစွာရှိတဲ့ အစွန်းကွက်ကြီး ဖြစ်နေစေပြီး နောက်က လိုက်လာတဲ့သင်္ဘောက အလွယ်တကူ မြင်နိုင်သွားတာပေါ့"

"အဖုံးပေါ်မှာရှိတဲ့ ဝက်အူရစ်စိပ်စိပ်ကလေးတွေက ဖိအား သိပ်များလာတဲ့အခါမှာ အထဲကို ရေစိမ့်မဝင်အောင် ကာကွယ်တာပေါ့နော်"

ပစ်က ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

ဟန်းတားသည် ပစ်အား နားတစွင့်စွင့်နှင့် စိုက်ကြည့်နေလိုက်၏။



"အထဲက စာတွေကို မင်း ဖတ်ကြည့်ပြီးပြီလား"

ပစ်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ဟန်းတား၏မျက်လုံးထဲ၌ ဖြစ်ပေါ်လာသော အကြီးအကျယ် စိတ်ပျက်မှုနှင့် စိတ်မချမ်းသာမှုတို့ကို ဗိုလန်၊ စီနာနာနှင့် ဒင်ဟာတို့သည် မြင်လည်း မမြင်လိုက်ကြ။ နားလည်း မလည်လိုက်ကြပါ။

"မင်း ဖတ်ခဲ့ရတာတွေကို ကျေးဇူးပြုပြီး ရှင်းပြပါလားကွာ"

ဟန်းတားသည် အဖြေကို သိပါလျက်နှင့် မေးလိုက်ခြင်း ဖြစ်သည်။

ပစ်သည် ထိုဒန်သတ္တုဘူးကို မတွေ့ခဲ့ရသော် ကောင်းလေစွဟု တွေးရင်း စက္ကန့် အနည်းငယ် ကြာမြင့်သွားသည်။ သို့သော် လွတ်ပေါက်မရှိသည်ကိုလည်း သူ သိပါသည်။ ပစ်သည် အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်ပြီးနောက် ခပ်ဖြည်းဖြည်း ကြိုးစားပမ်းစားနှင့် ပြောလိုက်၏။

"အဲဒီအထဲမှာ ခင်ဗျားကို လိပ်မူထားတဲ့ စာတစ်စောင်ကို တွေ့ရပါလိမ့်မယ် ဗိုလ်ချုပ်ကြီး၊ ပြီးတော့လည်း အဏုမြူရေငုပ်သင်္ဘော စတားဘတ်ခ်ရဲ့ မှတ်တမ်းစာအုပ်က ဆုတ်ဖြဲထားတဲ့စာရွက် (၂၆) မျက်နှာကိုလည်း တွေ့ရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

## (၂)

"နောက်ဆုံး ငါးရက်အကြောင်း ရှင်းပြထားတာလည်း မပါပါကလား"

ဗိုလ်ချုပ်ကြီး ဟန်းတားက မှတ်ချက်ချလိုက်၏။

မာလိန်မှူး ဒူပရီ၏ နောက်ဆုံး မှတ်တမ်းအစတွင် ဆက်လက်ဖြစ်ပွားမည့် ဆိုးဆိုးရွားရွား ကိစ္စများကို အရိပ်အယောင်မျှပင် ဖော်ပြထားခြင်း မရှိချေ။

> *စတားဘတ်ခ်သင်္ဘောနှင့် သင်္ဘောသား အားလုံး ဇာတ်သိမ်းမကောင်းသောကိစ္စနှင့် တွေ့ကြုံရမှုသည် ကျွန်ုပ်တစ်ယောက်တည်းတွင်သာ တာဝန်ရှိပါသည်။ ၎င်းအပြင် ကျွန်ုပ်၏ဦးနှောက်သည် ပုံမှန်အတိုင်း အလုပ် မလုပ်တော့သောကြောင့် ယခုဖြစ်ပွားရသည့်ကိစ္စကို ကျွန်ုပ် အတတ်နိုင်ဆုံး ရှင်းလင်း တင်ပြပါမည်*

ကွန်ပျူတာပုံစံ ဦးနှောက်ပိုင်ရှင်ဖြစ်သူ ဒူပရီက သူ၏ဦးနှောက်သည် ပုံမှန်အတိုင်း အလုပ်မလုပ်တော့ပါဟု ဆိုခြင်းသည် အလွန် အံ့သြဖွယ်ကောင်းသော ဝန်ခံချက်ပင်တည်း။

> *ဇွန်လ ၁၄ ရက်နေ့ ၂၀း၄၀ နာရီတွင် ကျွန်ုပ်တို့သည် မြူနှင်းထုကြီးထဲသို့ ဝင်ခဲ့ကြသည်။ ထို့နောက် မများမကြာမီ ရေစူးဖာသမ်သုံးဆယ် (ပေ ၁၈၀) သာ ရှိသော ထိုနေရာတွင် ရှေ့ပိုင်း၌ရှိသော တိုပီဒိုခန်းထဲသို့ ရေများ ဝေါခနဲ ဝင်လာပြီး အခန်း တစ်ခုလုံးကို ရေလွှမ်းသွားရအောင် သင်္ဘောဦးပိုင်း၌ ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်ပွားခဲ့ပါသည်*

ထိုပေါက်ကွဲမှုသည် သင်္ဘော၏အတွင်းဘက် သို့မဟုတ် အပြင်ဘက်မှ စတင်၍ ပေါက်ကွဲခြင်းဖြစ်သည်ဆိုသောအချက်ကို စတားဘတ်ခ်





မာလိန်မှူးက မသိ၍လော မသိ၊ ဖော်ပြမထားပါ။

> *သင်္ဘောသားများအနက် ကံမကောင်းသော သင်္ဘောသား (၂၆) ယောက်သည် စက္ကန့်ပိုင်း အတွင်း သေဆုံးသွားခဲ့ကြသည်။ ပဲ့စင်ပေါ်၌ ရှိနေသေးသော လက်ဖတင်နင်ကာတာ၊ ရေတပ်သားဖားရစ်၊ ရေတပ်သား မက်ဖို့ဒ်တို့ သုံးယောက်သည် ရေအောက်သို့ သင်္ဘော စုံးစုံးမြုပ်ခင် သင်္ဘောထဲမှ ထွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ တကယ် ဖြစ်ရပ်ကမူ ထိုအယူအဆနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြောင်း တွေ့လာရသည်။*

မာလိန်မှူး ဒူပရီ ဖော်ပြထားသည့်အတိုင်း ဆိုပါက စတားဘတ်ခ်သည် ရေပြင်ပေါ်၌ မောင်းနှင်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ကာတာ၊ ဖားရစ်နှင့် မက်ဖို့ဒ်တို့သည် စက္ကန့်သုံးဆယ်အတွင်း ပဲ့စင်ပေါ်မှ မဆင်းနိုင်ခဲ့ကြဟု ဆိုခြင်းမှာ နည်းနည်းတော့ ထူးဆန်းနေပေသည်။

မာလိန်မှူး ဒူပရီသည် ရေငုပ်သင်္ဘောထဲသို့ ဝင်သည့်အပေါက်ကို သူကိုယ်တိုင် ပိတ်လိုက်ပြီး ထိုသုံးယောက်အား သေလမ်းသို့ ပို့လိုက်သည့်ကိစ္စမှာလည်း တွေး၍ပင် မကောင်းသည့်ကိစ္စ ဖြစ်သည်။

၎င်းအပြင် ထိုသုံးယောက်အား ကယ်ဆယ်ရန် အချိန် မရှိဟု ဆိုသည့်ကိစ္စမှာ စတားဘတ်ခ်သည် ကျောက်ခဲတစ်လုံးကဲ့သို့ စုံးစုံးမြုပ်သွားမှ ဖြစ်နိုင်မည် ဖြစ်ရာ မတွေးကောင်းသောကိစ္စပင် ဖြစ်တော့သည်။

သို့ရာတွင် ထိုကဲ့သို့ မဖြစ်နိုင်ပါ။

> *လောလောဆယ်တွင် ကျွန်ုပ်တို့သည် ဝင်ပေါက်၊ ထွက်ပေါက်များနှင့် လေပေါက်များကို ပိတ်လိုက်ကြသည်။ ထို့နောက် ကျွန်ုပ်က သင်္ဘော ရေပေါ်သို့ ပေါ်လာအောင် လေကန်များ အတွင်းသို့ လေမှုတ်သွင်းရန် အမိန့်ပေးလိုက်သည်။ သိပ်နောက်ကျသွားလေပြီ။ သင်္ဘောအရှေ့ပိုင်းမှ ကြားနေရသော သင်္ဘောကိုယ်ထည် စုတ်ပြတ်နေသံများက သင်္ဘောသည် ရေထဲသို့ ဦးစိုက်၍ နစ်မြုပ်သွားကြောင်း ဖော်ပြနေကြလေသည်။*

လေကန်များထဲတွင် လေအပြည့် မှုတ်သွင်းထားသည်ဟု ဆိုသောကြောင့် ပေ (၁၈၀) သာ နက်သောရေထဲတွင် ပေ (၃၂၀) ရှည်သော စတားဘတ်ခ်၏ဖင်ပိုင်းသည် ရေမျက်နှာပြင်ပေါ်၌ ပေါ်နေဖို့ ကောင်းပါသည်။ သို့သော် ထိုကဲ့သို့ မဟုတ်ရပါချေ။

> *ကျွန်ုပ်တို့သည် ယခု အချိန်တွင် ရေအောက် ကြမ်းပြင်ပေါ်သို့ ရောက်ရှိနေကြလေပြီ။ ကုန်းပတ်သည် ညာဘက်သို့ ရှစ်ဒီဂရီခန့် စောင်းသွားပြီး ဦးဘက်သို့ နှစ်ဒီဂရီခန့် ငိုက်နေသည်။ သင်္ဘောရှေ့ပိုင်းတွင် ရှိသော တော်ပီဒိုခန်းက လွဲလျှင် အခြား အခန်းထဲ၌*



www.burmeseclassic.com

www.burmeseclassic.com


*ရောင်ခြင်း မရှိပါ။ လုံခြုံလျက်ပင် ရှိနေကြပါသည်။ ကျွန်ုပ်တို့အားလုံး သေကြရလေပြီ။ ကျွန်ုပ်က ဒုက္ခခံ၍ မကြိုးစားကြရန် အားလုံးကို အမိန့်ပေးလိုက်သည်။ ကျွန်ုပ်၏ မောဟတရားက အားလုံးကို သေတွင်းသို့ ပို့လိုက်ခြင်းပင် ဖြစ်တော့သည်။*

အလွန် အံ့ဩစရာကောင်းသော ဆန်းကြယ်မှု တစ်ခုပင်တည်း။

ရေငုပ်သင်္ဘော အမြင့်သည် (၂၅) ပေ ရှိသည်ဟု ဆိုပါက ရေငုပ်သင်္ဘော နောက်ဘက်ရှိ အရေးပေါ်ထွက်ပေါက်မှ ရေမျက်နှာပြင်အထိ (၁၃၅) ပေခန့်သာ ကျန်ရှိတော့သည်။

ဒုတိယကမ္ဘာစစ် အတွင်းက ရေအောက်သို့ နစ်သွားသော ရေငုပ်သင်္ဘော (Tang) မှ သင်္ဘောသား ရှစ်ယောက်သည် အသက်ရှူကိရိယာ၏ အကူအညီ မပါဘဲနှင့် ပေ (၁၈၀) နက်သောရေထဲမှ ရေပြင်ပေါ်သို့ ကူးတက်လာနိုင်ခဲ့ကြသည်။

ယခု ရေငုပ်သင်္ဘောတိုင်းတွင် သင်္ဘောသားများအား အသက်ရှူကိရိယာများ ထုတ်ပေးထားလေ့ရှိရာ တစ်ရာ့သုံးဆယ့်ငါးပေ ဆိုသော အနက်ပေသည် သင်္ဘောသားတိုင်း တက်လာနိုင်သော အလယ်အလတ်စား အနက်ပေမျှသာ ဖြစ်သည်။

နောက်ဆုံး စာကြောင်း အနည်းငယ်မှာ ပို၍မှင် စိတ်ရှုပ်ထွေးစရာ ကောင်းလှတော့သည်။

ဒူပရီအား မည်သည့် ကိစ္စများက ရူးသွပ်သွားစေခဲ့ပါသနည်း။ သက်သေအထောက်အထားများက မနိုင်လုံလှသော်လည်း အိပ်မက်ဆိုးကြီးဆန်ဆန် ဖြစ်ပေါ်နေသော အဖြစ်အပျက်များက ဒူပရီအား လွမ်းမိုးသွားသည်ဟုသာ ယူဆရတော့မည်။ သူသည် အရှိတရားနှင့် ပို၍ ဝေးကွာသွားလေပြီ။

*စားစရာ အစားအစာများလည်း ကုန်လေပြီ။ လေကလည်း နာရီ အနည်းငယ်ခန့်သာ အသက်ရှူနိုင်ရန် ကျန်တော့သည်။ သောက်ရေသည် တတိယမြောက်နေ့ နောက်ပိုင်းတွင် မကျန်တော့ချေ။*

မဖြစ်နိုင်ပါ။

အကျုမြူဓာတ်ပေါင်းဖိုသည် ကောင်းကောင်းမွန်မွန် ရှိနေသေးသည် ဆိုပါက (ပျက်စီးသွားသည် ဟူ၍လည်း ယူဆရန် အကြောင်းမရှိပါ) သင်္ဘောသားများသည် လပေါင်း များစွာ အသက်ရှင်၍ နေကြမည်သာ ဖြစ်သည်။ ရေကောင်းရေသန့် ရရှိအောင် သန့်စင်ပေးသောစက်များက သောက်ရေ လုံလုံလောက်လောက် ရရှိအောင် ထုတ်လုပ်ပေးကြမည်သာ ဖြစ်သည်။ လေထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် များပြားလာခြင်း မရှိအောင် ဆေးလိပ်မသောက်ရ ပညတ်ထားလိုက်မည် ဆိုပါက ရေငုပ်သင်္ဘောထဲမှ လေထုကို သန့်စင်ပေးပြီး အောက်ဆီဂျင်ဓာတ်ကို ထုတ်လုပ်





ပေးနေသောစက်များက လူခြောက်ဆယ့်သုံးယောက်အား **စက်ချို့ယွင်း** ပျက်စီးသွားခြင်း မရှိမီ အချိန်အထိ သက်သောင့်သက်သာ **နေနိုင်အောင်** ဖန်တီးပေးကြလိမ့်မည်။

စက်ပျက်ဖို့ ဆိုတာကလည်း မဖြစ်နိုင်ပါ။ အစားအစာ တစ်ခုတည်းကသာ ရေရှည်တွင် ပြဿနာဖြစ်နိုင်ပေသည်။

သို့တိုင်အောင် စတားဘတ်ခ်သည် ထိုအချိန်က သမုဒ္ဒရာထဲသို့ စတင်၍ ခရီးထွက်ခွာသွားခြင်း ဖြစ်ရာ သင်္ဘော နစ်မြုပ်သွားချိန်တွင် စားစရာများသည် သုံးပုံ နှစ်ပုံခန့် ကျန်ရှိနေရပေလိမ့်မည်။ အစားအစာကို ထုရှင်စနစ်ဖြင့် စားမည်ဆိုပါက ရက်ကိုးဆယ်အထိ ဖူလုံနိုင်မည် ဖြစ်ပေသည်။ အစစအရာရာသည် အကျုမြူဓာတ်ပေါင်းဖိုပေါ်၌သာ မူတည်နေသည်။ ဓာတ်ပေါင်းဖို ပျက်စီးသွားခဲ့သော် အားလုံး သေဆုံးရမည်သာတည်း။

*ကျွန်ုပ်၏လမ်းစဉ်သည် ရှင်းလင်း ပြတ်သားပါသည်။ ကျွန်ုပ်၏ စိတ်သည် ထူးထူးဆန်းဆန်း ငြိမ်းချမ်းမှုကို ရရှိနေသည်။ သင်္ဘောသားများ ခံစားနေရသည့် ဒုက္ခဝေဒနာများ ကင်းငြိမ်းသွားအောင် ၎င်းတို့အား ဆေးထိုးပေးလိုက်ရန် ကျွန်ုပ်က သင်္ဘောဆရာဝန်အား ညွှန်ကြားလိုက်သည်။ ကျွန်ုပ်သည်လည်း နောက်ဆုံးသွားရမည့် ပုဂ္ဂိုလ်ပင် ဖြစ်သည်။*

ဘုရားသခင် ကယ်တော်မူပါ။

ဒူပရီသည် စိတ်ဖောက်ပြန်ခိုက်တွင် အသက်မသေဘဲ ရှင်ကျန်နေသေးသော သင်္ဘောသားများအား အစုလိုက်အပြုံလိုက် သတ်ခိုင်းသည် ဆိုသည့်ကိစ္စမှာ ဖြစ်နိုင်ပါ့မလား။

(ဤနေရာတွင် ဒူပရီ၏လက်ရေးသည် ကွေးကွေးကောက်ကောက် ဖြစ်လာပြီး ဖတ်ရန် ပို၍ ခက်ခဲလာသည်။)

*သူတို့ နောက်တစ်ကြိမ် လာကြပြန်ပြီ။ ကာတာက သင်္ဘောကိုယ်ထည်ကို လာခေါက်နေသည်။ ဘုရားသခင် ကယ်တော်မူပါ။ ကာတာ၏တစ္ဆေက ကျွန်ုပ်တို့က အဘယ်ကြောင့် ဤကဲ့သို့ ထပ်တလဲလဲ လာ၍ နှောင့်ယှက်နေရပါသနည်း။*

ဒူပရီသည် ရာနှုန်းပြည့် ရူးသွပ်သွားလေပြီ။ ငါးရက်တာမျှသော အချိန်ကာလအတွင်း မည်သည့်နည်းဖြင့် ဖြစ်နိုင်ပါမည်နည်း။

*ကျွန်ုပ်သည် သူတို့ကို နောက်ထပ် နာရီ အနည်းငယ်ခန့်မျှသာ ထိန်းထားနိုင်တော့မည်။ သူတို့သည် နောက်ဘက်ရှိ အရေးပေါ်ထွက်ပေါက်ကို ဖောက်၍ ဝင်နိုင်တော့မည့်ဆဲဆဲ ဖြစ်နေပြီ။ မနိုင်တ် မနိုင်တ် (ဖတ်မရပါ) သူတို့က ကျွန်ုပ်တို့ကို သတ်ရန် လာခြင်း ဖြစ်သည်။ သို့သော် နောက်ဆုံးတွင် ကျွန်ုပ်တို့က သူတို့ကို လှည့်စားပြီး အနိုင်ယူမည်။ သို့သော် မအောင်မြင်ပါက ကျွန်ုပ်တို့ အားလုံး သေဆုံးကြရပေလိမ့်မည်။*


www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆိုတာ မည်သူတို့ကို ဆိုလိုပါသနည်း။ အခြား သင်္ဘော တစ်စီးစီးကို ဆိုလိုပါသလား၊ ဆိုဗီယက်စပိုင်သင်္ဘောတစ်စီးစီးက ရေငုပ် သင်္ဘောမှ သင်္ဘောသားများကို ကယ်ဆယ်ရန် ကြိုးပမ်းနေခြင်းပင် ဖြစ် လေသလော။

*ယခု အချိန်တွင် ရေပြင်ပေါ်သို့ မျောင်သွားပြီ ဖြစ်သလို သူတို့က လည်း အနားယူသွားကြလေပြီ။ ကျွန်ုပ်က ဤအစီရင်ခံစာနှင့် မှတ်တမ်းတင်စာအုပ်မှ နောက်ဆုံး စာရွက်များကို ဆက်သွယ်ရေး ဘူးထဲသို့ ထည့်၍ ရေပြင်ပေါ်သို့ တင်လိုက်မည်။ ညအချိန်ဖြစ်၍ သူတို့ မမြင်မတွေ့ရန် ပို၍ အခွင့်အရေးများသည်။ ကျွန်ုပ်တို့၏ တည်နေရာမှာ (ပထမ ရေးထားသော ဂဏန်းများကို ကြက်ခြေ ခတ်ပြီး ပယ်ထားသည်။) မြောက် (၃၂) ဒီဂရီ (၄၃) ပေ (၁၅) လက်မ၊ အနောက် (၁၆) ဒီဂရီ (၁၈) ပေ (၂၂) လက်မဖြစ်သည်။*

ထိုတည်နေရာမှာ လုံး၀ အဓိပ္ပာယ် မရှိပါ။ စတားဘတ်ခ်က နောက်ဆုံး သတင်းပို့ခဲ့သောတည်နေရာနှင့် မိုင်ငါးရာကျော် ဝေးနေသည်။ ရေဒီယိုနှင့် နောက်ဆုံး အစီအရင်ခံသည့်နေရာမှ အမြင့်ဆုံး အရှိန်နှုန်းနှင့် မောင်နှင်သွားသည့်တိုင်အောင် ထိုနေရာသို့ ရောက်အောင် မောင်းနှင် သွားရန် အချိန် လုံလောက်မှု မရှိပါ။

ဒူပရီ၏အချက်အလက်များကို ရှင်းရန် ကြိုးစားရင်းကပင် ပို၍ ပို၍ ရှုပ်ထွေးလာသည်။ ထိုကဲ့သို့ ရှုပ်ထွေးနေသောဒူပရီသည် ၎င်း၏ အစီရင်ခံစာကို အဆုံးသတ်လိုက်လေသည်။

*ကျွန်ုပ်တို့ကို လိုက်မရှာကြပါနဲ့။ အချည်းအနှီး အလဟဿ ဖြစ် ရပါလိမ့်မည်။ သူတို့က ရှာဖွေနိုင်မည့် လက်ရာခြေရာ တစ်ခု တလေကိုမျှ ထားရစ်ခဲ့ကြမည် မဟုတ်ပါ။ သူတို့သည် ရှက်စရာ ကောင်းသော လှည့်စားချက်များကို သုံးစွဲခဲ့ကြသည်။ အကယ်၍ ကျွန်ုပ်က ကြိုတင်၍ သိခဲ့မည်ဆိုပါက ကျွန်ုပ်တို့သည် အသက်ရှင် နိုင်ကောင်း ရှင်နိုင်ဖွယ် ရှိပေသည်။ ဤအစီအရင်ခံစာကို ပုလဲ ဆိပ်ကမ်းရှိ ရေတပ်ဗိုလ်ချုပ်ကြီး လိတ်ဟန်းတားထံသို့ အရောက် ပို့ပေးပါ။*

နောက်ဆုံး ပဟေဠိပင်တည်း။

"ဘာဖြစ်လို့ ငါ့ကို လိပ်မူထားရသလဲလို့ကွာ" ဟု ဟန်းတားက ညည်းညူလိုက်သည်။

"ငါ သိရသမျှ ဆိုရင် ကွန်မင်ဒါဒူပရီနဲ့ ငါ ဘယ်တုံးကမှ မတွေ့ခဲ့ ကြပါဘူးကွာ၊ သူက ငါ့ကို ဘာဖြစ်လို့ ရွေးထုတ်ပြီး ဒီပစ္စည်းကို အပ်နှံ ခဲ့ရတာလဲ"

ယခုအချိန်တွင် တိတိကျကျ သိနိုင်သော အချက်တစ်ချက်မှာ



ဟာဝိုင်အီကျွန်းစုတန်း၏မြောက်ဘက်တွင် ဝစိဖိတ်သမုဒ္ဒရာကြီး၏ ဝဲကြ ယကြီးက စုပ်ယူဝါးမျိုသွားသောကြောင့် နစ်မြုပ်သွားသော စတားဘတ်ခ် သည် သမုဒ္ဒရာ၏အောက်ခြေသို့ ရောက်ရှိနေသောအချက်ပင်တည်း။

ထိုအချက်မှလွဲ၍ ကျွန်ုပ်တို့သည် ဘာကိုမှ ရေရေရာရာ မသိကြ ရပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဒတ်ခ်ပစ်သည် ရှိုင်ရယ်ဟာဝေယံ ဟိုတယ်မှ ဘားကောင်တာပေါ်တွင် ခါးကိုင်း၍ ထိုင်ရင်း သူ့မျက်လုံးများက အရက်ခွက်ကို အဓိပ္ပာယ်မရှိ ငေးကြည့်နေမိစဉ် သူ့စိတ်အစဉ်သည် နေ့ခင်းက ဖြစ်ပွားခဲ့သော အဖြစ်အပျက်များဆီသို့ ပျံ့လွင့် ရောက်ရှိနေသည်။

မျက်တောင် မခတ်သောပစ်၏ မျက်စိရှေ့မှောက်တွင် အဖြစ်အပျက်တစ်ခုစီသည် အသံတိတ် ရုပ်ရှင်ကားပမာ တစ်ခုစီတစ်ခုစီ ပေါ်လာနေကြသည်။

ထိုအဖြစ်အပျက်များထဲမှ မြင်ကွင်းတစ်ခုသည် ကျန်မြင်ကွင်းများကဲ့သို့ ပျောက်ကွယ် မသွားဘဲ ခေါင်းမာနေသည်။

ထိုမြင်ကွင်းမှာ စတားဘတ်ခ် ကွန်မင်ဒါ ဖီးလစ်ဒူပရီ ရေးထားသော ဆက်သွယ်ရေးဘူးထဲမှစာများကို မျက်နှာသေကြီးနှင့် စူးစူးစိုက်စိုက်ဖတ်နေသော ဗိုလ်ချုပ်ကြီးဟန်းတား၏ဖြူဖပ်ဖြူရော်မျက်နှာကြီးပင်တည်း။

ဟန်းတားက ဖတ်ပြီးသွားသောအခါ သူသည် ဦးခေါင်းကို ခပ်ဖြည်းဖြည်း မော့၍ ပစ်အား ခေါင်းညိတ်ပြလိုက်၏။

ဤတွင် ပစ်ကလည်း ပြန်၍ ခေါင်းညိတ်ပြလိုက်ပြီးနောက် ကမ်းပေးထားသော ဗိုလ်ချုပ်ကြီး၏ မိန်ကပ်ကပ်လက်ကို ဆွဲယူ နှုတ်ဆက်လိုက်သည်။ ပစ်သည် ကျန်အရာရှိများအား နှုတ်ဆက်စကားကို မပွင့်တပွင့် ရေရွတ်လိုက်ပြီးနောက် စိတ်ညှို့ခံထားရသူ တစ်ဦးပမာ အခန်းထဲက ပြန့်ထွက်ခဲ့တော့သည်။

သူသည် နီးမစ်ဇ် ဟိုက်ဝေးလမ်းမကြီးပေါ်တွင် ကွေ့ကွေ့ကောက်ကောက် မောင်းနှင်ခဲ့ရမှုကို ပြန်သတိမရတော့ပါ။

သူ့အခန်းထဲသို့ ပြန်ဝင်လာပြီး ရေမိုးချိုး၊ အဝတ်အစားလဲ၍ ပြန်ထွက်ခဲ့မိသည်ကိုလည်း မမှတ်မိတော့ပါ။





ယခု အချိန်မှာပင် ဖန်ခွက်ထဲ၌ ရှိနေသော စကော့ဝီစကီကို သှုပ်ခါနေစဉ် သူ့ပတ်ပတ်လည်ရှိ အရက်ခန်းထဲမှ ပြောဆိုနေကြသံများကို သူ့နားထဲ၌ ကြားနေရခြင်း မရှိပါ။

စတားဘတ်ခ်၏နောက်ဆုံးမှာတမ်းအား သူ ရှာဖွေ၍တွေ့ခဲ့ရပုံမှာ နည်းနည်းတော့ ဆန်းနေသလိုလိုနှင့် ကြောက်စရာ ကောင်းနေသလိုလို ရှိသည်ဟု သူက ပျင်းပျင်းရိရိ တွေးနေမိသည်။

သူ့ဦးနှောက်အတွင်းပိုင်းမှ အတွေးတစ်ခုက အပေါ်သို့ ပေါ်တက်လာရန် အပြင်းအထန် ကြိုးပမ်းနေသော်လည်း မည်မည်ရရ တွေးတော၍မရခဲ့ပါ။ ထိုအတွေးသည် မရေမရာနှင့်ပင် ပြန်၍ ပျောက်ကွယ်သွားတော့သည်။

ဘားကောင်တာအစွန်မှ လူတစ်ယောက်က 'အရက်တိုက်ပါရစေ' ဆိုသောသဘောနှင့် ဖန်ခွက် မြှောက်ပြနေသည်ကို ပစ်သည် မျက်လုံးထောင့်စွန်းမှ မြင်လိုက်ရသည်။

ထိုပုဂ္ဂိုလ်မှာ ပစ်ကဲ့သို့ပင် ဘောင်းဘီအရှည်နှင့် ပန်းပွင့်ကြီးများပါရှိသော ယာဝေယံ အလိုဟာ ရှပ်အင်္ကျီကိုသာ ဝတ်ဆင်ထားသော ဒိုင်းလ်မှုကြီး အော်လ်စီနာနာပင်တည်း။

သူ့အား ပစ်က ပြန်၍ နှုတ်ဆက်လိုက်ရာ စီနာနာသည် ထိုင်ရာမှ ထလာပြီး သူ့နံဘေးတွင် ဝင်ထိုင်လိုက်သည်။

လက်ကိုင်ပဝါ တစ်ထည်ကို ကိုင်၍ နဖူးနှင့် လက်ဖဝါးကို အမြဲတမ်းလိုလို သုတ်နေသော စီနာနာသည် ယခုထက်တိုင် ချွေးထွက်နေပုံရသည်ဟု ပစ်က တွေးကြည့်လိုက်သည်။

"ကျုပ်က အရက်တိုက်ပါရစေ"

စီနာနာက ဟန်ဆောင်မှု မပါသောအပြုံးဖြင့် ပြောလိုက်၏။

ပစ်က အပြည့်ရှိနေသောဖန်ခွက်ကို မြှောက်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ကျုပ်ဆီမှာရှိတဲ့ ဖန်ခွက်ထဲကတောင် တစ်စက်တစ်ပေါက်လောက် သောက်ရသေးတာ မဟုတ်ဘူး"

ပစ်သည် ပုလဲဆိပ်ကမ်းတွင် ရှိခဲ့စဉ် ခပ်စောစောပိုင်းက စီနာနာအား သိပ် သတိမထားမိခဲ့သော်လည်း ယခုအချိန်တွင် သူ မတွေ့မမြင်ခဲ့မိသည့်ကိစ္စကို သတိပြုလာမိသောကြောင့် အနည်းငယ် အံ့အားသင့်သွားမိသည်။

စီနာနာက သူ့ထက် ကိုယ်အလေးချိန် ဆယ့်ငါးပေါင် ပိုလေးသော်လည်း သူတို့နှစ်ယောက်ကို တစ်ဝမ်းကွဲညီအစ်ကိုများဟု မှားစရာ ရှိသည်။ မျက်စိအရောင် မတူမှု၊ အစိမ်းနှင့်အညို၊ အသက်အရွယ် မတူမှု၊ သုံးဆယ့်ငါးနှင့် အသက်ငါးဆယ် စသည့် အသေးအမွှား ကွဲလွဲချက်ကလေးများ ရှိကြသော်လည်း ဆံပင်အရောင်၊ အရပ်အနိမ့်အမြင့်နှင့် ယေဘုယျအသွင်



www.burmeseclassic.com

www.burmeseclassic.com

အပြင်တို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ခပ်ဆင်ဆင် တူနေကြလေသည်။

စီနာနာသည် သံပရာရည်နှင့်ရောထားသော ရမ်အရက်ခွက်ထဲမှ ရေခဲကို တစ်ချိန်လုံး လည်နေအောင် လှည့်ရင်းကပင် မျက်နှာသေကြီးနှင့် ကြည့်နေသောပစ်၏ မျက်လုံးများနှင့် မဆုံမိအောင် ရှောင်နေခဲ့သည်။

"ဒီကနေ့ ညနေက ဖြစ်ခဲ့ရတဲ့ အထင်မှားမှုလေးအတွက် ကျုပ်က နောက်တစ်ကြိမ် ထပ်ပြီး တောင်းပန်ပါတယ်"

"မေ့ထားလိုက်စမ်းပါ ဗိုလ်မှူးကြီးရာ၊ ကျုပ်ကလည်း ယဉ်ယဉ်ကျေးကျေးမှ မရှိခဲ့တာကိုး"

"စတားဘတ်ခ်ကို ဆုံးရှုံးလိုက်ရတဲ့ကိစ္စဟာ တော်တော် ဆိုးရွားတဲ့ကိစ္စပဲ"

စီနာနာသည် ဖန်ခွက်ထဲမှ အရက်ကို တစ်ကျိုက် ထပ်သောက်လိုက်၏။

"ဘယ် ရေငုပ်သင်္ဘောမဆို နောက်ဆုံးကျတော့ အဖြေကို ရှာတွေ့လာရတာချည်းပါပဲလေ။ သီထရက်ရှာ*၊ သီဘာလူးဖင်၊ သီစကော်ပီယံ ဆိုတဲ့ သင်္ဘောတွေတုန်းကဆိုရင် ရေတပ်မတော်က လူအားလုံးကို ပြန်မတွေ့မချင်း လက်မလျှော့တမ်း ရှာခဲ့တာပဲ"

စီနာနာက စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေလိုက်၏။

"ခု တစ်ကြိမ်မှာတော့ ဒါမျိုး ဖြစ်လာမှာ မဟုတ်တော့ပါဘူးလေ။ ဒီသင်္ဘောကိုတော့ ဘယ်တော့မှ တွေ့တော့မှာ မဟုတ်ဘူး"

"ဘယ်တော့မှ မတွေ့ဘူး ဆိုတာကို ဘယ်တော့မှ မပြောပါနဲ့"

"ဒီမှာ မေဂျာ၊ ခင်ဗျား ပြောတဲ့အဖြစ်ဆိုးတွေဟာ အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ ဖြစ်ခဲ့တာတွေပါ။ စတားဘတ်ခ်က ကံဆိုးချင်တော့ ပစိဖိတ်သမုဒ္ဒရာထဲမှာ ပျောက်ဆုံးခဲ့ရတယ်"

သူက လည်ပင်းကို လက်ကိုင်ပဝါနှင့် သုတ်ရန် စကားကို ခေတ္တရပ်နားလိုက်၏။

"သမုဒ္ဒရာထဲမှာ မြုပ်သွားကဲ့ သင်္ဘောတွေနဲ့ ပတ်သက်ပြီး ရေတပ်မတော်မှာ ဆိုရိုးစကားရှိတယ်။

'အတ္တလန္တိတ်သမုဒ္ဒရာ ရေအောက်ကို ရောက်သွားတဲ့ သင်္ဘောကို ဂါထာတွေ၊ မန္တရားတွေနဲ့ ပြန်ခေါ်လို့ ရနိုင်တယ်၊ ဒါပေမယ့် ပစိဖိတ်သမုဒ္ဒရာကြီးကတော့ ရောက်လာတဲ့ပစ္စည်းတွေကို သံသရာရှည်သရွေ့ ပွေ့ပိုက်ထားမြဲ ထားတယ်' တဲ့"

---

* အကျမြှုပ် ရေငုပ်သင်္ဘော သီထရက်ရှာ (The Thresher) သည် ၁၉၆၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် နစ်မြုပ်ပြီး ပျောက်ကွယ်သွားခဲ့သည်။

၁၉၈၂ ခု၊ ဇူလိုင်လထုတ် တက္ကသိုလ် မင်းလတ်နှင့် ဂယက်နီ စီစဉ်သည့် ထူးဆန်းထွေလာ သတ္တဝါကြီးနှင့် သိမ်ပွဲပဒေသာ စာမျက်နှာ ၃၁၊ ၃၈။





ပစ်သည် စီနာနာ၏လေသံကို စိတ်ပါဝင်စားသွားသည်။ သူသည် အမြဲတစေ ချွေးထွက်နေသော ဘုန်းတော်ကြီးတစ်ဦး တရားဟောစင်ပေါ်မှနေ၍ ပင်လယ်သို့ ငါးရှာရန် ထွက်တော့မည့်ဆဲဆဲ တံငါသည်များအား တရားဟောနေသည့်ပုံစံကို မြင်ယောင်လာမိတော့သည်။

ပစ်က ပြောလိုက်၏။

"ဒါပေမယ့်၊ ဘယ်နေရာမှာ ရှိတယ် ဆိုတာကို ဖီးလစ်ဒူပရီ ပို့လိုက်တဲ့ နောက်ဆုံးမှာတမ်းအရ ခင်ဗျားတို့ သိထားရပြီ မဟုတ်လား၊ ကံကောင်းတယ်ဆိုရင် အဲဒီနေရာကို ပိုက်စိပ်တိုက်ပြီး ရှာတဲ့အခါမှာ ပွဲတင်သံနဲ့ ရှာတဲ့စက်က တစ်ပတ်အတွင်း ရှာပေးနိုင်မှာပေါ့"

"ပင်လယ်သမုဒ္ဒရာဆိုတာ သူ့လျှို့ဝှက်ချက်ကို လွယ်လွယ်ကူကူနဲ့ ဖော်ထုတ်ပေးလေ့ မရှိဘူး မေဂျာ"

စီနာနာသည် ကုန်သွားသောဖန်ခွက်ကို ဘားကောင်တာပေါ်သို့ ချလိုက်၏။

"ကောင်းပြီလေ၊ ကျုပ် သွားမှ ဖြစ်တော့မယ်။ ကျုပ်က တစ်ယောက်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတာ။ ဒါပေမယ့် အမျိုးသမီးက ကျုပ်ကို သပိတ်မှောက်တယ်နဲ့ တူတာပဲ"

ပစ်သည် ကမ်းပေးလာသော စီနာနာ၏လက်ကို ဆုပ်ကိုင်၍ နှုတ်ဆက်လိုက်ပြီး ပြုံးလိုက်၏။

"ခင်ဗျား ဘယ်လို ခံစားရမယ်ဆိုတာ ကျုပ်လည်း ကိုယ်ချင်းစာပါတယ်"

"ကဲ - သွားဦးမယ်ဗျို့၊ ကံကောင်းပါစေ"

"ခင်ဗျားကိုလည်း ထိုနည်းလည်းကောင်းပဲ ဗိုလ်မှူးကြီး"

စီနာနာသည် ဟိုတယ် အပေါက်ဝဆီသို့ ထွက်ခွာသွားပြီး လူအုပ်ကြားထဲတွင် ပျောက်ကွယ်သွားတော့သည်။

ပစ်သည် အရက်ဖန်ခွက်ကို လက်နှင့်ပင် မတို့သေးချေ။

စီနာနာ ထွက်သွားသောအခါ ရှုးချင်စရာကောင်းလောက်အောင် အထီးကျန်မှုကို ခံစားလိုက်ရတော့သည်။

လူပြည့်သောအခါ အခန်းထဲ၌ ကျွက်စီကျွက်စီနှင့် ပြောနေကြသောလူသံများက ထိုဝေဒနာကို ပို၍ ပြင်းထန်အောင် တွန်းအားပေးနေကြသည်။ ပစ်သည် အရက်ကို မူးအောင် သောက်ချင်သောစိတ် ချက်ချင်း ဖြစ်ပေါ်လာသည်။

သူသည် စတားဘတ်ခ် ဆိုသော နာမည်ကို မေ့ပစ်လိုက်ချင်သည်။ အားလပ်ရက်တွင် ခွင့်ယူလာသော ရုံးစာရေးမတစ်ဦးအား လိုက်ပြီး ရှာဖွေခြင်းမျိုး သို့တည်းမဟုတ် အရှက်အကြောက် မှန်သမျှကို စားပွဲခန်းထဲ ထားရစ်ခဲ့သော ကျောင်းဆရာမတစ်ဦးကို လိုက်ရှာခြင်းမျိုး စသည့် ပို၍အရေးကြီးသော အလုပ်မျိုးကိုသာ လုပ်ချင်စိတ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက အရက်မော့ချလိုက်ပြီး နောက်တစ်ခွက် ထပ်မှာလိုက်၏။

သူသည် အမြန်ပြီး နှုတ်ရှင်လာသောအဆင့်သို့ ရောက်ရှိလာချိန်တွင် အမျိုးသမီးတစ်ဦး၏ နူးညံ့သော ရင်သားအစုံက ကျောပြင်နှင့် လာ၍ ထိကပ်လိုက်ပြီး ဖြူဖွေး၍ သေးသွယ်သော လက်နှစ်ချောင်းက သူ့ခါးအား လာ၍ ပွေ့ဖက်လိုက်သည်ကို သူ သိလိုက်ရတော့သည်။

ပစ်က ခပ်ဖြည်းဖြည်း နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာတွင် အက်ဒရင်နီဟန်းတား၏ ပြုံးဖြဲဖြဲ မျက်နှာထားကို တွေ့လိုက်ရလေတော့သည်။

"ဟဲလို ဒတ်ခ် . . ."

သူမက အသံပြာနှမ်းနှမ်းနှင့် ခပ်တိုးတိုးလေး ပြောလိုက်၏။

"သောက်ဖော်သောက်ဖက် တစ်ယောက်များ လိုနေသလား"

"လိုချင်လိုမှာပေါ့။ ဒါပေမယ့် ကိုယ့်အတွက် ဘာအကျိုးထူးမှာလဲ"

သူမက ဒတ်ခ်ပစ်၏ခါးကို ပို၍ တင်းကျပ်စွာ ဖက်လိုက်၏။

"ကျွန်မတို့ ကျွန်မအခန်းကို သွားပြီး ညနေပိုင်းမှာ (တယ်လီဗွီးရှင်းက) လွှင့်တဲ့ ရုပ်ရှင်ကို ဖွင့်ကြည့်ရင်း မှတ်စုထုတ်လို့ ရတာပေါ့"

"မဖြစ်ဘူး။ ကိုယ့်အမေက ကိုယ့်ကို အိမ်စောစောပြန်ဖို့ မှာလိုက်တယ်"

"လုပ်မနေစမ်းပါနဲ့ ချစ်ချစ်ရာ၊ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ရဲ့ မရှက်မကြောက် ဖိတ်ခေါ်ချက်ကို ရှင်က ငြင်းရက်လိမ့်မယ် မထင်ပါဘူး"

"မိတ်ဟောင်းဆွေဟောင်း ဆိုတာ အဲဒါမျိုးလောက် အတွက်ပဲ အသုံးကျသတဲ့လား"

ဒတ်ခ်ပစ်က ငေါ့တော့တော့ ပြောလိုက်၏။

သူမ၏လက်များက အငြိမ်မနေကြသဖြင့် ပစ်က လက်ကိုဆွဲဖြုတ်ပစ်လိုက်သည်။

"မင်း တခြား ဝါသနာတစ်ခုခုကို ပြောင်းလဲသင့်ပြီ၊ မင်းက ခုန္ဒန်းထားအတိုင်း စိတ်နောက်ကိုယ်ပါ ထင်ရာစိုင်းနေမယ်ဆိုရင် ခုအချိန်မှာ ပြင်မရအောင် ပျက်စီး ယိုယွင်းနေတဲ့ ပစ္စည်းအဖြစ် ချမရောင်းသေးတဲ့အတွက် ကိုယ်က အံ့ဩမိလိမ့်မယ်"

"တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ အတွေးမျိုးပဲ"

သူက ပစ်အား ပြုံးပြလိုက်၏။

"ငွေဆိုတာ ကျွန်မအတွက် အမြဲတမ်း အသုံးဝင်ပါတယ်။ ကျွန်မကို ရောင်းရင် ဘယ်လောက်များရမလဲ မသိဘူးနော်"

"ကောင်းကောင်း အသုံးပြုပြီးသား အီဇယ် မော်တော်ကားတစ်စီးလောက်တော့ ဈေးရမှာပေါ့"

သူမသည် ရင်အုံကို ကော့လိုက်ပြီးနောက် နှုတ်ခမ်းကို ဟန်လုပ်၍





စုပြလိုက်၏။

"ရှင်က ရှင် ချစ်ခင်တဲ့သူတွေကိုသာ ခပ်ကြမ်းကြမ်းကလေး ပြောဘတ်ဆိုတတ်တယ်လို့ ကျွန်မ ကြားဖူးပါတယ်"

သူမသည် ညတိုင်းညတိုင်း အပျော်ကြူးတတ်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်တိုင်အောင် အလွန် ကြည့်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်နေသေးသည်ကို ပစ်က တွေးလိုက်၏။

သူမနှင့်သူ နောက်ဆုံး ချစ်တင်းနှောခဲ့ရစဉ်က နွေးထွေး နူးညံ့သော သူမ၏ဖောင့်ဖွံ့ရုပ်ကို ပစ် မေ့မရနိုင်သေးပါ။

"အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ စကားလမ်းကြောင်းကို ပြောင်းပစ်တာတော့ မဟုတ်ပါဘူးလေ။ ဒါပေမယ့် ကိုယ် မင်းဖေဖေနဲ့ ဒီကနေ့ ပထမဦးဆုံးအကြိမ် တွေ့ခဲ့ရဘယ်"

ပစ်သည် သူမ၏ ချစ်စရာကောင်းသော ရုပ်သဏ္ဌာန်ပေါ်မှ တအံ့ဘသြ ဖြစ်သွားမည့် အရိပ်အခြည်လေးကို စောင့်ကြည့်နေလိုက်၏။

သူမက အံ့ဩပုံ မပြသလို လုံးဝ ဂရုမစိုက်ပုံ ပေါ်လွင်နေသည်။

"တကယ် ပြောတာလား၊ လော့ဒါနယ်လ်ဆင် အဘိုးကြီးက ဘာများ ပြောလိုက်ပါသလဲ"

"တစ်ချက်ကတော့ သူက ကိုယ့်ဝတ်စားဆင်ယင်ပုံကို သဘောမကျဘူး"

"အဲဒီအတွက် စိတ်မကောင်း မဖြစ်ပါနဲ့လေ။ သူက ကျွန်မရဲ့ ဝတ်စားပုံကိုလည်း သဘောမကျလှပါဘူး"

ပစ်သည် စကော့ချ်ဝီစကီကို မျှင်း၍ သောက်လိုက်ပြီးနောက် သူမအား ဖန်ခွက်နှုတ်ခမ်းပေါ်မှ ကျော်၍ ကြည့်လိုက်၏။

"မင်းနဲ့ ပတ်သက်လာရင်တော့ ကိုယ်က သူ့ကို အပြစ်မတင်နိုင်ဘူး။ ဘယ်သူမဆို သူ့သမီးကို နောက်ဖေးလမ်းကြားက ဂေါ်လီမလေးတစ်ယောက်လို ဘယ်မြင်ချင်ပါ့မလဲ"

သူမက ထိုမှတ်ချက်ကို ဂရုမစိုက်ချေ။ ၎င်းအပြင် သူမ၏ မြောက်မြားလှစွာသော ချစ်သူများထဲမှတစ်ယောက်သည် သူမ၏ဖခင်ဖြစ်သူနှင့် တွေ့ဆုံခဲ့သည့်ကိစ္စကို လုံးဝ စိတ်မဝင်စားဟန်လည်း မပြချေ။

သူမသည် ပစ်အနားတွင်ရှိသော ခွေးခြေပေါ်သို့ တက်ထိုင်လိုက်ပြီး ပစ်အား မြူဆွယ်သော မျက်နှာထားနှင့် စိုက်ကြည့်နေသည်။ သူမ၏ အသားအရေသည် အရက်ခန်းထဲမှ မီးရောင်မှိန်မှိန်အောက်တွင် ကြေးနီရောင်တောက်နေသည်။

သူမက တိုးတိုးလေး ပြောလိုက်၏။

"ကျွန်မကော မသောက်ရတော့ဘူးလား"

ပစ်က အရက်ရောင်းသူအား ခေါင်းညိတ်ပြလိုက်သည်။

"ဂုဏ်သရေရှိ အမျိုးသမီးအတွက် ဘရန်ဒီပေးလိုက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

သူမ နှုတ်ခမ်းကို စုလိုက်ပြီးနောက် ပြုံးပြလိုက်၏။

"ဂုဏ်သရေရှိ အမျိုးသမီးလို့ ပြောတာ သိပ်ပြီးနှုရှုးကျလွန်းတယ်ဆိုတာ ရှင် မသိဘူးလား"

"ယောက်ျားတိုင်းဟာ ကိုယ့်ချစ်သူကို သူ့မိခင် ငယ်စဉ်တုန်းကနဲ့ တူစေချင်တတ်ကြတယ်လေ"

"မာမီက အင်မတန် ငြိမ်းငွေ့စရာကောင်းတဲ့ အမျိုးသမီးပါ"

သူမက တမင်တကာ ပေါ့ပေါ့တန်တန် ပြောလိုက်၏။

"ဖေဖေကရော . . ."

"ဖေဖေကတော့ ရှုက်ကျပင်ပေါက်ပါ။ သူက ဘယ်တော့မှ အိမ်မှာ မရှိဘူး။ သင်္ဘောတစ်စင်းစင်းကို လိုက်ဆယ်ရင်းနဲ့ အဝေးကို ရောက်နေတယ်။ သူက သမုဒ္ဒရာကို သူ့မိသားစုထက် ပိုချစ်တယ်။ ကျွန်မကို မွေးခဲ့တဲ့ညတုန်းကဆိုရင် သူက ပစိဖိတ်သမုဒ္ဒရာထဲမှာ မြုပ်စပြုနေတဲ့ ရေနံတင်သင်္ဘောပေါ်က သင်္ဘောသားတွေကို ကယ်ဆယ်နေတယ်။ ကျွန်မ ဟိုက်စကူးမှာ စာမေးပွဲအောင်တော့ သူက ပင်လယ်ထဲမှာ ပျောက်နေတဲ့လေယာဉ်ပျံတစ်စီးကို လိုက်ရှာနေတယ်။ ကျွန်မမေမေ သေတဲ့အခါကျတော့ ကျွန်မတို့ရဲ့ ချစ်လှစွာသော ဗိုလ်ချုပ်ကြီးက အင်္ဂါဝေဒပညာများကို အီတန်ကောလိပ်က အောင်မြင်လာကြတဲ့ ဆံရှည်ကိုယ်ထော်ကလေး တစ်စုနဲ့ ဂရင်လန်ကျွန်းက ရေခဲတောင်တွေရဲ့မြေပုံကို မှတ်တမ်းတင်ခဲ့ကြတယ်"

သူမက ဒေါပွနေကြောင်း သိသာအောင် ပစ်အား မျက်စိ အနည်းငယ် စွေပြလိုက်၏။

"ဒီတော့ ကျွန်မတို့ရဲ့ သမီးနဲ့အဖေ ဆက်ဆံရေးအတွက် ဝမ်းနည်းပြီး မျက်ရည်ကျစရာ မလိုပါဘူးရှင်။ ဗိုလ်ချုပ်ကြီးနဲ့ ကျွန်မဟာ လူမှုရေးအရ အဆင်ပြေနေကြတဲ့အတွက် တစ်ဦးကိုတစ်ဦးက သည်းညည်းခံနေကြတာပါ"

ပစ်က သူမကို ငုံ့ကြည့်လိုက်၏။

"မင်း အခု အရွယ်ရောက်နေပြီပဲကွာ။ မင်းက ဘာဖြစ်လို့ အိမ်ကထွက်မသွားသေးတာလဲ"

အရက်ရောင်းသူက အရက်ခွက်ကို ယူလာသောကြောင့် သူမက မျှဉ်းသောက်လိုက်၏။

"မိန်းကလေးတစ်ယောက်ဟာ ဒါ့ထက် ပိုကောင်းတာကို ဘယ်နေရာမှာ ရှာတွေ့နိုင်ပါတော့မလဲ။ ကျွန်မ နံဘေးမှာ ယူနီဖောင်းဝတ် အမျိုးသားတွေ အမြဲတမ်း ဝိုင်းရံနေကြတယ်။ ပြီးတော့ လူတစ်ထောင်အကြားမှာ ကျွန်မနဲ့ ပြိုင်ရမယ့် အမျိုးသမီး မရှိဘူး။ ကျွန်မ ဘာဖြစ်လို့ အိမ်ကထွက်မသွားသေးတာလဲ ဆိုတော့ ဗိုလ်ချုပ်ကြီးက သူဟာ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေတတ်တဲ့လူလို့ လူပုံအလယ်မှာ အထင်ခံရချင်တယ်။





ကျွန်မကလည်း ဗိုလ်ချုပ်ကြီးရဲ့ သမီးတစ်ယောက်အဖြစ်နဲ့ ရလာမယ့် အခွင့်အရေးတွေကို လိုချင်သေးတယ်"

ထို့နောက် သူမသည် ပစ်အား ရှုက်စနိုး.အမူအရာလေးနှင့် ဟန်ဆောင်ကြည့်ရင်း ပြောလိုက်၏။

"ကဲ - ကျွန်မအခန်းကို သွားကြပါစို့လား"

"မစ္စဟန်းတား၊ ရှင်က နောက်ပွဲတစ်ပွဲအတွက် အသစ်ထပ်ပေးလိုက်တဲ့ လက်မှတ်ကို ယူပြီး ပြန်သွားဖို့ကောင်းပြီ"

သာယာသောအသံကလေးတစ်သံက သူတို့နောက်မှ လှမ်းပြောလိုက်၏။

"ဗိုလ်မှူးကြီးက ကျွန်မကို စောင့်နေတာပါ"

အက်ဒရင်နီနှင့် ပစ်တို့သည် ပြိုင်တူ လှည့်ကြည့်ကြ၏။

ပစ် မြင်ဖူးသမျှ အမျိုးသမီးလေးများထဲတွင် နိုင်ငံခြားဟန် အလွန်ဆန်သော အမျိုးသမီးတစ်ယောက် မတ်တတ်ရပ်နေသည်။

ထိုမိန်းကလေးသည် သဘာဝကို ဆန့်ကျင်သော မီးခိုးရောင်မျက်လုံးများကို ပိုင်ဆိုင်သူ ဖြစ်သည်။ ပုံပန်းကျနစွာ လုပ်သော အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီပေါ်တွင် တောက်ပနေသော အနီရောင်ဆံပင်များသည် ဖွာဆန်ကြကျနေကြသည်။

ပစ်သည် သူမှတ်ဉာဏ်ကို ကမန်းကတန်း ပြန်၍ ရှာဖွေ[illegible] လိုက်၏။ သို့သော် သူ မမြင်ဖူးဘူးပါ။ သူသည် ခွေးခြေပေါ်မှ ထလိုက်ချိန်တွင် ရင်တဒိတ်ဒိတ်ခုန်လာသည်ကို ကြည်နူးစွာ ကောင်းလောက်အောင် ခံစားလိုက်ရသည်။

စိတ်အနှောင့်အယှက် ဖြစ်စေသည့် တိုက်ဆိုက်မှုကို အက်ဒရင်နီက ပထမဦးစွာ ဖြိုခွင်းလိုက်၏။

"ဝမ်းနည်းပါတယ် ချစ်ချစ်ရယ်၊ ဒါပေမယ့် ရှေးတုန်းက သတ္တုရှာကြသူတွေ ပြောတဲ့စကားလို ကိုယ်က သူ့ကို စတွေ့တာ ဆိုတော့ ခင်းက ပိုင်နက်ကျူးလွန်နေတဲ့သူပါ"

အက်ဒရင်နီသည် ထိုကိစ္စကို အရသာတွေ့နေပုံရသည်။ နောက်ဝင်လာသူသည် သူမအတွက် နှောင့်ယှက်သူ၊ ပိုင်နက်ကျူးလွန်သူ ဝဲစဉ်းမျှသာ ဖြစ်သည်။ အက်ဒရင်နီသည် ဘားကောင်တာဘက်သို့ ပြန်လှည့်လိုက်ပြီးနောက် အရက်ကို ပြန်သောက်လိုက်၏။

မီးခိုးရောင်မျက်လုံးပိုင်ရှင် မိန်းကလေးသည် အက်ဒရင်နီထံမှ မျက်စိကို မခွာချေ။

"ရှင်ရဲ့ ရိုင်းစိုင်းမှုကတော့ ဂေါ်လီမလေးအဖြစ် နာမည်ကြီးနေတဲ့ ရှင့်သတင်းထက်တောင် ပိုပြီး ကြီးမားလှပေတယ် မစ္စဟန်းတားရယ် . . ."

အက်ဒရင်နီသည် တစ်လက်မမျှပင် အလျှော့ပေးမည့်ပုံ မပေါ်။ သူမသည် ဆက်၍ မလှုပ်မယှက် ထိုင်နေပြီး ဘားကောင်တာ နောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက်ရှိ မှန်ထဲ၌ ပေါ်နေသော ထိုအမျိုးသမီး၏ရုပ်ပုံလွှာကို လှမ်းကြည့်လိုက်သည်။

"မင်းက ဒေါ်လာ ငါးဆယ်တဲ့လား"

အက်ဒရင်နီသည် ပေသုံးဆယ်ပတ်ဝန်းကျင်မှ လူအားလုံး ကြားလောက်အောင် ခပ်ကျယ်ကျယ်ကလေး အော်ပြောလိုက်၏။

"မင်းရဲ့ အပျော်တမ်း အခြေအနေရယ်၊ ကျွမ်းကျင်မှုနည်းပုံရယ်ဆိုရင် မင်းက အဆမတန် ဈေးတင်ထားသလို ဖြစ်နေတာပေါ့"

သူတို့၏ အနီးပတ်ဝန်းကျင်တွင် ရှိနေကြသော လူအချို့သည် တစ်ဦးနှင့်တစ်ဦးအား ထိခိုက်စေသော သူတို့၏အပြောအဆိုများကို နားစွင့်နေကြသည်။

အမျိုးသမီးများက မျက်မှောင်ကြုတ်နေကြသော်လည်း အမျိုးသားများကမူ အမျိုးသမီးနှစ်ယောက်၏ရန်ပွဲအကြား၌ ညပ်နေသော ပစ်အားကျိတ်၍ မနာလို ဖြစ်နေမိသည်။

သူ့အား အပိုင် ရရှိရေးအတွက် လှပသော အမျိုးသမီးနှစ်ဦး စကားစစ်ထိုးနေကြရသည်မှာ သူ့အတွက် အတွေ့အကြုံသစ်ပင် ဖြစ်တော့သည်။ သူ့မာနသည်လည်း ထိုအခိုက်အတန့်တွင် ပီတိ အဟုန်ကြောင့် အလွန် မြင့်မားနေသည်။

အစိမ်းရောင်အင်္ကျီ ဝတ်ထားသော မိန်းကလေးက မေးလိုက်၏။

"မစ္စဟန်းတား၊ ရှင်နဲ့ကျွန်မ နှစ်ကိုယ်ကြား စကားပြောလို့ရမလား"

အက်ဒရင်နီက ခေါင်းညိတ်လိုက်၏။

"ဘာဖြစ်လို့ မရ ရမှာလဲ"

အက်ဒရင်နီသည် ချာခနဲ လှည့်၍ ခွေးခြေပေါ်မှ ဆင်းလိုက်ပြီးနောက် ဟိုတယ်၏ သီးသန့်ကမ်းခြေဆီသို့ အစိမ်းရောင်အင်္ကျီနှင့် မိန်းကလေးနောက်မှ လိုက်ပါသွားတော့သည်။

ပစ်သည် လှိုင်းလုံးကြီးများကဲ့သို့ မြင့်လိုက်နိမ့်လိုက် ဖြစ်သွားကြသော အမျိုးသမီးနှစ်ယောက်၏ တင်ပါးကြီးများကို စိတ်ဝင်စားစွာ ငေးကြည့်နေမိသည်။

ပစ်သည် သက်ပြင်းချလိုက်ပြီးနောက် အစာဝနေသော ပင့်ကူတစ်ကောင်က သူ့ပင့်ကူမျှင်အိမ်ထဲတွင် လာမိနေသော ယင်တစ်ကောင်နှစ်ကောင်အား အခြား တစ်နေရာတွင် သွား၍ မိကြပါစေဟု ဆုတောင်းနေသော ပင့်ကူတစ်ကောင်အလား ဘားကောင်တာကို ပျင်းပျင်းရိရိကလေးနှင့် လေးလေးပင်ပင် မှီချလိုက်သည်။

ထို့နောက် သူ့အား ပွင့်ပွင့်လင်းလင်း စိုက်ကြည့်နေကြသော ပရိသတ်ကို သတိထားမိလိုက်သဖြင့် သူက ပြုံး၍ ဦးညွှတ်ပြီး နှုတ်ဆက်လိုက်သည်။

ထို့နောက် ဘားကောင်တာဘက်သို့ ပြန်လှည့်၍ ထိုင်လိုက်၏။





သူ့အဖို့ အံ့ဩစရာများသည် တော်လောက်ပေပြီဟု[illegible] ပြန်လိုက်ကြည်းကြည်းနှင့် တွေးလိုက်မိသည်။ ဒီကိစ္စများသည် မည်သည့်[illegible]မှ ကုန်ဆုံးသွားကြလေမည်နည်း။

သူသည် သတ္တိရှိအောင် ရဲဆေးတင်ရန် အရက်ရောင်းသူကို လှမ်းခေါ်ပြီး ယခုအချိန်တွင် ဆိုဒါ မရောသော ဝီစကီကို တစ်ပက်ပြည့်အောင် ထည့်လာရန် မှာလိုက်သည်။

မိနစ်နှစ်ဆယ်ကြာသောအခါ မီးခိုးရောင် မျက်လုံးပိုင်ရှင် အမျိုးသမီးကလေးသည် ပြန်ရောက်လာပြီး သူ့နောက်ဘက်တွင် ငြိမ်သက်စွာ မတ်တတ်ရပ်နေသည်။

ပစ်သည် အတွေးနယ်ထဲတွင် နက်နက်ရှိုင်းရှိုင်း နစ်မြုပ်နေသည့်အတွက် စက္ကန့် အနည်းငယ်ကြာမှ သူမ ပြန်ရောက်နေသည်ကို သိလာပြီး သူမ၏ပုံရိပ်ကိုကြည့်ရန် မှန်ဘက်သို့ မော်ကြည့်လိုက်တော့သည်။

သူမ၏နှုတ်ခမ်းသည် ပြုံးသလိုလို ဖြစ်လာပြီး အမေးစကားတစ်ခုကို ခပ်ဆိုင်းဆိုင်းလေး မေးလိုက်၏။

"နိုင်တဲ့လူက အကုန်ယူကြေး မဟုတ်လားရှင်"

သူမ၏ညာဘက်မျက်စိအောက်ဘက်မှဒဏ်ရာသည် အနီရောင်မှ ခရမ်းရောင်သို့ ပြောင်းလဲစ ပြုနေသည့်အပြင် အောက်နှုတ်ခမ်းပေါ်ရှိ ကွဲသွားသောဒဏ်ရာမှ သွေးစက်ကလေးများသည် အောက်ဘက်သို့ စီးကျလာနေရာ သူမ၏မေးစေ့ပေါ်မှတစ်ဆင့် ရင်အုံနှစ်ခုကြားသို့ ဖြောင့်ဖြောင့်တန်းတန်း ကျဆင်းနေကြသည်။

သူမသည် အလှဘုရင်မ တစ်ဦး အနေဖြင့် တယ်လီဗီးရှင်းမှာ မပါဘူးသေးသော်လည်း သူမသည် ပစ် မြင်ဖူးသမျှ အမျိုးသမီးများထဲ၌ ရမွက်သွေးကြွဖွယ် အကောင်းဆုံး အမျိုးသမီးဖြစ်သည်ဟု ထင်လိုက်သည်။

ပစ်က မေးလိုက်သည်။

"ရှုံးတဲ့လူကကောဟင်"

"သူက သုံးလေးရက်ကြာအောင် မိတ်ကပ် ခပ်ထူထူလိမ်းဖို့ မလိုပေမယ့် နောက်ထပ် ရန်ဖြစ်နိုင်အောင် သန်သန်မာမာ ရှိနေတုန်းပဲလို့ ကျွန်မ ထင်ပါတယ်"

ပစ်သည် အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ ဖန်ခွက်ထဲမှ နှိုက်ယူသော ရေခဲတုံးကို လက်ကိုင်ပဝါနှင့် ထုပ်လိုက်ပြီး သူမ၏နှုတ်ခမ်းကို ခပ်ဖွဖွလေး ကပ်ပေးလိုက်သည်။

"ရော့ - အနာပေါ်မှာ ဟောဒါကို ကပ်ထား၊ သိပ်ရောင်မလာအောင် တားထားနိုင်လိမ့်မယ်"

သူမက ကြိုးစား၍ ပြုံးလိုက်ပြီးနောက် ကျေးဇူးတင်ကြောင်း ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဘက်ရှိ မှန်းပုဂ္ဂိုလ်များ၏ အရေးအခင်းများတွင် ဝင်ရောက် စွက်ဖက်လိုက်သည့်ပုဂ္ဂိုလ်များသည် ယခုအချိန်တွင် စော်စော်ကားကား ဖြစ်လာရုံ ...င်းရှိုင်းပျပျလည်း ပိုဖြစ်လာကြသည်။

ပစ်သည် အရက်ရောင်းသူအား ကပျာကယာ ငွေရှင်းလိုက်ပြီးနောက် အမျိုးသမီးအား လက်မှ ကိုင်၍ အခန်းထဲမှ အပြင်ဘက် ကမ်းခြေပေါ်သို့ရောက်အောင် အတင်း ဆွဲခေါ်သွားသည်။

ပစ်သည် ကမ်းခြေ တစ်လျှောက်အား လှမ်းကြည့်လိုက်၏။ သို့ရာတွင် အက်ဒရင်နီ၏အရိပ်အယောင်ကို မမြင်မတွေ့ရချေ။

"ဘာဖြစ်ခဲ့တယ် ဆိုတာ ကိုယ့်ကို ပြောပြချင်စိတ် ရှိရဲ့လား"

ထိုအမျိုးသမီးသည် စကားပြောနိုင်ရန် နှုတ်ခမ်းပေါ်မှ ရေခဲကို ဖယ်လိုက်ရသည်။

"ဘာလိုဖြစ်တယ်ဆိုတာ မပေါ်လွင်လို့လား"

နှုတ်ခမ်းနှစ်ဖက်ပေါ်သို့ သူမ၏အပြုံးသည် ရောက်ရှိသွားသော်လည်း သူမ၏မျက်လုံးများက အေးစက်နေကြဆဲပင်။

"မစ္စဟန်းတားက အကျိုးနဲ့အကြောင်းနဲ့ ပြောပြတာကို လက်မခံဘူးလေ"

"အမျိုးသမီးတွေဟာ အကျိုးနဲ့အကြောင်းနဲ့ ပြောပြတာကို လက်ခံလေ့ မရှိတတ်ကြဘူး"

ပစ်သည် 'ဘာဖြစ်လို့ ကျုပ်ကို ရွေးရတာလဲ'၊ 'တစ်ခါမှ မတွေ့ဘူးသေးသော အမျိုးသားတစ်ဦးအတွက် အဘယ်ကြောင့် သတ်ပုတ်ရလေသနည်း' ဆိုသည့် မေးခွန်းများကို စိတ်ထဲက ထပ်တလဲလဲ မေးရင်း တွေးတွေးဆဆနှင့် သူမအား လှမ်းကြည့်လိုက်၏။

ပြီးတော့လည်း 'ခုကိစ္စက ဘာလဲ' ဟု မေးဖို့ လိုသေးသည်။

ပစ်သည် သူ့ကိုယ်သူ အထင်မကြီးလှပါ။ မည်သည့် ရုပ်ရှင် စတူဒီယိုမှ သူ့အား အချစ်သူရဲကောင်း ဒွန်ဂျူအန် ဇာတ်ကားအတွက် ဇာတ်လိုက်မင်းသားအဖြစ် လာ၍ ငှားရမ်းကြလိမ့်မည် မဟုတ်ပါ။

သူသည် ယခု ကိစ္စတွင် သူမအား မေးမြန်း မနေတော့ဘဲ မိုးစင်ကြည့်၍ကရန် ဆုံးဖြတ်လိုက်သည်။

ပစ်က ပြောလိုက်သည်။

"ကိုယ်တို့ သောင်ပြင်မှာ လမ်းလျှောက်သွားကြရအောင်"

"ကျွန်မက ရှင် အဲဒီလို ပြောပါစေလို့ ဆုတောင်းနေတာ"

သူမက လှပသောအပြုံးကလေးနှင့် ပြောပြလိုက်၏။

သူမသည် ပစ်အား သူမ၏ မာယာပိုက်ကွန်ထဲတွင် ဖမ်းနိုင်ခဲ့လေပြီ။ ၎င်းပြင် ပစ်အား ဖမ်းစားနိုင်ကြောင်းကိုလည်း ထိုအမျိုးသမီးက သိနေလေသည်။

သူမ၏တစ်ကိုယ်လုံးကို ရင်ညွှန့်မှစ၍ ခြေဖျားအထိ လျှောက်





ကြည့်နေသော ပစ်၏မျက်လုံးများကို သူမက ပါးပါးနပ်နပ်နှင့် ပြန်လိုက်ကြည့်နေသည်။

သူမ၏ရင်သားများသည် သူမ၏ ကိုယ်လုံးကိုယ်ပေါက်ပေါ်မှ အခြားသော မို့မို့မောက်မောက် နေရာများနှင့် နှိုင်းယှဉ်လျှင် အံ့သြစရာကောင်းလောက်အောင် သေးငယ်ပြီး တင်းတင်းရင်းရင်း ရှိနေကြသည်၊

လရောင်နှင့်သာမက ဟိုတယ်ဆင်ဝင် တစ်ဝိုက်တွင် စိုက်ထူထွန်းညှိထားသော မီးတုတ်များမှ အလင်းရောင်များကြောင့် ဒွေးစသွေးနစွန်းနေသော ကြေးနီရောင်သန်းနေသည့် သူမ၏အသားသည် အကျီအောက်ဘက်တွင် လှိုင်းလုံးကြီးများ ထကြွနေသော ပင်လယ်ကြီးပမာ ဘလက်လက် တောက်နေသည်။

သူမသည် ရက်ဒ်အင်ဒီးယန်းသွေး ပါသည်ဟု ယူဆဖွယ် ရှိသော်လည်း ကျောပြင်ပေါ်သို့ ကျနေသော မီးတောက်မီးလျှံပမာ ရဲရဲနီနေသည့် ဆံပင်များက ရက်ဒ်အင်ဒီးယန်းသွေးပါသူ မဟုတ်ကြောင်း သက်သေပြနေလေသည်။

"ရှင်က ကျွန်မကို တစ်ချိန်လုံး ကြည့်နေမယ်ဆိုရင် ကျွန်မကရှင့်ကို ကြည့်ခ တောင်းရလိမ့်မယ်"

ပစ်သည် ယောကျ်ားပီပီ ရှက်ဟန် ဆောင်လိုက်သော်လည်း မျက်နှာကိုမူ လွှဲမပစ်လိုက်ချေ။

"ကိုယ်ကတော့ ပန်းချီပြပွဲတွေမှာ အခမဲ့ ကြည့်ခွင့်ရတယ်လို့ထင်ထားတာ"

သူမက ပစ်၏လက်မောင်းအား ဖျစ်ညှစ်လိုက်၏။

"ရှင်က တစ်ခုခုကို ဝယ်မယ် ဆိုရင်တော့ ကြည့်ခ မပေးရပါဘူးလေ"

"ကိုယ် မြည်းကြည့်ရုံတင် မြည်းကြည့်တာပါ။ အပိုင် ဝယ်ခဲ့ပါတယ်"

"ဒါဖြင့် ရှင်က 'မူ'သမား တစ်ယောက်ပေါ့"

"ကိုယ့်မှာ မူ နည်းနည်းရှိပါတယ်။ ဒါပေမယ့် အဲဒီမူတွေက အမျိုးသမီးတွေနဲ့ မပတ်သက်ပါဘူးလေ"

သူမ၏ရေးမွှေးနံ့ကို သူ စတင်၍ သတိပြုမိလေပြီ။ ထိုအနံ့သည် သူနှင့် တော်တော် ရင်းနှီးကျွမ်းဝင်သော်လည်း မည်သည့်အနံ့ဖြစ်ကြောင်း သူ မခွဲခြားတတ်ပါ။

သူမသည် ရပ်တန့်လိုက်ပြီးနောက် ယိုင်လဲမသွားအောင် ပစ် ခန္ဓာကိုယ်အား ဖက်ထားရင်း သူမ၏ဖိနပ်များကို ချွတ်၍ ခြေချောင်းကလေးများကို ဝိုင်ကီကီကမ်းခြေမှ သောင်ပြင်ဝေါ်တွင် အညောင်းဆန့်လိုက်သည်။ သူတို့သည် မိနစ် အနည်းငယ်ကြာအောင် တိတ်တိတ်ဆိတ်ဆိတ် လမ်းလျှောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမသည် ပစ်၏လက်မောင်းအား ဝိုး၍ ဖွစ်ညှစ်လိုက်ပြီး ပစ်နှင့်အတင်း ပူးကပ်၍ လမ်းလျှောက်နေသည်။ သူမသည် သိပ်ပြီး ပူးကပ်လွန်းလှသည်ဟု ပစ်က ထင်လိုက်သည်။

သူမ၏မျက်လုံးအစုံသည် မှုန်ဖျဖျအလင်းရောင်ထဲတွင် လက်ခနဲဖြစ်သွားပြီးနောက် သူမက လေသံတိုးတိုးလေးနှင့် ပြောလိုက်၏။

"ကျွန်မနာမည် ဆမ်းမား"

ပစ်က ဘာမှ မပြောပါ။

ပစ်သည် သူမအား လက်နှစ်ဖက်နှင့် ပွေ့လိုက်ပြီးနောက် ရောင်နေသော နှုတ်ခမ်းကို ညင်သာစွာ နမ်းလိုက်၏။ ချက်ချင်းလိုလိုပင် ဘက်တစ်ဖက်မှ အချက်ပေး ခေါင်းလောင်းများ ပမာ သတိပေးသော ခေါင်းလောင်းသံများက သူ့စိတ်ထဲတွင် မြည်လာကြသော်လည်း ထိုသတိပေးမှုက သိပ်နောက်ကျသွားခဲ့သည်။

သူ့ခန္ဓာကိုယ်ပေါ်တွင် နာကျင်သောဝေဒနာသည် ပေါက်ကွဲပြီးနောက် ထွက်ပေါ်လာတော့သည်။

ဆမ်းမားက ပစ်၏ပေါင်ခြံအား ဒူးခေါင်းနှင့် ပစ်တိုက်လိုက်သောကြောင့် ပစ်၏ပါးစပ်သည် ဆတ်ခနဲ ပွင့်သွားပြီး သူ့လည်ချောင်းမှ စတင်ဖြစ်ပေါ်လာသောလေများသည် ပါးစပ်မှ ပြန်ထွက်သွားကြတော့သည်။

လျှပ်စီးလက်သကဲ့သို့ လျင်မြန်သောတုံ့ပြန်မှုကို ဖြစ်ပေါ်စေအောင် မည်သည့်ကိစ္စက ပစ်၏ဦးနှောက်ထဲမှ ကလာပ်စည်းကလေးများအား တွန်းအားပေးခဲ့သည်ကို သူ မသိပါ။

ရုတ်တရက် မိုက်ခနဲ ပြစ်သွားချိန်တွင် ဆမ်းမား၏ ညာမေးရိုးအား မိမိရရ ထိလိုက်သော သူ့လက်သီးကို သူသည် ရိပ်ခနဲ မြင်သည်ဆိုရုံမျှသာ၊ ဖန်ခွက်ထဲတွင် ထည့်ထားသော ပုံပျက်ပန်းပျက်ပစ္စည်းတစ်ခုအား မြင်နေရသည့်ပမာ သူမသည် အရက်မူးသမားတစ်ယောက်လို ယိုင်လဲသွားပြီး သဲပြင်ပေါ်သို့ ဖြည်းဖြည်းကလေး လဲကျသွားသည်ကို မြင်လိုက်ရတော့သည်။

အကြီးအကျယ် ဒုက္ခရောက်နေချိန်တွင် မိမိခန္ဓာကိုယ်ထဲမှ စွမ်းအား အချို့အား ပြန်လည် စုစည်းနိုင်စွမ်းသော ယောက်ျားများ၏စွမ်းအားက ပစ်အား သတိလစ်မသွားအောင် ထိန်းပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

သူ့ခန္ဓာကိုယ်အောက်ပိုင်းတွင် ဝုန်းခနဲ ထ၍ ပေါက်ကွဲသလို ဖြစ်ပေါ်စေခဲ့သော ဆိုးရွားလှသည့်ဝေဒနာက ပြင်ပလေများအား တရှူးရှူးမြည်အောင် ရှူသွင်းစေခဲ့သလို သူ့မျက်လုံးများသည်လည်း ရှေတ်ကောင်းမှုန်နှင့် ပက်ခံလိုက်ရသလို မျက်ရည်ပူများ တသွင်သွင် စီးကျလာလေတော့သည်။ သူသည် ဝေဒနာကို ပျောက်ကွယ်စေလိုသောဆန္ဒဖြင့် ပေါင်ခြံကို လက်နှင့် ဆုပ်ကိုင်ရင်း မလှုပ်မယှက် ရှိနေသော မိန်းကလေး၏ နံဘေးသို့ ဖြည်းညင်းစွာ ဒူးထောက်၍ ထိုင်ချလိုက်၏။





ပစ်သည် ဝေဒနာကြောင့် အော်ဟစ်မိမည်ကို စိုးရိမ်သဖြင့် သွားအချင်းချင်းကို ပြုတ်တူပမာ အတင်းစေ့အောင် အံကြိတ်၍ တင်းခံထားလိုက်သည်။

သူသည် ဒူးနှစ်ဖက်ကို သဲထဲတွင် စိုက်ချထားရင်း မေ့နေသော မိန်းကလေးတစ်ဦး၏ ကိုယ်ပေါ်တွင် မိမိပေါင်ခြံကို လက်နှင့် ဆုပ်ကိုင်ပြီး ငုံ့ကြည့်နေသော သူ့အား မြင်သွားမည့်သူ တစ်ယောက်တလေ ရှိ မရှိ ကိုယ်ကို ရှေ့နောက် ယိမ်းထိုး၍ အကဲခတ် ကြည့်ရှုလိုက်၏။

လောလောဆယ်တွင် သူ့အတွက် လုံခြုံပါသည်။ ပေနှစ်ရာ ကွာဝေးသောနေရာတွင် မီးပုံပတ်ပတ်လည်၌ ဝိုင်းထိုင်၍ သီချင်းဆိုနေကြသော ဟိုတယ်မှ ဧည့်သည်တင်စုမှအပ ကမ်းခြေတွင် အခြား မည်သူမျှ မရှိကြပါ။

လေးမိနစ် ကြာမြင့်သွားသည်။ ထိုလေးမိနစ်အတွင်း မူးမိုက်ပြီးပြာဝေသွားအောင် နာကျင်နေသော ဝေဒနာသည် နောက်ဆုံးတွင် သည်းခံ၍ ရလောက်အောင် တဒုန်းဒုန်းနှင့် နာကျင်သောအဆင့်အထိ လျော့ကျသွားတော့သည်။ ထိုလေးမိနစ် အတွင်း သူ ဆက်၍ လှုပ်ရှားရမည့်ကိစ္စကိုပါ စဉ်းစားနိုင်ခဲ့သည်။

ထိုအချိန်ကျမှ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော မီးတုတ်များဖြင့် သူမလက်ထဲတွင် ဖန်သားကဲ့သို့ ရောင်ပြန်ဟပ်စေသော ပစ္စည်းတစ်ခုကို ကိုင်ထားကြောင်း သူ သတိပြုမိလိုက်မိတော့သည်။

သူသည် ထိုအမျိုးသမီးထံသို့ တွားသွားပြီး သူမ၏ကိုယ်ပေါ်တွင် ငုံ့၍ ခပ်ဖွဖွ ဆုပ်ကိုင်ထားသော ဆေးထိုးအပ်တစ်ချောင်းကို ညင်ညာစွာ ဆွဲယူလိုက်သည်။

ပစ်တစ်ယောက် ဦးနှောက်ခြောက်သွားသည်။ မှုန်ဝါးဝါးအလင်းရောင်အောက်၌ ဆမ်းမားသည် အသက် နှစ်ဆယ့်ငါးနှစ်ပင် ကျော်ပုံမရသေးသော နူးညံ့ သိမ်မွေ့ပြီး ချစ်စရာကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ဆမ်းမားသည် ဗဟိဒ္ဓရုပ်သွင်၌ မြူညစ် မထင်သေးသော်လည်း အဇ္ဈတ္တအတွင်းသန္တာန်၌မူ ဆိုးညစ်သော အကြံအစည်များကို မွေးမြူထားသူတစ်ဦး ဖြစ်နေသည်။

သူမက အကာအကွယ် ကင်းမဲ့သောပစ်၏ လက်မောင်းထဲသို့ ဆေးထိုးအပ်နှင့် မထိုးသွင်းနိုင်ခင် လက်သီးနှင့်ထိုးလိုက်သောပစ်၏ အလိုအလျောက် တုံ့ပြန်လှုပ်ရှားမှုက သူမအား အငိုက်မိသွားစေခဲ့သလို ထိုကိစ္စက ပစ်အား ကယ်ဆယ်နိုင်လိုက်ခြင်းပင် ဖြစ်တော့သည်။

သူသည် ဆေးထိုးအပ်ထဲ၌ မည်သည့်ဆေးများ ပါသနည်းဟု တွေးတောရင်း ဆေးထိုးအပ်ကို ထောင်ကြည့်လိုက်၏။

ထို့နောက် ပစ်သည် ဆေးထိုးအပ်ကို ဖြုတ်လိုက်ပြီးနောက် ဆေးရည်နှင့် ပြည့်နေသောပြွန်ကို ရင်ဘတ်ပေါ်မှ အကျႌအိတ်ထဲသို့ ထည့်လိုက်


www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ပစ်သည် ရှေ့သို့ ကုန်းလိုက်ပြီးနောက် ထိုမိန်းကလေးကို သူ့ပခုံးပေါ်သို့ ကိုးရိုးကားရား ဆွဲတင်ရင်း တုန်တုန်ယင်ယင်နှင့် မတ်တတ်ရပ်လိုက်၏။

ထိုအမျိုးသမီးကလေး၏ အပေါင်းအသင်း ရောင်းရင်း အချို့သည် ဤအနီးအနားတစ်ဝိုက်တွင် ရှိနေနိုင်သောကြောင့် သူတို့က လမ်းကို ပိတ်ဆို့ထားနိုင်အောင် အချိန်ဆွဲရန် စောင့်မနေနိုင်တော့ပါ

ပစ် တည်းခိုနေသောဟိုတယ်သည် သုံးပြခန့် ဝေးသောနေရာတွင် ရှိသဖြင့် လမ်းခရီးသည် ပန်းခင်းသောလမ်း မဟုတ်နိုင်ပါ။ အထူးသဖြင့် ယခုလို အထုအထောင်းခံထားရသော ဒုတိယတန်းစား အခြေအနေမျိုးတွင် လွယ်ကူလိမ့်မည် မဟုတ်ဟု ပစ်က တွေးလိုက်သည်။

သို့ရာတွင် အခြား နည်းလမ်းလည်း မရှိတော့ပြီ ဖြစ်သောကြောင့် သူသည် ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကို ထိန်း၍ သဲပြင်ပေါ်တွင် ထော့နဲ့ထော့နဲ့နှင့် စတင်၍ လမ်းလျှောက်ရတော့သည်။

ညပိုင်းတွင် လမ်းဘေးရှိ စကြံလမ်းများပေါ်၌ လျှောက်သွားတတ်ကြသော ကမ္ဘာလှည့်ခရီးသည်များနှင့် ဝင်တိုးမိခြင်း မရှိအောင် ပစ်သည် လမ်းမီးတိုင်နှင့် ဝေးကွာသောပန်းခြံထဲရှိ ပန်းပင်များကို အကာအကွယ်ယူ၍ မှောင်ရိပ်ခိုပြီး သွားရတော့မည်သာ ဖြစ်သည်။

သူ မတွေ့ချင်ဆုံး ပုဂ္ဂိုလ်များမှာ မော်တော်ကားနှင့် ပတ္တရောင်လှည့်နေသောရဲသားများနှင့် ပရဟိတစိတ် အလွန်ပြင်းပြသော ကမ္ဘာလှည့်ခရီးသည်များသာ ဖြစ်သည်။

လမ်းဘေးရှိစကြံလမ်းအတိုင်း လျှောက်သွားမည်ဆိုပါက ငါးမိနစ်ခန့် သက်သက်သာသာ လမ်းလျှောက်ရုံနှင့် သူ သွားလိုသည့်နေရာသို့ ရောက်ရှိသွားမည် ဖြစ်သည်။ သို့ရာတွင် ပန်းခြံထဲ၌ မှောင်ရိပ်ခိုပြီး လျှောက်ခဲ့ရသော ပစ်အတွက် မိနစ်နှစ်ဆယ်ခန့် ကြာသွားသည်။

သူသည် မှောင်ရိပ်ထဲတွင် အသက်အောင့်ရင်း ပါတီပွဲမှ ပြန်လာသော မူးရူးနေသူများ သူ့မျက်စိရှေ့မှောက်မှ ယိုင်တိယိုင်ထိုးနှင့် ပျောက်ကွယ်သွားသည်အထိ စတုတ္ထအကြိမ်မြောက် မတ်တတ်ရပ်၍ စောင့်နေခဲ့ရသည်။ သူသည် ဆမ်းမား၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော သင်းသင်းကလေး မွှေးနေသည့်ရနံ့သည် ပလူးမီးယားပန်းအနံ့ဖြစ်ကြောင်း သူ မှတ်မိလေပြီ။ ထိုပန်းရနံ့သည် ဟာဝိုင်ယီကျွန်းစုတွင် တွေ့ရတတ်သော အနံ့ဖြစ်သော်လည်း ပစ်သည် ပထမဦးဆုံးအကြိမ်အဖြစ် ထိုရနံ့ကို မိန်းကလေးတစ်ယောက်ထံမှ ရရှိခဲ့ခြင်း ဖြစ်သည်။

ပစ်၏ ဟိုတယ်သည် လမ်း၏ဟိုဘက်တွင် ရှိနေလေပြီ။ လမ်းပေါ်တွင် မော်တော်ကား အသွားအလာစဲသွားသည်နှင့် တစ်ပြိုင်နက် ပစ်သည် ပုန်းနေရာမှ ထွက်ခဲ့ပြီး ထိုခရီးကို အတင်းဖြတ်၍ ပြေးလေတော့သည်။





ပစ်သည် လေးလံသောပစ္စည်းတစ်ခုကို ပခုံးပေါ်တွင် ထမ်းရင်းကိုက်လေးရာ ဝေးကွာသော အခက်အခဲပြေးပွဲကို မှောင်ထဲတွင် ပြေးခဲ့ရသည် ဖြစ်ရာ ပေါင်ခြံမှ နာကျင်သောဝေဒနာနှင့် အဆုတ်ကွဲလုမတတ် ပင်ပန်း နွမ်းနယ်နေမှုတို့ကြောင့် ပစ်၏မျက်နှာသည် ရှုံ့မဲ့နေသည်။

သူသည် ကားရပ်ရန် နေရာတွင် ရပ်တန့်နေသော မော်တော်ကားများကို ကွေ့ရှောင်၍ လာခဲ့ပြီးနောက် ဧည့်ခန်းထဲသို့ လှမ်းကြည့်ရင်း ဟိုတယ်၏တံခါးပေါက်ဆီသို့ ချဉ်းကပ်လာခဲ့သည်။

ထိုအခိုက်အတန့်ကလေးတွင် အမျိုးသမီး တစ်ယောက်သည် အမှိုက်ကို လေနှင့် စုပ်ယူသော ကိရိယာနှင့် ဧည့်ခန်းထဲ၌ သန့်ရှင်းရေး ပြုလုပ်နေသည်။

ထိုအမျိုးသမီးသည် 'ရုတ်ရုတ်သဲသဲ လာမလုပ်နဲ့၊ ရဲကို တိုင်လိုက်မယ်' ဆိုသော ဆတ်ဆတ်ထိ မခံသည့်အမျိုးသမီးတစ်ယောက် ဖြစ်ပုံရသည်။

ပစ်သည် အဆောက်အအုံနံဘေးမှ ကွေ့ဝိုက်၍ မြေတိုက်ထဲတွင် ရှိသော ကားဂိုဒေါင်ဆီသို့ လျှောက်ခဲ့ပြန်၏။ ထိုနေရာတွင် မော်တော်ကား အချို့ ရှိနေသည်ကလွဲ၍ လူသူလေးပါး ကင်းရှင်းနေသည်။

သူသည် ဓာတ်လှေကားတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်လိုက်ပြီးနောက် ခလုတ်ကို နှိပ်လိုက်ပြီး ဓာတ်လှေကား၏အတွင်းနံရံတွင် မှီနေလိုက်သည်။

ပစ်၏ကိုယ်လုံးတွင် ချွေးများ ရွှဲရွှဲစို၍နေလေပြီ။ ကြိုးပမ်းအားထုတ်မှုနှင့် လေထဲတွင် စိုထိုင်းဆ များပြားမှုတို့က ပစ်အား အားအင်ကုန်ခန်းပြီး သတိလစ်လုမတတ် ဖြစ်စေခဲ့သည်။ သူ့ခန္ဓာကိုယ်ထဲတွင် ရှိနေသော အတွင်းအား အချို့ကြောင့် သူသည် စက်ရုပ်ဆန်ဆန် လှုပ်ရှားနိုင်ခြင်းဖြစ်ပြီး ဤနေရာအထိ ရောက်ရှိလာနိုင်ခဲ့ခြင်း ဖြစ်သည်။

ဆမ်းမား၏ခန္ဓာကိုယ်ကို ထမ်းပိုးထားရသောကြောင့် ကုန်းကုန်းကြီး ဖြစ်နေသောပစ်သည် ထိုနေရာတွင် မတ်တတ်ရပ်ရင်း မြေအောက်ကားဂိုဒေါင်မှ တက်ခဲ့ရသည့်ခရီးတိုကလေးတွင် အနည်းငယ်မျှ အနားယူနိုင်ခဲ့သည်။

ဓာတ်လှေကားသည် ပစ်က ရပ်တန့်စေလိုသောအထပ်မှ လွဲ၍ အခြား အထပ်များတွင် ရပ်တန့်ခြင်း မရှိဘဲ တအိအိနှင့် မောင်းတက်လာခဲ့သည်။ ဓာတ်လှေကားတံခါးပေါ်တွင်ရှိသော အချက်ပြမီးကလေးက နံပါတ် (၁၀) တွင် မှိတ်တုတ် မှိတ်တုတ်နှင့် လင်းပြလိုက်စဉ် ပစ်သည် အပြင်သို့ ကပျာကယာ ထွက်ခဲ့သည်။

ဘယ်ညာ နှစ်ဖက်စလုံးတွင်ရှိသော စကြံလမ်းပေါ်တွင် ရှေ့သူ လေးပါး ကင်းရှင်းနေသောကြောင့် ကံကောင်းသည် ဟူ၍ပင် ဆိုရပေမည်။

ပစ်သည် ညာဘက်ဘောင်းဘီထဲမှ သော့ကို စက္ကန့်အနည်းငယ်


www.burmeseclassic.com

www.burmeseclassic.com


ကြာအောင် နှိုက်၍ ရှာခဲ့ပြီးနောက် နောက်ဆုံးတွင်မှ သော့ကို (၁၀၁၀) ဟု ဖော်ပြထားသော တံခါးပေါ်မှ သော့ပေါက်ထဲသို့ ထိုးသွင်းနိုင်ခဲ့တော့သည်။

အထက်တန်းကျကျ ဆင်ပြင်ထားသော ဟိုတယ်မှ (အခန်းတွဲ) အခန်းကျယ်ကြီးသည် ပစ်၏လစာနှင့်ဆိုပါက အသုံးပြုရန် မသင့်သော ဇိမ်ခံမှုပင် ဖြစ်တော့သည်။ သို့ရာတွင် သုံးနှစ်အတွင်း ပထမအကြိမ် အနားယူရခြင်း ဖြစ်သောကြောင့် ပစ်က ထိုက်တန်သည်ဟု ဆင်ခြေပေး နေထိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် အိပ်ခန်းထဲသို့ ဝင်ခဲ့ပြီးနောက် ဆမ်းမားအား အိပ်ရာပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်၏။ နုနုနယ်နယ် လှလှပပနှင့် မွှေးရနံ့ကလေး သင်းနေသော နူးညံ့လှသည့် မိန်းကလေးတစ်ဦးအား အခြား အချိန် တစ်ချိန်ချိန်တွင် ငုံ့ကြည့်နေရမည်ဆိုပါက သူ့ခန္ဓာကိုယ်ထဲမှ ရမ္မက်ဇော များသည် ကြွထလာမည်မှာ အမှန်ပင်။

ယနေ့ညတော့ မဟုတ်ပါ။ ပစ်သည် စိတ်ရောကိုယ်ပါ ပင်ပန်း နွမ်းနယ်နေလေပြီ။ ထိုနေ့သည် ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည် ရှိ မရှိ စမ်းသပ်ခဲ့သော နေ့တစ်နေ့ ဖြစ်ရာ ပစ်ထံတွင် ခွန်အား အနည်းငယ်မျှပင် မကျန်ရှိတော့ချေ။

သူသည် ဇိမ်ရှိရှိ မေ့မြောနေသော ဆမ်းမားအား အိပ်ရာပေါ်တွင် ထားခဲ့ပြီး ရေချိုးခန်းထဲသို့ ဝင်၍ အဝတ်အစားများကို ချွတ်၍ ရေချိုးလိုက်၏။ ယခုကိစ္စသည် ဘယ်လိုနည်းနှင့်မျှ အဓိပ္ပာယ် မရှိပါ။ သူနှင့် လုံးဝ မတွေ့ဘူးသူ လူစိမ်းတစ်ယောက်က သူ့အား အဘယ်ကြောင့် သတ်ချင်ရပါသနည်း။ ပစ် သေဆုံးသွားပါက အကျိုးခံစားခွင့်ရှိသူမှာ ပစ်၏မိခင်သာ ဖြစ်သည်။ ၎င်းအပြင် ဤဆေးထိုးအပ်ထဲ၌ အဆိပ်ပါလာသည်ဆိုပါက မည်သို့ ရှိပါမည်နည်းဟု ပစ်က တွေးကြည့်လိုက်၏။

ဆေးတစ်မျိုးမျိုးလား၊ ဒါကလည်း ငါးဆယ်ရာခိုင်နှုန်း ဖြစ်နိုင်သော ကိစ္စတစ်ခုပင်။ သူသည် တွေးကြည့်ရမည်ဆိုပါက တပ်မတော်နှင့် ပတ်သက်သော လျှို့ဝှက်ချက် သင်္ကေတများကို သိရှိသူ မဟုတ်ပါ။ သူသည် အဏုမြူဗုံးနှင့် ပတ်သက်သော လျှို့ဝှက်ချက်များ၊ လျှို့ဝှက်ထားသော ဗုံးပုံ ထားရှိသည့်နေရာများ၊ ကမ္ဘာကြီးအား ဖျက်ဆီးပစ်မည့် ထိပ်တန်း လျှို့ဝှက်ချက်များကို သိရှိထားသူ မဟုတ်ပါ။

သူ့အတွေးများသည် ဆမ်းမား၏ လှပမှုထံသို့ တစ်ပတ်လည်၍ ရောက်ရှိလာကြသည်။ သူသည် ရေပိုက်ခေါင်းမှ အအေးဒီဂရီအမှတ်ကို နောက်တစ်ဆင့်အထိ လျှော့ချလိုက်ပြီးနောက် ဆန့်ကျင်ဘက်လိင်၏ လှပမှုကို မိနစ် အနည်းငယ်ကြာအောင် တွေးကြည့်နေမိလိုက်သည်။

နောက်ဆုံးတွင် သူသည် ပစ္စုပ္ပန်အခြေအနေမှန်ကို ပြန်သတိရပြီး ရေပိုက်ခေါင်းကို ပိတ်၍ ရေပန်းအောက်မှ ထွက်လိုက်၏။



သူသည် ခြုံထည်ကြီးတစ်ခုကို ကြီးမားကျယ်ပြန့်သော ပခုံးပေါ်တွင် ခြုံလိုက်ပြီးနောက် အိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။ ပစ်သည် ရေဆွတ်ထားသော အဝတ်စကို ဆမ်းမား၏နဖူးတွင် အုပ်ပေးရင်း သူမ၏မေးမှ ဒဏ်ရာသည် နံနက်ခင်းတွင် သိသိသာသာကြီး ရောင်နေလိမ့်မည်ဟု ဝမ်းသာအားရ တွေးကြည့်လိုက်သည်။

ပစ်သည် ဆမ်းမားအား ပခုံးမှ ကိုင်၍ လှုပ်လိုက်သည်။

သတိလစ်နေရသည်ကို ကျေနပ်နေပုံရသော ဆမ်းမားသည် အစ ပထမတွင် မပီမသနှင့် ဝိုးတိုးဝါးတား ရေရွတ်ရင်း ခပ်အင်တင်တင်နှင့် မီးခိုးရောင်မျက်လုံးကြီးများကို ခပ်ဖြည်းဖြည်း ဖွင့်လိုက်သည်။

ထူးထူးဆန်းဆန်း နေရာတစ်နေရာတွင် လန့်နိုးလာရသော အမျိုးသမီး အများစုသည် ရုတ်တရက် ထိတ်လန့်သွားကြမည် ဖြစ်သော်လည်း ဆမ်းမားကမူ မထိတ်မလန့်ချေ။

ဆမ်းမားသည် စိတ်ဓာတ်ကြံ့ခိုင်ပုံရကြောင်း ပစ်က သတိထားလိုက်မိသည်။ ဆမ်းမား၏မျက်လုံးများသည် ပထမဦးစွာ ပစ်အား လှမ်းကြည့်လိုက်သည်။ ထို့နောက် အခန်းတံခါး၊ ထို့နောက် လေသာဆောင်ဆီသို့ လှမ်းကြည့်လိုက်ပြီး ပစ်ထံသို့ ပြန်ကြည့်လိုက်သည်။

ဆမ်းမားသည် ပစ်အား အမှုမဲ့အမှတ်မဲ့ ကြည့်နေသည်။ သို့သော် ထိုအကြည့်မှာ ဖြစ်သင့်သည်ထက် ပိုနေသည်။ ထို့နောက် သူမသည် လက်ကို မြှောက်၍ သူမ၏မေးရိုးအား ကိုင်ကြည့်လိုက်၏။

"ရှင် ကျွန်မကို လက်သီးနဲ့ ထိုးသလား"

"ဟုတ်တယ်လေ"

ပစ်က ဝမ်းသာအားရ ပြုံးပြလိုက်၏။

"အခု ကိုယ် မင်းကို ကိုယ့်အခန်းထဲ ရောက်အောင် ခေါ်သွင်းလာနိုင်ပြီဆိုတော့ ကိုယ်က မင်းကို အဓမ္မကျင့်ရလိမ့်မယ်"

နောက်ဆုံးတွင် ဆမ်းမား၏မျက်လုံးများသည် ပြူးကျယ်သွားတော့သည်။

"ရှင် မလုပ်ရဲပါဘူး"

"ကိုယ်က မင်းကို ကျူးလွန်ပြီး မပြီး ဆိုတာ မင်း ဘယ်လိုလုပ်သိနိုင်ပါ့မလဲ"

ဆမ်းမားသည် ထိုစကားကြောင့် အငိုက်မိမတတ်ဖြစ်သွားရသည်။ သူမ၏လက်သည် ဗိုက်အောက်ပိုင်းဆီကို ရွေ့သွားပြီး ချက်ချင်း ရပ်တန့်သွားတော့သည်။ တဖြည်းဖြည်းနှင့် နားလည် သဘောပေါက်လာသော အရိပ်အယောင်များသည် ဆမ်းမား၏မျက်နှာပေါ်၌ အတိုင်းသား ပေါ်လွင်လာသည်။

"ရှင်က အဲဒီလောက်အထိ (လိင်) ဖောက်ပြန်တဲ့ လူစားမျိုး မဟုတ်နိုင်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်က အဲဒီလို လူစားမျိုးလို့ မင်းကို ဘယ်သူက ပြောသလဲ"

သူမက ပစ်အား ထူးထူးဆန်းဆန်းပုံစံနှင့် လှမ်းကြည့်လိုက်၏။

"ကျွန်မကို ပြောလိုက်တာက . . ."

သူမသည် စကားကို ရပ်တန့်လိုက်ပြီး ပစ်နှင့် မျက်လုံးချင်း မဆုံမိအောင် လွှဲပစ်လိုက်သည်။

ပစ်က ဆုံးမသောလေသံနှင့် ပြောလိုက်၏။

"မင်းက အခုထက်ပိုပြီး ဂရုစိုက်ဖို့ကောင်းတယ်။ မဟုတ်မဟတ် သားပုပ်လေလွင့် ပြောကြတဲ့ ကောလာဟလစကားတွေကို ယုံကြည်ပြီး ဝိုင်ကီကီ ကမ်းခြေပေါ်မှာ အကာအကွယ် ကင်းမဲ့နေတဲ့ အမျိုးသားတွေကို ဆေးထိုးအပ်နဲ့ လျှောက်ထိုးနေတဲ့ကိစ္စကြောင့် မင်း အကြီးအကျယ် ဒုက္ခရောက်သွားနိုင်တယ်"

ဆမ်းမားသည် ပစ်အား စက္ကန့်အနည်းငယ်ကြာအောင် ပြန်ကြည့်လိုက်ပြီး စကားပြောတော့မည့်ဟန်ဖြင့် သူမ၏နှုတ်ခမ်းများသည် အနည်းငယ် လှုပ်လာကြသည်။ ထို့နောက် ဝေခွဲမရဟန်သည် သူမ၏မျက်လုံးပေါ်၌ ပေါ်လာကြတော့သည်။

"ရှင်ပြောတာကို ကျွန်မ နားမလည်ဘူး"

"နားမလည်လည်း ကိစ္စမရှိပါဘူးလေ"

ပစ်သည် သူ့အား ကျောခိုင်းလိုက်ပြီးနောက် တယ်လီဖုန်းအား လှမ်းကိုင်လိုက်၏။

"မင်း လုပ်နေတဲ့ကိစ္စ ဘာလဲ ဆိုတာ ရဲကို အဖြေရှာခိုင်းမယ်။ ကျုပ်တို့လို ရိုးသားတဲ့ ပုဂ္ဂိုလ်တွေက သူတို့ကို အဲဒါမျိုးတွေ လုပ်ဖို့အတွက် ပိုက်ဆံပေးထားကြတာလေ"

"အခုကိစ္စက မှားယွင်းမှုတစ်ခုပါပဲရှင်"

သူမ၏အသံသည် ရုတ်တရက် မောကျော့ပြီး အေးစက်လာတော့သည်။

"ကျွန်မက မုဒိမ်းကျင့်ခံရပါတယ်လို့ အော်လိုက်မယ်လေ။ ကျွန်မ မျက်နှာပေါ်က ဟောဒီ ဒဏ်ရာတွေနဲ့ ဆိုရင် သူတို့က ဘယ်သူ့စကားကို ယုံကြည်မလဲ။ ရှင့်ကိုလား၊ ကျွန်မကိုလား"

ပစ်သည် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ပြီး နံပါတ်ခလုတ်များကို တစ်ခုပြီးတစ်ခု နှိပ်လိုက်၏။

"သူတို့က မင်းပြောတာကို ယုံကြည်လိမ့်မယ်ဆိုတာ ယုံမှားစရာ မလိုပါဘူး။ အဲဒါကလည်း အက်ဒရင်နီဟန်းတားက ကိုယ့်ဘက်ကလိုက်ပြီး သက်သေ မခံခင်အထိ ဆိုပါတော့လေ။ သူ့ကိုယ်ပေါ်မှာလည်း ဒဏ်ရာ အနည်းငယ်တော့ ရှိနေလိမ့်မယ်"

တစ်ဖက်မှ တယ်လီဖုန်းကို အဖြေပေးလိုက်သူသည် 'ဟယ်လို'ဟု ငါးကြိမ်မြောက် ပြောပြီးသောအခါတွင် စိတ်ပျက်လက်ပျက်နှင့် တယ်လီ





ဖုန်းကို ပြန်ချိတ်လိုက်၏။ ဤတွင် ပစ်သည် လိုင်းသေသွားပြီ ဖြစ်သော တယ်လီဖုန်းထဲသို့ လှမ်းပြောလိုက်သည်။

"ဟယ်လို အကြမ်းဖက်မှုတစ်ခုကို ကျွန်တော် သတင်းပို့ချင်ပါတယ်"

သူသည် ထိုမျှလောက်အထိသာ ပြောနိုင်စွမ်းရှိပါသည်။

သူမသည် အိပ်ရာပေါ်မှ ခုန်ထလာပြီး တယ်လီဖုန်း စကားပြောခွက်ကို ပြန်ဖိချလိုက်၏။

"မလုပ်ပါနဲ့ရှင်၊ ဒီကိစ္စကို ရှင် နားမလည်ပါဘူးနော်"

သူမက ခပ်တိုးတိုး ပြောလိုက်ခြင်း ဖြစ်သလို သူမ၏အသံမှာ သွေးရူးသွေးတန်း ဖြစ်နေပုံရသည်။

"ဒါ ဒီကနေ့ ညနေမှာ အင်မတန် လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်တဲ့စကားတစ်ခွန်းပဲ"

ပစ်က ဒေါသနှင့် ပြောလိုက်၏။

"မိန်းကလေးတစ်ယောက်ကို ထိတ်လန့်သွားအောင်သာ လုပ်လိုက်၊ အဲဒီ အမျိုးသမီးက 'တော်ပါတော့၊ ရှင့်ကြောင့် ကျွန်မ သိပ်ပြီး နာကျင်နေပြီ'ဆိုတာကို ပြောချင်ပြောကြမယ်။ ဒါမှမဟုတ် 'ရှင်နားမလည်ပါဘူးနော်' ဆိုတာ ပြောချင် ပြောကြမယ်။ မင်းက စိတ်ကူးစိတ်သန်း အသစ်အဆန်းကလေးတွေကိုတောင် တီထွင်တတ်တာ မဟုတ်ပါဘူး"

ပစ်သည် ဆမ်းမား၏ပခုံးသားအား ဖျစ်ညှစ် ဆွဲကိုင်လိုက်၏။ ပစ်သည် သူမအား သူ ထင်ထားတာထက်ပင် ပို၍ ဖျစ်ညှစ်နေမိသည်။

ပစ်သည် ဆမ်းမား၏မျက်နှာနှင့် လက်မအနည်းငယ်ခန့် အလို အထိ မျက်နှာချင်းကပ်၍ မေးလိုက်၏။

"မင်းက အမျိုးသားတစ်ယောက်ရဲ့ ပေါင်ခြံကို ခြေထောက်နဲ့ ကန်တယ်။ သူ့ကျောကုန်းကို ဆေးထိုးအပ်နဲ့ ထိုးတယ်။ လူမိသွားတဲ့အခါ ကျတော့ အပြစ်မရှိတဲ့ သူတော်စင်မကလေးလို ဟန်ဆောင်တယ်။ မင်း အခုလုပ်နေတာ ဘာသဘောလဲကွ"

ဆမ်းမားသည် စတင်၍ ရုန်းကန်လိုက်ပြီးနောက် ချက်ချင်းလိုလို ငြိမ်ကျသွားတော့သည်။

"ရှင် လူဆိုး မားပြပဲ"

သူမ၏အသံသည် ဒေါသဖြင့် ထန်နေသည်။

ပစ်သည် သူမ၏ အလွန် ခေတ်မီလှသော အသုံးအနှုန်းကြောင့် ကြောင်သွားမိ၏။ ပစ်သည် သူ့လက်ကို ဖြည်းညင်းစွာ ပြန်လွှတ်လိုက်ပြီးနောက် နောက်ဘက်သို့ ဆုတ်လိုက်သည်။

"ဟုတ်တယ် အဲဒါ ကိုယ်ပဲ၊ ကိုယ်က ချီကာဂိုက လေ[illegible]သော လတ်လတ်ရောက်လာတဲ့ အလ်ကပုန်းရဲ့လူဆိုးလူမိုက်တစ်ယော[illegible]ပဲပေါ့"

"ကျွန်မကတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမားသည် သူ့စကားကို ရပ်တန့်လိုက်ပြီးနောက် လက်နှစ်ဖက်ကိုပိုက်ရင်း ပခုံးပေါ်မှ နီရဲနေသောလက်ရာများကို ပွတ်သပ်နေသည်။

"ရှင် လူဆိုးပဲ"

ပစ်သည် ဆမ်းမားအား မုန်းတီးစိတ် ဖြစ်ပေါ်မလာပါ။ ပြုတ်တူကဲ့သို့ သန်မာလှသော သူ့လက်ချောင်းများကြောင့် နီရဲသွားသော လက်ချောင်းရာများကို ကြည့်ရင်း အနည်းငယ် ဝမ်းနည်းသွားမိသည်။

အတန်ငယ် ငြိမ်သက်သွားပြီးနောက် သူမက ပြောလိုက်၏။

"ရှင် သိချင်တဲ့ကိစ္စကို ကျွန်မ ပြောပြပါ့မယ်။ ဒါပေမယ့် ကျွန်မအန်ချင်လာလို့ ရေချိုးခန်းကို အရင်ပို့ပေးပါလားရှင်"

"ရတာပေါ့"

ဒီကိစ္စက လွယ်လွန်း ရှင်းလွန်းလှသည်ဟု ပစ်က တွေးလိုက်၏။ ဒီမိန်းကလေးသည် အော့တတ်အန်တတ်သော မိန်းကလေးမျိုး မဟုတ်ပါ။

ပစ်သည် လက်ကို ဆန့်တန်းပေးလိုက်ပြီး သူမ၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်ရာ သူမ၏ကြွက်သားများ တောင့်တင်းလာသည်ကို သိလိုက်ရတော့သည်။

ချက်ချင်းလိုလိုပင် သူမသည် ခုတင်တိုင်ကို ခြေထောက်တစ်ဖက်နှင့် ကန်ထားလိုက်ပြီး ပစ်၏ဝမ်းဗိုက်အား သူမ၏ပခုံးနှင့် တအားကုန်ဝင်ဆောင့်လိုက်တော့သည်။

ပစ်သည် ကုလားထိုင်တစ်လုံးပေါ်သို့ နောက်ပြန်လဲကျသွားရာ အိပ်ရာနံဘေး၌ရှိသော မတ်တတ်မီးတိုင်နှင့်အတူ ပစ်သည် ကော်ဇောပေါ်သို့ ရာနှုန်းပြည့် လဲမကျသွားသေးခင် ဆမ်းမားသည် ဆွဲတံခါးကို ဆွဲဖွင့်ပြီး လေသာဆောင်ဘက်သို့ ထွက်၍ ပျောက်ကွယ်သွားတော့သည်။

ပစ်က ပြန်ထရန် မကြိုးစားပါ။ ကိုယ်ကို နောက်ဘက်သို့ လှန်ချလိုက်ပြီး ပို၍ သက်သက်သာသာ အနေအထားမျိုးဖြစ်အောင် ကြမ်းပြင်ပေါ်တွင် လှဲအိပ်နေလိုက်သည်။

ဆယ်စက္ကန့်ခန့် ကုန်သွားသည်။

ထို့နောက် နောက်ဆယ်စက္ကန့် ကုန်သွားပြန်သည်။

ပစ်သည် ထို့ထက် ပို၍ ကြာအောင် အောင့်မထားနိုင်တော့ပါ။ ပစ်က စရယ်လိုက်သည်။

"နောက်တစ်ခါ ဆယ်ထပ်လောက်မြင့်တဲ့ အိမ်ခန်းက ထွက်ပြေးဖို့ ကြံစည်မယ်ဆိုရင် မင်းက လေထီးတစ်ခုကို အဆင်သင့် ယူလာခဲ့တာ ပိုကောင်းလိမ့်မယ်ထင်တယ်"

ဆမ်းမားသည် အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့၏။ ချစ်စရာကောင်းသော သူမ၏မျက်နှာသည် ဒေါသကြောင့် နီရဲနေသည်။

"ရှင်နဲ့ ထိုက်တန်တဲ့ ဆိုးဆိုးရွားရွား စကားလုံးတွေ ရှိတယ်"

"ကိုယ်ကတော့ အဲဒါမျိုးကို တစ်ဒါဇင်လောက်အထိ တွေးထားမိ



ပါတယ်လေ"

ပစ်က ပြုံး၍ ယဉ်ယဉ်ကျေးကျေးလေး ပြောလိုက်၏။

ဆမ်းမားသည် ပစ်နှင့် ဝေးရာဘက်သို့ တဖြည်းဖြည်း ရွှေ့သွားပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။ သူမ၏မျက်လုံးများက ပစ်အား စူးစမ်း လေ့လာနေသည်။

"ကျွန်မက ရှင့်မေးခွန်းတွေကို ဖြေမယ်ဆိုရင် ဘာဖြစ်လာမလဲ"

"ဘာမှ မဖြစ်ပါဘူး"

ပစ်က ခပ်တိုးတိုး ဖြေလိုက်၏။

"မင်းက ကျုပ် ယုံကြည်လာအောင် ပြောနိုင်ဆိုနိုင်မယ် ဆိုရင် မင်းလွတ်ရာကျွတ်ရာကို သွားနိုင်ပါတယ်"

"ကျွန်မ ရှင့်ကို မယုံဘူး"

"ဒီမှာ ကလေးမ၊ ကျုပ်ဟာ မိန်းကလေးတွေကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ပစ်တဲ့ ဂျက်သီရစ်ပါးလည်း မဟုတ်ဘူး။ ဘော့စတွန်က လည်မျိုညှစ်တဲ့ လူသတ်သမားလည်း မဟုတ်ဘူး။ ပြီးတော့လည်း ကျုပ်မှာ ဝိုင်ကီကီကမ်းခြေက အပြစ်ကင်းစင်တဲ့ အပျိုစင် မိန်းကလေးတွေကို ပြန်ပေးဆွဲတတ်တဲ့အကျင့်လည်း မရှိဘူး"

ဆမ်းမားသည် စိတ်လှုပ်ရှားမှုကြောင့် နေမထိထိုင်မသာ ဖြစ်သွားသည်။

"ကျွန်မလည်း အဲဒါမျိုး တစ်ယောက်ပါပဲ"

စိတ်ရှုပ်သွားသောပစ်က စိုက်ကြည့်လိုက်မိ၏။

"ဘာတစ်ယောက်လဲ"

"အပျိုစင်တစ်ယောက်လေ"

ပစ်သည် သူမကို ယုံကြည်သွားမိသည်။ သို့ရာတွင် သူမက အဘယ်ကြောင့် အမြတ်တနိုးထားအပ်သော ထိုကိစ္စကို ဖွင့်ပြောလိုက်ခြင်းဖြစ်ကြောင်း သူ လုံးဝ နားမလည်နိုင်ပါ။

"ဒီမှာရှင်"

ထိုမိန်းကလေးက တိုးတိုးလေး တောင်းပန်လိုက်သည်။

"ကျွန်မဟာ ရှင် ထင်သလို မဟုတ်ရပါဘူးရှင်"

သူမသည် ရာစ်ကိုယ်လုံး တုန်လှုပ်စ ပြုလာသော်လည်း သူမ၏မျက်လုံးများက တည်ငြိမ်နေဆဲပင်တည်း။

"ကျွန်မက ရှင့်ကို အနာတရဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ရှင် အစိုးရဌာနတစ်ခုအတွက် အလုပ် လုပ်ရသလို ကျွန်မလည်း အစိုးရရဲ့ ဌာနတစ်ခုအတွက် အလုပ်လုပ်ရပါတယ်။ ရှင့်ဆီမှာရှိတဲ့ သတင်းတွေကို ရအောင် ယူဖို့ ကျွန်မကို တာဝန်ပေးလိုက်ပါတယ်။ ဆေးထိုးအပ်ထဲမှာ ပါတဲ့ဆေးရည်ဟာ စကိုပိုလာမိုင်း ရိုးရိုးဆေးရည်ပါ"

"အဲဒါက လူတွေကို အမှန်တိုင်း ဖွင့်ပြောတဲ့ဆေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အဲလေ - မိန်းကလေးနဲ့ ရှုပ်ရှုပ်ပွေပွေနေတဲ့ ရှင့်ဝါသနာကြောင့် ရှင့်ကို အစိက သံသယဖြစ်ခဲ့ကြတာပေါ့"

"မင်းပြောတာ အဓိပ္ပာယ် မရှိပါဘူး"

"မစ္စဟန်းတားရဲ့ ချစ်သူတွေဟာ မစ္စဟန်းတားကတစ်ဆင့် သူမဖေဖေရဲ့ ရေတပ်နဲ့ ပတ်သက်တဲ့ လျှို့ဝှက်သတင်းတွေကို ရအောင် ယူဖို့ ကြိုးစားနေတယ်လို့ ရေတပ်မတော်၊ အဲလေ - ရေတပ်မတော်ရဲ့ စုံစမ်းထောက်လှမ်းရေးဌာနက ယုံကြည်ထားတယ်။ ကျွန်မ ပြောစရာကိစ္စကတော့ အဲဒါ အကုန်ပါပဲ"

ပြောစရာ အကုန်ပါပဲ ဆိုသည်မှာ လုံးဝ မဟုတ်ပါချေ။

မဟုတ်ပါ။ ထို့ထက်မက ပိုများပါသည်။

သူမသည် လိမ်ပြောနေခြင်း ဖြစ်ကြောင်း ပစ်၏စိတ်က တထစ်ချ သိလိုက်ပါသည်။

ပစ်သည် သွေးအေးသူတစ်ဦး ဖြစ်သည်သာမက သံသယပွားတတ်သူ တစ်ဦးလည်း ဖြစ်ရာ သူမသည် အချိန်ဆွဲရန် ကြိုးပမ်းနေကြောင်း တထစ်ချ သိလိုက်သည်။

ပစ်သည် ကြမ်းပြင်ပေါ်မှ ထလိုက်ပြီးနောက် သူမ၏ရှေ့သို့ လျှောက်သွားသည်။ သူမသည် ပစ်၏ခက်ထန်သော မျက်လုံးအစုံကို မြင်လိုက်ရသောကြောင့် သိသိသာသာကြီး တုန်လှုပ်သွားပုံရသည်။

ပစ်သည် ဒေါသထွက်နေမိသော်လည်း ထိုအမျိုးသမီးလေးအား ထူးထူးခြားခြား သနားစိတ် ဝင်နေမိကြောင်း ခံစား သိရှိလိုက်ရသည်။

"ဒီပုံဒီနည်း ဖြစ်ပျက်လာရတဲ့အတွက် ကိုယ် ဝမ်းနည်းပါတယ်ကွာ"

ပစ်က ပြောလိုက်၏။

"တကယ် ဝမ်းနည်းတာပါ။ မင်းဟာ ကိုယ့်အသည်းနှလုံးကို လှုပ်ခါပြီး ယမ်းပစ်နိုင်တဲ့ ပထမဦးဆုံး မိန်းကလေးတစ်ယောက်ပါပဲ"

ဘုရားသခင် ကယ်တော်မူပါ။

သူသည် မည်သည့် မိန်းကလေးကိုမျှ ထိုကဲ့သို့ မပြောခဲ့ဖူးဘူးသေးချေ။ သူသည် ကိုယ့်ကိုယ်ကိုယ် ရူးပေါပေါ ပုဂ္ဂိုလ်တစ်ယောက်ပမာ ခံစားလိုက်ရသည်။

"မင်းက အဲဒါကို ဖျက်ဆီးပစ်လိုက်တာကတော့ မကောင်းပါဘူးကွာ။ မင်းဟာ ရေတပ်မတော်ရဲ့ စုံစမ်းထောက်လှမ်းရေးဌာနမှာ အလုပ်လုပ်နေတဲ့သူ မဟုတ်ပါဘူး။ မင်းက အမေရိကန်လူမျိုးစစ်စစ်တစ်ယောက်တောင် မဟုတ်ဘူး။ အေးလေ၊ လူဆိုးဓားပြဆိုတဲ့ အသုံးအနှုန်းကို ဒီနိုင်ငံမှာ တစ်ထောင့်ကိုးရာသုံးဆယ်ပြည့်နှစ်လောက်ကစပြီး ဘယ်သူမှ မသုံးကြတော့ပါဘူး။ မင်း သူလျှိုစာမေးပွဲ ရှုံးသွားပြီ။ ဝါရင့်နေတဲ့ ပုဂ္ဂိုလ်ဆိုရင် ရဲဆီကို လိမ်ညာပြီး ဆက်သွယ်တဲ့ကိစ္စကို လန့်မှာ ထိတ်မှာ မဟုတ်ဘူး။





ဒါပေမယ့် မင်းက သိပ်ကြောက်သွားတယ်။ ပြီးတော့လည်း အမေရိကန်ရေတပ်မတော်ဟာ အမျိုးသမီးစုံထောက်တွေကို လိုအပ်ရင် အကူအညီပေးဖို့ အမျိုးသားအဖော် မပါဘဲနဲ့ မလွှတ်တတ်ဘူးဆိုတဲ့ အချက်ရယ်၊ အခြေအနေမလှရင် အဖော်အဖြစ် လိုက်လာခဲ့တဲ့လူတွေကို အကြောင်းကြား အသံလွှင့်စက်ကလေး ထည့်ထားတဲ့ပိုက်ဆံအိတ် မင်းဆီမှာ မပါတာရယ်၊ အဲဒါတွေကိုပါ ထည့်ပြီး ပေါင်းစပ်ကြည့်လိုက်တာပေါ့ကွာ"

သူမအား ထိတ်လန့်သွားအောင် ပစ်က တမင် ပြောလိုက်သည့် ကိစ္စမှာ ထိရောက်မှု ရှိပါပေသည်။

သူမ၏မျက်နှာသည် ဖြူဖွေးသွားပြီး သူမသည် တကယ် နေမကောင်း ဖြစ်သွားပုံရသည်။

ပစ်က ဆက်ပြောလိုက်၏။

"ပြီးတော့လည်း ကိုယ်ဟာ မင်းလို လူပျိုစစ်စစ်ကလေးတစ်ယောက်ပဲလို့ မင်းက ထင်ထားရင် မှားလိမ့်မယ်။ ကိုယ်က မင်းကို ကမ်းခြေက ဒီအထိ ခေါ်လာတုန်းက မင်းကို ခြေဖျားက ဆံပင်အထိ စေ့စေ့စပ်စပ် ရှာဖွေခဲ့တယ်။ မင်းရဲ့ ဘယ်ဘက်ပေါင်အတွင်းဘက်မှာ အိတ်နဲ့ကပ်ထားတဲ့ ဆေးထိုးအပ်ထည့်တဲ့ အိတ်ကလေးက လွဲရင် မင်းခန္ဓာကိုယ်ပေါ်မှာ တခြား ဘာပစ္စည်းမှ မရှိဘူး"

ဆမ်းမား၏မျက်လုံးများသည် ဒေါသကြောင့် ကြောင်တောင်တောင် ဖြစ်လာကြသည်။ သူမသည် ကော်ဇောပေါ်၌ အန်ချလိုက်ရန် သို့မဟုတ် မျက်နှာသစ်သော ကြွေဇလုံထဲ၌ အန်ချလိုက်ရန် စဉ်းစားလိုက်သည့်အလား ရေချိုးခန်းဘက်သို့ လှည့်ကြည့်လိုက်၏။ နောက်ဆုံး၌ ကြွေဇလုံထဲ၌အန်ရန် ယိုင်တိယိုင်ထိုးနှင့် ထလိုက်ပြီးနောက် ရေချိုးခန်းထဲသို့ ဝင်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။

မကြာခင် နောက်ဖေးအိမ်သာထဲမှ ရေဆွဲချသံကို ကြားလိုက်ရပြီးနောက် ကြွေဇလုံထဲသို့ ရေဖွင့်ချလိုက်သံကို ပစ် ကြားလိုက်သည်၊

ပစ်သည် လေသာဆောင်တံခါးကိုမှီရင်း မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော ဟိုနိုလူလူမြို့မှ မီးရောင်များကို ကြည့်နေသည်။

ပစ်သည် ထိုနေရာတွင် ရပ်ရင်း အတွေးနယ်ချဲ့နေမိသည်၊

အေးလေ . . . သူ အတွေးနယ်ချဲ့နေသည်မှာ လိုအပ်သည်ထက်ပင် ပိုကြာသွားပုံရသည်။

နောက်ဆုံးတွင် ကြွေဇလုံထဲသို့ ကျနေသော ရေသံသည် အနိမ့်အမြင့် မရှိဘဲ မှန်မှန်ကြီး ကျဆင်းနေသည်သာမက သဘာဝ မကျအောင် ကြာလွန်းနေကြောင်း တွေးလိုက်မိသောအချိန်တွင် ပစ်သည် လက်ဖြောင့်ကျသော ပစ္စုပ္ပန်ကမ္ဘာထဲသို့ ဖြုန်းခနဲ ပြန်လည် ရောက်ရှိလာလေတော့သည်၊

သူသည် ရေချိုးခန်းတံခါးဆီသို့ ရောက်အောင် ခြေလှမ်းသုံးလှမ်းမျှသာ လှမ်းလိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



'မင်း အထဲမှာ ရှိသလား' ဆိုသော ပြဇာတ်ဆန်ဆန် စကားမျိုးကို ပြောဆိုရန် အချိန် မရှိတော့ပါ။

သူသည် ခြေထောက်တစ်ချောင်းပေါ်တွင် ကိုယ်ကို ထိန်း၍ မတ်တတ်ရပ်လိုက်ပြီး တံခါးသော့ကို နောက်ခြေတစ်ဖက်နှင့် ကန်လိုက်ရာ တံခါးရွက်သည် ဝုန်းခနဲ ပွင့်ထွက်သွားပြီး လူမရှိသောအခန်းကိုသာ တွေ့လိုက်ရတော့သည်။

ဆမ်းမား မရှိတော့လေပြီ။

သူမက ချန်ထားရစ်ခဲ့သောသဲလွန်စမှာ ရေချိုးခန်းထဲမှ မျက်နှာသုတ်ပဝါများအား တစ်ခုနှင့်တစ်ခု ဆက်ပြီး ချည်နှောင်ထားသောကြိုးကို ခန်းဆီးလိုက်ကာတန်းတွင် ချည်နှောင်၍ ပြတင်းပေါက်ပေါင်ပေါ်မှ အပြင်သို့ ချထားခဲ့ခြင်းသာ ဖြစ်တော့သည်။

ပစ်သည် စိုးရိမ်သောမျက်နှာထားနှင့် အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ နောက်ဆုံး မျက်နှာသုတ်ပဝါအစသည် အောက်ဘက်အထပ်ရှိ လေသာဆောင်၏ အပေါ် လေးပေ အကွာတွင် ဆုံးနေသည်ကို တွေ့ရတော့သည်။

အောက်ထပ်တွင် မီးလင်းနေသည်ကို မတွေ့ရသလို အခန်းထဲရှိ ဧည့်သည်များ၏အော်ဟစ်သံကိုလည်း မကြားရပါ။

ဆမ်းမားတစ်ယောက် ဘေးရန် ကင်းရှင်းစွာနှင့် လွတ်မြောက်သွားသည့်အတွက် သူ ဝမ်းသာမိပါသည်။

ပစ်သည် ဆမ်းမား၏မျက်နှာကို ပြန်တွေးကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်မှ အာရုံစူးစိုက်မှုနှင့် ကြောက်စိတ်တို့ကို ဖယ်ရှားပစ်လိုက်မည် ဆိုပါက ယုယကြင်နာတတ်ပြီး ရွှင်ရွှင်မြူးမြူးရှိနေသော မျက်နှာလေးကို တွေ့ရပေလိမ့်မည်။

ဆမ်းမား၏မျက်နှာသည် သူ စိတ်ကူးခဲ့သော အိပ်မက်ထဲမှ ချစ်ရသူ၏မျက်နှာပင် ဖြစ်တော့သည်။

ထို့နောက် ပစ်သည် ထိုမိန်းကလေး လွတ်ထွက် မသွားရအောင် ဂရုမစိုက်မိခဲ့သည့်အတွက် ကျိန်ဆဲလိုက်မိတော့သည်။



(၄)

နံနက်ခင်းသို့ ရောက်ခဲ့လေပြီ။

ညပိုင်းက မိုးပြေးကလေး ရွာထားသဖြင့် လမ်းများပေါ်တွင် မြူကဲ့သို့သော ရေခိုးရေငွေ့များ ရစ်ဆိုင်းပြီး ကျန်ရစ်ခဲ့သည်။

ဗိုင်းမွန်းဟက်ဒ် မီးတောင်ဟောင်းမှ ရိဖ်ဟိုတယ်အထိ ကောက်ကောက်ကွေးကွေး ရှိနေသော သဲသောင်ကမ်းစပ်တွင် လူရှင်းနေသော်လည်း ကမ္ဘာလှည့်ခရီးသည်များသည် ရှုမျှော်ခင်းများကို လျှောက်ကြည့်ရန်နှင့် ဈေးလျှောက်ဝယ်ရန်အတွက် ဟိုတယ် အသီးသီးမှ အပြင်သို့ ထွက်ခွာစ ပြုကြလေပြီ။

ချွေးများဖြင့် စိုထိုင်းနေသော အိပ်ရာပေါ်၌ ကန့်လန့်ဖြတ် အိပ်နေသောပစ်သည် ကျိုးမတစ်ကောင်အတွက် အချင်းချင်း ရန်ဖြစ်နေသော သစ်ပင်ပေါ်မှ ကျီးကန်း နှစ်ကောင်ကို လှမ်းကြည့်နေသည်။

ထို့နောက် ထိုသတ်ပွဲကြီးသည် နောက်ဆုံးအချိသို့ ရောက်ရှိတော့မည့်ဆဲဆဲတွင် ပစ်၏တံခါးမှ လူခေါ်ဘဲလ် အသံသည် မြည်လာတော့သည်။ ပစ်သည် အင်တင်တင်နှင့် ခြုံထည် တစ်ခုကို ကိုယ်ပေါ်တွင် ဝတ်ဆင်လိုက်ပြီးနောက် တသမ်းသမ်းတဝေဝေနှင့် တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ ဒတ်ခ်"

အရပ် ခပ်ပုပု၊ ဆံပင်နီကြောင်ကြောင်နှင့် ပုဂ္ဂိုလ်တစ်ဦးက ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်လိုက်၏။

"ငါက ကြည်နူးစရာကောင်းတဲ့ အချစ်ဇာမာန်ကလေးကို ဖျက်ဆီးပစ်လိုက်တာမျိုးတော့ မဖြစ်တန်ကောင်းပါဘူး ထင်ပါရဲ့"

ပစ်က သူ့ကို လက်ကမ်းပေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်လည်း တစ်ယောက်တည်းပါ။ အထဲကိုဝင်ခဲ့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုလူပုပုသေးသေးကလေးသည် တံခါးပေါင်ကို ကျော်လိုက်ပြီးနောက် အခန်းကို ခပ်ဖြည်းဖြည်း လျှောက်ကြည့်ပြီး လသာဆောင်ပေါ်သို့ ထွက်၍ အင်မတန် ကြည့်ကောင်းသောမြင်ကွင်းကို အရသာခံ၍ ကြည့်နေသည်။

သူသည် အညိုနုရောင်ဝတ်စုံကို ခါးပိုက်ဆောင်နာရီ၊ နာရီကြိုးစသော ပစ္စည်း စုံစုံလင်လင်နှင့် ဝတ်ဆင်ထားသည်။ သူ့မျက်နှာပေါ်တွင် သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်ထားသော အနက်ရောင် မုတ်ဆိတ်မွေး ရှိနေသည်။ လေထဲတွင် စိုထိုင်းဆများမှု သို့တည်းမဟုတ် လေ့ကားထစ်များကို တက်လာရမှု သို့မဟုတ် ထိုနှစ်မျိုးစလုံးကြောင့် ထိုပုဂ္ဂိုလ်၏မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ရှိနေကြသည်။ ထိုပုဂ္ဂိုလ်က ဓာတ်လှေကားများသည် ဒုက္ခိတများအတွက်သာ ဖြစ်သည်ဟု သတ်မှတ်ထားသူဖြစ်သည်။

လူပုဂ္ဂိုလ် အများစုသည် ၎င်းတို့၏ ဘဝ တစ်လျှောက်တွင် သက်သက်သာသာနှင့် မပင်မပန်း နေထိုင်သွားလိုကြသော်လည်း အမျိုးသား ပင်လယ်ရေအောက် သုတေသနအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာကမူ အခက်အခဲ အတားအဆီးမှန်သမျှကို တိုက်ရိုက်ရင်ဆိုင်၍ ကိုယ်တိုင် ကျော်ဖြတ်ရမှ ကျေနပ်တတ်သူ ဖြစ်သည်။

ဆန်ဒက်ကာသည် နောက်ဘက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး ဦးခေါင်းကို ပခုံးပေါ်မှ ကျော်၍ ညိတ်လိုက်၏။

"အဲဒီ ကျိုးကန်းတွေက နှောင့်ယှက်နေကြရက်နဲ့ မင်းက ဘယ်လိုလုပ်ပြီး ပျော်အောင် အိပ်နိုင်ခဲ့သလဲ"

"တံကောင်းချင်တော့ အဲဒီငှက်တွေက နေထွက်လာမှ ဆူကြပူကြတာပါ"

ပစ်က ဆိုဖာဆီသို့ လက်နှင့် ညွှန်ပြလိုက်၏။

"ကျုပ်က ကော်ဖီဖျော်နေတုန်း ဗိုလ်ချုပ်ကြီးက သက်သောင့်သက်သာဖြစ်အောင် ထိုင်စမ်းပါဗျာ"

"ကော်ဖီတော့ မလုပ်ပါနဲ့ကွာ၊ လွန်ခဲ့တဲ့ ကိုးနာရီလောက်တုန်းက ငါ ဝါရှင်တန်မှာ ရှိနေခဲ့တယ်။ ဂျက်နဲ့လာရတဲ့အတွက် အချိန်ကွာခြားမှုတွေက ငါ့ခန္ဓာကိုယ်ထဲက ဓာတ်သဘောတွေကို ကပြောင်းကပြန်ဖြစ်အောင် လုပ်ပစ်လိုက်ကြတယ်။ ဒီတော့ ငါ အရက်ပဲ သောက်ချင်တော့တယ်"

ပစ်သည် ကြောင်အိမ်ထဲမှ စကော့ချ်ဝီစကီပုလင်းကို ထုတ်ယူလိုက်ပြီးနောက် ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်၏။

သူသည် အခန်းကို ကျော်၍ ကြည့်လိုက်ရာ တလက်လက် တောက်ပနေသော ဆန်ဒက်ကာ၏ မျက်လုံးများကိုသာ တွေ့လိုက်ရတော့သည်။ ထိုမျက်လုံးများက ပစ်အား စောင့်ကြည့်နေကြသည်။ မည်သည့်အရေးအခင်းများ ဖြစ်လာနိုင်စရာ ရှိပါသနည်း။တစ်နိုင်ငံလုံးတွင်ရှိသော အစိုးရ





ဌာနကြီးများအနက် ဂုဏ်ဒြပ်အရှိဆုံး ဌာနကြီးတစ်ခု၏ ညွှန်ကြားရေးမှူးချုပ်သည် သူ့တပည့်ဖြစ်သော စပါယ်ရှယ် ပရိုဂျက် ဒါရိုက်တာနှင့် ငှက်အကြောင်း ဆွေးနွေးရန် မိုင်ခြောက်ထောင်ဝေးသောခရီးကို လေယာဉ်ပျံစီး၍ လာခဲ့ခြင်း မဟုတ်တန်ရာ။

ပစ်က ဆန်ဒက်ကာအား ဝီစကီဖန်ခွက်ကို လှမ်းပေးလိုက်၏။

အချိန် ရွှေ့ဆိုင်းနေရန် လိုအပ်မည် မဟုတ်ဟု ပစ်က တွေးလိုက်၏။ သူက ထိပ်တိုက် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားက ဘာကိစ္စနဲ့ ဝါရှင်တန်ကနေ ဒီကို လာခဲ့ရတာလဲ၊ ခင်ဗျားက ရေနက်ပိုင်းက ရေစီးကြောင်းတွေကို လေ့လာဖို့ အစီအစဉ်တွေနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေတယ်လို့ ကျုပ်က ထင်ထားတာ"

"ငါ ဒီကို ဘာကိစ္စနဲ့ ရောက်နေတယ် ဆိုတာ မင်း မသိဘူးလား"

သူက ပစ်အား ယားကျိကျိ ဖြစ်စေမည့် ငေါ့တော့တော့ လေသံနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

"မင်းက ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ရှုပ်တဲ့အတွက်ကြောင့် ငါက မင်းကို အရှုပ်အထွေးတစ်ခုထဲက ပြန်ကယ်ထုတ်ပြီး နောက်ပြဿနာတစ်ခုထဲကို ပြန်ပို့ပေးဖို့ ဒီခရီးကို စပါယ်ရှယ် လာခဲ့ရတာကွ"

"ကျုပ် နားမလည်ဘူး"

"မင်း သိပ်ပြီး နားလည်တဲ့ကိစ္စတစ်ခုပါကွာ"

ဆန်ဒက်ကာက လှောင်တောင်တောင် အပြုံးကလေးနှင့် ပြောလိုက်၏။

"မင်းက စတားဘတ်ခ်ရဲ့ ဆက်သွယ်ရေးဘူးကို သွားပေးလိုက်တဲ့ အချိန်မှာ ပတူအုံကို တုတ်နဲ့ သွားထိုးလိုက်သလို ဖြစ်သွားပုံရတယ်။ ကယ်လီဖိုးနီးယားမှာရှိတဲ့ မြေငလျင်တိုင်းတာစက်မှာ လာပေါ်နိုင်လောက်တဲ့ မြေငလျင်မျိုးဟာ မင်းကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာ မင်း မသိပါဘဲနဲ့ ဝါရှင်တန်က ပင်တဂွန် စစ်ရုံးမှာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီကိစ္စကြောင့် မင်းဟာ ရေတပ်မတော်မှာ အရေးပါဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့ရတယ်။ သူတို့အမြင်မှာ ငါက အပယ်ခံ အငြိမ်းစား စစ်ဗိုလ်တစ်ယောက်ပဲ ဖြစ်နေတယ် ဆိုတော့ ငါ့ကို အတွင်းရေးကိစ္စတွေမှာ သိခွင့်မပေးကြဘူး။ ကာကွယ်ရေးဦးစီးချုပ်တွေက ငါ့ကို ဟာဝေယန်ကျွန်းကို လေယာဉ်ပျံနဲ့ အမြန်ဆုံး သွားပါတဲ့။ သွားပြီးတော့ မင်းလုပ်ရမယ့် တာဝန်အသစ်ကို ရှင်းပြပြီး မင်းကို ရေတပ်မတော်ကို ခေတ္တ လွှဲပေးတဲ့ ကိစ္စကိုပါ စီစဉ်ပေးပါလို့ ယဉ်ယဉ်ကျေးကျေးကလေး မေတ္တာရပ်ခံခဲ့ကြတယ်လေ"

ပစ်၏မျက်လုံးများသည် ကျဉ်းမြောင်းသွားကြတော့သည်။

"ဒီကိစ္စကို ဘယ်သူက စတာလဲ"

"အမှတ် (၁၀၁) ဆယ်ယူရေး သင်္ဘောအုပ်စုက ရေတပ်ဗိုလ်ချုပ်ကြီး လိတ်ဟန်းတားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တကယ် ပြောနေတာလား"

"မင်းကို ပေးပါလို့ သူကိုယ်တိုင် တောင်းတာလား"

ပစ်က သူ့ခေါင်းကို ဒေါသနှင့် ခါယမ်းပစ်လိုက်၏။

"ဒါ ရှုံးတဲ့ကိစ္စပဲ၊ ကျုပ်က ငြင်းတယ်ဆိုရင်ကော ဘာဖြစ်လာမလဲ"

"ဒါဆိုရင် ငါက မင်းကို သတိပေးရတော့မှာပေါ့ကွာ"

ဆန်ဒက်ကာက တည်ငြိမ်စွာ ပြောလိုက်၏။

"မင်းက (အမျိုးသား ပင်လယ်ရေအောက် သုသေတသနအဖွဲ့) နူးမားမှာ အဆင့်မြင့်မြင့်ရာထူးကို ရထားတဲ့တိုင်အောင် မင်းကိုယ်တိုင်က လေတပ်မတော်မှာ မေဂျာအဆင့်နဲ့ ကိုယ်ထိလက်ရောက် အလုပ်လုပ်နေတုန်းပဲ။ ပြီးတော့လည်း ကာကွယ်ရေးဦးစီးချုပ်တွေဟာ အမိန့်မနာခံတဲ့ ကိစ္စကို သိပ်မကြိုက်ဘူးလေ"

ပစ်က ဆန်ဒက်ကာအား မကျေနပ်သော မျက်လုံးအစုံနှင့် ပြန်ကြည့်လိုက်၏။

"ကျုပ်ကို သုံးရင် ဖြစ်မယ် မထင်ပါဘူးဗျာ"

"ဘာဖြစ်လို့ အလုပ် မဖြစ်ရမှာလဲ၊ အလုပ်ဖြစ်ပါတယ်ကွ"

ဆန်ဒက်ကာက ပြန်ပြောလိုက်၏။

"မင်းဟာ အင်မတန်တော်တဲ့ အဏ္ဏဝါဗေဒ အင်ဂျင်နီယာတစ်ယောက်ပါ။ ငါ့ဆီမှာရှိတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အတော်ဆုံး ပုဂ္ဂိုလ်ပဲ။ ငါက ဟန်းတားကို အဲဒီအတိုင်း ပြောင်ဖွင့်ပြောပြီးပြီ"

"ခင်ဗျားတို့ ထည့်ပြီး မစဉ်းစားသေးတဲ့ တခြားပြဿနာတွေလည်း ရှိသေးတယ်ဗျ"

ပစ်က လေသံပျော့ပျော့နှင့် ထပ်ပြောလိုက်ခြင်း ဖြစ်သည်။

"မင်းက ဟန်းတားသမီးနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတဲ့ကိစ္စကို ပြောချင်တာလား"

ပစ်က တစ်ကိုယ်လုံး တောင့်တင်းသွား၏။

"အဲဒီ စကားကြောင့် ခင်ဗျား ဘာဖြစ်သွားတယ်ဆိုတာ ခင်ဗျား သိလား ဗိုလ်ချုပ်ကြီး"

"ငါက ကောက်ကျစ်စဉ်းလဲတဲ့ ခွေးမသားတစ်ကောင် ဖြစ်သွားတာပေါ့ကွာ"

ဆန်ဒက်ကာက အားရကျေနပ်မှု ရှိသောလေသံနှင့် ပြောလိုက်၏။

"တကယ်တော့ ခုကိစ္စဟာ မင်း သိဖို့ ကြိုးစားထားတာတွေထက် ပိုပြီး လေးနက်နေတယ်ကွ"

"ခင်ဗျားစကားက ထိတ်လန့်စရာကောင်းလိုက်တာဗျာ"

ပစ်က အထင်မကြီးသောလေသံနှင့် ပြောလိုက်၏။

ဆန်ဒက်ကာက လေးလေးနက်နက် ပြန်ပြောလိုက်သည်။

"ငါက အဲဒီသဘောနဲ့ တမင် ပြောလိုက်တာကွ။ မင်းက လုပ်ငန်း





အသစ်တစ်ခုကို လေ့လာဖို့ ရေတပ်မတော်ကို သွားရလိမ့်မယ်။ မင်းဟာ ဟန်းတားနဲ့ ငါ့အကြားမှာ ဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ပေးရလိမ့်မယ်။ ဟောဒီကိစ္စ ပြီးစီးမသွားခင် တို့တစ်တွေအားလုံး ဒီလုပ်ငန်းထဲမှာ ငယ်ထိပ်အထိ နစ်မြုပ်နေကြမှာပဲ၊ ရေတပ်မတော်က တောင်းခံတဲ့ အချက်အလက်အားလုံးကို နူးမားက အကူအညီပေးရမယ်လို့ အမိန့်ထုတ်ထားတယ်"

"ပဟေဠိကိရိယာရော"

"သူတို့တောင်းရင် လုပ်ပေးရမှာပေါ့"

"လွန်ခဲ့တဲ့ခြောက်လလောက်က ပျောက်သွားတဲ့ရေငုပ်သဘောကို လိုက်ရှာတဲ့ကိစ္စဟာ လွယ်မှာ မဟုတ်ဘူး"

ဆန်ဒက်ကာက ပြောလိုက်၏။

"စတားဘတ်ခ်က ခုကိစ္စမှာ တစ်ဝက်တစ်ပျက်လောက်ပဲ ပါတာပါ။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်အတွင်းက ဟာဝေယံကျွန်းတွေရဲ့ မြောက်ဘက်မှာရှိတဲ့ စက်ဝိုင်းသဏ္ဌာန်ဧရိယာထဲကို မောင်းထွက်သွားပြီး ပျောက်သွားကြတဲ့ သဘော် (၃၈) စီးရဲ့ အဖြစ်အပျက်မှတ်တမ်းတွေကို ရေတပ်မတော်က ပြုစုထားတယ်။ အဲဒီလို ဘာဖြစ်လို့ ဖြစ်ရသလဲ ဆိုတာကို သူတို့က သိချင်နေကြတယ်"

"အက်တလန်တစ်နဲ့ အိန္ဒိယသမုဒ္ဒရာထဲမှာလည်း သဘော်တွေ ပျောက်ပျောက်နေတာပဲ။ အဲဒီကိစ္စဟာ မကြားဖူးဘူးသေးတဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး"

"မှန်တယ်၊ သာမန် သဘော်နစ်တဲ့ကိစ္စတွေမှာ ရေပေါ်မှာပေါ်နေတဲ့ သဘော်ပျက်အစအနပိုင်းလေးတွေ၊ ဆီကွက်ကြီးတွေ၊ ပြီးတော့ အလောင်းတွေတောင် သက်သေ အထောက်အထားနဲ့ ချန်ထားခဲ့ကြသေးတယ်။ ကမ်းခြေဆီကို မျောပါလာတဲ့ အပိုင်းအစအနလေးတွေက ပျောက်သွားတဲ့ သဘော်တစ်စီးရဲ့ ကံကြမ္မာကို ဖော်ပြတတ်ကြတယ်။ ဒါပေမယ့် ဟာဝေယံဝဲကတော့ကြီးထဲမှာ နစ်မြုပ် ပျောက်ကွယ်သွားကြတဲ့ သဘော်တွေနဲ့ ပတ်သက်လာရင်တော့ ဘယ်လို ပစ္စည်းမျိုးမှ ပြန်ပေါ်လာလေ့ မရှိခဲ့ကြဘူး"

"ဟာဝေယံဝဲကတော့၊ ဟုတ်လား"

"အဏ္ဏဝါအဖွဲ့အစည်းတွေမှာရှိတဲ့ သဘော်သားတွေက ပေးထားကြတဲ့ နာမည်လေ။ အဲဒီ ဧရိယာက ဖြတ်သွားမယ့် သဘော်တွေမှာ သူတို့က သဘော်သားအဖြစ် မလိုက်ရဲကြဘူး"

"သဘော်သုံးဆယ့်ရှစ်စီး ဟုတ်လား"

ပစ်က ခပ်ဖြည်းဖြည်းလေး ပြောလိုက်၏။ သူက စိတ်ဝင်စားပြုလာလေပြီ။

"အဲဒီ သဘော်တွေက ရေဒီယိုနဲ့ ဆက်သွယ်မှု မရှိခဲ့ကြဘူးလား၊ ကယ်ပါ၊ ကူညီပါ ဆိုတဲ့ အသံလွှင့်ချက်ကို မလွှင့်ဘဲနဲ့ ရေထဲကို မြုပ်သွား



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတဲ့ သင်္ဘောတစ်စီးဟာ စက္ကန့်ပိုင်းအတွင်း ရေထဲကို မြုပ်သွားမှာ ဖြစ်လိမ့်မယ်"

"ကယ်ပါ၊ ကူညီပါ၊ ဒုက္ခရောက်နေပါပြီဆိုတဲ့ အသံလွှင့်ချက်ကို ဘယ်တုံးကမှ မရခဲ့ဖူးဘူး"

ပစ်က ဘာမှ ပြန်မပြောချေ။

ဆန်ဒက်ကာသည် ဝီစကီကို မျှဉ်းသောက်ရင်း ထိုင်နေသည်။ သူ့အယူအဆကို ထပ်မပြောတော့ပါ။

ပစ်၏ဦးနှောက်ထဲတွင် မေးခွန်းပေါင်း မြောက်မြားစွာသည် အစီအရီ ဖြစ်ပေါ်နေကြသည်။ သို့ရာတွင် ပျောက်သွားသော သင်္ဘောများနှင့် ပတ်သက်၍ သီအိုရီ တစ်ခုခုကို တည်ဆောက်ပြရန် ပစ်အတွက် စောလွန်းနေပါသေးသည်။

တိတ်ဆိတ်ငြိမ်သက်မှုသည် ဖြစ်သင့်သည်ထက် ပို၍ ကြာမြင့်သွားသောအခါ နောက်ဆုံးတွင် ပစ်က စပြောရတော့သည်။

"ကောင်းပြီလေ၊ သင်္ဘောသုံးဆယ့်ခုနစ်စီးက ဆိပ်ကမ်းကို ပြန်မရောက်နိုင်ဘူး ထားပါ။ သုံးဆယ့်ရှစ်စီးမြောက်က စတားဘတ်ခ် မဟုတ်လား၊ စတားဘတ်ခ်ရဲ့ နေရာ အတိအကျကို ရေတပ်မတော်က သိထားတယ် မဟုတ်လား။ သူတို့က ဘာကို စောင့်နေကြတာလဲ၊ သူတို့က စတားဘတ်ခ် မြုပ်တဲ့နေရာကိုသာ သိရင် ပေ (၁၈၀) နက်တဲ့ ရေထဲက စတားဘတ်ခ်ကို ပြန်ဆယ်ဖို့ဆိုတဲ့ကိစ္စမှာ ဘုရားသခင်က ဝင်ပြီး မ,ပေးစရာ မလိုတော့ပါဘူးလေ"

"အဲဒီလောက်ထိအောင် မလွယ်ဘူးကွ"

"ဘာဖြစ်လို့ မလွယ်ရမှာလဲ၊ ဟောဒီ ပုလဲဆိပ်ကမ်း အလွန်က အိုဟာဟူမှာတင် ဖာသမ်ခြောက်ဆယ် (ပေသုံးရာ့ခြောက်ဆယ်)အနက်က ရေငုပ်သင်္ဘော F. 4 ကို ရေတပ်မတော်က ဆယ်ခဲ့သေးတာပဲ။ ပြီးတော့ အဲဒါက ၁၉၇၅ ခုနှစ်ကလေ"

"ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ကွန်ပျူတာရဲ့ အကူအညီနဲ့ တွေးတောပြီး အလုပ်လုပ်နေကြတဲ့ ရေတပ်ဗိုလ်ချုပ်ကြီးတွေက မင်းတွေ့လာတဲ့ ပစ္စည်းကို အစစ်လို့ မယူဆကြဘူး"

ပစ်က သက်ပြင်းချလိုက်၏။

"အလိမ်အညာ လုပ်ကြံမှုကြီးတစ်ခုကို လုပ်ကြတဲ့ကိစ္စမှာ အဲဒီပစ္စည်းကို အတုတူ အတတန်နဲ့ ယူလာခဲ့တဲ့ပုဂ္ဂိုလ်ကို သူတို့က သက်သေမကင်း ဖြစ်ကြတယ်ပေါ့လေ"

"အဲဒါမျိုးပဲ"

ပစ်က ဖျစ်ညှစ်ပြီး ရယ်လိုက်၏။

"ဒီတော့ ကျုပ်ကို ရေတပ်မတော်ကို ရွှေ့ခေါ်တာနဲ့ ပတ်သက်ပြီး အဖြေတစ်ခု ရသွားတာပေါ့လေ။ ဟန်းတားက ကျုပ်ကို စောင့်ကြည့်ချင်





တယ်ဆိုတဲ့ သဘောပေါ့"

"မင်းက ဆက်သွယ်ရေးဘူးထဲမှာ ပါတဲ့သတင်းကို ဖတ်ကြည့်တဲ့ အမှားကို ကျူးလွန်ခဲ့တာကိုး။ အဲဒါကြောင့် မင်းဟာ ရိုးရိုးပွဲကြည့်ပရိသတ် ဘဝက ထိပ်တန်းလျှို့ဝှက်အဆင့်မှာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဘဝကို ချက်ချင်း ရောက်ရှိသွားခဲ့တယ်။ ပြီးတော့လည်း အမှတ်တစ်ရာ့တစ် သင်္ဘောအုပ်စုက ငါတို့ရဲ့ F X H တာဝေးရဟတ်ယာဉ်အသစ်ကို ငှားရမ်းချင်ကြတယ်၊ ရေတပ်မှာရှိတဲ့ လေယာဉ်မှူးတွေက အဲဒီရဟတ်ယာဉ်ကို မမောင်းနှင်ဖူးကြသေးဘူး။ မင်းကတော့ မောင်းဖူးတယ်။ ပြီးတော့လည်း နိုင်ငံတကာ ရေပြင်ထဲမှာဆိုရင် အရင် ဆယ်နိုင်တဲ့သူ ယူကြေးဆိုတော့ အမေရိကန်အစိုးရနဲ့ မသင့်မမြတ်တဲ့နိုင်ငံတစ်နိုင်ငံက အမေရိကန်အစိုးရရဲ့ ခေတ်အမီဆုံးနဲ့ အသစ်လွင်ဆုံး ရေငုပ်သင်္ဘောကို အမေရိကန်အစိုးရက အရင်ဆယ်ယူတဲ့အတွက် စတားဘတ်ခ် မြုပ်သွားတယ်ဆိုတဲ့ နေရာအတိအကျကို သိချင်တယ်ဆိုရင် အဲဒီနိုင်ငံရဲ့ လျှို့ဝှက်အထောက်တော်တွေက မင်းကို ဖမ်းပြီး သတင်းရအောင် ညှစ်ထုတ်ယူဖို့ဆိုတာ သိပ်ကောင်းတဲ့ အခွင့်အရေးကြီးတစ်ခုပေါ့ကွာ"

"လူသိများပြီး လူချစ်လူခင် ပေါတယ် ဆိုတာ သိပ်ကောင်းတာပေါ့ဗျာ"

ပစ်က စိတ်မပါဘဲ ပြောလိုက်၏။

"စတားဘတ်ခ်ရဲ့ မြုပ်သွားတဲ့နောက်ဆုံးနေရာကို ကျုပ်တစ်ယောက်တည်း သိတယ် မဟုတ်ဘူးဆိုတာ ခင်ဗျား မေ့နေပြီ"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းက အလွယ်ဆုံး ပုဂ္ဂိုလ်ပဲ။ ဟန်းတားနဲ့ သူ့အဖွဲ့သားတွေက ဒီပဟေဠိကို အဖြေညှိဖို့ ပုလဲဆိပ်ကမ်းမှာ (၂၄) နာရီလုံးလုံး အလုပ်ရှုပ်နေကြတယ်လေ"

ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာသည် အလွန် ကြီးမားသော ဆေးပြင်းလိပ်ကြီးတစ်လိပ်ကို ပါးစပ်တွင် တပ်၍ မီးညှိလိုက်ပြီးနောက် စဉ်းစဉ်းစားစားနှင့် ဖွာနေလိုက်သည်။

"မင်းကို ငါ သိသလို သိထားကြမယ်ဆိုရင် ရန်သူက မင်းကို အကြမ်းဖက်စရာတောင် လိုမယ် မထင်ဘူး။ သူတို့က ဆွဲဆောင်မှု အများဆုံးရှိတဲ့ မာတာဟာရီလို အမျိုးသမီးကို အနီးဆုံး အရက်ဆိုင်ကို လွှတ်ပြီး မင်းကို ခေါ်လာခိုင်းလိုက်ရုံပဲ"

ဖျတ်ခနဲ မျက်နှာပျက်သွားသော ပစ်၏မျက်နှာကို မြင်လိုက်ရသော်လည်း ဆန်ဒက်ကာသည် သတိထားမိဟန် မပြဘဲ ဆက်ပြောသွားသည်။

"မင်း သိဖို့အတွက် ငါ ထပ်ပြောရမယ် ဆိုရင် အမှတ် (၁၀၀) သင်္ဘောအုပ်စုဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး လျှို့ဝှက်ဆယ်ယူရေး သင်္ဘောအုပ်စုပဲ"


www.burmeseclassic.com

www.burmeseclassic.com

"လျှို့ဝှက်ဆယ်ယူရေး၊ ဟုတ်လား"

"မင်းကို စကားပြောရတာ တော်တော် လက်ဝင်တယ်ကွာ"

ဆန်ဒက်ကာက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကချီ၍ ပြောတော့မည့်ပုံစံနှင့် ပြောလိုက်၏။

"ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားနဲ့အဖွဲ့ဟာ ကျူးဘားကမ်းခြေနဲ့ ဆယ်မိုင်သာကွာတဲ့ ကာစထရိုရဲ့ မျက်စိရှေ့မှောက်ကထင် ဗြိတိသျှဖုံးကြဲ လေယာဉ်တစ်စီးကို ဆယ်ယူခဲ့ကြတယ်။ ပြီးတော့ လစ်ဗျားကမ်းခြေက နယူးစင်ကြူရီ၊ ဘလက်ဆီးထဲက ဆောက်သ်ဝင်း၊ တရုတ်နိုင်ငံရဲ့ကမ်းခြေက တာရိမာရူး ဆိုတဲ့ သင်္ဘောတွေကို ဆယ်ယူခဲ့ကြတယ်။ အဲဒီလို ဆယ်ယူလိုက်တဲ့ကိစ္စတိုင်းမှာ နစ်သွားတဲ့နေရာနဲ့ သက်ဆိုင်တဲ့ နိုင်ငံတိုင်းဟာ ဘာဖြစ်နေတယ် ဆိုတာကို မသိခင် အမှတ် (၁၀၁) သင်္ဘောအုပ်စုက ဆယ်ခဲ့တာပဲ ဖြစ်တယ်။ ဒီတော့ ဟန်းတားနဲ့ ရေအောက်က အပျက်အစီး ဆယ်တဲ့အဖွဲ့ကို အထင်မသေးနဲ့ကွာ။ သူတို့ဟာ ကမ္ဘာပေါ်မှာ နှစ်ယောက်မရှိဘူး"

ပစ်က ပြောလိုက်၏။

"စတားဘတ်ခ်ကို ဆယ်ဖို့ကိစ္စကို ဘာလို့ လျှို့လျှို့ဝှက်ဝှက်နဲ့ လုပ်နေရတာလဲ"

"အချက်တစ်ချက်ကတော့ ဒူပရီ ပို့လိုက်တဲ့ နောက်ဆုံးနေရာဟာ မဖြစ်နိုင်တဲ့ကိစ္စမို့လို့ပဲ။ သူတို့ ပို့လိုက်တဲ့ သတင်းထဲမှာ ပါတဲ့အတိုင်း အဲဒီ နေရာမှာ စတားဘတ်ခ် ရှိရမယ်ဆိုရင် ဝေဟင်က ပျံသန်းသွားမှ ဖြစ်နိုင်လိမ့်မယ်။ သံမဏိတန်ချိန် တစ်သောင်းရှိတဲ့ သင်္ဘောကတော့ ဘယ်လိုနည်းနဲ့မှ ပျံသန်းနိုင်မှာ မဟုတ်ဘူး"

ပစ်က ဆန်ဒက်ကာအား ခပ်တည်တည် ပြန်ပြောကြည့်လိုက်၏။

"အဲဒီ သင်္ဘော အဲဒီနေရာမှာ ရှိကို ရှိရမှာပေါ့ဗျာ။ ရေအောက်မှာ စုံစမ်းထောက်လှမ်းတဲ့ ကိရိယာတွေဟာ အခုဆိုရင် သိပ်တိုးတက်နေပါပြီ။ စတားဘတ်ခ်ဟာ ပျောက်မြဲ ပျောက်နေတယ်။ ဒါမှမဟုတ် အားလုံးက ဝိုင်းပြီး ရှာနေကြတာတောင် ဘာမှ မတွေ့ကြရဘူး ဆိုတာကတော့ သိပ်မဟုတ်ဘူးလို့ ထင်တယ်"

ဆန်ဒက်ကာသည် ပြောင်သွားပြီ ဖြစ်သော ဖန်ခွက်ကို မြှောက်ပြီး စိုက်ကြည့်နေသည်။

"ပင်လယ်သမုဒ္ဒရာတွေ၊ သင်္ဘောတွေ၊ လူတွေ ရှိနေသရွေ့ကတော့ ဘယ်လိုနည်းနဲ့မှ အဖြေရှာလို့ မရတဲ့ ပဟေဋ္ဌိတွေ ရှိနေကြဦးမှာပဲ။ ပြီးတော့လည်း ရာစုနှစ်ပေါင်းများစွာကြာအောင် သင်္ဘောသားတွေကို ခြောက်လှန့်နေတဲ့ ထောင်ပေါင်းများစွာသော ပဟေဋ္ဌိတွေထဲမှာ စတားဘတ်ခ်ကလည်း တစ်ခုအပါဝင် ဖြစ်နေရမှာပါပဲ"

စိတ်မသက်မသာ ဖြစ်လောက်အောင် ခေတ္တမျှ ငြိမ်ကျသွားပြီး





နောက် ပစ်က ဖန်ခွက်ကို ကြောင်တောင်တောင်နှင့် စိုက်ကြည့်နေသော ဆန်ဒက်ကာအား လှမ်းမေးလိုက်သည်။

"နောက်တစ်ခွက် ထပ်ယူဦးမလား"

"မယူတော့ပါဘူး၊ ကျေးဇူးပါပဲ"

ဆန်ဒက်ကာသည် ဆိုဖာအရှည်ပေါ်မှ ထလိုက်၏။

"ငါ ဝါရှင်တန်ကို ပြန်ဖို့ ဟစ်ကမ်လေယာဉ်ကွင်းမှာ လေယာဉ်ဖျံ တစ်စီး အဆင်သင့် စောင့်နေတယ်။ အခု ငါပြောတာ သဘောလောက်ပဲ ဆိုပေမယ့် ယေဘုယျ အနေအထားကိုတော့ မင်း သိရပါပြီ။ မင်း မနက် (၉း၀၀) နာရီမှာ ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားဆီ သွားပြီး သတင်းပို့ပါ"

ဆန်ဒက်ကာက ဖန်ခွက်ကို ပစ်ထံသို့ ပစ်ပေးလိုက်ရာ ပစ်က ကျင်ကျင်လည်လည်နှင့် ဖမ်းယူထားလိုက်သည်။

"ဒါနဲ့ စကားမစပ်၊ ငါက မင်းရဲ့ ■ကံထောက် စပါယ်ရှယ် ပရိုဂျက်ဒါရိုက်တာကို မင်းနဲ့ အတူတူ တွဲလုပ်နိုင်အောင် စီစဉ်ပေးထားတယ်"

"အယ်လ်ဂျီအိုဒီနိုကို ပြောတာလား"

"ဟုတ်တယ်၊ ငါက သူ့ကို ဟာဝေယံဝဲကတော့ကိစ္စ မပြေမလည် မချင်း လိုရယ်လီရေစီးကြောင်း ပရိုဂျက်ထဲက ခေတ္တယာယီ ဆွဲထုတ်ထားလိုက်တယ်"

"ခင်ဗျား ပြောသမျှတွေထဲမှာ ခု ပြောတဲ့ကိစ္စဟာ အားရစရာ အကောင်းဆုံး သတင်းပဲ"

"ပြီးတော့လည်း မင်းက ရေတပ်မတော်က ပုဂ္ဂိုလ်ကြီးတွေကို လိုအပ်တာထက် ပိုပြီး ဒုက္ခမပေးနဲ့ပေါ့ကွာ"

"ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားက ကျွန်တော့်အကြောင်း ဖော်ကောင် လုပ်လိုက်ပြီ ထင်တယ်"

ဆန်ဒက်ကာက ပြုံးလိုက်၏။

"ရေတပ်မတော်က အရာရှိတွေရဲ့ အပြုအမူ၊ အကျင့်အကြံနဲ့ ပတ်သက်ပြီး မင်း ပြောလိုက်တဲ့မှတ်ချက်က မင်းကိုပါ အလိုလို ပတ်သက်သွားစေတယ်လို့ ဆိုကြရမှာပေါ့လေ"

"အဲဒီလိုတော့ အတိအကျ ပြောလို့ မရပါဘူး ခင်ဗျာ"

ပစ်က ဝေ့လည်ကြောင်ပတ် ပြောလိုက်၏။

"ဆရာက ပင်စင်ယူပြီးပြီပဲ ဥစ္စာ"

ဆန်ဒက်ကာ၏ ထူထဲသော မျက်ခုံးမွေးကြီးများသည် နီရဲသော ဆံပင်အထွေးနှင့် နီးကပ်သွားလုမတတ် မြှောက်တက်သွားကြသည်။

"မင်း ဟန်းတားနဲ့ ပြေပြေပြစ်ပြစ် ဖြစ်အောင် ဆက်ဆံပါကွာ။ မင်းတို့အချင်းချင်း မသင့်မတင့် မပြေမလည် ဖြစ်တဲ့ကိစ္စလေးတွေကို လိုက်ပြီး ဖြေရှင်းပေးဖို့ ငါ့မှာ အချိန်မရှိဘူးကွ"

ပစ်သည် သူ့ဦးခေါင်းကို လေးလေးပင်ပင် ခါယမ်းလိုက်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

မပွင့်တပွင့် ရေရွတ်လိုက်၏။

"တစ်ခါတလေကျတော့လည်း ဥယျာဉ်မှူးအလုပ်လို ရှုပ်ရှုပ်ထွေးထွေး မရှိလှတဲ့ အလုပ်မျိုးကို ရွေးပြီး လုပ်ခဲ့မိရင် အကောင်းသားလို့ တွေးမိပါတယ်။ အခုချိန်ဟာ အဲဒီလို အချိန်မျိုးပဲ"

"အဲဒီလို တွေးတာ မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွာ"

ဆန်ဒက်ကာက အောင်နိုင်သူတစ်ဦး၏လေသံနှင့် ပြောလိုက်၏။

"ငါကိုယ်တိုင်လည်း အကြိမ်ပေါင်း တစ်ရာမက ဆုတောင်းမိပါတယ်"

"မှန်လိုက်လေဗျာ"

ပစ်က ရယ်လိုက်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အသက်ချင်း နှစ်ပေါင်းသုံးဆယ်ခန့် ကွာခြားကြပြီး ဝေါတော့တော့ ထွေတော့တော့ စကားများကို မကြာခဏ ပြောဆိုနေကြသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက်အကြားတွင် ရှိသော ရင်းနှီးချစ်ခင်မှုသည် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

"ငါ သွားရင် ကောင်းလိမ့်မယ် ထင်တယ်"

ယခု အချိန်တွင် ဆန်ဒက်ကာသည် မပြုံးတော့ပါ။ ဇရာ၏ ထုထောင်းမှုကို ခံနေရသော ထိုမျက်နှာသည် ကြောင့်ကြစိုးရိမ်မှုကို ထင်ထင်ရှားရှား ဖော်ပြနေသည်။

"အခုကိစ္စ ဘယ်လိုဘယ်ပုံ ဖြစ်လာမလဲ ဆိုတာ ငါ လုံးဝမခန့်မှန်းတတ်သေးဘူး။ ဒါပေမယ့် မင်း ကံကောင်းပါစေကွာ"

ပစ်သည် ဗိုလ်ချုပ်ကြီး၏လက်အား ဆုပ်ကိုင်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ရောင်းရင်းရယ်။ လမ်းခရီးမှာ ဖြောင့်ဖြူးပါစေ"

"အေး၊ ငါ မေ့သွားတော့မလို့၊ မင်းအဖေက သူ့ဆီကို ခုထက်ပို ပြီး စာရေးပါဦးလို့ ပြောလိုက်တယ်"

"အဘိုးကြီး နေကောင်းရဲ့လား"

"သူက အောက်လွှတ်တော်နဲ့ အိမ်ဖြူတော်ကို ဒုက္ခပေးနေတုန်းပဲ"

"ဒါဆိုရင် နေကောင်းတာပေါ့"

ပစ်သည် တံခါးကို ဖွင့်လိုက်ပြီးနောက် ဆန်ဒက်ကာ၏လက်ကို နောက်တစ်ကြိမ် ဆုပ်ကိုင်လိုက်ပြန်သည်။

"ဂွတ်ဘိုင်"

"မင်းကိုယ်မင်း ဂရုစိုက်ပါကွာ"

ပစ်သည် တံခါးကို ပြန်ပိတ်လိုက်ပြီးနောက် စကားဘက်ခ် တကယ် နှစ်မြုပ်သည် ဆိုသောကိစ္စမှာ ဟုတ်မှ ဟုတ်ပါလေစဟု တွေးနေလိုက်မိလေသည်။

⚓



(၅)

ပစ်သည် အသားပေါ်မှ မွေးညင်းပေါက်ကလေးများ ပွင့်ထွက်သွားအောင် ကျွက်ကျွက်ဆူနေသော ရေနွေးရေပန်းနှင့် ချိုးလိုက်ပြီးနောက် ရေအေးနှင့် လက်စသတ် ရေချိုးလိုက်သည်။

သူသည် ရေပိုက်အောက်မှ ထွက်လိုက်ပြီးနောက် ယမန်နေ့ညမှ မှတ်ဆိတ်မွေးတိုနံ့နံ့ကို အချိန်ယူ၍ ရိတ်လိုက်သည်။ သူသည် ဟန်းတား၏ ရုံးချုပ်သို့ အချိန်မှန် ရောက်အောင် သွားဖို့ မရည်ရွယ်ပါ။ ဒီအဘိုးကြီးကို ပထမဦးဆုံးနေ့မှာပင် ရိုရိုကျိုးကျိုး ဆက်ဆံခြင်းဖြင့် သူ့ကိုယ်သူ အထင်ကြီးသွားအောင် မလုပ်သင့်ဟု ပစ်က တွေးပြီး မှန်ထဲတွင် ရွံစရာကောင်းအောင် ရှုံ့ရှုံ့မဲ့မဲ့ ပြုံးပြလိုက်၏။

ပစ်က ပန်းရောင် ရှပ်အင်္ကျီနှင့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် မဟာပုရိသ ယောက်ျားတို့၏ ရှုပ်ရှုပ်ထွေးထွေး လုပ်ငန်းတစ်ခု ဖြစ်သော လည်စီးချည်နှောင်သည့်လုပ်ငန်းကို ဆောင်ရွက်နေစဉ် မိမိကိုယ်ကို ကာကွယ်ရန် ပစ္စည်းတစ်ခုခုကို ယူဆောင်သွားသင့်သည်ဟု စိတ်ကူးပေါက်လာသည်။

သူ့ကို လုပ်ကြံရာတွင် ဆမ်းမားကတော့ မအောင်မြင်ခဲ့ချေ။ သို့ရာတွင် နောက်တစ်ကြိမ် လုပ်ကြံမည်ဆိုပါက ဆမ်းမား၏လုပ်ငန်းရှင်များက ပထမတန်းစား လူသတ်အဖွဲ့ကို စေလွှတ်ကောင်း စေလွှတ်နိုင်သည် ဖြစ်ရာ ပစ်သည် အချိန် ကြာလာသည်နှင့်အမျှ ဘိုအောင်မင်းအောင် အသက်ရှည်ရှည် နေရမည့်အရေးနှင့် တဖြည်းဖြည်း ဝေးကွာသွားနိုင်ပေသည်ဟု တွေးမိတော့သည်။

သူသည် အဆင့်မြင့်မြင့် လေ့ကျင့်ထားကြသော ထောက်လှမ်းရေး အေးဂျင့်များနှင့် လက်နက်မဲ့တိုက်ပွဲ ဆင်နွှဲရန် ရည်ရွယ်ချက် မရှိပါ။

မော်ဇာပစ်ပတိုမိုဒယ် အမှတ် ၇၁၂၊ သေနတ်နံပါတ် ၅၄၀၅သည် အလွန် အရုပ်ဆိုးသော သေနတ်တစ်လက် ဖြစ်သည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ငယ်တိုင်းတွင် တစ်ခုနှင့်တစ်ခု မတူဘဲ ခြားနားသော ပုံသဏ္ဌာန်များ ရှိတတ်ကြသည်။

အချို့သော သေနတ်များက မျက်စိအမြင်တွင် ကြောက်စရာကောင်းသည်။

အချို့က အစွမ်းထက်မည့်ပုံ ပေါ်လွင်သည်။

အချို့က သွေးဆာနေပုံရသည်။

သူ၏အဝတ်အစားသေတ္တာထဲမှ ပစ် နှိုက်ယူလိုက်သောသေနတ်သည် ပုံပန်းသဏ္ဌာန် ထူးခြားနေသည်သာမက တစ်ချက်ချင်း ပစ်ခတ်နိုင်သလို ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရုံမျှနှင့် စက်သေနတ်ကဲ့သို့ အတွဲလိုက် ပစ်ခတ်နိုင်သော ထူးခြားသည့်သေနတ် ဖြစ်သည်။ သို့ရာတွင် ထိုသေနတ်နှင့် ဆင်ဆင်တူသော သေနတ်ညီအစ်မဟု ခေါ်ဆိုရမည့် ဆယ်တောင့်ဝင် မီလစ်ထရီပစ္စတိုကို သုံးစွဲသူများက ပို၍ နှစ်ခြိုက်ကြသည်ဖြစ်ရာ မိုဒယ်အမှတ် ၇၁၂ ရှဲလ်ဖူရာပစ္စတိုကို အနည်းငယ် ထုတ်လုပ်ခဲ့ရသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင်ရှိ သေနတ်ဝါသနာအိုး အချို့ကသာ အဆိုပါ မိုဒယ်ကို နမူနာအဖြစ် စုဆောင်းထားနိုင်စွမ်း ရှိကြပေသည်။ ထိုသေနတ်များသည် ပြောင်းဝကို တည့်တည့် ကြည့်နေရသူများအား ကြောက်လန့်သွားအောင် ခြောက်လှန့်နိုင်စွမ်းရှိသော သေနတ်တစ်လက် ဖြစ်သည်။

ပစ်သည် ထိုသေနတ်ကို အိပ်ရာပေါ်သို့ ဖော့ဖော့ဆဆ ပစ်တင်လိုက်ပြီးနောက် အဝတ်အစားထည့်သောသေတ္တာထဲသို့ နောက်တစ်ကြိမ် လက်နှိုက်ပြီး သေနတ်ဒင်အဖြစ် ပခုံးတွင် ထောက်၍ ပစ်နိုင်သည်သာမက သေနတ်ထည့်သော ပခုံးစလွယ်သိုင်းအိတ်ထဲသို့ ထပ်ဆင့် အသုံးပြုသည့် သစ်သားသေနတ်ဒင်တစ်ခုကို ထုတ်ယူလိုက်သည်။ ထိုသေနတ်အိတ်မှ တစ်ဖက်သို့ ရှုသွားသော ထိပ်တစ်ဖက်တွင် သတ္တုချောင်းကလေးများကို တပ်ဆင်ထားသည်။ သတ္တုချောင်းကလေးများကို သေနတ်ပေါ်မှ အထစ်ကလေးများထဲသို့ ထိုးသွင်းလိုက်သည်နှင့်တစ်ပြိုင်နက် ထိုသေနတ်အိတ်သည် ကာဘိုင်သေနတ်သဖွယ် အဝေးသို့ ပစ်ခတ်နိုင်သော သေနတ်ဒင်အဖြစ် ပြောင်းလဲသွားတော့သည်။ ထိုသေနတ်အား အတွဲလိုက်ပစ်သည့်အခါ ထိုသေနတ်ကို အသုံးပြုသူသည် ထိုသေနတ်ဒင်ကို ကိုင်ကွယ်၍ အသုံးပြုရန် ထိုသေနတ်ဒင်သည် မရှိမဖြစ် လိုအပ်ပေသည်။

ထို့နောက် ပစ်သည် ထိုသေနတ်ကို ကျည်ဆန်ငါးဆယ် ပါသော ကျည်တစ်ကပ်နှင့်အတူ သေနတ်အိမ်ထဲသို့ ထည့်၍ အရုပ်ဆိုးလှသော ထိုလူသတ်ကိရိယာကို မျက်နှာသုတ်ပဝါနှင့် ထုပ်လိုက်သည်။

ဓာတ်လှေကားသည် ညကနှင့် မတူဘဲ မြေညီထပ်သို့ မရောက်မီ ဓာတ်လှေကား စီးနင်းမည့်ပုဂ္ဂိုလ်များကို တင်ဆောင်လာခဲ့သည်။





ပစ် ယူဆောင်လာသော မျက်နှာသုတ်ပဝါထဲတွင် မည်သည့်ပစ္စည်း ပါရှိလာသည်ကို ဓာတ်လှေကားစီးနင်းသူများ သိရှိသွားကြမည်ဆိုပါက မည်သို့မည်ပုံ ရှိကြလေမည်နည်းဟု ပစ်က တွေးကြည့်လိုက်သည်။ ထိုလူစုသည် မြေညီထပ်သို့ အရောက်၌ ဓာတ်လှေကားထဲမှ ထွက်သွားကြသည့်အခါ ပစ်သည် ဘီဟု အမှတ်အသား ပြထားသော ခလုတ်ကိုနှိပ်၍ မော်တော်ကား ထားရှိသော မြေတိုက်ခန်းထဲသို့ ဆင်းခဲ့သည်။ ပစ်သည် အေဒီကိုဘရာ မော်တော်ကားကို သော့နှင့် ဖွင့်လိုက်ပြီးနောက် ယာဉ်မောင်းထိုင်ခုံနောက်ဘက်ရှိ ကျဉ်းမြောင်းသောကြားကလေးထဲသို့ မော်ဇာပစ္စတိုကို ထိုးထည့်လိုက်လေသည်။ ထို့နောက် ပစ်သည် ယာဉ်မောင်းသူနေရာတွင် ဝင်ထိုင်လိုက်၏။

သူသည် ထွက်ပေါက်မှ မောင်းထွက်လာခဲ့ပြီးနောက် ကာလာကွာရိပ်သာလမ်းထဲတွင် ရှိနေသော ယာဉ်ကြောထဲသို့ မောင်းဝင်ပြီး မြို့၏ မြောက်ဘက်အစွန်ဆီသို့ ဦးတည်၍ မောင်းနှင်လိုက်သည်။

လမ်း၏တစ်ဖက်တစ်ချက်တွင် စီတန်း၍ ရှိနေကြသော အုန်းထန်းပင်များ၏ပင်စည်များသည် တစ်လမ်းလုံး ပြည့်အောင်ရှိနေသည့် ခေတ်မီရုံးခန်းများနှင့်ဆိုင်ခန်းများပေါ်သို့ ကွေးညွှတ်ကျနေသလို လမ်းဘေးရှိ စင်္ကြံလမ်းပေါ်တွင်လည်း တောက်တောက်ပြောင်ပြောင် ရှိလှသော ရှပ်အင်္ကျီနှင့် အဝတ်အစားများကို ဝတ်ဆင်ထားကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် တိုးတိုးဝှေ့ဝှေ့ သွားလာနေကြသည်။

နေရောင်ခြည်သည် စူးစူးရှရှ ရှိလှသလို ကတ္တရာစေးလမ်းပေါ်မှ ရောင်ပြန်ဟပ်လာသော နေရောင်ခြည်က ပစ်အား မျက်စိမှေးသွားစေသဖြင့် ပစ်သည် လက်ကိုင်ဘီးရှေ့ရှိ ဒက်ရှ်ဘုတ်ပေါ်မှ နေကာမျက်မှန်ကို လက်နှင့် စမ်း၍ ယူလိုက်ရလေတော့သည်။

ပစ်သည် ဟန်းတားနှင့် တွေ့ဆုံရန် တစ်နာရီကျော်ကျော် နောက်ကျနေပြီ ဖြစ်သော်လည်း သူ့ဦးနှောက်က နှိုးဆော်နေသော အချက်အလက်ကလေးတစ်ချက်ကို သိလိုစိတ် ပြင်းပြနေသည်။

သူသည် မည်သည့်ကိစ္စနှင့်တွေ့ရလိမ့်မည်ဟု တပ်အပ် သေချာစွာ ရသော်လည်း သူ သွားရမည့်ခရီးမှာ နှစ်မိုင်တိတိ ဖဲ့ထွက်လာခဲ့ပြီ ဖြစ်သဖြင့် ထိုကိစ္စကို မဆောင်ရွက်ဘဲနှင့် ရှောင်ထွက်မသွားသင့်တော့ပါ။

ပစ်သည် မော်တော်ကားရပ်ရန် နေရာတွင် မော်တော်ကားကို ရပ်ထားခဲ့ပြီးနောက် ပိုလီနီးရှန်းလူမျိုးစုနှင့် သဘာဝသမိုင်းဆိုင်ရာ ဘားနစ်စ်ဖွား အိဘ်သစ်ရှော့ပြတိုက် ဟု သေသေသပ်သပ် ရေးထားသော ဆိုင်းဘုတ်ကလေးရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။

ပင်မ အခန်းကျယ်ကြီးထဲတွင် ကနူးလှေများ၊ ငါးများနှင့် ငှက်များ၊ မြက်နှင့် ဆောက်ထားသော ရေးဟောင်းတဲများ၏ပုံတူတဲများ၊ ရှေးဟောင်း ဟာဝေယံနတ်ဘုရားများ၏ ရုပ်တုများ စသော ပစ္စည်းများကို သေသေ



www.burmeseclassic.com

www.burmeseclassic.com

သပ်သပ် ခင်းကျင်းပြသထားသည်။

ပစ်သည် မှန်သေတ္တာတစ်လုံးထဲတွင် ကနုကမာခွံများကို နေရာတကျ စီ၍ နေရာချနေသော ဆံပင်ဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ပုဂ္ဂိုလ်တစ်ယောက်ကို ရှာတွေ့သွားသည်။

ဂျော့ချ်ပါပါလိုသည် အသားညိုပြီး လုံးဝိုင်းသောမျက်နှာ၊ ကြီးမားသော နှုတ်ခမ်းကြီးများ၊ ရှေ့သို့ ငေါထွက်နေသောမေးစေ့၊ အညိုရောင်မျက်လုံးကြီးများနှင့် ကျက်သရေရှိစွာ ကိုယ်ကို လှုပ်ရှား၍ လမ်းလျှောက်တတ်သော ဟာဝေယံသားစစ်စစ်ပုံစံပေါက်သည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည်။

ထိုသူက မော့ကြည့်လိုက်ရာ လက်ဝှေ့ယမ်းပြလိုက်သော ပစ်ကို မှတ်မိသွားတော့သည်။

"အား - ဒက်ခ်ပါလား၊ မင်း လာတဲ့နေ့တွေဟာ ငါ့အတွက် ပျော်စရာကောင်းတဲ့နေ့တွေပါပဲကွာ။ ကဲ - ထိုင်လို့ပြုလို့ရမယ့် ငါ့ရုံးခန်းထဲ လာကွာ"

ပစ်သည် စိစစ်ချွေတာပြီး သပ်သပ်ရပ်ရပ်ရှိလှသော ရုံးခန်းဆီသို့ သူ့နောက်မှ လိုက်ခဲ့၏။ ပျဉ်ခင်းထားသောကြမ်းပြင်ပေါ်၌ နင်းသွားသော ခြေသံများသည် ကြီးမားသောအခန်းကြီးထဲတွင် ပဲ့တင်ထပ်၍ ကျန်ခဲ့တော့သည်။ ပရိဘောဂများသည် ရှေးဟောင်းပရိဘောဂများ ဖြစ်သော်လည်း ပြောင်ပြောင်လက်လက် ရှိနေအောင် အရောင်တင်ထားသည်။ နံရံသုံးဘက်စလုံးတွင် အပြည့်အနှက်ရှိနေကြသော စာအုပ်များကလည်း ဖုန်တင်ခြင်း အလျှင်းမရှိဘဲ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိနေကြသည်။

ဂျော့ချ်ပါပါလိုသည် သူ့စားပွဲနောက်တွင် ဝင်ထိုင်လိုက်ပြီးနောက် ပစ်အား ဝိတိုရိယခေတ်မှ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

"ကဲ - မိတ်ဆွေကြီး၊ ကာမီဟာမီဟာဘုရင်ကို မြှုပ်နှံထားတဲ့နေရာကို ရှာတွေ့ပြီးပြီလား"

ပစ်က ဆိုဖာကို ကျောမှီ၍ ထိုင်လိုက်၏။

"လွန်ခဲ့တဲ့တစ်ပတ်လုံးလုံး ကျုပ် ကိုနာကမ်းခြေတစ်လျှောက်မှာ ရေငုပ်ပြီး လိုက်ရှာခဲ့ပါတယ်။ ဒါပေမယ့် ဘုရင့်အလောင်းကို မြှုပ်နှံပြီး သင်္ဂြိုဟ်ထားတဲ့နေရာနဲ့ ဆင်ဆင်တူတဲ့ဂူတွေကို ရှာမတွေ့ခဲ့ရပါဘူးဗျာ"

"ကျုပ်တို့ရဲ့ သမိုင်း ဒဏ္ဍာရီတွေ အလိုအရတော့ သူ့ကို ရေအောက်က လိုဏ်ဂူကြီးတစ်ခုထဲမှာ သင်္ဂြိုဟ်ခဲ့တယ်တဲ့။ မြစ်တွေထဲက မြစ်တစ်ခုခုထဲမှာလည်း ဖြစ်ချင် ဖြစ်မှာပေါ့လေ"

"ဒီမှာ ဂျော့ချ်၊ ခင်ဗျားက ကျုပ်ထက် ပိုသိပါတယ်ဗျာ"

ပါပါလိုက ပခုံးကို တွန့်လိုက်၏။

"အေးလေ၊ သူ့ကို မြှုပ်ထားတဲ့နေရာကို ဘယ်သူမှ ရှာမတွေ့ဘဲ သူဟာ အမြဲတမ်း ငြိမ်းငြိမ်းချမ်းချမ်းနေရမယ်ဆိုရင် ပိုကောင်းတာပေါ့လေ"





"ခင်ဗျားတို့ရဲ့ ဘုရင်ကြီးကို ဘယ်သူမှ ဒုက္ခမပေးချင်ကြပါဘူး။ သချိုင်းထဲမှာ ရတနာတွေကို မြှုပ်နှံထားခြင်းလည်း မရှိပါဘူး ကာမီဟာမီဟာသည်ဂရိတ်ကို ရှာတွေ့ရင် အရေးပါသော ရှေးဟောင်းသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိချက်တစ်ခုပဲ ဖြစ်မှာပါ။ အဲဒီထက် မပိုပါဘူး။ ပြီးတော့လည်း သူ့အရိုးတွေဟာ စွတ်စိုနေတဲ့ လိုဏ်ဂူထဲမှာ မနေရတော့ဘဲ အားလုံးက ရှိသေကြရမယ့် ဟိုနိုလူလူက ဂူအသစ်ကလေးမှာ နေရတော့မှာပေါ့လေ"

ဂျော့ချ်ပါပါလို၏မျက်လုံးများသည် ဝမ်းနည်းသွားပုံရသည်။

"ကျုပ်တို့ရဲ့ ဘုရင်ကြီးဟာ ခင်ဗျားတို့လို နိုင်ငံခြားသားတွေက ကိုးရိုးကားရား ဝိုင်းကြည့်တာကို ခံမှ ခံချင်ပါ့မလား မသိဘူး"

"အခုဆိုရင် သူ့နိုင်ငံထဲက ရှစ်ဆယ်ရာခိုင်နှုန်းလောက်ရှိတဲ့ နေရာတွေမှာ အရှေ့တိုင်းသားတွေ လာရောက် နေထိုင်ကြတယ် ဆိုတာ သူသိထားရင် အမေရိကန်နိုင်ငံက ကျုပ်တို့လို နိုင်ငံခြားသားတွေ လာကြည့်တာကို သူ သည်းညည်းခံချင် ခံမှာပါ"

"ဝမ်းတော့နည်းစရာပဲ၊ ဒါပေမယ့် ခင်ဗျား ပြောတာ သိပ်မှန်တယ်။ ၁၉၄၀ ဆယ်စုနှစ်တုန်းက ဂျပန်တွေက ဗုံးတွေ လက်နက်တွေနဲ့ အရ မယူနိုင်ခဲ့သမျှဟာ ၁၉၇၀ ဆယ်စုနှစ်နဲ့ ၁၉၈၀ ဆယ်စုနှစ်တွေကျတော့ ငွေနဲ့ပေါက်ပြီး အရယူသွားနိုင်ခဲ့ကြတယ်။ တစ်နေ့ကျရင် အိပ်ရာကနိုးလာတာနဲ့တစ်ပြိုင်နက် အိုင်အိုလာနီနန်းတော်ပေါ်မှာ ဂျပန်အလံ လွှင့်ထူထားတာကို တွေ့မယ်ဆိုရင် သိပ်အံ့ဩမိမှာ မဟုတ်ဘူး"

ပါပါလိုသည် မျက်နှာသေကြီးနှင့် ပစ်အား ခပ်မှန်မှန် ပြန်ကြည့်လိုက်သည်။

"ကျုပ်တို့လူမျိုးအတွက် အချိန်သိပ်မကျန်တော့ဘူး။ မျိုးနွယ်ဆက်နှစ်ဆက် ဒါမှမဟုတ် သုံးဆက်လောက် ကြာသွားရင် ကျုပ်တို့လူမျိုးတွေဟာ အခြားလူမျိုးတွေနဲ့ ရောနှောပြီး လုံးဝ ပျောက်ကွယ်သွားလိမ့်မယ်။ ကျုပ်တို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေဟာ ကျုပ်တို့နဲ့အတူ ပျောက်ကွယ်သွားလိမ့်မယ်။ ဟာဝေယံသွေးစစ်စစ်ပါတဲ့ ကျုပ်မိသားစုမှာ ကျုပ်ဟာ နောက်ဆုံးပုဂ္ဂိုလ်ပဲ"

သူက သူ့အခန်းကို လက်နှင့် ဝှေ့ယမ်းပြလိုက်၏။

"ဒါကြောင့် ကျုပ်က ဒီနေရာကို ကျုပ်ဘဝတစ်ခုလုံး အလုပ်လုပ်ရမယ့်နေရာအဖြစ် သတ်မှတ်ထားလိုက်တာပေါ့လေ။ ဒါကတော့ ချုပ်ငြိမ်းသွားတော့မယ့်ဆဲဆဲ ကျုပ်တို့လူမျိုးစုရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ပါပဲ"

ပါပါလိုသည် စကားကို ရပ်တန့်လိုက်ပြီးနောက် ပြတင်းပေါက်ငယ်ကလေးမှတစ်ဆင့် ကူးလောတောင်တန်းကြီးဆီသို့ငေးကြည့်နေသည်။

မှုန်မှိုင်းနေသော အညိုရောင် မျက်လုံးကြီးများထဲတွင် အတိတ်မှ



www.burmeseclassic.com

www.burmeseclassic.com


အရိုပ်များ ပြည့်နှက်နေသည်။

"ကျုပ် အသက်ကြီးလာလေလေ တွေးစရာတောစရာတွေက ပိုများလာလေလေပဲ။ ဒါပေမယ့် မင်းက အဘိုးကြီးအို တစ်ယောက် ပေါက်တတ်ကရ ပြောတာတွေကို နားထောင်ဖို့ လာတာတော့ မဟုတ်ဘူး။ မင်းက ဘာသိချင်လို့လဲ"

"ကျုပ်ဟာ ဟာဝေယံဝဲကတော့ ဆိုတဲ့နေရာအကြောင်း နည်းနည်းကျဉ်းကျဉ်း သိချင်လို့ပါ"

ပါပါလိုသည် အတန်ငယ်ကြာအောင် အတွေးနက်သွားပုံရပြီးနောက် လေသံကလေးဖြင့် ခပ်တိုးတိုးကလေး ပြောလိုက်၏။

"အေ ကာ မာ ကာနီ ဟီမာ ပါကာ မောနာ အို ကနိုလီ အီကာ အေ ကာနာကာ ကီ ကွာဟိဝိ ဟူးပီ"

ပစ်က ပြောလိုက်သည်။

"ဟာဝေယံဘာသာဟာ တော်တော် ဂီတသံပေါက်တဲ့ ဘာသာစကားပဲ။ အဓိပ္ပာယ်ကရောဗျာ"

"ဟုတ်တယ်၊ အဲဒါကို အကြမ်းဖျင်း ဘာသာပြန်ရရင် . . .

တောင်လေသွေးသောအခါ -

ကနိုလီတောင်မကြီးကို မြင်ကြရတာ . . .

တောင်ထိပ်တွင်လည်း လူအပြည့်နှင့်ပါ . . . တဲ့"

"ကနိုလီ၊ ဟုတ်လား"

ပစ်က မေးလိုက်၏။

"ရှေးဟောင်းဒဏ္ဍာရီထဲက မြောက်ဘက်မှာရှိတဲ့ ကျွန်းတစ်ကျွန်းလေ။ ဒဏ္ဍာရီအဆိုရင် လွန်ခဲ့တဲ့ရာစုနှစ်ပေါင်းများစွာက လူမျိုးတစ်စုဟာ ကျွန်းတွေပေါ် ကခွာပြီး ကနူးလှေကြီးတွေနဲ့ အနောက်တောင်အရပ်ဆီကို ထွက်ခွာလာခဲ့ကြတယ်။

သူတို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဟာဝေယံကျွန်းတွေဆီကို ပြောင်းရွှေ့ ထွက်ခွာသွားကြတဲ့ အခြားလူမျိုးစုတွေနဲ့ ဆုံစည်းနိုင်အောင် သမုဒ္ဒရာကြီးကို ကျော်ဖြတ်ပြီး ထွက်ခွာခဲ့ကြတယ်။

ဒါပေမယ့် နတ်ဘုရားတွေဟာ မိမိရပ်ရွာကို စွန့်ခွာပြေးတဲ့ အဲဒီလူတွေကို စိတ်ဆိုးပြီး လမ်းမှားကုန်အောင် ကြယ်တာရာတွေရဲ့ အနေအထားကို ပြောင်းလဲပစ်လိုက်ကြတယ်။ ဒါကြောင့် ကြယ်တာရာတွေကို ကြည့်ပြီး ပင်လယ်ထဲမှာ ခရီးထွက်ခွာလာကြတဲ့လူတွေဟာ လမ်းမှားပြီး ဟာဝေယံကျွန်းတွေနဲ့ လွဲခဲ့တယ်။ ဟာဝေယံကျွန်းတွေရဲ့ မြောက်ဘက် မိုင်ပေါင်းများစွာ ဝေးတဲ့နေရာမှာ ကနိုလီကျွန်းကိုမြင်ကြရပြီး အဲဒီကျွန်းပေါ်မှာ တက်နေခဲ့ကြတယ်။

ကနိုလီကျွန်းဟာ အုန်းပင်အနည်းငယ်နဲ့ သစ်သီးဝလံ အနည်းငယ်က လွဲရင် ရေကောင်းရေသန့်လည်း မရှိ၊ စားပင်သီးပင်လည်း မဖြစ်



ထွန်းတဲ့ မြေညံ့ကျွန်းဖြစ်တဲ့အတွက် သူတို့ နတ်ဘုရားတွေက ကောင်းကောင်း ဒဏ်ခတ်လိုက်တာပဲလို့ ဆိုရလိမ့်မယ်။

ဒီတော့ ကျွန်းသူကျွန်းသားတွေက ယဇ်ပူဇော်မှုတွေကို ပြုလုပ်ကြတဲ့အပြင် နတ်ဘုရားတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ကြတယ်။ ဒါပေမယ့် သူတို့ ဆုတောင်းတွေဟာ အလဟဿ ဖြစ်ကြရတဲ့အတွက် သူတို့က ရက်စက်တဲ့ နတ်ဘုရားတွေကို ပစ်ပယ်ပြီး ကနိုလီကျွန်းကို သာယာတဲ့ ဥယျာဉ်ကြီး ဖြစ်လာအောင် အခက်အခဲ အမျိုးမျိုးကို ကျော်လွှားပြီး ပင်ပင်ပန်းပန်း ကြိုးစားပမ်းစား လုပ်ကိုင်ခဲ့ကြတယ်။ အဲဒီလို ကြိုးစားပမ်းစား လုပ်ကိုင်ရင်း လူပေါင်းများစွာ သေကြရပေမယ့် မျိုးနွယ်ဆက်ပေါင်းလေးငါးဆက်ကို ဖွန်မြောက်လာတဲ့အခါမှ ချော်ခဲချော်မြုပ်တွေသာ ရှိတဲ့ ကနိုလီကျွန်းကို အင်မတန် အဆင့်အတန်း မြင့်မားတဲ့ လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာအောင် တည်ဆောက်နိုင်ခဲ့ကြတယ်။

သူတို့ဟာ သူတို့ရဲ့ကြိုးပမ်းမှုကို အင်မတန် ကျေနပ်မှုရှိတဲ့အတွက် သူတို့ကိုယ်သူတို့ နတ်ဘုရားတွေပဲလို့ ကြေညာခဲ့ကြတယ်"

ပစ်က ပြောလိုက်၏။

"ကျုပ်တို့ဆီက ကွေကာတွေ၊ မော်မွန်တွေနဲ့ ခပ်ဆင်ဆင် တူတာပေါ့နော်"

ပါပါလိုက သက်ပြင်းရှည်ကြီးကို ချလိုက်၏။

"မတူဘူး၊ မင်းတို့လူတွေက ဘာသာရေးကို မှီခို အားထားစရာ လက်ခံထားကြတာ။ ကနိုလီကျွန်းသားတွေကတော့ သူတို့က သူတို့ကိုယ်တိုင် တစ်ခါတုန်းက ပူဇော်ခဲ့တဲ့ နတ်ဘုရားတွေထက် ပိုပြီး အစွမ်းထက်လာတယ်လို့ ယူဆခဲ့ကြတာ။ ဘာပဲပြောပြော သူတို့ နတ်ဘုရားတွေရဲ့ အကူအညီ မပါဘဲနဲ့ နတ်ဘုံနတ်နန်းတစ်ခုကို တည်ဆောက်ခဲ့ကြတာ မဟုတ်လား။ သူတို့က ကိုယ်ကျင့်တရားတွေကို ပစ်ပယ်လိုက်ကြတယ်၊ သူတို့က ကောအိ၊ အိုဟာဟူး၊ ဟာဝိုင်ယီနဲ့ အခြား ကျွန်းတွေကို လာရောက် တိုက်ခိုက်ပြီး လူသတ်မှု၊ လုယက်မှုတွေကို ကျူးလွန်ခဲ့တဲ့အပြင် အချောဆုံး အလှဆုံး အမျိုးသမီးတွေကို ကျွန်အဖြစ်နဲ့ ဖမ်းဆီး ခေါ်ဆောင်သွားလေ့ ရှိကြတယ်။ သူတို့ဗိုလ်ကျသမျှကို အင်မတန် ရှေးကျတဲ့ ဟာဝေယံကျွန်းသားတွေက ငုံ့ခံနေကြရတယ်။ သူတို့ရဲ့ တစ်ခုတည်းသော ဆုံးဖြတ်ချက်ကတော့ သူတို့ နတ်ဘုရားတွေကို ယုံယုံကြည်ကြည် ကိုးကွယ်ဖို့ပဲ။ သူတို့ကို ကယ်တင်ပေးဖို့ ဆုတောင်းခဲ့ကြတယ်။ ဆုတောင်းတဲ့အတိုင်းလည်း ဆုတောင်းပြည့်ခဲ့ကြပါတယ်။ ဟာဝေယံကျွန်း နတ်ဘုရားတွေက ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်လာစေပြီး ဆိုးသွမ်းတဲ့ ကနိုလီယန်တွေကို ထာဝရ ဖုံးအုပ်လိုက်တယ်"

"ကျုပ်တို့ဆီမှာလည်း အဲဒီလို ဒဏ္ဍာရီမျိုးရှိပါတယ်။ ကျုပ်တို့ကတော့ အတ္တလန္တိတ်လို့ ခေါ်ကြတယ်"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ဒဏ္ဍာရီကို ကျုပ် ဖတ်ဖူးပါတယ်။ ပလေတိုက အင်မတန် စိတ်ကူးယဉ်စရာကောင်းအောင် ရေးခဲ့တာပဲ"

"ဒါဆိုရင် ခင်ဗျားဟာ ဟာဝေယံဒဏ္ဍာရီတွေကိုသာမက အခြား ဒဏ္ဍာရီတွေကိုပါ ကောင်းကောင်း နားလည်ထားတဲ့ ပါရဂူတစ်ယောက်ပဲ"

ပါပါလိုက ပြုံးလိုက်၏။

"ဒဏ္ဍာရီ ဆိုတာက ကြိုးတစ်ချောင်းပေါ်က အထုံးကလေးတွေနဲ့ တူတယ်။ တစ်ခုပြီးတစ်ခု ဆက်သွားလေ့ရှိတယ်။ ကျုပ်က မင်းကို ရာစုပေါင်း များစွာက တစ်ဆင့်ပြီးတစ်ဆင့် ပြောပြလာကြတဲ့ ရပ်ဝေးနိုင်ငံတွေဆီက ဆင်တူယိုးမှား ဒဏ္ဍာရီတွေဟာ ခရစ်ယာန်ကျမ်းစာထက်တောင် ပိုရှေးကျသေးတယ်"

"အကြားအမြင်ဆရာတွေကတော့ အတ္တလန္တိတ်ကျွန်းကြီးဟာ တစ်ချိန်ကျရင် ပြန်ပေါ်လာလိမ့်မယ်လို့ နိမိတ်ဖတ်ကြတာပဲ"

"ကနိုလီကျွန်းကိုလည်း ဒီအတိုင်း ပြောကြတယ်"

ပစ်က ရေရွတ်လိုက်၏။

"ဒဏ္ဍာရီတွေရဲ့နောက်ကွယ်မှာ အမှန်တရားတွေ ဘယ်လောက်လောက်ရှိမလဲလို့ ကျုပ် တွေးနေမိတယ်"

ဂျော့ချ်ပါပါလိုသည် စားပွဲပေါ်ရှိ တံတောင်ဆစ်နှစ်ခုပေါ်တွင် အားပြုရင်း ဆုပ်ထားသောလက်နှစ်ဖက်ပေါ်မှ ကျော်၍ ပစ်အား ကြည့်လိုက်၏။

"ထူးဆန်းတယ်ကွာ"

ဂျော့ချ်ပါပါလိုက ပြောလိုက်၏။

"သိပ်ကို ထူးဆန်းတာပဲ၊ သူကလည်း အဲဒီစကားလုံးတွေကိုပဲ ပြောသွားခဲ့တယ်"

ပစ်က မေးခွန်းထုတ်လိုဟန်နှင့် မော့ကြည့်လိုက်၏။

"သူ၊ ဟုတ်လား"

"ဟုတ်တယ်၊ တော်တော်ကလေးတော့ ကြာသွားပါပြီ၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစပေါ့။ လူတစ်ယောက်ဟာ တို့ပြတိုက်ကို နေ့စဉ်နေ့တိုင်း ရက်သတ္တပတ်လုံးလုံးလာပြီး တို့စာကြည့်တိုက်မှာရှိတဲ့ စာအုပ်တွေနဲ့ စာမူမှန်သမျှ လေ့လာသွားခဲ့တယ်။ ပြီးတော့ သူက ကနိုလီဒဏ္ဍာရီကိုလည်း လေ့လာခဲ့တယ်"

"ဒီလောက်ကြာတဲ့ နှစ်ကာလတွေ အတွင်းမှာ အဲဒီ ဒဏ္ဍာရီကို စိတ်ဝင်စားကြတဲ့လူတွေ ရှိကြဦးမှာပါ"

"မဟုတ်ဘူး၊ ဟိုပုဂ္ဂိုလ်ပြီးရင် မင်းက ပထမဦးဆုံး ပုဂ္ဂိုလ်ပဲ"

"လူတစ်ယောက်ကို အဲဒီလောက်ကြာတဲ့တိုင်အောင် မှတ်မိနေသေးတယ်ဆိုတော့ ခင်ဗျားဦးနှောက်ဟာ သိပ်ကောင်းလို့ပဲ ဖြစ်ရမယ်"

ဂျော့ချ်ပါပါလိုသည် ဆုပ်ထားသော လက်နှစ်ဖက်ကို ပြန်ဖြုတ်





လိုက်ပြီးနောက် သူ ပြောမည့်စကားကို မယုံကြည်မှာ စိုးရိမ်သည့်အလား ပစ်အား တွန့်ဆုတ်ဆုတ် အမူအရာနှင့် ပြန်ကြည့်လိုက်၏။

"အဲဒီကိစ္စကို မမေ့တာက အဲဒီလူကို ကျုပ် မမေ့နိုင်လို့ဘဲ၊ အဲဒီလူက ရွှေရောင်မျက်လုံးနဲ့ လူဘီလူးကြီးတစ်ယောက်ပဲလေ"

အဖြေညှိ၍ မရသော ပဟေဠိနှင့် ရင်ဆိုင်ရသောအခါ လူတိုင်းလူတိုင်းသည် စိတ်ဓာတ်ကျဆင်းမှုနှင့် ကြုံတတ်ကြသည်။

ထူးခြားသော ရှာဖွေတွေ့ရှိချက်ကြီးတစ်ခုကို တွေ့ရှိတော့မည့်ဆဲဆဲတွင် အဖြေကို ရုတ်တရက် ရှာမတွေ့နိုင်သော သိပ္ပံပညာရှင်များသည် ထိုကဲ့သို့သော စိတ်ဓာတ်ကျဆင်းမှုမျိုးကို ကြုံရတတ်သည်။

လူတစ်ယောက်သည် ထိုအဆင့်သို့ ရောက်ရှိလာသောအခါ သူသည် လောကကြီးနှင့် ခေတ္တခဏ ကင်းကွာသွားတတ်သည်။ သူ လုပ်သမျှ ကိုင်သမျှသည် သူ့ဦးရနှောက်ထဲတွင် ထိန်းသိမ်းထားသော မှတ်ဉာဏ်အရ အလိုအလျောက် ပြုမူ ဆောင်ရွက်ချက်များသာ ဖြစ်နေတတ်သည်။

ဆယ့်နှစ်နာရီထိုးရန် နာရီဝက် အလိုတွင်၊ ဂျော့ချ်ပါပါလိုထံမှ ထွက်ခွာလာခဲ့သောပစ်သည် ထိုအခြေအနေမျိုးတွင် ရှိနေခဲ့သည်။

ပစ်သည် ပဟေဠိမှ သူ သိထားသော အချက်နှစ်ချက်ကို အဖြေညှိရန် သွေးရူးသွေးတန်း ကြိုးစားရင်း အလွန့်အလွန် စိတ်ရှုပ်ထွေးနေသည်။ သူသည် အတွေးရေလျဉ်ကြောတွင် မျောပါသောနေကြောင့် ပြတိုက်ရှိ မော်တော်ကား ရပ်နားရန် နေရာမှထွက်၍ အေစီကိုဘရာ ပြိုင်ကားကလေးနောက်မှ ခပ်ခွာခွာ လိုက်ပါလာပြီး သူ ရပ်သည့်အခါတွင် ရပ်၍ သူ ကွေ့သည့်အခါတွင် သူကွေ့သည့်ဘက်သို့ လိုက်ကွေ့နေသော မီးခိုးရောင် ဒေါ့ချ်ထရပ်ကားကြီးကို သူ သတိမထားမိခဲ့ပါ။

သတိထားခဲ့မိပါကလည်း နောက်မှ ကပ်၍ လိုက်ပါနေသော ထရပ်ကားကို စိတ်ကူးယဉ်မှုသက်သက် ဖြစ်သည် ဟူ၍ ပယ်ပစ်လိုက်မည်မှာ အမှန်ပင်။

သူသည် အတွေးနယ်ထဲတွင် မျောပါနေခဲ့ရာ ပုလဲဆိပ်ကမ်းသို့ သွားသည့်ခရီးတွင် ကွေ့ရမည့်နေရာ၌ မကွေ့မိခဲ့သောကြောင့် ကားကြီးကလည်း အေစီကိုဘရာနောက်ဘက်တွင် ကြိုးနှင့်ချည်ထားသည့်အလား အကွေ့တိုင်း အကွေ့တိုင်းတွင် လိုက်၍ ကွေ့ခဲ့သည်။

နောက်ကြည့်မှန်ကို တစ်ချိန်လုံး စိုက်ကြည့်နေသောပစ်သည် အကွေ့ တစ်ကွေ့ကို ကွေ့လိုက်ပြီးနောက် အမြန်နှုန်းကို အနည်းငယ်မြှင့်တင်လိုက်၏။ ထိုထရပ်ကားသည် ထိုအကွေ့တွင် ကွေ့လိုက်ပြီးနောက် အစပိုင်းတွင် အနည်းငယ် ပြတ်ကျန်ရစ်ခဲ့သော်လည်း အရှိန်ကိုမြှင့်၍ မူလက ရှိခဲ့သောအကွာအဝေးသို့ ရောက်အောင် ပြန်တိုးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် အေစီကိုဘရာ မော်တော်ကားကို ယာဉ်ကြောတွင် နှစ်မိုင်ခန့် ကွေ့ကွေ့ကောက်ကောက် မောင်းနှင်ခဲ့ပြီးနောက် တန်းတလပ်စ်တောင်ကြီးဆီသို့ ကွေ့မြို့ မောင်းနှင်လာခဲ့သည်။

သူသည် ရုတ်တရက် ချိုးကွေ့လိုက်သော 'ဂ' ငယ်ကွေ့များတွင် လီဗာကို တစ်ကြိမ်ထက် တစ်ကြိမ် ခြေနင်းကြမ်းပြင်နှင့် ပို၍ ပို၍ နီးအောင် နင်းချရင်း မော်တော်ကားကို ချောချောမွေ့မွေ့ မောင်းနှင်ခဲ့သည်။ သူသည် ဖြုန်းခနဲ ချိုးကွေ့လိုက်ရသော 'ဂ' ငယ်ကွေ့များတွင် မီးရထားသံလမ်းပေါ်၌ တင်ပြီး မောင်းနှင်ရသည့်အလား ပြိုင်ကားကလေးအား စီးစီးပိုင်ပိုင်နှင့် ပိုင်ပိုင်နိုင်နိုင် ထိန်းထားနိုင်စွမ်းရှိကြောင်း တွေ့လိုက်ရသဖြင့် ကျေနပ်မိသည်။

သူသည် နောက်ကြည့်မှန်မှတစ်ဆင့် ပြန်ကြည့်လိုက်ရာတွင် ထရပ်ကားယာဉ်မောင်းသည် အဖမ်းရခက်သော ပြိုင်ကားလေးနောက်သို့ ထက်ကြပ်မကွာ ကပ်လိုက်နိုင်အောင် လက်ကိုင်ဘီးကို အပြင်းအထန် ကြိုးစား၍ ထိန်းသိမ်းနေရကြောင်း တွေ့လိုက်ရသည်။

ထို့နောက် မျှော်လင့်မထားသောကိစ္စတစ်ရပ် ဖြစ်ပေါ်လာသောကြောင့် ပစ်သည်ပင်လျှင် ကယောင်ကတမ်း ဖြစ်သွားရတော့သည်။

ကျည်ဆန် တစ်တောင့်သည် သေနတ်သံကို မကြားရပါဘဲနှင့် မော်တော်ကားတံခါးပေါ်ရှိ ဘေးဘက်မှ နောက်ကြည့်မှန်ကို လာရောက်ထိမှန်ပြီး ရှေ့ဘက်သို့ ဖောက်ထွက်သွားတော့သည်။

ထိုပွဲသည် တဖြည်းဖြည်းနှင့် ပိုကြမ်းလာပြီ။

ပစ်သည် လီဗာပေါ်သို့ ဆောင့်နင်းချလိုက်ပြီး သူ့မော်တော်ကားနှင့် နောက်က လိုက်လာသော ဒေါ့ချ်ကား အကြားတွင် ပို၍ ဝေးသွားအောင် လုပ်ပစ်လိုက်သည်။

'ဒီခွေးမသားသည် အသံတိတ်ကိရိယာကို အသုံးပြုနေသည်'ဟု ပစ်က အသံမထွက်ဘဲ ကျိန်ဆဲလိုက်၏။

မြို့ထဲက မောင်းထွက်ခဲ့မိခြင်းသည် မှားယွင်းသောအကွက်ပင် ဖြစ်တော့သည်။ သူသည် မြို့လယ်ကောင်မှ ယာဉ်ကြောထဲတွင် ပို၍ ဘေးရန်ကင်းပေလိမ့်မည်။ ယခုမူ သူသည် နောက်ထပ် ကျည်ဆန်တစ်တောင့်က သူ့ဦးနှောက်ကို ထွင်းဖောက်မသွားမီ ဟိုနိုလူလူသို့ ပြန်ရောက်အောင် ကြိုးပမ်းရတော့မည်။ ကံအနည်းငယ် ထောက်မမည် ဆိုပါက ပစ်သည် ကင်းလှည့်လာသော ရဲပတ္တရောင်ကားတစ်စီးစီးနှင့် တွေ့ရပေလိမ့်မည်။

သို့ရာတွင် ပစ်က နောက်ကြည့်မှန်ထဲသို့ နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သောအခါ ကြက်သေ သေသွားရတော့သည်။ ထိုထရပ်ကားသည် အေစီကိုဘရာနှင့် ဆယ်ကိုက် အကွာရောက်အောင် အတင်းကပ်၍ လိုက်လာလေပြီ။

ထိုမော်တော်ကားမှာ စုတ်ပြတ်သတ်နေသော မော်တော်ကား





ကိုယ်ထည်ထဲတွင် မြင်းကောင်ရေ လေးရာအားရှိသော အင်ဂျင်စက်ကို ထည့်သွင်းထားပြီး အလောင်းအစား ပြုလုပ်ရန် မြှူဆွယ်လေ့ရှိသော မော်တော်ကားမျိုးပင် ဖြစ်သည်။ အင်မတန် ပိုက်ဆံကုန်သည့်ကားမျိုး ဖြစ်သည်။ ဖာရေးရီ သို့မဟုတ် ကိုဗတ်ပြိုင်ကားလေးများကို မောင်းနှင်လာသူများအား ပိုက်ဆံကြေး အမောင်းပြိုင်ရန် မြှူဆွယ်လိုက်ပြီးနောက် ပြိုင်ကားလေးများက ခပ်ချောင်ချောင်နှင့် ပိုက်ဆံရပြီဟု ထင်လိုက်ချိန်တွင် စုတ်ပြတ်နေသော ကားအိုကားဟောင်းကြီးက အတင်း ကျော်တက်သွားပြီး အနိုင်ရသွားသည်ကို ကြက်သေသေပြီး ငေးကြည့်နေလိုက်ရသော ပိုက်ဆံအလွန်ကုန်သည့် မော်တော်ကားမျိုး ဖြစ်သည်။

ထိုကဲ့သို့သော လှည့်ကွက်မျိုးနှင့် အကြိမ်ပေါင်းများစွာ အနိုင်ရသွားကြသည်ကို ပစ်သည် ကယ်လီဖိုးနီးယားပြည်နယ်၊ နယူးပိုဘီချ်တွင် နေထိုင်စဉ်က တွေ့ခဲ့ရဖူးသည်။

ယခု သူ့အား ထိုကဲ့သို့သော လှည့်ကွက်မျိုးနှင့် လာ၍ ယှဉ်ပြိုင်လေပြီ။ သို့သော် လောင်းကြေးမှာ သူ ထပ်ထားသော လောင်းကြေးထက် မတန်တဆ ပိုများသည်။

မော်တော်ကားလမ်းသည် ပေနှစ်ထောင်မြင့်သော တောင်ထိပ်ပေါ်သို့ တက်သွားပြီးနောက် အောက်ဘက်တွင် ရှိသော မြို့ဆီသို့ ရုတ်တရက် ချိုးကွေ့လိုက်သော အကွေ့ပေါင်းများစွာနှင့် ပြန်ဆင်းစပြုတော့သည်။

ပစ်သည် တစ်မိုင်ခန့်ရှည်သော လမ်းဖြောင့်တွင် အရှိန်ကို မြှင့်၍ မောင်းလိုက်ရာ ထရပ်ကားကလည်း အမီလိုက်ရန် ကြိုးစားလိုက်သည်။

ပစ်သည် မော်တော်ကားအရှိန်ကို လျော့ကျမသွားအောင်ထိန်းရင်း မကြာခင် ရောက်တော့မည့် အကွေ့အတွက် အဆင်သင့်ဖြစ်အောင် ကျပ်ကျပ်တည်းတည်း ရှိလှသော အေစီကိုဘရာကား၏ အတွင်းပိုင်းတွင် ကိုယ်ကို ပုပြီး ထိုင်ချလိုက်သည်။ မိုင်နှုန်းပြ ဒိုင်ခွက်ပေါ်မှ မြားတံကလေးသည် (၇၅) မိုင်သို့ ရောက်နေချိန်တွင် နောက်ဘက်က လိုက်လာသော ထရပ်ကားသည် ရင်ပေါင်တန်းနိုင်သည့်အဆင့်သို့ ရောက်ရှိလာသည်။

ပစ်သည် မော်တော်ကားပြတင်းပေါက်မှ ကျော်၍ ကြည့်လိုက်ရာ ဆေးကြေးများကြောင့် ဝါထိန်နေသောသွားများနှင့် ပုံးပြသွားသော ဆံရှည်ကိုယ်တော်၏မျက်နှာကို တစ်သက် မေ့မရအောင် မြင်လိုက်ရလေတော့သည်။ ပစ်သည် ထိုပုဂ္ဂိုလ်ကို ဖျတ်ခနဲ မြင်လိုက်ရခြင်း ဖြစ်သော်လည်း နှာရောင်ကောက်ကောက်နှင့် ကျောက်ပေါက်မာများရှိသော ထိုမျက်နှာကို အသေးစိတ် မြင်လိုက်ရသည်။

ပစ်သည် စိတ်မာတ်ကျဆင်းသွားသည်။ ထိုပုဂ္ဂိုလ်၏အရုပ်ဆိုးဆိုးမျက်နှာကို ရှစ်စိတ်ကွဲသွားအောင် သေနတ်နှင့် ပြန်မပစ်နိုင်သည့်အတွက် စိတ်မာတ်ကျဆင်းသွားခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်ဘက် ဆယ်လက်မခန့်ပင် မဝေးသောနေရာ၌ အခြေအနေ အလွန်ကောင်းသော စက်သေနတ်တစ်လက် ရှိနေသည်၊ သို့သော် သူသည် လှမ်းယူနိုင်စွမ်း မရှိပါ။ အရပ် လေးပေသာရှိသော ကိုယ်ကာယ ပျော့ပျောင်းလှသည့် ပုဂ္ဂိုလ်တစ်ယောက်သည် ခန္ဓာကိုယ်ကို တွန့်လိမ်ကောက်ကွေး၍ မော်ဇာပစ္စတိုကို လှမ်းယူနိုင်လိမ့်မည် ဖြစ်သော်လည်း ခြောက်ပေသုံးလက်မရှိသော ပစ်သည် ယူနိုင်စွမ်း မရှိပါချေ။

ဒုတိယနည်းလမ်းမှာ မော်တော်ကားကို ရပ်၊ တံခါးကို ဖွင့်၊ အပြင်သို့ထွက်၍ မော်တော်ကားထဲသို့ ကိုယ်ကို ငုံ့ပြီး ထိုင်ခုံနောက်မှ သေနတ်ကိုယူ၊ ရစ်ပတ်ထားသော မျက်နှာသုတ်ပဝါကို ခွာပြီး မောင်းထိန်းခလုတ်ကို ဖြုတ်၍ ပစ်လိုက်ရန်ပင် ဖြစ်သည်။ ထိုနည်းလမ်းနှင့် ပတ်သက်၍ ပစ်အတွက် အဓိက ပြဿနာမှာ အချိန်ကိုက်မှုပင် ဖြစ်သည်။ ထရပ်ကားကြီးက အေစီကိုဘရာမော်တော်ကားနှင့် နီးလွန်းနေသည်။ နှာခေါင်းကောက်နေသော ထရပ်ကားယာဉ်မောင်းသည် မော်တော်ကားကို ရပ်တန့်လိုက်ပြီး ပစ်က မော်ဇာသေနတ်ကို မျက်နှာသုတ်ပဝါထဲမှ ထုတ်မယူနိုင်ခင် ပစ်၏ဝမ်းဗိုက်ထဲသို့ ကျည်ဆန်ငါးတောင့်ကို ပစ်ထည့်လိုက်ရုံသာ ရှိလိမ့်မည်။

ဖြောင့်တန်းနေသော လမ်းအဆုံးတွင် မိုင် ၂၀ အထိ လျှော့ချပါဆိုသော အဝါရောင်ဆိုင်းဘုတ်ကို စိုက်ထူထားသည့် ဘယ်ဘက်သို့ ရုတ်တရက် ချိုးသွားသော လမ်းကွေ့တစ်ခု ရှိသည်။

ပစ်သည် ထိုအကွေ့ကို (၅၅) မိုင်နှုန်းနှင့် ချိုးကွေ့လိုက်၏။ ထရပ်ကားသည် အကွေ့တွင် အရှိန်ကို လျှော့ချလိုက်ရသောကြောင့် နောက်ဘက်၌ ခေတ္တမျှ ကျန်ရစ်ခဲ့သည်။ သို့သော် ထရပ်ကားယာဉ်မောင်းသည် ပိုပိုလျှံလျှံရှိနေသော မြင်းကောင်ရေအား၏အကူအညီဖြင့် ပြန်၍ ချဉ်းကပ်လာသည်။

အစီအစဉ် တစ်ခုပြီးတစ်ခု ပစ်၏ဦးနှောက်ထဲ၌ ပေါ်ပေါက်လာရသော်လည်း ထိုအစီအစဉ်တိုင်းအား ပထမ အစီအစဉ်များ နည်းတူ ပယ်ချခဲ့ရသည်သာ ဖြစ်သည်။

ထို့နောက် ပစ်သည် နောက်ထပ် ကွေ့ရတော့မည့် အကွေ့အတွက် ဘရိတ်ကို စ,နင်းလိုက်ရစဉ် သူ့မျက်နှာပေါ်တွင် အတွေးတစ်ခု ဖြစ်ပေါ်လာပုံရသည်။

ဤတွင် ပစ်သည် အေစီကိုဘရာပြိုင်ကားနှင့် တဖြည်းဖြည်း ပိုမိုနီးကပ်လာအောင် အတင်း မောင်းလိုက်လာသော ထရပ်ကားယာဉ်မောင်းအား နောက်ကြည့်မှန်မှတဆင့် လေ့လာ အကဲခတ်ရင်း မော်တော်ကားလီဗာကို ဆက်နင်းထားသည်။

ထိုပုဂ္ဂိုလ်က ပစ်အား သေနတ်နှင့် ချိန်မထားသည့်အတွက် အနည်းငယ် စိတ်သက်သာရာ ရရှိခဲ့သည်။





သို့ရာတွင် ထရပ်ကားမောင်းသူ၏ရည်မှန်းချက် ပန်းတိုင်မှာ ရှင်းလင်းလွန်းလှပါသည်။ သူက ပစ်အား အလွန် မတ်စောက်သော ချောက်ကမ်းပါးပေါ်မှတစ်ဆင့် ပေသုံးလေးရာ နက်ရှိုင်းသော အောက်ဘက်ရှိ တောင်ကြားထဲသို့ လိမ့်ကျသွားအောင် လမ်းပေါ်မှ တွန်းချပစ်ရန် ရည်ရွယ်ထားခြင်းပင် ဖြစ်သည်။

နောက်ထပ် ကိုက်နှစ်ရာ မောင်းနှင်မည်ဆိုပါက လမ်းကွေ့တစ်ကွေ့သို့ ရောက်ရှိပေတော့မည်။

ပစ်က အရှိန်ကို ဆက်ထိန်းထားသည်။ မီးခိုးရောင် ထရပ်ကားကြီးသည် ပြိုင်ကားကလေး၏ အရှေ့ဘန်ပါနှင့် တဖြည်းဖြည်း ပိုနီးလာအောင် ရှေ့တိုးလာသည်။ ထရပ်ကားယာဉ်မောင်းက ဘီးနှင့် တစ်ချက် ယမ်းပစ်လိုက်မည်ဆိုပါက ပစ်သည် လေထဲသို့ ရောက်ရှိသွားပေလိမ့်မည်။

ထို့နောက် အကွေ့သို့ရောက်ရန် ကိုက်တစ်ရာခန့်အလိုတွင် ပစ်သည် လီဗာကို ခေတ္တမျှ ဆောင့်နင်းလိုက်ပြီးနောက် ဖြုန်းခနဲ ပြုလုပ်လိုက်သော ထိုနည်းဗျူဟာက ပြုံးနေသော မနုဿမှုဆိုးအား အငိုက်မိသွားစေခဲ့သည်။ ထိုသူက ပစ်အား လမ်းပေါ်မှ တွန်းချနိုင်မည့်အနေအထားဖြစ်သော ထရပ်ကားအား ပြိုင်ကားလေးနှင့် တညီတည်းရှိနေအောင် အရှိန်ကို ထပ်မြှင့်လိုက်၏။

သိပ်နောက်ကျသွားလေပြီ။ သူတို့သည် လမ်းပေါ်သို့ ရောက်နေကြလေပြီ။

ပစ်က ဘရိတ်ကို ဆက်နင်းထားပြီး ဂီယာပြောင်းရင်း မော်တော်ကားတာယာများ တကျွိကျွိ မြည်လာအောင် အကွေ့တွင် ကွေ့ချလိုက်၏။

အေစီကိုဘရာ၏ နောက်ဘီးနှစ်ဖက်လည်း လမ်းပေါ်မှချော်ထွက်စပြုသော်လည်း ပစ်က ပြန်၍ ထိန်းနိုင်ခဲ့သည်။ ပစ်သည် ဖြောင့်နေသော လမ်းပေါ်တွင် အရှိန်ကို မြှင့်လိုက်ပြန်၏။ နောက်ကြည့်မှန်ကို တစ်ချက်ကြည့်လိုက်ရုံမျှနှင့် သူ့နောက်ဘက်ရှိ လမ်းပေါ်တွင် ရှင်းနေကြောင်း တွေ့လိုက်ရသည်။ မီးခိုးရောင်ထရပ်ကားကြီးသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့လေပြီ။

ပစ်သည် နောက်ထပ် မိုင်ဝက်ခန့်အထိ မောင်းလိုက်ပြီး ကားအရှိန်ကို ခပ်ဖြည်းဖြည်း လျှော့ချလိုက်၏။ ထိုနေရာအထိ ကား၏အရိပ်အယောင်ကို မမြင်ရပါ။ ပစ်သည် သတိကြီးစွာ ထားပြီး 'ဂ' ငယ်ကွေ့ကွေ့လိုက်ပြီးနောက် ထိုအကွေ့ဆီသို့ ပြန်မောင်းလာခဲ့သည်။ အကယ်၍ ထရပ်ကားကြီးသည် မြင်ကွင်းထဲသို့ ရုတ်တရက် ရောက်ရှိလာမည်ဆိုပါက ပစ်သည် အေစီကိုဘရာကို နောက်ဘက်သို့ ချက်ချင်း ပြန်လှည့်ပြီး ထွက်ပြေးနိုင်အောင် စီစဉ်ထားသည်။ သူသည် လမ်းအကွေ့သို့ရောက်သောအခါ ကားကို ရပ်လိုက်ပြီးနောက် မော်တော်ကားထဲမှ ဆင်းလိုက်ပြီး ချောက်ကမ်းနဖူးသို့ လျှောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အောက်ဘက်ရှိ ဖုန်မှုန့်များသည် ဖြည်းညင်းစွာ ငြိမ်သက်စ ပြုလေပြီ။ ချောက်ကမ်းပါး၏အောက်ခြေတွင် မော်တော်ကားကိုယ်ထည်နှင့် တကွဲတပြားစီ ဖြစ်နေသော မော်တော်ကားအင်ဂျင်စက်နှင့် မမှတ်မိလောက်အောင် စုတ်ပြတ်နေသော မော်တော်ကားကိုယ်ထည်ကို တွေ့လိုက်ရတော့သည်။ ယာဉ်မောင်းကို ရှာမတွေ့ပါ။

ပစ်က ယာဉ်မောင်း၏ရုပ်အလောင်းအား ဆက်မရှာတော့ရန် လက်လျှော့မည့်ဆဲဆဲတွင် မော်တော်ကားပျက်၏ဘယ်ဘက် ပေတစ်ရာခန့်အကွာရှိ တယ်လီဖုန်းတိုင်ပေါ်မှ မလှုပ်မရှားရှိနေသော ရုပ်အလောင်းကို တွေ့မြင်လိုက်ရလေတော့သည်။

စိတ်မချမ်းသာစရာကောင်းလှသော မြင်ကွင်းပင် ဖြစ်သည်။ ထိုယာဉ်မောင်းသည် ထရပ်ကားကြီး ချောက်ကမ်းပါးစွန်းမှ လိမ့်မကျခင် မော်တော်ကားထဲမှ ခုန်ထွက်ရန် ကြိုးစားခဲ့ပုံရသည်။ သူသည် ချောက်ကမ်းပါးနှင့် လွတ်သွားပြီး ချောက်ကမ်းပါး၏အလယ်တွင် စိုက်ထူထားသော တယ်လီဖုန်းတိုင်ပေါ်သို့မရောက်မီ လေထဲတွင် ပေနှစ်ရာခန့် လိမ့်ကျသွားခဲ့ပုံရသည်။

ပစ် ကြည့်နေစဉ်အတွင်းမှာပင် တယ်လီဖုန်းတိုင်ခြေရင်းသည် မမြင်ရသောလက်နှင့် ဆေးရောင်ခြယ်ပေးလိုက်သည့်အလား အညိုရောင်မှ အနီရောင်သို့ ပြောင်းလဲသွားလေတော့သည်။

ပစ်သည် တန်းတလပ်စ်တောင်ပေါ်မှ ပြန်ဆင်းလာပြီးနောက် မာနိုဝါတောင်ကြားကို ဖြတ်၍ အနီးဆုံးအိမ်တစ်အိမ်သို့ ရောက်ရှိသွားသည်အထိ ဆက်မောင်းသွားသည်။

သူသည် နွယ်များနှင့် ရစ်ပတ်ဖုံးအုပ်နေသော ဆင်ဝင်အောက်မှ ဖြတ်သွားပြီး မတော်တဆဖြစ်သွားခဲ့ရသည့် ထိုကိစ္စအား အစီရင်ခံရန်အတွက် တယ်လီဖုန်းအသုံးပြုခွင့်ပေးရန် အသက်ခပ်ကြီးကြီး ဂျပန်မကြီးထံ ခွင့်တောင်းလိုက်သည်။ ပစ်သည် မီးဖိုချောင်ထဲ၌ရှိသော တယ်လီဖုန်းမှတစ်ဆင့် ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားအား အဖြစ်အပျက်ကို ခပ်မြန်မြန် ပြောပြပြီး ထိုနေရာကိုပါ အသိပေးလိုက်သည်။

ဗိုလ်ချုပ်ကြီးဟန်းတား၏အသံသည် အသံချဲ့ထားသောဟွန်းကြီးပမာ စကားပြောခွက်မှ ထွက်ပေါ်လာသဖြင့် ပစ်သည် တယ်လီဖုန်းစကားခွက်ကို နားရွက်နှင့် ခြောက်လက်မခန့်အကွာအထိ ရွှေ့ထားလိုက်ရလေတော့သည်။

"ဟိုနိုလူလူရဲအဖွဲ့ကို မခေါ်နဲ့ကွာ"

ဗိုလ်ချုပ်ကြီး ဟန်းတားက အော်ပြောလိုက်၏။

"မော်တော်ကား ပျက်သွားတဲ့နေရာမှာ ဒေသခံ စုံစမ်းစစ်ဆေးရေးပုဂ္ဂိုလ်တွေကြောင့် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မသွားခင် ကျုပ်တို့ရဲ့ လုံခြုံရေးရဲဘော်တွေ အဲဒီနေရာကို အရင်ရောက်သွားအောင် ကျုပ်ကို ဆယ်မိနစ်





အချိန်ပေးကွာ၊ မင်း နားလည်ရဲ့လား"

"အဲဒါကို ကျုပ် ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ထိုတယ်လီဖုန်းသည် ပစ်၏ တယ်လီဖုန်းသာ ဖြစ်မည်ဆိုပါက ပစ်သည် နံရံမှ ဖြုတ်ပြီး အနီးဆုံး ပြတင်းပေါက်မှ အပြင်သို့ လွှင့်ပစ်မိလိုက်မည်သာ ဖြစ်သည်။

"ကောင်းတယ်"

ရေတပ်ဗိုလ်ချုပ်ကြီးဟန်းတားသည် ပစ်၏ခပ်ငေါ့ငေါ့လေသံကို ဂရုမထားဘဲ ဆက်ပြောသွားသည်။

"ဆယ်မိနစ်စောင့်ကွာ၊ ပြီးရင် မင်းက ပုလဲဆိပ်ကမ်းကို အမြန်နဲ့ပြီး ပြန်ခဲ့ပေတော့။ တို့အတွက် လုပ်စရာအလုပ်တွေ ရှိနေတယ်ကွ"

ပစ်က ပြန်ဖြေပြီး တယ်လီဖုန်းကို ပြန်ချိတ်လိုက်၏။

ပစ်သည် မော်တော်ကားမှောက်မှုနှင့် ပတ်သက်၍ ဂျပန်အမျိုးသမီးက မေးမြန်းသော မေးခွန်းပေါင်း မြောက်မြားစွာကို ဖြေရင်း အချိန်ကုန်ခဲ့ရသည်။

ပစ်သည် ရေတပ်ဗိုလ်ချုပ်ကြီး၏ ရဲဘော်များအတွက် နောက်ထပ် ငါးမိနစ် အချိန်ထပ်ပေးပြီးနောက် တယ်လီဖုန်းအော်ပရေတာအား ဟိုနိုလူလူရဲအဖွဲ့နှင့် ဆက်သွယ်ပေးရန် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ပြောလိုက်သည်။

ပစ်က မော်တော်ကားမှောက်သည့်နေရာကို ပြောပြပြီးနောက် ထိုအမျိုးသမီးက ပစ်၏နာမည်ကို မေးလိုက်သောအခါ ပစ်က ဘာမှပြန်မပြောတော့ဘဲ တယ်လီဖုန်းစကားပြောခွက်ကို ဖြည်းညင်းစွာ ပြန်တင်လိုက်သည်။

ပစ်သည် အိမ်ရှင်မကြီးအား ကျေးဇူးတင်ကြောင်း စကားပြောကြားပြီးနောက် အပြန်ပြန်အလှန်လှန် အလေးပြုရင်း မော်တော်ကားဆီသို့ ပြန်လာခဲ့သည်။ သူသည် သူ့ကျောကုန်းပေါ်ရှိ ယူနီဖောင်း ချွေးရွှဲရွှဲစိုသွားသည်အထိ မော်တော်ကား လက်ကိုင်ဘီး အနောက်ဘက်တွင် ငါးမိနစ်ခန့်ကြာအောင် ထိုင်နေခဲ့သည်။

သူသည် ဘဝင်မကျနိုင်ဘဲ ဖြစ်နေသည်။ သူ တွေးမရသောကိစ္စတစ်ခုသည် သူ့စိတ်ထဲတွင် တဝဲလည်လည် ပြန်ပြန်ပြီး ပေါ်နေသည်။

ထို့နောက် သူသည် အဖြေကို ချက်ချင်း သိသွားတော့သည်။ သူသည် မော်တော်ကားကို လျင်မြန်စွာ စက်နှိုးလိုက်ပြီးနောက် မော်တော်ကားမှောက်သောနေရာဆီသို့ အပြေးအလွှား ပြန်မောင်းလာခဲ့၏။

သူသည် တယ်လီဖုန်းဆီသို့ ရောက်အောင် ငါးမိနစ်ခန့် လာခဲ့ရသည်။ ထို့နောက် ဆယ့်ငါးမိနစ်ခန့်ကြာအောင် အချိန်ဖြုန်းခဲ့သည်။ ထို့နောက် သုံးမိနစ်ခန့်ကြာအောင် ထိုနေရာသို့ ပြန်လာခဲ့ရသည်။ စုစုပေါင်း နှစ်ဆယ့်သုံးမိနစ်ခန့်ကို သက်သက်မဲ့ ဖြုန်းတီးလိုက်သလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်သို့ နောက်ယောင်ခံလိုက်နေသူများသည် တစ်ဦးထက်မက ပို၍ များပြားလိမ့်မည်ဖြစ်ကြောင်း သူ တွေးမိခဲ့ဖို့ကောင်းပါသည်။

အေစီကိုဘရာ မော်တော်ကားကလေးသည် တကျွိကျွိမြည်၍ ရပ်တန့်သွားပြီးနောက် ပစ်သည် ကမ်းပါးထိပ်ဆီသို့ နောက်တစ်ကြိမ် ပြေးခဲ့ရပြန်၏။

မော်တော်ကားပျက်သည် ဖျက်ဆီးခံထားရသော ကစားစရာအရုပ်ကလေးတစ်ခုပမာ သူ ထားခဲ့သည့်အတိုင်း ရှိနေသည်။ တယ်လီဖုန်းတိုင်ကလည်း သူ ထားခဲ့သည့်အတိုင်း ရှိနေသည်။

သို့ရာတွင် ယာဉ်မောင်း၏ခန္ဓာကိုယ်သည် ပျောက်ကွယ်သွားခဲ့လေပြီ။ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ခဲစပြုလာသော သွေးစသွေးနများသာ တိုင်ပေါ်တွင် ကျန်ရစ်ခဲ့ပါတော့သည်။



## အခန်း (၆)

ထိုအဆောက်အအုံမှာ အမိုးကို ပေါင်းမိုးသဏ္ဌာန် ဆောက်ထားသော တပ်မတော်သုံး တဲရှည်ကြီးတစ်လုံး ဖြစ်သော်လည်း အလွန် အရုပ်ဆိုးလှသော မြင်ကွင်းပင် ဖြစ်သည်။ သံချေးတက်နေသောသွပ်မိုးနှင့် ဖုန်တက်နေသော ပြတင်းပေါက်များအား ရှင်းလင်း သုတ်သင်ခြင်း အလျှင်းမရှိသောပေါင်းပင်များက ဝိုင်းရံထားကြသည်။ ဆေးသားများ အလွှားလိုက်ကွာကျနေပြီး ပြုပြင်ခြင်း အလျှင်းမရှိသော တံခါးရှေ့တွင် ကိုးမီလီမီတာ ပစ္စတိုသေနတ်အိမ်နှင့် ခါးတွင် ချိတ်ထားသော ရေတပ်မတော်မှ ဆာဂျင်တစ်ယောက်က ပစ်အား တားထားလိုက်သည်။

"ခင်ဗျားရဲ့ မှတ်ပုံတင်ကတ်ကို ကျေးဇူးပြုပြီး ပြပါ"

ထိုစကားမှာ မေတ္တာရပ်ခံချက်ထက် တောင်းဆိုချက်ဘက်သို့ ပို များနေသည်။

ပစ်က မှတ်ပုံတင်ကတ်ပြားကို ထောင်ပြလိုက်၏။

"ဒတ်ခ်ပစ်၊ ကျုပ်က ဗိုလ်ချုပ်ကြီးဟန်းတားထံ သတင်းပို့ဖို့ လာတာ"

"ကျွန်တော် ခင်ဗျားရဲ့ အမိန့်စာတွေကို ကြည့်ရပါလိမ့်မယ် ဆရာ"

ပစ်သည် တိတိကျကျ လိုက်နာရသည့်ကိစ္စများကို လိုက်နာဆောင်ရွက်ရန် စိတ်ပါလှသူ မဟုတ်ချေ။ ရေတပ်သားများကိုလည်း သူ အမြင်ကတ်သည်။

"ကျုပ်မှာ ပါလာတဲ့ အမိန့်စာတွေကို တာဝန်ခံအရာရှိကလွဲရင် တခြား ဘယ်သူ့ကိုမှ မပြနိုင်ဘူး"

"ကျွန်တော့်ကို ပေးထားတဲ့အမိန့်က . . ."

"မင်းကို ပေးထားတဲ့အမိန့်က ဒီအဆောက်အအုံထဲ ဝင်ခွင့်ရှိသူ


www.burmeseclassic.com

www.burmeseclassic.com



တွေကို စာရင်းနဲ့ တိုက်ကြည့်ပြီး သူတို့မှတ်ပုံတင်တွေကို ယူကြည့်ဖို့ပဲ"

ပစ်က အသံမာမာနှင့် ပြောလိုက်၏။

"တဲ - တံခါးကို ကျေးဇူးပြုပြီး ဖွင့်ပေးပါ"

မျက်နှာနီရဲသွားသောတပ်ကြပ်ကြီးသည် ပစ်၏မျက်နှာအား လက်သီးနှင့်ထိုးရန် သင့် မသင့် ဝေခွဲမရအောင် ဖြစ်သွားရသည်။ သူသည် ခေတ္တမျှတုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးနောက် ခက်ထန်နေသော ပစ်၏မျက်နှာကို ကြည့်ရင်း တံခါးကိုဖွင့်၍ ပစ်အား သူ့နောက်မှလိုက်ခဲ့ရန် ခေါင်းညိတ်ပြီး ခေါ်လိုက်၏။

ထိုတဲရှည်ကြီး၏ အတွင်းပိုင်းတွင် လဲပြိုနေသောကုလားထိုင်တစ်လုံး နှစ်လုံး၊ ဖုန်တက်နေသော ဖိုင်တွဲထည့်သည့် ဗီရိုတစ်လုံးနှင့် ကြမ်းပြင်ပေါ်၌ ကျဲပြန့်နေသောသတင်းစာအချို့က လွဲလျှင် ဟာလာဟင်းလင်း ဖြစ်နေသည်။ ထိုနေရာသည် မှိုစော်နံနေသည့်အပြင် မျက်နှာကြက်မှ တွဲလောင်းကျနေသော ပင့်ကူအိမ်များက ဤနေရာအား နှစ်ပေါင်းများစွာကြာအောင် သုံးစွဲခြင်း မရှိကြောင်း သက်သေခံနေကြသည်။

ထိုတပ်ကြပ်ကြီးသည် လူသူလေးပါး ကင်းမဲ့နေသော အခန်းအနောက်ဘက်နားတွင် ရပ်တန့်လိုက်ပြီး သစ်သားကြမ်းပြင်ပေါ်၌ ခြေထောက်နှင့် နှစ်ချက် မဆောင့်ခင်အချိန်ထိ ပစ်သည် အူကြောင်ကြောင်ဖြစ်နေခဲ့ရသည်။

အောက်မှ ခပ်အုပ်အုပ် ပြန်ထူးသံကို ကြားလိုက်ရသည်တွင် ထိုတပ်ကြပ်ကြီးသည် အဖုံးတံခါးမှန်း မသိအောင် ပြုလုပ်ထားသော အံဖုံးတံခါးကို ဆွဲဖွင့်ပြီးနောက် ပစ်အား ခပ်မှိန်မှိန် မီးထွန်းထားသော လှေကားပေါ်မှ အောက်ဘက်သို့ ဆင်းသွားရန် ညွှန်ပြလိုက်သည်။

ထို့နောက် သူက နံဘေးသို့ ဖယ်ပေးလိုက်ပြီး အောက်သို့ ဆင်းသွားသော ပစ်၏ဦးခေါင်းနှင့် သီသီကလေး လွတ်သွားအောင် အံဖုံးတံခါးကို လွှတ်ချပြီး ပိတ်လိုက်သည်။

အက်ဂါအယ်လင်ပိုး၏ဝတ္ထုထဲကလို လျှို့ဝှက်သည်းဖို ဆန်လှသည်ဟု ပစ်က တွေးလိုက်၏။

လှေကားခြေရင်းသို့ အရောက်တွင် ပစ်က ထူထဲလှသော ခန်းဆီးကြီးကို ဖယ်လိုက်ရာ ဆူဆူညံညံနှင့် လှုပ်လှုပ်ရှားရှား ရှိနေသောအခန်းထဲသို့ ရောက်ရှိသွားလေတော့သည်။

သူ့ရှေ့တွင် ရှေ့ဘက်မှ နောက်ဘက်သို့ ပေနှစ်ရာခန့်နှင့် ဘေးနှစ်ဖက်တွင်လည်း ပေနှစ်ရာခန့် ကျယ်ဝန်းသော ကြီးမားလှသည့် မြေအောက်ဗုံးကျင်းကြီးတစ်ခု ရှိနေသည်။ ဦးခေါင်းပေါ်၌ရှိနေသော မီးချောင်းများက ထိုအခန်းကြီးသည် အခုံညားဆုံး ရုံးခန်းတစ်ခု ဖြစ်ကြောင်း ဖော်ပြနေသည်။ နံရံအားလုံးပေါ်တွင် ပျဉ်ပြားများကို နံရံပြည့် ကပ်ရိုက်ထားပြီး ထိုအခန်းထဲတွင် အညိုရောင်ကော်ဇောကြီးကို ခန်းလုံးပြည့်ခင်းထားသည်။





ထိုကော်ဇောကြီးပေါ်တွင် ခေတ်အမီဆုံးစားပွဲများ၊ ကွန်ပျူတာစက်များနှင့် တယ်လီပရင်တာစက်များ ရှိနေကြသည်။

ရေတပ်မတော်ယူနီဖောင်းကို စနစ်တကျ ဝတ်ဆင်ထားသော ချစ်စရာကောင်းသည့် အမျိုးသမီးကလေးများသည် စားပွဲတွင် အလုပ်လုပ်နေကြသည်။ အချို့က ဗီဒီယိုစက်ပေါ်မှ စာသားများကို လက်နှိပ်စက်နှင့် ကမန်းကတန်း လိုက်ကူးနေကြသည်။

ရေတပ်မတော်ဝတ်စုံကို ဝတ်ထားကြသော အယောက်နှစ်ဆယ်ခန့်ရှိသည့် အမျိုးသားများကမူ သီးခြားအုပ်စုကလေးများ အဖြစ် တစ်နေရာစီမတ်တတ်ရပ်ရင်း ကွန်ပျူတာမှ ထွက်လာသော စာရွက်ရှည်ကြီးများကို လေ့လာ စစ်ဆေးနေကြသည်။ ထိုပုဂ္ဂိုလ်များသည် နံရံလေးဖက်အနက် အစိမ်းရောင်ကျောက်သင်ပုန်းများဖြစ်အောင် ပြုလုပ်ထားသော နံရံသုံးဖက်ပေါ်တွင် ရှုပ်ထွေးပွေလီသော သင်္ကေတ အမှတ်အသားများကို ရေးမှတ်နေကြသည်။

ပစ်ကို မြင်လိုက်ရသော ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားသည် ခါးကိုမတ်လိုက်ပြီးနောက် ထုံးစံအတိုင်း သွားဖြဲ၍ပြုံးရင်း လက်ကို ရှေ့သို့ကမ်း၍ ရှေ့ဘက်သို့ တိုးထွက်လာသည်။

"အမှတ်တစ်ရာ့တစ်ရဲ့ ရုံးချုပ်အသစ်က မင်းကို ကြိုဆိုပါတယ် မစ္စတာပစ်"

"အထင်ကြီးစရာ အကောင်းဆုံး ရုံးခန်းပါပဲ"

ဟန်းတားသည် အခန်းတစ်ခန်းလုံးကို လက်နှင့် ပေ့ပေ့ဆဆ ဝေ့ယမ်းပြလိုက်၏။

"ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဆောက်ခဲ့တာလေ။ အဲဒီအချိန်ကစပြီး ဒီနေရာကို မသုံးကြတော့ဘူး။ ဒါပေမယ့် ငါက အလကား အဖြစ်မခံနိုင်တဲ့အတွက် ဒီကိုလာပြီး ရုံးခန်းဖွင့်ထားတာ"

ဟန်းတားသည် ပစ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးနောက် မြေအောက်ဗုံးခိုကျင်း၏ ထောင့်တစ်ထောင့်တွင်ရှိသော အခန်းတစ်ခန်းဆီသို့ခေါ်သွားပြီး အထဲသို့ ဝင်၍ တံခါးကို ပြန်ပိတ်လိုက်သည်။

ဟန်းတားက တိတိကျကျ ပြောလိုက်၏။

"မင်း နှစ်နာရီနဲ့ သုံးဆယ့်ရှစ်မိနစ် နောက်ကျတယ်"

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ လမ်းမှာ မော်တော်ကားက နည်းနည်းဒုက္ခပေးနေလို့ပါ"

"တယ်လီဖုန်းနဲ့တုန်းက မင်း အဲဒီလို ပြောခဲ့သားပဲ။ မင်းက ငါ့ကို တယ်လီဖုန်းဆက်တဲ့အတွက်တော့ ချီးမွမ်းချင်တယ်။ မင်းက ငါ့ကို ပထမဦးဆုံး ဆက်သွယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒါ တော်တော်ကောင်းတဲ့အတွေးပဲ"

"ကျုပ် မော်တော်ကားပျက်တဲ့နေရာက ထွက်လာမိတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

တိုးနှိုးကားရားတွေ ဖြစ်ကုန်ရတာကို ဝမ်းနည်းမိတာပါပဲ"

"ဒါတွေကို တွေးမနေပါနဲ့တော့လေ။ ဒီလို ရုပ်အလောင်းကြီးကို စစ်ဆေးလို့ သူ ဘယ်သူလဲ ဆိုတာက လွဲရင် သိပ်ပြီး သိလာနိုင်စရာ အကြောင်း မရှိပါဘူး။ ထရပ်ကားထဲက မင်းသူငယ်ချင်းဟာ မင်းကို အပျောက်ရှင်းဖို့ ငှားထားတဲ့ ဒီဒေသက လူမိုက်တစ်ယောက်ယောက်ပဲ ဖြစ်မှာပါ"

"ဘာပဲပြောပြော တခြားတစ်ခုခုကို တွေ့ရနိုင် . . ."

ဟန်းတားက ဖြတ်ပြောလိုက်၏။

"ဝါရင့်အေးဂျင့်တွေကတော့ သူတို့ ဘာတွေ လုပ်ကိုင်နေတယ် ဆိုတာကို စာနဲ့ရေးပြီး သူတို့ အားထားတဲ့ပုဂ္ဂိုလ်တွေရဲ့ ရုပ်အင်္ကျီပေါ်မှာ ပင်အပ်နဲ့ တွယ်ပေးလိုက်ကြမှာ မဟုတ်ဘူး"

"ဝါရင့်အေးဂျင့်တွေ ဆိုတာ တစ်ဖက်နိုင်ငံက အေးဂျင့်တွေကို ဆိုလိုတာလား"

"ဖြစ်နိုင်တယ်၊ ငါတို့ဆီမှာ ခုထက်ထိ သက်သေ အထောက်အထား မရှိသေးပေမယ့် ငါတို့ရဲ့ ထောက်လှမ်းရေးပုဂ္ဂိုလ်တွေကတော့ သူတို့က စကားဘတ်ခ်ကို ဆက်ပြေးချင်တဲ့အတွက် စကားဘတ်ခ် နောက်ဆုံးရှိတဲ့နေရာကို လိုက်စုံစမ်းနေတယ်လို့ ယူဆကြတယ်"

"ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကလည်း အဲဒီလို ဖြစ်နိုင်တဲ့ အလားအလာရှိကြောင်း ပြောခဲ့ပါတယ်"

"သိပ်တော်တဲ့ပုဂ္ဂိုလ်ပဲကွာ"

ဗိုလ်ချုပ်ကြီးဟန်းတား၏အသံတွင် ကျေနပ်နှစ်သိမ့်မှု အပြည့်အဝပါရှိနေသည်။

"သူက မင်းရဲ့ ကိုယ်ရေးစာတွဲကို ဒီကနေ့ မနက်က ငါ့ကို ပြခဲ့တယ်။ ငါက ရိုးရိုးသားသား ဝန်ခံရမယ် ဆိုရင် အဲဒီစာတွဲထဲမှာ ပါတဲ့ ဝက်သစ်ချရွက်နှစ်ခက်နဲ့ ထူးချွန်စွာ ပျံသန်းမှုဆိုင်ရာ သူရသတ္တိတံဆိပ်၊ သူရသတ္တိငွေကြယ်တံဆိပ်၊ သူရဲကောင်း မှတ်တမ်းဝင် ဂုဏ်ပြုလွှာတွေအပြင် တိုက်ပွဲမှာ ဒဏ်ရာရရှိသူတွေကိုသာ ချီးမြှင့်တဲ့ သူရသတ္တိဆိုင်ရာ ခရမ်းရောင် အသည်းနှလုံးတံဆိပ်တွေကြောင့် အတော်ကလေး တအံ့တဩ ဖြစ်ခဲ့ရတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါက မင်းကို အပြောအဆိုကြမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲလို့ ယူဆထားတာ"

ဟန်းတားသည် စားပွဲပေါ်မှ စီးကရက်တစ်ဘူးကို ကောက်ယူလိုက်ပြီးနောက် ပစ်အား စီးကရက် တည်လိုက်သည်။

'ဒီအဘိုးကြီးက သူနည်းသူ့ဟန်နဲ့ ယဉ်ကျေးပျူငှာစွာ မိတ်ဆက်ရန် ကြိုးပမ်းနေပါကလား' ဟု ပစ်က တွေးလိုက်၏။

"ဒီအထဲမှာ ယဉ်ကျေးတဲ့အတွက် ချီးမြှင့်တဲ့ဆုတံဆိပ် မပါတာကိုတော့ ခင်ဗျားလည်း သတိထားမိမှာပါ"





ပစ်က စီးကရက်ဘူးကို ပြန်ပေးလိုက်သည်။

ဟန်းတားသည် ပစ်အား စူးစူးရဲရဲ လေ့လာလိုက်၏။

"ငါက သတိထားမိပါတယ်"

ဟန်းတားသည် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီးနောက် မီးညှိပြီး စားပွဲပေါ်ရှိ အင်တာကွန်မှ ခလုတ်တစ်ခုကို ဖွင့်လိုက်သည်။

"ယာဂါ၊ ကွန်မင်ဒါခင်ဗာနဲ့ဗိုလန်ကို ရှာပြီး ဒီအထဲကို လွှတ်လိုက်"

ဟန်းတားသည် နောက်ဘက်သို့ ပြန်လှည့်လိုက်ပြီး ပစိဖိတ်သမုဒ္ဒရာ မြောက်ပိုင်းကို ဖော်ပြထားသော နံရံကပ်မြေပုံကြီးတစ်ချပ်အား အောက်ဘက်သို့ ဆွဲချလိုက်သည်။

"မေဂျာ၊ ဟာဝေယံဝဲကတော့ ဆိုတာကို ကြားဖူးသလား"

"ဒီကနေ့ နံနက်အထိ မကြားဖူးခဲ့ပါဘူး"

ဟန်းတားသည် မြေပုံပေါ်မှ အိုဟာဟူးကျွန်း၏ မြောက်ဘက်တစ်နေရာကို လက်ခေါက်နှင့် ခေါက်ပြလိုက်၏။

"အချင်း မိုင်လေးရာလောက်ရှိတဲ့ ဟောဒီနေရာထဲကို ၁၉၅၆ ခုနှစ်ကစပြီး သင်္ဘော လေးဆယ်နီးပါး ဝင်သွားကြပြီး ပျောက်ပျောက်သွားခဲ့ကြတယ်၊ စေ့စေ့စပ်စပ် လိုက်ရှာခဲ့ကြပေမယ့်လည်း ဘာကိုမှ ရှာမတွေ့ခဲ့ကြရဘူး။ အဲဒါ မတိုင်ခင်ကတော့ သာမန်အားဖြင့် အနှစ်နှစ်ဆယ် အတွင်းမှာမှ သင်္ဘောနှစ်စင်းလောက်ပဲ ပျောက်သွားတတ်ကြတယ်"

ဟန်းတားသည် မြေပုံဆီမှ ပြန်လှည့်လိုက်ပြီး နားရွက်ကို လက်နှင့်ကုတ်လိုက်၏။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး လေ့လာထားတာတွေ အများကြီး ရှိပါတယ်။ ဖြစ်နိုင်တဲ့အဖြေကို ရှာတွေ့လိုတွေ့ငြားဆိုပြီး ရသမျှ အချက်အလက်တွေကို ကွန်ပျူတာထဲ ထည့်ခဲ့ကြတယ်။ အခုအထိတော့ မဖြစ်နိုင်တဲ့ သီအိုရီတွေကိုပဲ တွေ့နေရတယ်။ တကယ်ဖြစ်နိုင်တဲ့အချက်တွေက သိပ်နည်းလွန်းနေတယ်"

တံခါးပေါ်မှ ခပ်တိုးတိုးခေါက်သံ ပေါ်ထွက်လာသောကြောင့် စကားစပြတ်သွားသည်။

ဟန်းတားသည် အခန်းထဲသို့ ဝင်လာသော ဒင်ဗာနှင့် ဗိုလန်တို့ကို မော့ကြည့်လိုက်၏။ သူတို့နှစ်ယောက်စလုံးသည် ပစ်အား အတန်ငယ်ကြာအောင် ငေးစိုက်ကြည့်နေပြီးမှ ပစ်သည် မည်သူမည်ဝါ ဖြစ်ကြောင်း တဖြည်းဖြည်း မှတ်မိလာကြတော့သည်။

ဒင်ဗာက ပထမဦးဆုံး စပြောသည်။

"ဒတ်ခ်၊ ကျုပ်တို့အဖွဲ့ထဲ ခင်ဗျား ရောက်လာတာ သိပ်ကောင်းတာပေါ့ဗျာ"

ပစ်က ပြုံးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ခုအချိန်မှာတော့ ကျုပ်က အချိန်အခါနဲ့ ကိုက်ညီအောင် ဝတ်စားလာပါတယ်"

ဗိုလန်သည် ပစ်ဘက်သို့ လှည့်၍ ခေါင်းညိတ်ပြလိုက်ပြီးနောက် နှုတ်ဆက်စကားကို မပွင့်တပွင့်ပြောပြီး ထိုင်ချလိုက်သည်။

ဟန်းတားက ပြောလိုက်၏။

"ငါတို့က မစ္စတာပစ်ကို ပြည့်ပြည့်စုံစုံ ရှင်းပြဖို့ အချိန် သိပ်မရဘူး၊ ဒါပေမယ့် လုပ်ငန်းအနေအထားကတော့ တော်တော်ကလေး ဟန်ကျနေပါပြီ။ ငါတို့ရဲ့ ကွန်ပျူတာတွေက အမေရိကန်တစ်နိုင်ငံလုံးမှာ ရှိတဲ့ ထောက်လှမ်းရေး အေဂျင်စီတွေနဲ့ အဆက်အသွယ် ရထားပြီ။ မင်းက ငါတို့ရဲ့လုပ်ငန်းကို ဝါရှင်တန်မှာရှိတဲ့ မင်းတို့ လူတွေနဲ့ ညှိနှိုင်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ငါတို့က အဖြေကို မြန်မြန်ဆန်ဆန် လိုချင်တယ်။ မင်းလိုချင်တာ တစ်ခုခုရှိခဲ့ရင် ကွန်မင်ဒါဗိုလန်ကိုသာ ပြောပါ။ သူက စီစဉ်ပေးပါလိမ့်မယ်"

"တစ်ချက်ပဲ ရှိပါတယ်"

ပစ်က ပြောလိုက်ခြင်း ဖြစ်သည်။

"ပြောကွာ . . ."

ဟန်းတားက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"ကျုပ်က ဒီနေရာမှာဆိုရင် အနိမ့်ဆုံး အဆင့်ကပုဂ္ဂိုလ်ပါ။ ဒီကနေ့ နံနက်အထိ ဒီကိစ္စကို အရင်က တစ်ခါမှ မကြားဖူးခဲ့ဘူး။ ကျုပ်က သင်္ဘောတွေကို ဝါးမျိုသွားတတ်တဲ့ ပင်လယ်ထဲက အဲဒီနေရာနဲ့ ပတ်သက်ပြီး ရေရေရာရာ မသိထားရဘူး ဆိုရင် ခင်ဗျားတို့ကို ကျုပ် သိပ်ပြီး အကျိုးပြုနိုင်မှာ မဟုတ်ဘူး"

ဟန်းတားသည် ပစ်အား လေးလေးနက်နက် ပြန်ကြည့်လိုက်၏။

"ငါ တောင်းပန်ပါတယ်ကွာ"

သူက စကားကို ရပ်တန့်လိုက်ပြီးနောက် ခပ်တိုးတိုး ဆက်ပြောသွားသည်။

"မင်းက ဘာမူဒါ တြိဂံဒေသကိုတော့ သိထားမှာပေါ့နော်"

ပစ်က ခေါင်းညိတ်လိုက်၏။

ဟန်းတားက ဆက်ပြောသည်။

"ကမ္ဘာပေါ်မှာ ရှင်းလင်းလို့ မရနိုင်တဲ့ ပဟေဠိတွေ ဖြစ်ပွားနေတာဟာ ဘာမူဒါ တြိဂံဒေသ တစ်ခုတည်းမှာသာ မဟုတ်ဘူး။ မြေထဲပင်လယ်မှာလည်း ဖြစ်တာပါပဲ။ ပြီးတော့လည်း ဂျပန်နိုင်ငံရဲ့ အရှေ့တောင်ဘက်မှာရှိတဲ့ ပစိဖိတ်ဒေသထဲက ရိုမွန်ဒိုဒေသဟာ လူသိ သိပ်မများလှပေမယ့် လွန်ခဲ့တဲ့ ရာစုနှစ် နှစ်စုအတွင်းမှာ အခြား သမုဒ္ဒရာ အားလုံးကို ပေါင်းတာထက်တောင် ပိုပြီး သင်္ဘောတွေ နစ်မြုပ်နေတယ်။ အဲဒါကမှ တစ်ဆင့် ပစိဖိတ်ရဲ့ ဘာမူဒါတြိဂံဒေသဖြစ်တဲ့ နောက်အကျဆုံးနဲ့ အထူး





ခြားဆုံး ဟာဝေယံဝဲကတော့ဆီကို ရောက်လာတော့တယ်"

"ကျုပ်အယူအဆကို ပြောရမယ် ဆိုရင် အဲဒါတွေဟာ တကယ့်ပေါက်တတ်ကရတွေပဲ"

ပစ်က ခပ်ဆတ်ဆတ်ဝင်ပြောလိုက်၏။

ဗိုလန်က ပြန်ဖြေလိုက်သည်။

"ကျုပ်ကတော့ သိပ်မပြောပြတတ်ဘူး။ ဒါပေမယ့် ခုကိစ္စမှာ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာကို လူတော်တော်များက ယုံကြည်ထားကြပါတယ်။ အဲဒီအထဲမှာ လေးစားထိုက်တဲ့ သိပ္ပံပညာရှင်တွေတောင် ပါပါတယ်"

ဟန်းတားက ပစ်ကို ပြန်မေးလိုက်၏။

"ဒါဖြင့် မင်းက ဒီကိစ္စကို မယုံကြည်ဘူးဆိုတဲ့ သဘောပေါ့"

"ကျုပ် ဒီကိစ္စမှာ ဝင်ပြီး ကူညီရုံသက်သက်ပဲလေ။ ကျုပ်က မြင်ရတာ၊ နမ်းရှုပ်ရတာ၊ ထိတွေ့လို့ရတာတွေကိုပဲ ယုံကြည်တယ်"

ဟန်းတား စိတ်ပျက်သွားပုံရသည်။ သူ့အသံကလည်း စိတ်ပျက်သွားပုံပေါက်သည်။

"ကဲ- လူကြီးမင်းများ ခင်ဗျား၊ ကျုပ်တို့ အယူအဆတွေ ဘယ်လိုပဲကွဲပြား ကွဲပြား၊ သိပ် ထူးခြားလာမှာတော့ မဟုတ်ပါဘူး။ ကျုပ်တို့အတွက် အချက်အလက်တွေကသာ ပိုပြီး အရေးကြီးပါတယ်။ ပြီးတော့လည်း ကျုပ်က အမှတ်တစ်ရာ့တစ် သင်္ဘောအုပ်စုကို ဦးဆောင်နေသရွေ့ ကာလပတ်လုံး အဲဒီအတိုင်း လိုက်နာ ဆောင်ရွက်ကြမယ်။ ကျုပ်တို့အလုပ်က သင်္ဘောတွေကို ဆယ်တင်ပေးဖို့ပဲ။ ခုလောလောဆယ်မှာ ကျုပ်တို့ရဲ့ အမိကတာဝန်က စတားဘတ်ခ်ကို လိုက်ရှာပြီး ဆယ်ပေးဖို့ပဲ။ ကျုပ်တို့လူစု ဟာဝေယံဝဲကတော့ဆိုတဲ့ ဒဏ္ဍာရီနဲ့ လာပြီး ပတ်သက်နေရတာကလည်း ကွန်မင်ဒါ ဒူပရီရဲ့ အကြောင်းကြားချက်နဲ့ ဆက်စပ်တဲ့ ထူးထူးဆန်းဆန်း ကိစ္စတွေကြောင့်ပဲ။ ကျုပ်တို့က နှစ်ပေါင်းများစွာအတွင်းမှာ ပျောက်ကွယ်သွားကြတဲ့ သင်္ဘောတွေရဲ့ကိစ္စကို ဖြေရှင်းရင်း စတားဘတ်ခ် ပျောက်ဆုံးမှုကို ဖြေရှင်းပေးနိုင်ခဲ့မယ် ဆိုရင် သင်္ဘောလုပ်ငန်းကြီးတစ်ခုလုံး အတွက် ပိုကောင်းသွားတာပေါ့လေ။ တခြား နိုင်ငံကြီးတွေ[illegible] စတားဘတ်ခ်ကို ကျုပ်တို့အရင် ရှာတွေ့သွားကြမယ် ဆိုရင် ဝါရှင်တန်မှာရှိတဲ့ ပုဂ္ဂိုလ်တော်တော်များများ ဒေါသူကုန်လိမ့်မယ်"

ဗိုလန်က ထပ်မံ ဖြည့်စွက်လိုက်၏။

"အထူးသဖြင့် ရေတပ်ကပေါ့လေ"

ဟန်းတားက ခေါင်းညိတ်သည်။

"ရေတပ်ကသာမက. ခေတ်အမီဆုံး အဏုမြူရေငုပ်သင်္ဘောကို တည်ဆောက်ဖို့ နှစ်ပေါင်းများစွာကြာအောင် ပုံစံထုတ်ပြီး ဆောက်လုပ်ပေးခဲ့ကြတဲ့ သုတေသနဓာတ်ခွဲခန်းတွေနဲ့ အင်ဂျင်နီယာဌာနတိုင်း ပါတာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ တကယ်လို့ စတားဘတ်ခ်သာ ဗင္လာဒီဗော့စတော့မြို့က ဆိပ်ကမ်းမှာ သွားပေါ်ခဲ့မယ်ဆိုရင် စတားဘတ်ခ်ကို ချွေးတဒီးဒီး ကျအောင် ဆောက်လုပ်ခဲ့ကြတဲ့လူတွေက သိပ်ပြီး ကျေနပ်မှာ မဟုတ်ဘူး"

ပစ်က မေးလိုက်ပြန်၏။

"တခြား သင်္ဘောတွေ၊ လေယာဉ်ပျံတွေ ပျောက်ဆုံးမှုနဲ့ စတားဘတ်ခ် ပျောက်ဆုံးမှုအကြားမှာ တူညီတဲ့အချက်ကလေးတွေ ရှိပါသလား"

"ခင်ဗျား မေးတဲ့မေးခွန်းကို ကျုပ် ဖြေမယ် မေဂျာ"

ဗိုလန်က ဝင်ပြောလိုက်သည်။

"စပြောရမယ် ဆိုရင် ဘာမူဒါတြိဂံဒေသနဲ့ မတူတဲ့အချက်ကတော့ ဟာဝေယံဝဲကတော့မှာ လေယာဉ်ပျံပျောက်တာမျိုး မရှိခဲ့ပါဘူး။ ပြီးတော့ ဒုတိယအချက်ကလည်း ပထမ ပျောက်သွားတဲ့ဟာတွေနဲ့ ဆက်စပ်ပြီး ကြည့်နိုင်အောင် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့တဲ့လူတွေ၊ အသက်ကယ်လှေတွေ၊ အလောင်းတွေ၊ မျောနေတဲ့ပစ္စည်းတွေကို ဘယ်လိုမှ ရှာမတွေ့ကြရဘူး။ တခြား သင်္ဘောတွေနဲ့ ဒီရေငုပ်သင်္ဘောဟာ ပျောက်ကွယ်သွားခဲ့ကြတယ် ဆိုတာကလွဲရင် တခြား ဘာမှ ဆက်စပ်စရာ အကြောင်းအချက် မရှိပါဘူး"

ဒင်ဗာသည် ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး ပစ်၏လက်မောင်းကို လှမ်းကိုင်လိုက်သည်။

"ကေးနားပွိုင့်သောင်စပ်က ခင်ဗျား တွေ့လာတဲ့ ဆက်သွယ်ရေးဘူးကလွဲရင် လူတွေ မျက်စိနဲ့ မြင်လိုက်ရတဲ့ အခြားသက်သေတစ်ခုပဲ ရှိခဲ့တယ်"

ပစ်က ပြောလိုက်၏။

"ဗိုလ်ချုပ်ကြီးဆန်ဒက်ကာကလည်း အဲဒီလို ခြွင်းချက်မျိုးရှိတယ်လို့ ပြောခဲ့ပါတယ်"

"လီလီမာလီနီ"

ဟန်းတားက ခပ်တိုးတိုး ပြောလိုက်၏။ သူ့မျက်လုံးများသည် အလင်းနှစ်ပေါင်းများစွာ ဝေးကွာသောနေရာမှ မမြင်ရသောပုံရိပ်များအား လှမ်းကြည့်နေသလို ကြောင်တောင်တောင် ဖြစ်နေကြသည်။

"မေရီစီလက်စ်တီထက်တောင် ပိုပြီး ထူးခြားတဲ့အဖြစ်အပျက်ပဲ"

ဟန်းတားသည် အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်ပြီးနောက် ခဏကြာအောင် ဟိုစမ်းဒီစမ်းနှင့် လိုက်ရှာပြီး ပစ်ထံသို့ စာတွဲတစ်တွဲကို လှမ်းပေးလိုက်သည်။

"ဒီအထဲမှာ စာရွက် နည်းနည်းပဲပါတယ်၊ သိပ်တော့ မများလှပါဘူးလေ"

ဟန်းတားသည် အင်တာကွန်ခလုတ်ကို နှိပ်လိုက်ပြီးနောက် ပြောလိုက်၏။





"ယာဂါ၊ တို့အတွက် ကော်ဖီယူခဲ့"

ပစ်သည် ဖိုင်တွဲပေါ်မှ ခေါင်းစီးစာတန်းကို ဖတ်လိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ထိုင်ချလိုက်ရင်း စ၊ ဖတ်တော့သည်။

*အက်စ်အက်စ်လီလီမာလီနီ၏ ထူးခြားသောပျက်စီးမှု*

၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ ညနေခင်းတွင် ယခင်က ဗြိတိသျှတော်ပိဒိုသင်္ဘောကို ကိုယ်ပိုင်သင်္ဘောအဖြစ် ပြောင်းလဲပြုပြင်ထားသော အက်စ်အက်စ် လီလီမာလီနီသည် အိုမားဟူးကျွန်း၏ အနောက်မြောက်ဘက်သို့ ဦးတည်၍ ဟိုနိုလူလူ သင်္ဘောဆိပ်မှ ထွက်ခွာသွားခဲ့သည်။

ထိုသင်္ဘော၏ပိုင်ရှင် ကမ္ဘာကျော် ရုပ်ရှင်ထုတ်လုပ်သူ ဟားဘတ်ဟဟတ်ဆန်သည် အသက်ကယ်လှေနှင့် ကယ်ဆယ်သည့်အခန်းတစ်ခန်းကို ရုပ်ရှင်ရိုက်ကူးရန် ရည်ရွယ်ချက်နှင့် ထွက်ခွာသွားခြင်းဖြစ်သည်။

ပင်လယ်ရေပြင်သည် ငြိမ်သက်လျက်ရှိသည့်အပြင် ကောင်းကင်၌ တိမ်တိုက် အနည်းငယ်သာရှိပြီး အရှေ့မြောက်ဘက်မှ တစ်နာရီလျှင် လေးမိုင်နှုန်းခန့်နှင့် တိုက်ခတ်နေသောလေကလွဲလျှင် ရာသီဥတုသည် သာယာလျက်ရှိပေသည်။

ဇူလိုင် ၁၃ ရက်၊ ၂၀း၅၀ နာရီတွင် မာကာယူးပွိုင့်ရှိ ကမ်းခြေစောင့်တပ်စခန်းနှင့် ပုလဲဆိပ်ကမ်းရှိ ရေတပ်ဝဟိုဆက်သွယ်ရေးဌာနတို့သည် ထိုသင်္ဘောမှ ကယ်ပါကူပါ ဆိုသော အသံလွှင့်ချက်နှင့် ဖော်ပြချက်တို့ကို ဖမ်းယူရရှိခဲ့ကြသည်။

ဟစ်ကမ်ဖီးလ်လေဆိပ်မှ ဝေဟင်ကယ်ဆယ်ရေးစခန်းသို့ သတင်းပို့နိုးဆော်လိုက်ပြီးနောက် အိုဟားဟူးကျွန်းရှိ ကမ်းခြေစောင့်တပ်နှင့် ရေတပ်မှ သင်္ဘောများသည် ထိုနေရာသို့ ထွက်ခွာသွားကြသည်။

ကယ်ပါကူပါ ဆိုသော အသံလွှင့်ချက်သည် တစ်ဆယ့်နှစ်မိနစ်သာ ကြာမြင့်ခဲ့သည်။ ထို့နောက် တိတ်ဆိတ်သွားပြီး နောက်ဆုံးတွင် လီလီမာနီမှ ထူးခြားသောအသံလွှင့်ချက်များနှင့် အဆုံးသတ်သွားတော့သည်။

သူတို့ နှင်းမြူထဲက ထွက်လာကြသည်။ မာလိန်မှူးနှင့် လက်ထောက် မာလိန်မှူး သေဆုံးသွားပြီး သင်္ဘောသားများကတော့ တိုက်ခိုက်နေကြဆဲပင်။

သူတို့က သိပ်များလွန်းသည်။ သူတို့ကို နိုင်ရန် လုံးဝ မဖြစ်နိုင်။ ပထမဦးဆုံး ခရီးသည်များ အသတ်ခံကြရသည်။ သူတို့သည် အမျိုးသမီးများ အပါအဝင် မည်သူ့ကိုမျှ ချမ်းသာမပေးကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဆက်အစပ် မရှိသော ဝါကျများ ထွက်ပေါ်လာသည်။

တောင်ဘက်ရှိ မိုးကုပ်စက်ဝိုင်းတွင် သင်္ဘောတစ်စီးကို မြင်ရပြီ။

ဘုရားသခင် ကယ်တော်မူပါ။

အဲဒီသင်္ဘော အချိန်မီ ရောက်လာပါစေ။

မစ္စတာဟာဟတ်ဆန် သေသွားပြီ။

ယခု ကျုပ်တို့ဆီကို သူတို့ လာနေကြပြီ။

နောက်ထပ် အသံလွှင့်ရန် အချိန်မရှိတော့ပါ။ သူတို့က အသံလွှင့်နေတာကို ကြားသွားကြသည်။

မာလိန်မှူးကို အပြစ်မတင်ပါနှင့်။ သူ မသိနိုင်ပါ။

သူတို့က တံခါးကို လာထုနေကြပြီ။ အချိန် သိပ်မရှိတော့ပါ။ ကျုပ် နားလည်း မလည်ပါ။

သင်္ဘောသည် ရွေ့လျားနေပြန်လေပြီ။

ကယ်ပါ ခင်ဗျာ။ ကျွန်တော်တို့ကို ကယ်တော်မူကြပါ။ သူတို့ . . .

နောက်ဆုံး အသံလွှင့်ချက်သည် ဤနေရာတွင် ပြီးဆုံးသွားသည်။

ဤနေရာသို့ ပထမဦးဆုံး ရောက်ရှိသွားသော သင်္ဘောမှာ စပိန်ကုန်သင်္ဘောဆန်ဂေဘရီယယ်ပင် ဖြစ်သည်။ လီလီမာလီနီထံမှ အသံလွှင့်ချက်ကို ဖမ်းယူရရှိချိန်တွင် ထိုသင်္ဘောသည် (၁၂) မိုင်ဝေးသောနေရာတွင် ရောက်ရှိနေသည်။

၎င်းအပြင် အက်စ်အက်စ် လီလီမာလီနီသင်္ဘောမှ အသံလွှင့်ချက် မပြီးဆုံးမီ ဆန်ဂေဘရီယယ်မှ ရေဒီယိုအရာရှိက လီလီမာလီနီကို လှမ်းမြင်ခဲ့ရခြင်းဖြစ်သည်။

စပိန်သင်္ဘောသည် မပျက်မစီးသေးသည့် အနေအထားဖြင့် ရှိနေသေးသည့်အပြင် အရှိန်ခပ်နှေးနှေးနှင့် ရွေ့လျားနေသည်ကို စပိန်သင်္ဘောသားများက သတိပြုမိခဲ့ကြသည်။

ချက်ချင်းလိုလိုပင် လီလီမာလီနီသည် ရေထဲတွင် ရုတ်တရက် ရပ်တန့်သွားသောကြောင့် ဆန်ဂေဘရီယယ်၏မာလိန်မှူးက လီလီမာလီနီပေါ်သို့ တက်ရောက်ကြည့်ရှုမည့် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်နိုင်ခဲ့သည်။

ထိုသင်္ဘောပေါ်သို့ တက်ရောက်ကြည့်ရှုသောအဖွဲ့သည် သင်္ဘောသား အားလုံး သေနေပြီး စက်သေနေသောသင်္ဘောကို တွေ့ရှိခဲ့ကြသည်။

ခရီးသည်များ၊ ရုပ်ရှင်ပညာသည်များ၊ သင်္ဘောမှ အရာရှိများနှင့် သင်္ဘောသားများ၏ အသက်ကင်းမဲ့နေသော ရုပ်အလောင်းများသည် ကုန်းပတ်ပေါ်နှင့် အောက်ဘက်ရှိ ဒေကဗင်များထဲတွင် အစုလိုက် အပြုံလိုက် ရှိနေကြသည်။

ရေဒီယို အသံလွှင့်သော အခန်းထဲတွင်လည်း ရေဒီယိုစက်ကို ဖွင့်ထားသောကြောင့် 'ဖွင့်' ဆိုသော ခလုတ်ကလေးတွင် မီးနီကလေး ပြနေပြီး ထိုရေဒီယိုစက်ပေါ်၌ ခေါင်းငိုက်စိုက်ကျ၍ သေဆုံးနေသော ရေဒီယိုအော်ပရေတာ၏ ရုပ်အလောင်းကို တွေ့ကြရသည်။

တက်ရောက်ကြည့်ရှုသည့် အဖွဲ့ခေါင်းဆောင် သင်္ဘောအရာရှိက ဆန်ဂေဘရီယယ်၏မာလိန်မှူးထံ ရေဒီယိုနှင့် ချက်ချင်း ဆက်သွယ်သည်။ သူက သူ မြင်တွေ့ရသမျှကို အထိတ်တလန့်နှင့် အစီရင်ခံလိုက်သည်။

သေဆုံးသူများ၏အလောင်းများသည် အစိမ်းရောင် အဖြစ်သို့ ပြောင်းလဲနေကြသည့်အပြင် အလွန် ပြင်းထန်သော အပူဓာတ်နှင့် လောင်ကျွမ်းထားသည်ကို ခံကြရသည့်အလား အလောင်းများ၏မျက်နှာများသည် အရည်ပျော်နေကြသည်။ ကန့်နှင့်တူသောအနံ့ကြီးသည် သင်္ဘောတစ်ခုလုံးတွင် ပျံ့နှံ့နေသည်။ အလောင်းများ၏ အနေအထားများကို ကြည့်ရှုရခြင်းဖြင့် သူတို့သည် မသေခင် အပြင်းအထန် တိုက်ခိုက် သတ်ပုတ်ခဲ့ကြပုံရသည်။ လက်နှင့် ခြေထောက်များသည် သဘာဝမကျသော အနေအထားများသို့ရောက်အောင် တွန့်လိမ်ကောက်ကွေးနေကြပြီး ဆိုးဆိုးဝါးဝါး မီးလောင်ခံထားရသော မျက်နှာအားလုံးသည် မြောက်ဘက်အရပ်ဆီသို့ မျက်နှာမူနေကြသည်ဟု ထင်ကြရသည်။ ပါဆင်ဂျာတစ်ယောက်က ခေါ်ဆောင်လာပုံရသော ခွေးငယ်တစ်ကောင်သည်ပင်လျှင် ထိုကဲ့သို့သော ဒဏ်ရာဒဏ်ချက်များနှင့် သေဆုံးနေသည်။

လီလီမာလီနီပေါ်သို့ တက်ရောက် ကြည့်ရှုသော အဖွဲ့သည် ပဲ့စင်ပေါ်တွင် ခေတ္တမျှ ဆွေးနွေး ညှိနှိုင်းကြပြီးနောက် ဆန်ဂေဘရီယယ်၏ မာလိန်မှူးထံသို့ ထိုသင်္ဘောအား ဆွဲယူသွားရန်အတွက် ကြိုးတစ်ချောင်း ပို့ပေးရန် အချက်ပြ၍ အကြောင်းကြားလိုက်သည်။

ထိုအဖွဲ့သည် သင်္ဘောကို ဟိုနိုလူလူဆိပ်ကမ်းသို့ ဆွဲယူသွားပြီး လီလီမာလီနီကို ဆယ်ယူခဲ့ရသည့်အတွက် ရသင့်ရထိုက်သောငွေကြေးကို တောင်းယူရန် ရည်ရွယ်ခဲ့ကြသည်။

ထို့နောက် ဆန်ဂေဘရီယယ်သည် လီလီမာလီနီအား ဆွဲယူနိုင်မည့်အနေအထားသို့ ရောက်ရှိမလာမီ လီလီမာလီနီသည် ဦးပိုင်းမှ ပဲ့ပိုင်းအထိ ရုတ်တရက် ထ၍ ပေါက်ကွဲတော့သည်။

ထိုကဲ့သို့ ပေါက်ကွဲမှုအရှိန်အဟုန်က ဆန်ဂေဘရီယယ်အား တုန်လှုပ်သွားစေခဲ့သည့်အပြင် အပျက်အစီးများကိုလည်း နှစ်ဖာလုံခန့်ဝေးကွာသော နေရာအထိ လွင့်စဉ်သွားစေခဲ့သည်။

လီလီမာလီနီသည် တစ်ပိုင်းတစ်စစီ ကျန်ရစ်ခဲ့သော အပျက်အစီးများနှင့် ထိုသင်္ဘောသို့ တက်ရောက် ကြည့်ရှုသော အဖွဲ့တစ်ဖွဲ့လုံးနှင့်အတူ မြင်ကွင်းထဲမှ ပျောက်ကွယ်၍ ရေအောက်သို့ နစ်မြုပ်သွားတော့သည်။

ထိတ်လန့်တုန်လှုပ်မှုကြောင့် ကြက်သေ သေသွားကြသော ဆန်ဂေဘရီယယ်မာလိန်မှူးနှင့် သင်္ဘောသားများသည် မည်သို့မှ အကူအညီ





www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်စွမ်း မရှိဘဲ လက်ပိုက်၍ ကြည့်နေခဲ့ကြရသည်။

ကမ်းခြေစောင့်တပ်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မျက်မြင်သက်သေများ၏ထွက်ချက်ကို နားထောင်၍ သက်သေအထောက်အထားများကို ကြည့်ရှု စစ်ဆေးပြီးနောက် လီလီမာလီနီသင်္ဘောပေါ်မှ ခရီးသည်များနှင့် သင်္ဘောသားများ သေဆုံးခဲ့ရမှု၊ ထို့နောက် ပေါက်ကွဲပြီး နစ်မြုပ်ခဲ့ရမှုတို့သည် အကျိုးအကြောင်း ဖော်ပြနိုင်ခြင်း မရှိသော ကိစ္စရပ်များကြောင့်သို့မဟုတ် အမည်မသိ ပုဂ္ဂိုလ်များ၏ လက်ချက်ကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်ဟု မှတ်ချက်ချပြီး ထိုအမှုကို ပိတ်ခဲ့ရလေတော့သည်။

ပစ်သည် ထိုစာတွဲကို ပိတ်လိုက်ပြီးနောက် ဟန်းတား၏ စားပွဲပေါ်သို့ ပြန်တင်လိုက်၏။

"အနည်းဆုံး တော်တော် ထူးဆန်းတာပဲလို့ ပြောရလိမ့်မယ်"

ဟန်းတားက တည်တည်ငြိမ်ငြိမ်နှင့် ပြန်ဖြေလိုက်သည်။

"အခု ဒီကိစ္စကတော့ ဘေးဥပဒ် မကျရောက်မီ အသံလွှင့်ခဲ့တယ် ဆိုတာရယ်၊ ပါဝင်ပတ်သက်သူတွေရဲ့ အနေအထားကို မျက်မြင်သက်သေတွေက တွေ့ရှိရချက်ရယ်၊ အဲဒါတွေကို ဖော်ပြထားတဲ့ တစ်ခုတည်းသော အဖြစ်အပျက်ပဲ"

ပစ်က ပြန်ပြောလိုက်၏။

"ခုအတိုင်းဆိုရင်တော့ လီလီမာလီနီပေါ်ကို တက်ကြည့်တဲ့အဖွဲ့က တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်လို့ ထင်စရာဖြစ်နေတာပေါ့"

ဗိုလန်က ခေါင်းခါလိုက်သည်။

"ဆန်ဂေဘရီယယ်ပေါ်က လီလီမာလီနီပေါ်ကို တက်ကြည့်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ သံသယရှိစရာ မလိုပါဘူး။ လီလီမာလီနီက အသံလွှင့်တဲ့အချိန်မှာ စပိန်သင်္ဘောက (၁၂) မိုင်အကွာမှာ ရှိနေတယ် ဆိုတာ သိပ်သေချာပါတယ်"

ပစ်က မေးလိုက်ပြန်၏။

"တခြား သင်္ဘောတွေကတော့ မမြင်ကြရဘူးလား"

ဒင်ဗာက ဝင်ပြောလိုက်သည်။

"ခင်ဗျား ဘာကို ဆိုလိုတယ် ဆိုတာ ကျုပ် သိပါတယ်။ ဒါပေမယ့် ပင်လယ်သမုဒ္ဒရာတွေထဲမှာ ပင်လယ်ဓားပြမှုတွေ မရှိတော့ပါဘူး"

ပစ်က ထပ်မေးလိုက်ပြန်၏။

"ဒုပရီရဲ့သတင်းပို့ချက်ထဲမှာ မြူနှင်းတွေလိုလို၊ မီးခိုးတွေလိုလိုကို တွေ့ရတယ်လို့ ဆိုထားတယ်။ ဆန်ဂေဘရီယယ်သင်္ဘောကရော အဲဒါနဲ့ ဆင်ဆင်တူတာမျိုးကို တွေ့ကြရသလား"

ဟန်းတားက ဖြေလိုက်၏။

"မတွေ့ရဘူး။ ကယ်တော်မူကြပါ ဆိုတဲ့ အသံလွှင့်ချက်ကို ၂၀း ၅၀ နာရီမှာ ကြားရတယ်။ အဲဒီအချိန်မှာ မှောင်စပြုနေပြီ။ မှောင်နေ





တဲ့ မိုးကုပ်စက်ဝိုင်းမှာ အဲဒီလို မြူနှင်းထုမျိုးကို တွေ့မြင်ရမှာ မဟုတ်ဘူး"

ဒင်ဗာက ထပ်ပြောလိုက်ပြန်၏။

"ပြီးတော့လည်း ဇူလိုင်လလို အချိန်မျိုးမှာ ပစိဖိတ်သမုဒ္ဒရာထဲမှာ မြူနှင်းထုတွေဝေဖို့ ဆိုတာ ဝိုင်ကီကီသဲသောင်ယံမှာ နှင်းမုန်တိုင်းဖြစ်လေ့မရှိသလို သိပ်ကို ရှားပါတယ်။ လေငြိမ်ပြီး နွေးနေတဲ့လေဟာ တိုက်ခတ်မှုမရှိတဲ့ ညအချိန်မျိုးမှာ အေးမြတဲ့ရေပြင်နဲ့ ထိတွေ့လိုက်တဲ့အခါမျိုးကျရင် ရေခိုးရေငွေ့အဖြစ် ပြောင်းလဲသွားပြီး သေးငယ်တဲ့ မြူနှင်းထုကလေးတစ်ခုကို ဖြစ်ပေါ်လာစေတတ်တယ်။ ဒီနေရာတစ်ဝိုက်မှာတော့ အဲဒီလို အခြေအနေမျိုး ဖြစ်ပေါ်လေ့ မရှိပါဘူး။ လေကလည်း တစ်နှစ်ပတ်လုံး ခပ်မှန်မှန် တိုက်ခတ်နေတဲ့အပြင် (၇၂) ဒီဂရီက (၈၀) ဒီဂရီအထိ ရှိနေတဲ့ ရေမျက်နှာပြင်ကို အေးမြတဲ့ရေပြင်လို့ ခေါ်နိုင်မယ် မထင်ပါဘူး"

ပစ်က ပခုံးကို တွန့်လိုက်၏။

"ဒါဆိုရင်လည်း ပြီးတာပဲပေါ့ဗျာ"

ဗိုလန်က ပြောလိုက်၏။

"ကျုပ်တို့ ထည့်ပြီး စဉ်းစားရမှာက အဲဒီလို ဖြစ်တဲ့အချိန်မှာ ဆန်ဂေဘရီယယ်သာ ရောက်မသွားခဲ့ရင် လီလီမာလီနီဟာ ပေါက်ကွဲပြီး ရေအောက်ကို နစ်မြုပ်သွားတော့မှာ အမှန်ပဲ။ အဲဒီလိုသာ ဖြစ်ခဲ့ရင် ခုကိစ္စဟာ ပိုပြီး ထူးဆန်းတဲ့ ပျောက်ဆုံးမှုကြီး ဖြစ်သွားတော့မှာပဲ"

ဒင်ဗာက သူ့အား ငေးစိုက်ကြည့်လိုက်သည်။

"နောက်တစ်ချက်ကလည်း ဒီကမ္ဘာပေါ်က လူသားတွေနဲ့ မပတ်သက်တဲ့ကိစ္စတစ်ခုခုက လီလီမာလီနီကို တိုက်ခိုက်မယ်ဆိုရင် သူတို့က တခြား သင်္ဘောတွေက မြင်နိုင်တဲ့ နေရာမျိုးမှာဖြစ်စေ၊ ပြီးတော့ သင်္ဘောပေါ်ကို တက်ပြီး စစ်ဆေးနိုင်အောင် အချိန်ပေးတာမျိုးကို ဖြစ်စေ ခွင့်ပြုမှာ မဟုတ်ဘူး။ အဲဒါနဲ့ ပတ်သက်ပြီး ရည်ရွယ်ချက် တစ်ခုခုတော့ ရှိရမယ်"

ဗိုလန်က လက်နှစ်ဖက်ကို မြှောက်ပြလိုက်၏။

"ကဲ - သူ လမ်းလွဲသွားပြန်ပြီ"

"အချက်အလက်တွေကိုပဲ လက်ကိုင်ထားပြီး ပြောပါ ကွန်မင်ဒါ"

ဟန်းတားက ဒင်ဗာအား အေးစက်သောအကြည့်နှင့် လှမ်းကြည့်လိုက်၏။

"ငါတို့အတွက် သိပ္ပံစိတ်ကူးယဉ်ငွေ့ကို တွေးနေဖို့ အချိန်မရှိဘူး"

သေးငယ်သော အခန်းကလေးထဲတွင် ငြိမ်ကျသွားသည်။

အပြင်ဘက်မှ စက်ကိရိယာများ၏ ခပ်အုပ်အုပ်အသံများကသာ အခန်းထဲသို့ စိမ့်ပြီး ဝင်ရောက်နေသည်။

ပစ်သည် သူ့လက်ကို မျက်လုံးပေါ်တင်၍ လေးလေးပင်ပင်ကြီး ပွတ်လိုက်ပြီးနောက် တည်ငြိမ်သောအသံနှင့် ခပ်ဖြည်းဖြည်း ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ဘားဒက်က စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ချက်ကို ဖော်ထုတ်သွားတယ်လို့ ကျုပ် ထင်တယ်"

ဟန်းတားက ပစ်အား လှမ်းကြည့်လိုက်၏။

"အခြားဖြိုဟ်က နားရွက်ချွန်ချွန်၊ ကိုယ်လုံးသေးသေးနဲ့ ခပ်စိမ်းစိမ်းဂြိုဟ်သားကလေးတွေက သင်္ဘောသားတွေကို လိုက်နှောင့်ယှက်နေတယ် ဆိုတာကို မင်းက လက်ခံသလား"

ပစ်က ပြန်ဖြေလိုက်၏။

"မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလို အန္တရာယ်တွေဖြစ်အောင် နောက်ကွယ်က လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူပဲဖြစ်ဖြစ် လီလီမာလီနီကို စပိန်သင်္ဘောက တွေ့သွားအောင် တမင် လုပ်လိုက်တာပဲဆိုတဲ့အချက် ဖြစ်နိုင်တယ် ဆိုတာကို လက်ခံတယ်လို့ ပြောတာပါ"

ဟန်းတားက စိတ်ဝင်စားစ ပြုလာသည်။

"ဆက်ပြောကွာ၊ ငါ နားထောင်နေတယ်"

"ခုလောလောဆယ်မှာတော့ ရာသီဥတု ဆိုးရွားလာတာရယ်၊ သင်္ဘောမောင်းနှင်မှု မကျွမ်းကျင်တာရယ်၊ ကံမကောင်း အကြောင်းမလှတာရယ် အဲဒါကြောင့် အခု ပျောက်သွားတဲ့ သင်္ဘောတွေထဲက ရာခိုင်နှုန်း အနည်းငယ် ပျောက်သွားရတယ်လို့ပဲ လက်ခံထားလိုက်ပါ။ ဒါဆိုရင် ကျန်တဲ့ ပျောက်ဆုံးမှုတွေရဲ့ နောက်ကွယ်မှာ ဉာဏ်ကြီးရှင်တစ်ယောက် ရှိနေပြီလို့ ယူဆရလိမ့်မယ်"

"ကောင်းပြီ၊ ဉာဏ်ကြီးရှင်တစ်ယောက် ရှိနေပြီလို့ပဲ ဆိုကြပါစို့"

ဗိုလန်က ဝင်ပြောလိုက်၏။

"သူက လူအမြောက်အမြားကို သတ်ဖြတ်နေတာကို စပိန်သင်္ဘောက မြင်တွေ့သွားတဲ့အတွက် သူ့အဖို့ ဘာများ အမြတ်ထွက်လာစရာ ရှိလို့လဲ"

ပစ်ကလည်း အခြား မေးခွန်းတစ်ခွန်းနှင့် တုံ့ပြန်လိုက်၏။

"အဲဒီ ဉာဏ်ကြီးရှင်က သူ လုပ်နေကျလမ်းကြောင်းက ဘာဖြစ်လို့ သွေဖည်သွားရတာလဲ။ တကယ်တော့ သင်္ဘောသားတွေဟာ အင်မတန် အယူသီးတဲ့လူတွေ၊ သင်္ဘောသားအများစုဟာ ရေငုပ်တတ်ဖို့ နေနေသာသာ ရေတောင် မကူးတတ်ကြဘူး။ သူတို့ဘဝဟာ သမုဒ္ဒရာရေပြင်ပေါ်မှာ ခေါက်တုံ့ခေါက်ပြန်သွားရင်း အချိန်ကုန်ကြရပေမယ့် ရေနစ်မှာ၊ ငါးမန်းအကိုက်ခံရမှာတွေကို အမြဲတစေ ထိတ်လန့်နေတတ်ကြတယ်။ အိပ်မက်ဆိုးကြီးတွေ မက်နေတတ်ကြတယ်။ ကျုပ် တွေးမိသမျှကတော့ ကျုပ်တို့ရဲ့ မဟာလူဆိုးကြီးဟာ လီလီမာလီနီသင်္ဘောပေါ်က ခရီးသည်တွေနဲ့ သင်္ဘောသားတွေ အတုံးအရုံးသေနေကြတာကို တမင် တွေ့မြင်သွားစေချင်တဲ့ ရည်ရွယ်ချက်ရှိပုံရတယ်။ သူက ခွေးကိုတောင် ချမ်းသာ မပေးခဲ့ဘူး"





ဗိုလန်က ထပ်ပြောလိုက်ပြန်၏။

"အဲဒီကိစ္စဟာ သင်္ဘောသားတချို့ ကြောက်လန့်သွားအောင် ခြောက်လှန့်ဖို့ စနစ်တကျ အကွက်ချပြီး လုပ်လိုက်တဲ့ အစီအစဉ်နဲ့တူတယ်"

ပစ်က ဆက်ပြောလိုက်၏။

"သင်္ဘောသား အနည်းငယ်ကို ခြောက်လှန့်ဖို့ မဟုတ်ဘူး။ သင်္ဘောသားအားလုံးကို ကြောက်လန့်သွားစေချင်လို့ပဲ။ အတိုချုပ်ပြောရရင် ဒီကိစ္စတစ်ခုလုံးကို သတိပေးတဲ့အနေနဲ့ လုပ်ပြလိုက်တာပဲ"

ဒင်တာက မေးလိုက်၏။

"ဘာကိစ္စအတွက် သတိပေးတာလဲ"

"ပင်လယ်ထဲမှာရှိတဲ့ နေရာတစ်နေရာဆီကို မလာဘဲ ရှောင်သွားကြဖို့ သတိပေးလိုက်တာလေ"

ဗိုလန်က ခပ်ဖြည်းဖြည်း ပြောလိုက်၏။

"လီလီမာလီနီကိစ္စ ဖြစ်ပွားပြီးနောက်ပိုင်းမှာ ရှိုးရိုးသင်္ဘောတွေဟာ အဲဒီ ဝဲကတော့နေရာကို ပလိပ်ရောဂါဖြစ်တဲ့နေရာလို ရှောင်ကွင်းသွားခဲ့ကြတယ် ဆိုတာကိုတော့ ကျုပ် ဝန်ခံရလိမ့်မယ်"

"မင်း ပြောတဲ့ကိစ္စမှာ ပြဿနာတစ်ခုပဲ ရှိတယ်"

ဟန်းတား၏အသံသည် ထူးထူးခြားခြား ပျော့ပျောင်းနေသည်။

"အဲဒီကိစ္စမှာ သင်္ဘောပေါ်တက်ကြည့်လို့ ဒိဋ္ဌမြင်လိုက်ရတဲ့ သက်သေတွေဟာ အဲဒီသင်္ဘောနဲ့အတူ သေကုန်ခဲ့ကြတယ်လေ"

ပစ်က 'ကျုပ် သိပါတယ်ဗျာ' ဆိုသော ပုံစံနှင့် ပြုံးပြလိုက်၏။

"လွယ်ပါတယ်၊ သူ့ရည်ရွယ်ချက်က တက်ကြည့်တဲ့လူတွေက ဆန်ဂေဘာရီယယ်ကို ပြန်ပြီး မာလိန်မှူးကို သတင်းပို့ဖို့ပဲ။ ကျုပ်တို့ရဲ့ ဉာဏ်ကြီးရှင်ကြီးက လူတွေ လောဘတက်လာလိမ့်မယ်ဆိုတာကို ကြိုပြီး တွေးမိဟန်မတူဘူး။

ခင်ဗျားလည်း မှတ်မိမှာပါ။ အဲဒီ သင်္ဘောပေါ်ကို တက်ကြည့်တဲ့လူတွေက သင်္ဘောကို ဆယ်လို့ရမယ့်ဆုကြေးကို ဘယ်လို သုံးရမလဲဆိုတာ တွေးပြီး သင်္ဘောကို ဆွဲဖို့ ကြိုးတောင်းရင်း အဲဒီ သင်္ဘောပေါ်မှာပဲ ဆက်နေခဲ့ကြတာကိုး။ ဒါပေမယ့် သူတို့က သင်္ဘောကို အဲဒီနေရာမှာ ထားရစ်ခဲ့မှ ဖြစ်မယ်။ တကယ်လို့ လီလီမာလီနီ ဘ ဆိပ်ကမ်းကို ပြန်ရောက်လို့ သိပ္ပံနည်းကျကျ စစ်ဆေးကြည့်လိုက်တဲ့အခါကျရင် လူမသိစေချင်တဲ့ကိစ္စတွေ ဘူးပေါ်သလို ပေါ်လာကြလိမ့်မယ်။ ဒီတော့ တစ်ချက်တည်း ဖောက်ခွဲပစ်လိုက်ရုံနဲ့ တာဟတ်ဆန်ရဲ့သင်္ဘောဟာ ရေအောက်ကို ရောက်သွားတော့တာပဲပေါ့"

"မင်း တင်ပြပုံကတော့ ကောင်းပါပေတယ်"

ဟန်းတားက သက်ပြင်းချလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် အင်မတန် စူးရှတဲ့ မင်းရွှေဉာဏ်တော်က အမှန်တရားကို ဖော်ထုတ်မိတာပဲထား။ တို့အတွက်တော့ စတားဘတ်ခ်ကို ရှာရမယ်ဆိုတဲ့ အဓိကတာဝန်ကြီးကို ဆောင်ရွက်ဖို့ ရှိသေးတယ်လေ"

"ကျုပ်က အဲဒါကို ဆက်ပြောမလို့ပါ"

ပစ်က ထပ်ပြောလိုက်၏။

"လီလီမာလီနီရဲ့ ရေဒီယိုအော်ပရေတာက ပို့လိုက်တဲ့ သတင်းနဲ့ ကွန်မင်ဒါဒူပရီဆီက ပို့လိုက်တဲ့သတင်းတွေမှာ တောင်းပန်တဲ့ လေသံတွေပါတဲ့ မပြည့်မစုံ ဝါကျတစ်ကြောင်းစီ ပါကြတယ်။

ရေဒီယိုအော်ပရေတာက ပို့လိုက်တဲ့သတင်းထဲမှာ 'မာလိန်မှူးကို အပြစ်မတင်ပါနဲ့၊ သူ မသိနိုင်ပါ' လို့ ပါတယ်။

မာလိန်မှူးဒူပရီရဲ့ မှတ်တမ်းနောက်ပိုင်းမှာလည်း 'အကယ်၍ ကျွန်ုပ်ကသာ သိခဲ့မည်ဆိုပါက . . . 'လို့ ပါတယ်။

စိတ်ချောက်ချားနေတဲ့ လူတစ်ယောက်ဟာ ဒီလို အတွေးမျိုးကို အတူယှူ တွေးမိကြပါမလား"

ပစ်က သူ့စကားကို အားလုံး သဘောပေါက်သွားအောင် ခေတ္တမျှ ရပ်တန့်လိုက်၏။

"အဲဒါတော့ အားလုံးကို ပေါင်းစပ်လိုက်တဲ့အခါကျတော့ မာလိန်မှူးဒူပရီရဲ့မှတ်တမ်းဟာ အလိမ်အညာကြီးပဲလို့ ဆိုရလိမ့်မယ်"

ဟန်းတားက ပြောလိုက်၏။

"အဲဒါကို တို့ စဉ်းစားခဲ့ကြပါတယ်။ ဒူပရီရဲ့မှတ်တမ်းကို မနေ့ညက ဝါရှင်တန်ကို လေယာဉ်နဲ့ ပို့ပေးလိုက်တယ်။ ရေတပ်မတော် ထောက်လှမ်းရေး လက်ရေးတ္တဌာနကတော့ အဲဒီလက်ရေးဟာ ဒူပရီရဲ့ လက်ရေးအစစ်ပါပဲလို့ လွန်ခဲ့တဲ့တစ်နာရီက အကြောင်းပြန်လိုက်တယ်"

"ဟုတ်တာပေါ့"

ပစ်က ရှင်းရှင်းပြတ်ပြတ်လေသံနှင့် ပြောလိုက်၏။

"ဘယ်သူကမှ စာပိုဒ်ပေါင်းမြောက်မြားစွာပါတဲ့ စာတစ်စောင်လုံးကို တုပြီး ရေးဖို့ စဉ်းစားမှာ မဟုတ်ဘူး။ ကျုပ်ကတော့ စာရွက်ပေါ်မှာ ထင်နေတဲ့ ခြစ်ရာတွေကို ခင်ဗျားတို့ရဲ့ ပါရဂူတွေက စစ်ဆေးကြည့်စေချင်တယ်။ ဖြစ်နိုင်တာကတော့ စာလုံးတွေကို ပုံနှိပ်ပြီး ဘောပွိုင့်နဲ့ ရေးတယ်ထင်အောင် စာရွက်ပေါ်မှာ လိုက်ခြစ်ထားဖို့ပဲ"

ဗိုလန်က ပြောလိုက်သည်။

"အဲဒါကလည်း အဓိပ္ပာယ်မရှိပါဘူးဗျာ။ ဒူပရီရဲ့စာကို မိတ္တူပွားဖို့အတွက် တစ်ယောက်ယောက်ဆီမှာ ဒူပရီရဲ့စာတွေ များများစားစား ရှိနေရမှာပေါ့"

"တို့ဆီမှာ သင်္ဘောမှတ်တမ်းစာအုပ်ရယ်၊ သူ့စာရွက်စာတမ်းတွေရယ်၊ ပြီးတော့ ဒိုင်ယာရီစာအုပ် တစ်အုပ်တောင် ရှိသေးတယ်။





ဒါကြောင့် ဆက်သွယ်ရေးဘူးနဲ့ ပို့လိုက်တဲ့ မှတ်တမ်းစာအုပ်ထဲမှာ တချို့စာရွက်တွေ ပျောက်နေတယ်ပေါ့။ အရေးကြီးတဲ့ စာလုံးတွေနဲ့ စာသားတွေကို ဖြတ်ထုတ်ပြီး ဖတ်လို့ရတဲ့ ဝါကျတွေဖြစ်အောင် စာရွက်ပေါ်မှာ ကပ်ထားလိုက်မယ်။ ပြီးတော့ အဲဒါကို ဓာတ်ပုံရိုက်ယူပြီး ပုံနှိပ်ယူလိုက်မယ်"

ဟန်းတား၏အမူအရာသည် အတွေးနက်နေပုံရသလို သူ့အသံမူမှန်အနေအထားတွင် ရှိသည်။

"ဒူပရီရဲ့မှတ်တမ်းမှာ ကပေါက်ချိကပေါက်ချာ ဖြစ်နေတဲ့ ဝါကျတွေ၊ စာလုံးရွေးချယ်ပုံတွေဟာ အဲဒါကြောင့်ပဲလို့ ပြောရင် ဖြစ်နိုင်လိမ့်မယ်"

ဟန်းတားသည် အဝေးသို့ ငေးကြည့်နေရာမှ သူသည် ဦးခေါင်းကို ခါယမ်းလိုက်၏။

"ဒါပေမယ့် ဒူပရီနဲ့ သူ့သင်္ဘောသားတွေ ဘယ်နေရာမှာ ရှိနေတယ် ဆိုတာကိုတော့ မပြောပြနိုင်ပြန်ဘူး"

ပစ်သည် ကုလားထိုင်မှ ထလိုက်ပြီးနောက် နံရံကပ်မြေပုံကြီးဆီသို့ လျှောက်သွားသည်။

သူက မေးလိုက်၏။

"စတားဘတ်ခ်က သတင်းတွေကို လျှို့ဝှက်သင်္ကေတနဲ့ ပုလဲဆိပ်ကမ်းကို ပြန်ပို့သလား"

ဟန်းတားက ပြန်ဖြေသည်။

"အဲဒီအချိန်က လျှို့ဝှက်သင်္ကေတစက်ကို သင်္ဘောပေါ် တင်မပေးရသေးဘူး။ ပြီးတော့လည်း အဲဒီရေငုပ်သင်္ဘောက ငါတို့ရဲ့ ရေပိုင်နက်ထဲမှာ စမ်းသပ်မှာဆိုတော့ သိပ်ပြီး လျှို့လျှို့ဝှက်ဝှက် လုပ်ဖို့ မလိုလှဘူးလို့ ယူဆကြတယ်လေ"

ပစ်က ပြောလိုက်၏။

"ကျုပ်တို့ရဲ့ အဏုမြူရေငုပ်သင်္ဘောက အသံလွှင့်မယ်ဆိုရင် နည်းနည်းတော့ အန္တရာယ်ရှိလိမ့်မယ် ထင်တယ်"

"ရေငုပ်သင်္ဘောတစ်စင်းဟာ စခန်းမှာရှိနေတဲ့အချိန်နဲ့ ကင်းလှည့်တဲ့အချိန်တွေမှာသာ အသံမလွှင့်ဘဲ ငြိမ်နေလေ့ရှိပါတယ်။ စတားဘတ်ခ်ကတော့ သင်္ဘောအသစ်လည်း ဖြစ်တယ်။ စမ်းလည်း မစမ်းရသေးဘူးဆိုတော့ စက်တစ်ခုခု ချွတ်ယွင်းသွားမှာကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူ ရောက်နေတဲ့နေရာကို နှစ်နာရီကြာတိုင်း သတင်းပို့ရမယ်လို့ ညွှန်ကြားထားတယ်။ အခု စမ်းသပ်တာကိုလည်း ငါးရက်အတွက်ပဲလို့ သတ်မှတ်ထားတယ်။ တစ်ဖက်နိုင်ငံက ပုဂ္ဂိုလ်တွေက ရေဒီယိုအသံလွှင့်တာကို ဖမ်းယူနားထောင်ပြီး သူ့လျှို့ဝှက်သင်္ဘောတစ်စင်းကို ပို့လွှတ်လိုက်တဲ့အခါ အဲဒီအချိန်မှာ စတားဘတ်ခ်ဟာ ပုလဲဆိပ်ကမ်းကို ခေါင်းငိုက်စိုက်နဲ့မော်မော ပြန်ရောက်ဖို့ ကောင်းနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် မြေပုံကို စိုက်ကြည့်နေဆဲပင်။

"ဟောဒီ အနီမှတ်က ဘာပါလဲ ဗိုလ်ချုပ်ကြီး"

"အဲဒါကတော့ နောက်ဆုံးအချိန်မှာ ဒူပရီဟာ သူ့သင်္ဘောရှိနေခဲ့ပါတယ်လို့ ပြောထားတဲ့နေရာလေ"

"ပြီးတော့ ဟောဒီ အမည်းကလေးတွေက စတားဘတ်ခ်က နှစ်နာရီကြာတိုင်း မှန်မှန်ပို့နေတဲ့ တည်နေရာ အမှတ်အသားကလေးတွေပဲလို့ ကျွန်တော် ယူဆပါတယ်"

"မှန်တယ်"

ပစ်က ဆက်ပြောလိုက်ပြန်၏။

"ဟောဒီ နောက်ဆုံးအမည်းမှတ်ဟာ ဒူပရီဆီက ရထားတဲ့ တရားဝင်နောက်ဆုံးနေရာပဲပေါ့"

ဟန်းတားက ခေါင်းညိတ်လိုက်သည်။

ပစ်သည် ဟန်းတား၏စားပွဲကို မှီ၍ ရပ်လိုက်ပြီးနောက် မြေပုံကြီးအား အတန်ငယ်ကြာအောင် တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေသည်။

နောက်ဆုံးတွင် သူသည် ကိုယ်ကို မတ်လိုက်ပြီးနောက် စတားဘတ်ခ်၏နောက်ဆုံးနေရာဟု ပြသထားသောမြေပုံပေါ်မှ နေရာကို ပုတ်ပြလိုက်သည်။

"ခင်ဗျားတို့ လိုက်ရှာတဲ့နေရာဟာ ဟောဒီနေရာကစပြီး ဘယ်ဘက်ကို သွားသလဲ"

ဗိုလန်က အဖြေပေးသည်။

"အဲဒီနေရာက အရှေ့မြောက်ဘက်ကို မိုင်းသုံးရာအထိ ယပ်တောင်ပုံသဏ္ဍာန် ဖြန့်သွားတယ်"

သူသည် ပစ် ပြန်လှန်မေးခွန်းထုတ်မှုကို နားမလည်နိုင်ဟန်နှင့် ပြန်၍ မေးလိုက်၏။

"ခင်ဗျားက ဘယ်လို တွေးနေသလဲ ဆိုတာကိုလည်း ပြောဦးလေဗျာ"

"ကျွန်တော့်ကို သည်းခံပါဗျာ"

ပစ်က ပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့ ရှာဖွေရေးလုပ်ငန်းဟာ ထုထည်ကြီးမားတယ်။ သင်္ဘောနှစ်ဆယ်ကျော်နဲ့ လေယာဉ်ပျံအစင်း သုံးရာပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ ဘာကိုမှ ရှာမတွေ့ကြဘူး။ ဆီကွက်ကလေးတစ်ကွက်ကိုတောင် ရှာမတွေ့ကြဘူး။ ခင်ဗျားတို့က မက်ဂနိုမီတာတွေ၊ ဆင်ဆီတစ်ဗ်ဖာသိုမီတာတွေ၊ ရေအောက်သုံး တယ်လီဗေးရှင်းကင်မရာတွေ စတဲ့ သိပ္ပံပညာဆိုင်ရာ ထောက်လှမ်းရေးကိရိယာတွေကို သုံးစွဲမှာ အမှန်ပဲ။ ဒါနဲ့တောင် ခင်ဗျားတို့ရဲ့ ကြိုးစားမှုဟာ အလဟဿ ဖြစ်ခဲ့ရတယ်။ အဲဒါကို ထူးဆန်းတယ်လို့ ခင်ဗျားတို့က မထင်ဘူးလား"





ဟန်းတား၏မျက်နှာပေါ်တွင် နားမလည်နိုင်သော အမူအရာများ ထွက်ပေါ်လာသည်။

"ဘာဖြစ်လို့ ထူးဆန်းရမှာလဲ။ စတားဘတ်ခ်ဟာ ရေအောက်မှာ ရှိတဲ့ ချောက်ကမ်းပါးကြီးတစ်ခုထဲကို ကျချင်ကျသွားနိုင်တာပဲ"

"ဒါမှမဟုတ် သူ့ကိုယ်ထည်ဟာ ရွှံ့နှစ်တွေထဲမှာ မြုပ်ချင်မြုပ်နေမယ်"

ဒင်တာက ထပ်မံ ဖြည့်စွက်လိုက်၏။

"အဲဒီလောက် ကြီးမားတဲ့နေရာမှာ သင်္ဘောကလေးတစ်စီးကို လိုက်ရှာရတာဟာ ဆောလ်တန်ပင်လယ်*ထဲမှာ ပနီပြားတစ်ပြားကို လိုက်ရှာရတာလောက် ခက်ခဲတယ်"

ပစ်က ပြုံးရင်း ပြန်ပြောလိုက်၏။

"သင်္ဘောကလေးတစ်စီးတဲ့။ ခင်ဗျားတို့က ဒီလောက် ပိုင်းရှာကြတာတောင် သင်္ဘောတစ်စီးကို ရှာမတွေ့ခဲ့ကြဘူး"

"ဒီတော့ . . ."

ဟန်းတား၏လေသံမှာ အေးစက်မာကျောနေသည်။

"ခုအထိ သဘော မပေါက်သေးဘူးလား၊ ခင်ဗျားတို့ ရှာနေတဲ့ ပုံစံက ဟာဝေယံဝဲကတော့အလယ်မှာ ဖြန့်ပြီး ရှာနေကြတာ။ ခင်ဗျားတို့က စတားဘတ်ခ်ကို မတွေ့ရင်သာ ရှိရမယ်။ တစ်ခုခုကိုတော့ တွေ့ကြရမှာပါဗျာ။ ဘာပဲပြောပြော ခင်ဗျားတို့အနေနဲ့ မြုပ်နေတဲ့ သင်္ဘောပျက်သုံးဆယ်ကျော်ထဲက တစ်စီးစီး ရှာတွေ့ရမှာပေါ့"

"ချီးမှုပဲ"

ပစ် ပြောလိုက်သောစကား၏ ထိရောက်မှုကြောင့် ဟန်းတား၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသည် ဆိုးဆိုးဝါးဝါး ပျက်စီးသွားရလေတော့သည်။

"ငါတို့က အဲဒီလို တစ်ခါမှ မတွေးမိခဲ့ဘူး"

ဗိုလန်က ပြောလိုက်သည်။

"ခင်ဗျား ပြောတဲ့အဓိပ္ပာယ်ကို ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် အဲဒါက ဘာကို ဆိုလိုတာလဲ"

ပစ်က ပြန်ဖြေလိုက်၏။

"ဆိုလိုတာကတော့ ခင်ဗျားတို့က မဟုတ်တဲ့နေရာမှာ သွားရှာနေခဲ့ကြတယ်။ ပြီးတော့ ဒူပရီရဲ့ နောက်ဆုံးမှာတမ်းဟာ အတုပဲ ဆိုတာကို သက်သေပြနေတယ်။ ပြီးတော့လည်း စတားဘတ်ခ်က ရေဒီယိုနဲ့ နောက်ဆုံး အသံလွှင့်ပြီး ပို့လိုက်တဲ့ တည်နေရာတွေဟာ ပိုပြီးတော့ ပညာပါတဲ့ လိမ်ညာမှုကြီးပဲ ဆိုတာကို သက်သေပြတယ်။ အတိုချုပ်ပြီး ပြောရရင်

* ကယ်လီဖိုးနီးယားပြည်နယ်၏ အရှေ့တောင်ပိုင်း အင်ပီးရီးယတ်တောင်ကြားနှင့် ထိစပ်နေသော ဆောင်ကြားရှိ အလျား (၃၀) မိုင်၊ အနံ (၁၀) မိုင်ရှိသော ရေငန်ရေကန်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေတဲ့ ခင်ဗျားတို့ရဲ့ ရေငုပ်သင်္ဘောကို ရှာရမယ့်နေရာက အရှေ့မြောက်ဘက်မှာ မဟုတ်ဘူး၊ အဲဒါနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ အနောက်တောင်ဘက်မှာဗျ"

ဟန်းတား၊ ဗိုလန်နှင့် ဒင်ဗာတို့ အားလုံးက ပစ်အား ဝိုင်းကြည့်နေကြသော်လည်း သူတို့၏အမူအရာများသည် တဖြည်းဖြည်းနှင့် နားလည်သဘောပေါက်လာကြပုံရသည်။

ဒင်ဗာက ပထမဦးဆုံး စပြောလိုက်၏။

"ဒါဆိုရင် အံကိုက်ပဲ"

သူက ခပ်ရိုးရိုးစင်းစင်း ပြောလိုက်သည်။

ရိုးကြီးဝေါင်ဂင် ဖြစ်နေသော ဟန်းတား၏မျက်နှာသည် အသက်ဝင်လာပုံရသလို သူ့မျက်လုံးများသည် လပေါင်းများစွာက မမြင်မတွေ့ခဲ့ကြရသော စိတ်အားထက်သန်မှုများနှင့် တောက်ပလာသည်။

သူသည် နံရံပေါ်မှ မြေပုံကြီးကို မိနစ်ဝက်ခန့်ကြာအောင် ကြာမြင့်စွာစိုက်ကြည့်နေလိုက်သည်။ ထို့နောက် သူသည် ဖျတ်ခနဲ ပြန်လှည့်လိုက်ပြီး ဗိုလန်အား ပြန်စိုက်ကြည့်လိုက်၏။

"ကွန်မင်ဒါဗိုလန်၊ မာသာအန်းကို ဘယ်လောက်လောက် စောပြီး အဆင်သင့်ဖြစ်အောင် လုပ်ပေးလို့ရမလဲ"

"ဟယ်လီကော့ပတာကို သင်္ဘောပေါ် တင်ရမယ်၊ ဆီအပြည့်ဖြည့်ရမယ်၊ ထောက်လှမ်းရေးကိရိယာတွေကို ထပ်မံ စစ်ဆေးရမယ်၊ ဒါဆိုရင် ဒီကနေ့ ၂၁း၀၀ နာရီမှာ အဆင်သင့်ဖြစ်ပါလိမ့်မယ် ဆရာ"

ဟန်းတားသည် သူ့လက်ပတ်နာရီအား ငုံ့ကြည့်လိုက်၏။

"ဒါဆိုရင် ရှာရမယ့်နေရာကို အစီအစဉ်လုပ်ဖို့ သိပ် အချိန်မရှိတော့ဘူး"

သူက ဒါဗင်ဘက်သို့ လှည့်လိုက်၏။

"အဲဒါကတော့ မင်းကိစ္စပဲ။ မင်းက ရှာရမယ့်ပုံစံကို ခုထဲကစပြီး ပရိုဂရမ်လုပ်ဖို့ အကြံပေးချင်တယ်"

"အခြေခံ ဒေတာတွေက ထိပ်ပေါ်မှာ အဆင်သင့်ရှိနေပါပြီ ဗိုလ်ချုပ်ကြီး၊ ရှာရမယ့်ဒေသကို ပြောင်းပြန်လှန်ပြီး သွင်းဖို့ပဲ လိုပါတော့တယ်"

ဟန်းတားသည် ပင်ပန်းနွမ်းနယ်နေဟန်ဖြင့် မျက်လုံးများအား လက်နှင့် ပွတ်တိုက်လိုက်၏။

"ကောင်းပြီ ကိုယ့်လူတို့၊ မင်းတို့ ဆက်လုပ်ကြဖို့ပဲ ရှိတော့မယ်။ ငါ မင်းတို့နဲ့ လိုက်လို့ရအောင် ရာထူးအဆင့်ကို တစ်ဝက်လောက် လျှော့ချပစ်လိုက်ချင်တယ်။ ဒါနဲ့ စကားမစပ်၊ မစ္စတာပစ် မင်းကတော့ ပင်လယ်ထဲ ခရီးထွက်ရတာကို မကျေမနပ်ဖြစ်လိမ့်မယ်လို့ ငါ မထင်ပါဘူးလေ"

ပစ်က သူ့အား ပြန်ပြုံးပြလိုက်၏။

"ကျုပ်က ခုလောလောဆယ်မှာတော့ တခြား အစီအစဉ် ဘာမှ မရှိသေးပါဘူး"

"ကောင်းတယ်"

ဟန်းတားသည် စီးကရက်တစ်လိပ်ကို သူ့နှုတ်ခမ်းပေါ်တွင် ခလုတ်လိုက်ျ ခဲလိုက်၏။

"လေတပ်က မေဂျာတစ်ယောက်က အစိုးရရဲ့ အဆင့်အမြင့်ဆုံး အဏ္ဏဝါဗေဒ အေဂျင်စီမှာ ဘယ်ပုံဘယ်နည်းနဲ့ ဌာ[illegible]တစ်ယောက် ဖြစ်လာရတယ်ဆိုတာ ငါ့ကို ရှင်းပြပါလားကွာ"

"ကျုပ်က ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာနဲ့ သူတို့အဖွဲ့ကို တရုတ်ပင်လယ်ပေါ်က ကောင်းကင်ယံမှာ ပစ်ချခဲ့တာယ်လေ"

ထူးထူးခြားခြား ဆိုသလိုပင် ဟန်းတားသည် ပစ်အား ယုံကြည်သောမျက်နှာထားနှင့် ပြန်ကြည့်နေသည်။

ခပ်စောစောပိုင်းက ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက -

'ဒီလူနဲ့ဆိုရင် ဘာမဆို ဖြစ်နိုင်တယ်' ဟူ၍ ပြောပြခဲ့ပြီး ဖြစ်သည်။

ထိုဖော်ပြချက်သည် နောက်ပိုင်းတွင် ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားအား တစ်ကြိမ်ထက်မက ဒုက္ခပေးခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

## (၇)

နေဝင်ပြီး တစ်နာရီအကြာတွင် အေစီကိုဘာရာ မော်တော်ကား ကလေးသည် ဟိုနိုလူလူဆိပ်ကမ်းနယ်မြေရှိ မော်တော်ကား ရပ်တန့်ရန် ဆေးခြယ်၍ ပြသထားသောနေရာတွင် ဝင်ရောက် ရပ်တန့်လိုက်သည်။ ရှေ့ဘီးများသည် ရှေ့ဘက်သို့ လွန်ထွက်မသွားစေရန် ကာထားသော သစ်သားတုံးနှင့် ထိလိုက်သည်နှင့် တစ်ပြိုင်နက် အင်ဂျင်စက် သေသွားသလို ရှေ့မီးများသည် မှိန်ပြီး ပျောက်ကွယ်သွားတော့သည်။

ပစ်သည် တံခါးကို ဖွင့်လိုက်ပြီးနောက် မြေပြင်ပေါ် ခြေတစ်ဖက်ချလိုက်ပြီး မော်တော်ကားထဲ၌ ကိုယ်ကို ထက်ဝက်ချန်၍ ထိုင်ရင်း မည်းနက်နေသောရေပြင်ကို ကျော်ဖြတ်၍ လှမ်းကြည့်လိုက်သည်။

ပစ်က သင်္ဘောများနှင့် သင်္ဘောဆိပ်မှ မီးရောင်များကို အာရုံခံ၍ ကြည့်နေစဉ် ဦးတည်ရာအရပ် ပြောင်းလဲလာသော လေပြည်လေညင်းကလေးက ပြင်းထန်သောအနံ့တစ်မျိုးကို နှာဝသို့ လာပို့လေတော့သည်။

ထိုအနံ့မှာ သင်္ဘောဆိပ်တိုင်းတွင် တွေ့ရတတ်သောအနံ့ပင် ဖြစ်သည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ကတ္တရာစေးမီးခိုးအနံ့နှင့် ဆားငန်ရည် အနည်းငယ် ရောနှောနေသောအနံ့ပင် ဖြစ်သည်။

ထိုအနံ့က ပစ်အား စိတ်အား တက်ကြွလာစေသည်။ နိုင်ငံခြား သင်္ဘောဆိပ်များသို့ သွားရောက် လည်ပတ်လိုသောစိတ်ကို တဖွားဖွား ထကြွလာစေသည်။

ပစ်သည် ကားထဲမှ ထွက်ပြီးနောက် အနီးအနားတွင် လူသူလေးပါး ရှိ မရှိ အကဲခတ်လိုက်၏။ မည်သူမျှ မရှိပါ။

ပစ်သည် ငုံ့လိုက်ပြီးနောက် ကားထဲသို့ လက်နှိုက်လိုက်ပြီး ထိုင်ခုံအနောက်ဘက်မှ မျှတ်နှာသုတ်ပဝါနှင့် ပတ်ထားသော မော်ဇာပစ္စတိုကို ယူလိုက်၏။





ထို့နောက် ပစ်သည် ဆိပ်ကမ်းမှ ပင်လယ်လေတို တဝကြီး ရှူသွင်းလိုက်ပြီး သေနတ်ကို ချိုင်းအောက်တွင် ညှပ်၍ ဆိပ်ခံတံတားအတိုင်း လျှောက်လာခဲ့သည်။

အကယ်၍ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ထိုနေ့ညတွင် ဆိပ်ကမ်း၌ လမ်းလျှောက်နေသည် ဆိုပါက ပစ်၏ သွင်ပြင်လက္ခဏာနှင့် ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ သတိပြုမိလိမ့်မည် မဟုတ်ပါ။ ပစ်သည် ဟောင်းနွမ်းနေသော ကာကီရှပ်အင်္ကျီနှင့် အရောင်လွင့်နေပြီဖြစ်သော ဂါဘာဒင်းဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ ခြေထောက်တွင်လည်း အလွန် ဟောင်းနွမ်းနေသော သားရေဖိနပ်တစ်ရန်ကို ဝတ်ဆင်ထားပြီး ဖိနပ်ကြိုးနေရာတွင် ကြီးမားသောဘန်ချည်ကြိုးများနှင့် ချည်နှောင်ထားသည်။ ထိုအဝတ်အစားများကို အမှတ်တစ်ရာတစ်သင်္ဘောအုပ်စုမှ လုံခြုံရေးအရာရှိက ပေးလိုက်ခြင်းဖြစ်ပြီး အနည်းငယ် ကျပ်နေသဖြင့် ချုပ်ရိုးနေရာတွင် ဖောင်းကြွနေပြီး အနည်းငယ် အနေရအထိုင်ရ ခက်နေစေသည်။ ထိုကဲ့သို့ ရုပ်ဖျက်ထားသောကြောင့် သူသည် သာမန် သင်္ဘောသားတစ်ယောက်နှင့် တူဖွယ်ရာရှိသော်လည်း ပစ်သည် ကောက်ညှင်းထုပ်ကဲ့သို့ ကျပ်ကျပ်တည်းတည်း ချည်နှောင်ထားခြင်းခံရသော စာခြောက်ရုပ်နှင့် တူသည်ဟု ခံစားနေရပေသည်။

နောက်ထပ် ကိုက်တစ်ရာခန့် လျှောက်မိသောအခါ ပစ်သည် ရပ်တန့်လိုက်ပြီး ဆိပ်ခံတံတားနံဘေး၌ ထီးထီးမားမားကြီး ပေါ်ထွက်နေသော ကြီးမားသော သင်္ဘောကိုယ်ထည်ကြီးကို မော့ကြည့်လိုက်သည်။

ကတ္တရာစေးများနှင့် ပေကျံနေသော ဆိပ်ခံတံတားပေါ်၌ ရှိနေသည့် အလင်းရောင်မှာ ဂိုဒေါင်အိုတစ်လုံး၏ သွပ်နံရံများပေါ်၌ ကိုးရိုးကားရား ချိတ်ဆွဲထားသော အစိမ်းရောင်သုတ်ထားသည့် မီးအိမ်များမှ ထွက်ပေါ်နေသော အလင်းရောင်သာ ဖြစ်သည်။

ထိုမီးအိမ်များမှ ထွက်ပေါ်နေသော ကြောက်စရာကောင်းသည့် မီးရောင်များနှင့် အပ်ကျသံကိုပင် ကြားရမတတ် ငြိမ်သက်နေမှုတို့က မှောင်ထဲတွင် နာနာဘာဝကောင်ကြီးတစ်ကောင်ပမာ ထီးထီးကြီးရှိနေသော ရေထဲမှ သတ္တဝါကြီးကို ပို၍ အားဖြည့်ပေးနေသလို ဖြစ်နေသည်။

ထိုသင်္ဘောသည် အလွန် အိုမင်းသောသင်္ဘောတစ်စီး ဖြစ်ပြီး သေတ္တာပုံသဏ္ဍာန် လေးထောင့်ကျကျ ကိုယ်ထည်ပေါ်တွင် ရှေးဆန်သော မီးခိုးရောင်ခေါင်းတိုင် ရှိနေသည်။ ကုန်းပတ်ပေါ်တွင်မူ ရွက်တိုင်များနှင့် ဝန်ချီစက်များမှ တိုင်များသည် ထိုးထိုးထောင်ထောင် ရှိနေကြသည်။

တစ်ချိန်သောအခါက ဤသင်္ဘောသည် အနက်ရောင်ပေါ်တွင် အနီရောင် ပလင်းမ်ဆိုးလ်လိုင်းကို ရေးဆွဲထားသော်လည်း ယခုအချိန်တွင်မူ ညစ်ထေးပေရေပြီး သံချေးတက်နေသော သင်္ဘောတစ်စီးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် သင်္ဘောပဲ့ပိုင်းသို့ ရောက်သည်အထိ ရှေ့တိုးသွားပြီး ထိုနေရာတွင် ရပ်တန့်လိုက်သည်။

ထိုသင်္ဘောသည် တန်ချိန် (၁၂၀၀၀) ရှိသော သင်္ဘောကြီးတစ်စီး ဖြစ်သည်၊ သူသည် သင်္ဘောနောက်ဘက်တွင် ရေးထားသောအမည်ကို ဖတ်လိုက်၏။ ထိုအမည်မှာ မှေးမှိန်နေသည့်အပြင် သံချေးများနှင့် ဖုံးအုပ်နေသောကြောင့် အလင်းရောင် ခပ်မှိန်မှိန်တွင် -

**မေရီအန်း- ဆီတဲလ်** ဆိုသောအမည်ကို ဖတ်၍ရသည် ဆိုရုံမျှသာ ရှိသည်၊

ကုန်းဘောင်သည် မည်းမှောင်နေသော တခြားကမ္ဘာသို့ ဦးတည်နေသည့် ဥမင်လိုဏ်ခေါင်းပမာ တည်ရှိနေသည်။ သင်္ဘောပေါ်တွင် မည်သည့်မီးရောင်ကိုမျှ မမြင်ရပါ။ ထိုသင်္ဘော၏ ကိုယ်ထည်ထဲမှ တလူလူ ထွက်နေသော မီးခိုးတန်းကလေးတို့ကသာ သင်္ဘောပေါ်တွင် လူရှိနေကြောင်း ဖော်ပြနေကြသည်။

ပစ်သည် ကုန်းဘောင်နံရံဘေးရှိ ကြမ်းတမ်းလှသော ကြိုးကြီးကို ဆုပ်ကိုင်ရင်း သုံးဆယ်ဒီဂရီခန့် စောင်းနေသော ကုန်းဘောင်နှင့် အံကိုက်ဖြစ်အောင် ကိုယ်ကို ရှေ့သို့ ကိုင်း၍ မေရီအန်း၏ကုန်းပတ်ဆီသို့ စတက်ခဲ့သည်။

ထိုနေ့ညက လမသာသလို ဂိုဒေါင်ဆီမှ မီးရောင်ကလည်း လှေကား၏အပေါ်နားဆီသို့ မရောက်နိုင်ခဲ့ပါ။

ပစ်သည် လူသူကင်းမဲ့နေပုံရသော ကုန်းပတ်ဆီသို့ အရောက်တွင် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီး အရိပ်မည်းမည်းကြီးများဆီသို့ လှမ်းကြည့်လိုက်၏။

မှောင်ထဲက အသံတစ်သံက မေးလိုက်သည်။

"မစ္စတာပစ်လား"

"ဟုတ်ပါတယ်၊ ကျုပ် ပစ်ပဲ"

"ခင်ဗျားရဲ့ မှတ်ပုံတင်ကတ်ပြားကို ကျုပ် ကြည့်ပါရစေ"

"ကျုပ် ကတ်ပြားကို ပေးလိုက်ရတဲ့လူဟာ ဘယ်သူလဲ ဆိုတာ သိရမှ ကျုပ်ကတ်ပြားကို ခင်ဗျား ကြည့်ခွင့်ရှိတယ်"

"ကျေးဇူးပြုပြီး ဆရာ့ကတ်ပြားကို ကုန်းပတ်ပေါ်ချပြီး နောက်ဘက်ကို တစ်လှမ်းပြန်ဆုတ်ပေးပါ ဆရာ"

ပစ်သည် မကျေမနပ်နှင့် ရေရွတ်လိုက်မိ၏။

ထိုကဲ့သို့သော စစ်ဆေးနည်းမှာ တပ်လှန့်နိုးဆော်ထားချိန်များနှင့် အရေးပေါ် အချိန်အခါမျိုးတွင် လိုက်နာကျင့်သုံးလေ့ရှိသော တပ်မတော်သုံး စစ်ဆေးနည်း ဖြစ်သော်လည်း ရိုဗက်များ တိုးလိုးတွဲလောင်းကျနေသော သင်္ဘောအိုကြီးပေါ်သို့ တက်သည့်ကိစ္စတွင် အဘယ်ကြောင့် ရေးကြီးခွင့်ကျယ် လုပ်ရသလဲဟု ဆိုပြီး သူ မကျေမနပ် ဖြစ်နေမိသည်။





ပစ်သည် မော်ဇာသေနတ်ကို ကုန်းပတ်ပေါ်တွင် အသာအယာ ချလိုက်ပြီးနောက် ပိုက်ဆံအိတ်ကို ထုတ်ယူပြီး မှတ်ပုံတင်ကတ်ပြားကို ဒုာလိုက်၏။ သူ့မျက်စိသည် မှောင်ထဲတွင် ထိုးဖောက်မြင်နိုင်စွမ်း ရှိသဖြင့် အမျိုးစုံရှိနေသော ပလတ်စတစ်ကတ်ပြားများထဲမှ အကြွေးဝယ်ခွင့် ကတ်ပြားကဲ့သို့ ဖောင်းကြွစာလုံးများ မပါသော ကတ်ပြားကို ထုတ်ယူပြီး သူ့ခြေထောက်ရှေ့ သုံးလေးလှမ်းအကွာသို့ ပစ်ချပေးလိုက်သည်၊ ခဲတံလောက်သာရှိသော မီးရောင်တန်းကလေးသည် ကတ်ပြားပေါ်သို့ ထိုး ကြည့်လိုက်ပြီးနောက် ပစ်၏မျက်နှာအား ထိုး၍ ကြည့်လိုက်ပြန်၏။

"ဆရာ့ကို ဒုက္ခပေးတဲ့အတွက် ဝမ်းနည်းပါတယ် ဆရာ။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးဟန်းတားက ဒီသင်္ဘောပေါ်မှ လုံခြုံရေး အပြည့်အဝရှိရမယ်လို့ အမိန့်ပေးထားပါတယ် ဆရာ"

မည်းမှောင်နေသော ထိုအရိပ်က ပစ်၏ မှတ်ပုံတင်ကတ်ပြားအား ပြန်ပေးလိုက်၏။

"ဆရာ့ ညာဘက်မှာရှိတဲ့ လှေကားအတိုင်း တက်သွားမယ်ဆိုရင် ကွန်မင်ဒါဒင်ဗာကို မြေပုံခန်းထဲမှာ တွေ့ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

ပစ်က ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောလိုက်၏။

ပစ်က သေနတ်ကို ကောက်ယူပြီး လှေကားအတိုင်း ပဲ့စင်ဆီသို့ တက်သွားသည်။

ပဲ့စင်ပေါ်သို့ ရောက်သောအခါ မှောင်နေသော ပဲ့စင်ခန်းထဲ၌ လူမရှိသည်ကို တွေ့ရသောကြောင့် မြေပုံခန်းဟု ယူဆရသော အခန်းတံခါးတစ်ခုကို သတိကြီးစွာထား၍ ဖွင့်လိုက်၏။

နောက်ဆုံးတွင် ဤအခန်းသို့ရောက်မှ လင်းထိန်နေသော အလင်းရောင်နှင့် တွေ့လိုက်ရတော့သည်။

"ဟယ်လို ဒတ်ခ်"

ဒင်ဗာက အားရဝမ်းသာ နှုတ်ဆက်လိုက်၏။ သူ့လက်ကြားထဲတွင် စီးကရက်တစ်လိပ်ရှိနေပြီး သူက ပစ်အား လက်ဝှေ့ယမ်း၍ နှုတ်ဆက်လိုက်ရာ စီးကရက်ပြာသည် စားပွဲပေါ်သို့ အပုံကလေးတစ်ပုံအဖြစ် ကျသွားလေတော့သည်။

"အမေရိကန် ရေပ..ပ်မတော်ရဲ့ တစ်ခုတည်းသော ကျောက်ဖြစ်ချပ်ကြွင်း ရှေးဟောင်းသင်္ဘောပေါ်ကို တက်ခဲ့ပါလို့ ကြိုဆိုလိုက်ပါတယ်"

ဒင်ဗာသည် အနက်ရောင် ခေါင်းစွပ်ဆွယ်တာတစ်ထည်နှင့် ပေရေနေသော ဂျင်းဘောင်းဘီတစ်ထည်ကို ဝတ်ဆင်ထားရာ ထိုအဝတ်အစားများသည် အခြားပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်ပေါ်တွင် ရှိနေမည်ဆိုပါက ကျန်းမာသန်စွမ်းသော သင်္ဘောသားတစ်ယောက်အဖြစ် ပေါ်လွင်မည် ဖြစ်သော်လည်း သူ၏ခန္ဓာကိုယ်ပေါ်တွင်မူ လူရယ်စရာကြီး ဖြစ်နေရလေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ပစ်က ပေါ့ပေါ့ဆဆ ပြန်အလေးပြုလိုက်၏။

"ဘားဒက်၊ ခင်ဗျားကို ကျုပ် ဒီမှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားဘူး။ ခင်ဗျားက ရေတပ်ဗိုလ်ချုပ်ကြီးနဲ့အတူ အော်ပရေးရှင်းအတွက် အစီအစဉ်တွေ လုပ်နေလိမ့်မယ်လို့ ထင်ထားတာ"

ဘားဒက်ဒင်ဗာက ပြုံးလိုက်သည်။

"ကျုပ် အဲဒီကို သွားရမှာပါဗျာ။ ဒါပေမယ့် ခင်ဗျားနဲ့ ပေါလ်တို့ကို ကံကောင်းပါစေလို့ ဆုမွန်ကောင်း တောင်းပေးပြီး နှုတ်ဆက်ချင်သေးတာကိုးဗျ"

"ကံကောင်းဖို့ကတော့ လိုမှာပဲဗျို့၊ ကျုပ်ကိုသာ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ရွေးချယ်ခိုင်းမယ် ဆိုရင် ကျုပ်က ကောက်ရိုးပုံထဲကအပ်ကို ရှာဖွေတဲ့အလုပ်ကို ရွေးဖို့ သဘောတူမိလိမ့်မယ်"

ဒင်ဗာသည် ပစ်အား ပထမအကြိမ် မြင်တွေ့နေရသူတစ်ဦးပမာ စိုက်ကြည့်နေသည်။

မိမိအတွက် အကျိုးအမြတ်မရှိပါဘဲနှင့် အလွန့်အလွန် ဆိုးဝါးခက်ခဲသောအန္တရာယ်များနှင့် ရင်ဆိုင်ရန် လက်ခံလိုက်သော လူစားမျိုးသည် မည်ကဲ့သို့သောလူစားမျိုး ဖြစ်လေမည်နည်းဟု တွေးကြည့်နေမိသည်။

ပစ်သည် ထိုအလုပ်အား လက်မခံဘဲ ငြင်းလိုက်နိုင်သော အနေအထားတွင် ရှိနေသည်။ သို့ရာတွင် ပစ်သည် ဝမ်းပန်းတသာနှင့် လက်ခံလိုက်ပြီး ဝဲကတော့ပဟေဠိကို လက်တွေ့ ရင်ဆိုင်၍ အဖြေရှာရန် သဘောတူလိုက်သည်။

ဟန်းတားသည် အမျိုးသားပင်လယ်ရေအောက် သုတေသနအဖွဲ့မှ စပါယ်ရှယ်ပရောဂျက်ဒါရိုက်တာအား ခေတ္တမျှ ငှားရမ်းရန် အဘယ်ကြောင့် ဇွတ်ပြောခဲ့လေသနည်း ဆိုသော အချက်မှာ တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးသွားသည်နှင့်အမျှ ပို၍ ပို၍ သိသာထင်ရှားလာသည်။

ပစ်လို လူစားမျိုးကို လမ်းမကြီးများပေါ်တွင် နေ့တိုင်း တွေ့ရလိမ့်မည် မဟုတ်ပါ။

ဒင်ဗာက မေးလိုက်၏။

"ခုကိစ္စမှာ ထူးခြား ဆန်းကြယ်တဲ့ အကြောင်းခြင်းရာတစ်ခု ရှိနေမယ်လို့ ခင်ဗျား ယူဆသလား"

"ခင်ဗျားတို့ဆရာ ပြောသလိုပဲပေါ့ဗျာ။ ကျုပ်တို့အလုပ်က စတားဘတ်ခ်ကို ရှာပြီး ဆယ်ရုံပါပဲ။ တစ္ဆေဖမ်းတဲ့အလုပ်ကတော့ အပိုဆုသက်သက်ပါပဲဗျာ။ ပြီးတော့လည်း ကျုပ်တို့ရဲ့ နူးမားသိပ္ပံပညာရှင်တွေနဲ့ အင်ဂျင်နီယာတွေက ဘာမူဒါတြိဂံဒေသ ဒါမှမဟုတ် ဟာဝေယံဝဲကတော့ ဆိုတာကို သုတေသနပြုလေ့ပြုထ မရှိဘူး။ ကျုပ်တို့က အဲဒီအလုပ်ကို





တ်တူးစိတ်သန်းကောင်းပြီး နည်းနည်းလေး ပိုပြီး ခြဲကားတတ်တဲ့ စာရေးဆရာတွေအတွက် ချန်ထားခဲ့လေ့ရှိတယ်။ ရှင်းလင်းပြလို့မရတဲ့ ရှာဖွေတွေ့ရှိချက်တွေဟာ မတော်တဆ တွေ့ရှိရမှုတွေသာဖြစ်ပြီး နောက်ပိုင်းအခါ တော့ အဲဒါတွေကို ဖိုင်တွဲထားလေ့ ရှိကြတယ်"

"ခင်ဗျားက ကျုပ်ကို နမူနာတစ်ခုလောက် ပြောပြပါလားဗျာ"

ဒင်ဗာက လေသံ အေးအေးကလေးနှင့် တောင်းဆိုလိုက်၏။

ပစ်သည် မြေပုံစားပွဲပေါ်မှ တစ်ဝက်တစ်ပျက် လှန်ထားသောမြေပုံစာရွက်ကို စိုက်ကြည့်နေသည်။

"လွန်ခဲ့တဲ့ ကိုးလလောက်က သိပ္ပံဝတ္ထု စာရေးဆရာ ဂျူးဗန်းကို ဆောင် စံချိန်ချိုးမယ့်ကိစ္စတစ်ခု ဖြစ်ပွားခဲ့တယ်။ ကျုပ်တို့ ဌာနက အဏ္ဏဝါလေ့လာရေး သင်္ဘောနှစ်စီးဟာ ရေအောက်က မြေပြင်အနေအထားနဲ့ အသံတုံ့ပြန်မှု အနေအထားတွေကို ဂျပန်နိုင်ငံအနားက ကူရိုင်း ရေအောက်မြောင်းကြီးပေါ်မှာ စစ်ဆေး တိုင်းတာမှုတွေကို ပြုလုပ်နေကြတုန်း အင်မတန် နက်ရှိုင်းတဲ့ ရေနက်ပိုင်းမှာ အင်မတန်မြန်တဲ့ အရှိန်နှုန်းနဲ့ ဆောင်းနှင်သွားတဲ့ သင်္ဘောတစ်စီးရဲ့အသံကို စုံစမ်းထောက်လှမ်းရေးလုပ်နေတဲ့ ကိရိယာတွေက တစ်ဆင့် ကြားလိုက်ကြရတယ်။ သင်္ဘောနှစ်စီးစလုံးတာ ရှိသမျှ အင်ဂျင်စက်တွေ အားလုံးကို ရပ်တန့်ပစ်လိုက်ကြပြီး ရေအောက်မှာရှိတဲ့ အဲဒီ အသံဆီကို ကိရိယာမျိုးစုံနဲ့ စုပြုံပြီး စုံစမ်းထောက်လှမ်းခဲ့ကြတယ်"

ဒင်ဗာက ခပ်တိုးတိုး ပြောလိုက်၏။

"စက်ကိရိယာတစ်ခုခု ဒါမှမဟုတ် အော်ပရေတာတစ်ယောက်ယောက်က မှားယွင်းသွားတာကော မဖြစ်နိုင်ဘူးလား"

ပစ်က ခပ်တိုတို ပြန်ဖြေလိုက်၏။

"မဖြစ်နိုင်ဘူး၊ အဲဒီ သုတေသနအရာရှိတွေဟာ သက်ဆိုင်ရာနယ်ပယ်မှာတော့ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်တွေပဲ။ ပြီးတော့လည်း မတူတဲ့ သင်္ဘောနှစ်စီးပေါ်က တိုင်းတာရေးကိရိယာနှစ်စုံနဲ့ တိုင်းတာလိုက်တဲ့အခါမှာ တူနေတဲ့အဖြေကို ရတယ်ဆိုရင် အမှားအယွင်းရှိနိုင်တယ် ဆိုတာကို ပယ်ပစ်ရလိမ့်မယ်။ ရေငုပ်သင်္ဘောပဲပြောပြော၊ အဏ္ဏဝါတစ္ဆေပဲ ပြောပြော ခင်ဗျား ခေါ်ချင်သလိုခေါ် ရေအောက်မှာ အဲဒါကြီး ရှိနေတယ် ဆိုတာသိပ်ကို သေချာတယ်။ ပြီးတော့လည်း အဲဒါကြီးက ပေ (၁၉၀၀၀) မှာ တစ်နာရီကို မိုင်တစ်ရာ့တစ်ဆယ်နှုန်းနဲ့ ရွေ့လျားနေတယ် ဆိုတာ အမှန်ပဲ"

ဒင်ဗာက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး၊ တွေးကြည့်လို့ကို မရနိုင်ဘူး"

ပစ်က ပြောလိုက်ပြန်၏။

"အဲဒါ ထက်ဝက်လောက်ပဲ ရှိသေးတယ်။ ကျူးဘားနိုင်ငံအရှေ့က



www.burmeseclassic.com

www.burmeseclassic.com

ကေးမင့် (ရေအောက်) မြေကျင်းကြီးပေါ်မှာ စုံစမ်းထောက်လှမ်းမှုတွေကို ပြုလုပ်နေတဲ့ သင်္ဘောတစ်စီးလည်း အဲဒီအတိုင်း တစ်သဝေမတိမ်း ကြုံကြိုက်ခဲ့ရဖူးတယ်။ ကျူပ်က နှစ်နေရာစလုံးက ဒေတာတွေကို ယှဉ်ကြည့်ပြီးပြီး၊ အဲဒီစက်တွေက ထုတ်ပေးတဲ့ဂရပ်ဖ်တွေဟာ တစ်မိလီမီတာတောင် ကွဲလွဲမှု မရှိခဲ့ကြဘူး"

"ရေတပ်မတော်က အကြောင်းကြားသေးသလား"

"အကြောင်းမကြားဘူး၊ လေတပ်က ဝေဟင်မှာ ပျံသန်းနေတဲ့ အမျိုးအမည် မဖော်ပြနိုင်သောပစ္စည်း (ယူအက်ဖ်အို) တွေ အကြောင်း မကြားချင်သလို ရေတပ်မတော်ကလည်း ရေထဲမှာ တွေ့ရတဲ့ ထူးထူးဆန်းဆန်းပစ္စည်းတွေအကြောင်း သိပ်မကြားချင်ဘူး။ ပြီးတော့လည်း ဂရပ်ဖ်စာရွက်တွေပေါ်က တွန့်တွန့်ကောက်ကောက် မျဉ်းကြောင်းကလေးတွေက လွဲရင် တကယ့်သက်သေ အထောက်အထားဆိုလို့ ဘာများ ရှိလို့လဲ"

ပစ်သည် ကုလားထိုင်ပေါ်တွင် ကျောမှီ၍ ထိုင်လိုက်ပြီးနောက် ခြေထောက်နှစ်ချောင်းကို စားပွဲပေါ် တင်လိုက်ရင်း နောက်စေ့ကို လက်နှစ်ဖက်နှင့် အုပ်ကိုင်ထားလိုက်သည်။

"ဒါပေမယ့် ရေအောက်မှာရှိတဲ့ အမျိုးအမည်မသိရသော သတ္တဝါတစ်ကောင်ကို ဗီဒီယိုတိပ်နဲ့ ရိုက်ယူလို့ရလုနီးပါး ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုတော့ ဖြစ်ခဲ့ဖူးတယ်။

အမျိုးသား ပင်လယ်ရေအောက် သုတေသနအဖွဲ့က သတ္တဗေဒပညာရှင်တစ်ယောက်ဟာ အိုက်စလန်ကျွန်းနားမှာရှိတဲ့ ကွန်တီနင်တယ်ရေအောက်ကုန်းလျှောမှာ အနက်ပေ တစ်သောင်းအထိ မိုက်ကရိုဖုန်းတစ်ခုကို ရေထဲချထားပြီး ရေအောက်က တွေ့ရမြင်ရခဲ့တဲ့ သတ္တဝါတွေရဲ့ အသံကို နားထောင်လေ့လာဖို့ အစီအစဉ်လုပ်ခဲ့တယ်။ ရက်ပေါင်းများစွာကြာအောင် ရေပြင်ပေါ်မှာနေတဲ့ ငါးတွေရဲ့အသံနဲ့ ဆင်တူတဲ့အသံတွေကိုပဲ ကြားနေခဲ့ရတယ်။ ပြီးတော့လည်း ပင်လယ်ရေအောက်မှာနေတဲ့ ပုစွန်တွေရဲ့ တကျိုကျို မြည်သံကိုလည်း သူ သတိပြုလိုက်မိခဲ့တယ်။

တစ်ညနေကျတော့ ဖြုန်းခနဲ တကျိုကျိုမြည်သံတွေ ပျောက်သွားပြီး ရေအောက်က မိုက်ကရိုဖုန်းကို ခဲတံနဲ့ခေါက်တဲ့ အသံမျိုးကို စပြီး ကြားရတော့တယ်။ အစပိုင်းမှာတော့ အရင်တုန်းက သူ အသံမသွင်းခဲ့ရသေးတဲ့ ငါးတစ်မျိုးမျိုးရဲ့အသံပဲလို့ ယူဆလိုက်မိတယ်။

ဒါပေမယ့်၊ အဲဒီ ခေါက်သံဟာ လျှို့ဝှက်သင်္ကေတနည်းနဲ့ ခေါက်သံမျိုးပဲလို့ တဖြည်းဖြည်းနဲ့ သတိထားမိလာတယ်။ ဒါကြောင့် သင်္ဘောပေါ်က ရေဒီယိုအရာရှိကို ကမန်းကတန်း ခေါ်ပြီး အဓိပ္ပာယ် ဖော်ခိုင်းလိုက်တဲ့အခါကျတော့ သင်္ချာပုံသေနည်းတစ်ခုပဲ ဆိုတာကို သိလာရတယ်။

အဲဒီနောက်တော့ အဲဒီအသံပျောက်သွားပြီး ရေထုရဲ့သိပ်သည်းဆကြောင့် ကြောက်စရာကောင်းလောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေတဲ့





ဖူးဖူးရှရှ ရယ်သံကြီးတစ်သံဟာ လော်စပီကာတွေထဲက ဖြုန်းခနဲ ပေါ်ထွက်လာတော့တယ်။ အဲဒီမှာတင် ယုံတာ မယုံတာကို အသာထားပြီး တယ်လီဗီးရှင်း ကင်မရာတစ်ခု ရေအောက်ကို ချလိုက်ကြတယ်၊ အချိန်မီ ချလိုက်နိုင်တာတော့ မဟုတ်ဘူး။ ဆယ်စက္ကန့်လောက် နောက်ကျသွားတယ်၊ ရေအောက်မြေပြင်ပေါ်မှာ ရှိနေတဲ့ နုံးမြေနုတွေဟာ လျင်မြန်တဲ့ လှုပ်ရှားမှုတစ်ခုကြောင့် ကြွတက်လာပြီး တီဗီကင်မရာနဲ့ ရိုက်ယူလို့မရတဲ့ အခြေအနေမျိုး ဖြစ်သွားခဲ့ရတယ်၊ ရေအောက်မှာ ပြန်ပြီး ကြည်လင်သွားအောင် တစ်နာရီလောက် စောင့်ခဲ့ရတယ်။ အဲဒီအချိန်ကျတော့ ကင်မရာရှေ့က နုန်းမြေနုပေါ်မှာ ထူးထူးဆန်းဆန်း ခွက်ဝင်နေတဲ့နေရာတွေတိုပဲ တွေ့ကြရတော့တယ်"

ဒင်တာက မေးလိုက်၏။

"အဲဒီ ပုံသေနည်းကို အဖြေရှာလို့ ရကြရဲ့လား"

"ရပါတယ်၊ အဲဒီပုံသေနည်းက မိုက်ကရိုဖုန်းထားရှိတဲ့ ရေအနက်မှာ ရေရဲ့ ဖိနှိပ်မှုကို ရှာဖွေတဲ့ပုံသေနည်းပါ"

"အဖြေကရော"

"စတုရန်း တစ်လက်မမှာ နှစ်တန်ခွဲနီးပါး ဖိအား ရှိပါတယ်"

မြေပုံခန်းထဲတွင် အတန်ငယ်ကြာအောင် ငြိမ်ကျသွားသည်။

ပစ်သည် သင်္ဘောကိုယ်ထည်နှင့် လာရိုက်ခတ်နေသော လှိုင်းအိကလေးများ၏အသံကိုပင် ကြားနေရသည်။

ပစ်က မေးလိုက်၏။

"ကော်ဖီကလေး ဘာလေးများ ရှိသလား"

ဒင်တာ၏ အတွေးများသည် ထူးခြားဆန်းကြယ်သော သမုဒ္ဒရာကြီးထဲတွင် ခြေဆန့်နေသဖြင့် ဒင်တာက ချက်ချင်း အဖြေမပေးချေ။

ထို့နောက် ဒင်တာသည် ကြိုးစားပမ်းစားနှင့် ထိုအတွေးကို မောင်းထုတ်ပစ်လိုက်သည်။ သူက ပြုံး၍ ဖြေလိုက်၏။

"သိပ်ရတာပေါ့ဗျာ၊ ခင်ဗျားက မေရီအန်းပေါ်မှာ စီးနင်းလိုက်ပါတယ် ဆိုရင် ပထမတန်းစား ဧည့်ခံမှုကို ရရှိရမှာပေါ့ဗျာ"

ဘားဒက်ဒင်တာသည် မည်းတူးနေသော ရေနွေးကရားတစ်လုံးကို လျှပ်စစ်မီးဖိုပေါ်မှ မ,ယူလိုက်ပြီးနောက် ပိန်ရှုံ့နေသော သတ္တုခွက်တစ်ခွက်ထဲသို့ ကော်ဖီကို လောင်းထည့်ပေးလိုက်၏။

"ကဲ - ဟောဒီမှာပါဗျာ ဒီခရီးစဉ်မှာ ဇိမ်ယူနိုင်ပါစေ"

သူတို့နှစ်ယောက်သည် မြေပုံစားပွဲ၌ထိုင်ရင်း ကော်ဖီကို အရသာခံ၍ သောက်တော့မည့်ဆဲဆဲတွင် တံခါးပွင့်လာပြီး ဗိုလန်သည် အခန်းထဲသို့ ဝင်လာတော့သည်။

သူသည် ပေကျံနေသော တီရှပ်တစ်ထည်၊ အရောင်ပျောက်နေပြီဖြစ်သော ဘောင်းဘီရှည်တစ်ထည်နှင့် ပစ်၏သားရေဖိနပ်ထက်ပင် ပို၍



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေဆိုးဝါးသော ဖိနပ်တစ်ရန် ဝတ်ဆင်ထားသည်။ ပါးလွှာသော တီရှပ်အကျႌမှာ တွက်သား အမြောင်းမြောင်းထနေသော ဗိုလန်၏ပခုံးသားများအား ထင်ထင်ရှားရှား ဖော်ပြနေသည့်အပြင် ဗိုလန်၏လက်ပေါ်၌ ထိုးထားသော ဆေးမင်ကြောင်း အရုပ်တစ်ရုပ်ကို ပစ်သည် ပထမဦးဆုံး အကြိမ်အဖြစ် သတိပြုလိုက်မိသည်။

ညာဘက် လက်ဖျံ အပြင်ဘက် လက်မောင်းပေါ်တွင် ဖောက်ဝင်နေသော ဓားမြောင်တစ်ချောင်း၏ပုံရှိပြီး ဖောက်ဝင်နေသောနေရာ၌ သွေးများစီးထွက်နေပုံနှင့် ထိုပုံ၏အောက်ဘက်တွင် -

'အရှက်ကို အသက်နှင့် လဲမည်' ဆိုသော စာသားကို ရေးထိုးထားသည်။

ပစ်သည် နည်းနည်းတော့ အံ့သြသွားသည်။ သာမန်အားဖြင့် ငယ်ရွယ်ပြီး မိုက်မဲသော သို့မဟုတ် အရက်မူးနေသော စစ်သားများကသာ ဆေးမင်ကြောင်ထိုးသောအလုပ်ကို စိတ်ဝင်စားတတ်ကြသည်။ ဗိုလန်သည် ထိုကဲ့သို့သော လူစားမျိုး မဖြစ်နိုင်ပါချေ။

ဗိုလန်က မေးလိုက်၏။

"ခင်ဗျားတို့နှစ်ယောက်ကို ကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ ဘာတွေ ဖြစ်နေကြတာလဲဗျ"

ဘားဒက်ဒင်ဗာက ဖြေလိုက်သည်။

"ကျုပ်တို့က စကြဝဠာကြီးရဲ့ နက်နဲရှုပ်ထွေးမှုတွေကို အဖြေရှာနေကြတာပါဗျာ၊ ပေါလ်ရေ ရော့- ဒီမှာ ကိုယ့်ရဲ့ကမ္ဘာကျော်လက်ရာတစ်ခုလေ"

ဘားဒက်ဒင်ဗာက အငွေ့တထောင်းထောင်း ထနေသော သတ္တုခွက်တစ်ခွက်အား တွန်းပို့လိုက်ရာ ကုန်းပတ်ပေါ်သို့ နည်းနည်း ဖိတ်စဉ်၍ကျသွားတော့သည်။

ဗိုလန်သည် တစက်စက် စီးကျနေသော မတ်ခွက်ကို ဒင်ဗာ၏ လက်ထဲမှ လှမ်းယူလိုက်ပြီး မသောက်သေးဘဲ ကိုင်ထားသည်။ သူက ပစ်အား စဉ်းစဉ်းစားစားနှင့် စိုက်ကြည့်နေပြီး ပစ်က သူ့အား ပြန်စိုက်ကြည့်လိုက်သည့်အခါ သူက ခပ်ဖြည်းဖြည်း ပြုံးလိုက်ပြီး မတ်ခွက်ကို မ,၍ ခပ်ဖြည်းဖြည်း သောက်လိုက်၏။

ဗိုလန်က မေးလိုက်သည်။

"အဘိုးကြီးဆီက နောက်ဆုံး ညွှန်ကြားချက် ရှိသေးသလား"

ဒင်ဗာက ခေါင်းခါလိုက်၏။

"မင်းကို ကျုပ် ပြောထားတဲ့အတိုင်းပါပဲ။ အန္တရာယ်ရှိတယ်လို့ သိလာရတာနဲ့ တစ်ပြိုင်နက် ချက်ချင်း ပြန်ရုပ်သိမ်းပြီး ပုလဲဆိပ်ကမ်းကို အမြန်ဆုံး ပြန်လာခဲ့ရမယ်တဲ့"

ဗိုလန်က ပြန်ဖြေလိုက်သည်။





"အဲဒါကလည်း ကျုပ်တို့ ကံကောင်းမှ ဖြစ်မှာပါ။ ပျောက်သွားတဲ့ တခြားသင်္ဘောတွေ ဆိုရင် ပြန်ပြေးလာဖို့နေနေသာသာ ကယ်ပါတဲ့ အသံလွှင့်ဖို့တောင် အချိန်ရကြတာ မဟုတ်ဘူး"

"ဒါဆိုရင် ပစ်က ခင်ဗျားတို့အတွက် အာမခံမယ့်ပုဂ္ဂိုလ်ပေါ့။ သူနဲ့ သူ့ရဟတ်ယာဉ်က အာမခံလိမ့်မယ်လေ"

ဗိုလန်က စိတ်မချဟန်နှင့် ပြောလိုက်ပြန်၏။

"ရဟတ်ယာဉ်ကို စက်ပူလာအောင် နွှေးဖို့ အချိန်လိုသေးတာပဲဗျ"

ပစ်က ခပ်တိုတို ဝင်ပြောလိုက်သည်။

"အဲဒီ ရဟတ်ယာဉ်ကတော့ မလိုပါဘူးဗျာ။ ကျုပ်က အဲဒီရဟတ်ယာဉ်ကို စက္ကန့်လေးဆယ်အတွင်း လေထဲကို ရောက်အောင် ပျံတက်နိုင်ပါတယ်"

ပစ်က မတ်တတ်ရပ်လိုက်ပြီး လက်ကို အပေါ်သို့ မြှောက်လိုက်ရာ ဦးခေါင်းပေါ်ရှိ မျက်နှာကြက်ကို အခက်အခဲမရှိဘဲ လက်နှင့် ကိုင်မိတော့သည်။

"မေးခွန်းတစ်ခုတော့ မေးချင်တယ်။ အဲဒီ ရဟတ်ယာဉ်က လူဆယ့်ငါးယောက်ပဲ ဆံ့တယ်။ ဒီတော့ ဒီသင်္ဘောပေါ်မှာ လူဆယ့်ငါးယောက်ပဲ ပါတယ် ဆိုရင် ဒီသင်္ဘောကို မောင်းဖို့ လူသိပ်နည်းနေမှာပေါ့"

ဒင်ဗာက ပြန်ဖြေလိုက်သည်။

"သာမန် အနေအထားမျိုးမှာတော့ ကျုပ်တို့ဆီမှာ လူနည်းနေတာပဲပေါ့။ ဒါပေမယ့် မာသာအန်းဟာ ခင်ဗျား မြင်တဲ့အတိုင်း သင်္ဘောအိုကြီး မဟုတ်ဘူး ဆိုတာကိုတော့ ခင်ဗျား မသိနိုင်ပါဘူး ဒက်ခ်။ ဒီသင်္ဘောမှာ ဗုဟိုက ထိန်းချုပ်ပြီး အလိုအလျောက် မောင်းနှင်နိုင်တဲ့ စက်တွေနဲ့ နောက်ဆုံးပေါ် ခေတ်မီစက်ကိရိယာတွေကို တပ်ဆင်ထားတဲ့အတွက် လူအများကြီး မလိုပါဘူး။ ဒီသင်္ဘောက သူ့ဘာသာသူတောင် မောင်းနှင်လို့ ရပါတယ်"

"ဒါပေမယ့် ကိုယ်ထည်ပေါ်က အလွှာလိုက် ကွာကျနေတဲ့ သံချေးတွေက . . ."

ဒင်ဗာက ဝန်ခံလိုက်၏။

"ခင်ဗျား မြင်ဖူးသမျှတွေထဲမှာ အလှပဆုံး အတုတစ်ခုပေါ့ဗျာ။ တကယ့်သံချေးနဲ့တူတဲ့ ဓာတုဗေဒဆေးတစ်မျိုးလေ။ နေရောင်ခြည်ထဲမှာတောင် တစ်ပေအကွာကကြည့်ရင် သံချေးအစစ်နဲ့ ခွဲမရနိုင်ဘူး။ ပြီးတော့လည်း မာသာအန်းမှာ ခင်ဗျားမျက်စိနဲ့ မြင်ရတာထက် ပစ္စည်းကိရိယာတွေ ပိုများတယ်။ ခင်ဗျား ကြည့်ရုံနဲ့ မြင်ရမှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီသင်္ဘောတစ်စင်းလုံးပေါ်မှာ သင်္ဘောဆယ့်တဲ့ ကိရိယာတွေ အပြည့်အနှက် ပါတယ်လေ"

ပစ်က ဖြည်းညင်းစွာ ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ပုံဖျက်ထားတဲ့ ဆယ်ယူရေး သင်္ဘောတစ်စင်းပဲပေါ့။ ဒါက လှည့်ကွက်အသစ်ပဲ"

ဒင်ဗာက ပြုံးလိုက်သည်။

"ဒီလို ပုံဖျက်ထားတဲ့ကိစ္စဟာ တကယ်သိမ်မွေ့တဲ့ ဆယ်ယူရေး လုပ်ငန်းအတွက် ပိုပြီး အသုံးတည့်တာပေါ့ဗျာ"

ပစ်က ပြောလိုက်၏။

"ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ခင်ဗျားတို့ရဲ့ သိမ်မွေ့တဲ့ အောင်မြင်မှုတွေအကြောင်း အနည်းအကျဉ်း ပြောပြထားပါတယ်။ ဘယ်လိုနည်းနဲ့ လုပ်နိုင်ခဲ့ကြတယ်ဆိုတာ အခုမှ ကျုပ် သိရတော့တာပဲ"

ဗိုလန်က ရယ်ရယ်မောမော ပြောလိုက်သည်။

"ကျုပ်တို့အတွက် တယ်လုပ်ငန်းမှ သိပ်ပြီး မကြီးမားသလို ဘယ်လုပ်ငန်းမှ သိပ်မသေးကွေးပါဘူး။ သူတို့ကသာ ခွင့်ပြုမယ်ဆိုရင် ကျုပ်တို့က အင်ဒရီယာဒိုရီယာကိုတောင် ဆယ်ပြနိုင်ပါတယ်"

"တကယ်လို့ ကျုပ်တို့က စတားဘတ်ခ်ကို တွေ့လာသည့်တိုင်အောင် ဒီလောက် လူအင်အားနည်းတဲ့ အဖွဲ့သားတွေနဲ့ ရေပြင်ပေါ်ကို ရောက်အောင် ဆယ်နိုင်မှာ မဟုတ်ဘူး"

ဒင်ဗာက ဖြေလိုက်သည်။

"အခုကိစ္စကတော့ ကြုံတင် ကာကွယ်မှုသက်သက်ပါ မစ္စတာပစ်"

"ဗိုလ်ချုပ်ကြီးဟန်းတားက ခုလို လိုက်ရှာတဲ့ အော်ပရေးရှင်းမှာ လူနည်းနည်းကိုပဲ သုံးရမယ်လို့ အတင်းအကျပ် အမိန့်ပေးထားပါတယ်။ တကယ်လို့ မာသာအန်းဟာ တခြားသင်္ဘောတွေရဲ့ ကံကြမ္မာနဲ့ ကြုံကြရမယ်ဆိုရင် အသက်ပေါင်း မြောက်မြားစွာကို အဆုံးရှုံးမခံသင့်ဘူး။ နောက်တစ်နည်းကလည်း ကျုပ်တို့က ကံကောင်းပြီး စတားဘတ်ခ်ကို တွေ့ခဲ့ရင် ခင်ဗျားက ရဟတ်ယာဉ်နဲ့ လိုမယ့်ပစ္စည်းတွေနဲ့ လူတွေကို ဟိုနိုလူလူက သင်္ဘောဆယ်တဲ့ နေရာအထိ အခေါက်ခေါက်အခါခါ သယ်ပေးရမှာပေါ့"

ပစ်က ဝန်ခံလိုက်သည်။

"နည်းနည်းနဲ့ ကျဲကျဲဝိုင်းတာမျိုးပေါ့လေ။ ဒါပေမယ့် လက်နက်ကိုင် အစောင့်အကြပ်ပါမယ်ဆိုရင် ကျုပ်က ပိုပြီး စိတ်ဖြောင့်ဖြောင့် အိပ်ရမှာ"

ဒင်ဗာက ခေါင်းခါလိုက်၏။

"အဲဒီလို အရဲမစွန့်ရဲဘူး။ အိုမင်းဟောင်းနွမ်းနေတဲ့ မီးသင်္ဘောတစ်စီးကို ရေတပ်မတော်က ဒုံးပျံတပ်ဆင်ထားတဲ့ သင်္ဘောတစ်စီးက စောင့်ရှောက်ပြီး လိုက်ပါပို့ပေးတယ်ဆိုရင် အဲဒီကိစ္စကို သိသိချင်း ကျုပ်တို့ မဟုတ်မဟတ်တာတွေကို လုပ်နေကြတယ်လို့ ဆိုဗီယက်တွေက ရိပ်မိသွားကြလိမ့်မယ်။ သူတို့က နေထွက်တာနဲ့ တစ်ပြိုင်နက် အင်ဒရီဗိုင်းဘော့ဂ်ကို ကျုပ်တို့နောက်က လိုက်ခိုင်းလိမ့်မယ်"





ပစ်က မျက်လုံးပြူးသွားသည်။

"အင်ဒရီဗိုင်းဘော့ဂ်၊ ဟုတ်လား"

"အမေရိကန် ရေတပ်မတော်က ဆိုဗီယက် စပိုင်ရေယာဉ်လို့ သတ်မှတ်ထားတဲ့ ဆိုဗီယက် အဏ္ဏဝါလေ့လာရေး ရေယာဉ်လေ။ အဲဒီရေယာဉ်ဟာ လွန်ခဲ့တဲ့ ခြောက်လလုံးလုံး စတားဘတ်ခ်ကို ရှာဖွေရေးတို့မှာ ကျုပ်တို့ သင်္ဘောတွေနောက်က တကောက်ကောက် လိုက်ခဲ့တယ်။ အခုလည်းဝဲ စတားဘတ်ခ်ကို လိုက်ရှာရင်း ဟိုနားဒီနားမှာပဲ ရှိလိမ့်မယ်"

ဗိုလန်က ကော်ဖီကို တစ်ကျိုက်သောက်ချရန်အတွက် ပြောနေသည့်စကားကို ခေတ္တမျှ ရပ်တန်လိုက်သည်။

"အမှတ် (၁၀၁) သင်္ဘောအုပ်စုက မာသာအန်းကို ရိုးရိုးသင်္ဘောအဖြစ် လူသိများလာအောင် အချိန်ကုန်ခံပြီး ငွေကြေးကုန်ကျခံထားခဲ့ရတာ ဆိုတော့ အဲဒါတွေကို တခြားလူတွေ အသိမခံနိုင်ဘူး"

ဒင်ဗာက ပြောလိုက်ပြန်၏။

"ခင်ဗျား သိတဲ့အတိုင်းပဲ မာသာအန်းကို ရေတပ်မတော်နဲ့ ဘယ်လိုနည်းနဲ့မှ မပတ်သက်အောင် တမင်လုပ်ထားခဲ့ရတာ။ အမေရိကန် သင်္ဘောလိုင်စင် မှတ်တမ်းမှာလည်း ကုန်တင်သင်္ဘောအနေနဲ့ မာသာအန်းကို မှတ်ပုံတင်ထားတယ်။ ကျုပ်တို့က အဲဒီပုံစံအတိုင်း ကောင်းကောင်းမွန်မွန်နဲ့ သိုသိုသိပ်သိပ်ကလေး ဆက်ပြီး သိမ်းထားချင်တယ်"

"အင်ဒရီဗိုင်းဘော့ဂ် တစ်စီးတည်းက ဟိုဟိုဒီဒီ လျှောက်ပြီး အနံ့ခံနေတာကို ရေတပ်မတော်က မစိုးရိမ်ဘူးလား"

ဗိုလန်က လေးလေးနက်နက် ပြောလိုက်၏။

"သူ တစ်စီးတည်း မဟုတ်ပါဘူး။ မြောက်ဘက်က ရှာဖွေတဲ့နေရာမှာ ကျုပ်တို့ဘက်က လိုက်ရှာနေတဲ့ သင်္ဘောလေး တစ်စီး ရှိပါတယ်။ ရေတပ်မတော်ဟာ ကယ်ဆယ်ရမယ့်လူတွေ အသက်မရှင်နိုင်တော့ဘူးလို့ သိထားသည့်တိုင်အောင် ရှာဖွေတဲ့ကိစ္စကို လက်လျှော့လေ့ မရှိပါဘူး"

ဗိုလန်၏လက်ချာသည် တံခါးပေါ်မှခေါက်သံကြောင့် ပြတ်တောက်သွားရလေတော့သည်။

ဗိုလန်က အော်လိုက်၏။

"ဝင်ခဲ့လေ"

(၁၉) နှစ် သို့မဟုတ် အသက် (၂၀) ထက် ကြီးပုံ မရသေးသော ချာတိတ်တစ်ယောက်သည် တံခါးပေါက်ပေါင်ကို ကျော်၍ အထဲသို့ ဝင်လာသည်။ သူသည် အဖြူရောင်ကက်ဦးထုပ်ကို ဆောင်းထားပြီး အပြာရောင် အပေါ်အောက် တစ်ဆက်တည်းအကျႌကို ဝတ်ဆင်ထားသည်။

သူက ပစ်နှင့်ဒင်ဗာကို ဂရုမစိုက်ဘဲ ဗိုလန်အား အစီရင်ခံလိုက်သည်။

"ခွင့်ပြုပါ ဆရာ၊ အင်ဂျင်နီယာချုပ်က အင်ဂျင်စက်ခန်းမှာ


www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့် ဖြစ်နေပါပြီလို့ အစီရင်ခံခိုင်းလိုက်တဲ့အပြင် သင်္ဘောထွက်နိုင်အောင် သင်္ဘောသားတွေကို အဆင်သင့် စုထားပြီးပါပြီလို့ ပထမ အရာရှိက အစီရင်ခံလိုက်ပါတယ်"

ဗိုလန်က လက်ပတ်နာရီအား ကြည့်လိုက်၏။

"ကောင်းပြီ၊ ဆယ့်မိနစ်အတွင်း သင်္ဘောထွက်နိုင်အောင် စီစဉ်လို့ ပြန်ပြောလိုက်"

"ကောင်းပါပြီ ဆရာ"

ထို အသက်ငယ်ငယ် သင်္ဘောသားကလေးက ပြန်ဖြေလိုက်၏။ ထိုချာတိတ်ကလေးက ဗိုလန်အား အလေးပြုလိုက်ပြီးနောက် ချာခနဲ လှည့်လိုက်ပြီး ပြန်ထွက်သွားတော့သည်။

ဗိုလန်က ဒင်ဗာအား ပြုံး၍ ကြည့်လိုက်၏။

"သိပ်မဆိုးဘူး၊ ကျုပ်တို့ ပထမ ခန့်မှန်းထားတာထက် မိနစ်လေးဆယ် စောတယ်"

ပစ်က မေးလိုက်သည်။

"ဟယ်လီကော့ပတာကို မြဲနေအောင် ချည်နှောင်ထားပြီးပြီလား"

ဗိုလန်က ခေါင်းညိတ်လိုက်၏။

"သပ်သပ်ရပ်ရပ် ရှိနေပါပြီဗျာ၊ နံနက်ခင်းကျရင် ခင်ဗျားက ထပ်ပြီး စစ်ချင်ရင် စစ်တာပေါ့"

ပစ်သည် ထိုင်ရာမှ ထလိုက်ပြီးနောက် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ဒင်ဗာ၏စီးကရက်မှ ထွက်လာသော မလတ်ဆတ်သည့် မီးခိုးများ သူ့အဆုတ်ထဲမှ ပြန်ထွက်သွားအောင် ပြင်ပမှ လေကို အားပါးတရ ရှူသွင်းလိုက်သည်။ ဆိပ်ကမ်းမှလေသည် မြေပုံခန်းထဲမှ မလတ်ဆတ်သော လေနှင့် နှိုင်းယှဉ်လျှင် လတ်ဆတ်နေပါသေးသည်။

ဒင်ဗာက ဗိုလန်အား မေးလိုက်၏။

"မင်း ပစ်အတွက် နေဖို့ထိုင်ဖို့ စီစဉ်ပြီးထားပြီလား"

"ကျုပ် အိပ်ခန်း ဘေးနားမှာ အရေးကြီးပုဂ္ဂိုလ်တွေ အတွက် သီးသန့် ချန်ထားတဲ့ အခန်းတစ်ခန်း ရှိပါတယ်"

ဗိုလန်က နှုတ်ခမ်းကို မဲ့ရွဲ့ပြီး ငေါ့တော့တော့လေသံနှင့် ပြောလိုက်၏။

"ပစ်နဲ့ ပတ်သက်လာရင်တော့ ကျုပ်တို့က ခြွင်းချက်အဖြစ် သတ်မှတ်ရမှာပေါ့လေ"

ပစ်သည် ပြာခွက်ထဲမှ တလူးလူးတလွန့်လွန့်နှင့် တက်နေသော မီးခိုးကို စူးစူးစိုက်စိုက် ကြည့်နေလိုက်၏။ သူ့ရင်ထဲ၌ ဒေါသစိတ်သော်လည်းကောင်း၊ ရန်ငြိုးသိုသောစိတ်မှသော်လည်းကောင်း ဖြစ်ပေါ်လာခြင်း အလျှင်း မရှိပါ။ သူသည် ဝစီကံချော်ကာ ပြောဆိုလာသောစကားများကို ထက်ပေါ်မှ ခြင်တစ်ကောင်အား မောင်းနှင်ပစ်လိုက်ရသည့်ပမာ အရေး





မထားဘဲ နေနိုင်စွမ်းရှိပါသည်။

သူတို့သုံးယောက်အား တစ်တွဲတည်းတွဲ၍ အလုပ်လုပ်စေအောင် စီစဉ်ပေးလိုက်မှုသည် ဟန်းတား၏ အစီအမံ ကောင်းမွန်မှုပင် ဖြစ်သည်။ အောင်မြင်သော လုပ်ငန်းတစ်ခု ဖြစ်မြောက်လာစေရန် စိတ်သဘောထားချင်း မတူညီသောလူများအား တွဲဖက်၍ တာဝန်ပေးရမည် ဆိုသော အချက်ကို ဟန်းတားက အပြည့်အဝ အသုံးချခဲ့သည်။

သူတို့လူစုသည် တစ်ခါတစ်ရံတွင် မသင့်မတင့် ဖြစ်ကြလိမ့်မည် ဖြစ်သော်လည်း ထိုကဲ့သို့ မသင့်မတင့်ဖြစ်မှုက လုပ်ငန်းဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် ပိုမို တိုးတက်လာအောင် တွန်းအားပေးလိမ့်မည်သာ ဖြစ်သည်။

ဟန်းတားသည် တကယ့် လူတတ်ကြီးဖြစ်သည်ဟု ပစ်က တွေးလိုက်၏။

"အေးလေ၊ ကျုပ်လည်း ပြန်ဖို့သင့်ပြီလို့ ထင်တယ်"

ဒင်ဗာက မအီမလည်ဖြစ်နေသော တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

ပစ်က ပြောလိုက်၏။

"ကျုပ်တို့က ခင်ဗျားဆီကို ပို့စကတ်ကလေးတွေ မကြာမကြာ ပို့ပါ့မယ်"

"မင်းတို့က ဒါထက်မက ပိုပြီး အကုန်အကျခံကြရမှာကွ"

ဒင်ဗာက ပြန်ပြောလိုက်၏။

သူ့နှုတ်ခမ်းသည် တင်းနေအောင် စေ့ပြီး ပြုံးနေသော်လည်း သူ့မျက်လုံးများကမူ အေးစက်နေကြသည်။

"ကျုပ် ကရိဖ်ဟိုတယ်က ဘားကို ဒီနေ့ကစပြီး နှစ်ပတ်တိတိ သီးသန့် ဘွတ်ကင်လုပ်ထားမယ်။ အဲဒီ ရက်အတောအတွင်းမှာ ပေါ်မလာတဲ့ ပုဂ္ဂိုလ်ကတော့ ကောင်းကောင်း ဒဏ်ခံပေတော့ပဲ"

သူက ဗိုလန်ဘက်သို့ လှည့်လိုက်၏။

"ပေါလ်၊ မင်းကတော့ မင်း လုပ်ရမယ့်အလုပ်ကို သိတယ်နော်။ ဗိုလ်ချုပ်ကြီးနဲ့ကျုပ်က မင်းတို့ကို ဂြိုဟ်တုကနေတစ်ဆင့် အမြဲတမ်း လိုက်ကြည့်နေမယ်။ မင်းက စတားဘတ်ခ်ကို တွေ့တဲ့အချိန်မှာ ရုပ်ဖ်ဘဲယာရင်တစ်ခုကို ပြင်ဆင်ဖို့ အင်ဂျင်ဖ ..က်တွေ အားလုံးကို ရပ်ထားလိုက်ပြီး ရိုးရိုး အသံလှိုင်းနဲ့ အသံလွှင့်လိုက်၊ ကျုပ်တို့က မင်းရှိတဲ့နေရာကို စက္ကန့်ပိုင်း အတွင်း တိတိကျကျ ဒေါက်ခနဲ သိသွားလိမ့်မယ်"

ဒင်ဗာသည် ပစ်၊ ဗိုလန်တို့နှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"ကံကောင်းပါစေဆိုတာကလွဲရင် အခြား ပြောစရာ သိပ်မရှိတော့ပါဘူးလေ"

ပစ်နှင့် ဗိုလန် နှစ်ယောက်စလုံးက ပြန်မပြောနိုင်ခင် ဒင်ဗာသည်


www.burmeseclassic.com

www.burmeseclassic.com

ချာခနဲ လှည့်ပြီး အခန်းထဲက ပြန်ထွက်သွားလေတော့သည်။

သင်္ဘောသားများက ကြိုးများကိုဖြုတ်၍ ကုန်းဘောင်ကို ပြန်တင်နေကြစဉ် ဒင်တာသည် ဆိပ်ခံတံတားပေါ်၌ မတ်တတ်ရပ်ရင်း စီးကရက်တစ်လိပ်ကို မီးညှိ၍ စောင့်ကြည့်နေသည်။

မာသာအန်းသည် ဆိပ်ကမ်း၏ပါးစပ်ပေါက်ဆီသို့ ခပ်ဖြည်းဖြည်း ရွေ့သွားစဉ် ဒင်တာသည် မာသာအန်း၏ ညာဘက်ပိုင်းကို ပျင်းပျင်းရိရိ စောင့်ကြည့်နေသည်။

ခပ်ဖြည်းဖြည်း မြည်နေသော အင်ဂျင်စက်သံများသည် အမှောင်ထဲသို့ ရောက်ရှိ ပျောက်ကွယ်သွားသည်အထိ ဒင်တာသည် ရေကြောင်းလမ်းပြမီးများကို စောင့်ကြည့်နေခဲ့သည်။

ထို့နောက် ဒင်တာသည် စီးကရက်ကို ဆိပ်ခံအောက်ရှိ ငြိမ်နေသော ရေပြင်ပေါ်သို့ ပစ်ချလိုက်ပြီးနောက် လက်နှစ်ဖက်ကို အိတ်ထဲသို့ ထိုးထည့်ရင်း မော်တော်ကား ရပ်ထားသည့် နေရာဆီသို့ ဆိပ်ခံတံတားအတိုင်း ပျင်းပျင်းရိရိ လျှောက်သွားလေတော့သည်။

⚓

(၈)

ပစ်သည် မာသာအန်း၏ ပဲ့ပိုင်းရှိ သံလက်ရန်းတန်းတွင် ရပ်ရင်း မာသာအန်း၏ ရေယက်ပန်ကာများက ပင်လယ်ရေများအား ဝဲဂယက်ထအောင် လှည့်ထုတ်ပေးနေသည်ကို စောင့်ကြည့်နေသည်။

ရာသီဥတုက နွေးသည်။

ကောင်းကင်ကြီးက ကြည်လင်သည်။

အရှေ့မြောက်အရပ်မှ သန့်ရှင်းသော လေပြည်လေညင်းကလေးက တိုက်ခတ်နေသည်။

လွန်ခဲ့သော နှစ်ရက်အတွင်းက သူသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် ဆုံတွေ့ခဲ့ရသနည်းဟု စိတ်ပျက်လက်ပျက် တွေးနေမိသည်။

ပစ်၏ ဟောလီးဒေး နားရက်ကို ပျက်စီးသွားအောင် လူမျိုးစုံက ဝိုင်း၍ နှောင့်ယှက်ခဲ့ကြသည်။

သူ့နောက်ကွယ်တွင် သူ့ကို ဆေးထိုးအပ်နှင့် ထိုးရန် ကြံစည်ခဲ့သော မရိုးသားသည့်အမျိုးသမီးကလေးတစ်ဦး။

သူ့ကို သတ်ဖြတ်ရန် ကြိုးပမ်းခဲ့သော သွားတွင် ဆေးချေးများ စွန်းထင်းနေသည့် အရူးတစ်ယောက်။

အင်မတန် ရိုင်းပျသော ရေတပ်ဗိုလ်ချုပ်တစ်ဦး။

ရယ်စရာကောင်းသော ဆေးမင်ကြောင်ရုပ်နှင့် ဗိုလ်မှူးတစ်ယောက်။

သေးကွေးသော်လည်း သူတို့အားလုံးထဲတွင် အလွန် ထက်မြက်ပုံရသော ဒုဗိုလ်မှူးကြီးတစ်ယောက်။

ထိုပုဂ္ဂိုလ်များသည် သူ့လည်ပင်းတွင် ကြိုးနှင့်ချည်၍ ဆွဲပေးထားသကဲ့သို့ သူနှင့် တစ်တွဲတည်း ပါလာကြသည်။ ဟာဝေယံဝဲကတော့၏ ပြဿနာများသည် ထိုပုဂ္ဂိုလ်များနှင့် နှိုင်းစာလျှင် ပို၍ နူးညံ့ပျော့ပျောင်းသည်ဟု ထင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဟိုလ်များ၏ အမူအကျင့်တို့သည် မည်သို့ပင် ထူးခြားစေကာမူ သူ့အား ခြောက်လှန့်နိုင်စွမ်း မရှိပါ။ ထိုဇာတ်လမ်းတွင် ယခုအချိန်အထိ ဇာတ်ခုံပေါ်သို့ တက်လာခြင်း မရှိသေးသော ဇာတ်ဆောင် ရွှေရောင်မျက်လုံးနှင့် လူဘီလူးကြီးအတွက် ထိုကိစ္စကို ချန်ထားရပါလိမ့်မည်။

သူသည် ပျောက်ဆုံးနေသော ကနိုလီကျွန်းအား မည်သည့်ကိစ္စနှင့် လွှန့်ခဲ့သော နှစ်ပေါင်းများစွာက သုတေသနပြုခဲ့ပါသနည်း။

သူသည် ပျောက်ဆုံးနေသော လူ့အဖွဲ့အစည်းတစ်ခုကို ဖော်ထုတ်ရန် ကြိုးစား အားထုတ်နေသော ပညာရှင်တစ်ဦးပင် ဖြစ်လေသလား။

သို့တည်းမဟုတ် ရှေးဟောင်းပုံပြင်များနှင့် ဒဏ္ဍာရီများကို လိုက်လံစုဆောင်းနေသော စုန်း၊ ကဝေ၊ မှော်ပညာရှင်တစ်ဦး ဖြစ်လေသလား။

သို့မဟုတ် သူ့စိတ်ထဲတွင် ပို၍ ဆန်းကြယ်သော ရည်ရွယ်ချက်များ ရှိလေသလား။

ဟာဝေယံဝဲကတော့၊ ဘာမူဒါတြိဂံဒေသ စသည်တို့နှင့် ပတ်သက်သော လျှို့ဝှက်ဆန်းကြယ်မှုတို့သည် အစစ်အမှန်များသာ ဖြစ်ကြပေသည်။ သင်္ဘောများနှင့် သင်္ဘောသားများ ပျောက်ဆုံးမှုမှာ မှတ်တမ်းတွင် အထင်အရှား ရှိနေသည်။ ထိုပြဿနာများနှင့် ပတ်သက်၍ ယထာဘူတကျသော အဖြေသည် ရှိကို ရှိရပါမည်။

ထိုပြဿနာ၏ သော့ချက်မှာ ရှင်းလွန်း၊ စင်းလွန်းလှသောကြောင့် မျက်စိလျှမ်းနေကြခြင်းသာ ဖြစ်ရမည်ဟု ပစ်က အလျှော့မပေးဘဲ ဆက်တွေးနေလိုက်သည်။

"မစ္စတာပစ်လား"

ပစ်၏ဦးနှောက်ထဲ၌ တွေးနေသော ပဟေဠိများသည် တစ်ဆက်တည်း ချုပ်ထားသော ဝတ်စုံကို ဝတ်ဆင်လာသော ချာတိတ်ကလေးကြောင့် ပျက်စီးသွားရလေသည်။

ပစ်က ပြုံးလိုက်၏။

"ကျုပ်က မင်းအတွက် ဘာလုပ်ပေးနိုင်ပါသလဲ"

ရေတပ်သားကလေးသည် စတင်၍ အလေးပြုလိုက်ပြီးနောက် သူ့လက်သည် အောက်ဘက်သို့ ပြန်ကျသွားတော့သည်။ ထို တပ်သားကလေးသည် အရပ်သားတစ်ယောက်နှင့် မည်သို့မည်ပုံ ဆက်ဆံရမည်ကို ဝေခွဲမရအောင် ဖြစ်နေဟန်တူသည်။

"ကွန်မင်ဒါဗိုလန်က ပဲ့စင်ပေါ်ကို ကြွခဲ့ဖို့ ခေါ်ခိုင်းလိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ။ ငါ လာခဲ့ပါ့မယ်"

ပစ်သည် ချာခနဲ လှည့်လိုက်ပြီးနောက် ပဲ့စင်ပေါ်သို့ သံလှေကားမှတစ်ဆင့် တက်လာခဲ့သည်။

ဗိုလန်သည် ပဲ့ကိုင်သူ၏ရှေ့တွင် မတ်တတ်ရပ်နေပြီး ရှေ့တည့်တည့်မှ ပြာလဲ့နေသော မိုးကုပ်စက်ဝိုင်းကို မှန်ပြောင်းနှင့် ကြည့်နေသည်။





သူသည် မှန်ပြောင်းကို အောက်သို့ နှိမ့်ချလိုက်ပြီးနောက် မှန်ဘီလူးများကို တီရှပ်အောက်ပိုင်းနှင့်သုတ်ရင်း မှန်ဘီလူးတွင် အစွန်းအထင်း ရှိ မရှိ စစ်ဆေးလိုက်သည်။ ထို့နောက် သူသည် မှန်ပြောင်းကို မျက်လုံးပေါ်တွင် ပြန်ကပ်လိုက်ပြီးနောက် ရှေ့ဘက်မှ ဟင်းလင်းပြင်ကြီးကို လေ့လာလိုက်ပြန်၏။

"ဘာဖြစ်လို့လဲ"

ပစ်က မေးလိုက်သည်။

သူသည် ဗိုလန်က မှန်ပြောင်းနှင့် ကြည့်နေသော နေရာဆီသို့ ပခုံးပေါ်မှတစ်ဆင့် လှမ်းကြည့်လိုက်သော်လည်း ဘာကိုမှ မမြင်ရပေ။

ဗိုလန်က ဖြေလိုက်သည်။

"ကျုပ်တို့ ခုလေးတင် နောက်ထပ် ရှာဖွေရမယ့် နေရာသစ် နယ်မြေထဲကို ရောက်လာပြီ ဆိုတာ ခင်ဗျား သိချင်လိမ့်မယ်ထင်လို့ပါ"

ဗိုလန်သည် နံရံပေါ်ရှိ စင်ပေါ်တွင် မှန်ပြောင်းကို တင်လိုက်ပြီးနောက် အသံလွှင့်ခလုတ်တစ်ခုကို နှိပ်ရင်း ခပ်မှန်မှန်လေသံနှင့် ပြောလိုက်၏။

"လက်ဖတင်နင် ဟာပါ၊ ခုပြောနေတာ မာလိန်မှူး၊ အင်ဂျင်စက်တွေကို အားလုံး ရပ်လိုက်ပါ။ ငါတို့ သင်္ဘောကို ရပ်မလို့"

သူက ပစ်ဘက်သို့ လှည့်ကြည့်လိုက်၏။

"အခု ကျုပ်တို့ အလုပ်ဌာနကို သွားကြမယ်"

ဗိုလန်သည် ပဲ့စင်အောက်ဘက်ရှိ စင်္ကြံလမ်းထဲသို့ ဆင်းသွားသော သံလှေကားတစ်ခုမှ ဆင်းရန် ပစ်အား ညွှန်ပြလိုက်၏။

သူတို့ နှစ်ယောက်သည် ကေဗင်တံခါးပေါင်း မြောက်မြားစွာကို ဖြတ်ကျော်လာကြပြီးနောက် တံခါးတစ်ပေါက်ရှေ့တွင် ရပ်တန့်လိုက်ပြီး တံခါးကို ဖွင့်၍ အထဲကို ဝင်လိုက်၏။

"ဒါ ကျုပ်တို့ အော်ပရေးရှင်းရဲ့ ဗဟိုအချက်အချာနေရာပဲ"

ဗိုလန်က ကြေညာလိုက်သည်။

"ဒီအခန်းထဲမှာ မနုဿလူသားတွေရဲ့ မဖြစ်စလောက် အသိဉာဏ်ကို ကျော်လွှားပြီး အနိုင်ယူမယ့် အီလက်ထရွန်းနစ် စက်ကိရိယာတွေကတင် အလေးချိန် လေးတန် ရှိတယ်။ အမှတ်တစ်ရာတစ် သင်္ဘောအုပ်စုရဲ့ အံ့ဩစရာ သိပ္ပံစက်ကိရိယာတွေကို စောင့်ပြီး ကြည့်ပါဦးလေ"

ပစ်က စတုရန်းပေ ရှစ်ရာခန့် ရှိမည်ဟု ခန့်မှန်းထားသော ကျယ်ဝန်းလှသည့် အခန်းကြီးထဲမှ စက်ခလုတ်များကို ဗိုလန်က လက်နှင့်ညွှန်ပြလိုက်၏။

"အသံရဲ့အလျင်နဲ့ ဖိအားကို တိုင်းတာမယ့် စက်ခလုတ်ခုံ၊ ခင်ဗျား အောက်ခြေကြမ်းပြင်ပေါ်မှာရှိတဲ့ သံထည်ပစ္စည်းတွေကို ထောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးမယ့် သံလိုက်ဓာတ်သုံးကိရိယာ၊ ရေအောက်မှာ ချထားမယ့် တီဗီကင်မရာတွေက ရိုက်ကူးထားတာတွေကို ပြန်ပြပေးမယ့် ပြစက်တွေ"

ဗိုလန်သည် သိုင်းသိုင်းဝန်းဝန်းနှင့် ပြောနေသောစကားကို ဖြတ်၍ ဓက်ကိရိယာများထဲတွင် တစ်ပေါင်းတည်းဖြစ်အောင်ပြုလုပ်ထားသော တယ်လီဗီးရှင်း ပြစက်လေးခုကို ပြလိုက်သည်။

"ကျုပ်တို့က တယ်လီဗီးရှင်း ကင်မရာတွေနဲ့ သံလိုက်ဓာတ်အားသုံး ဆင်ဆာ (Sensors) တွေကို သင်္ဘောနောက်ဘက်က အောက်ချပြီး လိုက်လံ ထောက်လှမ်းနိုင်ဖို့ သင်္ဘောကို ရပ်ကြရတာပေါ့"

ပစ်က ဖန်သားမျက်နှာပြင်များကို လေ့လာလိုက်၏။

ကင်မရာများကို ရေထဲသို့ စတင်၍ ချပေးနေချိန်ဖြစ်ပြီး ကင်မရာမှန်ဘီလူးက ရေအောက်သို့ တဖြည်းဖြည်း ရောက်ရှိသွားစဉ် ရေလှိုင်းများက ကင်မရာမှန်ဘီလူးအား လာရောက် ရိုက်ခတ်သည်ကိုလည်းကောင်း မြင်နေရသည်။ ကင်မရာနှစ်လုံးက ဆေးရောင်စုံနှင့် ရိုက်ကူးပြီး မှတ်တမ်းတင်နေသည်ဖြစ်ရာ စိမ်းပြာရောင် အရိပ်မည်းကြီးများသည် မဆုံးနိုင်လောက်အောင် ရှိနေသည်ဟု ထင်ကြရသည်။

"နောက်ကိရိယာတစ်ခုကတော့ နောက်ဆုံးပေါ် ကလိန်းပွဲတင်သံစနစ်ပါပဲ"

ဗိုလန်က ဆက်ပြောလိုက်ပြန်၏။

"အဲဒီ ကိရိယာက ပင်လယ်အောက်ခြေကြမ်းပြင်နဲ့ အဲဒီကြမ်းပြင်ပေါ်မှာရှိတဲ့ ပစ္စည်းမှန်သမျှကို အသံဓာတ်ပုံနဲ့ အသေးစိတ် ဖော်ပြပေးလိမ့်မယ်။ ပြီးတော့ သင်္ဘောရဲ့ တစ်ဖက်တစ်ချက်စီမှာ မိုင်ဝက်စီအထိ အသံနဲ့အာရုံခံပြီး ထောက်လှမ်းပေးနိုင်မယ့် ဆင်ဆာကိရိယာတွေ ပါတယ်။ အဲဒီ ဆင်ဆာကိရိယာတွေကို သင်္ဘောရဲ့ နောက်ဘက်က ဆွဲလာခဲ့ကြလိမ့်မယ်"

ပစ်က ပြောလိုက်၏။

"တစ်မိုင်အထိ တောက်လျှောက် ထောက်လှမ်းပေးနိုင်တယ်ဆိုတော်တော် အထင်ကြီးဖို့ ကောင်းသားပဲ"

ဗိုလန်သည် ထိုကိရိယာများကို ကိုင်တွယ်နေသူများနှင့် ပစ်အား မိတ်ဆက်ပေးရန် သတိမရသည်ကို ပစ်က သတိထားလိုက်မိသည်။ ဗိုလန်သည် လူယဉ်ကျေးတို့၏ အမူအကျင့်များ ချို့တဲ့နေသူပင် ဖြစ်ရာ မည်သည့်နည်းနှင့် ဗိုလ်မှူးအဆင့်သို့ ရောက်ရှိလာသည်ကို ပစ်က နားမလည်နိုင်အောင် ရှိနေရသည်။

ဗိုလန်က ခပ်ကြွားကြွားကလေး ပြောလိုက်ပြန်၏။

"ဟောဒီ ချစ်ချစ်ကလေးကတော့ ဒီကိရိယာတွေအားလုံးရဲ့ တကယ့်ဦးနှောက်ပေါ့ဗျာ။ ဆဲလ်ကိုရမ်းမ် ဆေး ၈၃၀၀ ကွန်ပျူတာစနစ်လေ"





သူက ထိပ်ပိုင်းတွင် မီးလုံးများနှင့် ခလုတ်များ တသီတတန်းကြီး ရှိသော ခပ်မြင့်မြင့် ကွန်ပျူတာကြီးတစ်ခုကို ခေါင်းညိတ်၍ ပြလိုက်သည်။

"လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊ ဗီလော်စီတီနဲ့ ဦးတည်ရာ အရပ်အားလုံးကို စီစဉ်ပေးနိုင်တယ်။ အတိုချုံးပြီး ပြောရရင် ခုအချိန်ကစပြီး ဗဟိုချုပ်ကိုင်မှုစနစ်ကို လွှဲအပ်ထားလိုက်တဲ့အတွက် ကျုပ်တို့က စကားဘတ်ခ်ကို ရှာတွေ့တဲ့အချိန်အထိ ဒီထရန်စစ်စတာတွေက သင်္ဘောကြီးတစ်စီးလုံးကို ခုတ်မောင်းသွားကြလိမ့်မယ်"

"ပိုပြီးတော့ သန့်သန့်ရှင်းရှင်း ရှိတာပေါ့ဗျာ"

ပစ်က မပွင့်တပွင့် ရေရွတ်လိုက်၏။

"ဘာကို ဆိုလိုတာလဲ"

"လူသားတွေရဲ့ လက်နဲ့ မထိ၊ မကိုင်ရလို့ ပိုပြီး သန့်သန့်ရှင်းရှင်း ရှိတယ်လို့ ပြောတာ"

ဗိုလန်က မျက်မှောင်ကုတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီလို ပြောမယ်ဆိုရင် ဖြစ်လိမ့်မယ်"

ပစ်သည် စက်ခလုတ်ခုံကို ကိုင်တွယ်နေသော အော်ပရေတာ၏ ခုံစွန်းပေါ် မှကျော်၍ ကွန်ပျူတာထဲက ထွက်လာသော စက္ကူထိပ်များကို လေ့လာလိုက်သည်။

"တော်တော် ကောင်းတဲ့ အစီအစဉ်ပဲဗျာ။ ဆဲလ်ကိုရမ်းမ် ဆေး ၈၃၀၀ ကွန်ပျူတာဟာ ပထမသွင်းပေးထားတဲ့ ပရိုဂရမ်ကို ဖျက်ပစ်လိုက်ပြီး ဗဟိုချုပ်ကိုင်မှုစနစ်နဲ့ ပရိုဂရမ်အသစ်ကို ထပ်ထည့်ပေးလို့ရတယ်။ အခုကိစ္စမှာတော့ ပုလဲဆိပ်ကမ်းမှာရှိတဲ့ အော်ပရေးရှင်းအခန်းဟာ ဒီကွန်ပျူတာကို ချုပ်ကိုင်ထားတဲ့နေရာ ဖြစ်ရမယ်။ တကယ်လို့ ကျုပ်တို့သာ ဆိုလီမာလီနီပေါ်က လူတွေလို ဖြစ်သွားခဲ့ရင် အဲဒီကွန်ပျူတာဟာ ရေတပ်ဗိုလ်ချုပ်ကြီးဟန်းတား အတွက် သိပ်ပြီး အသုံးဝင်မှာပဲ။ ပြဿနာပေါ်ပြီလို့ စပြီး သိရတာနဲ့ တစ်ပြိုင်နက် ဗိုလ်ချုပ်ကြီးဟန်းတားနဲ့ ခင်ဗျာတို့က ထောမပရိုဂရမ်တစ်ခုနဲ့ အစားထိုးလိုက်ပြီး သင်္ဘောကို ပြန်လှည့်ခိုင်းနိုင်မယ်။ သင်္ဘောဆိပ်ကို ပြန်ရောက်လာအောင် ခေါ်နိုင်စွမ်းရှိလိမ့်မယ်။ ဗိုလ်ချုပ်ကြီးဟန်းတားက သင်္ဘောသားတွေကို လက်လွှတ် ဆုံးရှုံးရပေမယ့် အမှတ်တစ်ရာတစ် သင်္ဘောအုပ်စုရဲ့ အကောင်းဆုံး ဆယ်ယူရေးသင်္ဘောကိုတော့ လက်ရာခြေရာမပျက် ပြန်ရနိုင်လိမ့်မယ်။ တော်တော်ကောင်းတဲ့ အစီအစဉ်ပဲဗျာ"

"ခင်ဗျားက အီလက်ထရွန်းနစ်အကြောင်း တော်တော်ကလေး သိသားပဲ"

ဗိုလန်က ဖြည်းညင်းစွာ ပြောလိုက်၏။ သူ့မျက်နှာပေါ်တွင် လေးစားခြင်းထက်ဝက် သံသယဖြစ်မှု ထက်ဝက် ရောစပ် ဖြစ်ပေါ်နေသည်။

"ခင်ဗျားက ဒါတွေ အားလုံးကို အရင်က တွေ့ဖူးခဲ့တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အနည်းဆုံး နူးမားရဲ့ အဏ္ဏဝါလေ့လာရေး သင်္ဘောသုံးစီးပေါ်မှာ တွေ့ဖူးခဲ့ပါတယ်။ ခင်ဗျားတို့ရဲ့ မူလ ရည်ရွယ်ချက်က သင်္ဘောဆယ်ယူရေးလုပ်ငန်းဆိုတော့ ဒီကွန်ပျူတာရဲ့စွမ်းရည်ကလည်း ပိုပြီး ထူးခြားတာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်တို့ရဲ့ကွန်ပျူတာကလည်း လေ့လာရှာဖွေရေးလုပ်ငန်းမှာ ခင်ဗျားတို့ထက် ပိုပြီး အစွမ်းထက်ပါတယ်"

"ကျုပ် တောင်းပန်ပါတယ်ဗျာ"

ဗိုလန်က ကြိုးစား၍ ပြုံးလိုက်၏။

"ကျုပ်က ခင်ဗျားအရည်အချင်းကို လျှော့တွက်လိုက်ခဲ့မိတာကိုး"

သူသည် ချာခနဲ လှည့်လိုက်ပြီးနောက် စကားအနည်းငယ် ပြောလိုက်သည်။ ထို့နောက် ပြန်လှည့်လာပြီး ပစ်အား ပြောလိုက်၏။

"လာဗျာ၊ ခင်ဗျားကို ကျုပ် အရက် ဝယ်တိုက်မယ်"

"ရေတပ်မတော်ရဲ့ စည်းကမ်းတွေက အဲဒါကို ခွင့်ပြုရဲ့လား"

ချင်ချင်းလက်ငင်း ဆိုသလို ရင်းနှီးလာဟန်ပြသော ဗိုလန်၏အပြုအမူကြောင့် အံ့အားသင့်သွားသော ပစ်က ပြုံးပြီး ပြောလိုက်၏။ ဗိုလန်က လိမ္မာပါးနပ်စွာ ပြန်ပြုံးလိုက်သည်။

"ခင်ဗျား မေ့သွားပြီထင်တယ်။ ဒီသင်္ဘောက တရားဝင် ပြောရရင် အရပ်သားသင်္ဘောဗျ"

သူတို့နှစ်ယောက်သည် အခန်းပေါက်ဝဆီသို့ ဆက်လျှောက်လာကြစဉ် ရှာဖွေထောက်လှမ်းရေးမှ အရာရှိက လှမ်းပြောလိုက်သည်။

"တယ်လီဗီးရှင်းကင်မရာနဲ့ ပုံတင်သံစက်က ဆင်ဆာ (Sensors) တွေ နေသားတကျဖြစ်ပါပြီ မာလိန်မှူး"

ဗိုလန်က ခေါင်းညိတ်လိုက်၏။

"မြန်သားပဲ လက်ဖတင်နင်၊ ငါတို့ ချက်ချင်း စ, အလုပ်လုပ်ကြရအောင်"

"ခဏဗျာ"

ပစ် ကြားဖြတ်၍ ပြောလိုက်၏။

"ကျုပ်စိတ်ထဲက ယားကျိကျိနဲ့ သိချင်စိတ် ဖြစ်နေလို့ဗျာ။ ခင်ဗျားတို့ရောက်နေတဲ့ အနက်ပေက ဘယ်လောက်လဲ"

ဗိုလန်က ပစ်အား မေးခွန်းထုတ်လိုဟန်နှင့် ပြန်ကြည့်ပြီး နောက်ပြန်လှည့်ပြီး မေးလိုက်၏။

"ကဲ - လက်ဖတင်နင် . . ."

ရှာဖွေထောက်လှမ်းရေးအရာရှိသည် ပုံတင်သံစက်ပေါ်တွင် ငုံ့လိုက်ပြီးနောက် ထိပ်စာရွက်ပေါ်မှ မျဉ်းကောက်များကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ပေငါးထောင်ခြောက်ရာ့ခုနစ်ဆယ်ပါ ခင်ဗျာ"

"အဲဒါက နည်းနည်း ထူးဆန်းနေလို့လား"





ဗိုလန်က မေးလိုက်သည်။

ပစ်က ပြန်ဖြေသည်။

"အဲဒါထက်ပိုပြီး နက်သင့်တယ်။ သမုဒ္ဒရာကြမ်းပြင်ရဲ့ မြေပုံတွေကို ကျုပ် ကြည့်လို့ရမလား"

"ဟောဒီမှာပါ ခင်ဗျာ"

လင်ဖတင်နင်ကလေးသည် နို့နှစ်ရောင်မှန်ကို အပေါ်က ခင်းထားသော ကြီးမားသည့် မြေပုံစားပွဲကြီးဆီသို့ လျှောက်သွားပြီး စားပွဲပေါ်မှမီးကို ဖွင့်လိုက်သည်။ သူသည် ကြီးမားသော မြေပုံလိပ်တစ်လိပ်ကို ဖြန့်လိုက်ပြီးနောက် စားပွဲအစွန်းဘွင် ကလစ်နှင့် ညှပ်ပေးလိုက်၏။

"ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းရဲ့ အောက်ခြေကြမ်းပြင်ပါ။ သိပ်အသေးစိတ်တော့ မပါပါဘူး။ ဒီဘက်ဒေသတွေမှာ အနက်ပေတိုင်းတဲ့ လုပ်ငန်းကလည်း ရှားသားပဲ"

နောက်ဆုံးတွင် တစ်ဦးနှင့်တစ်ဦးကို မိတ်ဆက်ပေးရန် ဗိုလန်က နားလည် သဘောပေါက်သွားတော့သည်။

"ဒတ်ခ်ပစ်၊ ဒါ လက်ဖတင်နင် စတန်လီပါ"

ပစ်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ စတန်လီ၊ မင်းဆီမှာရှိတဲ့ မြေပုံကို တို့ လေ့လာကြရအောင်"

ပစ်သည် စားပွဲစွန်းတွင် တံတောင်ဆစ်နှင့် ထောက်လိုက်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအောက်ခြေကြမ်းပြင်ကို ဖော်ပြသော ကွန်တိုမျဉ်းများကို လေ့လာလိုက်သည်။

"ကျုပ်တို့ ခုရောက်နေတာ ဘယ်မှာလဲ"

လက်ဖတင်နင် စတန်လီက မြေပုံတစ်နေရာကို လက်နှင့် ထောက်ပြလိုက်၏။

"မြောက်ဘက် (၃၂) ဒီဂရီ၊ (၁၀) မိနစ်၊ အနောက်ဘက် (၁၅၁) ဒီဂရီ (၁၇) မိနစ်၊ လွဲစရာရှိရင် ဆံခြည်တစ်မျှင်လောက်ပဲ လွဲလိမ့်မယ်"

ပစ်က ဖြည်းညင်းစွာ ပြောလိုက်သည်။

"ဒါဆိုရင် ဖူလာတန်အက်ကြောင်းနယ်မြေပေါ်မှာ ရောက်နေတာပေါ့"

မြေပုံစားပွဲပေါ်တွင် ငုံ့ကြည့်နေသောဗိုလန်က ပြန်ပြောလိုက်၏။

"အဲဒီနာမည်က ဘောလုံးကန်လို့ရတဲ့ ဒဏ်ရာနဲ့ တူနေပါကလား"

"အက်ကြောင်းနယ်မြေ ဆိုတာက မြေကြီးကွဲအက်နေတာကို ပြောတာ။ ပင်လယ်အောက်ခြေမှာ ဖြစ်ပွားတဲ့ မြေပြင်လှုပ်ရှားမှုတွေက ဒီအက်ကြောင်းတွေက ထိန်းပေးထားတယ်။ ဒီနေရာကစပြီး ကယ်လီဖိုးနီးယား ကမ်းခြေအထိ အဲဒီလို အက်ကြောင်းတွေ ရာနဲ့ချီပြီး ရှိတယ်"

"ခင်ဗျား ပြောတဲ့ အနက်ပေနဲ့ ပတ်သက်ပြီး ကျုပ်တော့ နားလည်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဒီမြေပုံအရ ပြောရရင် ပင်လယ်အောက်ခြေဟာ ဟောဒီနေရာ တစ်ဝိုက်မှာ ပေ (၁၅၀၀၀) လောက် နက်ရမယ်"

စတာန်လီသည် ၎င်းတို့ ရောက်ရှိနေသည့်နေရာနှင့် အနီးဆုံးနေရာ၌ ခဲအံပြထားသည့် အနက်ပေတစ်ခုကို ထောက်ပြလိုက်၏။

ပစ်က ပြောလိုက်သည်။

"ကျုပ်တို့က ပင်လယ်အောက်ခြေက ကုန်းမြေမြင့်တစ်ခုအနားကို ရောက်နေတာလည်း ဖြစ်နိုင်တယ်"

ဗိုလန်က ခပ်မှန်မှန် ပြောလိုက်သည်။

"အောက်ခြေမြေကြီးက သင်္ဘောရဲ့ ဘယ်ဘက်မှာ မြင့်တက်လာနေတယ်"

သူက ဂဏန်းများကို တွက်ချက်ရင်း မော့ကြည့်လိုက်၏။

"တစ်မိုင်အတွင်း ပေ (၂၅၀) မြင့်လာတယ်။ သိပ်ပြီး ထူးဆန်းတယ်လို့တော့ ပြောလို့ မရဘူး။ ပင်လယ်အောက်ခြေက ကုန်းမြေမြင့်တစ်ခုခုနဲ့ တွေ့ရင်လည်း အဲဒီလို ဖြစ်နိုင်တာပဲ"

ပစ်က ခေါင်းခါလိုက်သည်။

"မြေပုံပေါ်မှာ ကုန်းမြေမြင့်ရှိတယ်လို့ ပြမှ မထားတာ"

"ဒီနေရာမှာ လာရောက် တိုင်းတာပြီး မြေပုံပေါ်မှာ ပြမထားရသေးတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါပေမယ့် ဆင်ခြေလျှောက ခုထက်ထိ မြင့်တက်လာနေတုန်းပဲဆိုတော့ ကမူထိပ်ပိုင်းနဲ့ သိပ်မဝေးနိုင်တော့ဘူး။ ဒီသင်္ဘောက ခင်ဗျားသင်္ဘောပါ ပေါလ်ဗိုလန်၊ ဒါပေမယ့် နည်းနည်းတော့ စစ်ဆေးကြည့်သင့်တယ်လို့ ကျုပ် ထင်တယ်။ စတားဘတ်ခ်ရဲ့ ဆက်သွယ်ရေးဘူးကို စတားဘတ်ခ် ပျောက်သွားပြီးနောက်ပိုင်းမှာ မည်သူမည်ဝါမှန်း မသိရတဲ့လူတွေက ပို့လိုက်တာ မဟုတ်လား။ ဒီတော့ စတားဘတ်ခ်ဟာ လက်လှမ်းမီတဲ့နေရာမှာ ရှိလိမ့်မယ်လို့ ယူဆရမယ်"

ဗိုလန်က မျက်စိကို လက်နှင့် ပွတ်လိုက်၏။

"ခင်ဗျား ပြောတာ ယုတ္တိရှိသားပဲ။ ဒါပေမယ့် ဒီကုန်းမြေမြင့်ဟာ မြေပုံပေါ်မှာ မဖော်ပြရသေးတဲ့ တစ်ခုတည်းသော ကုန်းမြေမြင့်တော့ ဖြစ်မယ် မထင်ဘူး။ အဲဒါမျိုး နောက်ထပ် လေးဆယ်ငါးဆယ်ကျော်ကျော် ရှိနိုင်တာပဲ"

"ကျုပ်တို့က တစ်ခုတလေကိုတောင် မစုံစမ်းဘဲ ချန်ထားခဲ့လို့ မဖြစ်ဘူးထင်တယ်"

ဗိုလန်သည် အတွေးနက်သွားပုံရသည်။ ထို့နောက် သူသည် ခါးကို မတ်လိုက်ပြီးနောက် စတန်လီအား လှမ်းကြည့်လိုက်၏။

"စတန်လီ၊ ပိုပြီး မြင့်တဲ့နေရာဆီကို ဦးတည်ပြီးသွားအောင် လမ်းကြောင်းကို ပြင်လိုက်ပါ။ ဆင်ဆာက ရတဲ့ အဖြေတွေကို ကွန်ပျူတာထဲ





ထည့်ပေးပြီး တက်မကို ဗဟိုချုပ်ကိုင်မှုစနစ်နဲ့ တွဲပေးလိုက်ပါ။ အနက်ပေ ရုတ်တရက် ပြောင်းလဲသွားရင် ငါ့ကို လှမ်းအကြောင်းကြားပါ။ ငါ ငါ့ကေဗင်ခန်းထဲမှာပဲ ရှိနေတယ်"

သူက ပစ်ဘက်သို့ လှည့်လိုက်၏။

"ကဲ - ခုနက ပြောတဲ့ အရက်သောက်ဖို့ကိစ္စကို ဘယ်လိုလဲ"

တိမ္ဗိကင်မရာနှင့် ဆင်ဆာတို့ကို နေရာအနေအထား ပြင်ဆင်ပေးလိုက်ပြီးနောက် ဗဟိုချုပ်ကိုင်မှုစနစ်ကို ကွန်ပျူတာနှင့် တွဲပေးလိုက်ရာ မာသာအန်းသည် ဆယ်မိနစ်အတွင်းမှာပင် အရှေ့အရပ်ဆီသို့ ခပ်ဖြည်းဖြည်း ဦးလှည့်ပြီး စတင်၍ မောင်းနှင်သွားတော့သည်။

ပွဲစင်ပေါ်တွင်ရှိနေသော ပွဲကိုင်သူသည် ပွဲစင်၏တံခါးပေါက်တွင် မတ်တတ်ရပ်ရင်း မည်သည့်အလုပ်ကိုမျှ လုပ်စရာမလိုဘဲ ပျင်းပျင်းရိရိနှင့် ဆေးလိပ်သောက်နေသည်။ ပွဲကိုင်ဘီးသည် မမြင်ရသောလက်က လှည့်ပေးနေသည့်အလား ခပ်ဖြည်းဖြည်း ဘယ်ညာယိမ်းနေသည်။ သင်္ဘောကြီးသည် လှိုင်းလုံးကြီးများကို ဖြတ်သန်း ကျော်လွှားနေသည်။ သင်္ဘောသားများသည် တသီတတန်းကြီးရှိနေသာ ဒိုင်ခွက်များ၊ ရောင်စုံမီးလုံးများနှင့် ဒိုင်ခွက်ပေါ်မှ လှုပ်ရှားနေသောမြားတံများကို စောင့်ကြည့်နေရန်မှတစ်ပါး အခြားအလုပ် မရှိကြပါ။

ပစ်နှင့် ဗိုလန်သည် ထိုနေ့တစ်ညနေခင်းလုံး သမုဒ္ဒရာ၏အောက်ခြေကြမ်းပြင်သည် တဖြည်းဖြည်း မြင့်တက်လာနေကြောင်း ဆိုနာဆင်ဆာများ၏ သတင်းပို့ချက်ကို စိတ်ဆင်းရဲစွာ နားထောင်ရင်း မာလိန်မှူး၏ ကေဗင်ခန်းထဲ၌ ရှိနေသည်။

ထိုသို့ စောင့်နေရသည်မှာ တစ်နာရီ၊ နှစ်နာရီ၊ ပြီးတော့ သုံးနာရီအထိ ကြာမြင့်သွားသည်။

ပစ်သည် စတားဘတ်ခ်နှင့် သက်ဆိုင်နေသောအချက်များကို လေ့လာရင်း ကိုယ့်ကိုယ်ကိုယ် အလုပ်ရှုပ်အောင် လုပ်နေစဉ် ဗိုလန်ကလည်း မာသာအန်းသည် ကံကောင်းထောက်မပြီး စတားဘတ်ခ်ကို တွေ့ရှိလာပါက စတားဘတ်ခ်အား ဆယ်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စိတ်ဝင်စားစွာနှင့် လေ့လာနေသည်။

ညနေ လေးနာရီခွဲရှိလေပြီ။

ကုန်းပတ်ပေါ်ရှိ သင်္ဘောသားများနှင့် အင်ဂျင်စက်ခန်းထဲမှ သင်္ဘောသားများ ပြောနေကြသော အပျင်းပြေစကားများသည် တစ်စတစ်စနှင့် မိန်းကလေးများနှင့် တဏှာရာဂအကြောင်းဘက်သို့ ရောက်ရှိသွားတော့သည်။ ရှာဖွေထောက်လှမ်းရေး အခန်းထဲတွင် ရှိနေသော သင်္ဘောသားများကသာလျှင် ၎င်းတို့၏ စက်ကိရိယာများကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေကြသည်။

မကြာမကြာ ကြားရတတ်သည့် 'အောက်ခြေ မြင့်တက်လာနေဆဲ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော စတန်လီ၏အသံကသာ ထိုသင်္ဘော၏ သာမန်အနေအထားကို ဖော်ပြနေလေသည်။

ညနေငါးနာရီတွင် စတန်လီ၏အသံသည် စပီကာထဲမှ ရုတ်တရက် ပေါ်ထွက်လာတော့သည်။

"လွန်ခဲ့တဲ့ မိုင်ဝက်အတွင်းမှာ အောက်ခြေမြေပြင် ပေ (၉၀၀) အထိ မြင့်တက်လာခဲ့တယ်"

ပစ်က ဗိုလန်အား လှမ်းကြည့်လိုက်ရာ ဗိုလန်ကလည်း ပြန်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်သည် စကားတစ်ခွန်းမျှ မပြောဘဲ ခုန်ထလိုက်ကြပြီးနောက် ရှာဖွေထောက်လှမ်းရေးခန်းသို့ ကမန်းကတန်း သွားကြတော့သည်။

စတန်လီသည် မြေပုံစားပွဲပေါ်တွင် ကိုယ်ကိုငုံ့ရင်း ရေးမှတ်နေသည်။

"မယုံကြည်နိုင်စရာကြီးဘဲ မာလိန်မှူးရေ၊ ဒီလို ကိစ္စမျိုးကို ကျွန်တော်တော့ တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်တော်တို့တစ်တွေဟာ ကမ်းမမြင် လမ်းမမြင် ရေလယ်ကောင်ကို ရောက်နေကြတယ်။ ဒါပေမယ့် သမုဒ္ဒရာ အောက်ခြေကြမ်းပြင်က အပေါ်ကို မြင့်တက်လာတာ ခုဆိုရင် ရေပြင်နဲ့ ပေ (၁၂၀၀) ပဲ ကွာတော့တယ်။ ဒါပေမယ့် မြင့်တက်လာနေတုန်းပဲ"

ပစ်က ပြောလိုက်၏။

"ဒါဆိုရင် တော်တော် မတ်စောက်တဲ့ မြင့်တက်နှုန်းပဲ"

ဗိုလန်က ထင်မြင်ချက်ပေးလိုက်သည်။

"ဟာဝေယံကျွန်း ဆင်ခြေလျှောရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ကျုပ်တို့ မြောက်ဘက်ကို သိပ်ပြီး ရောက်လွန်းနေတယ်။ ဒီနှစ်ခု အကြားမှာ ဆက်စပ်မှု ရှိ မရှိ ဆိုတာ သံသယဖြစ်စရာပဲ။ ဒီနေရာက သီးသီးခြားခြား ရှိနေတာပါ"

စတန်လီက ခပ်ကျယ်ကျယ် ပြောလိုက်ပြန်၏။

"ပေ တစ်ထောင့်တစ်ရာ"

"ဘုရားသခင် ကယ်တော်မူပါ။ နှစ်ပေရှိတိုင်း တစ်ပေ မြင့်တက်လာနေပါကလား"

ပစ်က ခပ်တိုးတိုးလေး ပြောလိုက်သည်။

ဗိုလန်ကလည်း လေသံကလေးနှင့် ပြောလိုက်၏။

"သိပ်မကြာခင် အောက်ခြေက မျက်နှာပြင် ညီမလာရင် ကျုပ်တို့ သောင်တင်ကြလိမ့်မယ်"

သူက ချာခနဲ လှည့်ပြီး စတန်လီနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ကွန်ပျူတာနဲ့ အဆက်ဖြတ်လိုက်၊ ရိုးရိုးပဲ ဆက်မောင်းပေ"

စတန်လီ ပြန်၍ အဖြေပေးရန် အချိန်ငါးစက္ကန့်သာ ကြာပါသည်။





"ရိုးရိုးပဲ မောင်းနှင်နေပါပြီ ဆရာ"

ဗိုလန်က အင်တာကွန်မိုက်ခွက်ကို ကောက်ကိုင်လိုက်၏။

"ပွဲစင်လား၊ ဗိုလန် စကားပြောနေတယ်။ ရှေ့ဘက် ကိုက်ရှစ်ရာမှာ ဘာမြင်ရသလဲ"

စပီကာထဲမှ အသံ ပြန်ပေါ်လာသည်။

"ဘာမှ မမြင်ရဘူး ဆရာ၊ မိုးကုပ်စက်ဝိုင်းမှာ ဘာမှ မရှိပါဘူး"

"ဖြူဖွေးနေတဲ့ ပင်လယ်ရေကို မြင်ရသလား"

"ဘာမှ မတွေ့ရပါဘူး ကွန်မင်ဒါ"

ပစ်က ဗိုလန်အား မော့ကြည့်လိုက်၏။

"သူ့ကို ပင်လယ်ရေအရောင်အကြောင်း မေးကြည့်စမ်းပါ"

"ပွဲစင်၊ ပင်လယ်ရေ အရောင်ပြောင်းသွားသလား"

ပွဲစင်က ပြန်မဖြေခင် အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

"ဘယ်ဘက် ရှေ့အလွန် ကိုက်ငါးရာလောက်မှာ အစိမ်းရောင်ဘက်ကို ပြောင်းလဲနေပါတယ် ဆရာ"

"ပေရှစ်ရာ ဆက်ပြီး မြင့်တက်နေတုန်းပဲ"

စတန်လီက ပြောလိုက်၏။

ပစ်က ပြောလိုက်သည်။

"ဇာတ်လမ်းကတော့ တဖြည်းဖြည်းနဲ့ ပိုရှုပ်လာပြီ။ ကုန်းမြေထိပ်ဟာ ပင်လယ်ရေပြင်နဲ့ ပိုပြီး နီးလာလေလေ ရေအရောင်ဟာ အပြာနုရောင် ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ အစိမ်းရောင် ဆိုတာက ရေအောက်မှာ သစ်ပင်တွေ ပေါက်နေတယ်ဆိုတဲ့သဘောကို ပြတယ်။ ဒီနေရာက ပင်လယ်ထဲမှာ သစ်ပင်တွေ ပေါက်နေတယ် ဆိုတာ တော်တော် ထူးခြားတာပဲ"

"ထုထည်ရှိတဲ့ ပစ္စည်းတွေနဲ့ တွေ့နေရပြီလို့ မက်ဂနက်တိုမီတာမှာ လာပေါ်နေတယ်"

စက်ခလုတ်ခုံတစ်ခုတွင် ရှိနေသော ရွှေရောင်ဆံပင် ကောက်ကောက်နှင့် ပုဂ္ဂိုလ်က ပြောလိုက်၏။

"ဘယ်မှာလဲ"

ဗိုလန်က ပြန်မေးလိုက်သည်။

"ကိုက်နှစ်ရာအညွှန်း ၂၈၀ ဒီဂရီ"

"ဒါဆိုရင် အကြောင်းထူးလာနိုင်စရာ ရှိတယ်"

ဗိုလန်က ဝမ်းသာအားရ ပြောလိုက်၏။

"ကိုက်သုံးရာ ဝေးတဲ့နေရာမှာ ဒုတိယအကြိမ် တွေ့ရပြန်ပြီ။ အညွှန်း ၄၁၅ ဒီဂရီ၊ နောက်ထပ် နှစ်နေရာမှာ ထပ်တွေ့နေသေးတယ်။ ဘုရားသခင် ကယ်တော်မူပါ။ အဲဒါတွေက ကျွန်တော်တို့ရဲ့ ပတ်ပတ်လည်မှာ ရှိနေပါကလား"



www.burmeseclassic.com

www.burmeseclassic.com



ပစ်က ပြုံးပြုံးရယ်ရယ်နှင့် ပြောလိုက်သည်။

"ရတနာသိုက်နဲ့ တွေ့နေရသလိုပါပဲလားကွာ"

"အင်ဂျင် အားလုံးကို ရပ်"

ဗိုလန်က အင်တာကွန်ထဲသို့ ခပ်ကျယ်ကျယ်ကလေး အော်ပြောလိုက်၏။

"အောက်ခြေမှာရှိတဲ့ ကွန်တိုကို ကွန်ပျူတာက ထွက်တဲ့စာရွက်ပေါ်မှာ အသေးစိတ် တွေ့နေရပြီ"

စတန်လီက စိတ်လှုပ်ရှားစွာနှင့် ပြောလိုက်၏။

"ပေ လေးရာငါးဆယ်ရှိနေပေမယ့် ခုထက်ထိ မြင့်တက်လာနေတုန်းပဲ"

ပစ်သည် တီဗွီကင်မရာက ရိုက်ကူးပေးသမျှကို ပြန်လွှင့်ပေးသော ပြစက်များအား စိုက်ကြည့်လိုက်၏။

တယ်လီဗီးရှင်းကင်မရာများသည် ပေတစ်ရာအကွာအဝေးအထိသာ ရိုက်ကူးနိုင်စွမ်းရှိကြသဖြင့် ပုံရိပ်ထင်ဖန်သားမျက်နှာပြင်ပေါ်၌ မည်သည့်အရာဝတ္ထုကိုမျှ မတွေ့မမြင်ရသေးပါ။

ပစ်သည် တင်ပါးပေါ်ရှိ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူ၍ မျက်နှာနှင့် ဇက်ပိုးအား ချွေးသုတ်လိုက်၏။

သူ အဘယ်ကြောင့် ချွေးထွက်နေရသနည်းဟု တွေးကြည့်နေမိသည်။ ရှာဖွေထောက်လှမ်းရေးအခန်းထဲတွင် ဥတုသမစက် တပ်ဆင်ထားသည်။ သူသည် ယခုအချိန်တွင် စိုထိုင်းနေသော လက်ကိုင်ပဝါကို အိတ်ထဲသို့ ပေါ့ပေါ့ဆဆ ပြန်ထည့်လိုက်ပြီးနောက် တယ်လီဗီးရှင်းပြစက်များအား ပြန်စိုက်ကြည့်လိုက်၏။

ဗိုလန်၏လက်ထဲ၌ မိုက်ကရိုဖုန်း ရှိနေဆဲပင်။ သူက မိုက်ကရိုဖုန်းကို ပါးစပ်နှင့်တေ့လိုက်ရာ ပစ်သည် သင်္ဘောတစ်စီးလုံးတွင် ပဲ့တင်ထပ်၍ သွားသော ဗိုလန်၏အသံကို ကြားလိုက်လေသည်။

"အခု ပြောနေတာ ဗိုလန်၊ ငါတို့ ပထမတစ်ခေါက်မှာတင် ရှာတွေ့ကြရပြီ။ ငါတို့ တွေ့ရှိနေတဲ့ အချက်အလက်တွေအရ တို့တစ်တွေဟာ ဟာဝေယံဝဲကတော့ပေါ် ရောက်နေကြပြီ။ ငါက လူတိုင်းလူတိုင်း နိုးနိုးကြားကြား ရှိစေချင်တယ်။ ငါတို့အတွက် ဒီနေရာမှာ အန္တရာယ်ရှိတဲ့ ပုံစံမျိုး မပေါ်ပေါက်သေးပေမယ့် ငါက အငိုက်မိသွားတာမျိုးကိုတော့ မလိုလားဘူး။ မင်းတို့ စိတ်ဝင်စားစရာ အချက်တစ်ချက်ကတော့ ဒီနေရာကို ဘေးမသီရန်မခဘဲ ရောက်လာတဲ့ သင်္ဘောတွေထဲမှာ တို့သင်္ဘောဟာ ပထမဦးဆုံး မှတ်တမ်းဝင်သင်္ဘောပဲ"

ပစ်သည် တယ်လီဗီးရှင်းပြစက်မှ မျက်စိကို မခွာဘဲ စိုက်ကြည့်နေသည်။

မာသာအန်းသည် အရှိန်နှင့် ရှေ့သို့ရွေ့လျားနေဆဲဖြစ်ရာ သင်္ဘော





အောက်ဘက်ရှိ သမုဒ္ဒရာကြမ်းပြင်ကို စ၍ မြင်ကြရလေပြီ၊

နေရောင်ခြည်သည် ပင်လယ်ရေနှင့် ထိတွေ့လိုက်သောအခါ အဝါရောင် အလင်းတန်းကလေးများ အဖြစ် အောက်ဘက်အထိ ကျဆင်းလာပြီး ကင်မရာရှေ့တွင် ခပ်ဖြည်းဖြည်း ရွေ့လျားနေသော မသဲမကွဲမြင်နေရသည့် ရောင်စုံကော်ဇောကြီးတစ်ချပ်ပမာ ဝိုးတိုးဝါးတား ဖြစ်နေသည်။

ပင်လယ် ရေအောက်မှ ငါးတစ်ကောင်သည် ပင်လယ်ရေထဲတွင် မလှုပ်မယှက် ရပ်တန့်နေပြီးနောက် ကြီးမားသောသင်္ဘောကိုယ်ထည်၏ အရိပ်မည်းကြီးကို သက်မကင်းဖြစ်ဟန်နှင့် လှမ်းကြည့်ရင်း ကင်မရာမှန်ဘီလူးပေါ်မှ ကျော်ဖြတ်၍ ကူးခတ်သွားတော့သည်။

ဗိုလန်သည် မက်ဂနက်တိုမီတာရှေ့တွင် ထိုင်နေသော ပုဂ္ဂိုလ်၏ ပခုံးကို လက်နှင့် ကိုင်ထားသည်။

"ငါတို့က အပျက်အစီးတစ်ခုပေါ်ကို ရောက်လာတဲ့အခါမှာ နောက်တစ်ခုက ဘယ်နေရာမှာ ရှိသလဲ ဆိုတာကို ရှုတ်ပြလိုက်စမ်းပါ"

ဗိုလန်က စတန်လီဘက်သို့ လှမ်းကြည့်လိုက်ပြန်၏။

"အတတ်နိုင်ဆုံး ခပ်ဖြည်းဖြည်းပဲ မောင်းပါလို့ အင်ဂျင်စက်ခန်းက လက်ဖတင်နင် ဟာပါထံကို အကြောင်းကြားလိုက်ပါ"

ရှာဖွေထောက်လှမ်းရေးအခန်းထဲတွင် စိတ်လှုပ်ရှားမှုက အားလုံးကို ဖမ်းစားထားသည်။

နှစ်မိနစ် ကုန်လွန်ခဲ့လေပြီ။

နှစ်နာရီခန့်ကြာသော နှစ်မိနစ်ပင်တည်း။

သမုဒ္ဒရာကြမ်းပြင်ကို တယ်လီဗီးရှင်းပြစက်ပေါ်တွင် ထင်ထင်ရှားရှား မြင်နေရလေပြီ။

သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် အပင်ငယ်ကလေးများ မရှိဘဲ လကမ္ဘာပေါ်မှ ရှုမျှော်ခင်းကဲ့သို့ လုံးဝ ရှင်းနေရမည် ဖြစ်သော်လည်း ထူးထူးခြားခြား စိမ်းစိမ်းစိုစိုနှင့် သန်သန်စွမ်းစွမ်း ရှိနေကြသည်။ ဤနေရာတွင် သန္တာကျောက်တန်းများကို တွေ့ရခြင်းမရှိဘဲ ပင်လယ်ကျောက်ပွင့်များနှင့် မညီမညာဖြစ်နေသော ကျောက်သဲဆန်သည့်မြေပြင်ပေါ်တွင် တွယ်ကပ်ပေါက်နေကြသော ပင်လယ်ရေမှော်ပင်များကိုသာ တွေ့နေရသည်။

ပစ် စိတ်ဝင်စားသွားသည်။

သူသည် ရေအောက်သို့ နစ်မြုပ်နေသော အရှေ့တိုင်းမှ ဥယျာဉ်ကြီးတစ်ခုမှာ ပြုပြင်ပေးမည့်သူမရှိဘဲ ကြီးချင်တိုင်းကြီး၊ ထွားချင်တိုင်းထွားနေသောအပင်မျိုးစုံကို လေ့လာကြည့်ရှုနေသကဲ့သို့ ဖြစ်နေသည်။

ပဲ့တင်သံကိရိယာကို ကိုင်တွယ်နေသော အသက်ငယ်ငယ် ဆံရှည်ကိုယ်တော်ကလေးက စိတ်လှုပ်ရှားမှုပါသောလေသံနှင့် ပြောလိုက်၏။

"အပျက်အစီးတစ်ခုပေါ်ကို ရောက်လာပြီ ကွန်မန်ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကွန်ပျူတာနဲ့ စစ်ဆေးလို့ရအောင် အဆင်သင့်ပြင်"

ပစ်က မေးလိုက်၏။

"မှတ်တမ်းအတွက်လား"

ဝိုလန်က ဖြေသည်။

"ဘာသင်္ဘောလဲ ဆိုတာ ခွဲခြားပြီး စိစစ်ဖို့လေ။ ကွန်ပျူတာရဲ့ဦးနှောက်ထဲမှာ ပျောက်နေတဲ့ သင်္ဘောတွေရဲ့ အချက်အလက် အားလုံးကို ထည့်သွင်းထားတယ်။ ကျုပ်တို့က အခု သိလာရတဲ့ အချက်အလက်တွေကို ကွန်ပျူတာထဲမှာရှိတဲ့ အချက်အလက်တွေနဲ့ နှိုင်းယှဉ်ကြည့်ကြမယ်။ ကျုပ်တို့က ပင်လယ်သမုဒ္ဒရာကြီးကို ချောမော့ပြီး သူ့လျှို့ဝှက်ချက်တွေကို ဖော်ထုတ်လို့ ရနိုင်ကောင်းပါရဲ့လေ"

စတန်လီက ပြောလိုက်သည်။

"ဟောဒီမှာ ရောက်လာပြီဗျို့"

မျက်လုံးသုံးစုံသည် တယ်လီဗီးရှင်းပြစက်ပေါ်တွင် စိုက်ကြည့်နေကြသည်။

ကြောက်စရာကောင်းသော မြင်ကွင်းပင်တည်း။

ထိုသင်္ဘောကြီးသည် ယိုယွင်းပျက်စီးနေပြီး ပင်လယ်အောက်ခြေမှ အပင်ငယ်ကလေးများက သင်္ဘောပျက်ကြီးပေါ်တွင် ထူထဲစွာ ဖုံးအုပ်နေသည်။ ရွက်တိုင်နှစ်တိုင်သည် ကိုးရိုးကားရားပုံစံနှင့် အပေါ်သို့ ထောင်နေသည်။ တစ်ခုတည်းသော ခေါင်းတိုင်သည် မပျက်မစီးဘဲ ကျန်ရစ်ခဲ့ပြီး ခေါင်းတိုင်တစ်ခုလုံး သံချေးတက်နေသည်။ တွန့်လိမ် ကောက်ကွေးနေသောသတ္တုမျိုးစုံသည် ကုန်းပတ်ပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် ရှိနေကြသည်။ ရှည်လျားသော အစိမ်းရောင်ကိုယ်လုံးကြီးနှင့် ကြီးမားသော ပင်လယ်ငါးရှဉ့်ကြီးတစ်ကောင်သည် သင်္ဘောပြတင်းပေါက် (အဝိုင်း) တစ်ခုထဲမှ အတင်း တွန့်လိမ် ကောက်ကွေး၍ ထွက်လာပြီး ကုန်းပတ်ပေါ်မှ အပေါက်တစ်ခုထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်ကို တယ်လီဗေးရှင်းပြစက်အား ကြည့်နေကြသူများသည် ညို့မြှူဖမ်းစားခံထားရသလို စိုက်ကြည့်နေမိခဲ့ကြသည်။

ဝိုလန်က တအံ့တသြ ပြောလိုက်၏။

"ဘုရားသခင် ကယ်တော်မူပါ။ အဲဒီအကောင်ကြီးက အနည်းဆုံး ဆယ်ပေလောက်တော့ ရှိလိမ့်မယ်"

ပစ်က ပြန်ပြောလိုက်၏။

"တယ်လီဗေးရှင်း မှန်ဘီလူးတွေရဲ့ ပုံကြီးချဲ့မှုကိုပါ ထည့်ပြီး တွက်မယ်ဆိုရင် ရှစ်ပေလောက်တော့ ရှိလိမ့်မယ်ထင်တယ်"

စတန်လီက ပြောလိုက်သည်။

"ကျွန်တော်က သွေးလေချောက်ချားပြီး အထင်အမြင်မှားနေတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါပေမယ့် သင်္ဘောကိုယ်ထည်ထဲမှာ လယ်





ကွင်းစက်တစ်စီးကို မြင်လိုက်ရသလိုလိုပဲ"

ကွန်ပျူတာထဲမှ စာရွက်ရှည်ရှည်များသည် ကွန်ပျူတာနံဘေးရှိ ခြင်းတောင်းထဲသို့ ခွေခေါက်ပြီး အထပ်လိုက်ကျလာသောကြောင့် သူတို့၏ စိတ်ဝင်စားမှုမှာ ပြတ်တောက်သွားရတော့သည်။

ကွန်ပျူတာ ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် စက်နှင့် လက်နှိပ်စက် ရိုက်နှိပ်ပြီးသားဖြစ်နေသော စာရွက်ရှည်ကြီးကို ဝိုလန်က ဖြတ်ယူလိုက်ပြီးနောက် စတင်၍ ဖတ်ရှုတော့သည်။

*အရွယ်အစားကို ကြည့်ရခြင်းဖြင့် ထိုသင်္ဘောသည် လိုက်ဗေးရီးယန်းတွင် မှတ်ပုံတင်ထားသော (၅၁၃၅) တန် ရှိသည့် ကုန်တင်သင်္ဘော အိုးရှင်းနစ်စတား ဖြစ်နိုင်သည်။ တင်ဆောင်သွားသော ကုန်တင်ပစ္စည်းများ၊ ရော်ဘာနှင့် လယ်ယာသုံး စက်ကိရိယာများ ပျောက်ဆုံးသည်ဟု တိုင်ကြားသော ရက်စွဲ ၁၉၄၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်။*

ရှာဖွေထောက်လှမ်းရေးခန်းထဲ၌ ရှိနေသူ အားလုံးသည် မိမိတို့ဆောင်ရွက်နေကြသောလုပ်ငန်းများကို ရပ်တန့်ပစ်လိုက်ကြပြီးနောက် တွန့်မင်ဒါ ဝိုလန်၏လက်ထဲ၌ ရှိနေသောစာရွက်ကို ငေးကြည့်နေကြသည်။

မည်သူမျှ စကားမပြောကြပါ။

ပြောရန်လည်း မလိုပါ။

သူတို့၏ ဦးနှောက်ထဲတွင် ကိစ္စတစ်မျိုးတည်းကိုသာ တွေးနေမိကြသည်။

သူတို့သည် ဟာဝေယံဝဲကတော့၏ ပထမယဇ်ကောင်ကို ရှာဖွေ ...ခဲ့တွေ့ရှိကြလေပြီ။

ပထမဦးဆုံး စတင် လှုပ်ရှားလာသူမှာ ဝိုလန်ပင် ဖြစ်သည်၊ ဆိုတာကို သူသည် မိုက်ကရိုဖုန်းကို ချိတ်ထားသော ချိတ်ကလေးက်စိနှစ်လုံး ဆွဲယူလိုက်၏။

"ရေဒီယိုခန်း၊ အခုပြောနေတာ ဝိုလန်၊ ကုန်သွယ်ရေကြောင်း ဖရီဘွင်စီကို ရွှေ့လိုက်ပါ။ သင်္ကေတအမှတ် (၁၆) နဲ့ သတင်းပို့ပါ"

ပစ်က ပြောလိုက်၏။

"ခုလို သတင်းပို့တာ နည်းနည်းတော့ စောလွန်းမနေဘူးလား။ ကျုပ်တို့က စတားဘတ်ခ်ကို တွေ့မှ မတွေ့သေးတာ"

"မှန်ပါတယ်"

ဝိုလန်က ခပ်တိုတို ဖြေလိုက်သည်။

"ကျုပ်က လုပ်သင့်တာထက် ပိုလုပ်လိုက်တယ်။ ဒါပေမယ့် ... အပ်လာရင် ကျုပ်တို့ရှိတဲ့နေရာကို ဗိုလ်ချုပ်ကြီး သိစေချင်တယ်"

"ပြဿနာဖြစ်လာလိမ့်မယ်လို့ ထင်ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သက်သက်မဲ့ စွန့်စားတာမျိုးကတော့ အဓိပ္ပာယ်မရှိပါဘူးဗျာ"

အသံလှိုင်းကိရိယာကို ကိုယ်တွယ်ရသောပုဂ္ဂိုလ်က သတင်းပို့လိုက်၏၊

"အညွှန်း (၂၈၇) ဒီဂရီမှာ နောက်တစ်စီး ထပ်တွေ့နေပြန်ပြီ"

သူတို့အားလုံးသည် တယ်လီဗေးရှင်းမြစက်ပေါ်၌ မီးသင်္ဘောတစ်စီး၏ စောင်းနေသောကုန်းပတ် ပေါ်လာသည်အထိ စောင့်ကြည့်နေကြသည်၊

ထိုသင်္ဘောသည် ဖင်ထောင်၍ နစ်မြုပ်နေခြင်းဖြစ်ပြီး ဦးပိုင်းသည် ပင်လယ်အောက်ခြေထဲတွင် နစ်မြုပ်နေသည်။

တယ်လီဗေးရှင်း ကင်မရာသည် ကြီးမားသောမီးခိုးခေါင်းတိုင်ကြီးပေါ်မှ ကျော်ဖြတ်သွားရာ သင်္ဘော၏ မည်းမှောင်နေသော အတွင်းပိုင်းကို လှေ့လာခွင့်ရလိုက်ကြသည်။ သင်္ဘော၏အလယ်ပိုင်းတွင် ပိုက်လုံးများ၊ ပိုက်ခေါင်းများ ရှုပ်ယှက်ခတ်နေအောင် တည်ရှိနေသော်လည်း ထိုနေရာတွင် ဟာလာဟင်းလင်း ဖြစ်နေသည်။ သင်္ဘော၏ ပဲ့ပိုင်းတွင်သာ အထပ်ပေါင်းများစွာမြင့်သော အဆောက်အအုံတစ်ခု ရှိနေသည်။

ဗိုလန်သည် ကွန်ပျူတာက ပို့လိုက်သောသတင်းကို ဖတ်ပြလိုက်ပြန်၏။

> ဂျပန်ရေနံတင်သင်္ဘော အစ်ရှိယိုမာရူး၊ (၈၁၀၆) တန်၊ သင်္ဘောသားအားလုံးနှင့်အတူ ပျောက်ဆုံးသွားသည်ဟု သတင်းပို့သောနေ့ ၁၄၊ ၉၊ ၁၉၆၄။

စတန်လီက တိုးတိုးကလေး ပြောလိုက်၏။

"အို - ဘုရားသခင်၊ ဒီနေရာဟာ တကယ့် ရေသင်္ချိုင်းကြီးပါ ငါးရွှဲ့ပြည့်ဗျာ။ ကျွန်တော်ကတော့ အုတ်ဂူတွေကို လိုက်တူးနေတဲ့လူလို့ အတင်း ဒိုယ်ကိုယ် ထင်လာပြီ"

တစ်ခုထဲ နောက်ထပ် တစ်နာရီအတွင်းတွင် ပျက်စီးယိုယွင်းပြီး အသက်ကင်းမဲ့နေသော သင်္ဘောပျက်ခြောက်စီးကို ထပ်တွေ့ကြရသည်။

ကုန်သင်္ဘောလေးစီး၊ နှစ်ပင်တိုင်သင်္ဘောကြီးတစ်စီးနှင့် သမုဒ္ဒရာထဲတွင် သွားလာလှေ့ရှိသော ငါးဖမ်းသင်္ဘောတစ်စီးတို့ပင်တည်း။

ရှာဖွေထောက်လှမ်းရေးခန်းထဲတွင် သင်္ဘောတစ်စီးကို ရှာတွေ့ပြီး ထိုသင်္ဘောသည် မည်သည့်သင်္ဘော ဖြစ်ကြောင်း ခွဲခြား၍ သိရှိရသည်နှင့် တစ်ပြိုင်နက် ဝန်ထမ်းများသည် ပို၍ ပို၍ တထိတ်ထိတ် ဖြစ်လာကြသည်။

အသံလှိုင်းကိရိယာ ကိုင်တွယ်ရသောဝန်ထမ်းသည် သူ၏နားကြပ်များကို နားရွက်ပေါ်တွင် တင်းကျပ်စွာ ဖိထားရင်း စက်ခလုတ်ကို မယုံကြည်နိုင်ဟန်နှင့် ပြန်ကြည့်နေသည်။

သူက အသံတုန်တုန်ယင်ယင်နှင့် ပြောလိုက်၏။





"အညွှန်း ဒီဂရီ (၁၉၀) မှာ ရေငုပ်သင်္ဘောတစ်စီးကို ရှာတွေ့ထားပြီ"

"သေချာရဲ့လားကွ"

ဗိုလန်က ထပ်မေးလိုက်၏။

"သေချာပါတယ် ခင်ဗျာ၊ ကျွန်တော် အရင်လည်း ရေငုပ်သင်္ဘောတွေကို ရှာတွေ့ခဲ့ဖူးပါတယ်။ ဒီသင်္ဘောကတော့ ပိုပြီး ကြီးတယ် ခင်ဗျ"

ဗိုလန်က မိုက်ခွက်ကို ကိုင်လိုက်သည်။

"ပဲ့စင်လား၊ ငါ ပြောလိုက်တဲ့အခါကျရင် အင်ဂျင်စက်အားလုံးကို ရပ်ပြီး ကျောက်ဆူးကို ခပ်မြန်မြန်ချ၊ ငါ ပြောတာကို နားလည်ရဲ့လား"

"နားလည်ပါတယ် ခင်ဗျာ"

"အနက်ပေ ဘယ်လောက်လဲ"

ပစ်က မေးလိုက်၏။

ဗိုလန်က ခေါင်းညိတ်ပြီး 'အနက်ပေ ဘယ်လောက်လဲ' ဟု ထပ်မေးလိုက်သည်။

"ပေ တစ်ရာ့ရှစ်ဆယ်"

တစ်ယောက်စိတ်ကူးကို တစ်ယောက် သိနေကြသော ပစ်နှင့် ဗိုလန်သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်၏။

ပစ်က လှမ်းမေးလိုက်သည်။

"ဒီ လျှို့ဝှက်ဆန်းကြယ်မှုကြီးက ပိုပိုပြီး ဆန်းကြယ်လာတယ်လို့ ဆိုရလေမလားပဲ"

ဗိုလန်ကလည်း ခပ်ဖြည်းဖြည်း ပြန်ဖြေသည်။

"ဟုတ်ပါတယ်၊ တကယ်လို့ ဒုပရီရဲ့မှာတမ်းဟာ အတုကြီးလို့ ဆိုခဲ့ရင် အနက်ပေအမှန်ကို ဘာဖြစ်လို့ ထည့်ရေးထားရတာလဲ"

"ကျုပ်တို့ရဲ့ ဉာဏ်ကြီးရှင်ကြီးက အနက်ပေ (၁၈၀) ဆိုတာကို ဘယ်သူကမှ ယုံကြည်မယ် မထင်လို့ပေါ့။ ကျုပ်ကိုယ်တိုင် မျက်စိနှစ်လုံးနဲ့ မြင်နေရတာတောင် ယုံမှ မယုံနိုင်သေးတာဘဲ"

စတန်လီက ကြေညာလိုက်၏။

"အဲဒီ သင်္ဘောဟာ ကင်မရာရဲ့ ရိုက်ကွင်းထဲကို ရောက်လာပြီ၊ ကျုပ်တို့ ရေငုပ်သင်္ဘောတစ်စီးကို တွေ့နေရတယ်"

ရေငုပ်သင်္ဘော။

ခပ်ဖြည်းဖြည်း ရွေ့လျားနေသော မာသာအန်း၏ ကိုယ်ထည်အောက်မှ ကြီးမားသော အနက်ရောင်ပုံသဏ္ဌာန်ကြီးကို သူတို့က ငေးစိုက်ကြည့်နေကြသည်။

ပစ်အဖို့မူ သူသည် ရေချိုးဇလုံကြီးထဲမှ ပုံစံတူပြုလုပ်ထားသော ရေငုပ်သင်္ဘောအငယ်စားကလေးကို ကြည့်နေရသလို ဖြစ်နေသည်။

သို့သော် ထိုသင်္ဘောသည် ကစားစရာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အလွန် ကြီးမားသည်။ ထိုသင်္ဘော၏အရှည်သည် သမားရိုးကျ အကာအရံရေငုပ်သင်္ဘောတစ်စီး၏ နှစ်ဆ ရှိနေသည်။ သင်္ဘောဦးပိုင်းမှာ မြင်နေကျ လုံးဝိုင်းဝိုင်း ပုံသဏ္ဌာန်ထက် ပို၍ ချွန်သည်။ ကိုယ်ထည်မှာလည်း မြင်နေကျ ဆေးပြင်းလိပ်ပုံသဏ္ဌာန်အစား ပို၍ အချိုးအစား ကျနသောကိုယ်ထည်နှင့် အစားထိုးထားသည်။ ထို့အတူ အခြား ရေငုပ်သင်္ဘောများ၌ ပါလေ့ရှိသော ကျောက်ဆူးတောင်နှင့်တူသည့် ရေရွက်သည် ဤရေငုပ်သင်္ဘောတွင် မပါရှိတော့ချေ။ ထိုရေရွက်အစား အမြန် မောင်းနှင်ရာတွင် အနှောင့်အယှက် ဖြစ်စေပုံမရသော ခပ်ဝိုင်းဝိုင်း ခပ်လုံးလုံး အဖုကလေးတစ်ခုသာ ပါတော့သည်။ သင်္ဘောပဲ့ပိုင်းရှိ ပဲ့ရွက်များနှင့် သင်္ဘောကိုယ်ထည်အောက်ပိုင်းရှိ ကြေးဝါ ရေယက်ပန်ကာ နှစ်ခုသည်သာ ယခင် သင်္ဘောများနှင့် ထူးမခြားနား ဖြစ်သည်။

ရေငုပ်သင်္ဘောကြီးသည် ရေအောက်တွင် နေထိုင်သော သတ္တဝါကြီးတစ်ကောင် နေ့လယ်နေ့ခင်းတွင် အမောပြေ အပန်းဖြေ အိပ်စက်နေသည့်အလား ကျက်သရေရှိရှိ မြင်တွေ့နေရသည်။

ထိုသင်္ဘောကို မြင်တွေ့ရမည့်ပုံစံမှာ ဤကဲ့သို့သော ပုံစံမျိုး မဟုတ်ပါ။ ပစ်သည် ကြက်သီးတဖြန်းဖြန်း ထလာမိတော့သည်။

"မာကာကို ချလိုက်"

ဗိုလန်က ခပ်ဆတ်ဆတ် ပြောလိုက်၏။

ပစ်က ပြန်မေးလိုက်သည်။

"မာကာ ဟုတ်လား"

"ဖရီကွင်စီ ခပ်နိမ့်နိမ့်နဲ့ အသံလွှင့်ပေးမယ့် အီလက်ထရွန်းနစ် အသံလွှင့်စက်ကလေးလေ"

ဗိုလန်က အဖြေပေးလိုက်သည်။

"လေမုန်တိုင်းကြောင့်ပဲဖြစ်ဖြစ်၊ တခြားကိစ္စတစ်ခုခုကြောင့်ပဲ ဖြစ်ဖြစ် ကျုပ်တို့ ဒီနေရာက မတတ်သာလို့ ခွာရတော့မယ်ဆိုရင် ကျုပ်တို့အတွက် မကြာမကြာ အသံလွှင့်ပေးနေမယ့် ရေစိမ်ခံ အသံလွှင့်စက်ကလေးတစ်လုံး ရေအောက်က သဲပြင်ပေါ်မှာ ကျန်ရစ်ခဲ့လိမ့်မယ်။ ဒီနေရာကို ကျုပ်တို့ ပြန်လာတဲ့အခါကျရင် အဲဒီနည်းနဲ့ ရှာရမယ့်နေရာကို တိတိကျကျ သိနိုင်တာပေါ့လေ"

"ကျွန်တော်တို့ သင်္ဘောရဲ့ဦးပိုင်းက သင်္ဘောပျက်မှုပါက လွန်လာခဲ့ပါပြီ ကွန်မင်ဒါ"

အသံလှိုင်း ကိရိယာကို ကိုင်တွယ်သောဝန်ထမ်းက သတင်းပို့လိုက်ခြင်း ဖြစ်၏။

"အင်ဂျင်စက် အားလုံးရပ်၊ ကျောက်ဆူးချတော့"

သူက ချာခနဲ လှည့်ပြီး ပစ်နှင့် ရင်ဆိုင်လိုက်၏။

"ခင်ဗျား သင်္ဘောပေါ်က နံပါတ်ကို မြင်လိုက်ရသလား"





ပစ်က ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"ကိုး . . . ရှစ် . . . ကိုး"

"အဲဒါ စတားဘတ်ခ်ပဲ"

ဗိုလန်က တရိုတသေ ပြောလိုက်၏။

"ကျုပ်ကတော့ အဲဒီသင်္ဘောကို ဒီတစ်သက်မှာ ပြန်မြင်ရတော့မှာ မဟုတ်ဘူးလို့ ထင်ထားခဲ့မိတာ"

မျက်နှာဖြူဖွေးသွားသော စတန်လီက ပြောလိုက်သည်။

"အဲဒီအထဲမှာ ပိတ်လှောင်ပြီး ဂူသွင်းခံရတဲ့ လူတွေအကြောင်း တွေးကြည့်ရုံနဲ့တင် အသားထဲက ယားကျိကျိ ဖြစ်လာပြီ"

"ဗိုက်ထဲက ယားကျိကျိ ဖြစ်လာတာကတော့ အမှန်ပဲကွာ"

ဗိုလန်က သဘောတူလိုက်သည်။

ပစ်က လေသံမှန်မှန်နှင့် ပြောလိုက်၏။

"ခင်ဗျား ဗိုက်ထဲက ယားကျိကျိ ဖြစ်လာတာကတင် ထူးခြားတာ မဟုတ်ပါဘူးဗျာ။ သေသေချာချာ ထပ်ကြည့်စမ်းပါဦး"

မာသာအန်းသည် ကျောက်ဆူးကြိုးပေါ်တွင် တဖြည်းဖြည်း လည်နေသည်ဖြစ်ရာ စတားဘတ်ခ်သည် တီဗီကင်မရာများ၏ ရိုက်ကွင်းထဲသို့ ရောက်ရှိလာသည်အထိ ဗိုလန်က စောင့်နေလိုက်သည်။

စတားဘတ်ခ်သည် မြင်ကွင်း၏အလယ်ဗဟိုသို့ ရောက်ရှိလာသောအခါ မှန်ဘီလူးများသည် အလိုလို သော့ခတ်ပြီးသား ဖြစ်သွားပြီး အနီးကပ်၍ လေ့လာနိုင်အောင် အလိုအလျောက် အနီးသို့ ဆွဲယူပြီး ရိုက်ကူးပေးကြတော့သည်။

ဗိုလန်က ပြောလိုက်၏။

"စတားဘတ်ခ်ဟာ ပင်လယ်အောက်ခြေက သဲပေါ်မှာ တကယ် ရောက်ရှိနေတာကိုး။ သင်္ဘောဦးပိုင်းဟာ ဒုပရီရဲ့မှာတမ်းထဲမှာ ဖော်ပြထားသလို သဲထဲမြုပ်မနေတာကလွဲရင် တခြား ထူးခြားတာကို ကျုပ်တော့ မတွေ့မိဘူး"

ပစ်က ပြောလိုက်၏။

"ခင်ဗျားက ရှားလော့ဟုမ်းမှ မဟုတ်ဘဲကိုး၊ ခုကိစ္စမှာ ဘာမှ မထူးခြားဘူးလို့ ခင်ဗျားက ပြောတာလား"

ဗိုလန်က ခပ်နွေးနွေး ပြေ့လိုက်သည်။

"ဦးပိုင်းမှာ ပျက်စီးသွားတာကို သိသိသာသာ မတွေ့ရဘူး။ ဒါပေမယ့် ဒီသင်္ဘောကို ဆယ်မယူခင်အထိ မသိနိုင်တဲ့ ဝမ်းဗိုက်ထဲမှာ ပေါက်နေတာမျိုးလည်း ဖြစ်နိုင်တယ်။ အဲဒါကလည်း သိပ်ပြီး မထူးဆန်းပါဘူးလေ"

"စတားဘတ်ခ်လောက်ကြီးတဲ့ သင်္ဘောကြီး နစ်သွားအောင် လုပ်ရမယ် ဆိုရင် တော်တော်ကြီးတဲ့ အပေါက်ကြီးဖြစ်အောင် လုပ်ရလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com


ပေ (၁၀၀၀) အနက်မှာ ဆိုရင် အက်ကြောင်းကလေးတစ်ခု ပေါ်လာရုံတင် မြုပ်သွားမှာပဲ။ ဒါပေမယ့် ရေပြင်ပေါ်မှာ ဆိုရင်တော့ အင်မတန်ကြီးတဲ့ အပေါက်ကြီးကိုတောင် ထိန်းထားနိုင်လိမ့်မယ်။ အဲဒါအပြင် ပေါက်ကွဲမှု ဖြစ်တယ် ဆိုရင် အပျက်အစီးအစအနတွေဟာ အဝေးကို လွင့်စဉ်သွားကြလိမ့်မယ်။ ဘယ်လောက် ပေါက်ကွဲမှုကမှ အပျက်အစီးတွေကို လွင့်စဉ်မသွားစေဘဲ သေသေသပ်သပ်ကလေး ဖြစ်အောင် ပေါက်ကွဲမှုပေးကြမှာ မဟုတ်ဘူး။ အခု ခင်ဗျား မြင်ရတဲ့အတိုင်း သဲပြင်ပေါ်မှာ မှုလီကလေးတစ်လုံးတောင် ရှိမနေဘူး။ အဲဒီမှာ နောက်မေးခွန်းတစ်ခုကို မေးစရာ ဖြစ်လာပြန်တယ်။

အဲဒီ သဲတွေက ဘယ်က ရောက်လာပြန်တာလဲ။ ကျုပ်တို့က သမုဒ္ဒရာကြမ်းပြင်ပေါ်က ကုန်းမြေမြင့်ကလေးကို မိုင်ပေါင်း များစွာကြာအောင် စစ်ဆေး ကြည့်ရှုခဲ့ကြတယ်။ ရေအောက်မှာ ပေါက်တဲ့ အပင်ငယ်ကလေးတွေနဲ့ ကျောက်ခဲတွေကလွဲရင် ဘာမှ မတွေ့ရဘူး။ ဒါပေမယ့် ခင်ဗျား ရေငုပ်သင်္ဘောက အသပ်ရပ်ဆုံး သဲကွက်ကလေးတစ်ခုပေါ်မှာ လာတင်နေတယ်လေ"

"တိုက်ဆိုင်မှုသက်သက်ပဲ ဖြစ်မှာပေါ့ဗျာ"

ဗိုလန်က ခေါင်းခါသည်။

"ဒူပရီက အသက်ငင်နေတဲ့ သူ့ရေငုပ်သင်္ဘောကို မိုင်ပေါင်းများစွာ ကျယ်ဝန်းတဲ့ ဒေသထဲက အနူးညံ့ဆုံးနေရာပေါ်မှာ ရွေးချယ်ပြီး တမင်ဆင်းလာခဲ့တာလို့ ဆိုချင်တာလား။ အဲဒီလိုလုပ်ဖို့ ဘယ်လွယ်ပါ့မလဲဗျာ။ ကဲ - ပိုပြီး ခက်ခဲတဲ့အပိုင်းကို ရောက်လာပြီ။ အဲဒီကိစ္စကတော့ မျက်စိနဲ့ ဒိဋ္ဌမျှ မြင်နေရပေမယ့် လွယ်လွယ်ကူကူနဲ့ ရှင်းလို့မရတဲ့ ကိစ္စပဲ"

ပစ်သည် တယ်လီဗီးရှင်း ဖန်သားမျက်နှာပြင်များကို အနားကပ်၍ ကြည့်လိုက်၏။

"နစ်မြုပ်သွားတဲ့ သင်္ဘောပျက်တွေဟာ အဏ္ဏဝါဇီဝဗေဒပညာရှင်တွေအတွက် တကယ် အသုံးဝင်တဲ့ ဓာတ်ခွဲခန်းကြီးတွေပဲ။ သင်္ဘောမြုပ်သွားတဲ့နေ့စွဲကိုသာ အတိအကျ သိရမယ်ဆိုရင် သင်္ဘောပျက်ပေါ်မှာ တွယ်ကပ်ပြီး ပေါက်လာကြမယ့် အပင်ငယ်ကလေးတွေရဲ့ ကြီးထွားနှုန်းကို ရှာဖွေပေးနိုင်ကြလိမ့်မယ်။ ကဲ - လွန်ခဲ့တဲ့ ခြောက်လက နစ်မြုပ်သွားပါတယ်ဆိုတဲ့ စတားဘတ်ခ်ရဲ့ ကိုယ်ထည်အပြင်ဘက်ကိုပဲ ကြည့်ဦးဗျာ။ အဲဒီသင်္ဘောကို ရေချလိုက်တဲ့အချိန်တုန်းကလို ပြောင်လက်ပြီး သန့်ရှင်းနေတယ်"

ရှာဖွေထောက်လှမ်းရေးအခန်းထဲတွင် ရှိနေသူတိုင်းသည် မိမိတို့တာဝန်ယူနေကြရသော စက်ကိရိယာများမှ မျက်နှာလွှဲလိုက်ကြပြီး တယ်လီဗေးရှင်း ဖန်သားမျက်နှာပြင်များကိုသာ ပြန်ကြည့်လိုက်ကြ၏။

ဗိုလန်နှင့် စတန်လီတို့ကမူ ထိုနေရာတွင် မတ်တတ်ရပ်ရင်း ပစ်ကိုသာ ပြန်ကြည့်နေကြသည်။ သူတို့ နှစ်ယောက်ကမူ ပစ် ပြောသည့်စကား မှန် မမှန် သိနိုင်အောင် တယ်လီဗီးရှင်းပြစက်ကို လှမ်းကြည့်ရန်ပင် မေ့နေလိုတော့ပါ။

ပစ်က ဆက်ပြောလိုက်၏။

"အပြင်ဘက်က မြင်ရတာကို အကဲခတ်ရမယ်ဆိုရင် စတားဘတ်ခ်ဟာ လွန်ခဲ့တဲ့ ရက် အနည်းငယ်ကမှ နစ်မြုပ်ခဲ့တယ်လို့ ထင်ရလိမ့်မယ်"

ဗိုလန်သည် သူ့နဖူးကို လက်နှင့် စိတ်ပျက်လက်ပျက် သုတ်ပြီး နောက်ပြောင်လိုက်၏။

"လာဗျာ၊ အပေါ်သွားပြီး လေကောင်းလေသန့်ထဲမှာ ဆွေးနွေးကြရအောင်"

ပဲ့စင်ပေါ်တွင် ဗိုလန်သည် ပဲ့စင်၏ ဘယ်ဘက်မှနေ၍ ပင်လယ်ပြင်ကြီးဘက်သို့ ငေးကြည့်နေသည်။

နှစ်နာရီအတွင်း နေဝင်တော့မည် ဖြစ်သလို လောလောဆယ်တွင် နေရောင်ခြည်သည် လှိုင်းလုံးကြီးများပေါ်သို့ ခပ်စွေစွေ ကျရောက်နေသဖြင့် ပြာလဲ့နေသော ပင်လယ်ရေအရောင်သည် ပို၍ ရင့်လာသယောင်ယောင် ထင်နေရသည်။

ဗိုလန်သည် ပင်ပန်းနေပုံရသည်။ ဗိုလန်၏ မျက်လုံးအစုံသည် လွန်ခဲ့သော နာရီအနည်းငယ်က ပင်ပန်းခဲ့ရမှုကို ထင်ဟပ်ပြနေသည်။ သူက စကားလုံးများကို ခပ်ဖြည်းဖြည်းနှင့် တစ်လုံးစီခြား၍ ပြောလိုက်၏။

"ကျုပ်တို့ကို ပေးလိုက်တဲ့အမိန့်က စတားဘတ်ခ်ကို ရှာဖို့၊ ဒီတော့ ကျုပ်တို့လုပ်ဖို့ ကိစ္စရဲ့ ပထမအဆင့်ကို ဆောင်ရွက် ပြီးစီးခဲ့ပြီ။ ဒီတော့ သူ့ကို ရေပြင်ပေါ် ရောက်အောင် ဆယ်ဖို့ကိစ္စပဲ ကျန်တော့တယ်။ ဒီတော့ ခင်ဗျားက ဟိုနိုလူလူကို ပြန်ပြီး သင်္ဘောဆယ်မယ့်အဖွဲ့ကို သွားခေါ်ပေးစေချင်တယ်"

ပစ်က ခပ်အေးအေး ပြန်ပြောသည်။

"အဲဒီလို မလုပ်သင့်ဘူးလို့ ကျုပ် ထင်တယ်"

"သွေးပျက်အောင် ကြောက်စရာလန့်စရာ မလိုပါဘူးလေ။ မာသာအန်းပေါ်မှာ ဘယ်အရပ်ကပဲဖြစ်ဖြစ်၊ ဘယ်လောက်ကွာဝေးတဲ့နေရာကဖြစ်ဖြစ် ပေါ်ပေါက်လာမယ့် အန္တရာယ်ကို ထောက်လှမ်းနိုင်မယ့် ပစ္စည်းကိရိယာတွေ ပြည့်ပြည့်စုံစုံ ပါပါတယ်"

ပစ်က ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့ဆီမှာ လက်နက် မပါဘူး။ လက်နက်မပါခဲ့ရင် စုံစမ်းထောက်လှမ်းပြီး အန္တရာယ်ကို သိရတော့ကော ဘာအကျိုးကျေးဇူးရှိမှာလဲ။ ခင်ဗျားက ဝဲကတော့ရဲ့ ရေသချိုင်းကြီးကို ရှာတွေ့ချင် တွေ့မယ်။ ဒါပေမယ့် ဒီလို သင်္ဘောကြီးတွေ ပျက်အောင် ဘယ်သူက လုပ်နိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါမှမဟုတ် ဘာကြောင့် သင်္ဘောတွေ ပျက်နေရတယ် ဆိုတာကို ခင်ဗျား မသိနိုင်ပါဘူး"

ဗိုလန်ကလည်း ခေါင်းမာသည်။

"အဲဒီ လှုဘီလူးကြီးနဲ့ သူ့တပည့် သရဲတစ္ဆေတွေအုပ်စုဟာ ခုထိ ပေါ်မလာကြသေးဘူးဆိုရင် ပေါ်လာတော့မှာ မဟုတ်ပါဘူးလေ"

"ဒီမှာ ပေါလ်၊ ဒီသင်္ဘောနဲ့ ဒီသင်္ဘောပေါ်က သင်္ဘောသားတွေ အတွက် ခင်ဗျားမှာ တာဝန်ရှိတယ်လို့ ခင်ဗျားကိုယ်တိုင် ပြောခဲ့တယ်။ ကျုပ်ကသာ ရဟတ်ယာဉ်နဲ့ ပြန်ထွက်သွားရင် ခင်ဗျားတို့ရဲ့ လွတ်မြောက်ရေးလမ်းစဟာ တစ်ခါတည်း ပျောက်ကွယ်သွားတော့မှာပေါ့"

ဗိုလန်က ခပ်မှန်မှန်လေသံနှင့် ဖြေလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား စိတ်ကူးကို ပြောစမ်းပါဦး"

စိတ်မရှည်တော့သော ပစ်က ပြောလိုက်၏။

"အဲဒီအဖြေကို ခင်ဗျားလည်း ရိပ်မိနိုင်ပါတယ်ဗျာ။ ကျုပ်ကိုယ်တိုင် ရေငုပ်ပြီး ရေငုပ်သင်္ဘောကို စစ်ဆေးကြည့်ရမှာပေါ့။ စက်ပစ္စည်းတွေနဲ့ တယ်လီဗေးရှင်း ကင်မရာတွေကတော့ သင့်သလောက်ပဲ ဖော်ထုတ်ပေးနိုင်လိမ့်မယ်။ တကယ် ဆင်းပြီး ကိုယ်တိုင် မျက်စိနဲ့ စစ်ဆေးဖို့က ပိုပြီး အရေးကြီးတယ်ဗျ"

ဗိုလန်သည် ဝင်တော့မည့်ဆဲဆဲ နေကြီးအား အမှတ်မထင် လှမ်းကြည့်လိုက်၏။

"အချိန် သိပ်မရှိတော့ဘူး"

"ကျုပ်တို့အတွက် လေးဆယ့်ငါးမိနစ်လောက်ပဲ လိုမှာပါ"

"ကျုပ်တို့ ဟုတ်လား"

"ကျုပ်နဲ့ နောက်တစ်ယောက်လေ၊ အရင်က ရေငုပ်သင်္ဘောပေါ်မှာ လုပ်ခဲ့ဖူးသူတစ်ယောက်လောက် ခင်ဗျားဆီမှာ ရှိခဲ့ရင်ပေါ့လေ"

"ကျုပ်ရဲ့ ရေကြောင်းလမ်းပြအရာရှိ လက်ဖတင်နင် မတ်ချ်ဟာ အဏုမြူရေငုပ်သင်္ဘောမှာ လေးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ စကူဘာ*ဝတ်စုံနဲ့ ရေငုပ်တဲ့နေရာမှာလည်း ကျွမ်းကျင်တယ်"

"အဲဒီလူ မဆိုးဘူး။ သူ့ကိုပဲ ခေါ်သွားမယ်"

ဗိုလန်က ပစ်အား ခပ်တွေတွေကလေး စိုက်ကြည့်နေသည်။

"အဲဒါလည်း မနိုပ်သေးဘူး"

"ပြဿနာရှိလို့လား"

"ကျုပ်က ခင်ဗျားကို ရေထဲ သိပ်မလွှတ်ချင်ဘူး။ တစ်ခုခု ဖြစ်လာရင် ခင်ဗျားရဲ့ ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကျုပ်ကို ဘယ်ပြန်ညာပြန် တွယ်လိမ့်မယ်"

ပစ်က ပခုံးကို တွန့်လိုက်၏။

"ဖြစ်နိုင်စရာ မရှိပါဘူး"

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် တော်တော် အထင်ကြီးပုံရတယ်"

"ဘာဖြစ်လို့ အထင်မကြီးရမှာလဲ၊ လူသားတွေအတွက် အစွမ်းအထက်ဆုံး ရှာဖွေထောက်လှမ်းရေး ကိရိယာတွေက ကျုပ်ကို စောင့်ကြည့်နေကြမှာပဲ ဥစ္စာ။ ပြီးတော့လည်း စတားဘတ်ခ်ရဲ့ ဝန်းကျင်မှာ ဘာကိုမှ မတွေ့ရဘူး။ အဲဒီတော့ ဘယ်လိုလုပ်ပြီး အန္တရာယ်ရှိနိုင်မှာလဲ"

ဗိုလန်က သဘောတူလိုက်ရတော့သည်။

"ခင်ဗျားကို မတ်ချ်က ရေငုပ်ဝတ်စုံ ဝတ်တဲ့နေရာမှာ ကူညီဖို့ ကျုပ် လွှတ်လိုက်မယ်။ သင်္ဘောရဲ့ ညာဘက် အလယ်ကောင်၊ ရေမျက်နှာပြင်ရဲ့ အပေါ်နားလောက်မှာ ရေငုပ်တဲ့လူတွေဆင်းဖို့ အပေါက်တစ်ပေါက် ရှိတယ်။ မတ်ချ်က ခင်ဗျားကို အဲဒီ နေရာမှာ လာတွေ့လိမ့်မယ်။ ဒါပေမယ့် ရေငုပ်သင်္ဘောကို မျက်စိနဲ့ ကြည့်ရုံတင်ပဲ ဆိုတာကို သတိရပါဗျာ။ ခင်ဗျား ကြည့်ချင်တာကို မြင်ရပြီ ဆိုရင်တော့ ခင်ဗျား အပေါ်ကို ပြန်တက်ခဲ့ပါ"

ထို့နောက် ဗိုလန်သည် ချာခနဲ လှည့်ပြီး ပဲ့စင်ပေါ်မှ အဆောက်အအုံကလေးထဲသို့ ဝင်သွားလေတော့သည်။

ပစ်သည် မရယ်မိအောင် ကြိုးစား၍ ထိန်းရင်း ထိုနေရာတွင် ကျန်ရစ်ခဲ့သည်။ သူသည် အပြစ်ရှိသူပမာ ခံစားလိုက်ရသော်လည်း ထိုစိတ်ကို ပျောက်ကွယ်သွားအောင် ချက်ချင်း ဖျောက်ပစ်နိုင်ခဲ့သည်။

ပစ်က သူ့ကိုယ်သူ တိုးတိုးကလေး ပြောလိုက်၏။

"သနားစရာကောင်းတဲ့ ဗိုလန်ပဲ။ ကျုပ် ဘာလုပ်ဖို့ စိတ်ကူးနေတယ် ဆိုတာကို သူ နည်းနည်းကလေးမှ မရိပ်မိပါကလား"

⚓

* Scuba = Self-contained underwater

breathing apprains

ရေအောက်တွင် အသက်ရှူရန် ကိရိယာပါသော ရေငုပ်ဝတ်စုံ။







www.burmeseclassic.com

www.burmeseclassic.com



# (၉)

ထိတ်လန့်စရာလည်း ကောင်း၊ စိတ်လှုပ်ရှားစရာလည်း ကောင်းသော နစ်မြုပ်နေသည့်သင်္ဘောဆီသို့ ရေငုပ်ရသည့်အခါ မဖော်ပြတတ်သော ခံစားချက် တစ်မျိုး ဖြစ်ပေါ်လာလေ့ရှိသည်။

ရေငုပ်သူ၏နှလုံးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ခုန်လာသလို ရေငုပ်သူ၏ စိတ်သည်လည်း ချုပ်တည်းထားခြင်းငှာ မစွမ်းနိုင်သော ကြောက်စိတ်ကြောင့် ထုံကျဉ်လာသည်။

ပစ်သည် ယခင်က သင်္ဘောပျက်ကြီးများဆီသို့ ရေငုပ်ခဲ့ရစဉ်က ကြောက်စရာကောင်းသောခံစားမှုမျိုးကို ခံစားခဲ့ဖူးသော်လည်း ယခုအချိန်တွင် ပို၍ ထူးခြားနေသည်။

စတားဘတ်ခ်သည် သမုဒ္ဒရာကြမ်းပြင်ပေါ်၌ သဘာဝကျကျ လဲလျောင်းနေပုံရသည်။ ရေပြင်ပေါ်၌ ခုတ်မောင်းလေ့ရှိသော သင်္ဘောများသည် ရေအောက်၌ နေသားတကျ မဖြစ်နိုင်ကြသော်လည်း ရေငုပ်သင်္ဘောများအဖို့မူ ဇာတိဒေသပင် ဖြစ်နေတတ်ပေသည်။

ပစ်၏စိတ်ထဲတွင် စက္ကန့်မရွေး ပင်မလေထွက်ပေါက်များမှ မှုတ်ထုတ်လိုက်သော ရေပူပေါင်းကလေးများ တန်းစီ၍ ထွက်လာမည်ကိုလည်းကောင်း၊ ကြေးဝါနှင့် ပြုလုပ်ထားသော ကြီးမားသည့် ရေယက်ပန်ကာကြီးများသည် စတင်၍ လည်လာကြပြီးနောက် ရှည်လျား၍ မည်းနက်သောသင်္ဘောကြီးသည် အသက်ဝင် လှုပ်ရှားလာပြီး မောင်းထွက်သွားမည်ကို လည်းကောင်း ပစ်က မဝံ့မရဲနှင့် မျှော်လင့်ထားခဲ့သည်။

သူနှင့် မတ်ချ်သည် သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် ကပ်၍ ရေငုပ်သင်္ဘောနံဘေး တစ်လျှောက်တွင် ခပ်ဖြည်းဖြည်း ကူးခတ်သွားကြသည်။

စတားဘတ်ခ် ပတ်ပတ်လည်ရှိ သဲပြင်ပေါ်တွင် ကျူးနှင့်တူသည့် ထူးခြားသော မြောင်းတစ်မြောင်း ရှိနေသည်။

မတ်ချ်သည် နစ်ကိုနီ့ခ် ရေအောက်ကင်မရာတစ်လုံးကို ယူဆောင်လာပြီး တဖျပ်ဖျပ် ရိုက်ယူနေရာ စထရုတ် လျှပ်တစ်ပြက်မီးသည် အုံ့မှိုင်းနေသော တိမ်တိုက်ထဲတွင် လျှပ်စီးလက်နေသည့်အလား ပြိုးခနဲ ပြက်ခနဲ ဖြစ်နေသည်။

အားလုံး ငြိမ်သက်နေသည်။

ပစ်နှင့် မတ်ချ်တို့၏ အသက်ရှူကိရိယာမှ ပေါ်ထွက်လာသော လေပူပေါင်းကလေးများကသာ ငြိမ်သက်မှုကို ဖြိုခွင်းနေသည်။

တောက်တောက်ပြောင်ပြောင် ရှိလှသော ရောင်စုံငါးအုပ်တစ်အုပ်သည် အပေါ်သို့ တက်လာသော လေပူပေါင်းကလေးများ အကြားတွင် ကူးခတ်ရင်း သူတို့၏ သီးသီးသန့်သန့် နေထိုင်မှုကို လာရောက် ဖျက်ဆီးသော လူစိမ်းနှစ်ယောက်အား ဒေါသမထွက်ဘဲ ဝေဖန် အပြစ်တင်နေကြသည်။

အနက်နှင့်အဝါကျား ငါးလိပ်ကျောက်ကြီးတစ်ကောင်သည် စပ်စုသိုဟန်ဖြင့် ကိုယ်ကို ယိမ်း၍ လူးကာလွန့်ကာ ကူးခတ်ပြီး အနားသို့ ချဉ်းကပ်လာသည်။ အတောင်လေးဆယ်ခန့်ရှိသော ငါးအသေးစားလေးတစ်အုပ်သည် အမြီးများကို ကနေသလို ခပ်ဖြည်းဖြည်း လှုပ်ရှားရင်း ကူးခတ်သွားကြသည်။ ခြောက်ပေခန့် ရှည်လျားသော အညိုရောင် ငါးမန်းတစ်ကောင်သည် သူတို့အား လုံးဝ ဂရုမစိုက်ဟန်ဖြင့် သူတို့၏ကိုယ်ပေါ်မှ ကူးခတ်သွားသည်။

ပစ်သည် ပတ်ဝန်းကျင်တွင်ရှိသော ရှုမျှော်ခင်းအား အာရုံခံ၍ ကြည့်လိုသောစိတ်ကို ချိုးနှိမ်ပစ်လိုက်သည်။

ပြီးမြောက်အောင် လုပ်ဆောင်ရမည့်၊ အလုပ်တွေက များလွန်းပြီး အချိန်က သိပ်နည်းလွန်းနေသည်။

ပစ်သည် ညာဘက်လက်ထဲ၌ရှိသော ရှည်ရှည်လျားလျား ဒန်သတ္တုချောင်းကို လက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

ထိုပစ္စည်းကို နဂါးမင်းအစွယ်ဟု မတ်ချ်က ကင်ပွန်းတပ်ထားသည်။ ထိုပစ္စည်းမှာ ထိပ်ဘက်တွင် အပ်နှင့်တူသော ပြောင်းဝရှိသည့် သုံးပေရှည်သော ဒန်ပိုက်လုံး ဖြစ်သည်။ ပလတ်စတစ်ကောက်သူများသည် ပလတ်စတစ်အိတ်များကို ထိုးကော်၍ ယူလေ့ရှိသောစူးနှင့် တူသည်ဟု ပစ်က တွေးလိုက်မိသည်။ တကယ့်တကယ်ကမူ ထိုပစ္စည်းသည် ပင်လယ်ငါးမန်းအား သတ်ဖြတ်ရန် ထွင်ထားသော လက်နက်များထဲတွင် အထိရောက်ဆုံးလက်နက် ဖြစ်သည်။

မှိန်းလက်နက်များ၊ငါးမန်းကွင်းဆေးများ၊ အသံမြည်သောသေနတ်များ စသည်တို့သည် လူသားတို့က အလွန် မုန်းတီးသော ငါးမန်း
တစ်ခုသော အတိုင်းအတာအထိ အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သော်
ထိုလက်နက်များသည် နဂါးမင်း၏အစွယ်လက်နက်လောက်



www.burmeseclassic.com

www.burmeseclassic.com


မရေရာကြပါ။ စိတ်မချရပါ။

ပစ်သည် စီးပွားဖြစ် ထုတ်လုပ်ရောင်းချသော ငါးမန်းသတ်သည့် လက်နက်ကို မြင်ဖူးပါသည်။ ထိုလက်နက်သည် ရေတပ်မတော်က သုံးစွဲသော လက်နက်ထက် ပို၍ သေးငယ်ပြီး ပို၍ ထိရောက်မှု နည်းပါးသည်။ ဤလက်နက်သည် အခြေခံအရ သေနတ်တစ်လက် ဖြစ်သည်။ လက်နက်ပုံစံက ကြောက်စရာ မကောင်းသော်လည်း ငါးမန်းတစ်ကောင် အူနှင့် အသည်းများ ပြောင်းဆန်ပြီး ကလီစာများကို အပြင်ဘက် ရောက်လာအောင် လုပ်နိုင်စွမ်း ရှိပေသည်။

ငါးမန်းတစ်ကောင်သည် အနီးအနားသို့ ဘိပ်ကပ်လွန်းလာပါက ရေငုပ်သူသည် ကော်ပတ်လို ကြမ်းနေသော ငါးမန်း၏ အရေပြားထဲသို့ အပ်သဏ္ဌာန် ပြောင်းကလေးကို ထိုးစိုက်ပြီး ခလုတ်ကို ဆွဲလိုက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ရောက်ရှိသွားပေလိမ့်မည်။ ဤတွင် ခန္ဓာကိုယ်အတွင်းပိုင်းမှ အရေးကြီးသော အစိတ်အပိုင်းများအား ပေါက်ထွက်သွားစေမည် ဖြစ်သလို ထိုအစိတ်အပိုင်းများအား ဓာတ်ငွေ့ထည့်ထားသော ဘောလုံးကြီးများပမာ အဆမတန် ကြီးထွားလာစေမည် ဖြစ်သည်။ သို့သော် ထိုကိစ္စက ငါးမန်းအား သေအောင် သတ်နိုင်မည် မဟုတ်ပါ။ ထိုဓာတ်ငွေ့ကြောင့် ငါးမန်းသည် ရေပေါ်သို့ တက်လာမည် ဖြစ်ပြီး ထို့နောက် ရေထဲသို့ ပြန်၍ နစ်မြုပ်သွားမည် ဖြစ်သည်။

ငါးမန်းများတွင် အခြား အခြားသော ငါးများကဲ့သို့ ပါးဟက်များ မရှိကြပါ။ ငါးမန်းများသည် ရေပေါ်တွင် ပေါ်လောပေါ်၍ နေနိုင်စွမ်းမရှိပါ။ သူတို့သည် အောက်ဆီဂျင်ဓာတ်ငွေ့ကို ပါးစပ်မှတစ်ဆင့် ဖြတ်သန်းသွားစေပြီး ပါးဟက်ထဲမှ ပြန်ထုတ်ပစ်နိုင်အောင် စက္ကန့်မပြတ် လှုပ်ရှားနေရန် လိုအပ်ပေသည်။ ငါးမန်းများသည် လှုပ်လှုပ်ရှားရှား မနေပါက အောက်ဆီဂျင်ဓာတ်ကို ရလိမ့်မည် မဟုတ်။ ထို့ကြောင့် မလှုပ်ရှားနိုင်သော ထိုငါးမန်းသည် အနိစ္စသဘောနှင့် ကိစ္စချောသွားရပေလိမ့်မည်။

မတ်ချ်သည် ကင်မရာခလုတ်ကို နှိပ်လိုက်ပြီးနောက် ဖလင်ကို လိပ်လိုက်ပြီး နောက်တစ်ကြိမ် ထပ်၍ ရိုက်လိုက်ပြန်၏။ ထို့နောက် သူက ပစ်အား အပေါ်ဘက်သို့ လက်နှင့် ညွှန်ပြလိုက်၏။ သူတို့သည် အပေါ်ဘက် ကုန်းပတ်ပေါ်မှ ခပ်နွေးနွေး ကူးခတ်လာပြီးနောက် ဆက်သွယ်ရေးဘူးအား အပြင်သို့ ထုတ်လိုက်သော တံခါးပေါက် လေသွင်းကန်မှ အပေါက်များ၊ ဆိပ်ခံတံတားနှင့်တွဲ၍ ချည်နှောင်ထားသော သံလက်တန်းများ စသည်တို့ကို ကျော်ဖြတ်လာခဲ့ကြသည်။

ပစ်သည် မတ်ချ်၏မျက်နှာပေါ်မှ အမူအရာကို ရေကာမျက်နှာဖုံးမှတစ်ဆင့် မြင်နေရသည်။ မတ်ချ်၏မျက်လုံးပေါ်တွင် ကြောက်စိတ်များ အထင်းသားပေါ်နေသည်ကို တွေ့မြင်နေရသည်။ သူသည် ရေငုပ်သင်္ဘောထဲ၌ မည်သည့်ပစ္စည်းများ ရှိနေသည်ကို သိနေသောကြောင့် ရေအောက်သချိုင်းမှ ထွက်ပြေးချင်စိတ် ဖြစ်ပေါ်နေသည်မှာ သိသာ ထင်ရှားပါသည်။ မတ်ချ်က ကင်မရာကို မြှောက်ပြလိုက်ပြီးနောက် ရေမျက်နှာပြင်ဆီသို့ လက်နှင့် ညွှန်ပြလိုက်၏။ သူ့ထံတွင် ဖလင်ကုန်နေပြီ ဖြစ်သဖြင့် မာသာအန်းထံသို့ ပြန်လိုကြောင်း အချက်ပြနေခြင်းပင် ဖြစ်သည်။

ပစ်က ခေါင်းခါလိုက်၏။ ပစ်သည် ခါးတွင် ချိတ်ထားသော စတုဂံသဏ္ဌာန် သင်ပုန်းလေးတစ်ချပ်ကို မြှောက်ကိုင်လိုက်ပြီး ခဲတံနှင့် စာလုံးနှစ်လုံးကို ရေးပြလိုက်၏။

*အရေးပေါ်ထွက်ပေါက်*

မတ်ချ်သည် စာရေးထားသောသင်ပုန်းကို စိုက်ကြည့်နေပြီးနောက် လက်ကောက်ဝတ်ပေါ်တွင်ရှိသော ရေအောက်နာရီကို လက်ညှိုးထိုးပြလိုက်၏။

ပစ်က နားလည်ကြောင်း ပြန်အဖြေပေးရန်မလိုပါ။ သူတို့အတွက် အသက်ရှူရန် လေသည် မိနစ် (၂၀) စာသာ ရှိတော့ကြောင်း သူ သိပြီးသား ဖြစ်သည်။

ပစ်က သင်ပုန်းကို နောက်တစ်ကြိမ် ထပ်မြှောက်ပြလိုက်ပြီးနောက် မတ်ချ်၏လက်မောင်းထဲသို့ လက်သည်းများ စူးဝင်သွားသည်အထိ ခပ်နာနာကလေး ဖျစ်ညှစ်လိုက်သည်။

ရေအောက်မျက်နှာဖုံး အကွယ်မှ မတ်ချ်၏ မျက်လုံးများသည် ပြူးကျယ်သွားကြသည်။ မတ်ချ်သည် သူတို့အား တယ်လီပေးရှင်း ကင်မရာများက ရိုက်ကူးနေသည်ကို သိလျက်ပင် မာသာအန်း၏ အရိပ်မည်းကြီးဆီသို့ မော့ကြည့်လိုက်၏။ မတ်ချ်က သက်သက်မဲ့ အချိန်ကုန်သွားအောင် တွန့်ဆုတ်ဆုတ်လုပ်ရင်း တမင် အချိန်ဖြုန်းနေသည်။

ပစ်သည် ထိုမျှလောက် မထူမအပါ။ သူက မတ်ချ်၏လက်မောင်းကို ယခင်ကထက် ပို၍ ဖျစ်ညှစ်လိုက်၏။ နောက် သူ ပြောလိုသော စကားကို ပို၍ သိသာ ထင်ရှားသွားရန် ပစ်သည် မတ်ချ်၏ဝမ်းဗိုက်အား နဂါးမင်းအစွယ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ချိန်ရွယ်၍ ကြောက်စရာကောင်းအောင် ခြိမ်းခြောက်လိုက်၏။

ထိုအပြုအမူက အဆုံးအဖြတ်ပေးလိုက်တော့သည်။ မတ်ချ်သည် နားလည်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် ခပ်မြန်မြန် နောက်ဘက်သို့ လှည့်ပြီး စတားဘတ်ခ်၏ဦးပိုင်းဆီသို့ ကူးခတ်သွားတော့သည်။

ထို လက်ဖတောင်နင်ကလေးက ပစ်အား ကြောက်ရွံ့သွားမည်မှာ သေချာသည်။ သို့ရာတွင် ယခု ပစ် ကြုံးပမ်းသည့်ကိစ္စနှင့် ပတ်သက်၍ မတ်ချ်၏စိတ်ထဲတွင် လုပ်သင့်၊ မလုပ်သင့် ဆိုသောကိစ္စကို သင်္ချိုင်းဖြစ်ရန် အကြောင်း မရှိတော့ပါ။

ပစ်သည် မတ်ချ်၏ နောက်ဘက်မှ ကပ်၍ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် စတားဘတ်ခ်၏ ကုန်းပတ်အပေါ် ဘက်သို့ နောက်တစ်ကြိမ် ပြန်ရောက်ရန် စက္ကန့်အနည်းငယ်မျှသာ ကြာသည်။ ထမင်းစားပန်းကန်ပြားလောက် ရှိသော ကဏန်းကြီးတစ်ကောင်သည် ရေငုပ်သင်္ဘောပေါ် အေးအေးဆေးဆေး လမ်းလျှောက်နေစဉ် ရိုင်းရိုင်းစိုင်းစိုင်း နှောင့်ယှက်ခံရသောကြောင့် ကမန်းကတန်း ပြေးဆင်းသွားရသည်ဖြစ်ရာ အောက်ဘက်တွင်ရှိသောသဲပြင်ပေါ်သို့ ခြေထောက်ရှစ်ချောင်းစလုံးနှင့် အသာအယာ လိမ့်ကျသွားလေတော့သည်။ ထိုကဏန်းသည် ရုတ်တရက် ထိတ်လန့်သွားသည်ဆိုပါက မတ်ချ်သည်လည်း ထိတ်လန့်သွားသည်သာ ဖြစ်သည်။ မတ်ချ်သည် အရေးပေါ် ထွက်ပေါက်၏အနောက်ဘက်၌ မည်သို့မည်ပုံ ရှိနေမည်ကို တွေးမိပုံရသောကြောင့် ထိုတံခါးပေါက်ကို ကြည့်ရင်း တုန်လှုပ် ချောက်ချားသွားသည်ကို ပစ်က ထင်ထင်ရှားရှား မြင်လိုက်ရသည်။

*ဖွင့်စမ်း*

ပစ်က သင်ပုန်းကလေးပေါ်၌ ရေးပြလိုက်ပြန်၏။ မတ်ချ်သည် ပစ်အား ပြန်ကြည့်လိုက်ပြီးနောက် နောက်တစ်ကြိမ် တုန်သွားပြီး ခပ်ဖြည်းဖြည်း ကုန်း၍ တံခါးပေါက်ပေါ်တွင် ဒူးထောက်ပြီး ထိုင်လိုက်သည်။ မတ်ချ်သည် လက်ကိုင်ဘီးကို ဆုပ်ကိုင်ရင်း စိတ်မပါလက်မပါနှင့် အားစိုက်၍ လှည့်လိုက်၏။

ပစ်က နဂါးမင်းအစွယ် လက်နက်ပြောင်းဝနှင့် အရေးပေါ်ထွက်ပေါက်တံခါးကို ခပ်သာသာ ခေါက်ပြလိုက်သည်။

သတ္တုကို ရိုက်ခတ်လိုက်သောအသံသည် ရေကြောင့် ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကြိုးစားပမ်းစား အလုပ်လုပ်ရန် တွန်းအားပေးလိုက်မှုကြောင့် မတ်ချ်သည် လက်ကိုင်ဘီးကို နောက်တစ်ကြိမ် ဆုပ်ကိုင်လိုက်ပြီး လည်ပင်းကြောကြီးများ ထောင်လာသည်အထိ လှည့်လိုက်သော်လည်း ထိုလက်ကိုင်ဘီးသည် တုတ်တုတ်မျှ မလှုပ်ချေ။

မတ်ချ်သည် လက်ကို ဖြေချလိုက်ပြီး ဒေါသထွက်နေပုံရသော ပစ်အား မေးခွန်းထုတ်လိုဟန်ဖြင့် ပြန်ကြည့်လိုက်၏။

ပစ်က လက်သုံးချောင်းကို ထောင်ပြလိုက်ပြီးနောက် တတိယအကြိမ် ကြိုးစားရန်ဆိုသော သဘောနှင့် လက်ကိုင်ဘီးကို ညွှန်ပြလိုက်၏။

ပစ်သည် မတ်ချ်နှင့် မျက်နှာချင်းဆိုင်ဘက်သို့ သွားရောက်ပြီးနောက် နဂါးမင်းအစွယ်လက်နက်၏ လက်ကိုင်ဒင်ကို ကုတ်အဖြစ် အသုံးပြုရန် လက်ကိုင်ဘီး၏ကန့်လန့်ဘားတန်းများ အကြားသို့ ထိုးသွင်းလိုက်၏၊ ထို့နောက် ပစ်က ခေါင်းညိတ်ပြလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ပြိုင်တည်း အားကုန်သုံး၍ ကြိုးစားလိုက်ကြ၏





ဤတွင် လက်ကိုင်ဘီးသည် ရွေ့လျားစပြုတော့သည်။

အစပထမတွင် လက်မဝက်သာ ရွေ့သွားသော်လည်း ထိုလက်မဝက်က ကျပ်နေသည့်ဘီးကို ပွင့်သွားစေခဲ့ခြင်း ဖြစ်သည်။ ထိုလက်ကိုင်ဘီးသည် တစ်လက်မထက် တစ်လက်မ ပို၍ လွယ်ကူလာပြီး ထိုဘီးသည် နောက်ဆုံးတွင် ရပ်တန့်သွားတော့သည်။

မတ်ချ်သည် တံခါးကို ဆွဲဖွင့်လိုက်ပြီးနောက် လေလှောင်ခန်းထဲသို့ ငုံ့ကြည့်လိုက်၏။

လေခိုခန်းနှင့် အပြင်ဘက်တွင် ဖိအား ညီတူညီမျှ ရှိခြင်းမှာ မကောင်းသောလက္ခဏာပင်တည်း။

ပစ်၏မဟာစီမံကိန်းကြီးသည် တဖြည်းဖြည်း ပျက်စီးစ ပြုလာသည်ကို ခံစားနေရသော်လည်း သူ့ထံတွင် ကစားရန် ဖဲတစ်ချပ် ကျန်ပါသေးသည်။ ထို့အတူ ထိုဖဲချပ်ကို ကစားရန် အချိန်တစ်မိနစ်သာ ကျန်တော့သည်။

ပစ်သည် သင်ပုန်းလေးပေါ်မှ စာကို ဖျက်လိုက်ပြီး နောက်ထပ် ရေးပြလိုက်၏။

*မင်း ဖွင့်တတ်သလား*

မတ်ချ်က ခေါင်းညိတ်ပြလိုက်ပြီးနောက် သူ့ခါးပေါ်မှ သင်ပုန်းကို ယူလိုက်ပြီးနောက် ပြန်ဖြေလိုက်၏။

*လျှပ်စစ်ပါဝါ မရှိဘဲနှင့် ဘယ်လွယ်ပါ့မလဲ*

ပစ်က ကမန်းကတန်း ရေးပြလိုက်သည်။

*တို့ ကြိုးစားကြည့်ကြမယ်လေ*

ပစ်အား ဆန့်ကျင်ရန် ကြိုးစားမှုသည် အလဟဿ ဖြစ်လိမ့်မည်ဖြစ်ကြောင်း သိထားသောမတ်ချ်သည် ယခုတစ်ကြိမ်တွင် အနည်းငယ်ဆိုင်းငံ့သွားပြီးနောက် ရှိသမျှသတ္တိလေးကို စုစည်းရင်း မည်းမှောင်နေသော လေခိုခန်းထဲသို့ အပေါ်မှ ထိုးဖောက် ဝင်ရောက်နေသော ရှိရှိသမျှ အလင်းရောင်လေးနှင့် အခန်းတံခါးကို လေ့လာနိုင်သည်အထိ အပြင်ဘက်မှ စောင့်နေလိုက်သည်။

မတ်ချ်က လေသွင်းလေထုတ် အဆို့ရှင် ခလုတ်များအား မြဲမြဲစွာ ဆုပ်ကိုင်မိချိန်တွင် ခေါင်းညိတ်၍ ပြလိုက်သည်။

ဤတွင် ပစ်သည် အရေးပေါ်ထွက်ပေါက်တံခါးကို အတွင်းမှ ပြန်ပိတ်ရန်အတွက် လေခိုခန်းထဲသို့ ဆင်းလိုက်တော့သည်။

အဆိုပါ အရေးပေါ်ထွက်ပေါက်ရှိသော အခန်းကလေးသည် ရေငုပ်သင်္ဘော၏ ကိုယ်ထည်ထဲသို့ ရောက်ရှိနေသည်အထိ ဆင်းဆက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားသော ပြွန်နှင့် သဏ္ဌာန်တူသည့် အခန်းတစ်ခန်း ဖြစ်သည်။

ထိုအခန်းထဲတွင် လူခြောက်ယောက် နေနိုင်သည်။ ထိခိုက်ပျက်စီးသွားသော ရေငုပ်သင်္ဘောမှ သင်္ဘောသားများသည် ဤအခန်းထဲသို့ ဝင်ပြီး အတွင်းဘက်မှ တံခါးကို ပြန်ပိတ်နိုင်သည်။ ထို့နောက် လေထုတ်ပစ်သောခလုတ်ကို နှိပ်၍ အခန်းထဲသို့ ရေအပြည့်ဝင်လာအောင် သွင်းနိုင်သည်၊ ထိုအခန်းထဲ၌ရှိနေသော ရှိရှိသမျှ လေကို ထုတ်ပစ်လိုက်ပြီး အခန်းထဲမှ ရေဖိအားသည် ရေငုပ်သင်္ဘော၏အပြင်ဘက်ရှိ ရေဖိအားနှင့် ညီမျှသွားသောအခါ ရေငုပ်သင်္ဘောထဲမှ ထွက်ပြေးလာကြသော သင်္ဘောသားများသည် အပြင်ဘက်မှ တံခါးကို လွယ်ကူစွာ ဖွင့်၍ ပင်လယ်ရေမျက်နှာပြင်ဆီသို့ တက်သွားနိုင်ကြမည် ဖြစ်သည်။

ပစ်နှင့် မတ်ချ်တို့ကမူ ထိုလုပ်နည်းလုပ်ထုံးကို ပြောင်းပြန် ပြုလုပ်ကြမည် ဖြစ်သည်။ သူတို့သည် ထိုအခန်းထဲမှ ရေများကို အပြင်ဘက်သို့ ထုတ်ပစ်လိုက်ပြီးနောက် ခြောက်သွေ့နေသည်ဟု ပစ်က ယူဆထားသော စတားဘတ်ခ်၏အတွင်းပိုင်းသို့ ဝင်ရောက်ကြမည် ဖြစ်သည်။

လုံးဝ မည်းမှောင်နေသော ထိုအခန်းထဲ၌ ထိုင်နေကြသည်မှာ လုံးဝ ရူးသွပ်ခြင်းပင် ဖြစ်သည်ဟု မတ်ချ်က တွေးလိုက်မိသည်။

ပစ်သည် ရူးနေသူသာ ဖြစ်ရမည်။ သို့မဟုတ် အလွန်အကျွံ မိုက်မဲသူ ဖြစ်ရမည်ဟု မတ်ချ် တွေးလိုက်သည်။ မည်းမှောင်နေသော ဤအခန်းထဲတွင် ဟိုစမ်းဒီစမ်း လုပ်မနေတော့ဘဲ အတွင်းဘက်မှတံခါးကို ဖွင့်လိုက်ခြင်းက အလွယ်ကူဆုံး ဖြစ်ပေလိမ့်မည်။

ရေငုပ်သင်္ဘောတစ်စီးလုံး ရေပြည့်နေချိန်တွင် ဤအခန်းအား ရေဖိအားများလာအောင် ပြုလုပ်ခြင်းမှာ အသုံးမကျသော အချိန်ဖြုန်းခြင်းသက်သက်သာ ဖြစ်ပေလိမ့်မည်။ ရေငုပ်သင်္ဘောအတွင်းပိုင်း၌ သူတို့တွေ့ကြရမည်မှာ ပုပ်ပွနေသော အလောင်းကောင်ကြီးနှင့် ပြည့်နှက်နေသောရွှံ့ဗွက်ရေများသာ ဖြစ်ပေလိမ့်မည်။ ၎င်းအပြင် သူတို့နှစ်ယောက်စလုံး ခပ်မြန်မြန် အလုပ် မလုပ်ကြပါက သေကုန်ကြပေလိမ့်မည်။ အသက်ရှူရန် ကျန်နေသောလေသည် စက္ကန့်မရွေး ကုန်သွားတော့မည်ဟု သူက မျှော်လင့်ထားသည်။

'ဒါ ရူးတာ သက်သက်ပဲ' ဟု သူက သွေးရူးသွေးတန်း တွေးလိုက်၏။ သူသည် မဖြစ်နိုင်သော်လည်း ချွေးထွက်နေသည်ဟု ထင်နေမိသည်။ ထို့နောက် သူသည် လေသွင်းလေထွက်ပေါက်မှ အဆို့ရှင်ခလုတ်ကို လှည့်လိုက်တော့သည်။

လေသည် ထိုအခန်းထဲသို့ တရှိုးရှိုး မြည်၍ ဝင်လာသဖြင့် ထိုအခန်းထဲမှ ရေများသည် အပြင်သို့ တဖြည်းဖြည်း ထွက်စပြုလာလေပြီ။

'ဒါ အိပ်မက်မက်နေတာပဲ'ဟု မတ်ချ်က တွေးလိုက်သည်။

ဒါ မဖြစ်နိုင်ပါ။ သို့သော် တကယ် ဖြစ်နေသည်။





သူသည် မဖြစ်နိုင်သော်လည်း သူ့ခန္ဓာကိုယ်က ရေဖိအား ကျဆင်းသွားကြောင်း အသိပေးနေသလို သူက လက်မြှောက်လိုက်ရာ ရေမျက်နှာပြင်၏ အထက်ဘက်သို့ ရောက်ရှိသွားပြီး လေထဲသို့ ရောက်ရှိသွားတော့သည်။ ထို့နောက် သူတို့၏လှုပ်ရှားမှုကြောင့် မျက်နှာဆီသို့ လှိုင်းကလေးများ လာရောက် ရိုက်ခတ်နေသည်ကို သိနေရသည်။ ပါးစပ်ထဲသို့ သွင်းထားရသော အသက်ရှူကိရိယာမှ လေစုပ်ပိုက်လုံးသည် သွားကြား၌ ကိုက်ရက်သား ရှိမနေပါက သူသည် တအံ့တဩနှင့် ပါးစပ်ကို ဟမိလိုက်ပေလိမ့်မည်။

သူသည် ပျံ့လွင့်သွားသော စိတ်အာရုံကို စုစည်းပြီး လေသွင်းသော အဆို့ရှင်ခလုတ် အနီး၌ ရှိကို ရှိရမည်ဟု အတပ် သိထားသော ခရေလုံမီးကို လက်နှင့်စမ်း၍ ရှာလိုက်၏။

သူသည် ကမန်းကတန်း ရှာလိုက်ခြင်း ဖြစ်သောကြောင့် ရာဘာခလုတ်ကို လက်နှင့်မစမ်းမိမီ ဝင်တိုက်မိသောကြောင့် လက်ခေါက်များပင် ပွန်းပဲ့သွားရလေတော့သည်။ ထို့နောက် သူက ရာဘာခလုတ်ကို ဖွင့်လိုက်ရာ အရေးပေါ်ထွက်ပေါက်အခန်းသည် လင်းထိန်သွားလေသည်။

မတ်ချ်သည် ရေစိုနေသောကြောင့် ပုံမှန်အနေအထားတိုင်း မမြင်ရသော ရေကာမှန်ထဲမှတစ်ဆင့် ရုတ်တရက် လင်းထိန်လာသော အလင်းရောင်ကြောင့် သူမြင်လိုက်ရသည့်ကိစ္စကို မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း တအံ့တဩ ငေးကြည့်နေမိသည်။

ရေငုပ်သင်္ဘော၏နံရံကို အေးအေးသက်သာ မှီရင်း မတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်ဘဲ ရေကာမျက်မှန်ကို သပိတ်ရောင်ထနေသော ဆံပင်ပေါ်သို့ ပင့်တင်ထားပြီး ပါးစပ်နှင့်ကိုက်ရသော ပိုက်လုံးကို ရင်ဘတ်ပေါ်သို့ ဘွဲလောင်းချထားသော ပစ်သည် သံမှုဒ္ဒရာအောက်၌ နစ်မြုပ်နေသော ရေငုပ်သင်္ဘောထဲမှ ပုဂ္ဂိုလ်တစ်ယောက်နှင့် မတူဘဲ စွန့်စားခန်းမဂ္ဂဇင်း အဖုံးပေါ်မှ ဇာတ်လိုက်တစ်ယောက်နှင့် တူနေပေသည်။

သူသည် နူတ်ခမ်းထောင့်စွန်းနှစ်ဖက်ကို အပေါ်သို့ ကွေးတက်နေအောင် ခန့်ခန့်ထည်ထည် ပြုံးရင်း အလင်းရောင်ထဲ၌ လက်လက်တောက်နေသော အစိမ်းရောင်မျက်လုံးအစုံနှင့် မတ်ချ်အား ပြန်ကြည့်နေသည်။

မတ်ချ်သည် ပါးစပ်နှင့် ကိုက်ထားရသော ပိုက်လုံးကလေးကို ဆွဲဆုတ်လိုက်၏။

သူက တအံ့တဩ မေးလိုက်သည်။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး အပ်ကျမပ်ကျ သိနိုင်မှာတဲ့တုံး"

ပစ်ကလည်း ပေါ့ပေါ့ဆဆ ဖြေသည်။

"ပညာရှိတွေး တွေးကြည့်လိုက်တာလေ"

"အလင်းရောင် ရှိတယ်။ ရေကို ပြန်ထုတ်ပစ်နိုင်တယ် ဆိုရင်


www.burmeseclassic.com

www.burmeseclassic.com

အကုမြူ ခါတ်ပေါင်းဖိုဟာ အခုထက်ထိ အလုပ်လုပ်နေတုန်းပဲ ဖြစ်ရမယ်"

မတ်ချ်က ရီဝေဝေနှင့် ပြောလိုက်၏။

"ဒီလိုပဲ ယူဆ ရတာပေါ့။ ကဲ - သွားကြည့်ရအောင်လား"

ပစ်၏တည်ငြိမ်မှုသည် မတ်ချ်အတွက် တအံ့တသြ ဖြစ်လောက်စရာပင်တည်း။

"ဘာဖြစ်လို့ မသွားရမှာလဲ"

သူက ပေါ့ပေါ့ဆဆနှင့် ပြောသလို ဟန်လုပ်၍ ပြောလိုက်ခြင်းဖြစ်သော်လည်း သူ့အသံသည် ခြောက်ကပ်ကပ် အက်ကွဲကွဲနှင့် ပေါ်ထွက်လာသည်။

ယခုအချိန်တွင် ရေသည် အရေးပေါ်ထွက်ပေါက် အခန်းထဲမှ ပြောင်စင်အောင် ထွက်သွားကြလေပြီ။

အကယ်၍ အရေးပေါ်ထွက်ပေါက်အခန်းထဲတွင် အသက်ရှူ၍ရသောလေ ရှိနေသည် ဆိုပါက ရေငုပ်သင်္ဘောထဲတွင်လည်း အသက်ရှူနိုင်သောလေ ရှိကို ရှိရမည်ဟု တထစ်ချ ယူဆထားသောသူတို့သည် လေဘူးများ၊ ရေကာမျက်နှာဖုံးများနှင့် ခြေထောက်တွင် စွပ်ထားသော ရေယက်များတို့ကို ချွတ်ပစ်လိုက်ကြသည်။

မတ်ချ်သည် တံခါးအတွင်းဘက်တွင် တစ်လက်မခန့်သာ ကျန်တော့သောရေထဲသို့ ဒူးထောက်၍ ထိုင်ချလိုက်ပြီး လက်ကိုင်ဘီးကို စ၍ လှည့်လိုက်၏။

ထို လက်ကိုင်ဘီးက အလွယ်တကူပင် ပွင့်သွားသည်။ ရေငုပ်သင်္ဘောထဲမှ လေများ အပြင်ဘက်သို့ ထွက်လာသောကြောင့် အဖုံး၏ ပတ်ပတ်လည်တွင် လေပူပေါင်းကလေးများ အစီအရီ ဖြစ်ပေါ်နေကြသည်။ သူသည် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး အထဲက ထွက်လာသော လေကို ရှူကြည့်လိုက်၏။

"ကောင်းပါတယ်"

"နည်းနည်း ပိုပြီး ကျယ်အောင် ဖွင့်ကွာ"

မတ်ချ်သည် သူတို့၏ ခြေထောက် ပတ်ပတ်လည်ရှိ ရေစပ်ထဲတွင် တိုးထွက်လာသောလေကြောင့် လှိုင်းထသွားအောင် လက်ကိုက်ဘီးကို ဖွင့်ပစ်လိုက်သည်။ ထို့နောက် ဖိအားချင်း ညီတူညီမျှ ဖြစ်သွားသည်။ ထိုရေသည် တံခါးမှတစ်ဆင့် အောက်ဘက်သို့ စီးဆင်းသွားတော့သည်။

မတ်ချ် တစ်ယောက် အထူးတလည် ထိတ်လန့်နေသည်။

သူနှလုံးသည် တပွက်ပွက်ဆူနေသော ရေအိုးကဲ့သို့ ခုန်နေသည်။ ၎င်းအပြင် မွေးညင်းပေါက်ကလေးများထဲက ချွေးစေးများပင် စီးထွက်လာကြသည်။ သူသည် အဖုံးတံခါးကို သတိထား၍ အပေါ်သို့ ဆွဲဖွင့်လိုက်ပြီးနောက် ဘေးဘက်သို့ လှန်ချလိုက်၏။ သို့ရာတွင် မည်သူကမျှ သူ့အား





ထိုအပေါက်ထဲသို့ ပထမဦးဆုံး ဝင်အောင် အတင်းအကျပ် လုပ်နိုင်လိမ့်မည် မဟုတ်ပါ။ ထိုကိစ္စကို သူ စိတ်ပူစရာ အလျင်းမလိုပါ။

ပစ်သည် သူ့ကို ကျော်တက်သွားပြီးနောက် လှေကားမှတစ်ဆင့် အောက်သို့ ဆင်းသွားပြီး သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေပြီ။

ပစ်သည် မီးထိန်အောင်လင်းနေပြီး မည်သူမျှ မရှိသော သင်္ဘောရှေ့ပိုင်းမှ ခပ်ကျဉ်းကျဉ်း တိုပီဒိုအခန်းထဲသို့ ရောက်ရှိသွားသည်။

ဤသင်္ဘောပိုင်ရှင်သည် ခဏတစ်ဖြုတ် အပြင်သို့ ထွက်သွားသည့် အလား အစစအရာရာသည် သူ့နေရာနှင့်သူ သေသေသပ်သပ် ရှိနေသည်။ တိုပီဒိုထားသောနေရာ နောက်ဘက်ရှိ အိပ်စင်များအား သေသေသပ်သပ် ပြုပြင်ထားသလို တိုပီဒိုများ၏ဖင်ဘက်ပိုင်းရှိ တံခါးဝိုင်းဝိုင်းများပေါ်မှ ကြေးဝါပြားများသည် တပြောင်ပြောင်တလက်လက် ဖြစ်နေကြသည်။ လေဝင်လေထွက် မှန်အောင် မှုတ်ပေးနေသော လေပန်ကာက ခပ်မှန်မှန် လည်ပတ်နေသော်လည်း ထိုအခန်းထဲရှိ နံရံပေါ် ကိုးရိုးကားရား ပုံစံနှင့် ရှေ့လျားနေသော ပစ်၏အရိပ်ကလွဲ၍ အခြားလှုပ်ရှားမှုများ မရှိပါ။

သူက အရေးပေါ်တံခါးထွက်ပေါက်ဆီသို့ လျှောက်သွားပြီး မော့ကြည့်လိုက်၏။

"ဘယ်သူမှ မရှိဘူး၊ ဟိုမှိန်းလက်နက်ယူပြီး အောက်ကိုဆင်းခဲ့တော့"

ပစ်သည် အင်အား မပြုန်းတီးအောင် ရေငုံနှုတ်ပိတ်နေဖို့ကောင်းသည်။ မတ်ချ်သည် မှိန်းသေနတ်နှင့် ကင်မရာအိတ်ကို သယ်ရင်း လှေကားမှ ဆင်းလာနေလေပြီ။ သူက ပစ်အား ကာဗွန်ဒိုင်အောက်ဆိုက်သေနတ်ကို လှမ်းပေးပြီး သူ မြင်ရမည့်ကိစ္စကို ထိတ်ထိတ်လန့်လန့်နှင့် အခန်းထဲတွင် လျှောက်ကြည့်နေသည်။ ထိုအခန်းထဲတွင် မည်သူမျှ မရှိပါဆိုသောစကားကို ပစ်က ညာမပြောမှန်း သိသည့်အခါကျမှ မတ်ချ်သည် ရဲရဲတင်းတင်း ပြန်ဖြစ်လာတော့သည်။

"လူတွေ ဘယ်ရောက်ကုန်ကြတာလဲ"

"သွားရှာကြရအောင်"

ပစ်က လေသံအေးအေးနှင့် ပြောလိုက်၏။ သူက မှိန်းသေနတ်ကို မတ်ချ်၏လက်ထဲက လှမ်းယူပြီး ကင်မရာအား ခေါင်းညိတ်ပြလိုက်၏။

"အဲဒါက မင်းကို အကာအကွယ်ပေးတဲ့ပစ္စည်းလား"

မတ်ချ်က နောက်ဆုံးတွင် မပြုံးချင် ပြုံးချင်နှင့် ပြုံးလိုက်တော့သည်။

"ဓာတ်ပုံရိုက်ဖို့ ဖလင်ရှစ်ကွက်ကျန်သေးတယ်၊ ကွန်မင်ဒါ[illegible] က ကျွန်တော်တို့ တွေ့လာတာတွေကို ကြည့်ချင်ဦးမှာ၊ ကျွန်[illegible] တံခါးအတင်းဖွင့်ပြီး ရေငုပ်သင်္ဘောထဲဝင်တာ သူ ကြိုက်မှာ [illegible]"



www.burmeseclassic.com

www.burmeseclassic.com

ပစ်က ဖြေလိုက်၏။

"အဲဒါကို ငါ လုံးဝ တာဝန်ယူပါတယ်ကွာ"

"ကျွန်တော်တို့ အရေးပေါ် ထွက်ပေါက်ကဝင်သွားတာကို တယ်လီဒိုးရှင်းပြစက်တွေပေါ်က တစ်ဆင့် မြင်သွားကြလိမ့်မယ်နဲ့ တူတယ်"

မတ်ချ်က စိတ်မသက်မသာနှင့် ပြောလိုက်သည်။

"ပထမကိစ္စကို ပထမ လုပ်ရအောင်ကွာ။ ရေငုပ်သင်္ဘောထဲမှာ ငါ့ကို မင်းကိုယ်တိုင် လိုက်ပြလိမ့်မယ်လို့ ငါက မျှော်လင့်ထားတာ"

"ကျွန်တော်က တိုက်ခိုက်ရေးရေငုပ်သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတာပါ။ စတားဘတ်ခ် ဆိုတာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော်တို့ အိပ်မက်တောင် မမက်ဖူးဘူးသေးတဲ့ ခေတ်မီ ရေငုပ်သင်္ဘောလေ။ ကျွန်တော်က အနီးဆုံးနေရာမှာရှိတဲ့ အိမ်သာကိုတောင် တွေ့အောင် ရှာပေးနိုင်ပါ့မလား မသိဘူး"

"မဟုတ်တာကွာ"

ပစ်က ပေါ့ပေါ့ဆဆ ပြောလိုက်၏။

"မင်းက ရေငုပ်သင်္ဘောတစ်စီးကို တွေ့ခဲ့ဖူးတယ် ဆိုရင် ရေငုပ်သင်္ဘောအားလုံးကို တွေ့ဖူးပြီပေါ့။ ဟောဒီ တံခါးက ထွက်ရင် ဘယ်ကို ရောက်မလဲ"

ပစ်က နောက်ဘက်တွင်ရှိသော နံရံပေါ်မှ တံခါးတစ်ချပ်ကို လက်ညှိုးထိုးပြလိုက်၏။

"အဲဒါက ဒုံးကျည်တွေ နံဘေးက ဖြတ်ပြီး သင်္ဘောသားတွေရဲ့ ထမင်းစားခန်းကို သွားတဲ့ စင်္ကြံလမ်း ဖြစ်လိမ့်မယ် ထင်တယ်"

"ကောင်းပြီ၊ သွားကြရအောင်"

ပစ်သည် တံခါးပေါ်မှ ချက်ကို ဖြုတ်ဝင်လိုက်ပြီးနောက် တစ်ပေခွဲခန့်မြင့်သော တံခါးဘောင်သံဘက္ကာန် အဆီးအတားလေးကို ကျော်၍ အတွင်းသို့ လှမ်းဝင်လိုက်၏။

ထိုအခန်းကြီးသည် ကျယ်ဝန်းလှပေသည်။ ထိုအခန်းကြီးသည် အနည်းဆုံး လေးထပ်စာခန့် မြင့်ပြီး အခန်းထဲ၌ အပူဓာတ်ကို ဖလှယ်သောပိုက်လုံးကြီးများ၊ ကျင်နရေတာများ၊ ဘွိုင်လာများနှင့် အလွန် ကြီးမားသော တာဘိုင်စက်ကြီး နှစ်လုံးတို့ ရှိနေကြသည်။

ဤအခန်းသည် စွမ်းအင်ကို ထုတ်ပေးသောအခန်းပင် ဖြစ်သည်ဟု ပစ်က တွေးလိုက်၏။

ပစ်သည် ထိုနေရာ၌ မတ်တတ်ရပ်ရင်း ထိုအခန်းကြီး၏ ကြီးမားပုံကို တအံ့တသြ ဖြစ်နေစဉ် မတ်ချ်သည် တစ်ဦးဦးက စိတ်ညှို့ထားသည်ကို ခံနေရသူတစ်ဦးပမာ သူ့နံဘေးမှ တဖြည်းဖြည်း လျှောက်သွားပြီး ထိုစက်ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ် ပွတ်သပ်နေသည်။

မတ်ချ်က တအံ့တသြ ပြောလိုက်၏။





"ဘုရားသခင် ကယ်တော်မူပါ။ သူတို့ တကယ် ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်ခဲ့ကြသားပဲ။ သူတို့က အင်ဂျင်စက်ခန်းထဲမှာ ဓာတ်ပေါင်းဖိုတွေကို တစ်ပေါင်းတည်း ထားပေးနိုင်ခဲ့တဲ့အပြင် အင်ဂျင်ခန်းကို သင်္ဘောရှေ့ပိုင်းရောက်အောင် ရွှေ့ပေးနိုင်ခဲ့ကြသားပဲ"

"ဓာတ်ရောင်ခြည်ဖြာထွက်မှု အန္တရာယ်ကြောင့် အဏုမြူဓာတ်ပေါင်းဖိုတွေကို တသီးတသန့် ထားရလေ့ရှိတယ်လို့ ငါက ယူဆထားတာ"

"သူတို့က အဏုမြူဓာတ်ပေါင်းဖိုနားမှာ တစ်နှစ်နည်းပါး လုပ်တဲ့လူဟာ ဆေးရုံက ဓာတ်မှန်ဌာနမှာ ဓာတ်မှန်ရိုက်သမား အဖြစ် ရက်သတ္တပတ် အလုပ်လုပ်တာထက် ပိုပြီး အန္တရာယ်နည်းအောင် ဓာတ်ရောင်ခြည်ကို ထိန်းချုပ်ထားနိုင်ခဲ့ကြတယ်လေ"

မတ်ချ်သည် ပေနှစ်ဆယ်ခန့်မြင့်သော ဘွိုင်လာနှင့်တူသည့် စက်ပစ္စည်းကြီးတစ်ခုဆီသို့သွားပြီး စေ့စေ့စပ်စပ် လေ့လာလိုက်သည်။ သူက အပူဓာတ်ကို ဖလှယ်သော ပိုက်လိုင်းများသည် နောက်ဆုံးတွင် ပင်မတာဘိုင်စက်ကြီးများနှင့် ပေါင်းစပ်သွားကြသည်ကို တောက်လျှောက် လေ့လာလိုက်သည်။

သူက ပြောလိုက်၏။

"ညာဘက်က ဓာတ်ပေါင်းဖိုက ပိတ်ထားတယ်။ ဒါပေမယ့် ဘယ်ဘက်က ဓာတ်ပေါင်းဖိုက ချောင်းတံတွေကို ဆွဲထုတ်ထားတယ်။ ဒါကြောင့် ဓာတ်အားရနေတာပဲ"

ပစ်က မေးလိုက်သည်။

"ဒီဟာကို ကိုင်တွယ်မယ့်လူ မရှိဘဲနဲ့ ဘယ်လောက်ကြာကြာ ထားနိုင်မလဲ"

"ခြောက်လ၊ တစ်နှစ်လောက်ပဲ ဖြစ်ချင်ဖြစ်မယ်။ ခု စနစ်က ခေတ်အမီဆုံးစနစ် ဆိုတော့ ပိုပြီးတော့တောင် ကြာကြာ ခံချင်ခံလိမ့်မယ်"

"ဒီ အင်ဂျင်စက်ခန်းဟာ သိပ်ကို သန့်ရှင်းတဲ့ စက်ခန်းပဲလို့ ခင်ဗျားက ပြောနိုင်သလား"

မတ်ချ်သည် သူ့နောက်ဘက်ကို ပြန်ကြည့်ရင်း စိတ်မသက်မသာနှင့် ပြောလိုက်သည်။

"တစ်ယောက်ယောက်က သန့်ရှင်းအောင် လုပ်ထားတာအမှန်ပဲ"

ပစ်က ခပ်တိုးတိုး ပြောလိုက်၏။

"ငါတို့ ရှေ့ဆက်သွားကြရင် ကောင်းလိမ့်မယ်"

သူတို့နှစ်ယောက်သည် လှေကားတစ်ခုမှ အပေါ်သို့ တက်သွားပြီးနောက် တံခါးပေါက်အောက်ဘက်မှ ကန့်လန့်ခံထားသော သံပြားအောင် ကျော်လိုက်ကြ၏။

သူတို့သည် သင်္ဘောသားများ၏ ထမင်းစားခန်းထဲသို့ ရောက်ရှိသွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com

လိမ္မော်ရောင်၊ အနီရောင်တို့ ရောသုတ်ထားသော ကျယ်ဝန်းသည့် အခန်းကြီးတစ်ခန်း ဖြစ်ပြီး အပြာရင့်ရောင် ဗီနိုင်း ပလတ်စတစ် ခင်းထားသော စားပွဲရှည်ကြီးများ ရှိသည်။

ထိုအခန်းသည် ရေငုပ်သင်္ဘောမှ ထမင်းစားခန်းနှင့်မတူဘဲ ပျော်ပွဲစားရုံမှ ကော်ဖီခန်းနှင့် ပိုတူနေသည်။ မီးဖိုပေါ်မှ သံချောင်းများသည် အေးစက်နေသည်။ သို့သော် ဤအခန်းထဲတွင်လည်း အစစအရာရာသည် သေသေသပ်သပ်နှင့် စနစ်တကျ ရှိနေကြသည်။ ဤအခန်းထဲတွင် တစ်ခုစီဆင့်၍ ထပ်ထားသော ဒန်အိုးများ၊ ဒယ်အိုးများ၊ ညစ်ပေရေနေသော ပန်းကန်ပြားများ မရှိပါ။

ပစ်သည် ပေါင်မုန့်စကလေး တစ်ခုတလေ ကြမ်းပြင်ပေါ်၌ ကျနေသည်ကိုပင် ရှာမတွေ့ခဲ့ပါ။

သူသည် ဟောလီးဝုဒ်မှ ဒစ်စကိုသက်ˇတစ်ခုခုတွင် ထည်ထည်ဝါဝါ တွေ့ရမည် ဖြစ်သော ကြီးမားသည့် စတီရီယိုစက်ကြီးနှင့် (၃၂) လက်မ ဆေးရောင်စုံတယ်လီဗီးရှင်းပြစက်တို့ကို ဖြတ်ကျော်လာရချိန်တွင် မပြုံးဘဲ မနေနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

ပစ်သည် အတန်ငယ်ကြာအောင် ရပ်နေမိ၏။ သူ့ဦးနှောက်ထဲတွင် တစ်ခုခုသည် အထာမကျအောင် ဖြစ်နေသည်။

"စက္ကူနဲ့တူတာကို တစ်ရွက်မှ မတွေ့ရပါကလား"

ပစ်က မည်သူ့ကိုမျှ မရည်ရွယ်ဘဲ ပြောလိုက်သည်။

မတ်ချ်က သူ့ကို ပြန်ကြည့်လိုက်သည်။

"ဘာကို မတွေ့ရတာလဲ"

ပစ်က မပွင့်တပွင့် ပြန်ဖြေသည်။

"စက္ကူကို ဘယ်နေရာမှ မတွေ့ရဘူး။ ဒီနေရာ သင်္ဘောသားတွေ အပန်းဖြေတဲ့နေရာ မဟုတ်လား။ ဒါဖြင့်ရင် ဘာဖြစ်လို့ ဖဲထုပ်တွေ၊ မဂ္ဂဇင်းတွေ၊ စာအုပ်တွေ မရှိရတာလဲ။ ဘာဖြစ်လို့ ငရုတ်ကောင်းမှုန့်နဲ့ ဆားတို့၊ သကြားတို့ မရှိရတာလဲ"

ချက်ချင်း ဆိုသလိုပင် သူသည် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ပြီးနောက် စားသောက်ဖွယ်ရာများကို အပြင်ခန်းသို့ လှမ်းပေးသော မီးဖိုချောင်ထဲသို့ ကမန်းကတန်း ဝင်သွားတော့သည်။

သူသည် ပစ္စည်းပစ္စယများကို ထားသိုသော ဗီရိုအားလုံးတို့ကို လျှောက်ဖွင့်ကြည့်လိုက်တော့သည်။

အားလုံး ရှင်းလင်းနေသည်။ ချက်ပြုတ်ရာတွင် အသုံးပြုသော အိုးခွက်များနှင့် ပန်းကန်ခွက်ယောက်များသာ ကျန်တော့သည်။ သူက ပန်းကန်ပေါ်၌ တွေ့ရသော အစွန်းအထင်းများကို ကျေနပ်အားရစွာ သတိပြုလိုက်၏။

■ Discothque လာရောက် စားသောက်သူများ 'က' နိုင်သော ပျော်ပွဲစားရုံ။





မတ်ချ်က ပစ်အား အစားအသောက်များကို လှမ်းပေးသော ကောင်တာပေါ်မှကျော်၍ စဉ်းစဉ်းစားစား လှမ်းကြည့်နေသည်။

"ဒီအခန်းထဲမှာ ရေလျှံသွားခဲ့တယ်"

ပစ်က ခပ်ဖြည်းဖြည်းကလေး ပြောလိုက်၏။

"မဖြစ်နိုင်ဘူး"

မတ်ချ်က ခပ်စင်းစင်း ပြန်ပြောလိုက်သည်။

"အင်ဂျင်နဲ့ ဓာတ်ပေါင်းဖိုခန်းထဲကို . . ."

"ရေမှ လုံးဝ မဝင်တဲ့ဟာ"

ပစ်က သူ့စကားကို အဆုံးသတ်ပေးလိုက်၏။

"အဲဒါကတော့ ရှင်းပါတယ်။ မင်းက အဏုမြူဓာတ်ပေါင်းဖိုရှိတဲ့ အခန်းကို ပြောင်စင်သွားအောင် ရေသုတ်ပေးလို့ မရနိုင်ဘူး။ ဒါပေမယ့် ရေလျှံသွားတဲ့ မီးဖိုချောင်ကိုတော့ သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြန်လုပ်လို့ရတယ်"

ပစ်သည် မီးဖိုချောင်ထဲမှ ပစ္စည်းများကို ထားသိုသော ဗီရိုများအား သူတွေ့စက ပုံစံအတိုင်း သေသေသပ်သပ် ပြန်၍ ပိတ်လိုက်၏။

သူတို့နှစ်ယောက်သည် အရာရှိများ၏ စားသောက်ခန်း၊ ကေဗင်အိပ်ခန်းများနှင့် ကွန်မင်ဒါအိပ်ခန်းတို့ကို ကျော်၍ စင်္ကြံလမ်းအတိုင်း ခပ်သွက်သွက် လျှောက်သွားခဲ့ကြသည်။

ပစ်သည် ကွန်မင်ဒါဒုပရိ၏အိပ်ခန်းကို နှံ့နှံ့စပ်စပ် ရှာဖွေလိုက်၏။ သို့သော် ဘာကိုမှ မတွေ့ရချေ။ အံဆွဲများထဲ၌ အင်္ကျီအဝတ်အစားများပင် မရှိတော့ချေ။

ပစ်သည် စကားမပြောနိုင်ဘဲ စင်္ကြံလမ်းအတိုင်း လျင်မြန်စွာ လျှောက်သွားပြီး ပင်မထိန်းချုပ်ခန်းဟု သူက ယူဆထားသော အခန်းထဲသို့ လှမ်းဝင်လိုက်၏။ သူသည် မှိန်းလက်နက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ရုပ်ရှင်ဒါရိုက်တာများအား သွားရည်ယိုစေမည့် အီလက်ထရွန်နစ်ကိရိယာ တသီတတန်းကြီးများကို တိတ်တိတ်ဆိတ်ဆိတ် ဖြတ်လျှောက်သွားသည်။

သူက စက်ခလုတ်များ၊ သံမဏိနှင့် ပြုလုပ်ထားသော တိုင်းတာသည့် ကိရိယာများ၊ ရေဒါခလုတ်များ၊ ရောင်စုံခြယ်ထားသောမြေပုံများနှင့် ကြည်လင်နေသော ဖန်သားမျက်နှာပြင်များ စသည်တို့ကို လျှောက်ကြည့်လိုက်၏။

သူသည် ရှုပ်ထွေးပွေလီလှသော နာဆာ၏ဗဟိုထိန်းချုပ်ခန်းထဲသို့ ရောက်နေသည့်အလား သမုဒ္ဒရာအောက်ရှိ ရေငုပ်သင်္ဘောထဲ၌ ရောက်ရှိနေခြင်းကို မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

စတားဘတ်ခ်သည် လူသားများနှင့် ကြီးကြပ်ကွပ်တဲ့ [illegible] 'အိပ်ရာက ထတော့' ဟု လာနှိုးမည့်အချိန်ကိုစောင့်ရင်း [illegible] ပေါ်နေသော ဘီလူးကြီးနှင့် သဏ္ဌာန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် ပစ်သည် သူ လိုက်ရှာနေသော ရေဒီယိုအခန်း၏ တံခါးကို တွေ့သွားတော့သည်။ အခန်းထဲရှိ ပစ္စည်းများသည် အော်ပရေတာ ပြန်လာမည့်အချိန်ကို လွမ်းလွမ်းဆွေးဆွေးနှင့် စောင့်နေပုံရသည်။

ပစ်သည် ထိုင်ချလိုက်ပြီးနောက် အနီးဆုံး အံဆွဲတစ်ခုကို ဆွဲထုတ်လိုက်ပြီး ရေဒီယိုကိုင်တွယ်အသုံးချနည်း စာအုပ်ကို ထုတ်ယူလိုက်၏။ အလွန် ချစ်စရာကောင်းသော ရေတပ်မတော်ပင်တည်း။ စက်ကိရိယာများအား ကိုင်တွယ်အသုံးပြုနည်းစာအုပ်များကို စက်နှင့် လက်တစ်ကမ်းထက် မပိုသော အကွာအဝေးအတွင်း၌သာ ထားပေးလေ့ရှိသည်။

သူသည် အသံလွှင့်စက်ပေါ်သို့ ခေါင်းငုံ့လိုက်ပြီးနောက် လိုအပ်မည့် ဒိုင်ခွက်များနှင့် ခလုတ်များကို နေသားတကျဖြစ်အောင် ပြုပြင်လိုက်သည်။ ထို့နောက် သူက မတ်ချ်ဘက်သို့ လှည့်လိုက်၏။

"အေရီယာတိုင်တို လိုက်ရှာပြီး အမြင့်ဆုံးအထိ ရောက်အောင် ဆွဲထုတ်ပေးစမ်းပါ"

မတ်ချ်က ရေဒီယို၏အပေါ်ပိုင်းတွင် အေရီယာတိုင်ကို လိုက်ရှာပြီး အသက်သွင်းပေးရန် စက္ကန့်ခြောက်ဆယ်မျှသာ ကြာခဲ့သည်။

ထို့နောက် ပစ်သည် စကားပြောခွက်ကို ဆွဲယူလိုက်ပြီးနောက် ထိတ်လန့်စရာကောင်းလောက်အောင် လူသူလေးပါး ကင်းမဲ့နေသော ရေငုပ်သင်္ဘောနှင့် ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်ရမည့်ကိစ္စထဲတွင် စိတ်ဝင်စားသွားသဖြင့် လောလောဆယ်တွင် အခြား ကိစ္စများကို လုံးဝ မေ့သွားတော့သည်။

သူ လွှင့်လိုက်သောသတင်းကို ပုလဲဆိပ်ကမ်းရှိ ဗုံးခိုကျင်းထဲက ဖမ်းယူလိမ့်မည်ဟု သိထားသောပစ်က ကုန်သွယ်ရေကြောင်းသင်္ဘောသားများ သုံးစွဲလေ့ရှိသောဖရီကွင်စီသို့ လှည့်လိုက်၏။

'ဒီအသံကို ကြားရသော လူအချို့သည် တစ္ဆေသရဲရှိသည်ဟု ယုံကြည်သွားကြလိမ့်မည်' ဟု ပစ်က တွေးလိုက်သည်။

ထို့နောက် သူက အသံလွှင့် ဆိုသော ခလုတ်ကို နှိပ်လိုက်သည်။

"ဟယ်လို ဟယ်လို မာသာအန်း၊ အခု အသံလွှင့်နေတာ စတားဘတ်ခ်ပါ။ ကျုပ် ထပ်ပြောမယ် စတားဘတ်ခ်ပါ။ ကျုပ်ပြောတာကို ကြားရပါသလား၊ အိုဗာ"

ထိုအချိန်တွင် ဗိုလန်ကလည်း အလကား မနေခဲ့ပါ။

ပစ်က စတားဘတ်ခ်၏ အရေးပေါ်ထွက်ပေါက်တံခါးကို ပြန်ဆွဲပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဗိုလန်သည် သူ့ထံမှ အတော်ဆုံး ပုဂ္ဂိုလ်နှစ်ယောက်ကို ရေထဲသို့ ဆင်း၍ ပစ်နောက်သို့ လိုက်ရန် အသင့် ပြင်ဆင်ခိုင်းလိုက်သည်။

ပစ်နှင့် မတ်ချ်တို့၏ လေဘူးများနှင့် လဲလှယ် အစားထိုးပေးရန်





ထိုပုဂ္ဂိုလ်နှစ်ယောက်သည် လေဘူးအပိုနှစ်ခုကို ယူဆောင်သွားကြရမည် ဖြစ်သည်။ မချင့်မရဲဖြစ်နေသောဗိုလန်သည် မြေပုံစားပွဲအား လက်သီးနှင့် ထုလိုက်၏။

သူတို့နှစ်ယောက်သည် ရေငုပ်သင်္ဘောထဲ၌ သိပ်ကြာလွန်းနေပြီ။ သူတို့သည် အရေးပေါ်ထွက်ပေါက်ခန်းထဲ၌ ပိတ်မိနေခြင်း ဖြစ်ရမည်။

'ခွေးမသားပစ်'

သူ့အပေါ်တွင် ထိုကဲ့သို့ လက်တစ်လုံးခြားလုပ်သွားသော ပစ်အား အော်ကြီးဟစ်ကျယ်နှင့် စိတ်ထဲက ဆဲလိုက်မိသည်။

သူက အင်တာကွန် မိုက်ခွက်ကို လှမ်းဆွဲလိုက်၏။

"ရေငုပ်စင်ပေါ်က ဟိုနှစ်ယောက်၊ မင်းတို့က သူတို့နှစ်ယောက်ကို ဟိုအထဲက ဆွဲထုတ်ဖို့ အချိန် ငါးမိနစ်လောက်ပဲ ရလိမ့်မယ်။ ဒီတော့ မြန်မြန်သွားကြစမ်း"

သူက မိုက်ခွက်ကို ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်တင်လိုက်ပြီးနောက် တီဗွီများထဲသို့ပြန်လှည့်လိုက်၏။ သူ့မျက်လုံးအစုံက ဖန်သားမျက်နှာပြင်ကို အေးစက်စက်မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

"ဘယ်လောက် ကြာဦးမလဲ"

စတန်လီက သူ့လက်ပတ်နာရီကို ဆယ့်ငါးကြိမ်မြောက် ကြည့်လိုက်၏။

"သူတို့ကိုယ်သူတို့ သိပ်ပြီး ပင်ပင်ပန်းပန်း မလုပ်ကြဘူးဆိုရင် သူတို့ သုံးမိနစ်လောက်တော့ ခံနိုင်လိမ့်ဦးမယ်"

ပစ်နှင့် မတ်ချ်တို့အတွက် အချိန် သိပ်မရှိတော့ပြီဟု တွေးမိကြသောကြောင့် အခန်းထဲ၌ ရှိနေသူအားလုံးသည် စိတ်ပျက်အားငယ်စွာနှင့် တယ်လီဗီးရှင်းစက်များကို လှမ်းကြည့်နေမိကြသည်။

ရေငုပ်သမားနှစ်ယောက်သည် ရေထဲသို့ ဝုန်းခနဲ ကျသွားပြီး ရေငုပ်သင်္ဘောဆီသို့ အားသွန်ခွန်စိုက် ကူးသွားနေကြသည်ကို သူတို့က စောင့်ကြည့်နေကြစဉ် သူတို့သည် အပြင်ဘက် စကြိုလမ်းထဲမှ တဖျပ်ဖျပ် ပြေးလာသောအသံကို ကြားရပြီး ပုံနှင်းကြီးသည် ရှာဖွေထောက်လှမ်းရေး အခန်းထဲသို့ ဝုန်းခနဲ ဝင်လာလေတော့သည်။ အလေးချိန်ပေါင် (၁၅၀) သာရှိသော ပုံနှင်းကြီး၏ခန္ဓာကိုယ်သည် အလေးချိန် နှစ်ဆ ရှိမည်ဆိုပါက တံခါးရွက်သည် သူနှင့်အတူ အခန်းထဲသို့ တစ်ပါတည်း ပြုတ်၍ ပါလာပေလိမ့်မည်။

"သူတို့အသံကို ဖမ်းလို့ရပြီ"

သူက အော်လိုက်၏။

"ကျုပ်တို့က စတားဘတ်ခ်ကို ရေဒီယိုပေါ်မှာ ဖမ်းလို့ရပြီ"

ဗိုလန်က ခပ်ဝေါက်ဝေါက် ပြောလိုက်၏။

"မင်း ဘာတွေ လာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ပွဲနင်းကြီးက ယခုတစ်ကြိမ်တွင် စကားကို ခပ်ဖြည်းဖြည်း ပြောသည်။

"ကျွန်တော်တို့ စတားဘတ်ခ်ကို အသံနဲ့ ဆက်သွယ်လို့ ရပါပြီ"

ရေဒီယို အော်ပရေတာအဖွဲ့မှ ပွဲနင်းကြီးသည် ရှာဖွေထောက်လှမ်းရေးအခန်းသို့ ထွက်သွား၍ သိပ်မကြာသေးမီ ဗိုလန်သည် သူ့အခန်းထဲသို့ ရောက်လာပြီး သူ့ပခုံးပေါ်မှ ငုံ့ကြည့်နေသည်ဟု ထင်လိုက်သည်။

သူက မော့ကြည့်လိုက်၏။

"ယုံချင်ယုံ မယုံချင်လည်း နေပါ ဆရာ။ မေဂျာပစ်က ကျွန်တော်တို့ကို ရေငုပ်သင်္ဘောထဲက လှမ်းခေါ်နေတယ်"

"ငါ သူနဲ့ စကားပြောချင်တယ်။ စပီကာနဲ့ပါ ဆက်ပေးစမ်း"

ဗိုလန်က ပြောလိုက်၏။ ဗိုလန်သည် စိတ်လှုပ်ရှားမှုကို ဖုံးဖိကွယ်ဝှက်ထားခြင်း မရှိပါ။ ထူးထူးဆန်းဆန်း ဆိုသလိုပင် ထိုကိစ္စသည် အမှန်တကယ် ဖြစ်ပျက်နေကြောင်း သူ ယုံကြည်နေမိသည်။

"စတားဘတ်ခ်"

ဗိုလန်က အသံလွှင့်လိုက်၏။

"အခု ပြောနေတာ မာသာအန်းပါ။ အိုဗာ"

မိုက်ကရိုဖုန်းထဲမှ ပစ် ကိုယ်တိုင် လှမ်းလျှောက်ထွက်လာတော့မည့်အလား ဗိုလန်က မိုက်ကရိုဖုန်းကို စိုက်ကြည့်နေသည်။

"မာသာအန်း၊ အခု ပြောနေတာ စတားဘတ်ခ်ပါ။ အိုဗာ"

"မင်း ပစ်လား၊ အိုဗာ"

"သူ ကိုင်တိုင်ပါပဲဗျာ"

"မင်း အခြေအနေက ဘယ်လိုလဲ"

"ကျုပ်တို့ နေထိုင်ကောင်းပါတယ်။ မတ်ချ်ကလည်း မေတ္တာပို့ပါတယ်"

ပစ်က အသံကို ခပ်ကျယ်ကျယ်ပြောရန် ခေတ္တမျှ ရပ်တန့်လိုက်၏။

"စတားဘတ်ခ်ထဲမှာ ရေလျှံနေခြင်း မရှိ။ ရေအောက်မှာ နောက်ထပ် လူဆယ်ယောက် ရှိမယ်ဆိုရင် သူ့ကို အမိမြေရောက်အောင် မောင်းယူသွားနိုင်ပါလိမ့်မယ်"

"သင်္ဘောသားတွေကရော"

"အစအနတောင် ရှာမတွေ့ရဘူး။ သူတို့တစ်တွေဟာ ဒီသင်္ဘောပေါ်မှာ အစကတည်းက မရှိခဲ့ကြသလိုဘဲ"

ဗိုလန်က ချက်ချင်း အဖြေမပေးပါ။ ပစ် ပြောလိုက်သောစကား၏ ကြီးကျယ်လှပုံ၊ လူတစ်ယောက်မှ မရှိဘဲ ပစ်စလက်ခတ် အထားခံရအောင် သင်္ဘောကြီး၏ရုပ်ပုံလွှာကို မြင်လာအောင်၊ လက်ခံနိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးပမ်းနေရသည်။





မာသာအန်းပေါ်ရှိ သင်္ဘောသားများအနက် ထက်ဝက်လောက်သည် တံခါးပေါက်နှင့် စင်္ကြံလမ်းထဲ၌ ကြက်သေသေပြီး ရှိနေကြသည်ကိုပင် အစပထမပိုင်းတွင် ဗိုလန်သည် လုံးဝ သတိမပြုခဲ့ချေ။ ဗိုလန်သည် ပထမပိုင်းတွင် မယုံကြည်နိုင်သလို ဖြစ်သွားရပြီးမှ တဖြည်းဖြည်းနှင့် ထိုကိစ္စသည် ဟုတ်မှန်ကြောင်း လက်ခံရတော့သည်။

"ထပ်ပြောစမ်းပါဦး"

"သင်္ဘောတစ်စီးလုံးမှာ လူတစ်ယောက်မှ မရှိဘူး။ အနည်းဆုံး ရှေ့ပိုင်းမှာရှိတဲ့ တော်ပီဒိုအခန်းကစပြီး အလယ်ခန်းမှာရှိတဲ့ ထိန်းချုပ်ကွပ်ကဲခန်းထိ ဆိုပါတော့လေ။ ကျုပ်တို့က နောက်ပိုင်းက အခန်းတွေကို ခုထက်ထိ မရှာဖြစ်သေးပါဘူး။ ဒါပေမယ့် တစ်ယောက်ယောက်က မီးတွေကို ထိန်နေအောင် ဖွင့်ထားပေးတယ်။ ပြီးတော့လည်း ဘယ်ဘက်ခေတ်ပေါင်းဖိုက လျှပ်စစ်ဓာတ်အား ရနေတယ်"

ဗိုလန် ဒူးချောင်ချင်သလို ဖြစ်လာသည်။ သူက တွန့်ဆုတ်ဆုတ်ဖြစ်သွားပြီးနောက် ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်ပြီး နောက်ဆုံးတွင် ပြောချလိုက်၏။

"ခင်ဗျားနဲ့ မတ်ချ်တို့ကတော့ တာဝန်ကျေပွန်ပါတယ်။ ခင်ဗျားတို့က အရေးပေါ် ထွက်ပေါက်ဆီကို ပြန်လာပြီး မာသာအန်းဆီကို ပြန်ခဲ့ကြတော့။ ခင်ဗျားတို့ အပေါ်ကို ပြန်တက်ဖို့ လေဘူးအပိုနဲ့ စောင့်ကြိုမယ့် လူတွေကို ကျုပ် လွှတ်လိုက်မယ်။ လက်ဖတင်နင် မတ်ချ် အနီးအနားမှာ ရှိနေသလား"

"မရှိဘူး၊ သူက သင်္ဘောနောက်ပိုင်းကို သွားပြီး အခန်းတွေ ရေလျှံခြင်း ရှိ မရှိ၊ ဟိုပီရီရွှန်ဒုံးပျံတွေ နေသားတကျ ရှိ မရှိ သွားပြီး စစ်ဆေးနေတယ်"

"ခင်ဗျားက မိုင်တစ်ထောင်အတွင်းမှာရှိတဲ့ အသံဖမ်းစက်တွေဆီကို ဒီဖရီကွင်စီက အသံလွှင့်ပေးတယ် ဆိုတာကိုတော့ နားလည်မှာပေါ့နော်"

"လွန်ခဲ့တဲ့ ခြောက်လလောက်က မြုပ်သွားတဲ့ ရေငုပ်သင်္ဘောက အသံလွှင့်လိုက်တာကို ဘယ်သူက ယုံမှာလဲ"

"ကျုပ်တို့ရဲ့ ဟိုဘက်နိုင်ငံက မိတ်ဆွေကြီးတွေက ယုံချင်ယုံမှာ"

ဗိုလန်သည် သူ့နဖူးကို လက်ကိုင်ပဝါနှင့်သုတ်ရန် စကားကို ခေတ္တ ရပ်တန့်လိုက်၏။

"ကျုပ်ကတော့ ဒီကနေ့အဖို့ တော်လောက်ပြီလို့ အကြံပေးချင်တယ်။ မတ်ချ် ပြန်လာတာနဲ့ တစ်ပြိုင်နက် အပေါ်ကို ပြန်တက်ပေးတော့။ ဗိုလ်ချုပ်ကြီးက အသေးစိတ် အစီအရင်ခံပါလို့ ပြောချင်ပြောလိမ့်မယ်။ ပြီးတော့လည်း ကျုပ်ပြောတာကို နားမလည်ချင်ယောင် မဆောင်နဲ့။ ဒါအမိန့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူသည် ပစ်၏အာခံသောမျက်နှာထားကို မြင်ယောင်လိုက်မိသည်။

"ကောင်းပါပြီ ဖေဖေကြီးရယ်။ ကျုပ်တို့ အဲဒီကို . . ."

ပစ်၏စကားသည် တိုးလိုးတန်းလန်းနှင့် ရပ်တန့်သွားတော့သည်။ နှစ်ဖက်စလုံးက အသံမလွှင့်မီ ကြားကာလတွင် ကြားကြလေ့ရှိသော တဂျစ်ဂျစ်မြည်သံများသာ စပီကာထဲတွင် ထွက်ပေါ်နေသည်။

ဗိုလန် သည် စကားပြောခွက်ကို နှုတ်ခမ်းနှင့် ကပ်လိုက်ပြန်သည်။ ရင်တွင်းမှ ဖြစ်ပေါ်လာသော ကြောက်စိတ်ကြောင့် သူ့မျက်လုံးများသည် ကျဉ်းမြောင်းသွားကြသည်။

"မင်း ပြောတာ ငါ နားမလည်ဘူး စတားဘတ်ခ်၊ ကျေးဇူးပြုပြီး ထပ်ပြောစမ်းပါဦး"

သို့တိုင်အောင် စပီကာထဲမှ တဂျစ်ဂျစ်မြည်သံများသာ ပေါ်ထွက်နေသည်။

"ပြောလေကွာ ပစ်၊ ခိုးမှုပဲ မင်းက ဘာဖြစ်လို့ ပြန်မပြောရတာလဲကွ"

ဗိုလန်သည် မချင့်မရဲနှင့် စောင့်နေလိုက်၏။

သူ့အတွက် မျှော်လင့်ချက်ကလည်း တဖြည်းဖြည်းနှင့် လျော့နည်းသွားခဲ့လေပြီ။

သူ့အား တိတ်ဆိတ်မှုကသာ ပြန်၍ အဖြေပေးလိုက်လေတော့သည်။

⚓



BURMESE CLASSIC .com

(၁၀)

ပစ်သည် ရေဒီယိုခန်းတံခါးဝတွင် မတ်တတ်ရပ်နေသော မုတ်ဆိတ်မွေးထူလပျစ်နှင့် မျက်လုံးခပ်ပြူးပြူး တစ္ဆေတစ်ကောင်ကို မလှုပ်မရှား ခပ်ကြောင်ကြောင်နှင့် ကြည့်နေမိသည်။

သူက နံ့စော်ပြီး ရွံစရာကောင်းသော တစ္ဆေကောင်သည် သူ့အလိုလို ပြန်၍ ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်းရင်း ထိုင်နေလိုက်၏။ ထိုတစ္ဆေကောင်သည် သူ့မြင်ကွင်းထဲက ပျောက်ကွယ်သွားစေသတည်းဟု ဆုတောင်းရင်း ပစ်က မျက်တောင်ခတ်လိုက်သည်။ သို့သော် ထိုတစ္ဆေက ပြန်၍ မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်၏။

ထို့နောက် သူ့နှုတ်ခမ်းကပါ လှုပ်ရှားလာပြီး အက်ကွဲကွဲလေသံ တိုးတိုးကလေး ပေါ်ထွက်လာတော့သည်။

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျား သူတို့လူစုထဲကတော့ မဟုတ်ပါဘူး"

"မင်းက ဘာကို ဆိုလိုတာလဲ"

ပစ်က အသံကို ထိန်းရင်း ပြန်မေးလိုက်၏။

"ခင်ဗျားက ရေဒီယိုနဲ့ အသံလွှင့်လိုက်တာကို သူတို့ သိသွားရင် ခင်ဗျားကို သတ်ကြလိမ့်မယ်"

ထိုအသံသည် ရပ်ဝေးတစ်နေရာမှ ထွက်ပေါ်လာသလို ဖြစ်နေသည်။

"သူတို့ ဟုတ်လား"

ပစ်၏လက်သည် မှိန်းသေနတ်ဆီသို့ ရွေ့လျားသွားပြီး လက်ကိုင်ဒင်ကို လက်နှင့် ဆုပ်ကိုင်လိုက်မိ၏။ သို့ရာတွင် တံခါးဝတွင်ရှိနေသော ထိုတစ္ဆေက သတိပြုမိပုံ မရပါ။

"မင်း ဒီကလူ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ထိုတစ္ဆေက ဆက်ပြောလိုက်ပြန်၏။

"မင်း သူတို့လို ဝတ်စားမထားဘူး"

ထိုပုဂ္ဂိုလ် ကိုယ်တိုင်က ရေတပ်မတော်မှ အရာရှိမဟုတ်သူများ၏ ဘောင်းဘီနှင့် ဆင်ဆင်တူသော စုတ်စုတ်ပြတ်ပြတ် အဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း ထိုအဝတ်အစားပေါ်တွင် ရာထူးအဆင့်ကို ဖော်ပြထားခြင်း မရှိချေ။ သူ့မျက်လုံးများသည် မှဲ့ခြောက်နေကြသလို သူ့ခန္ဓာကိုယ်သည် ပိန်ချုံးပြီး ခြောက်ကပ်နေသည်။ ပစ်က နိမိတ်ပြမေးခွန်းကို စမ်းမေးကြည့်ရန် ဆုံးဖြတ်လိုက်၏။

"ခင်ဗျားက ကွန်မင်ဒါ ဒူပရီလား"

"ဒူပရီ၊ ဟုတ်လား"

ထိုလူက သံယောင်လိုက်လိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ် ဖားရစ်ပါ။ ပထမတန်းသင်္ဘောသား ဖားရစ်ပါ"

"ဖားရစ်၊ တခြားလူတွေ ဘယ်မှာလဲ၊ ကွန်မင်ဒါ ဒူပရီ၊ ပြီးတော့ အရာရှိတွေ၊ ခင်ဗျားနဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဘယ်မှာလဲ"

"ကျုပ် မသိဘူး၊ ကျုပ်က ရေဒီယိုကို အသံလွှင့်ဖို့ ကြိုးစားရင် သူတို့က သတ်ပစ်မယ်လို့ ပြောတာပဲ"

"ဒီသင်္ဘောပေါ်မှာ တခြား ဘယ်သူတွေ ရှိသေးသလဲ"

"သူတို့က အစောင့်နှစ်ယောက်ကို တစ်ချိန်လုံး ချထားတယ်"

"ဘယ်မှာလဲ"

"သူတို့က ဘယ်နေရာမှာမဆို ရှိနိုင်တာပဲ"

"အိုး ဘုရားသခင် ကယ်တော်မူပါ"

ပစ်က အော်လိုက်မိ၏။ သူ့တစ်ကိုယ်လုံး တောင့်တင်းသွားတော့သည်။

"မတ်ချ်"

သူသည် ထိုင်နေရာမှ ထလိုက်ပြီးနောက် ဖားရစ်အား ရေဒီယိုအော်ပရေတာ၏ထိုင်ခုံပေါ်သို့ ဆွဲချပြီး ထိုင်ခိုင်းလိုက်သည်။

"ဒီမှာစောင့် ဖားရစ်၊ မင်း ငါပြောတာကို နားလည်တယ် မဟုတ်လား၊ မလှုပ်နဲ့"

ဖားရစ်က အူကြောင်ကြောင်နှင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ပစ်သည် မှိန်းသေနတ်ကို သူ့ရှေ့တွင် မြှောက်၍ကိုင်ရင်း အခန်းတိုင်းကို လျှောက်၍ ရှာဖွေတော့သည်။

လေစုပ်ပန်ကာများမှ ထွက်ပေါ်နေသော မြည်သံကလွဲ၍ လက်ဖဘင်နင် မတ်ချ်၏အသံကို မကြားရပါ။ သူသည် လူနာဆောင်ဟု ချက်ချင်းခိုင်မိလိုက်သော အခန်းထဲသို့ ဝင်လိုက်သည်။ ထိုအခန်းထဲတွင် ခွဲစိတ်တုသော စားပွဲခုံတစ်ခုံ၊ လေဘယ်လ်များကို သေသေသပ်သပ် ကပ်ထားသောပုလင်းများ အပြည့်အနှက် ရှိနေသည့် ဗီရိုများ၊ အိပ်စ်ရေးရိုက်သောစက်တစ်လုံး၊ ခွဲစိတ်ရာတွင် အသုံးပြုသောပစ္စည်းများနှင့် သွားစိုက်ရာတွင်သုံးသော ကုလားထိုင်တစ်လုံးပင် ရှိနေသည်။

ထိုအခန်း၏ဟိုဘက်နံရံမှ စွန်းထွက်နေသော ခုတင်ခြောက်လုံးအနက် ခုတင်နှစ်လုံး၏အကြားတွင် ကောက်ကောက်ကွေးကွေးနှင့် ပုံ့ပုံ့ကလေးလဲနေသော ပုံသဏ္ဌာန်တစ်ခု ရှိနေသည်။

ပစ်က ထိုပုံသဏ္ဌာန်ဆီသို့ ငုံ့လိုက်၏။ ထိုနေရာတွင် လဲနေသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိထားသော်လည်း တပ်အပ်သေချာစွာ သိလိုက်ရချိန်တွင် သွေးပျက်ပြီး ချောက်ချားသွားတော့သည်။ ထိုကဲ့သို့ ချောက်ချားသွားမှုက မှိန်းသေနတ်၏လက်ကိုင်ကို လက်ဖဝါးသက်သက်နှင့်ပင် ကျိုးကြေသွားအောင် ဖျက်ဆီးပစ်နိုင်မည့်အလား ပစ်က တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိတော့သည်။

မတ်ချ်သည် သွေးအိုင်ထဲတွင် ခွေခွေစောင်းစောင်းကလေး လဲကျနေသည်။ သူ့လက်နှင့်ခြေထောက်များသည် ပျော့ပျော့အိအိနှင့် ပုံပျက်ပန်းပျက် ကွေးကောက်နေကြသည်။ သူ မည်ကဲ့သို့ သေဆုံးသွားရရှာသည်ကို အလွယ်တကူ သိနိုင်ပါသည်။ ရင်ဘတ်ပေါ်ရှိ သေးငယ်ပြီး ဝိုင်းစက်သော အပေါက်ကလေးနှစ်ပေါက်မှ သွေးများ ယိုစီးနေပြီး ထိုအပေါက်ကလေးများသည် ကျောရိုးဘက်သို့ ဖောက်ထွက်သွားကြသည်။

မတ်ချ်သည် ကားတိုက်ခံလိုက်ရသော တိရစ္ဆာန်တစ်ကောင်ပမာ သို့မဟုတ် သေသွားချိန်တွင် စွန့်ပစ်ခံလိုက်ရသော တိရစ္ဆာန်တစ်ကောင်ပမာ အေးစက်နေသော သံမဏိကုန်းပတ်ပေါ်တွင် မျက်စိအပြူးသားနှင့် သွေးအိုင်ထဲတွင် ခွေခွေကလေး ရှိနေသည်။

ပစ်သည် အောက်သို့ ငုံ့လိုက်ပြီးနောက် မတ်ချ်၏ မျက်လုံးများကို အသာအယာ ပိတ်ပေးလိုက်၏။ ထို့နောက် ပစ်သည် သူ၏ခန္ဓာကိုယ်ကို စက်ဝိုင်းခြမ်းသဏ္ဌာန် ချာခနဲ ပြန်လှည့်လိုက်ပြီးနောက် သူ့နောက်ဘက်တွင်ရှိနေသောပုဂ္ဂိုလ်၏ ဝမ်းဗိုက်ထဲသို့ မှိန်းသေနတ်ပြောင်းကို ထိုးသွင်းလိုက်ပြီး ခလုတ်ကို ဆွဲဖြုတ်လိုက်တော့သည်။

သူသည် ကုန်းပတ်ပေါ်၌ အလျားလိုက် ရွေ့လျားလာပြီး နံရံပေါ်သို့ ဒေါင်လိုက် ကျရောက်လာသောအရိပ်နှင့် အချိန်ကိုက်၍ လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

ဖြူဖွေးနေသော နံရံပေါ်တွင် ကျရောက်နေသော အရိပ်မည်းကြီးကြောင့် ထိုပုဂ္ဂိုလ်၏လက်ထဲတွင် သေနတ် သို့မဟုတ် တင်းပုတ်တစ်ခု၏ ခပ်ဝါးဝါးပုံရိပ်ကို မြင်နေရသည်ဖြစ်ရာ ပစ်သည် အနည်းငယ် နောက်ကျသွားမည်ဆိုပါက သူကိုယ်တိုင်လည်း မတ်ချ်ကဲ့သို့ပင် အနိစ္စသ[illegible] ကိစ္စချောသွားမည်သာ ဖြစ်ပေသည်။




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သို့တိုင်အောင် သူ့အား ရန်မူသောပုဂ္ဂိုလ်သည် အရပ်ရှည်ရှည်၊ အမွေးထူထူ၊ ဗိုက်ပူပူနှင့် အစိမ်းရောင် အဝတ်အစားစကလေးကို နံငယ်ပိုင်းပမာ ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်ကြောင်း မြင်လိုက်ရသည်ဆိုရုံမျှသာ ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်၏မျက်နှာမှာ အကင်းပါးပုံရပြီး မျက်လုံးပြာပြာ၊ ဝင်းဝါနေသော ရွှေရောင်ဆံပင်တို့ကြောင့် လူချောတစ်ယောက်ပင် ဖြစ်သည်ဟု ဆိုနိုင်လောက်သည်။ ပစ်သည် ထိုရုပ်သွင်ကို မကြာခင် မေ့သွားတော့သည်။

ကာဗွန်ဒိုက်အောက်ဆိုဒ်ဓာတ်ငွေ့များသည် လူ့အသားထဲသို့ ပြင်းထန်သောဖိအားနှင့် တရှုးရှုးမြည်ပြီး ဝင်သွားသည်။ ထိုပုဂ္ဂိုလ်၏ကိုယ်လုံးကြီးသည် ချက်ချင်းလိုလိုပင် ပုံပျက်ပန်းပျက်နှင့် အရုပ်ဆိုး အကျည်းတန်လှစွာ အဆမတန် ကြီးထွားလာသည်။ ထိုသူ၏ ဝမ်းဗိုက်ကြီးသည် ဖောင်းတက်လာသလို နံရိုးကြားတွင်ရှိသော အရေပြားများကလည်း စူထွက်လာသည်။ ကုန်းပတ်ပေါ်၌ ခြောက်ပေခန့်အထိ ရောက်အောင် နှာခေါင်းထဲနှင့် နားထဲမှ ပန်းထွက်လာကြသော အစိမ်းပုပ်ရောင်အရည်များနှင့် မူလအရွယ်ထက် နှစ်ဆခန့်အထိ သွေးခဲကြီးပမာ ကြီးထွားလာသောပါးစပ်ကြီးကြောင့် သူ့မျက်နှာပေါ်၌ ထိတ်လန့်တကြားဖြစ်သွားသော အမူအရာသည် တွန့်ပိုင်းအတွင်း ပျက်စီးသွားရတော့သည်။ ခန္ဓာကိုယ်အတွင်းပိုင်းမှ အစိတ်အပိုင်းများသည် နီရဲသောအပိုင်းအစများအဖြစ် ပါးစပ်မှ အန်ထွက်လာကြချိန်တွင် မျက်လုံးအိမ်ထဲမှ မျက်လုံးနှစ်လုံးကလည်း ဖောင်းပွနေသော ပါးပြင်ပေါ်တွင် ဘောလုံးကလေးနှစ်လုံးကို ကြိုးနှင့် ချိတ်ဆွဲထားသည့်အလား တွဲလောင်းကျနေကြသည်။ ထူးထူးခြားခြား ပုံပျက်သွားသော ထိုခန္ဓာကိုယ်ကြီးမှ လက်နှစ်ဖက်သည် ဘေးနှစ်ဖက်သို့ ဆန့်တန်း၍ ထွက်လာကြပြီး ကုန်းပတ်ပေါ်သို့ နောက်ပြန်လဲကျသွားသည်။

ထို့နောက် ခန္ဓာကိုယ်၏ဒွါရပေါက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ ပြန်ထွက်သွားကြချိန်တွင် ထိုခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း ပိန်ရှုံ့သွားပြီး မူလအရွယ်သို့ ပြန်လည် ရောက်ရှိသွားတော့သည်။

ရင်ဘတ်ထဲမှ ပျို့ပျို့ပြီး တက်လာနေသော ပစ်သည် စိတ်မကောင်းစရာ ထိုမြင်ကွင်းမှ သူ့မျက်နှာကို ပြန်လှည့်လိုက်ပြီးနောက် ရှေ့သို့ ကုန်းလိုက်ပြီး မတ်ချ်၏အလောင်းကို ပွေ့ယူ၍ အိပ်ရာတစ်ခုပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ပစ်သည် လက်ဖတင်နင်မတ်ချ်အား စောင်တစ်ထည်နှင့် ဖုံးအုပ်ပေးလိုက်၏။ ပစ်၏မျက်လုံးအစုံသည် ကြေကွဲဝမ်းနည်းနေပြီး ဒေါသထွက်နေကြသည်။ သူသည် မလှုပ်မယှက်ရှိနေသော ထိုအလောင်း၏နံဘေးတွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး -

'ငါက မင်းကို အသေမခံသင့်ပါဘူးကွာ။ ခိုးမှုပဲ မတ်ချ်ရေ၊ မင်းကို ငါ လုံးဝ အသေမခံသင့်ပါဘူးကွာ'





ဟု အော်ပစ်ချင်စိတ် ဖြစ်ပေါ်လာသည်။

ပစ် ပြန်ထလိုက်၏။ သူ့ခြေထောက်မခိုင်ဘဲ ယိုင်တိုင်တိုင် ဖြစ်နေသည်။ ဤအမှုကိစ္စသည် ထူးထူးခြားခြား ပြောင်းလဲသွားခဲ့လေသည်။ ဟာဝေယံဝဲကတော့သည် သူတို့ကို နိုင်လုနီးပါး ဖြစ်သွားခဲ့သည်။ ဖားရစ်ကလွဲလျှင် ကွန်မင်ဒါဒူပရီနှင့် စတားဘတ်ခ်မှ သင်္ဘောသားအားလုံး သေဆုံးသွားပြီ ဆိုသောအသိက ပစ်၏တစ်ကိုယ်လုံးအား မလှုပ်ရှားနိုင်အောင် ချုပ်ကိုင်ထားခဲ့သည်။

သူသည် ကုန်းပတ်ပေါ်မှ ပုံပျက်ပန်းပျက်ဖြစ်နေသော ခန္ဓာကိုယ်ကို နောက်တစ်ကြိမ် လှည့်ကြည့်ရင်း သူသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိသော်လည်း လက်ဆုပ်လက်ကိုင် ပြနိုင်သော သက်သေခံအထောက်အထားတစ်ခုကို မြင်တွေ့နေရကြောင်း သတိပြုလိုက်မိသည်။

ထိုသူသည် အခြားကမ္ဘာမှလာသော စွမ်းအားရှိသူ ဂြိုဟ်သားတစ်ဦး မဟုတ်ပါ။ ခြေနှစ်ချောင်း၊ လက်နှစ်ဖက်နှင့် သူလိုငါလို လူသားတစ်ဦးသာ ဖြစ်ပေသည်။

ပစ်သည် ထပ်မံ၍ လေ့လာရန် စောင့်ဆိုင်းမနေတော့ပါ။ လူမသိသူမသိအောင် ဖုံးဖိထားရမည့်အချိန်ပိုင်းသည် ကုန်ဆုံးသွားလေပြီ။ သူ့အနီးအနားတွင် ထိုလူစုထဲမှ နောက်ထပ် တစ်ယောက် ရှိနေသေးသည်ဆိုပါက ပစ်က ထိုသူ့အား မှိန်းသေနတ်နှင့် ပစ်သတ်နိုင်တော့မည် မဟုတ်ပါ။ မှိန်းသေနတ်ထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကုန်သွားခဲ့လေပြီ။ မှိန်းသေနတ်သည် တစ်ချက်သာပစ်ရသောသေနတ် ဖြစ်သည်။

ပစ်သည် စိတ်ပျက်အားငယ်သွားမိသည်။ ထို့နောက် နံရံပေါ်မှ အရိပ်ထဲတွင် သူ မြင်လိုက်ရသောလက်နက် တစ်နည်း ပြောရသော် မတ်ချ်ကို သတ်ခဲ့သောလက်နက်အား ရုတ်တရက် သတိရလိုက်၏။

သူသည် ခြေလှမ်း နှစ်လှမ်း လှမ်းလိုက်ရုံမျှနှင့်ပင် ခွဲစိတ်ကုသသောစားပွဲခုံအောက်သို့ ရောက်သွားသော ထိုလက်နက်ကို ရှာတွေ့သွားသည်။ ထိုလက်နက်ပုံစံသည် ပစ္စတိုသေနတ်နှင့် မတူဘဲ လက်အိတ်အငယ်စားကလေးနှင့် ပိုတူနေသည်။ သေနတ်ဒင်မှာ လက်ချောင်းတစ်ချောင်းစီအတွက် သီးသီးသန့်သန့် အချိုင့်ကလေးများ ထွင်းပေးထားသော ဒင် ဖြစ်သည်။ ထိုဒင်အား လက်နှင့် ဆုပ်ကိုင်လိုက်သည့်အခါ ဒင်နှင့်လက်မှာ တစ်သားတည်းလိုလို အံဝင်ခွင်ကျ ဖြစ်သွားတော့သည်။ ထိုသေနတ်ကို ဆုပ်ကိုင်ထားသောပုဂ္ဂိုလ်၏ လက်မပေါ်၌ နှစ်လက်မခန့်ရှည်သော ပြောင်းတိုကလေးရှိပြီး ထိုသေနတ်တွင် သေနတ်မောင်း [illegible] ရှိချေ။ သေနတ်မောင်း အစား လက်ချောင်းတစ်ချောင်း၏ [illegible] အောက်ဘက်တွင် ကြယ်သီးကလေးနှင့်တူသော ခလုတ်[illegible] ကလေးတစ်ခုရှိနေသည်။ ထိုခလုတ်ကလေးကို တစ်အောင်[illegible] မျှသာရှိသော ဖိအားကလေးနှင့်ဖိ၍ ထိုသေနတ်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ပစ်သည် ထိုသေနတ်ကို စမ်းသပ်နိုင်အောင် စောင့်မနေတော့ပါ။ သူသည် ရေဒီယိုခန်းသို့ ကမန်းကတန်း ပြေးသွားပြီး မလိုက်ချင်သောကြောင့် ဆန့်ကျင် ကန့်ကွက်နေသော ဖားရစ်ကို လက်မောင်းမှဆွဲ၍ အရေးပေါ်ထွက်ပေါက်ဆီသို့ ပြေးထွက်လာတော့သည်။

သူတို့သည် အန္တရာယ်မှ လွတ်မြောက်လုနီးပါး ဖြစ်ခဲ့ရသည်။ အင်ဂျင်နှင့် ဓာတ်ပေါင်းဖိုခန်းထဲတွင် ဆယ်လှမ်းခန့် ဆက်၍ လှမ်းလိုက်မည် ဆိုပါက သူတို့သည် တော်ပီဒိုအခန်းဆီသို့ ရောက်နိုင်ကြလိမ့်မည် ဖြစ်သည်။

ပစ်သည် အစိမ်းရောင် ဘောင်းဘီတိုကလေးကို ဝတ်ထားပြီး သူ့လက်ထဲတွင် ကိုင်ထားသောသေနတ် လက်နက်မျိုးကို ဆုပ်ကိုင်ထားသူ လူထွားကြီးတစ်ယောက်နှင့် ရုတ်တရက် ရင်ဆိုင်လိုက်ရသောကြောင့် ဖြုန်းခနဲ ရပ်တန့်လိုက်ရ၏။

သို့ရာတွင် ပစ်က ပို၍ ကံကောင်းသည်။ ပစ်က တစ်ဖက်လူအား အငိုက်တွင် အမိဖမ်းနိုင်ခဲ့သည်။ ပစ်က တစ်ဖက်လူနှင့် ရင်ဆိုင်ရမည့် တိုက်ပွဲကို ကြိုတွေးပြီး ပူပန်နေခဲ့သော်လည်း တစ်ဖက်ပုဂ္ဂိုလ်က ထိုကိစ္စကို ကြိုတွေးမိဟန် မတူ။ သူက 'မင်းဘယ်သူလဲ'၊ 'မင်း ဒီမှာ ဘာလုပ်နေတာလဲ' ဟု မမေးနိုင်ခင် ပစ်က သူ့လက်နက်မှ ခလုတ်ကို နှိပ်လိုက်သောကြောင့် ထိုလက်နက်မှာ ဖျော့တွန်သံကဲ့သို့ မြည်သွားတော့သည်။

ပစ်၏ ခြောင်းဝမှ ထွက်လာသော ထိုကျည်ဆန်ကလေးသည် ထိုပုဂ္ဂိုလ်၏နဖူးအား ထိမှန်သွားသည်။ ထိုလူစိမ်းသည် တာ့ဘိုင်စက်ကြီးပေါ်သို့ ပြင်းထန်စွာ နောက်ပြန်၍ လဲကျသွားပြီး ရှေ့သို့ ပြန်၍ လဲကျလာပြန်သဖြင့် သူ့ခေါင်းနှင့်ရင်ဘတ်သည် ကုန်းပတ်ပေါ်တွင် လေးလေးပင်ပင်ကြီး ဆောင့်မိသွားလေတော့သည်။ ပစ်သည် ထိုပုဂ္ဂိုလ်အား ကွင်းရှောင်ခဲ့ပြီးနောက် ဖားရစ်အား တံခါးပေါက်ဝမှတစ်ဆင့် တော်ပီဒိုအခန်းထဲသို့ အတင်း ထိုးသွင်းလိုက်သည်။

ဖားရစ်သည် ခလုတ်တိုက်ပြီး ရှေ့သို့ လဲကျသွား၍ ကုန်းပတ်ပေါ်တွင် ကားကားကြီးဖြစ်နေပြီး ပစ်ကိုပါ သူနှင့်အတူ တစ်ပါတည်း ဆွဲခေါ်သွားတော့သည်။

ပစ်သည် တံခါးအောက်ဘက်တွင် တပ်ထားသည့် သံပြားတံခါးပေါင်ကို ဒူးဆစ် အောက်ဘက်နှင့်ပင် ခလုတ်တိုက်မိသောကြောင့် အလွန်နာကျင်သွားပြီး ထိုဝေဒနာကြောင့် ပင်လယ်ထဲတွင် သေနတ်သည် လွတ်ကျသွားရလေတော့သည်။

သို့သော် ပစ်သည် ကုန်းပတ်ပေါ်မှ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနှင့် ပြန်ထလိုက်စဉ် တော်ပီဒိုထားသောအခန်းထဲသို့ မစူးမစမ်းဘဲ ခြေစုံပစ်၍ ဝင်ခဲ့မိသည်မှာ မှားလေပြီ ဆိုသောအသိက တစ်ကိုယ်လုံးကို





ထုံကျဉ်သွားလုမတတ် ဖုံးလွှမ်းသွားတော့သည်။

ထိုအခန်းထဲတွင် မတ်တတ်ရပ်နေသူ နှစ်ဦးအနက် တစ်ဦးဦးတော့ သူ့အား ရယ်စရာကောင်းလောက်အောင် လွယ်ကူစွာ သတ်နိုင်ကြမည်ဖြစ်သဖြင့် သူ နောက်ကျခဲ့လေပြီဟု သိလိုက်သော်လည်း သူသည် ထူးဆန်းသောသေနတ်ကို လက်နှင့် စမ်း၍ ကမန်းကတန်း ရှာဖွေနေမိဆဲပင်တည်း။

"ပစ်လား"

ထိုနှစ်ယောက်အနက် ပို၍ သေးကွေးသောပုဂ္ဂိုလ်က မေးလိုက်သည်။

ပစ်သည် မာသာအန်းမှ ပွဲကိုင်သူ၏မျက်နှာကို စေ့စေ့စပ်စပ် မမြင်ရခင် အချိန်အထိ သူနှာနှင့် သူဦးနှောက်တို့က သူ့ကို လှည့်ဖြားနေသည်ဟု ထင်မိခဲ့သည်။

ပစ်က လွတ်ခနဲ ပြောချလိုက်၏။

"မင်းက တို့နောက်ကို လိုက်လာသလား"

ပွဲကိုင်သူက ပြန်ဖြေသည်။

"ခင်ဗျားနဲ့ မတ်ချ်တို့အတွက် အသက်ရှူဖို့ လေကုန်သလောက်ဖြစ်နေပြီလို့ ကွန်မင်ဒါဗိုလန်က ထင်လိုက်တယ်။ ဒါကြောင့် ကျုပ်တို့ကို လေဘူးအပိုတွေနဲ့ လွှတ်လိုက်တာ။ ကျုပ်တို့က အရေးပေါ်ထွက်ပေါက်ကတစ်ဆင့် ဒီအထဲကို ဝင်လာကြတာလေ။ အဲဒီအထဲမှာ ခြောက်သွေ့နေလိမ့်မယ်လို့ ကျုပ်တို့က လုံးဝ မမျှော်လင့်ခဲ့ကြဘူး"

ကြောင်စီစီ ဖြစ်နေသော ပစ်၏ဦးနှောက်သည် ယခုအချိန်တွင် ပြန်၍ ကြည်လင်စပြုလာလေပြီ။

"ကျုပ်တို့အတွက် အချိန် သိပ်မရှိတော့ဘူး။ ခင်ဗျား ဒီအခန်းကို ရေလျှံသွားအောင် လုပ်ပစ်နိုင်သလား"

ပွဲကိုင်သူက ပစ်အား ပြန်စိုက်ကြည့်နေသည်။ ရိုးရိုးသဘောသား တစ်ဦး ဖြစ်သည်ဟု ပစ်က သိထားသော ကျန်တစ်ယောက်ကမူ ကြောင်စီစီပင် ဖြစ်သွားတော့သည်။

"ခင်ဗျားက ရေလျှံအောင် လုပ်ချင်တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆိုမှ၊ ကျုပ်က ဒီသင်္ဘောကို တစ်လအတွင်း ဘယ်သူကမှ လာမဆယ်နိုင်အောင် လုပ်ထားခဲ့ချင်တာ"

"ကျုပ် မလုပ်နိုင်ဘူး"

ပွဲကိုင်သူက တွန့်ဆုတ်ဆုတ်နှင့် ပြောလိုက်သည်။

ပစ်က လေသံ ပျော့ပျော့ကလေးနှင့် ပြောလိုက်၏။

"အချိန် သိပ်ဖြုန်းလို့ မဖြစ်တော့ဘူးဗျ။ မတ်ချ်တစ် [illegible] ရှာပြီ။ ကျုပ်တို့ကသာ ခပ်မြန်မြန်ထက်ထက် မလုပ်ကြ [illegible] တို့လည်း သေကုန်ကြလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"လက်ဖတင်နင်မတ်ချ်၊ သေပြီ၊ ဟုတ်လား၊ ကျုပ်တော့ နားမလည်ဘူး။ ဘာဖြစ်လို့ ဒီသင်္ဘောကို ရေလျှံအောင် လုပ်ခဲ့ရမှာလဲ"

"အဲဒါက အရေးမကြီးပါဘူးဗျာ"

ပစ်သည် ပွဲကိုင်သူ၏မျက်လုံးအစုံကို တည့်တည့် စိုက်ကြည့်လိုက်သည်။

"ကျုပ် လုံးဝ တာဝန်ယူပါ့မယ်"

ထိုစကားလုံးများသည် နှုတ်ဖျားမှ အကုန်အစင် ထွက်မလာသေးမီ အနှစ်သာရ ကင်းမဲ့ပြီး တန်ဖိုးမရှိသော စကားလုံးများကို မတ်ချ်အား ပြောမိခဲ့သေးသည် ဆိုသောအသိက သူ့အား ဓားနှင့် ထိုးလိုက်သလို နာကျင်၍ သွားစေခဲ့သည်။

ကျန် သင်္ဘောသား တစ်ယောက်က ကုန်းပတ်ပေါ်တွင် ထိုင်၍ ငူငူငေါင်ငေါင်ကြီး ဖြစ်နေသော ဖားရစ်အား လက်ညှိုးထိုးပြီး မေးလိုက်သည်။

"သူက ဘယ်သူလဲ"

ပစ်က ဖြေလိုက်၏။

"စတားဘတ်ခ်ရဲ့ သင်္ဘောသားတွေထဲက မသေဘဲ ကျန်ရစ်ခဲ့တဲ့ လူလေး၊ ကျုပ်တို့က သူ့ကို အပေါ် ခေါ်သွားမှ ဖြစ်လိမ့်မယ်။ သူ့ကို ချက်ချင်း ဆေးကုပေးဖို့ လိုလိမ့်မယ်"

ထိုသင်္ဘောသားသည် လွန်ခဲ့သော လပေါင်းများစွာက သေသင့်သော ပုဂ္ဂိုလ်တစ်ယောက်အား တွေ့လိုက်ရသည့်အတွက် အံ့အားသင့်သွားသည် ဆိုပါက ထိုအံ့အားသင့်သွားမှုသည် သူ့မျက်နှာပေါ်၌ ပေါ်လွင်ခြင်း မရှိပါ၊ ထိုလူက အံ့သြသွားရမည့်အစား ကွဲပြဲပြီး သွေးထွက်နေသော ပစ်၏ခြေထောက်ကို ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

"ခင်ဗျား ကိုယ်တိုင်လည်း ဆေးကုသတာကို ခံရလိမ့်မယ်"

ခြေထောက်မှ နာကျင်သောဝေဒနာသည် ပျောက်ကွယ်နေပြီ ဖြစ်သလို အရိုးကျိုးအက်မှုကြောင့် ဖြစ်ပေါ်တတ်သော ရောင်ရမ်းမှုများ မရှိသဖြင့် ကျေးဇူးတင်ရပါသေးသည်။

"ကျုပ် မသေနိုင်သေးပါဘူး"

ပစ်က ပွဲကိုင်သူဘက်သို့ လှည့်လိုက်ပြန်၏။

"ဒီအခန်းကို ရေလျှံအောင် လုပ်တော့ဗျာ"

ပွဲကိုင်သူက စက်ရုပ်ဆန်ဆန် ပြန်ဖြေလိုက်သည်။

"ခင်ဗျား ဆန္ဒအတိုင်းပါပဲဗျာ။ ကျုပ်က မကျေမနပ်နဲ့ လုပ်ရမှာ"

ပစ်က စိတ်တိုတိုနှင့် ပြောလိုက်၏။

"ခင်ဗျားက မကျေနပ်ဘူးဘဲ ထားပါ၊ ခင်ဗျား လုပ်ပေးနိုင်သလား"

"ကျုပ်တို့ ဘာပဲလုပ်လုပ် အင်မတန်တော်တဲ့ သင်္ဘောဆယ်ယူရေး





အဖွဲ့တစ်ဖွဲ့က အဲဒီရေတွေကို တစ်နာရီအတွင်း ပြန်မှုတ်ထုတ်ပစ်နိုင်လိမ့်မယ်။ ဒီအခန်းထဲမှာရှိတဲ့ အရေးပေါ်ထွက်ပေါက်ဟာ ဒီအခန်းထဲကို ဝင်နိုင်တဲ့ တစ်ခုတည်းသော ဝင်ပေါက်ပဲ။ ဒီတော့ အဲဒီအခန်းက တစ်ဆင့် ရေငုပ်သင်္ဘောရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့နေရာကို ချက်ချင်း ရောက်နိုင်တော့တဲ့ အတွက် နည်းနည်းတော့ ပိုကြာသွားမှာပေါ့လေ။ အကောင်းဆုံး အဖြေကတော့ လေနဲ့ မှုတ်ထုတ်တာကို ကာကွယ်နိုင်ဖို့ အရေးပေါ်အဆို့ရှင်လေပေါက်တွေကို ဖွင့်မရအောင် ပိတ်ပစ်ခဲ့ရမယ်။ တော်ပီဒိုထားတဲ့ အခန်းထဲကို ရေ အမြဲတမ်း ဝင်နေအောင် တော်ပီဒိုတွေ သည့်ထားတဲ့ဘူးတွေကို ဖွင့်ထားခဲ့ရမယ်။ အဲဒီနောက်တော့ ရေစုပ်စက်တွေကို အပြင်ဘက်က လျှပ်စစ်ဓာတ်အားနဲ့ ဆက်သွယ်ပြီး ရေစုပ်ယူမယ့်လူတွေ အလုပ်မဖြစ်အောင် အဲဒီရေစုပ်စက်တွေက ဓာတ်ကြိုးတွေကို ဖြုတ်တောက်ပစ်ခဲ့ရမယ်။ ကျုပ်တို့ ဘယ်လို ဖျက်ဆီးပစ်ခဲ့တယ် ဆိုတာကို သဘောပေါက်အောင် စဉ်းစားယူဖို့က တစ်ရက်ခွဲလောက် အချိန်ကြာလိမ့်မယ်။ အဲဒီနောက်တော့ အစစအရာရာကို နဂိုအတိုင်း ပြန်ဖြစ်အောင်လုပ်ပြီး ရေတွေကို ပြန်ထုတ်ပစ်ဖို့က တစ်နာရီ နှစ်နာရီလောက်ပဲ ကြာလိမ့်မယ်"

"ဒါဖြင့်ရင် ခင်ဗျားက အင်ဂျင်စက်ခန်းတံခါးကို စပြီး ပိတ်ပေတော့လို့ အကြံပေးချင်တယ်"

ပွဲကိုင်သူက ခပ်ဖြည်းဖြည်း ပြောလိုက်ပြန်၏။

"နောက်ထပ် လေးငါးနာရီ ပိုကြာအောင် လုပ်တဲ့ နည်းတစ်နည်း ရှိသေးတယ်"

"ဘယ်လိုပါလိမ့်"

"ဓာတ်ပေါင်းဖိုတွေကိုပါ ပိတ်ပစ်လိုက်"

"မဖြစ်ဘူး"

ပစ်က ခိုင်ခိုင်မာမာ ပြောလိုက်သည်။

"ကျုပ်တို့ အဆင်သင့် ဖြစ်ပြီ ဆိုရင်တော့ ဓာတ်ပေါင်းဖိုကို ပြန်နှိုးဖို့အတွက် နောက်ထပ် အချိန်ကုန် မခံတော့ဘူး"

ပွဲကိုင်သူက ပစ်အား ခပ်တည်တည်နှင့် ပြန်ကြည့်လိုက်၏။

"ခင်ဗျား လုပ်တာတွေသာ ကိုးရိုးကားရား ဖြစ်ကုန်ရင် ကျုပ်တို့ကို ဘုရားမှ ကယ်နိုင်တော့မှာပဲ"

ထို့နောက် သူက သင်္ဘောဘက်သို့ လှည့်လိုက်၏။

"မင်းက ရေစုပ်စက်က ဝိုင်ယာကြိုးတွေကို ဖြုတ်ပစ်ပြီး တော်ပီဒိုဘူးအတွင်းဘက်က တံခါးတွေကို ဖွင့်ကွာ၊ ငါက အဆို့ရှင်လေပေါက်တွေနဲ့ တော်ပီဒိုဘူးရဲ့ အပြင်ဘက်တံခါးတွေကို တာဝန်ယူမယ်"

သူက ပစ်ဘက်သို့ လှည့်လိုက်ပြန်၏။

"ကဲ - မစ္စတာပစ်၊ ကျုပ်တို့က မကောင်းတဲ့အလုပ်ကို စလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်။ ဒါပေမယ့် ခင်ဗျားလုပ်တဲ့အလုပ်သာ မှားယွင်းသွားခဲ့မယ်ဆိုရင် ကျုပ်တို့ဟာ ဒီကိစ္စအတွက် အိုမင်းမစွမ်းတဲ့အချိန်အထိ ပေးလျော်နေရကြလိမ့်မယ်"

ပစ်က ပြုံးလိုက်၏။

"ကံနည်းနည်းကောင်းမယ်ဆိုရင် ခင်ဗျားက ဘွဲ့တံဆိပ်တွေ ဘာတွေတောင် ရချင် ရမှာပါဗျာ"

ပဲ့ကိုင်သူက ရှုံ့မဲ့ပြလိုက်၏။

"ကျုပ်ကတော့ ဒါကို လုံးဝ မယုံကြည်ဘူး"

ဗိုလန်သည် တပည့်တပန်း ရွေးချယ်ရာတွင် အလွန်တော်သူ ဖြစ်သည်။ ဆယ်ယူရေးအဖွဲ့မှ သင်္ဘောသားနှစ်ယောက်သည် သူတို့အလုပ်ကို တည်တည်ငြိမ်ငြိမ်နှင့် ကောင်းကောင်းမွန်မွန် လုပ်ကိုင်သွားကြသည်။ အစစအရာရာ အဆင်ပြေ၍ ချောချောမောမော ပြီးစီးသွားသည်။

ပဲ့ကိုင်သူသည် အရေးပေါ် အဆို့ရှင် လေပေါက်များကို ဖွင့်မရအောင် ပိတ်ပစ်ရန်၊ အပြင်ဘက်မှ တိုပီဒိုတစ်ခုစီ၏ တံခါးပေါက်များကို ဖွင့်ထားရန် အရေးပေါ်ထွက်ပေါက်တံခါးမှတစ်ဆင့် အပြင်ဘက်သို့ ထွက်သွားတော့သည်။ ၎င်းအပြင် ပစ်က သူ့ခြေထောက်ကို အိပ်ရာခင်းမှ ဆုတ်ဖြဲထားသော အစတစ်ခုနှင့် ရစ်ပတ်၍မှ မပြီးသေးမီ ကြိုတင်၍ သဘောတူညီထားကြသည့်အတိုင်း ပဲ့ကိုင်သူက သူ၏တာဝန် ပြီးဆုံးပြီဖြစ်ကြောင်း အရေးပေါ်ထွက်ပေါက်တံခါးကို အချက်ပေးစနစ်ဖြင့် ခေါက်၍ သတင်းပို့လိုက်လေတော့သည်။

ပစ်က ဖားရစ်အား အရေးပေါ်ထွက်ပေါက် အခန်းကလေးထဲသို့ ဆွဲသွင်းနေစဉ် ကျန်နေသော သင်္ဘောသားတစ်ယောက်က တိုပီဒိုထားသောအခန်းထဲသို့ ရေဝင်လာအောင် အဆို့များကို ဖွင့်ပစ်လိုက်သည်။ အပြင်ဘက်က ဝင်လာသော ရေမျက်နှာပြင်သည် မျက်နှာကြက်နှင့် နှစ်ပေခန့်သာ ကွာဝေးတော့ပြီး အတွင်းဖိအားနှင့် ညီသလောက် ရှိသွားသောအခါ ထိုသင်္ဘောသားသည် ရေထဲသို့ ငုပ်လိုက်ပြီး အတွင်းဘက်မှ တိုပီဒိုထားသော ပြွန်လုံးကြီးများ၏ တံခါးများကို ဖွင့်ပစ်လိုက်သည်။

ပစ်သည် ဖားရစ်အား လေဘူးနှင့် လေရှူရန် ကိရိယာတို့ကို အတင်းအဓမ္မ ဝတ်ဆင်ပေးလိုက်ရသည့်အပြင် ရေကာမျက်နှာဖုံးကိုလည်း တပ်ဆင်ပေးလိုက်သည်။

"သူ အပေါ်ကို ရောက်အောင် ကျွန်တော် တာဝန်ယူလိုက်ပါ့မယ် ဆရာ"

တိုပီဒိုခန်းထဲမှ သင်္ဘောသားသည် ဖားရစ်အနားသို့ တိုးကပ်သွားပြီး ဖားရစ်၏ခါးကို မြဲမြဲမြံမြံ ဆုပ်ကိုင်ရင်း ပစ်အား ပြောလိုက်ခြင်းဖြစ်သည်။

ထိုတာဝန်ကို သူ မယူလိုက်ရသောကြောင့် ကျေးဇူးတင်သွားသော





ပစ်သည် သာမန်မျှသာ ခေါင်းညိတ်ပြလိုက်ပြီး ရေငုပ်ကိရိယာမှ လေကုန်နေပြီဖြစ်သော လေဘူးနှင့် နောက်ထပ် ယူလာသော လေဘူးအသစ်တို့ကို လဲလှယ် တပ်ဆင်၍ ရေငုပ်ကိရိယာကို ကမန်းကတန်း ဝတ်လိုက်သည်။

ထို့နောက် အပြင်ဘက်တွင်ရှိသော ပဲ့ကိုင်သူက အရေးပေါ်ထွက်ပေါက်တံခါးအား အပြင်ဘက်သို့ ဆွဲဖွင့်ပေးနိုင်အောင် အခန်းထဲတွင်ရှိသော သင်္ဘောသားက တံခါးကို စားမြှောင်လက်ကိုင်နှင့် ခေါက်၍ အချက်ပေးလိုက်သည်။

သီအိုရီအရ ပြောရမည် ဆိုပါက သူတို့သည် ရေငုပ်သင်္ဘောထဲမှ အပြင်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် လေပူပေါင်းကလေးများ၏ တွန်းတင်အားနှင့်အတူ ရေမျက်နှာပြင်ပေါ်သို့ ချောချောမောမော ရောက်ရှိသွားနိုင်ကြမည်သာ ဖြစ်သည်။

သို့ရာတွင် သီအိုရီတိုင်းတွင် မျှော်လင့်မထားသော ကိစ္စရပ်များအတွက် ခြွင်းချက် မပါရှိတတ်ချေ။

ပစ်၏လေဘူးမှ အဆို့ရှင်သည် အရေးပေါ်ထွက်ပေါက်မှ တံခါးစွန်းနှင့်ငြိနေသောကြောင့် အခြား ပုဂ္ဂိုလ်များက အပေါ်သို့ ကူးတက်သွားကြချိန်တွင် ပစ်သည် သူတို့၏နောက်ဘက်၌ ကျန်ရစ်ခဲ့တော့သည်။

အခြား ပုဂ္ဂိုလ်များက ခါတ်လှေကားနှင့် တက်ရသလို လေပူပေါင်းကလေးများ၏ တွန်းတင်အားကြောင့် လျင်မြန်စွာ တက်သွားနိုင်ကြသော်လည်း ပစ်သည် သူတို့နည်းတူ လိုက်လာနိုင်စွမ်း မရှိသည်ကို သတိပြုမိကြသောကြောင့် ပစ်သည် ထိုနေရာတွင် တစ်မိနစ်ခန့်ကြာအောင် ခိုကိုးရာမဲ့ဖြစ်ပြီး ကျန်ရစ်ခဲ့တော့သည်။

တံခါးစွန်းနှင့် ငြိနေသောအဆို့ရှင် လွတ်ထွက်သွားအောင် မိမိ၏ ခန္ဓာကိုယ်ကို အောက်ဘက်သို့ ပြန်ဖိချရသည့်ကိစ္စမှာ အံတော်အတန် လွယ်ကူပါသော်လည်း ပစ်က ကျယ်ပြန့်သောရေထုထဲသို့ ကူးတက်လာချိန်တွင် သူ မျှော်လင့်မထားသောအန္တရာယ်က သူ့ထံသို့ ကူးခတ်လာလေတော့သည်။

ထိုအန္တရာယ်မှာ ဆယ့်နှစ်ပေ ရှည်လျားသော ကျွဲငါးမန်းတစ်ကောင်ပင်တည်း။

ထိုကျွဲငါးမန်းကြီးသည် သူ့ကို သတိမပြုမိဘဲ သူ့ဦးခေါင်းပေါ်မှ ကျော်ဖြတ်သွားလိမ့်မည်ဟု ပစ်က ထင်လိုက်မိ၏။ သို့ရာတွင် ကျွဲငါးမန်းကြီးသည် သင်တုန်းဓားကဲ့သို့ ထက်သောသွားများ အပြည့် ရှိနေသည့် ပါးစပ်ကြီးကို ဟရင်း သူ့ဆီသို့ ကွေ့ဝိုက်၍ ကူးခတ်လာလေပြီ။

ပစ်၏ဦးနှောက်ထဲတွင် အတွေးမျိုးစုံ ဖြစ်ပေါ်လာကြတော့သည်။ အသုံးမဝင်တော့သော မှိန်းသေနတ်သည် ရေငုပ်သင်္ဘောထဲ၌ ကျန်ရစ်ခဲ့သည့်အပြင် သူ့လက်ထဲတွင် လက်နက်ဟူ၍ ပြစရာအဖြစ် လက်ဓါတ်



www.burmeseclassic.com

www.burmeseclassic.com


နှင့် ခပ်ဆင်ဆင်တူသော သေနတ်ကလေးသာ ရှိနေသည်။ ထိုသေနတ်ကလေးသည် အလေးချိန် ပေါင်နှစ်ထောင်ရှိသည့် အသားစားကြူးသော ရေဘီလူးကြီးအား လောက်လေးခွနှင့် ပစ်သကဲ့သို့ အရာမရောက်နိုင်ကြောင်း တွေးလိုက်မိသည့်အပြင် သူ့ခြေထောက်မှ စီးထွက်နေသော သွေးများကြောင့် ထိုရေဘီလူးကြီးက သူ့ထံသို့ တန်းတန်းမတ်မတ် လာနေခြင်းဖြစ်ကြောင်း သဘောပေါက်သွားတော့သည်။

ထိုငါးမန်းကြီးသည် သူ့ထံသို့ ကွေ့ဝိုက်၍ ကူးခတ်လာနေသည်ကို ပစ်သည် စိတ်ညို့ခံနေရသလို ငေးကြည့်နေမိသည်။

ထိုငါးမန်းကြီးသည် ပထမအခေါက်တွင် သူနှင့် လက်မ အနည်းငယ်မျှသာ ကွာဝေးသောနေရာမှ ကပ်၍ ကူးခတ်သွားခြင်းဖြစ်ရာ ပစ်က ငါးမန်းကြီး၏ပါးဟက်ကို ဘယ်ဘက်လက်သီးနှင့် ထိုးလိုက်မိသည်။

'တော်တော်တော့ ရယ်စရာကောင်းတဲ့ အပြုအမူပဲ' ဟု ပစ်က နှုတ်ခမ်းနှမ်းနှမ်း တွေးလိုက်မိသော်လည်း ရုတ်တရက် ထိတွေ့မှုက ထိုသတ္တဝါကြီးအား အံ့အားသင့်သွားစေခဲ့ပြီး ကျွဲငါးမန်းကြီးသည် ထိုနေရာမှ ချာခနဲ လှည့်၍ ဆက်ကူးသွားတော့သည်။

သို့သော် ငါးမန်းကြီးသည် 'ဂ'ငယ်ကွေ့ ကွေ့ပြီး ပြန်ကူးလာသည်။

ပစ်သည် ခြေထောက်မှ ရေယက်များကို သွေးရူးသွေးတန်း ကူးခတ်ရင်း ငါးမန်းကြီးနှင့် ရင်ဆိုင်လိုက်သည်။

ပစ်က အပေါ်ရှိ ရေမျက်နှာပြင်ဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏၊ ရေပြင်နှင့် ပေသုံးဆယ်လောက်ပင် မဝေးတော့ပါ။

သို့သော် သူ ရေပြင်ပေါ်သို့ ရောက်နိုင်တော့မည် မဟုတ်ပါ။

လူသားစား ရေဘီလူးကြီးသည် သူ့ထံသို့ ဒုတိယအကြိမ် ကူးခတ်လာနေပြီ ဖြစ်သလို သူ့ထံတွင်လည်း လက်ကျန် ဖဲတစ်ချပ်သာ ရှိပါတော့သည်။

ပစ်သည် လက်ကို ဆန့်တန်း၍ သေနတ်နှင့် ချိန်လိုက်၏။ သူပစ်ရမည့်အချိန်ထက် နောက်ကျသွားပါက ပစ်သည် ငါးမန်း၏ ပါးစပ်ထဲသို့ ရောက်ရှိသွားပေလိမ့်မည်။

ထိုသတ္တဝါကြီးသည် ဂုန္နီသိက္ခာကြီး တစ်ခွဲသားနှင့် သူ့ထံသို့ တည်ငြိမ်စွာ ကူးခတ်လာနေသည်။ ထိုအချိန်တွင် ပစ်သည် ခလုတ်ကို နှိပ်၍ ထိုရေသတ္တဝါကြီး၏ ဘယ်ဘက်မျက်လုံးကို ပစ်ခတ်လိုက်လေတော့သည်။

ငါးမန်းကြီးသည် ကိုယ်လုံးကို တစ်ပတ်လည်အောင် လိမ့်ပစ်လိုက်ပြီး ရေထဲတွင် ကိုယ်ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်ပစ်လိုက်သောကြောင့် ပစ်သည် ပင်လယ်ကမ်းစပ်သို့ လိမ့်လာသောလှိုင်းလုံးကြီးတစ်လုံး၏ ရိုက်ခတ်မှုကို ခံလိုက်ရသည့်အလား နောက်ဘက်သို့ တစ်ပတ်ကျွမ်းထိုးလိုက်သလို တစ်ပတ်လည်၍သွားရလေတော့သည်။



ပစ်သည် သူ့ကိုယ်ကို ကြိုးစား၍ ပြန်ထိန်းလိုက်ပြီး မျက်စိတစ်ဖက်က ငါးမန်းကြီးကို စောင့်ကြည့်ရင်း ကျန်တစ်ဖက်က မာသာအန်း၏ဝမ်းဗိုက်နှင့် ဦးခေါင်း ဝင်မဆောင့်မိအောင် အပေါ်သို့ မော့ကြည့်ပြီး အပေါ်သို့ အစွမ်းကုန် ကူးခတ်၍ တက်လာခဲ့တော့သည်။

အရိပ်တစ်ခုသည် သူ့ခန္ဓာကိုယ်ပေါ်သို့ ကျလာပြန်သောကြောင့် ပစ်က မော့ကြည့်လိုက်ရာ သူ့အထက် ပေနှစ်ဆယ်အကွာသို့ ရောက်နေသော ပဲ့ကိုင်သူက ပစ်အား သူ့ထံသို့ လာခဲ့ရန် လက်ပြနေသည်ကို တွေ့လိုက်ရတော့သည်။

ပစ်အတွက် မောင်းကြွစာလုံးနှင့် ပိုမိုသွားသောဖိတ်စာ မလိုပါ။

ပစ်သည် ထိုအကွာအဝေးကို ဆယ်စက္ကန့်နှင့်ပင် အရောက်တက်လာခဲ့သည်။ ထို့နောက် သူသည် ငါးမန်းကြီး၏ နောက်တစ်ကြိမ် တိုက်ခိုက်မှုအတွက် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

လူသားစား ငါးမန်းကြီးသည် ရေထဲတွင် ရပ်တန့်လိုက်ပြီး အကောင်းပကတိရှိနေသေးသော ညာဘက်မျက်လုံးနှင့် ပစ်အား ကြောက်စရာကောင်းအောင် စိုက်ကြည့်နေသည်။ ထို့နောက် ငါးမန်းကြီးသည် ချာခနဲ လှည့်လိုက်ပြီးနောက် လျှင်မြန်သော အရှိန်အဟုန်နှင့် ကူးထွက်သွားတော့ရာ ငါးမန်းကြီးသည် နက်မှောင်သော အပြာရင့်ရောင်ရေထုထဲတွင် တိုးဝင်၍ ပျောက်ကွယ်သွားလေတော့သည်။

အားအင်ကုန်ခန်းနေသည်သာမက တုန်လှုပ်ချောက်ချားနေသော ပစ်သည် ကူညီသောလက်များက သူ့ခန္ဓာကိုယ်အားသူ ရေထဲသို့ ခုန်ချခဲ့သော ပလက်ဖောင်းကလေးပေါ်သို့ ဆွဲတင်ပေးကြပြီး ရေငုပ်သည့် ကိရိယာအား ပြန်ဖြုတ်ပေးနေသည်ကို ကျေးဇူးတင်စွာနှင့် ငုံ့ခံနေလိုက်သည်။

သူ လုံးဝ အားအင်ကုန်ခန်းသွားသည်။

သူက မော့ကြည့်လိုက်ရာ မတ်တတ်ရပ်ရင်း သူ့အား ခပ်တည်တည်မျက်နှာထားနှင့် ကြည့်နေသော ဗိုလန်ကို တွေ့လိုက်ရလေတော့သည်။

"မတ်ချ် ဘယ်မှာလဲ"

ဗိုလန်၏လေသံက မာကျောအေးစက်နေသည်။

"သေသွားပြီ"

ပစ်က စင်းစင်းနှင့် ခပ်ရှင်းရှင်း ဖြေလိုက်၏။

"အဲဒါမျိုးတော့ ဖြစ်တတ်ပါတယ်လေ"

ဗိုလန်သည် ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားလေသော့သည်။

ပစ်သည် သူ့လက်ထဲ၌ရှိသော ယမကာဖန်ခွက်ကို အကြာကြီး စိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်၌ အမူအရာ လုံးဝ တင်းနေသည်။ သူ့မျက်လုံးများသည် ပင်ပန်းမှုကြောင့် မှေးနေပြီး မျက်လုံးပိတ်ထားသည်။


www.burmeseclassic.com

www.burmeseclassic.com

တွင် နီရဲနေသည်။

အပူပိုင်းဇုန်မှ တောက်ပနေသော နေရောင်ခြည်သည် နေဝင်ခါနီးအချိန် သင်္ဘောပြတင်းပေါက်မှ ဖြတ်သန်း၍ ဝင်ရောက်လာနေသည်ဖြစ်ရာ ထိုနေရောင်ခြည်က စကော့ချ်ဝီစကီထဲတွင် ပေါ်နေသော ရေခဲများကို တလက်လက် တောက်ပနေစေသည်။

ပစ်က ဖန်ခွက်ကို နဖူးပေါ်တွင် လှိမ့်ပစ်လိုက်ရာ ဖန်ခွက်နံဘေးတွင် ချွေးပြန်နေသော ရေခိုးရေငွေ့များသည် သူ့နဖူးပေါ်မှ ချွေးများနှင့် ရောနှောသွားတော့သည်။

သူက ဗိုလန်အား သူ့စိတ်ထဲတွင် အမြစ်တွယ်နေသော ရှိရှိသမျှ အသေးစိတ်များကို စီကာပတ်ကုံး ပြောဆို၍ ပြီးစီးခဲ့လေပြီ။

ယခုအချိန်တွင် သူသည် ထိုကိစ္စကို ဦးနှောက်ထဲမှ ထုတ်ပစ်လိုက်ပြီး ရှင်းရှင်းလင်းလင်း အနားယူဖို့သာ ကောင်းပါတော့သည်။

ထိုအချိန်တွင် လွန်ခဲ့သော နာရီပိုင်းအတွင်းက ဖြစ်ပျက်ခဲ့သော ကြောက်စရာကောင်းလှသည့် ကိစ္စများသည် ပို၍ ဆိုးဝါးသော အဖြစ်အပျက်၏ နိဒါန်းများသာ ဖြစ်သည်ဟု သူ့စိတ်ထဲက ထင်နေမိသည်။

"မတော်ချ အသတ်ခံရတဲ့အတွက် ခင်ဗျားကိုယ်ခင်ဗျား အပြစ်မတင်သင့်ပါဘူးဗျာ"

ဗိုလန်က စိတ်ပါလက်ပါ ပြောလိုက်သည်။

"တကယ်လို့သာ ခင်ဗျားတို့နှစ်ယောက်စလုံး အရေးပေါ်ထွက်ပေါက်အခန်းထဲမှာ ပိတ်မိနေပြီး သူ ရေနစ်သွားခဲ့ရင် ခင်ဗျား တာဝန်ဖြစ်လိမ့်မယ်၊ ဒါပေမယ့် စတားဘတ်ခ်ထဲမှာ လူသတ်သမားနှစ်ယောက် ပျောက်သွားနေလိမ့်မယ် ဆိုတာကိုတော့ ခင်ဗျား ဘယ်လိုနည်းနဲ့မှ ကြိုတင်ပြီး မသိနိုင်ပါဘူးဗျာ"

"တော်စမ်းပါ ပေါလ်ရာ"

ပစ်က ညည်းညည်းညူညူနှင့် ပြောလိုက်သည်။

"ကျုပ်က အဲဒီချာတိတ်ကို ရေငုပ်သင်္ဘောထဲ မဝင် ဝင်အောင် အတင်းအကျပ် ခိုင်းခဲ့တာ။ ကျုပ်က ကျုပ် ပြောပြချင်တဲ့ကိစ္စတစ်ခုကို မှန်ကန်ကြောင်း သက်သေပြဖို့ မကြိုးစားခဲ့ဘူး ဆိုရင် သူ ခုအချိန်မှာ အသက်ရှင်နေဦးမှာပေါ့ဗျာ"

"မှန်ပါတယ်။ အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့် ခင်ဗျား ရှာတွေ့ခဲ့တဲ့ကိစ္စက ကြောက်စရာလန့်စရာကောင်းလောက်အောင်ပိုပြီး အရေးကြီးတဲ့အတွက် အဲဒီက အသက်တစ်ချောင်း ဆုံးရှုံးရတာထက် ပိုပြီး တန်ဖိုးရှိတယ်။

စတားဘတ်ခ်သင်္ဘော ပုလဲဆိပ်ကမ်းကို ချောမောစွာ ပြန်လည်ရောက်ရှိသွားဖို့ ကျုပ်တို့အဖွဲ့သားတွေအားလုံး စတေးရမယ် ဆိုရင်တောင် ကျုပ်က ရဲရဲကြီး စတေးလိုက်မှာပါ။ အဲဒီအထဲမှာ ခင်ဗျားရော ကျုပ်ရော





ပါတယ်"

သူက စကားကို ရပ်တန့်လိုက်ပြီး ဖန်ခွက်ထဲသို့ အရက်အနည်းငယ်ကို လောင်းထည့်လိုက်၏။

ပစ်က ပြောလိုက်သည်။

"ခင်ဗျားလုပ်ဖို့ ကြိုးပမ်းနေတာတွေကို ကျုပ် တန်ဖိုးထားပါတယ်ပေါလ် . . ."

ဗိုလန်က ပြုံးလိုက်၏။

"ခင်ဗျားက ရေတပ်ဗိုလ်ချုပ်ကြီးတွေနဲ့ ပေါက်ပေါက်ရောက်ရောက်ရှိတဲ့အတွက် ကျုပ်က ခင်ဗျားကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာလေ။ ပြီးတော့လည်း ခင်ဗျားဟာ တော်တော် အကင်းပါတဲ့ပုဂ္ဂိုလ်ပဲလို့ ကျုပ် ထင်မိပါတယ်။ ခင်ဗျားက တော်ပီဒိုအခန်းထဲကို ရေသွင်းခိုင်းလိုက်တဲ့ မိုက်မိုက်ကန်းကန်းကိစ္စ နောက်ကွယ်မှာ အကြောင်းပြချက်တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်။ အဲဒါက ဘာများပါလိမ့်"

"ရှင်းပါတယ်ဗျာ"

ပစ်က ခပ်တိုတို ပြောလိုက်သည်။

"ကျုပ်က စတားဘတ်ခ်ကို ရေအောက်မှာ နောက်ထပ် လေးငါးရက် ဆက်ရှိနေနိုင်အောင် တမင် ဖျက်ပစ်လိုက်တာဗျ"

ပစ်က ပြောလိုက်၏။

ယခုအချိန်တွင် ဗိုလန်၏မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားခဲ့လေပြီ။

ပစ်က သူ့ဖန်ခွက်ကို မျှဉ်းသောက်ရန်အတွက် စကားကို ခေတ္တရပ်တန့်လိုက်သည်။

"အစက စပြောရမယ်ဆိုရင် အဲဒီသင်္ဘောထဲမှာ လက်နက်ကိုင်လူဆိုးနှစ်ယောက် ရှိနေတယ်။ ပြီးတော့ အစာငတ်ရေငတ် ဖြစ်နေရရှာတဲ့ သင်္ဘောသားဖားရစ်လည်း ရှိနေတယ်။ စတားဘတ်ခ်ဟာ အကျဉ်းထောင်ကြီးတစ်ခုလိုပဲ။ ဖားရစ်အတွက် ပြေးစရာနေရာမရှိတဲ့အတွက် သူ ထွက်မပြေးနိုင်ခဲ့ဘူး။ စောင့်နေတဲ့ လူဆိုးတွေကလည်း အလှည့်နဲ့ စောင့်နေကြတယ်။ ဘယ်က လာကြတာလဲလို့ ကျုပ် မတွေးတတ်ဘူး။ ဒါပေမယ့် ရေငုပ်သင်္ဘောပေါ်မှာတော့ သူတို့ မနေကြဘူး"

"ခင်ဗျားက ဘာဖြစ်လို့ တထစ်ချ ပြောနိုင်ရတာလဲ"

"ကျုပ်က အစားပုပ်လို့ပေါ့ဗျာ။ ကျုပ်က သင်္ဘောသားတွေရဲ့ စားသောက်ဆောင်နဲ့ အရာရှိတွေရဲ့ စားသောက်ဆောင်တွေထဲမှာ လိုက်ရှာကြည့်ခဲ့တယ်။ စားစရာ သောက်စရာဆိုလို့ တစ်ခုမှ မရှိဘူး။ အစောင့်တွေလည်း စားတော့ စားရမှာပဲ။ ဖားရစ်တောင် စားဖို့သောက်ဖို့အတွက် တစ်နေရာရာကို ပြန်ရလိမ့်မယ်လို့ ကျုပ်ထင်တယ်။ သူတို့တစ်တွေဟာ ဘယ်သူတွေပဲဖြစ်ဖြစ်၊ သူတို့တစ်တွေဟာ ဘယ်က လာသူတွေပဲဖြစ်ဖြစ် မာသာ


www.burmeseclassic.com

www.burmeseclassic.com

အန်းကို ဝင်ဖမ်းဖို့ အချိန်ကောင်းကိုစောင့်ရင်း ဒီအနီးအနားမှာ ရှိကိုရှိရမယ်။ ကျုပ်တို့သာ တခြား သင်္ဘောတွေလို ပျောက်ကွယ်သွားမယ် ဆိုရင် ရေတပ်မတော်ဟာ စတားဘတ်ခ်ကို ဘယ်တော့မှ မတွေ့နိုင်တော့ဘူး။ ဒါကြောင့် ကျုပ်က တိုပီဒိုထားတဲ့ အခန်းထဲကို ရေတွေ တမင်သွင်းခဲ့တာ။ ကျုပ်တို့ ရဲဘော်တွေက မာသာအန်းရဲ့ တကယ့် ရည်ရွယ်ချက်ကို သိမယ်ဆိုရင် ရေတပ်မတော်က မိုးကုပ်စက်ဝိုင်းဆီကို ရောက်မလာခင် သူတို့က စတားဘတ်ခ်ကို တခြားနေရာဆီကို ရွှေ့ပစ်ကြလိမ့်မယ်"

"ကျုပ်တို့က ရေငုပ်သင်္ဘောမောင်းမယ့် အဖွဲ့တစ်ဖွဲ့ကို သုံးနာရီအတွင်း ဒီကို ရောက်အောင် လေယာဉ်ပျံနဲ့ သယ်နိုင်သားပဲ"

"အဲဒါက သိပ် နောက်ကျသွားပြီ။ ကျုပ်တို့ဆီမှာ ကျောက်ဆူးချလိုက်ကတည်းက ကျုပ်တို့တစ်တွေဟာ ကျွားသနားမှ နွားချမ်းသာမယ့် အဖြစ်မျိုး ရောက်သွားပြီ။ တခြား သင်္ဘောတွေမှာ ဖြစ်တဲ့ပုံစံအတိုင်း ကျုပ်တို့လည်း ခံကြရမှာပဲ"

ဗိုလန်က သိပ်ပြီး ယုံကြည်ပုံ မရချေ။

"ခင်ဗျား ပြောတဲ့ စိတ်ကူးစိတ်သန်းတစ်ခုလုံးဟာ သိပ်ပြီး စိတ်ကူးယဉ်ဆန်လွန်းနေတယ်။ ရေဒါအရ ပြောရရင် မိုင်ငါးရာပတ်ပတ်လည်မှာ တခြား ဘယ်သင်္ဘောမှ မရှိဘူး။ ပြီးတော့ အသံလှိုင်းနဲ့ထောက်လှမ်းတဲ့စက်ကလည်း ဒီနေရာတစ်ဝိုက်မှာ ဘယ်ရေငုပ်သင်္ဘောမှ မရှိပါဘူးတဲ့။ ဒီတော့ အဲဒီလူတွေ ဘယ်က လာကြမှာလဲ"

ပစ်က စိတ်ခပ်တိုတိုနှင့် ပြောလိုက်သည်။

"အဲဒီ မေးခွန်းရဲ့အဖြေကိုသာ ကျုပ်သိရင် ကျုပ်ကို လခတိုးပေးပါလို့ အတင်း တောင်းဆိုမယ်။ ရလည်း ရမှာပါပဲလေ"

"အဲဒါထက်ပိုပြီး ခိုင်လုံတာကို ခင်ဗျားက မပြနိုင်ခင်အထိတော့ ကျုပ်တို့က မနက်အထိ ဒီမှာပဲ ကျောက်ချပြီး နေကြမယ်။ ပြီးတော့ အရုဏ်တက်ချိန်ကျရင် စတားဘတ်ခ်ကို စပြီး ဆယ်ကြမယ်"

ပစ် ပြောလိုက်သည်။

"ခင်ဗျား ဥစ္စာက စိတ်ကူးယဉ်တဲ့ အတွေးစာက်သက်ပါဗျာ။ အရုဏ်တက်တဲ့အချိန်ကျရင် မာသာအန်းဟာ စတားဘတ်ခ် နံဘေးမှာ ရောက်နေလိမ့်မယ်"

ဗိုလန်က ခေါင်းမာမာနှင့် ပြန်ပြောလိုက်၏။

"ခင်ဗျား မေ့နေပြီ။ ကျုပ်က ပုလဲဆိပ်ကမ်းကို ရေဒီယိုနဲ့ သတင်းပို့ပြီး အခု မမှောင်ခင် လေတပ်ရဲ့ အကူအညီရအောင် တောင်းနိုင်တယ်"

ပစ်က မေးလိုက်၏။

"ခင်ဗျားက တကယ် လုပ်နိုင်လို့လား"

ပစ်၏ စူးစူးရှရှရှိလှသော မျက်လုံးစိမ်းကြီးများထဲတွင် သိပ်ကိုသေချာသည် ဆိုသော အမူအရာမျိုး ပေါ်ပေါက်နေကြောင်း ဗိုလန်က





သတိပြုလိုက်မိသည်။ သို့သော် ပစ်နှင့် ပတ်သက်လာပါက တထစ်ချပြော၍ မရပါ။ ဒတ်ခ်ပစ်၏အမူအရာသည် တစ်ဖက်လူ မြင်စေချင်သလောက်ကိုသာ တစ်ဖက်လူက မြင်ရလေ့ရှိသည်။

"ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားက ခင်ဗျား အကြောင်းကြားလိုက်တာကို လက်ခံရရှိကြောင်း ပြန်ပြီးပြီလား"

"ကျုပ်တို့က ရေငုပ်သင်္ဘောထဲက ခင်ဗျား ဆက်သွယ်ခဲ့သလို ကုန်သွယ်ရေကြောင်းမှာသုံးတဲ့ ရိုးရိုးဖရီကွင်စီနဲ့ သတင်းပို့လိုက်တာလေ"

"ဟန်းတားက ခင်ဗျားဆီကို စတားဘတ်ခ် ရှာတွေ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြန်မဆက်သွယ်ခဲ့တာကို ထူးဆန်းတယ်လို့ ခင်ဗျားက မထင်မိဘူးလား။ ကျုပ် ရေငုပ်သင်္ဘောထဲက လွှင့်လိုက်တဲ့အသံကို မိုင်တစ်ထောင်အတွင်းမှာရှိတဲ့ အသံလွှင့်စက်တွေ အားလုံးက ကြားကြလိမ့်မယ်လို့ ခင်ဗျား ကိုယ်တိုင် ပြောခဲ့သားပဲ။ တစ်ယောက်ယောက်က ခုအချိန်အထိ အရှုးလို့ခေါ်ပြီး ဆဲတာမျိုး ဒါမှမဟုတ် ရာသီဥတုအခြေအနေ ဘယ်လိုရှိသလဲလို့ ဘာဖြစ်လို့ မမေးကြတာလဲ။ ဟန်းတား ဒါမှမဟုတ် ရှုဒီဂန်းက အသေးစိတ် အချက်အလက်တွေကို ထပ်ပြောပါလို့ ဘာဖြစ်လို့ မတောင်းဆိုတာလဲ။ ဖြစ်နိုင်တာကတော့ ခင်ဗျားက ရေယက်ပန်ကာရှုပ် ကျိုးပြီလို့ ညာပြီး အသံလွှင့်ရင်တောင် သက်ဆိုင်ရာကို ရောက်လိမ့်မယ် မထင်ဘူး"

ပစ် ပြောသော အချက်အလက်များသည် ယခုအကြိမ်တွင် ထိရောက်မှု ရှိပါပေသည်။

ဗိုလန်သည် မျက်စချီလိုက်ပြီးနောက် အင်တာတွန်ခလုတ်ခေါင်းများစွာအနက်မှ တစ်ခုကို တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်သည်။

"အခု ပြောနေတာ ကွန်မင်ဒါ ဗိုလန်၊ ပုလဲဆိပ်ကမ်းကို လှိုင်းတိုက်သင်္ကေတ မြေပေါ်'ချောက်'နဲ့စပြီး ဆက်သွယ်စမ်း။ သူတို့က ပြန်ထူးတာနဲ့ တစ်ပြိုင်နက် ငါ့ကို ပြန်ပြီး အသိပေး"

"ဟုတ်ကဲ့ပါ ဆရာ"

စပီကာထဲက အသံက ပြန်ဖြေလိုက်သည်။

"ကျုပ်တို့အသံလွှင့်တာ ရှောရှောရှူရှူ မဖြစ်နိုင်ဘူးဆို၊ ဘာဖြစ်လို့ ခင်ဗျားက ထင်ရတာလဲ"

"လီလီမာလီနီက လွဲရင် ဘယ်သူမှ ရှောရှောရှူရှူ အသံလွှင့်လို့ မရခဲ့ဘူး။ စတားဘတ်ခ်လည်း မရခဲ့ဘူး။ ကျုပ်တို့ မသိရသေးတဲ့ မိတ်ဆွေကြီးတွေက ကျုပ်တို့ ရှာတွေ့ထားတာကို ကမ္ဘာက မသိစေချင်သေးဘူးနဲ့ တူတယ်"

"ခင်ဗျား ပြောတာသာ မှန်ခဲ့ရင် ကျုပ်တို့ အသံလွှင့်တာတွေကို သူတို့က လိုက်ပြီး ဖျက်ပစ်နေတာပဲ ဖြစ်ရမယ်"

"သူတို့က ဖျက်ပစ်နေတယ် ဆိုတာကို ကျုပ်က အသေအချာထင်ပြီး လောင်းရဲပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပစ်က လေးလေးနက်နက် ပြောလိုက်၏။

"ပျောက်နေတဲ့သင်္ဘောတွေက 'ကယ်ပါ ကူပါ' ဆိုတာကို ဘာဖြစ်လို့ အသံမလွှင့်ကြသလဲ ဆိုတာ အဲဒါက ဖြေရှင်းပစ်လိုက်ပြီ။ သူတို့က အသံလွှင့်ခဲ့ကြတယ်။ ဒါပေမယ့် အိုဟားဟူးကျွန်းမှာရှိတဲ့ အသံလွှင့် အသံဖမ်းဌာနတွေက ဘာကိုမှ ဖမ်းမရခဲ့ကြဘူး။ ပြီးတော့လည်း စတားဘတ်ခ်ပျောက်မသွားခင် သင်္ဘောတည်နေရာကို လိမ်ညာပြီး အသံလွှင့်တဲ့ ကိစ္စကလည်း ဖြေရှင်းပြီးသား ဖြစ်သွားတယ်။ ကျုပ်တို့ မသိသေးတဲ့ မိတ်ဆွေတွေဆီမှာ အင်မတန် အားကောင်းတဲ့ အသံလွှင့်စက်တစ်ခု ရှိနေလိမ့်မယ်။ အဲဒီ အသံလွှင့်စက်ဟာ ဟာဝေယံကျွန်းတွေပေါ်က ကျွန်းတစ်ကျွန်းပေါ်မှာ ရှိလိမ့်မယ်။ ပင်လယ်ထဲမှာရှိတဲ့ သင်္ဘောတွေက အသံလွှင့်တာကို ဖျက်ပစ်နိုင်အောင် ကောင်းကင်ကြိုးတိုင်တစ်ခုကို မြင့်မြင့်ကြီး ထောင်ထားဖို့လိုတဲ့အတွက် အသံလွှင့်စက်ကို မြေကြီးပေါ်မှာ ဆောက်ဖို့လိုလိမ့်မယ်"

"ကွန်မင်ဒါ ဗိုလန်"

စပီကာမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ဗိုလန် ဒီမှာဟေ့၊ ကဲ - ပြောစမ်း"

"ဘာမှ ပြောစရာ မရှိပါဘူး ဆရာ။ သူတို့က ရကြောင်း အကြောင်းပြန်ကြားတယ်။ ဒါပေမယ့် မြေပေါ် 'ခြောက်' သင်္ကေတနဲ့ မဟုတ်ဘူး။ ကျွန်တော် လေးကြိမ်တိတိ ဆက်ခေါ်လိုက်တယ်။ ဒါပေမယ့် သူတို့က သတင်းပေးစရာရှိရင် ပေးပါလို့ပဲ ထပ်တလဲလဲ ပြောနေတယ်။ ကျွန်တော်တော့ နားမလည်ဘူး ကွန်မင်ဒါ။ ကုန်သွယ်ရေးကြောင်း ချန်နယ်က လွှင့်လိုက်တာ အမှန်ပဲ။ ကျွန်တော်တို့ကို တစ်ယောက်ယောက်က နှောင့်ယှက်နေပြီလို့ ထင်တာပဲ ဆရာ"

ဗိုလန်က အင်တာကွန်ခလုတ်ကို ပြန်ပိတ်လိုက်၏။

ထိုအချိန်တွင် မည်သူမျှ စကားမပြောကြပါ။ အဆက်အသွယ် ရရှိသော်လည်း လူမှားပြီး ဆက်သွယ်နေမိတာကိုက ဆိုးဝါးလှသည်ဟု ပစ်က တွေးလိုက်၏။

"မနိပ်ဘူး"

ဗိုလန်က ပြောလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် သူ့မျက်နှာထားက ခပ်တည်တည်။

ပစ်က ပြောလိုက်၏။

"ဒါဆိုရင် မေးခွန်းတစ်ခုကို ဖြေလို့ ရပြီ။ ဒါပေမယ့် လွန်ခဲ့တဲ့ ခြောက်လက စတားဘတ်ခ်ရဲ့ သင်္ဘောသားတွေ ဘာဖြစ်ကုန်သလဲ။ ပြီးတော့လည်း စတားဘတ်ခ်က တခြားကို ရောက်မသွားဘဲ ဘာဖြစ်လို့ ရေထဲမှာ သေသေသပ်သပ်နဲ့ ဆက်ပြီး ရှိနေခဲ့တာလဲ"

ဗိုလန်က ပြောလိုက်သည်။





"ဒါဆိုရင် ဒီကိစ္စဟာ အင်အားကြီးနိုင်ငံတစ်ခုရဲ့ လက်ချက်လို့ ပြောလို့ မရတော့ဘူး။ သူတို့က ဒီလျှို့ဝှက်ချက်ကို ဒီလောက်အထိ ကြာအောင် ထိန်းသိမ်းထားနိုင်မှာ မဟုတ်ဘူး"

ပစ်က ဖြေလိုက်သည်။

"ကြားရသူတွေကတော့ ရယ်ချင်ကြမှာပဲ။ ဒါပေမယ့် ကျုပ်ကတော့ စတားဘတ်ခ်ကို သူတို့ ဖမ်းမိသွားတဲ့ကိစ္စဟာ သစ္စာဖောက်မှု ဒါမှမဟုတ် ကြိုတင်ပြီး ကြံစည်တဲ့ကိစ္စလို့ ထင်ကို မထင်ဘူး"

"အဲဒါက ရယ်စရာ ဆိုတာ အမှန်ပဲ"

ဗိုလန်ကလည်း အသံမှန်မှန်နှင့် ဖြေလိုက်သည်။

"ရေငုပ်သင်္ဘောတစ်စီးကို မရည်ရွယ်ဘဲနဲ့ ပင်လယ်ထဲမှာမိအောင် ဖမ်းဖို့ဆိုတာ သိပ်ကို မလွယ်တဲ့ကိစ္စပဲ"

ပစ်ကလည်း ပြန်ချေပလိုက်၏။

"ဒါပေမယ့် တစ်ယောက်ယောက်က လွယ်လွယ်နဲ့ မိအောင် ဖမ်းဆီးနိုင်ခဲ့လို့ပဲ ဖြစ်ရမှာပေါ့ဗျာ။ ကျုပ်နဲ့ မတ်ချ်က ကိုယ်ထည်ရဲ့အတွင်း အပြင် နှစ်ခုစလုံးမှာ ဘာအပျက်အစီးကိုမှ ရှာမတွေ့ခဲ့ရဘူး"

"ဖြစ်ကို မဖြစ်နိုင်ဘူး။ တပ်မတော်ကြီးတစ်ခုလုံးတောင် ရေငုပ်သင်္ဘောထဲကို ဝင်လို့ မရနိုင်ဘူး။ ခေတ်မီ ထောက်လှမ်းရေးကိရိယာမျိုးစုံက ကြိုတင်ပြီး သတိပေးကြရမှာပဲ။ စတားဘတ်ခ်ရဲ့ အံဖုံးတံခါးတွေကို ဖွင့်လိုက်တဲ့အခါကျရင် သေတဲ့လူကိုတောင် ပြန်ပြီး နိုးလာစေနိုင်တဲ့ အော်တိုမက်တစ် သတိပေးတဲ့ ကိရိယာတွေကို တပ်ဆင်ထားတယ်။ ငါးသတ္တဝါတွေကလွဲရင် ဘာပစ္စည်းမှ လက်တစ်ကမ်းအကွာအထိ ရောက်မလာနိုင်ဘူး"

ထိုအခိုက်တွင် စပီကာမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"မာလိန်မှူး ရှိသလား"

"ပြောကွာ"

"ပွဲစင်ပေါ်ကို ကျေးဇူးပြုပြီး လာခဲ့ပါ ဆရာ။ ဆရာ မြင်ထိုက်တာ တစ်ခု ရှိနေပါတယ်"

"နည်းနည်းကျဉ်းကျဉ်းတော့ ကြိုပြောပြကွာ"

"ပြောရမှာကတော့ ရယ်စရာကြီးပဲ"

"ပြောကွာ၊ ပြောမှာသာ ပြောစမ်း"

ပွဲစင်ပေါ်မှ အသံရှင်သည် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကွန်မင်ဒါ၊ မြူနှင်းတွေကို တွေ့နေရတယ်။ ရေထဲက မြူနှင်းတွေ ထွက်လာပြီး ရေပြင်ပေါ်မှာ ရှိနေကြတယ်။ အဲဒါမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ ဖြစ်ကို မဖြစ်နိုင်ဘူး ဆရာ"

ဗိုလန်က ပစ်အား ခပ်တည်တည် ပြန်ကြည့်လိုက်၏။

"ခင်ဗျားက ဘယ်လိုထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ကတော့ . . ."

ပစ်က ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ကျုပ်တို့ ခံလိုက်ရပြီလို့ ထင်တာပဲ"



(၁၁)

ထူထဲသော ဂွမ်းစောင်ကြီးတစ်ခုပမာ ရေပြင်ပေါ်မှ ကြွထလာသော မြူနှင်းထုသည် ခပ်သာသာကလေး တိုက်ခတ်နေသော လေပြည်လေညင်းကြောင့် အပေါ်သို့ ဝေ့၍ဝေ့၍ တက်နေသည်။ ထွင်းဖောက်၍ မမြင်ရသော မြူနှင်းထု၏ စိုထိုင်းထိုင်းရှိမှုကြောင့် လူတိုင်းလူတိုင်းသည် အသက်ရှူကျပ်သလို ခံစားနေကြရသည်။

ပွဲစင်ပေါ်၌ ရှိနေသူများသည် မြူနှင်းထုကို ထွင်းဖောက်၍ မြင်ရလိုမြင်ရငြား မျက်လုံးများကို အတင်းဖြဲ၍ ကြည့်နေကြသည်။ လူသားများသည် မြင်လည်း မမြင်ရ၊ ထိတွေ့၍လည်း မရ၊ နားလည်နိုင်စွမ်းလည်း မရှိသော မြူနှင်းထုကို အူထဲ အသည်းထဲက ယားကျိကျိ ဖြစ်လာသည်အထိ ကြောက်လန့်တတ်ကြသည်။

ယခုအချိန်တွင် မြူနှင်းထုသည် သဘော်ပေါ်၌ လွှမ်းခြုံစပြုလာလေပြီ။ ဝင်လုဆဲ နေမင်းကြီးထံမှ နေရောင်ခြည်များသည် မြူနှင်းထုထဲတွင် အလင်းယိုင်မှုကြောင့် လိမ္မော်ရောင်နှင့် မီးခိုးရောင်ကို ရောနှောထားသကဲ့သို့ ကြောက်စရာကောင်းသော အရောင်တစ်မျိုးကို ဖန်တီးပေးနေသည်။

ဗိုလန်သည် နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို သုတ်ပစ်ရင်း အပြင်သို့ လှမ်းကြည့်လိုက်ပြီးနောက် ပြောလိုက်၏။

"ဟောဒီ မြူနှင်းတွေကို ကြည့်ရတာ ထုံးစံအတိုင်းလိုပါပဲ၊ သိပ်သည်းမှုကတော့ အတော့်ကို များတယ်"

"ဟောဒီ မြူနှင်းထုဟာ အရောင်က လွဲရင် ထုံးစံအတိုင်း ဟုတ်တို့ မဟုတ်ဘူး"

ပစ်က ပြောလိုက်၏။

မြူနှင်းထုထဲတွင် မြင်နိုင်မှုစွမ်းအားမှာ မာသာအန်းကိုင်းပိုင်းတိုင်ငင်



www.burmeseclassic.com

www.burmeseclassic.com



ရေးရေးသာ မြင်ရတော့ကြောင်း ပစ်က သတိပြုလိုက်မိသည်။

"အပူရှိန်များတယ်၊ ပြီးတော့ မြူနှင်းထု ဖြစ်ပေါ်လာနေတဲ့ အချိန်ကာလနဲ့ တစ်နာရီကို သုံးမိုင်နှုန်းနဲ့ တိုက်ခတ်နေတဲ့ လေပြည်ကလေးကိုပါ ထည့်သွင်းပြီး စဉ်းစားမယ် ဆိုရင် ခုအနေအထားဟာ မြူနှင်းထု ဖြစ်ပေါ်လေ့ရှိတဲ့ အနေအထားမျိုးတော့ မဟုတ်ဘူး"

ပစ်သည် ဗိုလန့်အပေါ်မှ ကျော်၍ ရေဒါမိုင်ခွက်အား တစ်မိနစ်ခန့်ကြာအောင် စေ့စေ့စပ်စပ် လေ့လာလိုက်သည်။ သူသည် လက်ပတ်နာရီကို မကြာခဏ ကြည့်ရင်း စိတ်တွက်များကို တွက်ချက်နေသည်။

"ခုအတိုင်းဆိုရင် မြူနှင်းထု ရွေ့လျားသွားတာကိုလည်း မတွေ့ရ၊ ပြန့်ကားသွားတာကိုလည်း မတွေ့ရဘူး။ လေကလည်း မြူနှင်းထုကို နည်းနည်းမှ ရွေ့သွားအောင် မလုပ်နိုင်ခဲ့ဘူး။ သဘာဝတရားကြီးကတော့ အဲဒီလို ထူးထူးဆန်းဆန်း ကိစ္စမျိုးကို လုပ်နိုင်လိမ့်မယ် မထင်ဘူး"

သူတို့နှစ်ယောက်သည် ပဲ့စင်၏ဘယ်ဘက်ထိပ်သို့ လျှောက်သွားကြသည်။

သင်္ဘောကြီးသည် ပစိဖိတ်သမုဒ္ဒရာ၏ညင်သာသော လှိုင်းလုံးများကြောင့် တစ်ဒီဂရီနှစ်ဒီဂရီခန့် ရေထဲတွင် လူးလွန့်နေသည်။ ဤနေရာတွင် အချိန်ကာလသည် ရပ်တန့်သွားသလို ထင်ရသည်။

ပစ်က လေကို ရှူလိုက်၏။ အစပိုင်းတွင် သူသည် မည်သည့်အရာမှန်း ကွဲကွဲပြားပြား မသိသော်လည်း နောက်ပိုင်းတွင် အတိတ်ကာလမှ အနံ့များနှင့် ဆက်စပ်၍ သိလာရသည်။

"ယူကလစ်တပ်စ်ပဲ"

"ဘာပြောလိုက်တယ်"

ဗိုလန်က မေးလိုက်၏။

ပစ်က ဖြေလိုက်သည်။

"ယူစလစ်တပ်စ်လေ၊ ခင်ဗျား အဲဒီအနံ့ကို မရဘူးလား"

ဗိုလန်၏မျက်လုံးများသည် မေးခွန်းထုတ်လိုဟန်နှင့် ကျဉ်းမြောင်းသွားကြသည်။

"ကျုပ် အနံ့တစ်ခုခုကို ရတယ်။ ဒါပေမယ့် ဘာအနံ့မှန်း မသိဘူး"

"ခင်ဗျားက ဘယ်ဒေသမှာ ကြီးပြင်းခဲ့တာလဲ"

ပစ်က အသံမာမာနှင့် မေးလိုက်၏။ ပစ်၏အသံကြောင့် ဗိုလန်က စိတ်ညို့ခံထားရသလို ပြန်ဖြေသည်။

"မင်နီဆိုတာ ပြည်နယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒါဆို ခင်ဗျား မသိနိုင်ဘူး။

ဘုရားသခင် ကယ်တော်မူပါ။

ကျုပ် အဲဒီအနံ့ကို မရှူရတာ နှစ်ပေါင်းများစွာ ကြာသွားပြီ။ ယူကလစ်တပ်စ်သစ်ပင်တွေဟာ ကယ်လီဖိုးနီးယားတောင်ပိုင်းနဲ့ ဩစတေ





လိယမှာ များများစားစား တွေ့ရတတ်တယ်။ သူမှာ ထူးခြားတဲ့ အနံ့ရှိသလို သူ့ကို ရှူတဲ့အခါမှာ အသုံးဝင်တဲ့အဆီတစ်မျိုးကိုလည်း အဲဒီအပင်က ရတယ်"

"အဲဒီလို နံနေတဲ့ကိစ္စဟာ အဓိပ္ပာယ်ကို မရှိဘူး"

"ကျုပ်လည်း သဘောတူပါတယ်။ ဒါပေမယ့် ဒီမြူနှင်းထုဟာ ယူကလစ်တပ်စ်စော်နံတယ် ဆိုတာကိုတော့ ငြင်းစရာ မရှိပါဘူး"

ဗိုလန်သည် လက်ချောင်းများကို ကွေးချည်ဆန့်ချည် ပြုလုပ်လိုက်၏။ ထို့နောက် ပစ်အား လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ခင်ဗျားက ဘယ်လို အကြံပေးချင်သလဲ"

"ရှင်းရှင်းကလေး ပြောရရင် ကျုပ်တို့ ဒီနေရာက ထွက်သွားကြဖို့ အကြံပေးချင်တယ်"

"ကျုပ်ကလည်း ဒီအတိုင်း တွေးနေမိတယ်"

ဗိုလန်သည် ပဲ့စင် အဆောက်အအုံထဲသို့ ပြန်ဝင်ပြီး အင်တာကွန်ပေါ်သို့ ငုံ့လိုက်၏။

"အင်ဂျင်စက်ခန်းကလား၊ တို့ ခပ်မြန်မြန် ဘယ်လောက်လောက်ကြာရင် ထွက်နိုင်မလဲ"

"ဘယ်တော့လောက် ခပ်မြန်မြန်လဲ ကွန်မင်ဒါ"

"အခုပေါ့"

ဗိုလန်က ပြန်ဖြေလိုက်၏။

ဗိုလန်သည် ပဲ့စင်ပေါ်မှ အရာရှိ ခပ်ငယ်ငယ်တစ်ယောက်ထံသို့ လှမ်းပြောလိုက်သည်။

"လက်ဖတင်နင်၊ ကျောက်ဆူးကို ပြန်တင်တော့"

"ရှာဖွေထောက်လှမ်းရေးအခန်းကလား။ အခု ပြောနေတာ ကွန်မင်ဒါ ဗိုလန်၊ ဘာများ တွေ့ရသေးသလဲ"

"စတန်လီပါ ဆရာ။ အားလုံး ငြိမ်ငြိမ်သက်သက်ပါပဲ။ သင်္ဘောရဲ့ ညာဘက် ကိုက်တစ်ရာလောက် အကွာမှာ ရှိနေတဲ့ ငါးအုပ်တစ်အုပ်က လွဲရင် အားလုံး ငြိမ်ငြိမ်သက်သက်ပါပဲ"

"ဘယ်လောက်များသလဲ၊ ဘယ်လောက် ကြီးသလဲ ဆိုတာ သူ့ကို ပြန်မေးလိုက်စမ်းပါ"

ပစ်က ပြောလိုက်၏။ သူ့မျက်နှာမှာ တင်းမာနေသည်။

ဗိုလန်က တိတ်ဆိတ်စွာ ခေါင်းညိတ်ပြလိုက်ပြီးနောက် ရှာဖွေထောက်လှမ်းရေးအခန်းသို့ ဆက်မေးလိုက်၏။

"အကြမ်းဖျင်း ပြောရရင်တော့ ကောင်ရေနှစ်ရာကျော်၊ (၁၈) နာ အနက်မှာ ကူးနေကြတယ်"

"အရွယ်အစားကို ပြောကွာ၊ အရွယ်အစားကို ပြော..."

"ငါးပေက ခုနစ်ပေအကြားမှာ ရှိကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

ပစ်၏မျက်လုံးအစုံသည် မိုက်ခွက်မှ ရွေ့သွားပြီး ဗိုလန်အား ကြည့်လိုက်၏။

"အဲဒါတွေဟာ ငါး မဟုတ်ဘူး၊ လူတွေ"

ထိုစကားကို နားလည် သဘောပေါက်အောင် အတော်ကလေး အချိန်ယူလိုက်ရသည်။

ထို့နောက် ဗိုလန်က ပြန်မေးလိုက်၏။

"လူတွေ၊ ဟုတ်လား၊ အဲဒီလူတွေက ကျုပ်တို့ကို ရေပြင်ပေါ်ကနေပြီး ဘယ်လို တိုက်ခိုက်နိုင်မှာတဲ့လဲ၊ မာသာအန်းဟာ ရေပြင်ပေါ်က ပေနှစ်ဆယ်အထိ မြင့်တယ်"

"သူတို့ တိုက်နိုင်ကြပါလိမ့်မယ်၊ အဲဒါကတော့ သိပ်ကို သေချာတယ်"

"တိုက်ချင်တိုက်ပေါ့ကွာ"

ဗိုလန်က ခပ်ရိုင်းရိုင်း ပြောချလိုက်၏။

ထို့နောက် မိုက်ခွက်ကို ဆွဲယူလိုက်ပြီး သင်္ဘောတစ်စီးလုံး ပဲ့တင်ထပ်သွားအောင် ပြောလိုက်သည်။

"လက်ဖတင်နင် ရိုင်လီ၊ သင်္ဘောသားအားလုံးကို လက်နက်ငယ်တွေ ထုတ်ပေးလိုက်၊ ငါတို့သင်္ဘောပေါ်ကို ဖိတ်ကြားမထားတဲ့ ဧည့်သည်တွေ ရောက်လာကြလိမ့်မယ်"

"အဲဒီလောက်များတဲ့ လူအုပ်ကို တွန်းလှန်နိုင်ဖို့ ဆိုရင် လက်နက်ငယ်တွေ ထုတ်ပေးတာထက် ပိုပြီး လုပ်နိုင်ဖို့ လိုလိမ့်မယ်"

ပစ်က ပြောလိုက်၏။

"အဲဒီလူတွေ သင်္ဘောလက်ရန်းပေါ်ကို ရောက်လာကြမယ် ဆိုရင် လူနှစ်ရာကို ဆယ့်ငါးယောက်က ဘာမှ ပြန်လုပ်နိုင်မှာ မဟုတ်ဘူး"

"ကျုပ်တို့က သူတို့ကို ဟန့်တားပစ်မယ်"

ဗိုလန်က ခိုင်ခိုင်မာမာ ပြောလိုက်ခြင်း ဖြစ်သည်။

ပစ်က ပြောလိုက်၏။

"အဆိုးတကာ့အဆိုးဝါးဆုံးဖြစ်လာခဲ့ရင် ခင်ဗျားက သင်္ဘောကို စွန့်ခွာဖို့ အဆင်သင့် ပြင်ဆင်ထားပေါ့"

"မဖြစ်ဘူး"

"စုတ်စုတ်ပြတ်ပြတ်လို့ ထင်ရတဲ့ ဒီသင်္ဘောဟာ အမြင်မကောင်းလှပေမယ့် အမေရိကန်ရေတပ်မတော်က ပိုင်ဆိုင်တဲ့ သင်္ဘောတစ်စီးဖြစ်တယ်၊ ဒီတော့ ကျုပ်က အသာတကြည်တော့ အလျှော့ပေးလိုက်မှာ မဟုတ်ဘူး"

သူက ခက်ထန်သော အသွင်သဏ္ဌာန်ကို ခေတ္တမျှ ဖယ်ရှားလိုက်ပြီးနောက် သူ့လက်ကို ဆန့်တန်းပေးလိုက်၏။

"ဒီမှာ ဘာဖြစ်ခဲ့တယ် ဆိုတာ ဗိုလ်ချုပ်ကြီးဟန်းတားကို ပြောပြ





လိုက်ပါ။ ခင်ဗျားက သူ့ကို ပြော . . ."

ပစ်က ဗိုလန်၏လက်ကို ပြန်မကိုင်ဘဲ မသိချင်ယောင်ဆောင်လိုက်သည်။

"သူ့ကို ခင်ဗျားကိုယ်တိုင်ပဲ ပြောပါတော့ဗျာ။ ခင်ဗျားနဲ့ ခင်ဗျားအဖွဲ့သားတွေ မပါလာဘဲနဲ့ ကျုပ်က ရဟတ်ယာဉ်ကို လုံးဝ မမောင်းဘူး"

ဗိုလန်က နှုတ်ခမ်းကို ကောက်ကွေးသွားအောင် ပြုံးလိုက်၏။

"ကံကောင်းပါစေ"

"ခင်ဗျားကို ကျုပ် ရဟတ်ယာဉ်ကွင်းက စောင့်နေမယ်"

ပစ်က ထိုမျှသာ ပြောလိုက်သည်။

ထို့နောက် ချာခနဲ လှည့်ပြီး တံခါးပေါက်မှ ပြန်ထွက်သွားတော့သည်။

ပစ်က ရဟတ်ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်သို့ တက်ထိုင်လိုက်စဉ် ဗီနိုင်းပလတ်စတစ်ခင်းထားသော ထိုင်ခုံသည် နှင်းငွေ့များကြောင့် စိုထိုင်းနေသည်။ မြူနှင်းထုက ရဟတ်ယာဉ်ကို လွှမ်းခြုံထားစဉ် ပစ်သည် ရဟတ်ယာဉ်အား မပျံသန်းမီ စစ်ဆေးရမည့် အစီအစဉ်များကို တစ်ခုပြီးတစ်ခု စစ်ဆေးလိုက်သည်။

ရဟတ်ယာဉ်၏ ပတ်ဝန်းကျင်မှ လေထုသည် စိုထိုင်းထိုင်း ဖြစ်နေသောကြောင့် အသက်ရှူရသည်မှာ မဝသလို ဖြစ်နေသည့်အပြင် အလင်းရောင်မှန်သမျှသည် မှုန်ဝါးဝါးဖြစ်နေကြသည်။ ယခုအချိန်တွင် ဧည့်သည်အရာမျှ မတည်ရှိတော့ပါ။

မိုးကောင်းကင်ကြီးလည်း မရှိတော့ပြီ။

ပင်လယ်သမုဒ္ဒရာကြီးသည်လည်း မရှိတော့လေပြီ။

ရဟတ်ယာဉ်မောင်းနှင်သည့်အခန်းမှ လှမ်းကြည့်လိုက်ချိန်တွင် ပစ်သည် အလွန် သေးငယ်သော စတုရန်းပေ နှစ်ရာခန့်ကို မှတ်မိသည် ဆိုရုံမျှသာ မြင်နေရတော့သည်။

ပစ်သည် အရန်စွမ်းအင်ယူနစ်နှင့် ဆက်သွယ်လိုက်ပြီးနောက် စက်နှိုးသောခလုတ်ကို နှိပ်လိုက်၏။ အရန်စွမ်းအင်ယူနစ်သည် ညည်းညည်းညူညူနှင့် စ,နိုးလာပြီး နောက်ပိုင်းတွင် ချောချောမွေ့မွေ့ ဖြစ်သွားတော့သည်။ ထို့နောက် ရှိတာဂီယာများသည် အသက်ဝင်လာကြပြီး ကြီးမားသော ပန်ကာလက်တံကြီးများသည် စိုထိုင်းနေသောလေထုကို စတင်၍ ရိုက်ခတ်စပြုတော့သည်။

ကျန်ရှိနေသေးသော နေရောင်ခြည်သည် ယခုအချိန်တွင် [illegible] ပျောက်ကွယ်သွားလေပြီ။

ဒိုင်ခွက်များထဲတွင်ရှိသော လက်တံများသည် သာမန် [illegible] တွင် ရှိရမည့် အနေအထားသို့ ရောက်ရှိသွားကြသောအခါ ပစ်သည်


www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်လေယာဉ်မှူး၏ထိုင်ခုံဆီသို့ ကိုယ်ကို ငုံ့လိုက်ပြီးနောက် မျက်နှာသုတ်ပဝါနှင့် ထုပ်ထားသော မော်ဇာသေနတ်ကို ကောက်ယူလိုက်၏။

ပစ်သည် သေနတ်ကို ပေါင်ပေါ်တွင် တင်လိုက်ပြီးနောက် မျက်နှာသုတ်ပဝါကို ခပ်မြန်မြန် ဖြေလိုက်ပြီး သစ်သားအိမ်ကို သေနတ်ဒင် ဖြစ်အောင် အသေအချာ တပ်ဆင်လိုက်သည်။ ထို့နောက် ပစ်သည် ကျည်ဆန်ငါးဆယ်ပါသော ကျည်ကပ်ကို သေနတ်ထဲသို့ ရိုက်သွင်းလိုက်ပြီး ရဟတ်ယာဉ်ပေါ်မှဆင်း၍ မှုန်ဝါးဝါး အလင်းရောင်ထဲသို့ စိုက်ကြည့်လိုက်သည်။

ပစ်သည် မည်သည့်အရာဝတ္ထုကိုမျှ တပ်အပ် သေချာစွာ မခွဲခြားနိုင်ပါ။ ရဟတ်ယာဉ် ဆင်းရန် ပြုလုပ်ထားသော တုံးကြီးများက ပစ်အား အနည်းငယ်မျှ အကာအကွယ်ပေးထားသောကြောင့် ပစ်သည် ထိုတုံးကြီးများ၏နောက်ဘက်တွင် ဆောင့်ကြောင့်ထိုင်ရင်း သေနတ်ကို အမှောင်ထုထဲသို့ ချိန်ထားလိုက်သည်။

သင်္ဘောပဲ့ပိုင်းရှိ သံလက်ရန်းတန်းပေါ်မှ နာနာဘာဝနှစ်ကောင်ပေါ်ထွက်လာပြီး စက်နှိုးထားသော ရဟတ်ယာဉ်ဆီသို့ ထိတ်လန့်ဖွယ်ကောင်းစွာ တိုးကပ်လာနေသည်ကို တွေ့ရအောင် ပစ်သည် စက္ကန့်ကိုးဆယ်မျှသာ စောင့်လိုက်ရသည်။

ပစ်က ထိုနှစ်ယောက်သည် မာသာအန်းမှ သင်္ဘောသားများ မဟုတ်ကြောင်း သေချာအောင် စောင့်နေလိုက်၏။

ထို့နောက် ပစ်၏ မော်ဇာသေနတ်မှ မီးပွင့်သွားတော့သည်။

အဝတ်အစားကို မလုံမလဲ ဝတ်ဆင်ထားသော ထိုနှစ်ယောက်သည် ကုန်းပတ်ပေါ်သို့ တိတ်ဆိတ်စွာ လဲကျသွားကြသည်။ သူတို့လက်ထဲမှ သေနတ်ကလေးများသည်လည်း သံမဏိပြား ကုန်းပတ်ပေါ်သို့ တဒေါက်ဒေါက် မြည်ပြီး လွတ်ကျသွားကြသည်။

ပစ်သည် လဲကျသွားသူနှစ်ယောက်အား ငုံ့မကြည့်မီ ကိုယ်ကို တစ်ပတ်ပြည့်အောင် လှည့်၍ ကြည့်ရှုလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ဦး၏နံဘေး၌ တစ်ဦးက ခွေခွေကလေး လဲကျနေကြသည်။ လက်ဖြောင့်သောပစ်၏လက်ချက်ကြောင့် သူတို့နှစ်ဦး၏ ရင်ဘတ်ပေါ်ရှိ ဒဏ်ရာများမှ သွေးများ ယိုစီးနေကြသည်။ သူတို့ ပေါင်ခြံတွင် ဝတ်ဆင်ထားသော အစိမ်းရောင်နံငယ်ပိုင်းနှင့် သူတို့ ယူဆောင်လာသော လက်နက်တို့မှာ စတားဘတ်ခ်ပေါ်၌ ပစ် မြင်ခဲ့ဖူးသော နံငယ်ပိုင်းများ၊ လက်နက်များနှင့် တစ်ပုံစံတည်းပင် ဖြစ်သည်။

တစ်ခုတည်းသော ထူးခြားချက်မှာ ယခင် အချိန်မရ၍ သူ မမြင်မတွေ့ခဲ့ရသော သူတို့ ချိုင်းအောက်ရှိ ရင်ဘတ်ပေါ်၌ အသားနှင့် ကပ်ထားပုံရသော ပလတ်စတစ်ဘူးကလေးများပင် ဖြစ်သည်။

သူက အလောင်းများကို နီးနီးကပ်ကပ် မလေ့လာနိုင်ခင် သံလက်ရန်းတန်းပေါ်မှ ဖြည်းညင်းစွာ ကျော်တက်လာသော ပုံသဏ္ဌာန်တစ်ခု





ကြောင့် သူက ထိုပုံသဏ္ဌာန်ဘက်သို့ လှည့်လိုက်ရ၏။

ပစ်က သေနတ်နှင့် ချိန်လိုက်ပြီး သေနတ်မောင်းကို ညင်သာစွာ တစ်ချက်ဆွဲ၍ ငွေ့ယမ်းပြီး ပစ်ခတ်လိုက်သည်။ အတွဲလိုက် ဆွဲ၍ ပစ်လိုက်သော ပစ်၏သေနတ်သံသည် ရဟတ်ယာဉ်၏ ပန်ကာသံကို ဒုတိယအကြိမ် လွှမ်းမိုးသွားပြန်သည်။ ထို့အတူ ရေးရေးမျှသာ မြင်ရသော ထိုပုံသဏ္ဌာန်သည် နောက်ဘက်သို့ လန်ကျပြီး နှင်းမြူထဲတွင် ချက်ချင်းပျောက်ကွယ်သွားတော့သည်။

ပစ်သည် သံလက်ရန်းတန်းပေါ်သို့ သတိကြီးစွာထား၍ ကျော်လွှားပြီး တက်လိုက်၏။

ပစ်က သူ ရှာဖွေနေသော ပစ္စည်းပေါ်သို့ တည့်တည့်ကြီး ရောက်ရှိသွားတော့မည့်အချိန်တွင် သူ့လက်က ထိုပစ္စည်းကို လက်နှင့်ထိတွေ့လိုက်ရသည်။ ထိုပစ္စည်းမှာ ရာဘာရေမြှုပ်နှင့် အပေါ်က ဖုံးအုပ်ထားသည့် သံချိတ်ခြောက်ချောင်းကို တစ်ပေါင်းတည်း ဖြစ်အောင် တွဲထားသော သံချိတ်ကြီး ဖြစ်ပြီး ထိုသံချိတ်မှ ကြိုးသည် အောက်ဘက်ရှိ မမြင်ရသော ရေပြင်ဆီအထိ တွဲလောင်းကျနေသည်။ ပင်လယ်ထဲမှ ထူးဆန်းသော ဤပုဂ္ဂိုလ်များက မြူနှင်းထု၏အကာအကွယ်ကိုယူ၍ သင်္ဘောပေါင်းများစွာနှင့် သင်္ဘောသား ထောင်ပေါင်းများစွာကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားအောင် မည်သို့မည်ပုံ လုပ်ကိုင်ခဲ့ကြသည်ကို ပစ်သည် လွယ်လွယ်ကူကူနှင့် သိမြင်နိုင်ခဲ့လေပြီ။

ပစ်၏အတွေးများသည် ဒသမလေးဆယ့်ငါးအော်တိုမက်တစ် ပစ္စတိုများ၏ ကျယ်လောင်သော သေနတ်သံများအကြားတွင် တစ်ချက်တစ်ချက် ကြားဖြတ်၍ ကြားလိုက်ရသော ဒသမသုံးဆယ်ကာဘိုင်သေနတ်များ၏ ပို၍ စူးရှသော သေနတ်သံများကြောင့် ပြတ်တောက်သွားရတော့သည်။ ဒဏ်ရာရသူများထံမှ အော်ဟစ်လိုက်သောအသံများသည် အသံခြဲ့စက်မှ ထွက်ပေါ်လာသောအသံများကဲ့သို့ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ သင်္ဘော၏ အလယ်ပိုင်းလောက်၌ ဖြစ်ပွားနေသော ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုများသည် ပစ်နှင့် မသက်ဆိုင်ဘဲ မိုင်ပေါင်းများစွာ ဝေးလံသောနေရာတွင် ဖြစ်ပွားနေသလို ပစ် စိတ်ထဲ၌ ခံစားနေရသည်။

လမ်းမှားလာပုံရသော ကျည်ဆန်တစ်တောင့်သည် ရဟတ်ယာဉ်ကို ပွိုးခနဲ ကျော်ဖြတ်သွားပြီးနောက် ရေထဲသို့ ကျသွားတော့သည်၊

"ချိုးမှပဲ"

ပစ်က အော်ဆဲလိုက်၏။ ထိုသို့ ဆဲလိုက်ခြင်းမှာ [illegible] သော လုပ်ရပ်ပင် ဖြစ်သော်လည်း ပစ် ဒေါပွသွားလေပြီ၊ [illegible] သော ကျည်ဆန်သည် ရဟတ်ယာဉ်၏ အရေးကြီးသော [illegible] တစ်ခုကို ဝင်ရောက် ထိမှန်သွားမည်ဆိုပါက သူတို့အား[illegible]သည် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပေတော့မည်။

လူသုံးယောက်သည် ရဟတ်ယာဉ်ကွင်းပေါ်သို့ ယိုင်တီယိုင်ထိုးနှင့် ရောက်လာကြသည်။ သူတို့ ဝတ်ဆင်ထားသော အဝတ်အစားများကြောင့် ပစ်က မည်သူမည်ဝါများဖြစ်ကြောင်း အချိန်မီ ကပ်၍ မှတ်မိသွားသည်။ ကြောင်တောင်တောင် ဖြစ်နေသော မျက်လုံးကြီးများနှင့် မျက်နှာပေါ်မှ စီးကျနေသော ချွေးတို့က သူတို့သည် မည်ကဲ့သို့သော ထိတ်လန့်စရာမျိုးနှင့် ကြုံတွေ့ခဲ့ရကြောင်း သက်သေခံလျက် ရှိကြသည်။

"ကဲ ကဲ ခင်ဗျားတို့အားလုံး ရဟတ်ယာဉ်ပေါ်ကို စိတ်ချမ်းချမ်းသာသာနဲ့ တက်လိုက်ကြဗျာ"

ကြောက်နေသော သင်္ဘောသားများအား အကြောက်ပြေသွားအောင် ပစ်က အသံခပ်ကျယ်ကျယ်နှင့် ပြောလိုက်၏။

"လာကြလေဗျာ၊ နှေးမနေကြနဲ့"

ပစ်က ထိုကဲ့သို့ ပြောနေသော်လည်း နောက်ဘက်သို့ ပြန်လှည့်မကြည့်ချေ။

သူက အမှောင်ထုထဲသို့ စိုက်ကြည့်နေသည်။

တစ်မိနစ်ခန့် ကြာသောအခါကျမှ နောက်တစ်ယောက်သည် ရဟတ်ယာဉ်ကွင်းပေါ်သို့ ပြေးတက်လာတော့သည်။ ထိုသင်္ဘောသားချာတိတ်ကလေး၏ ကမူးရှူးထိုး ပြေးတက်လာပုံမှာ မြန်ဆန်လွန်းလှပြီး သူ့အရှိန်ကိုသူ မထိန်းနိုင်သဖြင့် စိုနေသောရဟတ်ယာဉ်ကွင်းပေါ်တွင် ချော်လဲသွားလေတော့ရာ ပစ်၏ သန်မာသော လက်မောင်းကြီးများက သူ့လက်တစ်ဖက်ကို ဆွဲမထားလိုက်နိုင်ပါက ထိုပုဂ္ဂိုလ်လေးသည် သံလက်ရန်းနှစ်ခု အကြားမှ အပြင်ဘက်သို့ လိမ့်ကျသွားမည်မှာ သေချာလှပေသည်။

ပစ်က ဆုံးမလိုက်၏။

"ဖြည်းဖြည်းပေါ့ကွာ၊ အိမ်ကို ရေကူးပြီး ပြန်ရမယ်ဆိုရင် အဝေးကြီးကွ"

"ကျွန်တော် ဝမ်းနည်းပါတယ် ဆရာ"

ထိုချာတိတ်ကလေးက ပြန်ပြောလိုက်၏။

နှင်းမြူထဲမှ နောက်ထပ် လူလေးယောက် ပေါ်မလာခင် ပစ်သည် ထိုချာတိတ်ကလေးအား ရဟတ်ယာဉ်ပေါ်သို့ တွန်းတင်ပေးလိုက်သည်။ ထိုလေးယောက်အနက် တစ်ယောက်မှာ ဖားရစ်ကို ဆွဲခေါ်လာသူ ပွဲကိုင်ပင် ဖြစ်သည်။ စတားဘတ်ခ်သင်္ဘောမှ တစ်ယောက်တည်း လွတ်မြောက်လာသော ဖားရစ်သည် သူ့နံဘေးတွင် ဖြစ်ပွားနေသော တိုက်ခိုက်သတ်ဖြတ်မှုများနှင့် လုံးဝ ကင်းကွာနေသည်။ သူက မျက်လုံးပြူးကြီးများနှင့် ပစ်အား ကြောင်တောင်တောင် ငေးကြည့်နေသည်။

"သူ့ကို တွဲဖက် လေယာဉ်မှူးရဲ့ ထိုင်ခုံပေါ်တင်ပေးပြီး ခါးပတ်





နဲ့ မြဲနေအောင် ချည်ပေးထားလိုက်"

ပစ်က ပွဲကိုင်သူအား အမိန့်ပေးလိုက်၏။

ထို့နောက် ပစ်သည် သူ့စိတ်အာရုံကို သင်္ဘောရှေ့ပိုင်းဆီသို့ ကူးပြောင်းပစ်လိုက်သည်။ သူသည် လက်ဖဝါးကို ဘယ်ဘက်နားရွက်နောက်မှ ထောင်၍ကာရင်း နားစွင့် ထောင်လိုက်ရာ မြူနှင်းထုထဲမှ လေးလံသော ခြေနင်းသံ အများအပြားကို ကြားလိုက်ရတော့သည်။

အသံတစ်သံက လှမ်းအော်လိုက်၏။

"ပစ် . . . ခင်ဗျား အဲဒီမှာ ရှိသလား"

ပစ်က ပြန်အော်လိုက်သည်။

"ဒီကို ဆက်လျှောက်လာခဲ့လေ။ ဖြုန်းခနဲ လှုပ်ရှားတာမျိုးတော့ မလုပ်နဲ့"

ထိုအသံက ပြန်အဖြေပေးသည်။

"ဒီမှာတော့ ပြဿနာမရှိပါဘူး။ ကျုပ်က ဒဏ်ရာရသူတစ်ယောက်ကို သယ်လာတယ်"

ကိုယ်အလေးချိန် ပေါင် (၂၅၀) ရှိသော အင်ဂျင်နီယာ လူထွားကြီး လက်ဖတင်နင် ဟာပါသည် မြူနှင်းထုထဲမှ ပေါ်ထွက်လာသည်။ သူ့ပခုံးပေါ်တွင် အသက်ဆယ့်ကိုးနှစ်ထက် ပိုကြီးပုံမရသော ချာတိတ်ကလေး၏ မျက်နှာမှာ ဖွေးဖွေးဖြူနေသည့်အပြင် သူ့ညာဘက်ခြေထောက်မှ စီးကျနေသောသွေးများသည် ကုန်းပတ်ပေါ်သို့ တစက်စက်ကျနေကြသည်။

ပစ်က လက်လှမ်းလိုက်ပြီးနောက် ကြီးမားသော လက်မောင်းအိုးကြီးကို ဆုပ်ကိုင်ပြီး ထွားကျိုင်းသော ခန္ဓာကိုယ်ကြီးကို ရဟတ်ယာဉ်ကွင်းပေါ်သို့ ဆွဲတင်လိုက်သည်။

"မင်းနောက်မှာ ဘယ်နှယောက်ကျန်သေးလဲ"

"ကျွန်တော်တို့ နောက်ဆုံးပါပဲ"

"ကွန်မြင်ဒါ ဗိုလန်ရော"

"အဝတ်မပါတဲ့ ဟိုခွေးမသားတစ်အုပ်လုံးက သူနဲ့ စတန်လီကို ပွဲစင်နောက်ဘက်မှာ ဝိုင်းထားကြတယ်"

ဟာပါ၏အသံက တောင်းပန်သည့်အသံမျိုး ဖြစ်နေသည်။

"သူတို့နှစ်ယောက်စလုံး ကိစ္စချောပြီလို့ ကျွန်တော် ထင်ပါတယ် ဆရာ"

ပစ်က အမိန့်ပေးလိုက်သည်။

"ဒီချာတိတ်ကို ရဟတ်ယာဉ်ထဲ သွင်းပြီး သွေးတိတ်သွားအောင် တတ်နိုင်သလောက် လုပ်ပါ။ ပြီးတော့လည်း မင်းတို့ဆီမှာ ရှိသမျှ လက်နက်တွေနဲ့ ရန်သူကို ခုခံဖို့ စီတန်းပြီး အသင့် နေရာယူထားကြ၊ အဲဒီ ဒဏ်ရာ ရနေတဲ့လူတွေ ကျန် မကျန် နောက်ဆုံးအကြိမ် သွားပြီး စစ်ဆေး လိုက်ဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



"သတိထားပြီးသွားပါ ဆရာရယ်။ ကျွန်တော်တို့မှာ ပိုင်းလော့ဆိုလို့ ဆရာတစ်ယောက်တည်းပဲ ရှိပါတယ်"

ပစ်က စောင့်ဆိုင်းပြီး အဖြေမပေးတော့ပါ။

သူသည် ရဟတ်ယာဉ် ရပ်ထားသော စင်မြင့်ပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် ကုန်းပတ်ပေါ်တွင် မမြင်မကန်းနှင့် ဆက်ပြေးသွားတော့သည်။ သူ့ခြေထောက်များသည် စိုနေသော သံမဏိပြားများပေါ်တွင် ချော်နေကြသည့်အပြင် မောနေသောကြောင့် ဟောဟဲ၊ ဟောဟဲ ဖြစ်နေသည်။

မြူနှင်းထုထဲတွင် အရိပ်မည်းကြီးများ ပေါ်ပေါက်လာရာ ပစ်သည် မြင်မြင်သမျှကို မော်ဇာသေနတ်နှင့် ပစ်ချခဲ့သည်ချည်းသာ ဖြစ်သည်။ ပင်လယ်ထဲမှ တက်လာသော လူစိမ်းသုံးယောက်သည် တံစဉ်နှင့် အရိုက်ခံလိုက်ရသော ဂျုံပင်များပမာ ခွေခနဲ ကျသွားကြသည်။

ပစ်သည် သေနတ်မောင်းပေါ်တွင် လက်တင်ရင်း သူ့အတွက် လမ်းရှင်းသွားအောင် အတင်း ပစ်ခတ်ပြီး ရှေ့သို့ တိုးသွားသည်။ သူ့ခြေထောက်သည် ကြိုးတစ်ချောင်းနှင့် ခလုတ်တိုက်မိပြီး ကုန်းပတ်ပေါ်သို့ မှောက်လျက်ကြီး လဲကျသွားရာ ဖောင်းကြွနေသောသံဖုမျှားသည် သူ့ရင်ဘတ်ပေါ် ညီညီညာညာ ရှိသော ဒဏ်ရာများကို ဖြစ်ပေါ်လာစေခဲ့သည်။ သူသည် ထိုနေရာတွင် လဲလျောင်းရင်း အသက်ရှူမှန်အောင် ပြန်ပြီး ကြိုးစားလိုက်သည်။ ဒဏ်ရာရနေသော သူ့ခြေထောက်ကလည်း တူနှင့် အထုခံနေရသလို တဒိန်းဒိန်းနှင့် နာကျင်နေသည်။ ယခုအချိန်တွင် ငြိမ်သက်လွန်းလှသည်။ အသံဗလံများကိုလည်း မကြားရတော့ပါ။

ပစ်သည် ကုန်းပတ်ပေါ်ရှိ အသက်ကယ်လှေများကို အကာအကွယ်ယူ၍ တွားသွားပြီး ရှေ့သို့ တိုးလာခဲ့သည်။

မော်ဇာသေနတ်ထဲတွင် ကျည်ဆန် အနည်းငယ်သာ ကျန်တော့မည် ဖြစ်ကြောင်း သူ တထစ်ချ သိနေသည်။

သူ့လက်သည် ခပ်စိုစိုနှင့် ချွဲကျိကျိပစ္စည်းတစ်ခုကို ကိုင်လိုက်မိ၏။ ပစ်က မကြည့်ဘဲနှင့် ထိုပစ္စည်းသည် မည်သည့်ပစ္စည်းဖြစ်ကြောင်း သိလိုက်သည်။ ထိုပစ္စည်းသည် မြူနှင်းထုထဲ၌ တောက်လျှောက် ရှိနေသဖြင့် ပစ်က ထိုလမ်းကြောင်းအတိုင်း ဆက်လိုက်သွားသည်။

အချို့သောနေရာတွင် ထိုအစက်များသည် တစ်ခုနှင့်တစ်ခု ဆက်နေကြပြီး နောက်ဆုံးတွင် အိုင်ကလေးတစ်ခုပမာ ရှိနေလေတော့သည်။

ထိုသွေးစက်များသည် ရှာဖွေထောက်လှမ်းရေးအခန်းမှ သေနေသော ကြိုးကြပ်ရေးအရာရှိ လက်ဖတင်နင်စတန်လီ၏ အလောင်းနားတွင် ရပ်တန့်သွားလေတော့သည်။

ပစ်သည် ယခုအချိန်တွင် အကြီးအကျယ် ဒေါသထွက်နေလေပြီ။ သို့သော် သူ့ဦးနှောက်မှာ ကြည်လင်နေဆဲပင်။ သူ့မျက်နှာပေါ်တွင် စဘန်လီအား မည်သို့မျှ ကူညီနိုင်စွမ်း မရှိသောကြောင့် ဖြစ်ပေါ်လာသော





အကြီးအကျယ် စိတ်ဓာတ်ကျဆင်းမှုက ဖုံးလွှမ်းနေသည်။

ဗိုလန် မသေသေး ဆိုသော အသိစိတ်ဓာတ်၏ တွန်းအားပေးမှုကြောင့် သူသည် ရှေ့သို့ ဆက်တိုးလာခဲ့သည်။

ထို့နောက် သူသည် ရပ်တန့်ပြီး နားစွင့်လိုက်၏။ မပီမသနှင့် ညည်းညူနေသော အသံတစ်သံသည် သူ့ရှေ့တည့်တည့် တစ်နေရာဆီမှ ပေါ်ထွက်နေသည်။

ပစ်သည် အချိန်မီ ရပ်တန့်လိုက်နိုင်သောကြောင့်သာ ထိုပုဂ္ဂိုလ်နှင့် ဝင်မတိုးမိခြင်း ဖြစ်သည်။

ပခုံး၏ရှေ့ဘက်မှ ကျောဘက်သို့ ပေါက်ထွက်သည်အထိ လေးပေရှည်သော ငါးထိုးမှိန်းနှင့် ထုတ်ချင်းခတ် ပေါက်အောင် အထိုးခံထားရသော ဗိုလန်သည် ကုန်းပတ်ပေါ်တွင် ဝမ်းလျားမှောက်ရင်း ရှေ့သို့ တိုးသွားရန် ကြိုးပမ်းနေသည်။ သူ့ဦးခေါင်းသည် ရှေ့သို့ ငိုက်စိုက်ကျနေပြီး သူက လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ၏ တီရှပ်အင်္ကျီကလည်း ရဲရဲနီအောင် စိုရွှဲနေသည်။ အားကိုးရာမဲ့ဖြစ်နေသော ဗိုလန်၏ ခန္ဓာကိုယ်ပေါ်တွင် လူသုံးယောက် မတ်တတ်ရပ်နေသည်။ မတ်တတ်ရပ်ရန် ကြိုးပမ်းရင်း တဖြည်းဖြည်းနှင့် ပို၍ အားကုန်လာသော ဗိုလန်အား ပို၍ စိတ်ဆိုးလာအောင် ထိုပုဂ္ဂိုလ်များက ဆွပေးနေကြသည်။

ထိုသုံးယောက်အနက် တစ်ယောက်သော ပုဂ္ဂိုလ်သည် ပခုံးထဲတွင် ဇူးဝင်နေသောမှိန်းကို ရက်ရက်စက်စက် ခြေထောက်နှင့် ကန်ရင်း အတင်းစေ့ထားသောသွားကြားမှ ညည်းညူသံတစ်ချက် ပေါ်ပေါက်လာသည့်အခါတိုင်း အားရပါးရ ပြုံးနေသည်။

ပစ်သည် တစ်စက္ကန့်မျှပင် ဆိုင်းငံ့နေခြင်း မရှိပါ။ သူသည် ပစ်မှတ် အမှတ်တစ်ကို မော်ဇာသေနတ်နှင့် ချိန်ရင်း ပြူးတူးပြဲတဲဖြစ်သွားသော ထိုလူအုပ်ထဲသို့ တည်တည်ငြိမ်ငြိမ်နှင့် အမှုမဲ့အမှတ်မဲ့ လျှောက်ဝင်သွားသည်။

ပထမဦးဆုံး ကျည်ဆန်သည် ဗိုလန်အား ပြုံးပြုံးကလေးနှင့် နှိပ်စက်နေသူ၏ ဘယ်ဘက်မျက်စိကို ထိမှန်သွားသည်။ ဒုတိယနှင့် တတိယကျည်ဆန်များသည် ပြူးတူးပြဲတဲ ဖြစ်သွားကြသော ကျန်နှစ်ယောက်၏ ရင်ဘတ်ပေါ်တွင် အပေါက်ကလေးများ ဖြစ်သွားစေခဲ့ပြီး သူတို့၏အသက်ရှင်နေမှုကို တစ်ဝက်တစ်ပျက်နှင့် အဆုံးသတ်ပေးလိုက်သည်။ နောက်တစ်ယောက်က သူတို့ထံသို့ ပြေးလာပြန်၏။

ဤတွင် ပစ်၏မော်ဇာသေနတ်မှ သေနတ်သံများ ပေါ်ထွက်လာပြီးနောက် ဝမ်းဗိုက်တစ်ဝိုက်တွင် အပေါက်ကလေးများ ဖြစ်သွားသော ထိုပုဂ္ဂိုလ်သည် ကျန်ပုဂ္ဂိုလ်များအပေါ်သို့ လဲကျသွားလေတော့သည်။

မှုးနေသောဗိုလန်သည် နာကျင်သောမျက်နှာထားနှင့် [illegible] မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်လာသလား"

"ကျုပ် ဦးနှောက် ပျက်သွားလို့ ပြန်လာခဲ့တာဗျို့"

ပစ်က ခပ်ပြုံးပြုံးမျက်နှာထားနှင့် ပြောလိုက်သည်။

"ကဲ - ကိုယ့်ကိုယ်ကိုယ် အားတင်းထားစမ်းဗျာ။ အဲဒီမှိန်းကို ဆွဲထုတ်ပစ်မှ ဖြစ်မယ်"

ပစ်သည် မော်ဖာသေနတ်ကို ခါးပတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် သူ့မျက်စိက နောက်ထပ် ပေါ်လာဦးမည့် လူသတ်သမားများကို ရှာဖွေရင်း ဗိုလန်အား ညင်ညင်သာသာ ထူမ၍ သက်သက်သာသာဖြစ်အောင် နံရံတွင်မှီပြီး ထိုင်ခိုင်းထားလိုက်သည်။

"သုံး . . . လို့ အော်တဲ့အချိန်ကျရင် အဆင်သင့်ဖြစ်အောင် စောင့်နေဗျာ"

ဗိုလန်၏မျက်လုံးအစုံသည် နာကျင်မှု ဝေဒနာနှင့် ပြည့်လျှမ်းနေသည်။ သို့ရာတွင် ဗိုလန်က သိသိသာသာ ပြုံးပြပြီး ပြန်ပြောလိုက်၏။

"မြန်မြန်သာလုပ်ပါ ကိုယ့်လူရာ"

ပစ်က ဆုပ်ထားသောလက်ကို ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီးနောက် -

"တစ်" ဟု အော်လိုက်၏။

သူက သူ့ခြေထောက်ကို ဗိုလန်၏ ရင်ဘတ်ပေါ်တွင် တင်လိုက်သည်။

"နှစ်"

ပစ်သည် အားယူလိုက်ပြီးနောက် တအားကုန် ဆွဲလိုက်၏။ သွေးခြင်းခြင်းနီနေသောမှိန်းသည် ဗိုလန်၏ပခုံးထဲမှ လျှောခနဲ ထွက်လာတော့သည်။

ဗိုလန်သည် ရှေ့သို့ စိုက်ကျသွားပြီး ညည်းညူလိုက်၏။ ထို့နောက် သူသည် [illegible]ပေါ်သို့ ပြန်လဲကျသွားပြီး ကြောင်စီစီ မျက်လုံးများနှင့် ပစ်အား ပြန်ကြည့်လိုက်သည်။

သူက မပွင့်တပွင့် ပြောလိုက်သည်။

"မင်း ခွေးမသား၊ 'သုံး' လို့ မအော်ဘူး"

ထို့နောက် ဗိုလန်၏မျက်လုံးများသည် အပေါ်သို့ လန်သွားပြီး မေ့မြောသွားတော့သည်။

ပစ်သည် သွေးတစက်စက်ကျနေသောမှိန်းကို နံဘေးတွင် ချလိုက်ပြီးနောက် ပျော့ခွေနေသော ဗိုလန်၏ခန္ဓာကိုယ်ကို မ,ယူလိုက်ပြီး သူ့ပခုံးပေါ်တွင် တင်လိုက်သည်။ သူသည် ရှေ့သို့ ကုန်းရင်း ပခုံးပေါ်မှ အလေးချိန်နှင့် မာတောင့်နေသော ခြေထောက်များက ခွင့်ပြုသော အတိုင်းအတာအထိ အတတ်နိုင်ဆုံး ပြေးသွားခဲ့သည်။

သူသည် ပစ္စည်းများကို သဘော်ဝမ်းထဲသို့ထည့်သော အံဖုံးတံခါးများနှင့် သင်္ဘောပေါ်သို့ ပစ္စည်းတင်သော ဝန်ချီစက်၊ မျှော်စင်ကြီးများကို အကာအကွယ်ယူ၍ ပြေးသွားခြင်း ဖြစ်သော်လည်း မသဲကွဲသော အသံဗလံများကို မြူနှင်းထုထဲတွင် ကြားရသဖြင့် နှစ်ကြိမ်တိုင်တိုင် ရပ်တန့်နေခဲ့ရသည်။ အားအင်ကုန်ခန်းပြီး မူးဝေနေသော ပစ်သည် ရဟတ်ယာဉ်ကို မာသာအန်း၏ကုန်းပတ်ပေါ်မှ ပျံတက်နိုင်အောင် ရှေ့သို့ဆက်၍ တိုးလာခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် အသက်ရှူများလုမတတ် မောဟိုက်နေသောပစ်သည် ရဟတ်ယာဉ်ကွင်း၏ စင်မြင့်အစပ်ဆီသို့ ရောက်လာခဲ့တော့သည်။

"ပစ် ပြန်လာပြီဟေ့"

ပစ်သည် အားကုန်နေသောအဆုတ်များက ခွင့်ပြုသလောက် အစွမ်းကုန် အော်ပြောလိုက်သည်။

လက်ဖတင်နင်ဟာပါ၏ သန်မာသောလက်များက ပစ်၏ပခုံးပေါ်မှ ဗိုလန်အား ကလေးငယ်တစ်ယောက်ထံမှ အရုပ်ကလေးတစ်ရုပ်ကို မ,ယူလိုက်သည့်အလား သယ်မ၍ သတိမေ့နေသော ဗိုလန်ကို ရဟတ်ယာဉ်ဆီသို့ သယ်ယူသွားတော့သည်။

ပစ်သည် ခါးပတ်ကြားထဲမှ မော်ဖာသေနတ်ကို ဆွဲထုတ်ယူလိုက်ပြီးနောက် သင်္ဘောဦးပိုင်းဆီသို့ ချိန်ရွယ်ပြီး ကျည်ကပ်ထဲမှ နောက်ဆုံးကျည်ဆန်ခွံ ကုန်းပတ်ပေါ်သို့ ကျသွားသည်အထိ ဆက်တိုက် ပစ်ထည့်လိုက်သည်။

ထို့နောက် သူသည် လေယာဉ်ပျံပေါ်သို့ တက်လိုက်ပြီး သူသည် မဖြစ်နိုင်သောအရာကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီ ဆိုသော အသိဖြင့် ပိုင်းလော့ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်တော့သည်။

ပစ်သည် လုံခြုံရေးခါးပတ်ကို ပတ်ရန် ဂရုစိုက်မနေတော့ပါ။ သူက အရှိန်မြင့်ကိရိယာကို သာမန်အနေအထားမှ တင်ပေးပြီးနောက် ရဟတ်ယာဉ်ကို အပေါ်သို့ ကြွတက်လာစေရန် ကျင်လည်စွာ မောင်းနှင်လိုက်သည်။

ရဟတ်ယာဉ်သည် မာသာအန်း၏ အပေါ်တည့်တည့် နှင်းမြူထုထဲသို့ တစ်ရှိန်ထိုး ထိုးတက်သွားပြီးမှ ရဟတ်ယာဉ်ကို ရှေ့သို့ စိုက်လိုက်ပြီး မာသာအန်းနှင့် ခွဲထွက်ခဲ့တော့သည်။

ရဟတ်ယာဉ်သည် မာသာအန်းနှင့် လွတ်သွားသည်နှင့် တစ်ပြိုင်နက် ပစ်က ရဟတ်ယာဉ် တည်ငြိမ်သွားသည်အထိ အချက်ပြဒိုင်ခွက်ကို စောင့်ကြည့်နေလိုက်သည်။

'မိုးကောင်းကင်ကြီးဘယ်မှာလဲ'ဟု စိတ်ထဲက အော်မေးလိုက်မိ၏။

'ဘယ်မှာလဲ . . . ဘယ်မှာလဲ'

မိနစ်အနည်းငယ်မျှသာ ကြာမြင့်သော်လည်း တစ်သက်တာမျှ ကြာမြင့်သည်ဟု ပစ်က ထင်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းဆိုသလို မိုးကောင်းကင်ကြီးကို ပစ် တွေ့လိုက်ရတော့သည်။

ရဟတ်ယာဉ်သည် ညဦးပိုင်းတွင် ထွန်းလင်း တောက်ပနေသော လရောင်ထဲသို့ ထိုးတက်သွားသည်။

ပစ်က ရဟတ်ယာဉ်ကို ပို၍ မြင့်သောနေရာဆီသို့ ပျံတက်သွားစဉ် ရဟတ်ယာဉ်မှ လည်နေသောပန်ကာသည် ပို၍ ပို၍ အရှိန်ရလာသည်။

ထို့နောက် ရဟတ်ယာဉ်ကြီးသည် မိမိ၏ အသိုက်အမြုံဆီသို့ ပြန်လည် ပျံသန်းနေသော ငှက်ကြီးတစ်ကောင်ပမာ ရယာဉ်ကိုယ်ထည်ကို ပြန်တည့်မတ်လိုက်ပြီးနောက် ရေပြင်ပေါ်တွင် ကျရောက်နေသော မိမိအရိပ်နောက်သို့ တကောက်ကောက်ပါအောင် လိုက်ရင်း ဟာဝေယံကျွန်းဆီသို့ ဆက်လက် ပျံသန်းသွားလေတော့သည်။



(၁၂)

ဟင်နရီ ဖူဂျီမာသည် အမျိုးသုဉ်းတော့မည့်ဆဲဆဲ ဖြစ်နေသော တံငါလုပ်ငန်းရှင်တစ်ယောက် ဖြစ်သည်။ ဘိုးဘေးဘီဘင်ကစ၍ တံငါလုပ်ငန်းနှင့် အသက်မွေးခဲ့ကြသော ဟာဝေယံ - ဂျပန် ကပြား ဖြစ်သည်။

သူသည် ရာသီဥတုသာယာချိန်တွင် ပင်လယ်ထဲသို့ တစ်ပတ်နှစ်ကြိမ်ထွက်၍ ကြုံနာငါးများကို ကိုယ်တိုင် ထွင်းထားသော သမ္ဗန်ကလေးနှင့် ငါးဖမ်းထွက်လေ့ရှိသည်။

ထိုအလေ့အထမှာ အနှစ် လေးဆယ်ကျော် ကာလအတွင်းတွင် တစ်ကြိမ်တစ်ခါမျှ မပြောင်းလဲခဲ့ဘူးသော အလေ့အထပင် ဖြစ်သည်။

ဟာဝေယံကျွန်းတွင် လူသိများ၍ ထင်ရှားခဲ့သော ငါးဖမ်းသမ္ဗန်များမှာ ယခုအချိန်တွင် မရှိကြတော့လေပြီ။ နိုင်ငံတကာမှ ငါးဖမ်းအုပ်စုများက ဝင်ရောက် ငါးဖမ်းမှုနှင့် ငါးများကို မှန်မှန်ဖမ်း၍ မရမှုတို့ကြောင့် အခြားသမ္ဗန်များ ပျောက်ကွယ်သွားချိန်တွင် ဟင်နရီဖူဂျီမာသည် သစ်ထွင်းသမ္ဗန်ကလေးနှင့် ပစိဖိတ်ရေပြင်၌ ငါးဖမ်းထွက်နေဆဲ ဖြစ်သည်။

သူသည် နှစ်ပေါင်းများစွာ ကာလအတွင်း မရေမတွက်နိုင်သော ငါးထောင်ပေါင်းများစွာမှ ငါးဆီများနှင့် စွန်းထင်းပေရေနေသော သမ္ဗန်နောက်ပိုင်းမှ သစ်သားတန်းကလေးပေါ်တွင် ဖိနပ်မပါသော ဗလာခြေထောက်နှင့် မတ်တတ်ရပ်ရင်း နံနက်ခင်း၏လှိုင်းလုံးများ အကြားတွင် ပိုက်ချနေသည်။

သူ့စိတ်အစဉ်သည် သူ ငယ်စဉ်က ဖခင်နှင့်အတူ ငါးဖမ်းရသည့် ကာလဆီသို့ မျောပါနေသည်။

ထိုစဉ်က ပျော်ဖို့ အလွန်ကောင်းအညီဟု သူ တွေးလိုက်သည်။ မီးခိုးစော်နံ့သော ဂျပန်မီးသွေးမီးဖိုကလေးမှ အနံ့အသက်များနှင့် ပင်လယ်ထဲ၌ တစ်ညတာ စခန်းချရန် သမ္ဗန်အားလုံး တစ်စင်းနှင့်တစ်စင်း တွဲ၍


www.burmeseclassic.com

www.burmeseclassic.com

ချည်နှောင်ထားကြစဉ် သမ္မန်တစ်စင်းမှ တစ်စင်း လက်ဆင့်ကမ်းလိုက်သော ဆာကေးပုလင်းများ၊ ဟက်ဟက်ပက်ပက် ရယ်မောသံများ စသည်တို့ကို သူ ပြန်သတိရနေသည်။

သူသည် မျက်စိကို မှိတ်ထားလိုက်ချိန်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက သေဆုံးခဲ့သူများ၏ မျက်နှာများ၊ မကြားရတော့သော စကားပြောသံများတို့ကို မြင်ယောင် ကြားယောင်လာမိသည်။

သူက မျက်စိကို ပြန်ဖွင့်လိုက်ချိန်တွင် ထိုရုပ်ပုံလွှာများသည် မိုးကုပ်စက်ဝိုင်းပေါ်၌ အစက်အပြောက်ကလေးတစ်ခု အဖြစ် ပြောင်းလဲသွားတော့သည်။

သူက ထိုအစက်အပြောက်ကလေးအား ကြည့်နေမိစဉ်မှာပင် ထိုအစက်အပြောက်ကလေးများသည် သူ့ဆီသို့ မောင်းနှင်လာနေသော ဟောင်းနွမ်းအိုမင်းလှသည့် သင်္ဘောတစ်စင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုသင်္ဘောသည် မြန်ဆန်စွာ မောင်းနှင်လာသည်။ ဟင်နရီသည် ထိုသင်္ဘောလောက် မြန်ဆန်သော ကုန်သင်္ဘောကို တစ်ခါမှ မမြင်မတွေ့ခဲ့ဘူးချေ။ မိမိဆီသို့ ဦးတည်လာနေသော သင်္ဘောတစ်စင်း၏အရှိန်ကို ခန့်မှန်းရန် ခက်သော်လည်း ကျောက်ဆူးကြိုးချထားသော အပေါက်အထိ ရောက်အောင် မြင့်တက်လာသော ဖြူဖွေးနေသည့်ရေမြှုပ်များကြောင့် ထိုသင်္ဘောသည် တစ်နာရီလျှင် (၂၅) မိုင်နှုန်းထက်မနည်း မောင်းနှင်နေခြင်းဖြစ်ရမည်ဟု သူ ခန့်မှန်းကြည့်လိုက်သည်။

ထို့နောက် ဟင်နရီဖူဂျီမာသည် ကြောက်စိတ်ကြောင့် ကြက်သေသေပြီး မလှုပ်မယှက်နိုင်အောင် ဖြစ်သွားရတော့သည်။

ထိုသင်္ဘောသည် တစ်ဖြောင့်တည်း ခုတ်မောင်းလာနေခြင်း ဖြစ်သည့်အပြင် ဟင်နရီသည် သင်္ဘော၏လမ်းကြောင်းထဲတွင် တန်းတန်းမတ်မတ် ရောက်ရှိနေသည်။

သူသည် ရုပ်အကျီကို ငါးများတံတွင် ချည်နှောင့်လိုက်ပြီး သွေးရူးသွေးတန်း ဝှေ့ယမ်းပြလိုက်သည်။

သင်္ဘောဦးပိုင်းသည် စားစရာပစ္စည်း အစအနကလေးများကို ကောက်ယူ ဝါးမျိုရန် ချဉ်းကပ်လာနေသော ဘီလူးကြီးတစ်ကောင်ပမာ သူ့ဆီသို့ လာနေသည်ကို အထိတ်တလန့် ကြည့်နေမိသည်။

သူက အသံကုန် အော်ဟစ်လိုက်သည်။

သို့ရာတွင် သင်္ဘောပေါ်၌ မည်သူမျှ ရှိပုံ မပေါ်။ ပဲ့စင်ပေါ်၌လည်း မည်သူမျှ ရှိပုံမရပါ။ ကြီးမားသော သံချေးတက်နေသည့် သင်္ဘောကြီးသည် သူ့သမ္မန်ကလေးအား အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် ဝင်တိုက်သွားသည်ကို သူသည် မည်သို့မျှ မတတ်နိုင်ဘဲ ကြည့်နေလိုက်တော့သည်။

ရေအောက်၌ ပြင်းပြင်းထန်ထန် ကူးခတ်နေရသော ဟင်နရီဖူ





ဂျီမာသည် သင်္ဘောအောက်ပိုင်းမှ သံပြားစွန်းနှင့် ဝင်တိုးမိသောကြောင့် လက်နှစ်ဖက်စလုံးတွင် ဒဏ်ရာ ရသွားသည်။ ရေယက်ပန်ကာများသည် သူ့အနီးအနားမှကပ်၍ ဖြတ်သန်းသွားကြရာ သူက သွေးရူးသွေးတန်း တူးခတ်လိုက်သောကြောင့် လည်နေသောပန်ကာထဲသို့ ရောက်မသွားဘဲ လွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ သူ ရောက်ရှိသွားချိန်တွင် လည်ချောင်းထဲသို့ ဝင်သွားသော ပင်လယ်ရေများကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးနေရသလို သင်္ဘော၏ရေယက်ပန်ကာကြောင့် ဂယက်ရိုက်ပြီး ကျန်ခဲ့သောသင်္ဘော၏ လှိုင်းလုံးများအကြားတွင် အသက် ပြန်ရှူနိုင်အောင် ပြင်းပြင်းထန်ထန် လုံးပမ်းနေခဲ့ရသည်။

နောက်ဆုံးတွင် သူသည် ရေမျက်နှာပြင်ပေါ်၌ ဦးခေါင်းကို ဖော်ထားနိုင်ခဲ့ပြီး ရေထဲ၌ ကိုယ်ကို ဖော့ထားရင်း မျက်စိထဲမှ ဆားငန်ရည်များကို လက်နှင့် ဖြည်းညင်းစွာ ပွတ်ပစ်နိုင်ခဲ့တော့သည်။

သင့်အား ကယ်ဆယ်နိုင်မည့် တစ်စင်းတည်းသော သင်္ဘောသည် ပင်လယ်ထဲ၌ သင် ရှိနေသည်ကို လုံးဝ မသိဘဲ မောင်းနှင် ထွက်ခွာသွားသည်ကို စောင့်ကြည့်နေရသော အချိန်လောက် ကြောက်လန့်စရာကောင်းသောအချိန်သည် ဤကမ္ဘာပေါ်၌ မရှိနိုင်လေပြီ။

သင်သည် လူမသိ သူမသိနှင့် ပေထောင်ပေါင်းများစွာ နက်သော ပင်လယ်ရေပြင်အောက်တွင် သေရမည့်ကိစ္စအတွက် ဖြစ်ပေါ်လာသော စိတ်ချောက်ချားမှုကို ပေါ်လွင် ထင်ရှားအောင် ဖော်ပြနိုင်စွမ်းလိမ့်မည် မဟုတ်ပါ။

သို့ရာတွင် ကံတရား၏စေစားမှုကြောင့် သေရတော့မည့်ကိစ္စအတွက် ဟင်နရီဖူဂျီမာ၏ အဖွဲ့တွင်သန္တာန်၌ စိုးရိမ်ကြောက်လန့်ခြင်း အလျှင်း မရှိပါ။

သူသည် အရှေ့တိုင်းသားများ၏ ဥပေက္ခာပြုနိုင်သော စိတ်ထားအရ သူ့ကံကြမ္မာကို တည်တည်ငြိမ်ငြိမ် လက်ခံလိုက်သည်။

စစ်သားတစ်ယောက်သည် စစ်ပွဲတွင် ကျဆုံးရသကဲ့သို့ သူသည်လည်း ပင်လယ်ထဲတွင် နေထိုင်၍ ပင်လယ်ထဲ၌ သေရမည့်ကိစ္စမှာ သူ့အတွက် နောက်ဆုံး ဆုလာဘ်ပင် ဖြစ်ပေသည်။

သူ့လက်နှစ်ဖက်မှ စီးထွက်လာသော သွေးနံ့ကြောင့် မကြာခင် ငါးမန်းများ ရောက်ရှိလာလိမ့်မည်။

သူသည် ရေထဲ၌ ကိုယ်ကို ဖော့ထားရင်း တောင်ဘက်ရှိ မိုးကုပ်စက်ဝိုင်းသို့ မောင်းသွားသော တဖြည်းဖြည်း သေးငယ်သွားသည့် မာသာအန်းကို ကြည့်ရင်း ရှုံးနိမ့်သွားပြီ ဟူ၍သော် လည်းကောင်း၊ စိတ်ပျက်အားငယ်မှုသည်သော် လည်းကောင်း ဖြစ်ပေါ်လာခြင်းမရှိဘဲ မိမိ၏ အေးချမ်းမှုကိုသာ ထူးထူးခြားခြား ခံစားနေရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် နံနက် ဆယ်နာရီကျော်ကျော်တွင်မှ သူ့အခန်းထဲသို့ ပြန်ဝင်နိုင်ခဲ့တော့သည်။

သူ သိပ် ပင်ပန်းနေလေပြီ။ သူ့မျက်လုံးများသည် ပူနွေးနေကြပြီး မျက်စိကို မှိတ်လိုက်ချိန်တွင် ကျိန်းစပ်လာကြသည်။ သူ ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။ သူ့ခြေထောက်ကို ပတ်တီးအသစ်နှင့် ပြန်၍ စည်းပေးထားပြီး သူ့ခြေထောက်သည် ခပ်တောင့်တောင့် ဖြစ်နေသည်မှအပ နာကျင်သော ဝေဒနာကို ခံစားရခြင်း မရှိပါ။ သူသည် ရေနွေးနှင့် ရေချိုးနေစဉ် အချိန်ပိုင်း၌သာ ကိုယ့်ကိုယ်ကိုယ် အိပ်မပျော်အောင် ထိန်းထားနိုင်ခဲ့သည်။

ဤကမ္ဘာပေါ်တွင် သူ အလိုချင်ဆုံးသောကိစ္စမှာ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီအချိန်ကာလကို မေ့ပစ်လိုက်ပြီး အိပ်ရာထဲသို့ ဝင်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ရန်သာ ဖြစ်တော့သည်။

မာသာအန်းမှ သင်္ဘောသားများအား ပုလဲဆိပ်ကမ်း သို့မဟုတ် ဟစ်တယ်ဖီးလေဆိပ်ရှိ ရဟတ်ယာဉ်ကွင်းတွင် ချပေးရန် ဆိုသောအမိန့်ကို သူသည် ဂရုမစိုက်ခဲ့ချေ။

ထိုအမိန့်ကို လိုက်နာမည့်အစား သူသည် အိုဟားဟူးကျွန်း၏ တောင်ဘက်ကမ်းခြေရှိ တောင်ကုန်းကလေးတစ်ခုပေါ်၌ မေးတင်၍ ဆောက်ထားသော ထရစ်ပလာစစ်ဆေးရုံမှ အရေးပေါ် လူနာလက်ခံရာ ဌာနနှင့် ပေနှစ်ရာသာ ဝေးသော မြက်ခင်းပြင်ပေါ်တွင် သေသေသပ်သပ် ဆင်းသက်ခဲ့သည်။

ပခုံးတွင် ဒဏ်ရာရထားသော သင်္ဘောသား ချာတိတ်ကလေးတို့အား ခွဲစိတ်ခန်းဆီသို့ တွန်းလှည်းနှင့် ယူသွားကြချိန်အထိ သူက ရပ်စောင့်ကြည့်ခဲ့သည်။

ထို့နောက်ပိုင်းတွင်မှ တပ်မတော်မှ ဆရာဝန်တစ်ယောက်က သူ့ခြေထောက်မှ ဒဏ်ရာအား ချုပ်ပြီး ပတ်တီးစည်းပေးသည်ကို လက်ခံလိုက်သည်။ ထို့နောက် ပစ်သည် ဘေးပေါက်တစ်ပေါက်မှ မယောင်မလည်နှင့် လစ်ထွက်လာခဲ့ပြီး အငှားကားတစ်စီးကို ခေါ်လိုက်သည်။ သူသည် ဝိုင်ကီကီကမ်းခြေသို့ အလာခရီးတွင် ကားပေါ်၌ ငိုက်မျဉ်းခဲ့ရလေသည်။

သူသည် အိပ်နေကျဖြစ်သော သူ့အိပ်ရာပေါ်၌ ဇိမ်ရှိရှိ အိပ်စက်ရသည်မှာ နာရီဝက်ခန့်ပင် မကြာသေးခင် တစ်ယောက်သောပုဂ္ဂိုလ်က တံခါးကို အတင်းလာ၍ ထုတော့သည်။

အစပထမတွင် ထိုအသံသည် သူ့ဦးခေါင်းနောက်ဘက်တစ်နေရာမှ ထွက်ပေါ်နေသော ပုံတင်သံဟု ထင်လိုက်သောကြောင့် ဖျောက်ဖျက်ပစ်ရန် ကြိုးစားလိုက်သော်လည်း နောက်ဆုံးတွင် သူသည် အိပ်ရာမှ လူးလဲထပြီး အခန်းတံခါးကို သွားဖွင့်ပေးရတော့သည်။





ကြောက်စိတ်ဝင်နေသော အမျိုးသမီးတစ်ယောက်သည် ထူးထူးခြားခြား ချစ်ဖို့ ကောင်းနေတတ်သည်။

သူမသည် ဟာဝေယံအမျိုးသမီးများ နေအိမ်၌ နေထိုင်စဉ် ဝတ်ဆင်ထားကြသော မူးမူး (Muu Muu) ခေါ် ခပ်ပွပွ အင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားသည်။ ထိုအင်္ကျီပေါ်တွင် အနီရောင်နှင့် အဝါရောင်ပန်းပွင့်ကြီးများကို ပုံဖော်ထားပြီး သူမ၏တင်ပါးကြီးကို ဖုံးထားနိုင်သည်ဆိုရုံမျှသာ ရှည်လျားပါသည်။

သူမ၏ နီညိုရောင်မျက်လုံးကြီးများသည် သူ့အား ပြူးတူးပြဲတဲနှင့် ကြောက်လန့်တကြား မော့ကြည့်နေကြသည်။

ပစ်သည် ထိုနေရာတွင် ခေတ္တမျှ ကြောင်၍ ရပ်နေလိုက်မိပြီးနောက် နောက်ဘက်သို့ ပြန်ဆုတ်ပေးပြီး အထဲသို့ဝင်ရန် လက်ပြလိုက်သည်။

အင်ဒရင်နီဟန်းတားသည် ပစ် နံဘေးမှ အခန်းထဲသို့ ဝင်လာပြီးနောက် ပစ်၏ရင်အုပ်ထဲသို့ တိုးဝင်လိုက်၏။

အက်ဒရင်နီသည် တဆတ်ဆတ် တုန်လှုပ်နေသည့်အပြင် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

ပစ်က အက်ဒရင်နီအား ဖက်ထားလိုက်သည်။

"အက်ဒရင်နီ ဘယ်လို ဖြစ်တာလဲ"

"သူတို့က သူ့ကို သတ်ပစ်လိုက်ကြတယ်"

သူမက ရှိုက်ငိုနေသည်။

ပစ်သည် အက်ဒရင်နီအား လက်တစ်ကမ်းအကွာသို့ ပြန်တွန်းထုတ်လိုက်ပြီးနောက် မို့မောက်ပြီး မျက်ရည်ရွှဲစိုနေသော သူမ၏မျက်လုံးများကို စိုက်ကြည့်လိုက်သည်။

"မင်းက ဘာတွေ လျှောက်ပြောနေတာလဲ"

သူမ၏ပါးစပ်မှ စကားလုံးများသည် ထစ်ထစ်အအနှင့် ထွက်ပေါ်လာကြသည်။

"ကျွန်မက အိပ်ရာထဲမှာ မိတ်ဆွေတစ်ယောက်နဲ့ အိပ်နေတယ်။ သူတို့သုံးယောက်က ဝရန်တာပြတင်းပေါက်က ဝင်လာကြတယ်။ သူတို့ ဝင်လာတာ တိတ်ဆိတ်လွန်းလှတဲ့အတွက် သိပ်နောက်ကျသွားတဲ့အချိန်အထိ သူတို့အခန်းထဲ ရောက်နေတာကို မသိခဲ့ဘူး။ သူက အဲဒီလူတွေနဲ့ သတ်ပုတ်ဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် အဲဒီလူတွေဆီမှာ အသံမမြည်တဲ့ ထူးထူးဆန်းဆန်း သေနတ်ကလေးတွေ ပါလာကြတယ်။ သူတို့က သူ့ကို အချက်ပေါင်း တစ်ဒါဇင်မက ပစ်သတ်ခဲ့ကြတယ်။ သူ့သွေးတွေဟာ နေရာအနှံ့ ပျံ့နေတာပဲ။ သိပ်ကို ကြောက်ဖို့ကောင်းတယ်"

သူမ တစ်ကိုယ်လုံး တုန်လှုပ်သွားသောကြောင့် ပစ်က သူမအား နှစ်ယောက်ထိုင် ဆိုဖာဆီသို့ ခေါ်သွားပြီး သူမကို ဖိထားသည် ဆိုပါက


www.burmeseclassic.com

www.burmeseclassic.com

ပုံမှန် အနေအထားသို့ ပြန်ရောက်သွားမည်ဟု ယူဆထားသည့်အလား တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"ကျွန်မက အသံကုန် အော်ဟစ်ပြီး ဗီရိုထဲကို ဝင်ပြေးခဲ့တယ်။ ပြီးတော့ အထဲက သော့ခတ်ထားလိုက်တယ်။ သူတို့က ဗီရိုအပြင်ဘက်မှာ မတ်တတ်ရပ်ပြီး ရယ်နေခဲ့ကြတယ်။ သူတို့က ကျွန်မ သော့ခတ်ပိတ်မိနေပြီလို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီဗီရိုက နှစ်ဖက်ပွင့်ဗီရို၊ တစ်ဖက်မှာရှိတဲ့ ညည်သည်အိပ်ခန်းကို ကူးသွားလို့ရတယ်။ ကျွန်မက ချိတ်နဲ့ ချိတ်ထားတဲ့ အကျီတစ်ထည်ကို ယူဝတ်ပြီး ပြတင်းပေါက်က ထွက်ပြေးလာခဲ့တယ်။ ကျွန်မ ရဲစခန်းကို မသွားချင်ဘူး။ ကျွန်မသိပ်ကြောက်နေမိတယ်။ ကျွန်မ ဖေဖေဆီ လှမ်းဆက်သွယ်ခဲ့တယ်။ ဒါပေမယ့် သူ့ရုံးခန်းက ဖေဖေ့ကို ဆက်သွယ်လို့ မရဘူးလို့ ပြန်ပြောတယ်။ အဲဒီအချိန်ကျတော့ ကျွန်မ သွေးရူးသွေးတန်း ဖြစ်နေပြီ။ ကျွန်မမှာ သွားစရာလည်း နေရာမရှိတော့ဘူး။ ဒါကြောင့် ကျွန်မ ဒီကို ပြေးလာခဲ့တာပဲ"

သူမက မျက်လုံးများအား လက်နှင့် ပွတ်သပ်လိုက်၏။ သူမသည် အလင်းရောင်ကို ကျောပေး၍ မတ်တတ်ရပ်နေသောကြောင့် မှုံမှုံအကျီအောက်တွင် မည်သည့် အဝတ်အစားကိုမျှ ဝတ်ဆင်မထားကြောင်း ပစ်က မြင်နေရသည်။

သူမက တိုးတိုးကလေး ပြောလိုက်ပြန်၏။

"ထမင်းလုံးတစ္ဆေ ခြောက်နေသလိုပါပဲရှင်။ ညစ်ပတ်ပြီး သိပ်ပြီးကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးကြီး၊ သူတို့က ဘာဖြစ်လို့ ဒီလို လုပ်ကြရတာလဲ၊ ဘာဖြစ်လို့ ဒီလို လုပ်ကြရတာလဲ"

ပစ်က ချိုချိုသာသာနှင့် ပြန်ပြောလိုက်သည်။

"ပထမ လုပ်ရမယ့်ကိစ္စကို အရင်စပြီး လုပ်ကြရအောင်ကွာ။ မင်း ရေချိုးခန်းထဲ ဝင်ပြီး မင်းမျက်နှာကို ပြုပြင်စမ်းပါဦး။ မင်းရဲ့ အိုင်းလိုင်နာက မေးစေ့နားအထိ ရောက်နေပြီ။ အဲဒီနောက်ပိုင်းကျမှ သူတို့ သတ်လိုက်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ ဆိုတာ ကိုယ့်ကို ပြောပြ"

အက်ဒရင်နီသည် ပစ်ထံမှ တွန်းခွာ၍ ထွက်ခွာသွားတော့သည်။

"ကျွန်မ မပြောနိုင်ဘူး"

"နားလည်မှု ရှိစမ်းပါကွာ"

ပစ်က ခပ်ငေါက်ငေါက် ပြောလိုက်၏။

"မင်း အိပ်ခန်းထဲမှာ လူသေအလောင်းတစ်လောင်း ရောက်နေတယ်။ မင်းက အဲဒီကိစ္စကို ဘယ်လောက်ကြာအောင် ဖုံးဖိထားနိုင်မယ်ထင်လို့လဲ"

"ကျွန်မ ကျွန်မ မသိဘူး"

"သူ ဘယ်သူလဲ ဆိုတာကို သိအောင် ဟိုနိုလူလူရဲ့အဖွဲ့က စုံစမ်းဖို့ မိနစ်နှစ်ဆယ်လောက်ပဲ ကြာလိမ့်မယ်။ ဒီတော့ ဘာဖြစ်လို့ ကာကွယ်





နေရတာလဲ။ သူက ဘယ်လိုလူစားမို့လဲ၊ ဒီအရပ်က လူသိများတဲ့ အိမ်ထောင်ရှင်အမျိုးသားတစ်ယောက်မို့လား"

"အဲဒီထက် ပိုဆိုးတယ်။ သူက ကျွန်မ ဖေဖေရဲ့ မိတ်ဆွေရှင့်"

သူမ၏ မျက်လုံးများက တောင်းပန် တိုးလျှိုးနေကြသည်။

ပစ်က ခပ်မာမာ ပြောလိုက်သည်။

"နာမည်ကို ပြောစမ်း"

အက်ဒရင်နီက ခပ်တိုးတိုးလေး ပြောလိုက်သည်။

"ဗိုလ်မှူးကြီး အောလ်စီနာနာ"

ပစ်က မျက်နှာမပျက်အောင် သတိထား၍ ထိန်းလိုက်ရသည်။ သူ ထင်ထားတာထက်ပင် ပိုမို ဆိုးဝါးနေပါကလား။

သူက ရေချိုးခန်းဆီသို့ လက်ညှိုးထိုးပြီး တစ်ခွန်းတည်း ပြောလိုက်၏။

"သွားစမ်း"

အက်ဒရင်နီသည် ကျိုးနွံစွာနှင့် ရေချိုးခန်းဆီသို့ လျှောက်သွားပြီး ခိုကိုးရာမဲ့ ဖြစ်နေသော အမျိုးသမီးကလေးတစ်ယောက်၏ မျက်နှာထားမျိုးနှင့် ပြန်ပြုံးပြလိုက်သည်။

ပစ်သည် မျက်နှာသစ်သောခွက်ထဲသို့ ရေကျသံကို စတင်၍ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

သူက အက်ဒရင်နီထက် ပို၍ ကံကောင်းပါသည်။

ပစ်သည် အမှတ်တစ်ရာ့တစ် သင်္ဘောအုပ်စုမှ တယ်လီဖုန်း အော်ပရေတာအား သူ့နာမည်ကို ပြောပြလိုက်ပြီး ငါးစက္ကန့်အကြာတွင် ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားသည် တယ်လီဖုန်းပေါ်တွင် အော်ကြီးဟစ်ကျယ်နှင့် ပေါ်လာတော့သည်။

"မင်းက ငါ့ကို ချက်ချင်း သတင်းမပြန်တာက ဘာသဘောလဲကွ"

ဟန်းတားက စွတ်ချက်တင်လိုက်သည်။

ပစ်က ပြန်ဖြေလိုက်သည်။

"ကျုပ် သိပ်ကို ပင်ပန်းနေပါတယ် ဗိုလ်ချုပ်ကြီး၊ ကျုပ်ကိုယ်ကျုပ် သန့်ရှင်းရေးလုပ်ပြီး တစ်နာရီ နှစ်နှစ်ရီလောက်မှ မအိပ်လိုက်ရရင် ကျုပ်ဟာ ဗိုလ်ချုပ်ကြီးအတွက် ဘယ်လိုမှ အသုံးဝင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ခင်ဗျားသမီးရဲ့ ကျေးဇူးကြောင့် ဆက်အိပ်လို့ မဖြစ်နိုင်တဲ့အခြေအနေကို ရောက်သွားရပါတယ်"

ဟန်းတားက ပြန်ပြောလိုက်ချိန်တွင် သူ့လေသံမှာ ပြောင်းလဲသွားလေပြီ။

"ငါ့သမီး အက်ဒရင်နီကို ပြောတာလား၊ သူက မင်းဆီမှာလား"

"သူ့အခန်းထဲမှာ လူသေအလောင်းတစ်လောင်း ရှိနေတယ်။ သူက


www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားနဲ့ ဆက်သွယ်လို့မရဘူး။ ဒါကြောင့် ဒီကို လာခဲ့တာပဲ"

ထိုစကားက ဗိုလ်ချုပ်ကြီးဟန်းတားအား နှစ်စက္ကန့်ခန့် ရပ်တန့်သွားစေခဲ့သည်။ ထို့နောက် ဟန်းတားက ပို၍ အင်အားပါသောလေသံနှင့် ပြောလိုက်၏။

"ငါ့ကို အသေးစိတ် ပြောစမ်း"

"ကျုပ် သူ့ဆီက နည်းနည်းပါးပါး သိရသလောက်ကို ပြောပြရရင် ပစိဖိတ်ဝဲကတော့က ကျုပ်တို့ရဲ့ မိတ်ဆွေတွေက ဝရန်တာတံခါးက ဝင်လာပြီး အဲဒီလူကို သေနတ်နဲ့ ပစ်သတ်လိုက်ကြတယ်။ အက်ဒရင်နီကတော့ နှစ်ဖက်ဖွင့် ဗီရိုတစ်လုံးထဲကတစ်ဆင့် ထွက်ပြေးလာနိုင်ခဲ့တယ်"

"သူ ဒဏ်ရာ ရသွားသေးလား"

"မရပါဘူး"

"ရဲအဖွဲ့က ဒီကိစ္စကို သိသွားကြရောပေါ့နော်"

"ကံကောင်းချင်တော့ သူက ရဲကို မဆက်သွယ်ခဲ့ပါဘူး။ ကျုပ်သိသလောက် ပြောရရင် အသတ်ခံရတဲ့အလောင်းကြီးဟာ အဲဒီအခန်းထဲက ကော်ဇောပေါ်မှာ ရှိနေတုန်းပါပဲ"

"အဲဒါအတွက် ကျေးဇူးတင်ပါတယ်။ ငါ့ရဲ့ လုံခြုံရေးရဲဘော်တွေကို အဲဒီနေရာကို ချက်ချင်း သွားခိုင်းလိုက်မယ်"

ဟန်းတားက အော်ဟစ်၍ အမိန့်ပေးနေသံကို ပစ်က ခပ်ဝါးဝါး ကြားနေရသည်။ ထို့နောက် ဟန်းတား၏အသံက ပြန်လည် ပေါ်ထွက်လာပြန်သည်။

"သူက အသတ်ခံရတဲ့လူကို ဖော်ပြောပြသေးသလား"

ပစ်က အသက်ကို ဝဝရှူလိုက်သည်။

"ဗိုလ်မှူးကြီး အောလ်စီနာဒါ"

ဟန်းတားသည် အလွန်တော်သောပုဂ္ဂိုလ် ဖြစ်သည်။

ပစ်သည် ထိုကိစ္စအတွက် ဟန်းတားအား မချီးကျူးဘဲ မနေနိုင်တော့ပါ။ တုန်လှုပ် ချောက်ချားပြီး ငြိမ်ကျသွားမှုသည် စက္ကန့်ပိုင်းမျှသာ ကြာမြင့်ပါသည်။

"မင်းနဲ့အက်ဒရင်နီ အဲဒီနေရာက ဘယ်လောက် မြန်မြန်ဆန်ဆန် ထွက်လာနိုင်ကြမလဲ"

"အနည်းဆုံး နာရီဝက်တော့ ကြာလိမ့်မယ်။ ကျုပ် မော်တော်ကားက ဟိုနီလူလူ သင်္ဘောဆိပ်မှာ ရပ်ထားရတုန်းပဲ။ ကျုပ်တို့က အငှားကားတစ်စီးကို စီးလာရလိမ့်မယ်"

"မင်း အခုရှိနေတဲ့ နေရာမှာပဲ ဆက်နေရင် ကောင်းလိမ့်မယ်။ လူသတ်သမားတွေဟာ နေရာအနှံ့အပြားမှာ ရှိနေကြပုံရတယ်။ ငါက စောင့်ပေးမယ့်လူတွေကို ချက်ချင်း လွှတ်ခိုင်းလိုက်မယ်"

"ကောင်းပြီလေ၊ ကျုပ်တို့ စောင့်နေပါ့မယ်"





"နောက်တစ်ချက် ရှိသေးတယ်။ မင်း ငါ့သမီးနဲ့သိတာ ဘယ်လောက်ကြာပြီလဲ"

"မကော်တာဆ တွေ့ခဲ့ကြတာ သက်သက်ပါဗျာ။ ကျုပ်က ခင်ဗျားဆီကို စတားဘတ်ခ်က ဆက်သွယ်ရေးဘူးကို ယူလာပြီး နောက်ပိုင်း ပါတီတစ်ခုမှာ သူနဲ့ကျုပ် သွားဆုံမိခဲ့ကြတယ်"

အမျိုးသမီး တစ်ယောက်အား ညာပြောရသည်မှာ အင်မတန် လက်ဝင်သည်။ သို့ရာတွင် အမျိုးသားတစ်ယောက်အား ညာပြောရသည်မှာ အင်မတန် ပို၍ လက်ဝင်သည်ဟု ပစ်က တွေးလိုက်မိ၏။ ပစ်က အမှုမဲ့အမှတ်မဲ့ ပြောသည့်ပုံစံမျိုး ဖြစ်အောင် ပင်ပင့်ပန်းပန်း ကြိုးစားနေရသည်။

"ကျုပ်က ခင်ဗျားနာမည်ကို ပြောနေသံကြားလို့ သူက ကျုပ်ကို သူကိုယ်တိုင် လာမိတ်ဆက်တယ်"

ဟန်းတားက မည်သို့မည်ပုံ တွေးနေမည် ဖြစ်ကြောင်း ပစ်က အတပ်သိလိုက်သဖြင့် ဆက်ပြောရပြန်၏။

"အဲဒီလို စကားပြောကြရင်း ကျုပ်က မိုဒါးနားတာဝါ ဟိုတယ်မှာ ဘည်းနေတယ်လို့ ပြောလိုက်မိတယ်။ အခု အက်ဒရင်နီ သွေးရူးသွေးတန်း ဖြစ်သွားချိန်မှာ အဲဒီလိပ်စာကို ပြန်သတိရပြီး ဒီကို ရောက်လာတာပဲ"

"အက်ဒရင်နီဟာ တကယ်လိမ္မာတဲ့မိန်းကလေးပါ။ သူ ဘာဖြစ်လို့ ဒီလို ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားရတယ် ဆိုတာ ငါ နားမလည်နိုင်တော့ဘူး"

ပစ်က ရပ်တန့်လိုက်၏။

သမီးဖြစ်သူသည် လိင်စိတ်ပြင်းထန်လွန်းသောမိန်းမတစ်ယောက် ဖြစ်ကြောင်း သူ၏ဖခင်ကို မည်ကဲ့သို့ ပြောပြရပါမည်နည်း။

"စောင့်ရှောက်ပေးမယ့်လူတွေ ဒီကို ရောက်လာတာနဲ့တစ်ပြိုင်နက် ကျုပ်တို့ ပုလဲဆိပ်ကမ်းကို စထွက်လာခဲ့ပါ့မယ်"

ပစ်က ထိုစကားကိုသာ ပြန်ပြောပြနိုင်ခဲ့သည်။

ထို့နောက် ပစ်က တယ်လီဖုန်းကို ပြန်ချိတ်လိုက်ပြီး သူ့အတွက် ဝိစကီတစ်ခွက်ငှဲ့လိုက်သည်။ ထိုဝိစကီသည် ရွှံ့ပုပ်ရည်၏အရသာနှင့် တူနေသည်။

သူတို့သည် နောက်ထပ် ဆယ်မိနစ် အကြာတွင် ရောက်လာကြသည်။ သူတို့ကို စောင့်ရှောက်ပြီး ပုလဲဆိပ်ကမ်းရှိ ဗိုလ်ချုပ်ကြီးဟန်းတား၏ ဌာနချုပ်သို့ ခေါ်သွားရန် လာကြသူများ မဟုတ်ပါ။ ပစ်အား သတ်ဖြတ်ပြီး အက်ဒရင်နီအား ပြန်ပေးဆွဲရန် လာခဲ့ကြခြင်းသာ ဖြစ်သည်။

ပစ်၏ စိတ်အာရုံသည် ဆိုဖာကြီးပေါ်၌ ကလေးငယ်တစ်ယောက်ပမာ ခွေခွေကလေးနှင့် ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်နေသော အက်ဒရင်နီနှင့် ရှေ့ဘက်မှ တံခါးဆီတွင်သာ တစ်လှည့်စီ ရောက်ရှိနေသည်။

ထိုပုဂ္ဂိုလ်များ ရောက်ရှိလာချိန်တွင် သူသည် တယ်လီဖုန်းတိုင်


www.burmeseclassic.com

www.burmeseclassic.com

ကောက်ကိုင်ရန် အချိန် မရလိုက်ပါ။

သူတို့ထဲမှ ငါးယောက်သည် ခေါင်မိုးပေါ်မှ ကြိုးများနှင့် ဆင်းလာပြီး ပစ်၏အခန်းထဲသို့ ဝရန်တာမှတစ်ဆင့် တိတ်တဆိတ် ဝင်လာကြသည်။ သူတို့၏ ထူးဆန်းသော ဒုံးကျည်သေနတ်ကလေးများသည် ပစ်၏ နှလုံးသားအား ချိန်ထားခြင်း မရှိဘဲ အိပ်ပျော်နေသော အက်ဒရင်နီ၏ ဦးနှောက်ကိုသာ ချိန်ထားကြသည်။

"မင်း လုပ်တာနဲ့ သူ သေပြီ"

အလယ်မှ ရွှေရောင်မျက်လုံးနှင့် လူ့ဘီလူးကြီးဖြစ်သော ထွားထွားကျိုင်းကျိုင်းနှင့်လူက ပြောလိုက်ခြင်း ဖြစ်သည်။

ပထမစက္ကန့် အနည်းငယ်အတွင်းတွင် ပစ်သည် စိတ်လှုပ်ရှားမှုကြောင့် မည်သည့်ကိစ္စကိုမျှ တွေးတော၍ မရသလို ဖြစ်သွားခဲ့ရသည်။ သူ့ထံသို့ ရောက်ရှိလာလိမ့်မည်ဟု ကြိုတင်၍ မျှော်လင့်မထားမှုက သူ့အား တွေးနိုင်တောနိုင်သည့်စွမ်းအင်ကို သူ့ထံမှ ဖယ်ရှားပစ်လိုက်သလို ဖြစ်သွားခဲ့သည်။

ထို့နောက် သူ့ရှေ့၌ မတ်တတ်ရပ်နေသော လူ့ဘီလူးကြီးသည် လွန်ခဲ့သည့် တစ်ပတ်လုံးလုံး သူ့ကံကြမ္မာကို ဖန်တီးနေခဲ့သူ ဖြစ်ကြောင်း ခါးသီးစွာ တစ်စတစ်စနှင့် နားလည် သဘောပေါက်လာခဲ့သည်။

သူ့ကံကြမ္မာကို ဖန်တီးနေသူမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘီရှော့ပြတိုက်မှ ကာနိုလီကျွန်းနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို ရှာဖွေတွေ့ရှိသောပုဂ္ဂိုလ်၊ သူ၏အိပ်မက်များနှင့် အိပ်မက်ဆိုးများထဲတွင် အမြဲတစေ နှောင့်ယှက်နေခဲ့သော အဝါရောင်မျက်လုံးပိုင်ရှင် ဤပုဂ္ဂိုလ်ပင်တည်း။

ကိုလူထွားကြီးသည် သူ့အနားသို့ တိုးလာသည်။ အသက်ခုနစ်ဆယ်နီးပါးရှိသော ဤပုဂ္ဂိုလ်သည် သူ၏အသက်အရွယ်နှင့် နှိုင်းစာလျှင် နုပျို ကျန်းမာသန်စွမ်းလှသည်။ အသက်ကြီးရင့်မှုက သူ့အရေပြားများအား တွန့်စေခြင်း အလျင်းမရှိခဲ့သလို သူ့ကြွက်သားများကိုလည်း လျော့ရဲရဲ မဖြစ်စေခဲ့ပါ။

အခြား ပုဂ္ဂိုလ်များက သာမန် အဝတ်အစားများကို ဝတ်ဆင်ထားချိန်တွင် သူက သောင်ပြင်ပေါ်၌ ရေချိုးထွက်လာသူတစ်ဦးပမာ ဘောင်းဘီတိုကလေးကိုသာ ဝတ်ဆင်ထားပြီး ဟိုတယ်မှ မျက်နှာသုတ်ပဝါတစ်ထည်ကို ပခုံးပေါ်၌ ပစ်စလက်ခတ် ပစ်တင်ထားသည်။

သူ့မျက်နှာသည် ရှည်လျားပြီး ချောင်ကျနေသလို ထူထပ်သော ငွေရောင်ဆံပင်နှင့် ဘောင်ခတ်ထားသလို ဖြစ်နေသည်။ သူသည် အရပ်မြင့်သူ ဖြစ်သော်လည်း အခြားကမ္ဘာမှ ရောက်ရှိလာသော ဂြိုဟ်သားတစ်ကောင်နှင့် မတူပါချေ။

အရပ်ခြောက်ပေနှင့် ရှစ်လက်မခန့်ရှိသော လူ့ဘီလူးကြီးသည်





ညှို့ဓာတ်ပါသော အဝါရောင်မျက်လုံးကြီးနှင့် စိုက်ကြည့်လိုက်ပြီး ငါးမန်းတစ်ကောင်၏ ရင်းနှီးမှုမျိုးနှင့် ပြုံးရင်း ခပ်ဆတ်ဆတ် ဦးညွတ်လိုက်၏။

"အမျိုးသား ပင်လယ်ရေအောက်သုတေသနအဖွဲ့က ဒတ်ခ်ပစ်ခင်ဗျား"

ထိုအသံသည် ခပ်ဩဩနှင့် တည်ငြိမ်မှုရှိသောအသံ ဖြစ်သော်လည်း ကြောက်စရာ မကောင်းလှပါ။

"တကယ့်ကို ဂုဏ်ယူစရာပါပဲဗျာ။ ကျုပ်က ခင်ဗျားရဲ့ စွန့်စားခန်းတွေကို စိတ်ဝင်တစားနဲ့ နှစ်ပေါင်းများစွာ လေ့လာခဲ့တဲ့လူပါ။ တစ်ခါတစ်ခါကျတော့လည်း ခင်ဗျားရဲ့ စွန့်စားခန်းတွေက သဘောကျစရာ အကောင်းသား"

"ဖြေဖျော်နိုင်စွမ်းရှိတဲ့ ကျုပ်ကို ခင်ဗျားက သဘောကျတယ်ဆိုလို့ ကျုပ်ကတော့ သွေးနားထင်ရောက်သွားပြီ"

"သတ္တိရှိသူတစ်ယောက်ပီပီ ပြောလိုက်တာပဲကိုး။ ကျုပ်ကလည်း အဲဒါထက်လျော့ပြီး တွက်မထားပါဘူးလေ"

လူ့ဘီလူးကြီးက သူ့လူများအား ခေါင်းညိတ်ပြလိုက်ရာ ပစ်က ဘာဖြစ်နေသည်ကို မသိလိုက်ခင် ထိုပုဂ္ဂိုလ်များက ပစ်အား ကုလားထိုင်တွင် မလှုပ်နိုင်အောင် ဆွဲကပ်ထားလိုက်သည်။

"မင်း ခုလို နေရထိုင်ရတာဟာ သက်သောင့်သက်သာ မရှိလှတဲ့အတွက် ကျုပ် တောင်းပန်ပါတယ် မစ္စတာပစ်၊ ကိစ္စတ အင်မတန် ရှုပ်စက်ရမယ့်ကိစ္စမျိုးပါ။ ဒီလိုလုပ်ဖို့လည်း တကယ် လိုအပ်ပါတယ်။ တချို့က ကျုပ်ရဲ့ မဟာဗျူဟာထဲကို မတတ်သာလို့ မင်းတို့ ဆွဲသွင်းခဲ့ရတာပါ။ ကျုပ်က မင်းကို သာမန်ပြာတာတစ်ယောက်အနေနဲ့ အသုံးချဖို့ပဲ ရည်ရွယ်ခဲ့ပါတယ်။ နောက်ကျရင် မင်းကိုယ်တိုင် ပါဝင်ပတ်သက်လာလိမ့်မယ်ဆိုတာကိုတော့ ကျုပ်က ကြိုတင်ပြီး မတွေးမမြင်ခဲ့ဘူး"

ပစ်က ခပ်ဖြည်းဖြည်း ပြန်ပြောလိုက်၏။

"ခုကိစ္စကတော့ သပ်သပ်ရပ်ရပ် ဖန်တီး တင်ဆက်နိုင်ခဲ့တဲ့ကိစ္စလေးတစ်ခုပါပဲ။ ကျုပ်က စတားဘတ်ခ်ရဲ့ ဆက်သွယ်ရေးဘူးကို ရှာတွေ့သွားအောင် ကျုပ်နောက်ကို ဘယ်လောက်လောက် ကြာအောင် တကောက်ကောက်လိုက်ပြီး စောင့်ခဲ့ရသလဲ။ ဘာဖြစ်လို့ ကျုပ်ကိုမှ ရွေးခဲ့ရတာလဲ။ ဆယ်နှစ်သားအရွယ် ချာတိတ်ကလေးတစ်ယောက်က အဲဒီဘူးကို သောင်ပြင်ပေါ်ကကောက်ယူပြီး ဗိုလ်ချုပ်ကြီးဟန်းတားဆီ ယူသွားပေးမယ်ဆိုရင် ဖြစ်နိုင်သားပဲ ဥစ္စာ"

"ထိရောက်မှုပေါ့ မေဂျာရယ်။ ထိရောက်မှုနဲ့ ယုံကြည်နိုင်လောက်မယ့်ကိစ္စအတွက်ပေါ့။ မင်းက ဝါရှင်တန်မှာ ဩဇာအာဏာရှိတဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးတွေရှိတဲ့လူ၊ ပြီးတော့ နူးမားမှာ လုပ်ခဲ့တဲ့ မင်းရဲ့ဇာတ်လည်း လေးစားလောက်ပါပေတယ်။ အဲဒီ 'မှတ်တမ်း' တိကျမှုကို သံသယ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြလိမ့်မယ်လို့ ကျုပ်က ကြိုတင်ပြီး တွက်မိပြီးသားပါ။ မင်းရဲ့ ထင်ရှားကျော်ကြားမှုက သူတို့ကို ယုံကြည်သွားစေလိမ့်မယ်လို့ ကျုပ်က ထင်ခဲ့မိတယ်"

သူက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီးနောက် လှိုင်းတွန့်များ ထနေသောသူ၏ ငွေရောင်ဆံပင်ထဲသို့ လက်ချောင်းများကို ထိုးထည့်လိုက်၏။

"ဒါပေမယ့် ခုလို ရွေးလိုက်တာဟာ ဝမ်းနည်းစရာ အကောင်းဆုံး ရွေးချယ်မှုကြီးပဲလို့ လက်တွေ့မှာ သိလာရတယ်။ အခုကျတော့ ကွန်မင်ဒါဒူပရီရဲ့ မှာတမ်းဟာ အတုပဲ ဆိုတာကို ဗိုလ်ချုပ်ကြီးဟန်းတားက ယုံကြည်လာအောင် မင်းက ရှင်းပြနိုင်ခဲ့တယ်"

"သနားစရာပဲပေါ့ဗျာ"

ပစ်က ခပ်ပေါ့ပေါ့ကလေး ပြောလိုက်၏။ သူက စမ်းတဝါးဝါးနှင့် ရမ်းတုတ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားရဲ့ သတင်းပေးက တော်တော်ကလေး နှံ့စပ်သားပဲ"

"ဟုတ်တယ်၊ သူက တစ်ခါတစ်ခါကျရင် တော်တော် ဝီရိယရှိတယ်"

အတန်ငယ်ကြာအောင် တိတ်ဆိတ်သွားပြန်သည်။

ပစ်က ဆိုဖာကြီးပေါ်တွင် ခွေခွေကလေး အိပ်နေသော အက်ဒရင်နီအား လှည့်ကြည့်လိုက်သည်။ အကျဉ်းတန် အရုပ်ဆိုးသော မြင်ကွင်းတစ်ခုလုံးကို မျက်ကွယ်ပြု၍ အိပ်ပျော်နေသောကြောင့် သူမ ကံကောင်းလှပေသည်ဟု ပစ်က တွေးလိုက်သည်။

သူက လူ့ဘီလူးကြီးဘက်သို့ ပြန်လှည့်လိုက်သည်။

"ခင်ဗျား နာမည် ကျုပ်ကို ဖွင့်မပြောရသေးဘူး ထင်တယ်"

"အဲဒါက အရေးမကြီးပါဘူးလေ။ ကျုပ်နာမည်က မင်းနဲ့နောက်ထပ် ဆက်စပ်ဖို့ ရှိတော့မှာ မဟုတ်ပါဘူး"

"ခင်ဗျားက ကျုပ်ကို သတ်တော့မယ်ဆိုရင် ဘယ်သူ့မှာ တာဝန်ရှိတယ် ဆိုတာကို ကျုပ် သိရမှ တရားမျှတမယ်လို့ ကျုပ် ထင်တယ်"

လူ့ဘီလူးကြီးသည် ဝေခွဲမရဟန်နှင့် ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ ထို့နောက် လေးလေးပင်ပင်ကြီး ခေါင်းညိတ်ပြလိုက်၏။

သူက ရိုးရိုးစင်းစင်းကလေး ပြောလိုက်သည်။

"ဒဲလ်ဖီ"

"အဲဒါ အကုန်ပဲလား"

"ဒဲလ်ဖီ ဆိုရင် လုံလောက်ပါပြီ"

"ခင်ဗျား ကြည့်ရတာ ဂရိလူမျိုးနဲ့ မတူပါဘူး"

ယခုအချိန်တွင် ပစ်၏လက်နှစ်ဖက်ကို ကုလားထိုင်၏နောက်ဘက်၌ မြဲမြံစွာ ချည်နှောင်၍ ပြီးစီးသွားလေပြီ။ ထိုပုဂ္ဂိုလ်များထဲမှ နှစ်ယောက်သည် အက်ဒရင်နီအား သူတို့လက်နက်များနှင့် ချိန်ထားဆဲ ဖြစ်သည်။





ဒဲလ်ဖီကလွဲလျှင် သူတို့သည် သာမန် ပုဂ္ဂိုလ်များသာ ဖြစ်သည်။ သူတို့သည် အလယ်အလတ်စား ကိုယ်အလေးချိန်ရှိသူများဖြစ်ပြီး အရပ် သိပ်မြင့်ကြသူများ မဟုတ်ကြပါ။ သူတို့သည် နေလောင်ထားသော အသားအရေရှိသူများ ဖြစ်ပြီး အလိုဟာရုပ်အကျႌနှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသောကြောင့် ကျွန်းသူကျွန်းသားများနှင့် ဝင်ရောနှောမည် ဆိုပါက ပျောက်ကွယ်သွားနိုင်လောက်ပေသည်။ သူတို့၏မျက်နှာအမူအရာများမှာ ခပ်တည်တည် ဖြစ်နေကြသည့်အပြင် ဒဲလ်ဖီ၏ဩဇာအာဏာကို ရာနှုန်းပြည့် လက်ခံလိုက်နာကြမည့် ပုဂ္ဂိုလ်များပင် ဖြစ်သည်။ သူတို့အား အမိန့်ပေး ညွှန်ကြားကြမည် ဆိုပါက မည်သူ့ကိုပင်မဆို သတ်ဖြတ်ရန် ဝန်လေးမည့်သူများ မဟုတ်ဟု ပစ်က တထစ်ချ ယုံကြည်ထားသည်။

"ခင်ဗျား အခုခေတ်မှာ အင်မတန် ရက်စက်ပြီး အစွမ်းထက်တဲ့ အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပြီး လူတွေကို တအံ့တဩနဲ့ သို့လောသို့လော ဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ ခင်ဗျားကြောင့် သဘော်သား ထောင်ပေါင်းများစွာဟာ သေခဲ့ကြရတယ်။ ဒါပေမယ့် သူတို့က ဘာကိစ္စအတွက် အဲဒီလို သေခဲ့ရတာလဲ"

"ကျုပ် ဝမ်းနည်းပါတယ် မစ္စတာပစ်၊ ခုကိစ္စဟာ လူဆိုးကြီးက ဇာတ်လိုက်မင်းသားကို သတ်မပစ်ခင် လုံးဝဥဿုံ ဖွင့်ပြောပြတဲ့ စိတ်ကူးယဉ်ဝတ္ထု ဒါမှမဟုတ် ပြဇာတ် မဟုတ်ပါဘူး။ ဇာတ်ဆန်ဆန် တောင်းပြောစရာလည်း မလိုပါဘူး။ မလိုအပ်ဘဲနဲ့ လျှို့ဝှက်သည်းဖိုဖြစ်အောင် တမင်လုပ်စရာလည်း မလိုဘူး။ အချိန်က အဓိက အရေးကြီးဆုံးပဲ။ ဒီတော့ ကျုပ်တို့ရဲ့ ရည်ရွယ်ချက်တွေကို လာဇယ်လာနဲ့ ရိုဇယ်မန်တို့ထက် အသိဉာဏ် ပိုမကြွယ်တဲ့လူကို ရှင်းပြရမယ် ဆိုတာ သက်သက်မဲ့ အချိန်ဖြုန်းတာပဲ ဖြစ်လိမ့်မယ်"

"ခင်ဗျားက ကျုပ်ကို ဘယ်လိုနည်းနဲ့ ရှင်းပစ်ဖို့ စိတ်ကူးထားသလဲ"

"မတော်တဆ ဖြစ်ပွားတဲ့နည်းမျိုးနဲ့ ရှင်းပစ်မှာပေါ့။ မင်းက ရေကြိုက်တယ်။ ဒီတော့ ကိုယ့်ရေချိုးဇလုံထဲမှာပဲ ရေနစ်ပြီး သေရလိမ့်မယ်"

"အဲဒါက လူရယ်စရာ ကောင်းမနေပေဘူးလား"

"ဒီလိုလည်း မဟုတ်ပါဘူး။ မင်းကို ကိစ္စတုံးတဲ့နေရာမှာ လူတွေက တော်တော်ကလေး ယုံကြည်လက်ခံလာအောင် လုပ်မှာပါ။ မင်းက ရေချိုးနေတုန်း လျှပ်စစ်နဲ့ မုတ်ဆိတ်ရိတ်တဲ့ ကိရိယာလို သုံးစွဲနေတယ်လို့ ရဲအဖွဲ့က ကောက်ချက်ချလိမ့်မယ်။ အဲဒီလို မုတ်ဆိတ်ရိတ်တာဟာ တော်တော် မိုက်မဲတဲ့ အပြုအမူပဲလို့ ဝန်ခံရလိမ့်မယ်။ မင်းလက်ထဲက မုတ်ဆိတ်ရိတ် ကိရိယာဟာ ရေထဲကို လွတ်ကျသွားမယ်။ အဲဒါကြောင့် [illegible] လိုက်ပြီး မင်း သတိမေ့သွားမယ်။ မင်း ဦးခေါင်းက ရေထဲကို [illegible] သွားပြီး မင်း ရေနစ်သွားလိမ့်မယ်။ အဲဒါကို စုံစမ်းစစ်ဆေးတဲ့ ပုဂ္ဂိုလ်တွေက မတော်တဆ ဖြစ်သွားရတဲ့ လူသေမှုလို့ အစီရင်ခံကြလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

မင်းနာမည်ဟာ သတင်းစာထဲမှာ နာရေးကြော်ငြာလေးတစ်ခုအဖြစ် ဖော်ပြခံရလိမ့်မယ်။ ပြီးတော့လည်း အချိန်ကြာလာသည်နှင့်အမျှ မင်းဆွေမျိုးတွေရဲ့စိတ်ထဲမှာ ပျောက်ကွယ်သွားလိမ့်မယ်"

"ကျုပ်ကို အဲဒီလောက်အထိ ကြိုးစားပမ်းစား လုပ်ကိုင်ပေးတဲ့အတွက် ကျုပ်က သိပ်ကို တအံ့တသြ ဖြစ်မိပါတယ်ဗျာ"

"နှစ်ပေါင်း သုံးဆယ်ကြာအောင် အကွက်စေ့စေ့ စီမံချက်ချပြီး ပြောင်ပြောင်မြောက်မြောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့ လုပ်ငန်းကြီးတစ်ခုလုံးကို ပျက်စီးလုနီးပါးဖြစ်အောင် လုပ်ကိုင်နိုင်စွမ်းရှိခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်အတွက် အထိုက်တန်ဆုံး သေခြင်းမျိုးပေါ့ကွာ"

ပစ်က အော်ပစ်လိုက်၏။

"ကျုပ်ကို သွေးကြီးသွားအောင် မလုပ်ပါနဲ့လားဗျာ။ ခင်ဗျားက အက်ဒရင်နီ ဟန်းတားကို ဘယ်လိုလုပ်မှာလဲ။ ကျုပ်တို့နှစ်ယောက်စလုံး မုတ်ဆိတ်မွေးရိတ်ရင်း ရေချိုးဇလုံကြီးထဲမှာ သေနေကြတယ်ဆိုရင် လူရယ်စရာကြီး ဖြစ်ကုန်လိမ့်မယ်"

"စိတ်အေးအေးချမ်းချမ်းသာ ထားစမ်းပါဗျာ။ မစ်ဟန်းတားကို အန္တရာယ်ပြုဖို့ အစီအစဉ် မရှိပါဘူး။ ကျုပ်က သူ့ကို ဓားစာခံအနေနဲ့ ခေါ်သွားမလို့ပါ။ ဗိုလ်ချုပ်ကြီးဟန်းတားက ပစီဖိတ်ဝဲကတော့ကို ဆက်မရှာခင် နှစ်ခါပြန်ပြီး စဉ်းစားလိမ့်မယ်"

"အဲဒီကိစ္စက ဟန်းတားကို နှစ်မိနစ်ကြာအောင်တောင် ထိန်းထားနိုင်မှာ မဟုတ်ဘူး။ သူက သူ့အလုပ်ကို သူ့မိသားစုထက် ပိုပြီး အလေးထားတယ်။ ခင်ဗျား သက်သက် အချိန်ဖြုန်းနေတာပဲ။ အက်ဒရင်နီကို ပြန်လွှတ်လိုက်ပါဗျာ။ ခင်ဗျား ဘာမှ မဆုံးရှုံးပါဘူး"

ဒဲလ်ဖီက ပြန်ဖြေလိုက်သည်။

"ကျုပ်က စည်းကမ်းရှိတဲ့ လူစားမျိုးပါ။ ကျုပ်က အစီအစဉ်ကို ရေးဆွဲပြီးပြီဆိုရင် ကျေနပ်လောက်တဲ့အဖြေကို မရမချင်း ကျုပ် ရေးဆွဲထားတဲ့ အစီအစဉ်က သွေဖည်သွားလေ့ မရှိဘူး။ ကျုပ် ရည်ရွယ်ချက်တွေကလည်း သိပ်မကြီးမားပါဘူး။ ကျုပ်က အင်အားလွန်နိုင်ငံကြီးတွေရဲ့ ကမ္ဘာ့ဖျက်လမ်းစဉ်တွေနဲ့ လွတ်လွတ်ကင်းကင်း ရှိချင်တယ်။ အင်အားလွန်နိုင်ငံကြီးတွေက လူ့ယဉ်ကျေးမှုတွေကို ဖျက်ဆီးပစ်လိမ့်မယ်။ ကျုပ်ကတော့ အဲဒီကမ္ဘာ့ဖျက်စစ်တွေနဲ့ လွတ်လွတ်ကင်းကင်း ရှိချင်တယ်"

'သူ့ကို အချိန်ဆွဲထားဖို့ လိုတယ်' ဟု ပစ်က တွေးလိုက်၏။

သူက အချိန်ဆွဲထားလိုသောကြောင့် ထိုလူဘီလူးကြီးအား စကားအဆက်မပြတ်အောင် လုပ်ထားဖို့လိုသည်။ နောက်ထပ် မိနစ် အနည်းငယ်ကြာလျှင် ဟန်းတား၏ရဲဘော်များသည် တံခါးဝသို့ ရောက်ရှိလာကြပေလိမ့်မည်။

ပစ်၏ဦးနှောက်က အချိန်ဆွဲရမည့် လုပ်ငန်းစဉ်များကို တစ်ခုပြီး





တစ်ခု ဆက်တိုက် စဉ်းစားလိုက်သည်။ စကားပြောခြင်းသာ သူ့အတွက် တစ်ခုတည်းသော လက်နက် ဖြစ်သည်။ ထိုမျှော်လင့်ချက်က ပစ်၏ကြောက်စိတ် မှန်သမျှကို ချေဖျက်ပစ်လိုက်သည်။ ပစ်၏ဦးနှောက်သည် ကြည်ကြည်လင်လင်နှင့် ပြတ်ပြတ်သားသား ရှိလာလေပြီ။ သူက ဒဲလ်ဖီအား အနည်းငယ် ပိုကြာအောင် ဆက်လက် ထိန်းထားရန် လိုသည်။

"ခင်ဗျား အရူးပဲ"

ပစ်က အေးစက်စက် မာကျောကျောလေသံနှင့် ပြောလိုက်၏။

"ခင်ဗျားက ကမ္ဘာပေါ်မှာ အသက်မသေဘဲ ရှင်ကျန်နေခဲ့ဖို့ ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ လူပေါင်းများစွာကို ဆယ်စုနှစ်ပေါင်းများစွာ အတွင်းမှာ သတ်ဖြတ်ခဲ့တယ်။ ခင်ဗျား ပြောနေကျစကားတွေနဲ့ ကျုပ်ကိုတော့ လာမပြောပါနဲ့ဗျာ။ ခင်ဗျားက ခေတ်ကြီး မှားယွင်းပြီး ရောက်နေတဲ့သူပဲ။ ခင်ဗျားလို လူစားမျိုးတွေအဖို့ ခေတ်ကုန်ခဲ့တာ ကြာပါပြီ။ ခင်ဗျားကို မြေမြှုပ်ထားခဲ့တာ ရာစုနှစ်ထက်ဝက် ရှိပြီ"

ဒဲလ်ဖီ၏ တည်ငြိမ်မှုသည် ပထမဦးဆုံးအကြိမ် အဖြစ် စတင် တုန်လှုပ်စ ပြုလာသည်။ သို့သော် ဒဲလ်ဖီက ချက်ချင်း ပြန်၍ ထိန်းချုပ်ဆည် နိုင်ခဲ့သည်။

"နုလပိန်းတုံးတွေကတော့ ကျွဲပါးစောင်းတီး ဖြစ်ကြမှာပဲ မေဂျာ။ မိနစ်အနည်းငယ်ကြာရင် ကျုပ်ကို စိတ်တိုအောင် ဆွပေးနေတဲ့ ခင်ဗျားရဲ့ နှောင့်ယှက်မှုတွေဟာ ရပ်ဆိုင်းသွားကြလိမ့်မယ်"

သူက ခေါင်းညိတ်ပြလိုက်သောကြောင့် ရေချိုးခန်းထဲသို့ အစောင့်တစ်ယောက် ဝင်သွားသည်။ ရေချိုးဇလုံထဲသို့ စီးဆင်းနေသောရေသံကို ကြားခင် စဘောင်၍ ကြားရသည်။ ပစ်က လက်နှစ်ဖက်ကို လှုပ်နိုင်ရန် ကြိုးပမ်းလိုက်သည်။ သို့ရာတွင် သူ့လက်နှစ်ဖက်ကို အနှောင်အဖွဲ့က လွတ်မထွက်သွားအောင် ချည်နှောင်ထားသည်။ သို့တိုင်အောင် လက်ကောက်ဝတ်ပေါ်၌ အရှိုးရာများ မထင်နေအောင် ခပ်ဖွဖွချည်ထားသည်။

ထို့နောက် ချက်ချင်းလိုလိုပင် ပစ်၏အာရုံများသည် နိုးကြားလာသည်။ သင်းသင်းလေး မွှေးသော ပလူးမီးရီးယားပန်းရနံ့သည် သူ့တစ်ကိုယ်လုံးအား မမြင်ရသောမြူနှင်းပမာ ရစ်ဆိုင်း ဖုံးအုပ်ထားသည်။

သူက ထိုကိစ္စသည် မဖြစ်နိုင်သောအိပ်မက် ဖြစ်ရမည်ဟု ယူဆလိုက်သည်။ သို့တိုင်အောင် သူ့ဦးနှောက်မှ ဆဋ္ဌမအာရုံက သူမရောက်ရှိနေသည်ဟု အသိပေးနေကြသည်။

ဆမ်းမားသည် အခန်းထဲ၌ ရှိနေလေပြီ။

ဒဲလ်ဖီက အက်ဒရင်နီအား လက်ညှိုးနှင့် ထိုးပြလိုက်သောအခါ ပစ်အား ကြိုးနှင့် ချည်နှောင်ခဲ့သောပုဂ္ဂိုလ်က သူ့အိတ်ထဲမှ ဘူးကလေး တစ်ဘူးကို ထုတ်ယူလိုက်ပြီး ဆေးထိုးပြွန်ထိပ်၌ ဆေးထိုးအပ်ကို တပ်လိုက် သည်။ ထို့နောက် အက်ဒရင်နီ၏ အကျီစကို မ,၍ လုံးဝိုင်းနေသော သူမ၏



www.burmeseclassic.com

www.burmeseclassic.com

တင်ပါးထဲသို့ ဆေးထိုးအပ်ကို ခပ်ကြမ်းကြမ်း စိုက်သွင်းလိုက်သည်။

အက်ဒရင်နီသည် တိတ်ဆိတ်ငြိမ်သက်စွာ လူးလွန့်လှုပ်ရှားပြီးနောက် သက်ပြင်းချ၍ မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် မေ့မြောလုနီးပါး အိပ်ပျော်သွားတော့သည်။

ဒဲလ်ဖီ၏လက်ထောက်သည် ဆေးထိုးအပ်ဘူးကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးနောက် အက်ဒရင်နီကို လက်နှစ်ဖက်နှင့် ပွေ့ချီရင်း ဆရာ့ထံမှ ညွှန်ကြားချက်အသစ်ကို စောင့်နေသည်။

"ဒါ နောက်ဆုံး နှုတ်ဆက်လိုက်တာပဲ ကိုယ့်လူ"

ဒဲလ်ဖီက ပြောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျားက အမိကဇာတ်လမ်း မစခင် ပြန်သွားတော့မလို့လား"

"ကျုပ်အတွက် စိတ်ဝင်စားစရာဆိုလို့ ဘာမှ မရှိတော့ဘူး"

"ခင်ဗျား ဒီအဆောက်အအုံထဲက ဘယ်တော့မှ ထွက်လို့ရမှာမဟုတ်ဘူး"

"မြေတိုက်ထဲက ကားဂိုဒေါင်မှာ ကျုပ်တို့ ကားတစ်စီးက အဆင်သင့် စောင့်နေတယ်"

ဒဲလ်ဖီက အသားယူသည့်ပုံစံနှင့် ပြောလိုက်၏။

"လူမသိအောင် ဝင်တဲ့နည်း၊ လူမသိအောင် ထွက်တဲ့နည်းတွေလည်း ရှိပါလိမ့်မယ်လေ"

သူသည် တံခါးဆီသို့ လျှောက်သွားပြီး တံခါးရွက်ကို အနည်းငယ်ဟ၍ အပြင်ဘက်ရှိ အခန်းကျယ်ကြီးထဲသို့ ချောင်းကြည့်လိုက်၏။

ထို့နောက် အက်ဒရင်နီအား ပွေ့ထားသူနှင့် အခြား အစောင့်တစ်ယောက်တို့အား အခန်းထဲမှ ထွက်သွားကြရန် အချက်ပြလိုက်သည်။ ထိုပုဂ္ဂိုလ်များ ထွက်လာကြပြီး ဒဲလ်ဖီကိုယ်တိုင်ကလည်း တံခါးဆီသို့ ရောက်လုနီးပါးခန့်တွင် ပစ်က အော်ပြောလိုက်၏။

"နောက်ဆုံး မေးခွန်းတစ်ခု မေးဦးမယ် ဒဲလ်ဖီ၊ ခင်ဗျားက ကျုပ်ကို မဖြေဘဲတော့ နေဖို့မသင့်ပါဘူး"

လူဘီလူးကြီးသည် တွန့်ဆုတ်ဆုတ်ဖြစ်သွားပြီး နောက်ပြန်လှည့်ပြီး ပစ်အား ဒေါသနှင့် ပြန်ကြည့်လိုက်သည်။

"သူ့ကိုယ်သူ ဆမ်းမားလို့ခေါ်တဲ့ အမျိုးသမီးလေးက ဘယ်သူလဲ"

ဒဲလ်ဖီက ကြောက်စရာကောင်းအောင် ပြုံးပြလိုက်၏။

"ဆမ်းမားက ကျုပ်သမီးပဲ"

သူက အရိုအသေပြုသလို လက်ကို ဝှေ့ယမ်းပြလိုက်၏။

"ဂွတ်ဘိုင်၊ မေကျာ"

ပစ်က နောက်ဆုံးတစ်ချက်ကို သွေးရူးသွေးတန်း လှမ်းပြောလိုက်သည်။

"ကနိုလီကျွန်းက ဂိုဏ်းသားတွေကို ကျုပ်က မေတ္တာပို့တဲ့





အကြောင်း ပြောလိုက်စမ်းပါဗျာ"

ဒဲလ်ဖီ၏မျက်လုံးများသည် မာကျောသွားကြသည်။

သံသယတစ်ခုသည် သူ့ဦးနှောက်ထဲတွင် အနှောင့်အယှက်ပေးဟန်ဖြစ်ပေါ်လာပြီးနောက် ပစ်အား ပြန်လှည့်ကြည့်လိုက်ချိန်တွင် ချက်ချင်းပျောက်ကွယ်သွားပုံရသည်။

ထို့နောက် ဒဲလ်ဖီသည် စကြံလမ်းပေါ်သို့ အရိပ်တစ်ခုပမာ ထွက်ခွာသွားပြီး ပျောက်ကွယ်သွားတော့သည်။

ပစ်သည် ဒဲလ်ဖီအား ကြန့်ကြာသွားအောင် လုပ်နိုင်စွမ်း မရှိခဲ့ပါ။

အက်ဒရင်နီအား ပြန်ပေးမဆွဲအောင် ဟန့်တားနိုင်ခြင်း မရှိခဲ့ပါ။ သူ ဆောင်ရွက်နိုင်သောကိစ္စ ဘာမှ မရှိတော့ပါပြီတည်း။

ပစ်သည် ထိုနေရာ၌ ထိုင်ပြီး အကြီးအကျယ် သောက ဖြစ်နေမိစဉ် ရေချိုးခန်းထဲက ပုဂ္ဂိုလ်သည် အပြင်သို့ ထွက်လာပြီးနောက် ခေါင်းညိတ်ပြပြီး ရေချိုးခန်းထဲသို့ပြန်ဝင်သွားတော့သည်။ ကျန်နေသောအစောင့်တစ်ယောက်သည် သေနတ်ကို ကုလားထိုင်ပေါ် ချလိုက်ပြီးနောက် ပစ်ထံသို့ ချဉ်းကပ်လာသည်။

ထိုပုဂ္ဂိုလ်က ပစ်အား လက်သီးနှင့် လှမ်းထိုးလိုက်သည်ကို မြင်လိုက်ရသော်လည်း ရှောင်တိမ်းရန် အလွန် နောက်ကျသွားသည်၊ ပစ်က ဦးခေါင်းကိုသာ ရှေ့သို့ ငုံ့ပေးနိုင်ခဲ့သည်။ ထိုအစောင့်၏လက်သီးသည် ပစ်၏ဦးခေါင်းကို ရှပ်ထိလိုက်ပြီးနောက် ပစ်အား ဝရန်တာခန်းဆီးဆီသို့ ကုလားထိုင်ပေါ်မှ လွင့်စဉ်ကျပြီး လိမ့်ကျသွားစေခဲ့သည်။

ပစ်သည် သတိလစ်လုနီးပါး ဖြစ်သွားရသော်လည်း ဦးခေါင်းကို ခါယမ်း၍ ပြန်ထိန်းထိုင်လိုက်ပြီးနောက် မူးမူးဝေဝေနှင့် ထိုင်ရာမှ ထလိုက်သည်။ သူသည် မြင်ကွင်းများအား ကြည်ကြည်လင်လင်နှင့် ပြန်မြင်စပြုလာချိန်တွင် ပုံပျက်ပန်းပျက် ဖြစ်သွားသော လက်ကောက်ဝတ်ကိုကိုင်၍ ကော်ဇောပေါ်တွင် ဒူးထောက်ပြီး ဒဏ်ရာရသွားသောတိရစ္ဆာန်တစ်ကောင်လို ညည်းညူ အော်ဟစ်နေသည့်အစောင့်ကို သတိပြုလိုက်မိသည်။

'ဒီ လူလွန်မသား လက်ကောက်ဝတ်ကျိုးသွားပြီ' ဟု ပစ်က ဝမ်းသာအားရ တွေးလိုက်၏။

ပစ်၏ဦးခေါင်းပေါ်မှ ဖြစ်ပေါ်နေသော ဝေဒနာသည် အရိုးကျိုးသွားသောဝေဒနာနှင့် မည်သို့မျှ နှိုင်းယှဉ်မရကြောင်း တွေးမိသောပစ်သည် ပြုံးလိုက်မိတော့သည်။

ပစ်သည် မလှုပ်မရှားဘဲ မတ်တတ်ရပ်နေလိုက်သည်။ ခန်းဆီးနောက်ကွယ်မှ လက်တစ်ဖက်က သူ့လက်အား လာရောက် ထိကိုင်သည်ကို ပစ် သိလိုက်သည်။ ထို့နောက် ထိုလက်က ပစ်၏လက်ကောက်ဝတ်ပေါ်မှ ကြိုးကို ဓားနှင့် လှီးဖြတ်ပေးတော့သည်။ ပလူးမီးရှိုးသည်ချစ်ရွှေ့သည် သူ့တစ်ကိုယ်လုံးအား နွေးထွေးစွာ လွှမ်းခြုံသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်အတန့်တွင် ကြိုးအထုံးများသည် ပြေသွားပြီး နှစ်ဖက်သွားစားမြှောင်လေး တစ်ချောင်းသည် သူ့ညာလက်ဖဝါးပေါ်သို့ ရောက်ရှိလာတော့သည်။

ပစ်ကဲ မားမြှောင်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီးနောက် သူ့လက်များကို ပြန်လည် အသုံးပြုသောအချိန်တွင် ထုံကျဉ်မနေအောင် လက်နှစ်ဖက်ကို ဆော့ကစားလိုက်သည်။

ပစ်ကို စောင့်နေသောအစောင့်သည် ခပ်တိုးတိုး ညည်းညူနေမှုကို ရပ်ပစ်လိုက်ပြီးနောက် ကော်ဇောကို ကျော်ဖြတ်၍ ပစ်ထံသို့ တဖြည်းဖြည်း တိုးကပ်လာသည်။

ရေချိုးခန်းထဲရှိ သူ့အဖော်သည် တဝေါဝေါ ကျဆင်းနေသော ရေသံများကြောင့် ထိုအဖြစ်အပျက်ကို မသိနိုင်ရှာဘဲ သူ လုပ်စရာရှိသည့် အလုပ်ကိုသာ ဆက်လုပ်နေသည်။

ပစ်ထံသို့ တဖြည်းဖြည်း တိုးကပ်လာနေသော အစောင့်၏မျက်နှာသည် ပစ်အား ဆိုးဆိုးဝါးဝါး မုန်းတီးသော မျက်နှာထားသို့ ပြောင်းလဲသွားတော့သည်။ ထို့နောက် သူသည် ကျိုးနေသောလက်ကို ရင်ခွင်ထဲသို့ သွင်းထားလိုက်ပြီး အကောင်းပကတိ ရှိနေသောလက်ဖြင့် ကုလားထိုင်ပေါ်မှ သေနတ်ကို ယူလိုက်သည်။ သူသည် သေနတ်ပြောင်းကို ဝှေ့ယမ်း၍ ပစ်၏ရင်ဘတ်အား ချိန်ထားလိုက်သည်။ နာကျင်မှုဝေဒနာနှင့် မုန်းတီးသော ဒေါသနသဘတို့က ပစ်အား မတော်တဆ ဖြစ်ပွားသော သေနည်းမျိုးနှင့် သေစေရမည် ဆိုသော ဒဲလ်ဖီ၏အမိန့်ကို လိုက်နာရန် မေ့လျော့သွားစေခဲ့တော့သည်။

ပစ်တစ်ကိုယ်လုံးရှိ မွေးညင်းပေါက်အသီးသီးမှ ချွေးသီးချွေးပေါက်သီးထွက်လာကြသည်။ ထိုအစောင့်အား တစ်နည်းနည်းဖြင့် ပြန်လည်ခုခံရန် အလှမ်းဝေးလွန်းလှသည်။ ပစ်က သူတို့နှစ်ဦး၏အကြားတွင် ရှိနေသော အကွာအဝေးထက်ဝက်ခန့်အထိ ရောက်အောင် ခုန်လိုက်ချိန်တွင် ထိုသေနတ်မှ ကျည်ဖူးကလေးက ပစ်၏ခန္ဓာကိုယ်အထက်ပိုင်းကို ဖောက်ထွင်းသွားပေလိမ့်မည်။

ထိုအစောင့်သည် ပစ်အား စောင့်ကြည့်ရင်း ထိုနေရာတွင် အကြာကြီး ထိုင်နေခဲ့သည်။ ထို့နောက် ထိုအစောင့်သည် ဒူးတစ်ဖက်စီကို တစ်ကြိမ်လျှင် ခြောက်လက်မခန့်စီ သူ့ရှေ့သို့ တိုးထုတ်ရင်း တိုးကပ်လာလေရာ သူတို့အကြားရှိ အကွာအဝေးသည် ငါးပေအထိ ရောက်ရှိလာတော့သည်။ သို့တိုင်အောင် ပစ်နှင့် ဝေးလွန်းပါသေးသည်။

ပစ်သည် သေမိန့်ပေးခံရသူတစ်ဦး၏ စိတ်ဝေဒနာမျိုးကို ခံစားရသည်။ ပစ်က အစောင့်အား ပြန်၍ ခုခံနိုင်အောင် ထိုအစောင့်သည် အနားသို့ ကပ်လာပါစေဟု အောင့်အည်းသည်းခံပြီး စွန့်စွန့်စားစား စောင့်နေရသည်။ ဒီငတိ စိတ်ထဲတွင် မည်သို့မည်ပုံ ရှိရှာလေမည်နည်းဟု ပစ်





ကတွေးလိုက်၏။ ပစ်က ထိုပုဂ္ဂိုလ်အား ထိထိရောက်ရောက် ပြန်လည်ခုခံနိုင်အောင် သူတို့နှစ်ဦးအကြားတွင် လက်တစ်ကမ်းအကွာဖြစ်သော သုံးပေခန့်အထိ နီးလာဖို့ လိုအပ်သည်။

ထိုအစောင့်သည် တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ သူတို့နှစ်ဦးအကြားရှိ အကွာအဝေးသည် တဖြည်းဖြည်း ပိုနီးလာသည်။ ထိုပုဂ္ဂိုလ်သည် ပစ်အား သေနတ်နှင့် ချိန်ထားသည်။ တစ်ခါတစ်ရံတွင် ပစ်၏ဦးခေါင်းဆီသို့ ပြောင်းရွှေ့ ချိန်တတ်ပေသေးသည်။ တစ်ချိန်တွင်မူ ပစ်၏ပေါင်ခြံသို့ လှမ်းချိန်ရင်း ကျေနပ်အားရသောအသွင်သည် သူ့မျက်နှာပေါ်၌ ဖျတ်ခနဲ ဖြစ်ပေါ်လာတော့သည်။

'သည်းခံစမ်းပါ၊ သည်းခံစမ်းပါ' ဟု ပစ်သည် မိမိကိုယ်ကို အထပ်ထပ်အခါခါ ပြန်သတိပေးနေရသည်။ သူသည် မျှော်လင့်ချက်ကြီး တစ်ခွဲသားနှင့် သည်းခံ၍ စောင့်ရပေလိမ့်မည်။

ထိုအစောင့်သည် သူနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာလေပြီဖြစ်ရာ သူသည် ခုခံရန်ကိစ္စကို အကောင်အထည် ဖော်နိုင်စွမ်းရှိလာနိုင်သည်။ သူက ပိုပြီး သေချာသွားအောင် စက္ကန့် အနည်းငယ်ထပ်စောင့်လိုက်၏။ ပစ်က ထိုကိစ္စကို အချိန်မတိုင်မီ အလောသုံးဆယ် လုပ်လိုက်မိသည်ရှိသော် အစောင့်က သေနတ်မောင်းဖြုတ်လိုက်ချိန်တွင် ပစ်က အစောင့်၏သေနတ်ကို အပေါ်သို့ အချိန်မီ မြှောက်တင်ပစ်နိုင်အောင် ရှေ့သို့ တိုးချင်မှ တိုးနိုင်ပေလိမ့်မည်။

အောင်မြင်မှုအတွက် တစ်ခုတည်းသောမျှော်လင့်ချက်မှာ တစ်ဖက်ရန်သူအား အငိုက်ဖမ်းနိုင်ရေးပင် ဖြစ်သည်။

သူ့အား လွယ်လင့်တကူ သတ်နိုင်ပါသည်ဟု အစောင့်ပုဂ္ဂိုလ်က စိတ်ချလက်ချ ယူဆသွားအောင် ပစ်က လက်နှစ်ဖက်ကို ကျောဘက်တွင် ဆက်ထားခဲ့သည်။ ဒီလို ပုံစံမျိုးသာ ဖြစ်ရပေလိမ့်မည်။ ပစ်က အကြီးအကျယ် ထိတ်လန့်နေဟန်နှင့် မျက်စိနှစ်လုံးအား ပြူးပြထားသလို ပါးစပ်ကိုလည်း တတ်နိုင်သမျှ ဟ,ထားလိုက်သည်။

ပစ်က ဖြုန်းခနဲ ခုန်အုပ်လိုက်၏။ အစောင့်ဖြစ်သူ၏သေနတ်မှ လွတ်ထွက်လာသော ကျည်ဖူးကလေးက သူ့ပခုံးပေါ်မှ သီသီကလေး လွတ်ထွက်သွားသည်ကို ပစ်က ဂရုမပြုနိုင်ဘဲ အစောင့်သေနတ်ကို ဘယ်လက်နှင့် အပေါ်သို့ ရိုက်တင်ပစ်လိုက်သည်။ ထို့နောက် တစ်ချိန်တည်းမှာပင် ညာလက်ကို ဝှေ့ယမ်းပြီး အစောင့်၏လည်ပင်းမှ လေပြွန်ပြတ်ထွက်သွားအောင် မားနှင့် ကန့်လန့်ဖြတ် လှီးဖြတ်ပစ်လိုက်သည်။ နာကျင်သောဝေဒနာကြောင့် အော်ဟစ်လိုက်သောအသံ ထွက်ပေါ်မလာတော့ပါ။ အစောင့်ပုဂ္ဂိုလ်၏ လည်ချောင်းဆီမှ ကြောက်စရာကောင်းသော အသံကြီး ပေါ်ထွက်လာပြီး ပန်းထွက်လာသော သွေးများသည် အစောင့်ပုဂ္ဂိုလ်၏ရင်ဘတ်ပေါ်၊ ကော်ဇောပေါ်နှင့် ပစ်၏လက်မောင်းပေါ်တွင် စွန်းထေ



www.burmeseclassic.com

www.burmeseclassic.com

သွားကြတော့သည်။ အစောင့်ပုဂ္ဂိုလ်၏ မျက်လုံးများသည် ပစ်အား ကြောင်တောင်တောင်နှင့် ကြည့်နေပြီးနောက် မျက်ခွံအောက်သို့ လည် ထွက်သွားတော့သည်။ ထို့နောက် ၎င်းခန္ဓာကိုယ်ကြီးသည် တွန့်ခနဲ ဖြစ် သွားပြီး အနေ့ရိုက်ကူးပြသော ရုပ်ရှင်ပြကွက်ပမာ ကြမ်းပြင်ပေါ်သို့ လိမ့် ကျသွားတော့သည်။

ပစ်သည် သေသွားသော အစောင့်ပုဂ္ဂိုလ်၏ မြင်ကွင်းကြောင့် တဒင်္ဂမျှ ကြက်သေသေသွားသည်။ ထို့နောက် ပစ်သည် ကြမ်းပြင်ပေါ်မှ သေနတ်ကို ကောက်ယူလိုက်ပြီးနောက် ရေချိုးခန်းဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားတော့သည်။

ပစ်အား သုတ်သင်မည့် လက်နက်ကို ကျန်အစောင့်ပုဂ္ဂိုလ်က အဆင်သင့်ဖြစ်အောင် လုပ်နေသောကြောင့် တဝီးဝီး မြည်နေသည့် လျှပ်စစ်နှင့် မုတ်ဆိတ်မွေးရိတ်သောကိရိယာ၏အသံကို ကြားနေရသည်။

ရေချိုးဇလုံကြီးထဲတွင် ရေမှာ ပြည့်လျှံသွားပြီ ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်က ရေပိုက်ခေါင်းကို ပိတ်၍ အဆင်သင့် စောင့်နေလေပြီ။

ပစ်သည် ရေချိုးခန်းတံခါးကို မဗိုက်မသုန်ကြည့်ရင်း အခန်းနံရံ တစ်လျှောက် ခပ်ဖြည်းဖြည်း ကပ်လျှောက်သွားသည်။

ချက်ချင်း ဆိုသလိုပင် တံခါးပေါက်မှ လူခေါင်းလောင်းသံ သည် အိပ်ခန်းတစ်ခုလုံးကို ပဲ့တင်ထပ်အောင် မြည်ဟိန်းသွားလေတော့ သည်။

မျှော်လင့်မထားသောအသံကြောင့် တုန်လှုပ်သွားသော ပစ်သည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ကြက်သေသေသွားသည်။ ထိုအချိန်တွင် ရေချိုးခန်းထဲမှ ပြေးထွက်သွားသောအစောင့်သည် ကြမ်းပြင်ပေါ်တွင် လဲကျ သေဆုံးနေသော ရဲဘော်ရဲဘက်ဖြစ်သူ အစောင့်ပုဂ္ဂိုလ်၏ မြင်ကွင်း ကြောင့် စကားမပြောနိုင်အောင် သွေးပျက်ပြီး ရပ်တန့်သွားတော့သည်။ သူက ပြန်လှည့်ပြီး ပစ်အား ကြောင်တောင်တောင်နှင့် လှမ်းကြည့်လိုက် ၏။ ပစ်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"အဲဒီ သေနတ်ကို လွှတ်ချပြီး ငြိမ်ငြိမ်နေစမ်း"

ဒဲလ်ဖီ၏လူသတ်သမားသည် မတုန်မလှုပ် ရပ်တန့်လိုက်ရင်း ပစ် ၏လက်ထဲမှ သေနတ်ကို စိုက်ကြည့်နေသည်။

တံခါးပေါက်မှ လူခေါ်ခေါင်းလောင်းသံသည် နောက်တစ်ကြိမ် ထပ်၍ မြည်လာပြန်သည်။ ထိုလူသည် နံဘေးသို့ ခုန်ထွက်လိုက်ပြီး သေနတ်နှင့် ပြန်ပစ်ခတ်ရန် သူ့သေနတ်ကို အပေါ်သို့ မြှောက်လိုက်သည်။ သို့ရာတွင် ပစ်သည် လူဆိုး၏နှလုံးဆီသို့ ပစ်ထည့်လိုက်၏။ ပစ်သည် အစောင့်ပုဂ္ဂိုလ်အား သေနတ်နှင့် တည့်မတ်စွာ ချိန်ရင်း နောက်တစ်ကြိမ် ထပ်မံပစ်ခတ်ရန် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။ သို့ရာတွင် နောက်တစ်ကြိမ် ပစ်ခတ်ရန် မလိုတော့ပါ။





အတန်ငယ်ကြာအောင် ကြက်သေ သေသွားသောပုဂ္ဂိုလ်သည် မတ်တတ်ရပ်ရင်း ပစ်အား ကြောင်တောင်တောင် မျက်လုံးများနှင့် စိုက် ကြည့် နေသည်။ ထို့နောက် ထိုပုဂ္ဂိုလ်၏လက်များသည် ပျော့ခွေသွားပြီး သူ့လက်ထဲမှ သေနတ်ကလေးသည် ကော်ဇောပေါ်သို့ တိတ်တိတ်ဆိတ် ဆိတ် လွတ်ကျသွားတော့သည်။ သူသည် ဒူးထောက်လျက် ခပ်ဖြည်းဖြည်း လဲကျသွားပြီးနောက် နံဘေးသို့ ယိုင်လဲသွားသည်။

ပစ်သည် သူ့ခြေရင်းတွင် လဲကျနေသော အလောင်းကြီးကို ငုံ့ ကြည့်ပြီး တံခါးရွက်ပေါ် တဒုန်းဒုန်း ထုနေသံကို နားထောင်ရင်း မလှုပ် မယှက် ဖြစ်နေသည်။ ထိုအခန်းမှ နံရံလေးဖက်စလုံးသည် သူ့ကိုယ်ခန္ဓာ ပေါ်သို့ လဲကျ ပြိုဆင်းလာကြသလို ခံစားနေရသည်။ အခန်းထဲတွင် တစ် ခုခု ပျောက်ဆုံးနေသည်။ သူ့ဦးနှောက်သည် ပုံမှန် အလုပ်မလုပ်ဘဲ ဖြစ် နေသည်။ နောက်ဆုံး မိနစ်ပိုင်းကလေးက သူ့အား အူကြောင်ကြောင်နှင့် ရှုပ်ထွေးသွားစေခဲ့သည်။ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဤအခန်း ထဲတွင် ရှိနေဖို့ကောင်းသည်။

"ဆမ်းမား"

ပစ်သည် ဝရန်တာကို ကာရံထားသော ခန်းဆီးအား ဖယ်ရှားပစ် လိုက်သည်။ ထိုခန်းဆီးနောက်ကွယ်တွင် အခန်းနံရံမှ လွဲ၍ ဘာမှ မရှိ သည်ကို တွေ့လိုက်ရသည်။ ပစ်သည် သူမ၏ နာမည်ကို အော်ခေါ်ရင်း အခန်းထဲတွင် သွေးရူးသွေးတန်း လိုက်ရှာခဲ့သည်။ သူမက ပြန်မထူးပါ။

သူမသည် ခေါင်မိုးပေါ်က တစ်ဆင့် ဝရန်တာပေါ်သို့ ဆင်းလာ သော ဒဲလ်ဖီ အုပ်စုနောက်မှ လိုက်ခဲ့ခြင်းသာ ဖြစ်ရမည်။ ဝရန်တာတွင် အောက်ဘက်အထပ်ရှိ ဝရန်တာဆီသို့ တွဲလောင်းကျနေသော ကြိုး တစ်ချောင်းမှ လွဲ၍ မည်သူမျှ မရှိချေ။

သူမသည် ယခင်နည်းလမ်းအတိုင်း လွတ်မြောက်သွားခဲ့ပြန်လေပြီ။ အောက်ထပ်ရှိ အခန်းမှ ပုဂ္ဂိုလ်များက အပေါ်ထပ်ခန်း၌ ဖြစ်ပျက်နေ သော ကိုးရိုးကားရား ကိစ္စများကြောင့် မည်သို့မည်ပုံ တွေးနေကြလိမ့်မည် ဟု ပစ်က တွေးမိလိုက်ပြီး ပြုံးလိုက်မိသည်။ သူက အောက်ထပ်မှ အခန်းတံခါးကို ခေါက်ပြီး တကူးတက ရှင်းပြလိမ့်မည်တော့ မဟုတ်ပါ။ အချို့သောကိစ္စများသည် မပြောဘဲ မြုံထားသည်က ပို၍ ကောင်းပေ သည်။

ပစ်သည် ဧည့်ခန်းရှိ ဆိုဖာတစ်လုံးပေါ်မှ ပန်းပွင့်လေးတစ်ပွင့်ကို လှမ်းမြင်လိုက်သည်။ ထိုပန်းပွင့်ကလေးမှာ ပလူးမီးရီးယားပန်းပွင့်ကလေး တစ်ပွင့်တည်း။

ထိုပန်းပွင့်ကလေး၏ အတွင်းဘက်တွင် ဖြူဆွတ်နေသော်လည်း အပြင်ဘက်တွင်မူ အဝါရောင်သန်းနေလေသည်။ သူသည် ထိုပန်းကလေး ကို ကိုင်မြှောက်လိုက်ပြီး ရှားပါးသော လိပ်ပြာကလေးတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com

လေ့လာနေသည့်အလား စေ့စေ့စပ်စပ် လေ့လာလိုက်သည်။

ဆမ်းမားသည် ဒဲလ်ဖီ၏သမီး ဆိုပါကလား။ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ ဟု တွေးလိုက်မိ၏။

သူသည် လက်တစ်ဖက်က ပန်းပွင့်ကလေး ကိုင်၍ လက်တစ်ဖက်က သေနတ်ကိုင်ရင်း ဝရန်တာပေါ်မှနေ၍ ပြာလဲ့သောပင်လယ်ရေပြင်အား ငေးမျှော်ကြည့်နေမိစဉ် ဟန်းတား၏ လုံခြုံရေးရဲဘော်များသည် တံခါးကို ဖျက်၍ ဝင်လာကြလေပြီတည်း။

⚓

(၁၃)

"မစ္စတာပစ်"

အမေရိကန် ရေတပ်အမျိုးသမီးအရန်တပ်ဖွဲ့မှ ချစ်စရာကောင်းသော စစ်သမီးကလေးတစ်ဦးက ခပ်ဆိုင်းဆိုင်းကလေး ပြောလိုက်၏။

"ရေတပ်ဗိုလ်ချုပ်ကြီးက ရှင့်ကို စောင့်မျှော်နေပါတယ်ရှင်"

ပစ်သည် ထိုစစ်သမီးကိုသာမက ဗုံးခိုကျင်းထဲရှိ အခြား စစ်သမီးများကိုပါ လှမ်းကြည့်လိုက်ရာ ထိုစစ်သမီးများသည် အမျိုးသမီးများက ပေါလ်နယူမင် သို့မဟုတ် ဂျွန်ထရာဗိုလ်တာတို့ကိုသာ ကြည့်တတ်လေ့ရှိသော ကြည်ညို လေးစားသည့်အကြည့်မျိုးနှင့် ငေးကြည့်နေကြသည်ကို တွေ့လိုက်ရသည်။ ပစ်သည် ထိုကဲ့သို့ အကြည့်ခံရမှုကြောင့် သွေးကြီးချင်သလိုလိုပင် ဖြစ်သွားရတော့သည်။

ထိုစစ်သမီးလေးက ပြောလိုက်ပြန်၏။

"ရှင် မာသာအန်းပေါ်မှာ ဆောင်ရွက်ခဲ့တဲ့ ကိစ္စအတွက် ရှင့်အမှတ်တစ်ရာ့တစ် သင်္ဘောအုပ်စုမှာ ရှိနေတာကို အားလုံးက ဂုဏ်ယူနေကြပါတယ်ရှင်"

"သူ့သမီး ပြန်ပေးဆွဲခံရတဲ့အတွက် ဗိုလ်ချုပ်ကြီး ဘယ်လို ခံစားရပါသလဲ"

ပစ်က ခပ်ပြတ်ပြတ်လေသံနှင့် ဖြေဆိုရန် ဆန္ဒ မရှိပါ။

ထိုစစ်သမီးကလေးက ညှိုးစင်းစင်းကလေး ပြန်ဖြေသည်။

"သူက အင်မတန် စိတ်ခိုင်တဲ့ အဘိုးကြီးပါ"

"သူ သူ့ရုံးခန်းထဲမှာ ရှိနေသလား"

"မဟုတ်ပါဘူးရှင်၊ သူတို့အားလုံး အစည်းအဝေးခန်းထဲက စောင့်နေကြပါတယ်"

သူမသည် သူမ၏စားပွဲနောက်မှ ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး ဒီလမ်းအတိုင်း လိုက်ခဲ့ပါရှင်"

သူသည် စကြံလမ်းအတိုင်း လိုက်သွားရသည်။

သူမသည် ညာဘက်ရှိ တံခါးတစ်ခုရှေ့တွင် ရပ်လိုက်ပြီးနောက် တံခါးကို ခေါက်ပြီး တံခါးရွက်ကို ဖွင့်ပေးရင်း ပစ် ရောက်လာပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။ ထို့နောက် ပစ် ဝင်သွားသောအခါ တံခါးကို ညင်သာစွာ ပြန်ပိတ်လိုက်သည်။

အခန်းထဲတွင် လူလေးယောက် ရှိနေသည်။ နှစ်ယောက်ကို သူ သိသည်။ ကျန်နှစ်ယောက်ကို သူ မသိပါ။

ဗိုလ်ချုပ်ကြီးဟန်းတားသည် ပစ်ကို လက်ဆွဲ နှုတ်ဆက်ရန် ရှေ့သို့ ထွက်လာသည်။ ဗိုလ်ချုပ်ကြီးဟန်းတားသည် လွန်ခဲ့သောလေးရက်က ပစ် မြင်တွေ့ခဲ့ရသည်ထက် အများကြီး ပို၍ အိုစာသွားပုံရသည်။

"မင်း ဘေးအန္တရာယ် ကင်းသွားတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်ကွာ"

ဟန်းတားက ပစ်တစ်ယောက် တအံ့တသြ ဖြစ်သွားလောက်အောင် ရင်းနှီးပွင့်လင်းသောလေသံနှင့် ပြောလိုက်သည်။

"မင်း ခြေထောက် ဘယ့်နှယ်နေသလဲ"

"ကောင်းပါတယ်"

ပစ်က အဘိုးကြီး၏ မျက်လုံးများကို ရင်ဆိုင်လိုက်၏။

"ကျုပ် ဗိုလ်မှူးကြီးစိနာနာနဲ့ အက်ဒရင်နီတို့အတွက် ဝမ်းနည်းပါတယ်။ အဲဒါ ကျွန်တော့်အပြစ်ပါ။ ကျွန်တော်ကသာ ပိုပြီး နိုးနိုးကြားကြား ရှိခဲ့မယ် ဆိုရင် . . ."

"မဟုတ်တာဘဲကွာ"

ဟန်းတားက ကြိုးစား၍ ပြုံးလိုက်သည်။

"မင်းက ဟိုကောင်နှစ်ကောင်ကို တွယ်ထည့်နိုင်ခဲ့သားပဲ။ မင်းသူတို့နဲ့ တော်တော် အကြိတ်အနယ် တိုက်ခဲ့ရလိမ့်မယ်နဲ့ တူတယ်"

ပစ်က အဖြေမပေးနိုင်ခင် ဒင်ဗာသည် ထိုင်ရာမှ ထလာပြီးနောက် ပစ်၏ပခုံးကို လက်နှင့် ပုတ်လိုက်၏။

"မင်းကို တွေ့ရတာ ဝမ်းသာပါတယ်ကွာ။ မင်းကတော့ ထုံးစံအတိုင်း အမြင်ကတ်စရာကောင်းတုန်းပဲ"

"သိပ်ကို ပင်ပန်းနေတာမျိုးတော့ ဖြစ်နိုင်ပါတယ်။ နှစ်ဆယ့်လေးနာရီအတွင်းမှာ မိနစ်သုံးဆယ်ပဲ အိပ်ခဲ့ရတယ် ဆိုတော့ ကျုပ်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတာပေါ့လေ"

"အဲဒါအတွက်တော့ ဝမ်းနည်းပါတယ်ကွာ"

ဟန်းတားက ဖြေလိုက်သည်။

"ဒါပေမယ့် တို့အတွက် အချိန် သိပ်မရှိတော့ဘူး။ တို့က စတားဘတ်ခ်ကို ခပ်မြန်မြန် ပြန်ပြီး မဆယ်နိုင်ရင် အဲဒီသင်္ဘောကို အပြီးအပိုင်





အဆုံးခံလိုက်ရမယ်"

ပင်ပန်းနွမ်းနယ်မှုက ဟန်းတား၏ မျက်လုံးပတ်ပတ်လည်တွင် အရေးအစင်းများကို ဖြစ်ပေါ်နေစေသည်။

"တို့ဆီမှာ အချိန် ဘယ်လောက်ပဲ နည်းတယ် ဆိုဆို၊ မင်းကိုတော့ ကျေးဇူးတင်ရလိမ့်မယ်။ ရှေ့ပိုင်းက တိုပီဒိုခန်းထဲကို ရေအပြည့်ဖြည့်ခဲ့တာ တကယ်တော်တဲ့ လုပ်ရပ်ပဲ"

ပစ်က မချိပြုံး ပြုံးလိုက်၏။

"မာသာအန်းရဲ့ ပဲ့ကိုင်ကတော့ ကျုပ်တို့နှစ်ယောက်စလုံး သင်္ဘောပျက်စီးသွားရမှု အတွက် လှေ့ဘ်လို့ကို ဆုံးနိုင်မှာ မဟုတ်တော့ဘူးလို့ တထစ်ချ တွက်ထားတာ"

ဟန်းတားက ပြုံးသည်ဆိုရုံ နှုတ်ခမ်းစွန်းကလေးနှစ်ဖက်ကို တွန့်သွားအောင် ပြုံးလိုက်သည်။

"လာပြီး ထိုင်စမ်းပါဦးကွာ၊ ငါက မင်းကို ထရစ်ပလာဆေးရုံက သုတေသနအရာရှိချုပ် ဒေါက်တာအဲလ်မာခရိုက်စလာနဲ့ အရင်မိတ်ဆက်ပေးပါရစေဦး"

ပစ်သည် သေးကွေးပြီး အရပ်ပုသော်လည်း ပလာယာကဲ့သို့ ဖျစ်ညှစ်အားရှိသော ပုဂ္ဂိုလ်တစ်ယောက်နှင့် လက်ဆွဲ၍ နှုတ်ဆက်လိုက်ရသည်။

သူသည် ဦးခေါင်းကို ပြောင်နေအောင် ရိတ်ထားသည့်အပြင် ကြီးမားသော ကော်ကိုင်းမျက်မှန်ကြီးကို တပ်ဆင်ထားသည်၊ ထိုမျက်မှန်၏ နောက်ကွယ်မှ ပြောင်လက်နေသော အညိုရောင်မျက်စိနှစ်လုံးသည် ခြွေပါးစပ်ထဲမှ လျှာကလေးထက် ပို၍ မြန်အောင် လှုပ်ရှားနေသော်လည်း သူက အားရပါးရနှင့် လှိုက်လှိုက်လှဲလှဲ ပြုံးပြနေသည်။

"ပြီးတော့လည်း အီတန်အဏ္ဏဝါဗေဒတက္ကသိုလ်က အဏ္ဏဝါဘူမိဗေဒဌာနကြီးမှူး ဒေါက်တာရေမွန်ရော့ခ်နဲ့ မိတ်ဆက်ပေးပါရစေ"

ရော့ခ်သည် ဘူမိဗေဒအရာရှိတစ်ယောက်နှင့် မတူဘဲ သန်မာထွားကျိုင်းသော ထရပ်ကားယာဉ်မောင်းတစ်ယောက် သို့မဟုတ် ဆိပ်ကမ်းမှ ကုန်တင်ကုန်ချ အလုပ်သမားကြီးတစ်ယောက်နှင့် တူနေသည်။

ရော့ခ်သည် ခြောက်ပေနီးပါး အရပ်ရှည်ပြီး ပခုံးကျယ်သူ ဖြစ်သည်။ သူမြင်ဖူးသမျှ လက်များထဲတွင် အလွန် ကြီးမားပြီး ထွားကျိုင်းလွန်းလှသော လက်ချောင်းကြီးငါးချောင်းက သူ့လက်ချောင်းများအား ကျိုးကြေသွားမတတ် ဖျစ်ညှစ်နေစဉ် ပစ်သည် အပြုံးမပျက်အောင် တောင့်ထားရုံကလွဲ၍ ဘာမှမတတ်နိုင်ခဲ့ပါ။

ဟန်းတားက ပစ်အား ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြလိုက်၏။

"ငါတို့က မာသာအန်းပေါ် ဖြစ်တဲ့ကိစ္စနဲ့ မင်း ဟိုတယ်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

သတ်ပုတ်ခဲ့ရတာတွေနဲ့ ပတ်သက်ပြီး မင်းပြောပြတာကို နားထောင်ချင်လို့ပြီ"

ပစ်က စိတ်ကို လျှော့ချလိုက်ပြီးနောက် ဖြစ်ပျက်ခဲ့သောကိစ္စရပ်များကို စနစ်တကျ အစဉ်လိုက် ဖြေနိုင်အောင် ပင်ပန်းနွမ်းနယ်နေသော သူ့စိတ်အစဉ်ကို ပြန်လည် စုစည်းလိုက်သည်။

သူတို့ အားလုံးသည် သူမှတ်မိသမျှ ခြစ်ခြုတ်ပြီး ပြောပြမည့် အချက်အလက်များကို စေ့စေ့စပ်စပ် နားထောင်ကြလိမ့်မည် ဖြစ်ကြောင်း သူ သိပါသည်။

ဒင်ဗာက ခေါင်းညိတ်လိုက်၏။

"အချိန်ယူ စဉ်းစားပြီးပြောကွာ၊ တို့က မကြာခဏဆိုသလို မေးခွန်းတွေ ဝင်မေးတဲ့အခါကျရင်လည်း တို့ကို ခွင့်လွှတ်ပေါ့ကွာ"

ပစ်က ခပ်တိုးတိုး စ,ပြောလိုက်၏။

"အဲဒီကိစ္စဟာ မြေပုံပေါ်မှာ ဖော်ပြထားခြင်း မရှိတဲ့ သမုဒ္ဒရာအောက်ခြေက မျက်နှာပြင် မြင့်တက်လာမှုကို ကျုပ်တို့ စတွေ့တာက အစပျိုးလာတယ်လို့ ကျုပ် ယူဆပါတယ်"

ပစ်က သူ့ဇာတ်ကြောင်းကို ပြောပြသည်။

ဒင်ဗာက တိပ်ရီကော်ဒါနှင့် လိုက်ဖမ်းနေစဉ် သိပ္ပံပညာရှင် နှစ်ယောက်က ရေးမှတ်နေကြသည်။ ရံဖန်ရံခါဆိုသလို အစည်းအဝေးစားပွဲပတ်လည်တွင် ထိုင်နေသူများအနက် တစ်ဦးဦးက ကြားဖြတ်၍ မေးခွန်းမေးတတ်ကြသလို ပစ်ကလည်း အတတ်နိုင်ဆုံး ပြန်ဖြေခဲ့သည်။ သူက ဆမ်းမားကိစ္စကိုသာ တမင် ချန်လှပ်ထားခဲ့သည်။ ပစ်က သူ့အား ဒဲလ်ဖီ၏ လူသတ်သမားများက ကြိုးနှင့် ချည်နှောင်ခြင်းမပြုမီ ဓားမြှောင်ကို လက်ထဲတွင် ဖွက်၍ ကိုင်ထားခဲ့ကြောင်း ညာပြောခဲ့သည်။

ဟန်းတားသည် စီးကရက်ဘူးပေါ်မှ ပလတ်စတစ် အကြည်စကလေးကို ဆွဲဖြုတ်လိုက်ပြီး ပြာခွက်ထဲသို့ ပစ်ထည့်လိုက်၏။

"အခုပြောတဲ့ ဒဲလ်ဖီ ဆိုတာ ဘယ်လို လူစားမျိုးလဲ"

"ခုချိန်အထိတော့ မေဂျာပစ်နဲ့ အဲဒီ ပုဂ္ဂိုလ်တို့ရဲ့ စကားစစ်ထိုးပွဲဟာ ပစိဖိတ်ဝဲကတော့က ပုဂ္ဂိုလ်တွေနဲ့ တစ်ကြိမ်တည်းသော ဆက်ဆံမှုလို့ ဆိုရလိမ့်မယ်"

ဒေါက်တာ ခရိုက်စလာသည် စားပွဲပေါ်သို့ ကိုယ်ကို ကိုင်းလိုက်၏။

"ခင်ဗျားက အဲဒီပုဂ္ဂိုလ်ကို အသေးစိတ်ပုံဖော်ပြီး ပြန်ပြောနိုင်မလား"

"အရပ်အမြင့်က ခြောက်ပေရှစ်လက်မလောက် ရှိတယ်၊ သူ့အရပ်အမောင်းနဲ့ ကိုက်ညီပြီး အချိုးအစားကျတဲ့ ကိုယ်လုံးကိုယ်ပေါက် ရှိတယ်၊ မျက်နှာပေါက် ကြမ်းတယ်၊ ဆံပင် ငွေရောင်၊ သူ့တစ်ကိုယ်လုံးမှာ အထူး





ခြားဆုံး ကြွန်အင်လက္ခဏာကတော့ အဝါရောင်မျက်လုံးတွေပဲ"

ခရိုက်စလာက မျက်မှောင်ကုတ်လိုက်၏။

"အဝါရောင် ဟုတ်လား"

"ဟုတ်တယ်၊ ရွှေရောင်နီးပါးပဲ"

"အဲဒါ မဖြစ်နိုင်ဘူး"

ခရိုက်စလာက ပြောလိုက်ခြင်း ဖြစ်သည်။

"လူဖြူတွေမှာ လိမ္မော်ရောင် နည်းနည်းသန်းနေတဲ့ ပန်းရောင်မျက်လုံးမျိုး ရှိချင်ရှိမယ်၊ ပြီးတော့လည်း တချို့ ရောဂါတွေကြောင့် သူငယ်အိမ်ကို မီးခိုးရောင်သန်းနေတဲ့ အဝါရောင်ဖျော့ဖျော့ အဖြစ် ပြောင်းလဲချင် ပြောင်းလဲသွားစေလိမ့်မယ်၊ ဒါပေမယ့် ရွှေရောင်ကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မျက်နက်ဝန်းထဲမှာ အဲဒီလိုအရောင်မျိုး ဖြစ်စေနိုင်တဲ့ဆိုးဆေး မျက်လုံးထဲမှာ လုံးဝ မပါဘူး"

ဒေါက်တာရော့ခ်သည် အင်္ကျီအိတ်ထဲမှ ဆေးတံတစ်ချောင်းကို ထုတ်ယူလိုက်ပြီးနောက် လက်ထဲတွင် မပျင်းမရိ ကိုင်လှည့်နေသည်။

"ခင်ဗျားက အဝါရောင့်မျက်လုံးနဲ့ လူထွားကြီး တစ်ယောက်အကြောင်း ပြောပြတာ တော်တော် ထူးဆန်းနေတယ်၊ ဒါပေမယ့် အဲဒီလို လူမျိုး တကယ်ပဲ ရှိခဲ့ဖူးပါတယ်"

ခရိုက်စလာက တိုးတိုးကလေး ပြောလိုက်၏။

"လူတွေဟာ စိတ်ထားကောင်းဖို့ လိုတယ်ဆိုတဲ့ တရားကို ဟောပြောခဲ့တဲ့ ပုဂ္ဂိုလ်လေ၊ ဒေါက်တာ ဖရက်ဒရစ်မိုရန်ဝဲပေါ့"

"ကျုပ်ကတော့ အဲဒီ နာမည်ကို မကြားဖူးဘူး"

ဟန်းတားက ပြောလိုက်ခြင်း ဖြစ်သည်။

"ဖရက်ဒရစ်မိုရန်ဟာ ဒီရာစုနှစ်ရဲ့ အထင်ရှားဆုံး မနုဿဗေဒပညာရှင်ကြီးတစ်ယောက်ပဲ၊ သူက လူသတ္တဝါတွေ တဖြည်းဖြည်းနဲ့ ပျက်စီးပျောက်ကွယ်သွားမယ့် ကိစ္စမှာ လူသားတွေရဲ့ စိတ်ထားဟာ အဓိကအကျဆုံးပဲလို့ ဟောပြော ပို့ချခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့"

ရော့ခ်က ခေါင်းညိတ်သည်။

"ဒီလူက လူတော်၊ ဒါပေမယ့် သိပ်ပြီး အတ္တစွဲ များလွန်းတယ်၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က သူ ပင်လယ်ထဲမှာ ပျောက်သွားခဲ့တယ်"

"ဒဲလ်ဖီရဲ့ ဗျာဒိတ်တော်ပေါ့ဗျာ"

ပစ်က မည်သူ့ကိုမျှ ရည်စူးခြင်းမရှိဘဲ ပြောချလိုက်သည်။

ဒင်ဗာသည် ထိုစကား၏ ဆက်စပ်မှုနှင့် အနှစ်သာရကို ချက်ချင်းတွေးမိတော့သည်။

"ဟုတ်တာပေါ့၊ ဒဲလ်ဖီ ဆိုတာ ရှေးဟောင်း ဂရိစ်ဗျာဒိတ်တော်ထဲမှာ ပါခဲ့တဲ့ နာမည်ပေါ့"

ခရိုက်စလာက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

“အဲဒါ မဖြစ်နိုင်ဘူး၊ သူက သေပြီပဲ”

ပစ်က မေးခွန်းထုတ်လိုက်၏။

“သူက တကယ်ပဲ သေတာလား၊ သူက သူလိုက်ရှာနေတဲ့ ကနိုလီကျွန်းကို ရှာတွေ့သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့”

ဟန်းတားက ပြောလိုက်သည်။

“ကနိုလီကျွန်းအကြောင်း ကြားရတာကတော့ အဲဒီကျွန်းဟာ ဟာဝေယံကျွန်းရဲ့ နတ်ဘုံနတ်နန်းလေးကျနေတာပဲ”

“ဖြစ်ချင်လည်း ဖြစ်မှာပေါ့”

ပစ်က ပြောလိုက်သည်။

သူက ဘတ်ရှော့ပြတိုက်တွင် ဂျော့ချ်ပါပါလိုနှင့် ပြောခဲ့ရသော စကားများကို ခပ်တိုတို ပြန်ပြောပြလိုက်၏။

ရော့ခ်က မှတ်ချက်ချသည်။

“ဒေါက်တာမိုရန်လို အဆင့်အတန်းရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အနှစ်သုံးဆယ်လောက်တောင် ကြာအောင် လူမြင်ကွင်းက ပျောက်ကွယ်နေခဲ့ပြီး ဖြန်းခနဲ လူသတ်သမား၊ ပြန်ပေးသမားတစ်ယောက် အဖြစ်နဲ့ ပြန်ပေါ်လာတယ် ဆိုတာ ယုံကို မယုံကြည်နိုင်ဘူး”

ခရိုက်စလာက မေးလိုက်၏။

“အဲဒီ ဒဲလ်ဖီဆိုတဲ့ ပုဂ္ဂိုလ်က သူ့ကို ဒေါက်တာမိုရန်နဲ့ ဆက်စပ်မိစေမယ့် စကားတစ်ခွန်းလောက် ပြောခဲ့လို့လား”

ပစ်က ပြုံးလိုက်၏။

“သူက ကျုပ်ရဲ့ အသိဉာဏ် အဆင့်အတန်းဟာ လာဗယ်လာနဲ့ ရိုဗယ်မန်းတို့ထက် အများကြီး နိမ့်ကျတယ်လို့ ပြောခဲ့တယ်၊ အဲဒီလူတွေ ဘယ်သူတွေလဲ ဆိုတာ ကျုပ် မသိဘူး”

ခရိုက်စလာနှင့် ရော့ခ်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်မိကြ၏။

“သိပ်ထူးဆန်းတာပဲ”

ရော့ခ်က ထပ်ပြောလိုက်သည်။

“လာဗယ်လာ ဆိုတာက ဇလဗေဒကို အထူးလိုက်စားတဲ့ ရူပဗေဒ ပညာရှင်တစ်ယောက်ပဲ”

“ပြီးတော့လည်း ရိုဗယ်မန်း ဆိုတာ အင်မတန် နာမည်ကျော်ကြားခဲ့တဲ့ ခွဲစိတ်ကုဆရာဝန်ကြီး”

ခရိုက်စလာ၏ မျက်လုံးများသည် ရုတ်တရက် ပြူးကျယ်လာပြီး ပစ်၏မျက်လုံးများနှင့် ရင်ဆိုင်မိကြတော့သည်။

“ရိုဗယ်မန်းဟာ သူ မသေခင်က ရေထဲက အောက်စီဂျင်ကို လူသားတွေ စုပ်ယူရရှိနိုင်စေဖို့အတွက် စက်နဲ့ပြုလုပ်ထားတဲ့ ပါးဟက်စနစ်ကို တီထွင် စမ်းသပ်ခဲ့တယ်”





ခရိုက်စလာသည် စကားကို ရပ်တန့်လိုက်ပြီးနောက် အခန်းထောင့်တွင်ရှိသော ရေအေးစက်တစ်လုံးဆီသို့ လျှောက်သွားသည်။

သူက ရေတစ်ခွက်ကို စက္ကူခွက်ကလေးနှင့် ထည့်ယူလာခဲ့ပြီးနောက် ကုန်စင်အောင် သောက်ပြီးမှ ဆက်ပြောတော့သည်။

“အများ သိတော်မူကြတဲ့အတိုင်း အသက်ရှူစနစ်တွေရဲ့ ပင်မတာဝန်ဟာ ခန္ဓာကိုယ်က လိုအပ်တဲ့ အောက်စီဂျင်ကို ရအောင်စုပ်ယူပေးဖို့ပဲ။ တိရစ္ဆာန်တွေနဲ့ လူသားတွေမှာတော့ ရင်ခေါင်းထဲမှာရှိတဲ့ အဆုတ်ကို လေဖိအား၊ ပြီးတော့ ဒိုင်ယာဖရမ် (ကန့်လန့်ကာကြွက်သား) တွေရဲ့ အကူအညီတွေနဲ့ ပိန်အောင်၊ ဖောင်းအောင် ပြုလုပ်ပေးရတယ်။ အဆုတ်ထဲကို လေရောက်သွားတာနဲ့ တစ်ပြိုင်နက် လေကို အဆုတ်ကြွက်သားတွေက စုပ်ယူပြီး အဲဒီကမှတစ်ဆင့် သွေးထဲကို ရောက်သွားကြတယ်၊ ဒါပေမယ့် ငါးတွေကျတော့ တစ်ရှူးသေးသေးကလေးတွေပါဝင်တဲ့ သွေးကြောစုက အောက်စီဂျင်ကို စုပ်ယူပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ပြန်ထုတ်ပစ်လိုက်ကြတယ်၊ ရိုဗယ်မန်း တီထွင်ခဲ့တဲ့ ပစ္စည်းကတော့ အောက်စီဂျင်ကို စုပ်ယူနိုင်ဖို့အတွက် ရင်ဘတ်မှာ ခွဲစိတ်တဲ့နည်းနဲ့ အပြီးအပိုင် တပ်ဆင်ပေးထားတဲ့ အဆုတ်ပါးဟက်ပစ္စည်းတစ်မျိုးပဲ”

“ကြားရတာတော့ မယုံနိုင်စရာကြီးဘဲ”

ဟန်းတားက ပြောလိုက်ခြင်း ဖြစ်သည်။

ပစ်က ဖြေလိုက်၏။

“မယုံနိုင်စရာဘဲ ဆိုတာ မှန်တယ်၊ ဒါပေမယ့် မာသာအန်းဒေါ်တို့ တက်လာတဲ့လူတွေက ဘာဖြစ်လို့ ရေငုပ်ဝတ်စုံကို ဝတ်မလာကြသလဲ ဆိုတာကို အဲဒါက ရှင်းပြနေတယ်”

ခရိုက်စလာက ထပ်မံ ဖြည့်စွက်လိုက်၏။

“အဲဒီလို ပစ္စည်းမျိုးကြောင့် လူတွေဟာ ရေအောက်မှာ နာရီဝက်ထက်ပိုကြာအောင် နေနိုင်ကြမှာ မဟုတ်ပါဘူး”

ဒင်ဟာက တအံ့တသြနှင့် ခေါင်းခါလိုက်သည်။

“နာရီဝက်ဆိုတာ သိပ်များတယ်လို့ မထင်ကြရဘူး၊ ဒါပေမယ့် ခုခေတ်မှာ သုံးစွဲနေကြတဲ့ အင်မတန်လေးလံတဲ့ ပစ္စည်းတွေနဲ့စာရင် သိပ်ကောင်းတာပဲပေါ့”

ဟန်းတားက မေးလိုက်ပြန်၏။

“လာဗယ်လာနဲ့ရိုဗယ်မန်း ဘာဖြစ်သွားတယ် ဆိုတာကို ခင်ဗျားတို့ သိကြပါသလား”

ခရိုက်စလာက ပခုံးကို တွန့်လိုက်၏။

“သူတို့ သေသွားတာ ကြာလှပြီ”

ဟန်းတားသည် တယ်လီဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်၏။

“အချက်အလက် စုံဆောင်းတဲ့ဌာနကလား၊ ခုပြောနေတာဟာ


www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးဟန်းတား၊ ငါက လာဗယ်လာနဲ့ ရိုဗယ်မန်းဆိုတဲ့ သိပ္ပံပညာရှင်နှစ်ယောက် သေဆုံးခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အသေးစိတ် သိချင်တယ်၊ မင်းတို့က ပြည့်ပြည့်စုံစုံသိရတာနဲ့ တစ်ပြိုင်နက် ငါ့ဆီကို ချက်ချင်း ပို့ပေးလိုက်"

သူက တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်၏။

"ကဲ - ဒါကတော့ အစပေါ့လေ၊ ဒေါက်တာရော့ခ်၊ ဝဲကတော့ဒေသမှာရှိတဲ့ အဏ္ဏဝါဘူမိဗေဒကို ခင်ဗျား ဘယ်လိုယူဆသလဲ"

ရော့ခ်သည် စာရွက်စာတမ်းများ ထည့်ထားသော လက်ဆွဲအိတ်တစ်လုံးကို ဖွင့်ပြီးနောက် စာရွက်တချို့ကို သူ့ရှေ့ရှိ စားပွဲပေါ်တွင် တင်လိုက်သည်။

"အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့တဲ့ မာသာအန်းရဲ့ရှာဖွေထောက်လှမ်းရေးအခန်းထဲက သင်္ဘောသားတွေနဲ့ ဆေးရုံမှာရှိနေတဲ့ ကွန်မင်ဒါဗိုလန်တို့ကို စစ်ဆေး မေးမြန်းခဲ့တဲ့အပြင် မစ္စတာပစ်ရဲ့ မှတ်ချက်တွေကိုနားထောင်ပြီးတဲ့အခါမှာ အဲဒီ ဝဲကတော့ဆိုတဲ့ နေရာဟာ အရင်က ရှာမတွေ့ရသေးတဲ့ ရေအောက်က တောင်ကုန်းကလေး တစ်ခုပဲလို့ မှတ်ချက်ချဖို့ပဲ ရှိပါတယ်"

ဒင်ဗာက ဝင်မေးလိုက်၏။

"အဲဒီ ရေအောက်တောင်ကုန်းကို ခုအချိန်အထိ ဘာဖြစ်လို့ ရှာမတွေ့ခဲ့ကြတာလဲ"

ရော့ခ်က ဖြေလိုက်သည်။

"မြေပြင်ပေါ်မှာရှိတဲ့ တောင်ကုန်းတွေကိုတောင် ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းအထိ ရှာဖွေပြီး မတွေ့ကြသေးတာရယ်၊ သမုဒ္ဒရာအောက်ခြေကြမ်းပြင်တွေရဲ့ (၉၈) ရာခိုင်နှုန်းကို ခုထက်အထိ အသေးစိတ် မြေပုံတွေ မရေးဆွဲရသေးဘူး ဆိုတာတွေကိုပါ ထည့်စဉ်းစားမယ် ဆိုရင် ခုကိစ္စဟာ သိပ်မထူးဆန်းပါဘူး"

ပစ်က ဝင်မေးလိုက်၏။

"ရေအောက်က တောင်ကုန်းအများစုဟာ ရေအောက်မီးတောင်တွေရဲ့ လက်ကျန်တွေပဲ မဟုတ်လား"

ရော့ခ်သည် သူ့ဆေးတံကို ဆေးအိတ်ထဲမှ ဆေးနှင့် ထပ်ဖြည့်လိုက်၏။

"ရေအောက်ကြမ်းပြင်ပေါ်မှာ တသီးတခြားမြင့်တက်နေတဲ့ ခပ်ဝိုင်းဝိုင်းပုံသဏ္ဌာန် တောင်ကမူကလေးတစ်ခုကို ရေအောက်တောင်ကုန်းဟု ခေါ်တယ်လို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား မေးတာတို့ ဖြေရရင် ရေအောက်က တောင်ကုန်းအများစုဟာ ရေအောက်မီးတောင်တွေ ဖြစ်ကြပါတယ်၊ ဒါပေမယ့် သိပ္ပံနည်းကျကျ စစ်ဆေးမှုက အဲဒီလို မဟုတ်ဘူးလို့ သက်သေ မပြနိုင်သေးခင် ဒီပြင် နည်းတစ်နည်းနဲ့





ချဉ်းကပ်ပြီး စဉ်းစားသင့်တယ်လို့ ကျုပ် အကြံပေးချင်တယ်"

ရော့ခ်သည် စကားကို ခေတ္တဖြတ်၍ ဆေးတံကို မီးညှိလိုက်သည်။

"တကယ်လို့များ ကနိုလီကျွန်းဒေသရှိဟာ မှန်ကန်ပြီး ကနိုလီကျွန်းနဲ့ ကျွန်းသူကျွန်းသားတွေဟာ ရေအောက်ကို အလိုလို ရောက်သွားခဲ့တယ်ဆိုရင် အဲဒီကိစ္စဟာ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်တာမျိုး မဟုတ်ဘဲ သမုဒ္ဒရာရဲ့ အောက်ခြေကြမ်းပြင် ချွတ်ယွင်းမှုကြောင့် ဖြစ်တာလို့ ဆိုရလိမ့်မယ်။ အဲဒီ ကျွန်းဟာ စကတည်းက သမုဒ္ဒရာအောက်ခြေကြမ်းပြင်ရဲ့ ချွတ်ယွင်းမှုကြောင့် ရေပေါ်ကို ပေါ်လာခြင်း ဖြစ်သလို နောက်ကျတော့လည်း သမုဒ္ဒရာကြမ်းပြင်ရဲ့ အနေအထား ပြောင်းလဲသွားမှုကြောင့် ပြန်မြုပ်သွားတယ်ဆိုတဲ့ သီဝရီကို လက်ခံပြီး စဉ်းစားကြည့်ရလိမ့်မယ်"

ဒင်ဗာက ဖြည့်စွက်လိုက်သည်။

"နောက်တစ်နည်း ပြောရမယ် ဆိုရင် မြေငလျင်လှုပ်လို့ပဲပေါ့"

"ဟုတ်တယ်ပဲ ဆိုကြပါစို့"

ရော့ခ်က မယုတ်မလွန် အဖြေပေးလိုက်၏။

"သမုဒ္ဒရာကြမ်းပြင်ရဲ့ ချွတ်ယွင်းမှုဆိုတာ ‌မြေလွှာတွေ အက်ကွဲနေတာကို ပြောတာ။ မြေပုံတွေအရ ခင်ဗျား မြင်နေရတဲ့အတိုင်း ဒီရေအောက်တောင်ကုန်းဟာ ဖူလာတန်အက်ကြောင်း နယ်မြေပေါ်မှာ တည်ရှိနေတယ်။ မြေအောက်မှာ ကြီးကြီးကျယ်ကျယ် လှုပ်လှုပ်ရှားရှား ဖြစ်ပွားခဲ့ရင် ရေပြင်ပေါ်ကို ပေလေးရာ၊ ငါးရာအထိ မြင့်တက်လာစေနိုင်ပြီး ရေမျက်နှာပြင်ပေါ်မှာ နှစ်ထောင်နဲ့ချီပြီး ရှိနေစေနိုင်တယ်၊ ပြီးတော့လည်း ရက်ပိုင်းအတွင်းမှာတင် ရေအောက်ကိုပြန်ပြီး ပြန်ရောက်သွားစေနိုင်တယ်။ ရေအောက်က သမုဒ္ဒရာမြေပြင်တာ တဖြည်းဖြည်း မြင့်တက်လာသလို၊ အဲဒီ တောင်ကုန်းတစ်ဝိုက်မှာ ရေအပူချိန်ဟာ အေးနေတယ် ဆိုတဲ့ မစ္စတာပစ်ရဲ့ အစီရင်ခံချက်က သမုဒ္ဒရာကြမ်းပြင်ရဲ့ ချွတ်ယွင်းချက်သီဝရီကို အထောက်အကူပြုနေတယ်။ သမုဒ္ဒရာအောက်ကြမ်းပြင်မှာ ဖြစ်ပေါ်နေတဲ့ အက်ကြောင်းတွေကြောင့် အောက်ခြေကြမ်းပြင်မှာရှိတဲ့ ရေတွေဟာ အေးမြနေတတ်တယ်။ ပြီးတော့လည်း အဲဒီရေတွေဟာ ရေမျက်နှာပြင်အထိ တက်လာတတ်ကြတယ်။ ဒီတော့ အဲဒီနေရာမျိုးမှာ သန္တာကျောက်ခက်တွေ ဘာဖြစ်လို့ မရှိသလဲဆိုတဲ့ အချက်ကိုပါ အဖြေပေးပြီးသား ဖြစ်သွားတယ်၊ သန္တာကျောက်ခက်တွေဟာ အပူချိန်ဒီဂရီ (၇၀) ထက် ပိုနည်းတဲ့ ရေထဲမှာ ဖြစ်ထွန်းလေ့ မရှိဘူး"

ဟန်းတား၏ စီးကရက်မှ ပြာတောင့်သည် စားပွဲပေါ်သို့ ကြွေကျသွားသဖြင့် ဟန်းတားက စားပွဲပေါ်မှ ရှင်းပစ်လိုက်သည်။

ထို့နောက် ဟန်းတားက ပြောလိုက်၏။

"မာသာအန်းပေါ်ကို တက်လာတဲ့ လူတွေဟာ တစ်နေရာရာက လာရမှာဆိုတော့ အဲဒီလူတွေဟာ အဲဒီ ရေအောက်တောင်ကုန်းဆီက



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ ဖြစ်နိုင်သလား"

ရော့ခ်က ပြန်ဖြေလိုက်၏။

"ကျုပ်တော့ နားမလည်ဘူး"

"မာသာအန်းရဲ့ ရေဒါပေါ်မှာ ဘာမှ မတွေ့ရဘူး၊ အဲဒီတော့ အနီးအနားမှာ အခြားသင်္ဘောမရှိဘူးလို့ဘဲ ဆိုရလိမ့်မယ်။ အသံလှိုင်းကိရိယာနဲ့ ထောက်လှမ်းကြည့်ပြန်တော့လည်း ရေအောက်မှာရှိတဲ့ သင်္ဘောပျက်ခဲတွေက လွဲရင် အခြား သင်္ဘောကို မတွေ့ရပြန်ဘူး၊ ဒီတော့ ရေငုပ်သင်္ဘောရှိတယ် ဆိုတာလည်း မဖြစ်နိုင်ပြန်ဘူး။

ဒီတော့ ဖြစ်နိုင်စရာ နှစ်မျိုးပဲ ရှိတော့တယ်၊ အဲဒီ လူတွေဟာ ရေအောက်မှာ နေနိုင်အောင် တမင် ဖန်တီးပြီး ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေထဲက လာတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင် ရေအောက်တောင်ကုန်းထဲက လာတာပဲ ဖြစ်ရမယ်"

ပစ်က ပြောလိုက်၏။

"ကျုပ်ကတော့ ရေအောက်မှာ နေနိုင်အောင် ဆောက်ထားတဲ့ အဆောက်အအုံ ဆိုတာကို လက်မခံချင်ဘူး၊ ကျုပ်တို့ကို လူပေါင်း နှစ်ရာနီးပါးက လာပြီး တိုက်ခိုက်ခဲ့ကြတာ။ အဲဒီလောက်များတဲ့ လူတွေ ရေအောက်မှာ နေနိုင်အောင် အဆောက်အအုံတွေ ဆောက်ထားရမယ်ဆိုရင် တော်တော့်ကို ကြီးကြီးကျယ်ကျယ် လုပ်ရလိမ့်မယ်"

ဟန်းတားက ပြောလိုက်၏။

"ဒါဆိုရင် ရေအောက်တောင်တုန်းဆိုတာကိုပဲ စဉ်းစားစရာ ကျန်တော့တာပေါ့"

ခရိုက်စလာသည် မေးစေ့ကို လက်နှစ်ဖက်ပေါ်တွင်တင်၍ ပစ်အား စားပွဲပေါ်က ကျော်ကြည့်လိုက်သည်။

"မေဂျာ၊ သင်္ဘောကို မြှုနှင်းထုက အုပ်ဆိုင်းထားတဲ့အချိန်မှာ ယူကလစ်အနံ့ကို ရတယ်လို့ ခင့်ဗျားက ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ပြောခဲ့ပါတယ်"

"အဲဒါ သိပ်ဆန်းတယ်၊ အဆန်းဆုံးပဲ"

ခရိုက်စလာက ခပ်တိုးတိုးပြောလိုက်၏။ သူက ဟန်းတားဘက်သို့ လှည့်လိုက်သည်။

"ဗိုလ်ချုပ်ကြီး၊ ခင်ဗျားက ရေအောက်တောင်ကုန်းကို စဉ်းစားသင့်တယ်လို့ ပြောတာဟာ သိပ်ကို အံ့ဩစရာကောင်းနေပေမယ့် မဖြစ်နိုင်ဘူးလို့တော့ ပြောလို့ မဖြစ်ပြန်ဘူး"

"ဘယ်လို ဖြစ်ရပြန်တာလဲ"

"မိုင်းတွင်းယဲမှာရှိတဲ့ လေထုကို သန့်စင်အောင် ဩစတြေလျနိုင်ငံက ယူကလစ်တပ်ဆီကို အသုံးပြုခဲ့တာ ကြာပါပြီ၊ ပြီးတော့လည်း ယူကလစ်တပ်ဆီဟာ ပိတ်လှောင်နေတဲ့ နေရာကလေးရဲ့ စိုထိုင်းဆကို လျော့





နည်းသွားစေပါတယ်"

တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသောကြောင့် ဟန်းတားသည် စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ဘာမှ ပြန်မပြောဘဲ နားထောင်နေသည်။ သူက စကားပြောခွက်ကို ပြန်တင်လိုက်ချိန်တွင် ကျေနပ်သော အမူအရာကို မြင်ကြရသည်။

"ဒေါက်တာ လာဗယ်လာနဲ့ ဒေါက်တာ ရိုဗယ်မန်းတို့ဟာ အိတ်စ်ပလိုးရားလို့ နာမည်ပေးထားတဲ့ သုတေသနသင်္ဘောပေါ်က လိမ့်ကျပြီး ပင်လယ်ထဲ ပျောက်ဆုံးသွားခဲ့ကြတယ်။ အဲဒီသင်္ဘောကို ပစ်စက် သတ္တုကုမ္ပဏီက သမုဒ္ဒရာရေနက်ပိုင်းမှာ သတ္တုတူးဖော်လို့ ရ မရ ဆိုတာကို သိချင်တဲ့အတွက် သမုဒ္ဒရာကြမ်းပြင်ရဲ့ ဘူမိဗေဒအနေအထားကို လေ့လာစုံစမ်းဖို့ စင်းလုံးငှားသွားခြင်း ဖြစ်တယ်။ ဟာဝေယံကျွန်းရဲ့ မြောက်ဘက်စူးစူးကို ခုတ်မောင်း ထွက်ခွာသွားတဲ့ အိတ်စ်ပလိုးရား သင်္ဘောဟာ . . ."

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ပျောက်ဆုံးသွားခဲ့တယ်"

ဒင်ဖာက ထိုစကားကို အဆုံးသတ်ပေးလိုက်၏။

ဒင်ဖာသည် သူလက်ထဲတွင်ရှိသော စာရွက်စာတမ်းများကို ကြည့်နေရာမှ မော့ကြည့်လိုက်၏။

"ဝဲကဇာတ့ထဲမှာ ပထမဦးဆုံး ပျောက်သွားတယ်လို့ မှတ်တမ်းတင်ထားခံရတဲ့ သင်္ဘောဟာ အိတ်စ်ပလိုးရားပဲ"

ပစ်က ပြောလိုက်သည်။

"အဲဒီ သင်္ဘောမှာ ဖရက်ဒရစ်မိုးရန်ပါ ပါသွားရမယ်လို့ ကျွန်ခင်ဗျားနဲ့ လောင်းလို့ရချင်သေးတယ်"

ခရိုက်စလာက သံမှန်နှင့် ပြောလိုက်၏။

"သူက အဲဒီ ရှာဖွေစုံစမ်းရေးအဖွဲ့ရဲ့ ခေါင်းဆောင်တောင် ဖြစ်နိုင်တယ်"

"ပဟေဠိကတော့ တဖြည်းဖြည်း ပုံပေါ်လာပါပြီ"

ရော့ခ်က ခပ်တိုးတိုးကလေး ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒါဆိုရင် ဖြစ်နိုင်တယ်"

သူသည် ကုလားထိုင်ပေါ်တွင် ကျောမှီ၍ ထိုင်လိုက်ပြီးနောက် မျက်နှာကြက်ကို မော့ကြည့်လိုက်သည်။

"ပစိဖိတ်ကျွန်းသားတွေနေတဲ့ ကျွန်းတွေပေါ်မှာ လိုဏ်ဂူကြီးတွေကို ပျားလပို့များလို တူးထားလေ့ရှိကြတယ်၊ အစတုန်းကတော့ အဲဒီလိုဏ်ဂူကြီးတွေကို ဘာသာရေးလုပ်ငန်းတွေအတွက် တူးခဲ့ကြတာပဲ။ မြေမြုပ်ပြီး သင်္ဂြိုဟ်တဲ့ လိုဏ်ဂူတွေ၊ ဘုရားရှိခိုးတဲ့နေရာတွေ၊ ရုပ်တုတွေကို အမြတ်တနိုးထားတဲ့ နေရာတွေ စသည် စသည်ဖြင့်ပေါ့လေ။ ဒီတော့ ဝဲကဇာတ့မှာရှိတဲ့ ရေအောက်တောင်ကုန်းဟာ အရင်က မီးတောင်တစ်ခုဖြစ်ခဲ့ပြီး ပေါက်ကွဲမှုကြောင့် ပျက်စီး ပျောက်ကွယ်သွားရတယ်ဆိုရင် အဲဒီလူမျိုးစုရဲ့



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုလက်ရာတွေဟာ လုံးဝ ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီကျွန်းဟာ မူလာတန်အက်ကြောင်း လှုပ်ရှားမှုကြောင့် ရေအောက်ကို ပြန်ရောက်သွားတယ် ဆိုရင် လိုဏ်ဂူကြီးတွေ အများစုဟာ မပျက်မစီးဘဲ ကျန်ရစ်နိုင်သေးတယ်"

"ခင်ဗျားက ဘယ်လိုပြောချင်လို့ အဲဒါကို ဆွေးနွေးနေတာလဲ"

စိတ်မရှည်နိုင်တော့သော ဟန်းတားက ဝင်မေးလိုက်၏။

"ဒေါက်တာ လာဇယ်လာက ဇလဗေဒပါရဂူ၊ ဇလဗေဒ ဆိုတာ မြေပေါ်မှာ ဖြစ်စေ၊ လေထဲမှာ ဖြစ်စေ၊ မြေကြီးအောက်မှာ ဖြစ်စေ ရေရဲ့ သွားလာလှုပ်ရှားမှုကို လေ့လာတဲ့ပညာ။ အတိုဆုံးပြောရရင် ရေအောက်မှာရှိတဲ့ လိုဏ်ဂူတွေ၊ လိုဏ်ခေါင်းတွေက ရေတွေ ခြောက်သွေ့သွားအောင် စုပ်ထုတ်ပစ်နိုင်မယ့် စနစ်ကို တီထွင်ပေးနိုင်မယ့် ပုဂ္ဂိုလ်ကြီးတွေထဲမှာ ဒေါက်တာ လာဇယ်လာဟာ တစ်ယောက် အပါအဝင်ပဲ"

ပင်ပန်းနွမ်းနယ်နေသော ဟန်းတား၏ မျက်လုံးများက ရော့ခ်အား ငေးစိုက်ကြည့်နေကြသည်။

သို့ရာတွင် ရော့ခ်က ထပ်မံ၍ မှတ်ချက်မပေးတော့ချေ။

ဟန်းတားသည် စားပွဲကို လက်ဆစ်နှင့် ခေါက်လိုက်ပြီးနောက် မတ်တတ်ရပ်လိုက်၏။

"ဒေါက်တာရော့ခ်၊ ဒေါက်တာခရိုက်စလာ၊ ခင်ဗျားတို့က ဒီကိစ္စမှာ တော်တော်ကလေး အကူအညီပေးကြပါတယ်၊ အမေရိကန်ရေတပ်က ခင်ဗျားတို့ဆီမှာ အကြွေးတင်နေပါပြီ။ ကဲ ကဲ ခင်ဗျားတို့က ကျုပ်တို့ကို ခွင့်ပြုမယ်ဆိုရင် . . ."

အရပ်သား ဒေါက်တာနှစ်ယောက်သည် အားလုံးနှင့်လက်ဆွဲနှုတ်ဆက်ကြပြီးနောက် ပြန်သွားကြတော့သည်။

ပစ်သည် ထိုင်ရာမှ ထလိုက်ပြီးနောက် ရှည်လျားသောအခန်း၏ ထိပ်ဆုံးနံရံပေါ်မှ မြေပုံကြီးဆီသို့ လျှောက်သွားသည်။

သူသည် ထိုင်နေစဉ်က အပ်နှင့် အထိုးခံနေရသကဲ့သို့ နာကျင်နေသော ကျောကုန်းပေါ်မှဝေဒနာ ပျောက်ကွယ်သွားအောင် မာကျောသော သစ်သားကုလားထိုင်ပေါ်တွင် မကြာခဏ ဆိုသလို ခန္ဓာကိုယ်ကို ရွှေ့၍ ထိုင်ခဲ့သော်လည်း ယခုအချိန်တွင် သူ့ကျောပြင်သည် ထုံကျဉ်၍ နေလေပြီ၊

ဒင်ဗာသည် သူ့ကုလားထိုင်ပေါ်တွင် ကျောမှီ၍ ထိုင်ချလိုက်၏။

"အခုဆိုရင် ကျုပ်တို့ ဘယ်လိုလူစားမျိုးနဲ့ ရင်ဆိုင်နေရတယ် ဆိုတာကို သိရှုပြီပေါ့လေ"

"ကျုပ်ကတော့ ဘာမှ မပြောတတ်ဘူး"

ပစ်သည် မြေပုံအလယ်မှ အနီနှင့် ဝိုင်းပြထားသောနေရာကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

၆





"ကျုပ်ကတော့ ဒီကိစ္စကို နိုက်နိုက်ချွတ်ချွတ် သိမှသိနိုင်ပါတော့မလားလို့ တွေးနေမိတယ်"

ပစ်သည် နောက်ထပ် လေးနာရီကြာသောအခါ ဇိမ်ရှိလှစွာ အိပ်မောကျနေခဲ့ရာမှ ပြန်နိုးလာတော့သည်။

သူက ခေတ္တမျှ မှိန်းနေလိုက်ပြီးနောက် သူ့မျက်နှာရှေ့တည့်တည့်တွင် ဒေါင်လိုက်ရှိနေသော အညိုရောင်အတန်းနှစ်တန်းကို အာရုံစိုက်၍ ကြည့်လိုက်၏။

ထိုအညိုရောင် အတန်းနှစ်တန်းသည် အချိုးအစား ကျန ပြေပြစ်သောအမျိုးသမီးတစ်ယောက်၏ ခြေထောက်နှစ်ချောင်း ဖြစ်ကြောင်း ထုံထိုင်းနေသော သူ့ဦးနှောက်က ချက်ချင်းလိုလို သိရှိသွားတော့သည်။

သူက လက်ကို ဆန့်ထုတ်လိုက်ပြီးနောက် နိုင်လွန်ခြေအိတ် ဝတ်ဆင်ထားသော ခြေသလုံးသားကလေးအား လက်ချောင်း၏ လက်ဆစ်ဘက်နှင့် အပေါ်သို့ လှန်၍ ပွတ်သပ်လိုက်၏။

"ဝေါက်ပါတော့ရှင်"

ထိုအမျိုးသမီးကလေးက အော်ဟစ်လိုက်သည်။

ချောမောလှပသော ထိုမိန်းက‌ေ ‌ ‌းသည် အံ့အားသင့်သွားပုံရသည်၊ သူမ၏ ကိုယ်လုံးကိုယ်ပေါက်သည် အချိုးအစားကျန၍ ပြေပြစ်သည့်အပြင် ကိုယ်လုံပေါ်၌ အမျိုးသမီး အရန်တပ်ဖွဲ့မှ ယူနီဖောင်းကို ဝတ်ဆင်ထားသည်။

"ဆောရီးပဲ၊ ကိုယ် အိပ်မက်မက်နေတာဝဲ ဖြစ်ရမယ်"

ပစ်က ပြုံးပြုံးရယ်ရယ်နှင့် ပြောလိုက်၏။

ထိုမိန်းကလေး၏မျက်နှာသည် ရှက်သွားသောကြောင့် နီရဲနေသည်။ သူမသည် ဘာလုပ်နေမိမှန်း မသိပါဘဲနှင့် စကတ်ကို ပွတ်သပ်ချနေမိပြီး ကြမ်းပြင်ကို ရှက်စနိုးဟန်ပန်နှင့် စိုက်ကြည့်နေသည်။

"ကျွန်မက ရှင့်ကို နိုးအောင်လုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူးရှင်၊ ကျွန်မက ရှင် နိုးနေပြီထင်လို့ ကော်ဖီ လာပို့တာပါ"

သူမ၏မျက်လုံးများသည် ပြုံးလာကြသည်။

"ခုတော့ ရှင့်အတွက် ကော်ဖီ မလိုတော့ဘူး ဆိုတာ ကျွန်မ သိသွားပါပြီ"

"ကိုယ့်လို နုနယ်တဲ့ အခြေအနေမှာရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အတွက် မင်းဟာ အကောင်းဆုံး အားဆေးတစ်ခွက်ပါပဲကွာ"

"တကယ်ပဲလားရှင်၊ ရှင့်မှာ ဘယ်လိုရောဂါမျိုး စွဲကပ်နေလို့လဲ"

"ကိုယ့်မှာ ရောဂါပေါင်း မြောက်မြားစွာ စွဲကပ်နေတယ်၊ ဒါပေမယ့် ပထမဦးဆုံး စပြောရမယ့် ရောဂါကတော့ အချစ်လွန်ကဲတဲ့ ဝေဒနာပဲ"

သူမက ပစ်အား စိန်ခေါ်သော အကြည့်ကလေးနှင့် ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။

"ဝမ်းနည်းပါတယ်ရှင်၊ ဗိုလ်ချုပ်ကြီး ဟန်းတားက သူ့သီးသန့် စာဖတ်ခန်းထဲမှာ လိမ်ညာပြောတာတွေကို ခွင့်ပြုလေ့ မရှိပါဘူး"

သူမက ပစ်အား ခပ်ထေ့ထေ့ကလေး ပြုံးပြလိုက်သည်။

"ရှင်ဟာ နိုးနေရုံသာမက အစာကျွေးတဲ့လက်ကိုပါ လိုက်ဟပ်နေပြီလို့ ကျွန်မက ဗိုလ်ချုပ်ကြီးကို အစီရင်ခံလိုက်ပါ့မယ်"

ပစ်သည် စစ်သမီးကလေး အခန်းထဲက ပြန်ထွက်သွားသည်ကို လိုက်ကြည့်နေလိုက်သည်။

ထို့နောက် ဆိုဖာရှည်ကြီးပေါ်တွင် ထထိုင်ရင်း လက်နှစ်ဖက်ကို ဘေးဘက်သို့ ဆန့်တန်း၍ သမ်းဝေလိုက်သည်။ သူက အချောကိုင်ထားသော နံရံလေးဖက်စလုံးကို အကဲခတ်လိုက်သည်။

ဟန်းတား အတော်အတန် အလုပ်များခဲ့သည်မှာ ထင်ရှားပါသည်။ စားပွဲနှင့် ကြမ်းပြင်ပေါ်၌ မြေပုံများပြန့်ကျဲပြီး ရှုပ်ပွနေသလို ကြီးမားသော ပြာခွက်ကြီးထဲတွင်လည်း စီးကရက်တိုများသည် နှုတ်ခမ်းဝအထိ ပြည့်လျှံနေကြသည်။

ပစ်သည် သူ့စီးကရက်ဘူးကို အကျီနှင့် ဘောင်းဘီများထဲတွင် လိုက်ရှာသည်။ သို့သော် ရှာမတွေ့ပါ။ သူက စီးကရက်ဘူးပျောက်မှုကို စိတ်ပျက်လက်ပျက်နှင့် လက်ခံလိုက်ပြီးနောက် ကော်ဖီခွက်ကို လှမ်းယူလိုက်၏။ ကော်ဖီက ပူသည်။ သို့ရာတွင် ခါးသက်သက် စူးရှရှ အရသာက ထုံထိုင်းထိုင်းကြီး ဖြစ်နေသော သူ့အာရုံများကို သာမန်အနေအထားသို့ ရောက်လုနီးပါး ပြန်ပို့ပေးနိုင်ခဲ့သည်။

ထိုအချိန်တွင် ဟန်းတားသည် အခန်းထဲသို့ သွက်သွက်လက်လက် အမူအရာနှင့် ဝင်လာတော့သည်။

"မင်းကို ဒုက္ခထက်ပိုပြီး အိပ်ခွင့်မပြုတဲ့အတွက် ငါ တောင်းပန်ပါတယ်၊ ဒါပေမယ့် ငါတို့က ထူးထူးခြားခြား သိလာရတာတွေ ရှိနေပြီကွ"

"ဒါဖြင့် ခင်ဗျားတို့က ဒဲလ်ဖိရဲ့ အသံလွှင့်စက်ကို ရှာတွေ့လာကြပြီနဲ့ တူတယ်"

ဟန်းတား၏ မျက်ခုံးသည် အနည်းငယ် မြင့်တက်သွားသည်။

"မင်းဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာက နိုးလာတဲ့ လူတစ်ယောက် အနေနဲ့ တော်တော် အကင်းပါးတဲ့ ပုဂ္ဂိုလ်ပဲ"

ပစ်က ပခုံးကို တွန့်ပြလိုက်၏။

"ယုတ္တိတန်တဲ့ စဉ်းစားနည်းပါဗျာ"

ဟန်းတားက ပြောလိုက်သည်။

"ထောက်လှမ်းရေးလေယာဉ်တစ်စီးက အဲဒါတွေ့အောင် နှစ်နာရီလုံးလုံး လိုက်ရှာခဲ့ရတယ်၊ ပေသုံးရာရှိတဲ့ အင်တီနာ (ကောင်းကင်ကြိုးတိုင်ကို) ကို ဝှက်ထားလို့ ဘယ်ရပါ့မလဲ"





"ဘယ်နေရာမှာ ရှိသလဲ"

"မောအီကျွန်းရဲ့ ထောင့်စွန်းတစ်ခုပေါ်မှာလေ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကမ်းခြေကာကွယ်ရေး အမြောက်တပ်အတွက် ဆောက်ထားတဲ့ ခံတပ်ထဲမှာ တည်ဆောက်ထားတာ။ အဲဒီနေရာကို စစ်တပ်က မသုံးတော့ပါဘူး၊ ကျုပ်တို့က မှတ်တမ်းဟောင်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်လိုက်တော့ အဲဒီနေရာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက . . ."

"ပစ်စက် သတ္တုကုမ္ပဏီကို ရောင်းချထားခဲ့တယ်"

ပစ်က ဖြတ်ပြောလိုက်၏။

ဟန်းတားက အသံခပ်ကျယ်ကျယ်နှင့် စိတ်ဆိုးဟန်မပြဘဲ ပြန်မေးလိုက်သည်။

"အဲဒါကလည်း ယုတ္တိတန်တဲ့ စဉ်းစားနည်းပဲလား"

ပစ်က ခေါင်းညိတ်လိုက်သည်။

ဟန်းတားက သူ့အား ခပ်ရိုင်းရိုင်း ပြုံးပြလိုက်၏။

"နက်ဖြန်ခါ ဒီအချိန်လောက်ကျရင် မာသာအန်းဟာ ဘိုနိုလူလူ ဆိပ်ကမ်းကို ပြန်ရောက်တော့မယ် ဆိုတာ မင်းသိသလား"

ပစ်တစ်ယောက် အမှန်တကယ် အံ့အားသင့်သွားသည်။

"အဲဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်တာလဲ"

ဟန်းတားက ဖြေလိုက်သည်။

"မင်းက သင်္ဘောသားတွေကို ရဟတ်ယာဉ်ပေါ် တင်ပြီး သင်္ဘောပေါ်က ပျံတက်လာလို့ မိနစ်ပိုင်းလောက်ပဲကြာတဲ့ အချိန်ပိုင်းအတွင်းမှာ ငါတို့က အဲဒီသင်္ဘောဟာ ဟာဝေယံကျွန်းကို ပြန်လာအောင် တွန်းပို့တာနဲ့ ပရိုဂရမ် လုပ်ပစ်လိုက်တယ်"

ပစ်က ပြန်ပြောလိုက်၏။

"ဒဲလ်ဖိရဲ့ တပည့်တွေက ဗိုင်ခွက်နဲ့ ကိရိယာတွေကိုဖျက်၊ ဝါယာကြိုးတွေကို ဖြတ်တောက်ပစ်ပြီးတော့ အင်ဂျင်စက်ကြီး ရပ်တန့်သွားအောင် ဒါမှမဟုတ် ပဲ့ကိုင်တဲ့ကိရိယာ ပျက်စီးသွားအောင် မလုပ်နိုင်တော့ဘူးတဲ့လား"

"မင်းကတော့ အဲဒီလို တွေးမှာပဲ"

ဟန်းတားက ပြန်ဖြေလိုက်သည်။

"ဒါပေမယ့် မာသာအန်းရဲ့ ဗဟိုချုပ်ကိုင်မှုစနစ်ကို တီထွင်စဉ်က အဲဒီလို ဖြစ်နိုင်တဲ့ကိစ္စတွေကိုပါ ထည့်တွက်ပြီးမှ လုပ်ထားခဲ့တာပါ။ ငါတို့ လုပ်နေရတဲ့ ခိုးကြောင်ခိုးဝှက်လုပ်ငန်းဟာ မသင့်မတင့်တဲ့ နိုင်ငံတစ်နိုင်ငံက တို့သင်္ဘောကို ဖမ်းဆီးထားပြီး ပြန်မလွှတ်ဘူးလို့ အကျပ်ကိုင်တာမျိုး အမြဲတစေ ကြုံတွေ့ရနိုင်တယ်။ ဒါကြောင့် အင်ဂျင်စက်ခန်းနဲ့ သင်္ဘောမောင်းနှင်တဲ့ အခန်းတွေကို အီလက်ထရွန်းနစ်စနစ်နဲ့ ဗဟိုက [illegible] ပိတ်ပစ်လိုက်ရင် အဲဒီ သံမဏိတံခါးတွေကို ဖောက်ထွင်းပြီး အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com

ဝင်ဖို့ အနည်းဆုံး ဆယ်နာရီလောက်တော့ ကြာလိမ့်မယ်။ အဲဒီ အချိန်ကျ ရင် အဲဒီသင်္ဘောဟာ နိုင်ငံတကာရေပိုင်နက်ထဲကို ပြန်ရောက်နေပြီ ဖြစ် တဲ့အတွက် နောက်တစ်နေ့ကျရင် သင်္ဘောဆယ်တဲ့လုပ်ငန်းကို ဆက်လုပ် ဖို့ အဆင်သင့် ပြန်ဖြစ်သွားတာပေါ့လေ"

"အဲဒီ သင်္ဘောက သင်္ဘောသားတွေ မပါဘဲ ပြန်မောင်းလာ တာလား"

"မဟုတ်ပါဘူး၊ အလင်းရောင် ပေါ်လာတာနဲ့ တစ်ပြိုင်နက် သင်္ဘောသားတွေကို လေယာဉ်ပျံနဲ့ ပို့ပေးလိုက်တယ်"

ဟန်းတားက ဖြေလိုက်ခြင်း ဖြစ်သည်။

"ဒီလိုလုပ်နိုင်တာက သိပ်ကို ကောင်းသွားတာပေါ့လေ၊ မာသာ အန်းက တံငါလှေတစ်စီး နစ်မြုပ်ပစ်လိုက်တာကို တွေ့ရအောင် ရဟတ် ယာဉ်က အချိန်မီ ရောက်သွားနိုင်ခဲ့တယ်။ သူတို့က တံငါလှေပေါ်က ပုဂ္ဂိုလ်ကို ငါးမန်းတွေက ကိုက်မသတ်ခင် လက်မတင်ကလေး ကယ်ဆယ် နိုင်ခဲ့ကြတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ကံဆိုးပြီး ငါးမန်းအကိုက်ခံရတော့မလို့"

"အခု မာသာအန်းက ဒီကိုပြန်လာနေပြီ ဆိုတော့ စတားဘတ်ခ် ကိစ္စက ဘယ်လိုလဲ"

"အဲဒီသင်္ဘောကို တို့စာရင်းထဲက ပယ်ဖျက်ပစ်လိုက်ပြီ"

ဟန်းတားက ခံစားမှု အလျှင်းမပါသော လေသံနှင့် ပြောလိုက် သည်။

"ပင်တဂွန်က အမိန့်ပေးလိုက်တာလေ။ ပူးတွဲကာကွယ်ရေး ဦးစီး ချုပ်တွေက ဒီကိစ္စမှာ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ကြတယ်။ စတား ဘတ်ခ်ထဲက ဒုံးပျံလက်နက်တွေ ပစ်လို့ခတ်လို့မရအောင် စတားဘတ်ခ် ကို အရင် ဖျက်ဆီးပစ်ပြီး နောက်မှ ပြန်ဆယ်ယူမယ်တဲ့"

"ခင်ဗျားက ဘယ်လို ဖျက်ဆီးပစ်မယ်လို့ စိတ်ကူးထားသလဲ"

"နက်ဖြန်နံနက် ၅း၀၀ နာရီကျရင် စစ်သင်္ဘော မော်နီတာက စတားဘတ်ခ်ကို မင်းတွေ့ခဲ့တဲ့ နေရာဆီကို ဟိုက်ပီရီရွန်ဒုံးပျံလက်နက် တစ်ခုနဲ့ ပစ်ခတ်လိုက်လိမ့်မယ်။ အဲဒီနောက်တော့ ပျက်စီးသွားတဲ့ စတား ဘတ်ခ်ရဲ့ အစအနလေးတွေကို ငါတို့က နောက်မှတစ်စစီ ပြန်ယူကြမယ်"

ပစ်က ခပ်တိုးတိုး ပြောလိုက်သည်။

"နှံ့ပြည်စုတ်ကို အမြောက်နဲ့ ပစ်တာမျိုးပေါ့"

"မင်း ပြောတာကို ငါလည်း သဘောတူတယ်။ ငါက အဲဒီနေရာကို ရေတပ်မတော်က အတော်ဆုံးရေငုပ်သမားတွေနဲ့ ပြန်သွားပြီး ရေငုပ် သင်္ဘောကို ပြန်ဆယ်လာခဲ့ဖို့ ငါ့စီမံချက်ကို တင်ပြခဲ့တယ်။ ဒါပေမယ့် ငါ့စီမံချက်ကို သူတို့က မဲအပြတ်အသတ်နဲ့ ပယ်ချခဲ့တယ်။ ပိုတိုမက်မြစ် တမ်းနယူးပေါ်က စစ်ဗိုလ်ကြီးတွေက နောက်မှ ဝမ်းနည်းရမှာထက် လုံခြုံမှု ရှိဖို့က ပိုအရေးကြီးတယ်လို့ ပြောကြတယ်။





တကယ်လို့ ဒဲလ်ဖိသာ ဒုံးပျံလက်နက်တွေ ပစ်ခတ်ရမယ့် အစီ အစဉ်ကို ကွန်ပျူတာထဲမှာ ပရိုဂရမ်လုပ်ပြီး ထည့်တတ်မယ်ဆိုရင် သူက တမ္ဘာပေါ်မှာရှိတဲ့ မြို့ကြီးတွေထဲက သုံးဆယ်ကို ပြားချပ်သွားအောင် ပစ်ခတ်နိုင်လိမ့်မယ် ဆိုပြီး ကြောက်လန့်နေကြတယ်"

"အဲဒါက သိပ်ကို လွယ်ကူတဲ့ကိစ္စပါဗျာ။ သူက လက်ရှိ ချိန်ရွယ် ထားတဲ့ ပစ်မှတ်တွေကို ပြန်ဖျက်ပြီးမှ ပရိုဂရမ်အသစ်ကို ထည့်လို့ရမှာပါ"

"သူက ဘယ်နေရာကို ပစ်လိမ့်မယ် ဆိုတာက အရေးမကြီးပါဘူး၊ စစ်ဦးစီးချုပ်တွေ လန့်နေကြတာက သူက ဘယ်လိုပစ်ရမယ်ဆိုတဲ့စနစ်ကို ခုအချိန်မှာ သိသွားလောက်ပြီလို့ တွေးပြီး ပူနေကြတာ"

"ကျုပ်ကတော့ အဲဒါကို သဘောမတူဘူး၊ တကယ်လို့ ဒဲလ်ဖီက ဒုံးပျံလက်နက်သုံးဆယ် သူ့လက်ထဲမှာ ရှိနေပါတယ်လို့ ဖွင့်မပြောဘဲ ခြောက်လတိတိ နေခဲ့တယ်။ သုံးစွဲမယ်လို့ ခြိမ်းခြောက်မှုလည်း မရှိခဲ့ဘူး ဆိုရင် သူက ဒုံးပျံပစ်တဲ့စနစ်ကို မသိသေးဘူး ဆိုတာ ကျုပ်အတွက်က တော့ သိပ်ကို ထင်ရှားပါတယ်"

"မင်းပြောတာ မှန်ချင် မှန်လိမ့်မယ်၊ ဒါပေမယ့် အဲဒါက ဘာကိုမှ ပြောင်းလဲသွားစေမှာ မဟုတ်ဘူး၊ ငါ့ကို အထက်က အမိန့်ပေးထားတယ်။ ငါက အဲဒီအမိန့်ကို လိုက်နာမယ်လို့ စိတ်ကူးထားတယ်"

ပစ်က ဟန်းတားအား ခပ်ကြာကြာ စိုက်ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ ဆရာသမားတွေက အက်ဒရင်နီတို ပြန်သေဆုံးသွားတဲ့ ကိစ္စကို သိကြသလား"

ဟန်းတားက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ငါ အဲဒီလို ကိုယ်ရေးကိုယ်တာကိစ္စနဲ့ အနှောအယှက်မခံပါဘူး"

"တကယ်လို့ အက်ဒရင်နီနဲ့ ဒဲလ်ဖီတို့ဟာ ကျွန်းပေါ်မှာရှိနေကြပြီး မနက်ဖြန် မိုးမလင်းခင် သူတို့ကို လိုက်ရှာလို့ တွေ့ခဲ့မယ် ဆိုရင်"

"ငါက မင်းရဲ့ စဉ်းစားပုံ စဉ်းစားနည်းကို သိပါတယ်၊ ဒဲလ်ဖီကိုသာ မိအောင် ဖမ်းလိုက်နိုင်ရင် ပြဿနာ ပြေလည်သွားပြီ။ မင်း ဇာတ်ညွှန်းက တော့ ကောင်းပါရဲ့။ ဒါပေမယ့် ကလို့ရမှာ မဟုတ်ဘူး။ ကံဆိုးချင်တော့ သူတို့ နှစ်ယောက်စလုံး ရေအောက်က တောင်ကုန်းကလေးဆီမှာ ရောက် နေကြပြီ"

"ခင်ဗျားက အဲဒီလို တထစ်ချ မပြောနိုင်သေးပါဘူးလေ"

"ငါ့တပည့်တွေက ဟာဝေယံကျွန်းတွေပေါ်မှာ ပုဂ္ဂလိကပိုင်အဖြစ် မှတ်ပုံတင်ထားတဲ့ ရှိရှိသမျှ လေယာဉ်ပျံတွေကို လိုက်လံ စစ်ဆေးခဲ့ကြ တယ်။ ငါတို့ရဲ့ မိတ်ဆွေကြီး ပစ်စက် သတ္တုကုမ္ပဏီက ဂျက်လေယာဉ်ပျံ တစ်စီး မှတ်ပုံတင်ထားတာကို တွေ့ရတယ်။ အဲဒီ လေယာဉ်ပျံဟာ သင်္ဘောဆိပ်ကို လုံခြုံရေးရဲဘော်တွေက ဝိုင်းပြီး ရှာကြတဲ့အချိန်မှာတော့ သိပ်ကိုနောက်ကျသွားပြီ၊ သက်သေတွေက အဲဒီလေယာဉ်ပျံဟာ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

နှစ်နာရီက ထွက်သွားပြီလို့ ပြောကြတယ်။ သူတို့က ခပ်ထွားထွား လူကြီးတစ်ယောက်နဲ့ ဆံပင်ခပ်နက်နက်နဲ့ မိန်းကလေးတစ်ယောက် လေယာဉ်ပျံပေါ် တက်သွားတာကို မြင်လိုက်ကြရတယ်တဲ့။ အဲဒီနောက်တော့ ငါတို့က ဖြိုပျက်တုထောက်လှမ်းရေးကတစ်ဆင့် အဲဒီလေယာဉ်ပျံကို ထောက်လှမ်းလို့ရခဲ့တယ်။ အဲဒီလေယာဉ်ပျံဟာ စတားဘတ်ခ်ရှိတဲ့နေရာကို ရောက်နေပြီ"

"ဒါဆိုရင် အက်ဒရင်နီဟာ သူနဲ့အတူ ပင်လယ်ရေအောက်ကတောင်ကုန်းကလေးမှာ ရှိနေပြီလို့ ယူဆရတော့မှာပေါ့"

ဟန်းတားက အဖြေအပေးဘဲ ခေါင်းညိတ်ပြလိုက်၏။

ပစ်သည် ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး ဟန်းတား၏စားပွဲရှေ့တွင် ဝင်ထိုင်လိုက်သည်။

"စကားဘတ်ခ်နဲ့ သူပတ်ပတ်လည်မှာရှိတဲ့ ရေအောက်တောင်ကုန်းကို ဖျက်ဆီးပစ်တဲ့ကိစ္စဟာ အင်မတန်ကြီးကျယ်တဲ့ အမှားတစ်ခုပဲ၊ ကျုပ်တို့က ဒဲလ်ဖိနဲ့ သူ့အနေအထားကို သိကြသေးတာ မဟုတ်ဘူး၊ ကမ္ဘာအရပ်ရပ်မှာ သူ့ရဲ့ အခြေစိုက်စခန်းတွေ ရှိချင် ရှိနေကြလိမ့်မယ်။ သူက အင်အားလွန် နိုင်ငံကြီးတစ်နိုင်ငံရဲ့ရုပ်သေးပုဂ္ဂိုလ်လား။ ရေငုပ်သင်္ဘောထဲက သင်္ဘောသားတွေဟာ အဲဒီနေရာမှာ သက်ရှိထင်ရှား ရှိနေကြသေးတယ် ဆိုရင်ကောဗျာ။ အဲဒီ နေရာကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်ရင် မဖြေနိုင်သေးတဲ့မေးခွန်းတွေ တသီတတန်းကြီး ကျန်ရစ်ခဲ့လိမ့်မယ်။ မိုင်ခုနစ်ထောင်ဝေးတဲ့နေရာက အစည်းအဝေးစားပွဲမှာ ထိုင်နေတဲ့ ပညာရှိတွေက အချက်အလက် ရှာပေးတဲ့ ဒေတာပရိုဆက်ဆာက ထွက်လာတဲ့ စာရွက်စုတ်ကလေးကို ကိုင်ရင်း ကျုပ်တို့ ဘာလုပ်ရမယ် ဆိုတာကို အာဏာရှင်ဆန်ဆန် ဆုံးဖြတ်နေချိန်မှာ ကျုပ်တို့က ဖုတ်ကောင်ကြီးတွေလို ဘာဖြစ်လို့ တစ်သဝေမတိမ်း နာခံရမယ်ဆိုတဲ့အကြောင်း ခင်ဗျားက ချက်နဲ့လက်နဲ့ အချက်တစ်ချက်လောက်ရှာပြီး ပြောပြစမ်းပါလားဗျာ။ တကယ်တော့ ကျုပ်တို့က . . ."

"ဒါဆိုရင် တော်လောက်ပြီ"

ဟန်းတား၏အသံက စူးရှသည်။ ဩဇာအာဏာသံပါသည်။

"ငါကတော့ ငါ့ကို ခိုင်းတဲ့အတိုင်းလုပ်တယ်၊ ဒီတော့ မင်းလည်း လုပ်ရမယ်"

"မလုပ်ဘူး၊ ကျုပ်ကတော့ လုပ်ကို မလုပ်ဘူး"

ပစ်၏အသံက တည်ငြိမ်သည်။ သို့သော် သံမဏိလို မာကျောခက်ထန်နေသည်။

"အင်မတန် ကြီးကျယ်တဲ့ အမှားကြီးတစ်ခုကို ကျူးလွန်နေကြတဲ့အချိန်မှာ တားမြစ်ဖို့ လုံးဝ မကြိုးစားဘဲနဲ့ ကျုပ်က အလကား ထိုင်မနေနိုင်ဘူး"

ရေတပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့သော နှစ်ပေါင်းသုံးဆယ်





ကာလအတွင်း လက်အောက်ငယ်သား တစ်ယောက်က သူ့အမိန့်အား ဖီဆန်သည့်ကိစ္စကို ဟန်းတားသည် တစ်ကြိမ်တစ်ခါမျှ မကြုံဘူးခဲ့ချေ။ သူက အာဏာဖီဆန်သည့်ကိစ္စအား မည်ကဲ့သို့တုံ့ပြန်ပြုမူရမည်ကို မသိဘဲ ဖြစ်နေသည်။

"မင်း ခေါင်းအေးသွားတဲ့အချိန်အထိ ငါက မင်းကို ဖမ်းချုပ်ထားနိုင်တယ်"

သူက အဲဒီလောက်ကိုသာ ပြောတတ်တော့သည်။

ပစ်က အေးစက်စက်မာကျောကျောနှင့် ပြန်ပြောလိုက်၏။

"ခင်ဗျား သဘောအတိုင်း စမ်းကြည့်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ပြောတာကသာ မှန်ပြီး ခင်ဗျားဘက်မှာ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိဘူး။ ကျုပ်တို့က မိုရန် ဒါမှမဟုတ် ဒဲလ်ဖီကို အပျောက် ရှင်းပစ်လိုက်မယ် ဆိုရင် ပြီးတော့မှ သင်္ဘောတစ်စီး နောက်ထပ် ပျောက်သွားဦးမယ် ဆိုရင် ဘာကြောင့်လဲ ဆိုတာကို ဝေခွဲလို့မရအောင် ဖြစ်လာကြလိမ့်မယ်။ နောင် နှစ်အနည်းငယ် အတွင်းမှာ သင်္ဘောတွေ ထပ်ပျောက်ကြဦးမယ် ဆိုရင်တော့ ကျုပ်တို့အားလုံး တစ်ကနေ ပြန်စရလိမ့်မယ်။ ကျုပ်တို့လုပ်တာ မှားခဲ့ပြီဆိုတဲ့ နောင်တတရားကို ရင်ဝယ်ပိုက်ပြီး ဆက်ရှာကြရလိမ့်မယ်"

ဟန်းတားသည် ပစ်အား အိပ်မက်ထဲက ပုဂ္ဂိုလ်တစ်ဦးပမာ ငေးစိုက်ကြည့်နေခဲ့မိသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်သာ ဆိုပါက သူတို့ယုံကြည်ချက်အတွက် အသက်ကိုပင် စွန့်ရဲသော၊ သူစွဲလမ်းနေသော တိုင်းပြည်တစ်ခုအတွက် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော လုပ်သက်များကိုပင် စွန့်လွှတ်ရန် ဝန်မလေးသော ပစ်၏နေရာ၌ ရောက်ရှိနေပေလိမ့်မည်။

သင်္ဘောတစ်စီးကို လက်လွှတ်၍ ဆုံးရှုံးခဲ့လိုက်ရသောကိစ္စသည် ရေတပ်မတော်စစ်တက္ကသိုလ်တွင် သူ တာဝန်ထမ်းဆောင်ခဲ့သော ပထမနေ့ကစ၍ ယနေ့အထိ အများက လက်ခံထားသော ရှေးရိုး အစဉ်အလာများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ သို့တိုင်အောင် သူသည် အထက်က ပေးအပ်သောအမိန့်ကို မည်သည့်အချိန်ကမျှ ငြင်းဆန်ခဲ့ခြင်း မရှိပါ။ တစ်ခါတစ်ရံတွင်မူ ငြင်းဆန်ရလျှင် ကောင်းလေစွ ဆိုသော စိတ်ထားမျိုး ဖြစ်ခဲ့ဖူးပါသည်။ ယခုကိစ္စတွင်မူ အောင်မြင်နိုင်သော အခွင့်အရေး ကလေး အနည်းအကျဉ်း ရှိနေပေသည်။

ထိုအချိန်တွင် ပစ်နှင့်ပတ်သက်၍ ရေတပ်ဗိုလ်ချုပ်ကြီး ဆန်ဒက်က ပြောခဲ့သောစကားကို သူ ပြန်၍ ကြားယောင်လာမိသည်။

'ဒီပုဂ္ဂိုလ်နှင့်သာဆိုလျှင် ဘာမဆို ဖြစ်နိုင်ပါသည်' တဲ့။

ဗိုလ်ချုပ်ကြီး ဟန်းတားသည် ကုလားထိုင်ပေါ်၌ အိပ်မက်မက် ပြင်ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့လေပြီ။ သူ့မျက်နှာပေါ်တွင် သိန္နိဌာန်ချထားသောပုံစံသည် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

"ကောင်းပြီ မေဂျာပစ်"

သူသည် လေတပ်မတော်မှ ပစ်၏ရာထူးအဆင့်ကို ပထမဦးဆုံးအကြိမ် စတင် သုံးစွဲလိုက်သည်။

"မင်းက အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းရဲ့ဆိုလိုချက်ကို တော်တော်ကလေး ထိထိရောက်ရောက် တင်ပြနိုင်ခဲ့တယ်။ မင်းပြောသလို လုပ်ခဲ့ရင်တော့ ဝါရှင်တန်မှာ တော်တော့်ကို ဆူဆူပူပူ ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် ငါတို့က အဲဒီကိစ္စကို နောက်ကျမှ စဉ်းစားကြမယ်။ မင်းစိတ်ထဲမှာ ဘယ်လိုစီမံချက်ပဲ ရှိရှိ အဲဒီ စီမံချက်ဟာ တကယ့်ကို ကောင်းဖို့တော့ လိုလိမ့်မယ်"

ပစ်က စိတ်သက်သာရာ ရရှိသွားသည်။

ပစ်က ပြောလိုက်၏။

"ကျုပ်တို့က ရေငုပ်သင်္ဘောနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ သင်္ဘောသားတွေကို စတားဘတ်ခ်ထဲ သွင်းပေးလိုက်ပြီး ဒဲလ်ဖီရဲ့ အသံလွှင့်စက်ကိုလည်း နံနက် ၀၅း၀၀ နာရီမတိုင်မီ ပျက်စီးသွားအောင်လုပ်ဖို့ မရင်းတပ်စုတစ်စုကို တာဝန်ပေးရလိမ့်မယ်"

"တကယ်လုပ်ရတာထက် ပြောရတာက ပိုပြီးလွယ်တာပေါ့ကွာ"

ဟန်းတားက ညည်းတွားလိုက်၏။

"ငါတို့အတွက် ဆယ့်ငါးနာရီလောက်တောင် အချိန်မရှိတော့ဘူး"

အတန်ငယ်ကြာအောင် ပစ် ငြိမ်ကုသွားသည်။

သူ့ထံမှ အသံပြန်ထွက်ပေါ်လာသောအခါ သူ့အသံသည် အေးစက်နေသလို သူ့မျက်နှာကလည်း ကြေးရုပ်ပမာ တင်းမာနေသည်။

"အဖြေတစ်ခုတော့ ရှိတယ်၊ ဒီကိစ္စကြောင့် အခွန်ထမ်းဆောင်ရတဲ့ပုဂ္ဂိုလ်တွေက နည်းနည်းပိုပြီးတော့ အကုန်အကျ ခံကြရလိမ့်မယ်၊ ဒါပေမယ့် အောင်မြင်ဖို့ကျတော့ သူက ပိုပြီး အခွင့်အရေးသာတယ်"

ပစ်က သူ့အစီအစဉ်ကို ရှင်းလင်းပြောပြ၍ ပြီးစီးသွားသောအခါ တန်းတားသည် စိတ်မသက်မသာနှင့် ကိုယ်ကိုလှုပ်လိုက်သည်။

ထိုကိစ္စသည် ရှုပ်သွေးသောလုပ်ငန်းဖြစ်ကြောင်း သိပါလျက်နှင့်၊ ပစ်က သူ့အား လုံးဝဥဿုံ ဖွင့်မပြောကြောင်း သိပါလျက်နှင့် ဟန်းတားက ထိုကိစ္စကို အင်တင်တင်နှင့် ခွင့်ပြုလိုက်လေတော့သည်။



(၁၄)

ဟောင်းနွမ်းနေပြီဖြစ်သော ဒေါက်ဂလပ်စီစီ - ၂၄ လေယာဉ်ပျံကြီးသည် ပြေးလမ်းတစ်ဖက်ရှိ ရောင်စုံခြယ်သထားသော လမ်းပြမီးလုံးများအကြားတွင် ထီးတည်းကြီး ရှိနေသည်။ အတောင်၊ ပန်ကာကြီးများနှင့် လေယာဉ်ကိုယ်ထည်ပိုင်းသည် စက်နှိုးထားသော စက်ခေါင်းကြီးလေးလုံးနှင့်အတူ စည်းချက်ဝါးချက်ညီညီ လှုပ်နေကြသည်။

ထို့နောက် အိုမင်းဟောင်းနွမ်းနေပြီ ဖြစ်သော လေယာဉ်ပျံကြီးသည် ရှေ့ဘက်သို့ စတင် ရွေ့လျားစပြုလေပြီ။

ထိုလေယာဉ်ပျံကြီးသည် စိတ်ညစ်စရာကောင်းအောင် နှေးကွေးလှစွာနှင့် ပြေးလမ်းပေါ်တွင် တဖြည်းဖြည်း အရှိန်ရစ ပြုလာသည်။ ပြေးလမ်းနံဘေးမှ လမ်းပြမီးလုံးများ၏ အလင်းရောင်များသည် ပြောင်လက်နေသော လေယာဉ်ကိုယ်ထည်နှင့် လေယာဉ်ပျံ ပြတင်းပေါက်မှန်များပေါ်တွင် မှိတ်တုတ်မှိတ်တုတ်နှင့် ရောင်ပြန်ဟပ်နေကြသည်။

နောက်ဆုံးတွင် လေယာဉ်ကြီးသည် ပြေးလမ်းပေါ်မှ ကြွတက်လာပြီးနောက် ဟိုနိုလူလူ၏ မီးရောင်များပေါ်၌ သိက္ခာရှိရှိ ဖြတ်သန်းပြီး ဒိုင်းမွန်းဟက်မီးတောင်ဟောင်းပေါ်မှ ကျော်ဖြတ်၍ ကုန်သည်လေများ တိုက်ခတ်နေသော မြောက်ဘက်စူးစူးသို့ ဦးတည် ပျံသန်းသွားတော့သည်။

မကြာမီ ပစ်သည် စက်ရှိန်မြင့်ကိရိယာလေးကို ပြန်လျှော့လိုက်ပြီးနောက် စက်သံကို နားထောင်ရင်း တစ်နာရီလည်ပတ်နှုန်းကို ပြသောဒိုင်ခွက်နှင့် အခြားဒိုင်ခွက်များကို လျှောက်ကြည့်လိုက်ပြီး ဆူဆူညံညံရှိလှသော ဤရှေးဟောင်းပစ္စည်းကြီးသည် သူ သွားလိုသည့်နေရာသို့ အရောက်ပို့ပေးနိုင်မည် ဖြစ်ကြောင်း ကျေနပ်မှု ရရှိသွားတော့သည်။

"ခင်ဗျားကို ကျုပ်မေးဖို့ စိတ်ကူးနေတာကြာပါပြီ၊ ခင်ဗျား လေယာဉ်တစ်စီးကို ရေထဲ ထိုးဆင်းဖူးလို့လား"

ထိုမေးခွန်းကို တွဲဖက်လေယာဉ်မှူးထိုင်ခုံတွင် ထိုင်နေသော အခင်



www.burmeseclassic.com

www.burmeseclassic.com


ပုပုနှင့် စည်ပိုင်းကဲ့သို့ လုံးဝိုင်းသောခန္ဓာကိုယ်ရှိသည့် ပုဂ္ဂိုလ်က မေးလိုက်ခြင်း ဖြစ်သည်။

ပစ်က ပြန်ဖြေလိုက်၏။

"သိပ်မကြာသေးခင်ကတော့ မလုပ်ခဲ့ဖူးသေးဘူး"

လိုင်းတွန့်များထနေသော အနက်ရောင် ဆံပင်ပိုင်ရှင်က လက်နှစ်ဖက်ကို ဟန်ပါပါမြှောက်ရင်း အကြီးအကျယ် စိတ်ဆင်းရဲသွားသော အမူအရာနှင့် ပြောလိုက်၏။

"အို ဘုရားသခင်၊ ကျွန်တော်သည် အဘယ်ကြောင့် ရှုံးရှုံးနှံမ်းနှံမ်း ဤဇာတ်လမ်းထဲတွင် ပါဝင်ကပြပါမည်ဟု ကိုယ့်ကိုယ်ကိုယ် ဇွတ်အတင်း ဆွဲသွင်းမိခဲ့ပါသနည်း"

သူက ပစ်ဘက်လှည့်၍ ရှုံ့မဲ့မဲ့ ပြုံးပြလိုက်သည်။

"ကျုပ်က သဘောထားကောင်းလွန်းတဲ့အတွက် ကျုပ်ကို လူတိုင်းက အနိုင်ကျင့်ကြတာနဲ့ တူတယ်"

ပစ်က လွှတ်ခနဲ ပြောချလိုက်၏။

"ငါ့ကို ဒီလို ပေါက်တတ်ကရတွေ လာမပြောနဲ့ကွာ၊ ငါက မင်းကို ဝလုံးတန်းကတည်းက စသိခဲ့တာပါကွ၊ မင်းကို လူတကာကခိုင်းပြီး အနိုင်ကျင့်တယ်ဆိုတဲ့နေ့မျိုးကို ရောက်မလာသေးပါဘူးကွာ"

အယ်လ်ဂျီအိုဒီနိုသည် သူ့ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီးနောက် မျက်စိပေါ်သို့ ကျနေသော ဆံပင်တစ်ခွေကို ဦးခေါင်းပေါ်သို့ ပြန်၍ ပင့်တင်လိုက်သည်။

"အဲဒါ အမှန်ပဲလား၊ ငါက ကျောင်းကပွဲမှာ ကောင်မလေးတစ်ယောက်နဲ့ အတူတူတွဲပြီး ကချင်လို့ သူနဲ့ရင်းနှီးသွားအောင် လမ်းဘေးမှာ လပေါင်းများစွာ ဝိုင်အိုလက်ပန်းတွေကို ရောင်းခဲ့ရတဲ့ အချိန်ကကောကွာ"

"အေးလေ၊ အဲဒါ ဘာဖြစ်သလဲ"

"ဘုရားသခင် ကယ်တော်မူပါ၊ အဲဒါ ဘာဖြစ်သလဲတဲ့"

သူက ပစ်၏အသံကိုတု၍ ပြောလိုက်၏။

"မင်းတော်တော် ယုတ်မာတဲ့ကောင်၊ ငါတို့ကျောင်းကပွဲကို ရောက်တဲ့အခါကျတော့ ငါ့မှာ ကာလသားရောဂါရှိတယ်လို့ မင်းက သူ့ကိုသွားပြောလိုက်တယ်လေ၊ ဒီတော့ အဲဒီမိန်းကလေးက တစ်ညနေလုံး ငါနဲ့ မတွဲတော့ပါဘူးလို့ ပြင်းပြင်းထန်ထန် ငြင်းဆန်တော့တာပဲ"

"အင်း - ဟုတ်ပြီ၊ ငါ ပြန်သတိရလာပြီ"

ပစ်က တဟားဟား ရယ်လိုက်၏။

"သူကလေးက သူ့ကို ငါကိုယ်တိုင် အိမ်ပြန်ပို့ပေးပါလို့တောင် မေတ္တာရပ်ခံခဲ့သေးတယ်"

ဒစ်သည် ဦးခေါင်းကို နောက်သို့လှန်လိုက်ပြီးနောက် မျက်စိကို မှိတ်ပြီး ပြန်စဉ်းစားလိုက်သည်။






"နူးနူးညံ့ညံ့ နွေးနွေးထွေးထွေးနဲ့ တော်တော့်ကို ချစ်ဖို့ကောင်းတဲ့ ကလေးမကလေးပဲကွာ၊ မင်းတို့နှစ်ယောက် အဆင်မပြေ ဖြစ်သွားရတာ တော်တော် ဆိုးသွားတယ်"

ဂျီအိုဒီနို၏ မျက်နှာပေါ်တွင် အံ့အားသင့်သော အမူအရာများက ဖြုန်းခနဲ ဖြစ်ပေါ်လာသည်။

"မင်းက ငါ့ကို ရယ်စရာ ဖြစ်အောင် လုပ်နေတာလား၊ အခု ငါက မင်းကြောင့် ပြန်လမ်းမရှိတဲ့ငရဲကို သွားနေရတယ်။ ပြီးတော့လည်း မင်းက နောက်ပြောင်နေတာကို အသားလွတ် ငုံခံနေရတယ်"

သူတို့နှစ်ယောက်စလုံးသည် တစ်ဦးဘက်သို့ တစ်ဦး လှည့်ကြည့်လိုက်ကြပြီးနောက် ပြုံးပြလိုက်ကြ၏။ ဒိုင်ခွက်များမှ ထွက်ပေါ်နေသော ခပ်မှိန်မှိန် အလင်းရောင်က သူတို့မျက်နှာပေါ်မှ အမူအရာများကို ပုံပျက်ပန်းပျက် ဖြစ်နေစေခဲ့သည်။

ပစ်နှင့် ဂျီအိုဒီနိုသည် သူတို့၏ဘဝတစ်လျှောက်လုံးတွင် အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည်။ သူတို့သည် ဟိုက်စကူးနှင့် ကောလိပ်ကျောင်းတို့မှ တစ်တန်းတည်း၊ တစ်ချိန်တည်း ပြိုင်တူ စာမေးပွဲအောင်ခဲ့သူများ ဖြစ်ကြသည်။ ဂျီအိုဒီနိုသည် အရပ်ပုသူ ဖြစ်သည်။ သူသည် ငါးပေလေးလက်မထက်ပို၍ မမြင့်သလို သူ့အသားအရေက ညို မှောင်သည်။ လိုင်းထပြီး နက်မှောင်နေသော သူ့ဆံပင်က အီတာလျံသွေး ပါကြောင်း သက်သေခံနေသည်။ သူတို့၏ ရုပ်ရည်သွင်ပြင်သည် လုံးဝ ဆန့်ကျင်နေကြသော်လည်း ပစ်နှင့် ဂျီအိုဒီနို၏စိတ်နေသဘောထားများ တစ်ဦးနှင့်တစ်ဦး သဟဇာတ ဖြစ်လွန်းလှသောကြောင့် ပစ်က ဂျီအိုဒီနို အား နူးမားတွင် လက်ထောက်စပါယ်ရှယ် ပရောဂျက် ဒါရိုက်တာအဖြစ် ခန့်ပေးရန် အတင်းအဓမ္မ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကပင် ဩချယူခဲ့ရသော သူတို့နှစ်ယောက်၏ သောင်းကျန်းမှုများမှာ နူးမားအဖွဲ့အစည်းတစ်ခုလုံးတွင် လူတိုင်း သိနေကြလေပြီ။

ဂျီအိုဒီနိုက ပြောလိုက်၏။

"ငါတို့က ဟစ်တယ်ဖီးလ်လေဆိပ်က တပ်မှူးရဲ့ကိုယ်ပိုင်လေယာဉ်ပျံကို ဖျက်ဆီးပစ်လိုက်တဲ့အကြောင်း သူ သိသွားရင် သူက နည်းနည်းလောက် ဒေါပွသွားစရာအကြောင်း မရှိပေဘူးလား"

"သူက ပြတိုက်မှာထားရမယ့် သူ့လေယာဉ်ပျံ ရေထဲကိုရောက်သွားတာနဲ့ တစ်ပြိုင်နက် ဂျက်လေယာဉ်အသစ်တစ်စီး ပေးပါလို့ အတင်းတောင်းဆိုမှာပါ"

ဂျီအိုဒီနိုက တောင့်တောင့်တတနှင့် သက်ပြင်းချလိုက်၏။

"အင်း - ငါကသာ လေယာဉ်တစ်စီးကို ကိုယ်ပိုင်ဝယ်ထားနိုင်မယ် ဆိုရင် ငါက နှစ်ယောက်အိပ်ခုတင်တစ်လုံးနဲ့ ယမကာတွေ အပြည့်တင် ထားတဲ့ ဘီ (၁၇) ဝေဟင်ခံတပ်ကြီးတစ်စီးကို ဝယ်ထားချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

ပစ်က ဝင်နှောက်လိုက်၏။

"အတောင်ပံပေါ်မှာ လေတပ်အမှတ်အသားတံဆိပ်ကို ဖျက်ပစ်ပြီး ပလေးဘွိုင်းမဂ္ဂဇင်းက ယုန်မလေးနှစ်ကောင်ရဲ့ ရုပ်ပုံနဲ့ အစားထိုးပြီး ရေးထားတာပေါ့ကွာ"

"မင်း သိပ်မဆိုးဘူး"

ဂျီအိုဒီနိုက အစွမ်းကုန် နောက်ပြောလိုက်သည်။

"မင်းပေးတဲ့အကြံ သိပ်ကောင်းတယ်၊ အဲဒီလို အကြံပေးတဲ့အတွက် မင်းကိုငါက တစ်ခါတလေကျရင် သက်သာသောနှုန်းထားနဲ့ လေယာဉ်ပျံငှားမယ်လေ"

ပစ် လက်မြှောက်သွားသည်။

ပစ်သည် လေယာဉ်မောင်းနှင်ခန်းအောက်ရှိ ဘေးဘက်ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဆန်ဖရန်စစ္စကိုသို့ ဦးတည် မောင်းနှင်နေသော ကုန်သင်္ဘောတစ်စီးမှ အလင်းရောင်ကို မြင်လိုက်ရသည်။

ပစ်သည် လှိုင်းလုံးဖြူကြီးများကို မမြင်ရချေ။ မည်းမှောင်နေသော သမုဒ္ဒရာကြီးသည် ပြန့်ပြန့်ပြူးပြူးနှင့် ငြိမ်သက်နေပုံရသည်။ ရေထဲသို့ ထိုးဆင်းရချိန်တွင် ငြိမ်သက်နေသော ပင်လယ်ရေပြင်သည် အကောင်းဆုံး ဖြစ်သည်။ သို့ရာတွင် အနံ့ အမြင့်ကို ခန့်မှန်းရာ၌ အခက်အခဲ ဖြစ်စေလိမ့်မည်။

ဂျီအိုဒီနိုက မေးလိုက်၏။

"မင်း သွားချင်တဲ့ ကစားကွင်းကိုရောက်ဖို့ ဘယ်လောက် လိုသေးလဲ"

ပစ်က ဖြေလိုက်သည်။

"နောက်ထပ် မိုင်ငါးရာ"

"မင်းက ဒီလေယာဉ်ပျံကြီးကို အခု မောင်းနှင်နေတဲ့နှုန်းနဲ့သာဆိုရင် ငါတို့ နှစ်နာရီ မကြာခင် အဲဒီကို ရောက်သွားလိမ့်မယ်"

ဂျီအိုဒီနိုသည် ခြေထောက်နှစ်ချောင်းကို ဒိုင်ခွက်များရှိသော စက်ခုံပေါ်သို့ တင်လိုက်၏။

"ငါတို့အခုံ ပေ သောင်းနှစ်ထောင်မှာ ပျံသန်းနေကြတယ်၊ မင်းက ဘယ်အချိန်လောက်ကျရင် စပြီး ဆင်းစေချင်သလဲ"

ပစ်က ဖြေလိုက်သည်။

"တစ်နာရီနဲ့ မိနစ်လေးဆယ်လောက်မှာပေါ့ကွာ၊ ရေထဲကို ဆင်းရမယ့်အချိန်မရောက်ခင် အထိ အောက်ကိုမဆင်းချင်ဘူး၊ ငါတို့လေယာဉ်ပျံကို အိမ်ရှေ့ဆင်ဝင်အောက်အထိ မရောက်ခင် တစ်ဖက်က ထောက်လှမ်းပြီး သိနှင့်သွားမှာကို စိုးရိမ်မိတယ်"

ဂျီအိုဒီနိုက ခပ်တိုးတိုး လေချွန်လိုက်၏။

"ငါတို့က ပထမအခေါက်မှာတင် အပိုင်ဆင်းလိုက်ရမယ်လို့ မင်းက ဆိုလိုတာပေါ့"





"ဒုတိယအကြိမ် အခွင့်အရေးဆိုတာမျိုး မရှိတော့ဘူးကွ"

ဂျီအိုဒီနိုသည် ရှေ့သို့ ငုံ့လိုက်ပြီးနောက် စက်ခလုတ်၏ အလယ်ကောင်မှ ခပ်ကြီးကြီး ဒိုင်ခွက်တစ်ခုကို လက်နှင့် ခေါက်ပြလိုက်သည်။

"ရေအောက်က အသံလွှင့်ပြီး အချက်ပြနေမယ့် ကိရိယာကသာ မှန်မှန်ကြီးမြည်နေတယ်ဆိုရင် ငါတို့ကလည်း အောင်အောင်မြင်မြင် ဆင်းနိုင်ပါလိမ့်မယ်"

ပစ်သည် အသံလွှင့် အချက်ပြနေသည့် နေရာသို့ ဦးတည်မည့် ကိရိယာကို တစ်ချက်ကြည့်ရင်း ဒိုင်ခွက်မှန်အဝိုင်း နောက်ဘက်မှ မြားတံကလေးသည် ရှိသင့်ရှိထိုက်သော အမှတ်အသားပေါ်သို့ ရွေ့လျား ရောက်ရှိသွားသည်အထိ လေယာဉ်ပျံလမ်းကြောင်းကို အလိုက်သင့် ပြင်ဆင်ပေးလိုက်သည်။

"ငါတို့က ပိုပြီး နီးလာလေလေ အချက်ပြတဲ့ အသံက ပိုပြီး အားကောင်းလာလေလေ ဖြစ်ရမယ်"

ဂျီအိုဒီနိုက တောင့်တောင့်တတ ပြောလိုက်၏။

"ငါတို့ကို အဲဒါနဲ့ ကိုက်ငါးရာအတွင်း ရောက်အောင်သာ ပို့ပေးစမ်းပါ၊ ဒါဆိုရင် ဆဲလ်မာဆန့်(ပ)က ကျန်တဲ့ခရီးကို လမ်းပြပြီး ခေါ်သွားပါလိမ့်မယ်"

ဂျီအိုဒီနိုသည် ကုလားထိုင်လက်ရန်းတွင် ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ထားသော ဘက်ထရီနှင့် မောင်းနှင်ရသည့် အပြာရောင် ရေလုံသံဘူးလေးကို ခေါင်းညိတ်ပြလိုက်သည်။ ထိုသံဗူးကလေးသည် ရေအောက်မှ အသံလွှင့်၍ အချက်ပြနေသည့်နေရာကို ရှာဖွေပေးမည့် ကိရိယာကလေးပင် ဖြစ်သည်။

ပစ်က မေးလိုက်၏။

"မင်းက ဆဲလ်မာကို စစ်ဆေးပြီးပြီလား"

"စစ်ဆေးပြီးပါပြီ၊ ကောင်းပါတယ်"

ဂျီအိုဒီနိုက စိတ်ရှည်လက်ရှည်နှင့် ပြန်ပြောလိုက်သည်။

"ငါပြောခဲ့သလိုပေါ့ကွာ။ ငါတို့ကို အချက်ပြနေတဲ့ ကိရိယာနဲ့ ကိုက်ငါးရာအတွင်းမှာသာ ရောက်အောင်ချပေး၊ ငါက တို့လူတွေကို စတားဘတ်ခ်ပေါ် ရောက်အောင် ပို့ပေးမယ်"

ပစ်က ယုံယုံကြည်ကြည်နှင့် ပြုံးပြလိုက်၏။

ဂျီအိုဒီနိုသည် အင်မတန် ပျင်းတတ်သူ ဖြစ်သော်လည်း လုပ်ကိုင်ရာတွင် အလွန် စေ့စပ်သေချာသူ ဖြစ်သည်။

ထို့ကြောင့် ပစ်သည် ဂျီအိုဒီနို၏ လုပ်ရပ်ကို အမြဲတစေ အံ့ဩယုံကြည်လေ့ ရှိသည်။ ပစ်က ဂျီအိုဒီနိုအား တိတ်တိတ်ဆိတ်ဆိတ် အကဲခတ်လိုက်ပြီး လေယာဉ်ပျံမောင်းနှင်သော လက်ကိုင်ဘီးပေါ်မှ လက်ကို ပြန်ယူလိုက်ချိန်တွင် ဂျီအိုဒီနိုက ခေါင်းညိတ်ပြီး ဆက်လက် တာဝန်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပစ်သည် လေယာဉ်မှူးထိုင်ခုံမှ တောင့်တောင့်တင်းတင်းနှင့် ထလိုက်ပြီး ခရီးသည်များ စီးနင်းလိုက်ပါလေ့ရှိသော လေယာဉ်ပျံကိုယ်ထည်ဆီသို့ လျှောက်သွားလေတော့သည်။

လေတပ်ဗိုလ်ချုပ်ကြီး၏ သားသားနားနားရှိလှသော လေယာဉ်ထိုင်ခုံများပေါ်တွင် လူပေါင်းနှစ်ဆယ် ထိုင်နေကြသည်။ ထိုလူနှစ်ဆယ်သည် ကမ္ဘာပေါ်တွင် သေရမည်ကို ထိတ်လန့်ခြင်း မရှိဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ပစ်က တွေးကြည့်လိုက်၏။ ထိုပုဂ္ဂိုလ်များသည် ဤအော်ပရေးရှင်းတွင် မိမိဆန္ဒအလျောက် လိုက်ပါလာကြသူများ ဖြစ်သည်။ သူတို့အားလုံးသည် ထွက်နေသောချွေးများ သွေ့ခြောက်သွားစေရန် ရာဘာနှင့် ပြုလုပ်ထားသော ရေစိုခံ ရေငုပ်ဝတ်စုံများမှ ဇစ်များကို ဆွဲချ၍ အကျီများကို ဟထားကြသည်။ သူတို့၏ နောက်ဘက်ကြမ်းပြင်ပေါ်တွင် ပုံစံမျိုးစုံနှင့် ထုပ်ပိုးထားသော ပစ္စည်းမျိုးစုံ ရှိနေသည်။ လေယာဉ်ပျံကိုယ်ထည်၏ နောက်ပိုင်းတွင် ဖိသိပ်လေဘူးများ တသီတတန်းကြီး ရှိနေသည်။ ထိုလေဘူးများအား လေယာဉ် ရေပြင်ပေါ်သို့ ဆင်းသက်ချိန်တွင် ကစဉ့်ကလျား ဖြစ်မသွားကြစေရန် စုစုစည်းစည်း ချည်နှောင်ထားသည်။

စကင်ဒီနေးဗန်းကျွန်းဆွယ်မှ လူမျိုးများ၏ ရုပ်ဆင်းသဏ္ဍာန်ရှိနေသော ရွှေရောင်ဆံပင်နှင့် ခပ်ရှင်ရှင်ပုဂ္ဂိုလ်က သူ့အနားသို့ ရောက်လာချိန်တွင် မော့ကြည့်လိုက်၏။ ပျော်စရာရွှင်စရာမကောင်းသော အချိန်မျိုးတွင် ထိုပုဂ္ဂိုလ်ကဲ့သို့ ဟက်ဟက်ပက်ပက်နေသော ပုဂ္ဂိုလ်မျိုးကို ပစ်သည် တစ်ခါမှ မမြင်ဖူးဘူးခဲ့ပါ။

"အင်မတန် ရှုးတဲ့ကိစ္စပဲဗျာ၊ တကယ့်ကို ရှုးသွပ်တဲ့ကိစ္စပဲ"

ဒုတိယဗိုလ်မှူးကြီး ဆင်မြူရယ်ကရိုးဟေဗင်သည် တကယ့်ကို မပျော်ရွှင်နိုင်သောပုဂ္ဂိုလ် ဖြစ်သည်တကား။

"ကျုပ်အတွက် တကယ့်ကို အလားအလာရှိနေတဲ့ ရေတပ်က အလုပ်ကို ကျုပ်က အကာလ ညအခါမှာ ရေထဲကိုခုန်ချပြီး လက်လွှတ်လိုက်ရတော့မယ်"

"သိပ်ပြီး အန္တရာယ်မရှိပါဘူးဗျာ၊ ခုကိစ္စက မော်တော်ကားတစ်စီးကို ကားဂိုဒေါင်ထဲ မောင်းသွင်းတဲ့အလုပ်နဲ့ သိပ်မထူးခြားပါဘူး"

ပစ်က စိတ်ချမ်းသာသွားအောင် ချော့ပြောလိုက်၏။

"ကျုပ်ကတော့ သိပ်ပြီး စိတ်မပူ . . ."

အမှန်တကယ် အံ့အားသင့်သွားပုံရသော ကရိုးဟေဗင်က မော့ကြည့်လိုက်၏၊

"ကားတစ်စီးကို ဂိုဒေါင်ထဲ မောင်းသွင်းသလို၊ ဟုတ်လား၊ ခင်ဗျား တော်တော်နောက်တတ်တဲ့လူပဲ"

"ဒီလေယာဉ်ကို ရေပေါ်ရောက်အောင် ဆင်းပေးဖို့က ကျုပ်တာဝန်ပါဗျာ၊ ကျုပ်သာ ခင်ဗျားဆိုရင် အဲဒီကိစ္စပြီးမှပဲ နောက်ကိစ္စကို စိတ်ပူတော့





မယ်"

ကရိုးဟေဗင်က စိတ်မချမ်းမသာနှင့် ပြန်ပြောလိုက်၏။

"ကျုပ်က ရေငုပ်သင်္ဘောပေါ်က အင်ဂျင်နီယာတစ်ယောက်ပါဗျာ၊ ကျုပ်က ကွန်မန်ဒိုတစ်ယောက်လို တိုက်ခိုက်တတ်တာ မဟုတ်ပါဘူး"

"ကျုပ်က ခင်ဗျားနဲ့ ခင်ဗျားလူစုကို ရေပေါ်ဆင်းတဲ့အချိန်မှာ မသေစေရအောင် တာဝန်ယူပါတယ်"

ပစ်က တည်ငြိမ်စွာ ပြောလိုက်၏။

"ပြီးတော့ ဂျီအိုဒီနိုက ခင်ဗျားကို စတားဘတ်ခ်ဆီ ရောက်အောင် ခေါ်သွားပါလိမ့်မယ်၊ အဲဒီနောက်ပိုင်းကျတော့ ဒီပွဲက ခင်ဗျားပွဲပေါ့ဗျာ"

"အဲဒီ ရေငုပ်သင်္ဘောထဲမှာ ရေမရှိဘူးဆိုတာ သေချာရဲ့လား"

"ကျုပ်က ထွက်လာတဲ့ အချိန်တုန်းကတော့ ရှေ့ပိုင်းမှာရှိတဲ့ တိုပီဒို အခန်းကလွဲရင် ဘယ်မှာမှ ရေမရှိပါဘူး"

"အဲဒီသင်္ဘောကို ဘယ်သူကမှ ဖျက်လိုဖျက်ဆီး ထပ်မလုပ်ထားရင် ကျုပ်က တိုပီဒိုခန်းကို ရေခြောက်သွားအောင် ရေစုပ်ပစ်ပြီးတော့ ရေငုပ်သင်္ဘောကို လေးနာရီအချိန်ပိုင်းအတွင်းမှာ မောင်းပြီး ယူလာနိုင်ပါလိမ့်မယ်"

"ကျုပ်တို့အစီအစဉ်အရ အဲဒါအတွက် လေးနာရီခွဲပဲ အချိန်ရတယ်ဒါဆိုရင် ခင်ဗျားအတွက် နာရီဝက်လောက်ပဲ အချိန်ပိုရလိမ့်မယ်"

"အချိန်ကလည်း သိပ်မများပါကလား"

"ခင်ဗျားအတွက် အဲဒါလောက်ပဲရမယ်"

ကရိုးဟေဗင်က သူ့ဦးခေါင်းကို ဝမ်းနည်းပန်းနည်း ခါယမ်းလိုက်၏။

"ခုကိစ္စကတော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တဲ့ကိစ္စပဲလေ"

"ရေငုပ်သင်္ဘောထဲရောက်အောင် တိုက်ခိုက်သတ်ပုတ်ပြီးမှ ဝင်လို့ရနိုင်လိမ့်မယ် ဆိုတာကိုရော ခင်ဗျား သဘောပေါက်ရဲ့လား"

"ကျုပ် ခုနက ပြောတဲ့အတိုင်း၊ ကျုပ်က ကွန်မန်ဒို မဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်က ဟိုသံမဏိမျက်လုံးပိုင်ရှင် လူသတ်သမားတွေကို စစ်ကူခေါ်လာတာပေါ့"

ပစ်သည် ကရိုးဟေဗင်က လက်မနှင့် ညွှန်ပြလိုက်သော လူငါးယောက်ဆီသို့ လှမ်းကြည့်လိုက်၏။

ထိုပုဂ္ဂိုလ်ငါးယောက်သည် ရေတပ်မတော်ရှိ အထူးလုံခြုံရေးတပ်ဖွဲ့ (Seals) မှ အဖွဲ့ဝင်များ ဖြစ်ကြသည်။ သူတို့ငါးယောက်သည် ဥပမိရုပ်အရုပ်လူကြမ်းများ ဖြစ်သည်ဟု ငြင်းရန် မလိုသူများပင် ဖြစ်သည်။ သူတို့ငါးယောက်သည် သီးသန့် စုစုဝေးဝေးထိုင်ရင်း သူတို့၏လက်နက်များကို တစ်ချိန်လုံး စစ်ဆေးနေကြသည်။ မဖြစ်မနေ ဆောင်ရွက်မည့် အသွင်သဏ္ဍာန်ရှိသူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ထွားကျိုင်းကြသည်။ စကားနည်းသည်။ မဖြစ်မနေ ဆောင်ရွက်မည့် အသွင်သဏ္ဍာန်ရှိသူများ ဖြစ်ကြသည်။ သူတို့သည် မြေပြင်ပေါ်တွင် လည်းကောင်း၊ ရေအောက်တွင် သော်လည်းကောင်း၊ ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် အထူးတလည် လေ့ကျင့်ထားသူများ ဖြစ်ကြသည်။

ပစ်က ကရိုးဟေဗင်ဘက်သို့ ပြန်လှည့်လိုက်၏။

"ကျန်တဲ့လူတွေကရော"

"သူတို့က ရေငုပ်သဘော်က ဝန်ထမ်းတွေပါ"

ကရိုးဟေဗင်က ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်၏။

"စတားဘတ်ခ်လို အရွယ်အစားမျိုးကို ကိုင်တွယ်ရမယ့် လူလောက်တော့ မများဘူး။ ဒါပေမယ့် ဓာတ်ပေါင်းဖိုတစ်လုံးကသာ အလုပ်လုပ်နေဦးမယ်ဆိုရင် အဲဒီလူတွေက စတားဘတ်ခ်ကို ပုလဲဆိပ်ကမ်းရောက်အောင် ပြန်မောင်းပြီး ယူလာနိုင်မယ့်လူတွေပဲ။ ဏကယ်လို့ ကျုပ်တို့က ဓာတ်ပေါင်းဖိုကို မီးမွှေးနေဦးမယ် ဆိုရင် အဲဒီသဘော်ကို အချိန်မီ မောင်းထွက်လာနိုင်မယ် မဟုတ်ဘူး"

ပစ်က စိတ်ချလက်ချ ပြောလိုက်၏။

"ဓာတ်ပေါင်းဖိုကို ဖွင့်ထားပြီးသားပါဗျာ"

ပစ်က ဣန္ဒြေဆည်လိုက်သည်။

အမှန်အတိုင်း ပြောရမည်ဆိုပါက ထိုဓာတ်ပေါင်းဖိုသည် အလုပ်လုပ်နေခြင်း ရှိ မရှိကိုပင် တပ်အပ်သေချာစွာ ပြောနိုင်ခြင်း မရှိပါ။ သူသည် နဖူးတွေ့ဒူးတွေ့ မတွေ့ခင် အချိန်အထိ ဘာကိုမှ တိတိကျကျ ပြောနိုင်လိမ့်မည် မဟုတ်ပါ။

"ဒါပေမယ့် ခင်ဗျားတို့က ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီဆိုရင်တော့ ဝ၄း၃၀ နာရီ မတိုင်ခင် ခင်ဗျားလူတွေကို ပြန်ထွက်ခိုင်းလိုက်တော့ဗျာ။ ကျုပ်ပြောတာကို နားလည်တယ် မဟုတ်လား"

"ကျုပ်က အာဇာနည် မဟုတ်ပါဘူး"

ကရိုးဟေဗင်က ခပ်ပျော့ပျော့လေသံနှင့် ပြောလိုက်သည်။

ပစ်က သူ့ပခုံးကို လက်နှင့် ပုတ်လိုက်ပြီးနောက် ပြန်လှည့်ပြီး လေယာဉ်ပျံမောင်းနှင်ခန်းဆီသို့ ပြန်လျှောက်သွားတော့သည်။

ရေတပ်ဗိုလ်ချုပ်ကြီး ဟန်းတားသည် လွန်ခဲ့သည့် တစ်နာရီအတွင်း သူ့လတ်ဝတ်နာရီကို အကြိမ်နှစ်ဆယ်မြောက်အထိ ကြည့်မိခဲ့သည်။

သူသည် စိတ်လှုပ်ရှားစွာနှင့် အဆက်မပြတ် ဖွာနေမိသော စီးကရက်ကို ပြာခွက်ထဲတွင် ထိုးခြေပစ်လိုက်ပြီးနောက် သူ့ကုလားထိုင်မှထ၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသော အော်ပရေးရှင်းခန်းကို ဖြတ်လျှောက်လာပြီး နံရံတစ်ခုလုံးပြည့်အောင် ချိတ်ထားသောမြေပုံကြီးကို စိုက်ကြည့်နေသည်။





သူက ကုလားထိုင်တစ်လုံး၏နောက်မှီပေါ်တွင် ခြေနှစ်ချောင်းကို တင်၍ ကျန်ကုလားထိုင်တစ်လုံးပေါ်တွင် ခွေခွေခေါက်ခေါက် ထိုင်နေသော ဒင်ဟာကို လှမ်းကြည့်လိုက်၏။

ဒင်ဟာ၏ ပေါ့ပေါ့ဆဆ နေထိုင်ပုံက ဗိုလ်ချုပ်ကြီး ဟန်းတားကို အရှုံးမလုပ်နိုင်ခဲ့ပါ။ ပစ်တို့၏လေယာဉ်ပျံက တိုးတက်မှုအခြေအနေကို အစီရင်ခံလိုက်ချိန်တွင် ဒင်ဟာသည် ချက်ချင်းလိုလို မတ်တတ်ရပ်ပြီးသား ဖြစ်သွားတော့သည်။

"ဖေဖေကြီး၊ အခုပြောနေတာ ချာတိတ်ပါ၊ ခင်ဗျား ကြားရပါသလား၊ အိုဗာ"

ပစ်၏အသံသည် ရေဒီယိုပေါ်တွင် တင်ထားသော အသံချဲ့စက်မှ ထွက်ပေါ်လာသည်။ ရေဒီယိုအော်ပရေတာက ပြန်အဖြေမပေးနိုင်ခင် ဟန်းတားနှင့် ဒင်ဟာတို့သည် ရေဒီယိုအော်ပရေတာပေါ်၌ ငုံ့ကြည့်နေကြလေပြီ။

"ချာတိတ်၊ ဖေဖေကြီးပါ၊ ပြောလေ၊ အိုဗာ"

"ပြိုင်ပွဲဝင်ဖို့ အသင့်ပြင်ဆင်ထားပြီးပါပြီ၊ ပန်းတိုင်ကို အရောက်သွားပါတော့မယ်၊ အိုဗာ"

ထိုစကားမှာ ပစ်သည် လေယာဉ်ပျံကို ရေမျက်နှာပြင်ပေါ်သို့ မဆင်းသက်မီ လှိုင်းလုံးကြီးများရှိနေသောအမြင့်အထိ လေယာဉ်ပျံကို ထိုးစိုက်၍ ဆင်းတော့မည် ဖြစ်ကြောင်း အကြောင်းကြားလိုက်ခြင်းပင် ဖြစ်သည်။

အော်ပရေတာက ပြန်ဖြေလိုက်၏။

"ဒိုင်းဆုကြီးက ပန်းဝင်လာမယ့်လူကို စောင့်နေပါတယ်၊ အိုဗာ"

"ဆုပေးတဲ့နေရာမှာ ထပ်တွေ့ကြသေးတာပေါ့၊ ဖေဖေကြီး"

စပီကာထဲမှ ထွက်ပေါ်နေသောအသံသည် တိုးလိုးတန်းလန်းနှင့် ရပ်သွားတော့သည်။

ဟန်းတားက မိုက်ကရိုဖုန်းကို ဆွဲယူလိုက်၏။

"ပြောစမ်း ချာတိတ်၊ ဖေဖေကြီး ဒီမှာရှိတယ်၊ အိုဗာ"

ခေတ္တမျှရပ်ဆိုင်းသွားသည်။ ထို့နောက် အသံအနေအထား အနည်းငယ် ပြောင်းလဲသွားသော်လည်း ပို၍ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။

"နည်းနည်း ပြတ်တောက်သွားတဲ့အတွက် ဝမ်းနည်းပါတယ် ဖေဖေကြီး၊ ဘာများ ညွှန်ကြားစရာ ရှိပါသလဲ၊ အိုဗာ"

ဟန်းတားနှင့် ဒင်ဟာတို့သည် ဆတ်ခနဲ မော့ကြည့်လိုက်မိကြ၏၊ သူတို့မျက်နှာများသည် ကြက်သေသေပြီး ဖြူဖွေးသွားကြသည်၊ သူတို့မှာ ယောက်စလုံး မတွေးသင့်သော အတွေးတစ်မျိုးတည်းကို တွေးလိုက်မိကြသည်။

"ညွှန်ကြားချက် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ဟန်းတားက ခပ်ဖြည်းဖြည်း ပြန်မေးလိုက်၏။
"မင်းက ညွှန်ကြားချက် တောင်းသလား"
"ဟုတ်ပါတယ် ကျေးဇူးပြုပြီး အဖြေပေးပါ"
စိတ်ညှို့ခံနေရသူတစ်ဦးပမာ ဟန်းတားသည် မိုက်ကရိုဖုန်းကို ပြန်ချလိုက်ပြီးနောက် အသံလွှင့်သော ခလုတ်ကို ပြန်ပိတ်လိုက်၏။
ဟန်းတားက စက်ရုပ်ဆန်ဆန် ပြောလိုက်သည်။
"သူတို့က ငါတို့ အသံလွှင့်နေတာကို အုပ်မိသွားပြီ"
ဒင်တာသည် သေနတ်အပစ်ခံရသူတစ်ဦးနှင့် တူနေသည်။
"အဲဒါ ပစ် အသံ မဟုတ်ဘူး"
သူက မယုံကြည်နိုင်ဟန်နှင့် ပြောလိုက်၏။
"ဒဲလ်ဖီရဲ့ အသံလွှင့်စက်က အသံလှိုင်းတွေဝင်ပြီး လွှမ်းမိုးလိုက်တာ ဖြစ်ရမယ်"
ဟန်းတားသည် ကုလားထိုင်ပေါ် သို့ ပျော့ခွေပြီး ကျသွားတော့သည်။
"ငါက ဒီလောက်လောက် ရှုပ်ထွေးတဲ့ စီမံချက်ကို ဘယ်တုံးကမှ သဘောတူခဲ့ဖို့ မကောင်းဘူး။ အခုဆိုရင် စတားဘတ်ခ်ထဲကို ဝင်သွားတာနဲ့တစ်ပြိုင်နက် ငါတို့နဲ့ ဘယ်နည်းနဲ့မှ ဆက်သွယ်နိုင်တော့မှာ မဟုတ်ဘူး"
ဒင်တာက ပြောလိုက်သည်။
"သူက လျှို့ဝှက် သင်္ကေတစနစ်နဲ့ ဆက်သွယ်ရေး ကွန်ပျူတာက တစ်ဆင့် ဆက်သွယ်နိုင်သားပဲ"
"မင်း မေ့သွားပြီလား"
ဟန်းတားက စိတ်တိုတိုနှင့် ပြောလိုက်၏။
"စတားဘတ်ခ်ကို ရေချပြီး စမ်းမယ့်အချိန် ဆက်သွယ်ရေးကွန်ပျူတာတွေကို အချိန်မီ မတပ်ပေးနိုင်သေးဘူးလေ၊ ရေဒီယိုကလည်း ပုံမှန်ဖရီကွင်စီတွေကသာ အသံလွှင့်လို့ ရတယ်။ မရိန်းတပ်သားတွေက ဒဲလ်ဖီရဲ့အသံလွှင့်စက်ကို ဝင်ပြီး မထိန်းနိုင်သေးခင် သူလွှင့်သမျှ သတင်းကို ဒဲလ်ဖီရဲ့ အသံလွှင့်စက်က ဖမ်းယူထားလိမ့်မယ်။ တကယ်လို့ ဒဲလ်ဖီက ငါတို့အစီအစဉ်ကို အခုအချိန်မှာ ရေရေရာရာ မသိရသေးသည့်တိုင်အောင် ကရိုပေးဗင်က စပြီး အသံလွှင့်တဲ့အချိန်ကစပြီး သိသွားကြလိမ့်မယ်၊ ဒီတော့ သူက စတားဘတ်ခ်ကို ဝင်တိုက်ချင်လည်း တိုက်မယ်၊ ဒါမှမဟုတ် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားအောင် ဖောက်ခွဲပစ်ချင်လည်း ပစ်လိမ့်မယ်"
ဟန်းတား၏ အသံသည် စကားလုံးများကို ခွဲခြား၍ရသည်ဟု ဆိုနိုင်ရုံအထိ တိုးတိုးလေး ဖြစ်သွားသည်။
"သူတို့ကို ဘုရားသခင်က စောင်မတော်မူပါစေ"
ဟန်းတားက တိုးတိုးကလေး ပြောလိုက်၏။
"အခုအချိန်မှာ သူတို့ကို ဘုရားသခင်ကပဲ ကယ်နိုင်တော့မယ်"





ပစ်သည် နားကြပ်ကိုဆွဲဖြုတ်ပစ်လိုက်ပြီးနောက် လေယာဉ်ပျံမောင်းနှင်ခန်းထဲမှ ကြမ်းပြင်ပေါ် သို့ လွှင့်ပစ်လိုက်သည်။
"အဲဒီအကောင်က ငါတို့ကို အဆက်အသွယ် ဖြတ်ပစ်လိုက်ပြီ"
သူက ခပ်ဆတ်ဆတ်ပြောလိုက်၏။
"တကယ်လို့ ဒဲလ်ဖီက ငါတို့လုပ်ရမယ့်အလုပ်ကို တွေးမိသွားခဲ့ရင် ငါတို့ကို ကောင်းကောင်းကြီး ထောင်ချောက်ဆင်ထားမှာပဲ"
"ငါ့ဆီမှာ မင်းလို သူငယ်ချင်းမျိုး ရှိနေသေးပါကလားလို့ တွေးမိတဲ့အတွက် ငါကတော့ တအားတက်မိတယ်ကွာ"
ဂျီအိုဒီနိုက ငေါ့တော့တော့ လှောင်တောင်တောင် အပြုံးကလေးနှင့် ပြောလိုက်၏။
"မင်းက ကံကောင်းပါတယ်"
ပစ်က ခပ်တည်တည်နှင့် ပြန်ပြောလိုက်ခြင်း ဖြစ်သည်။
"ဗိုလ်ချုပ်ကြီးဟန်းတားကတော့ ငါတို့က ဒီလုပ်ငန်းကို လက်လျှော့ပါစေလို့ ဆုတောင်းနေလိမ့်မယ်ထင်တယ်"
"ဒီလို ဘယ်ရမလဲ"
ဂျီအိုဒီနိုက လေးနက်တည်ကြည်စွာ ပြောလိုက်၏။
"မင်းတို့အားလုံးက ရွှေဝါရောင်မျက်လုံးပိုင်ရှင် လူပြက်ကြီးကို သိပ်အထင်ကြီးနေကြတာကိုး။ တကယ်တော့ သူက သူ့နယ်မြေထဲကို ကမ္ဘာကျော် ရေငုပ်သင်္ဘောသူ့ခိုးနှစ်ယောက် ဝင်လာတယ်ဆိုတာ သူမသိလိုက်ခင် တို့က အထဲကိုဝင်ပြီး ပြန်ထွက်လာနိုင်လိမ့်မယ် ဆိုတာ ငါက အရှုတ်သေတ္တာကြေး လောင်းလိုက်ချင်တယ်"
"မင်းက စိန်ခေါ်တော့လည်း လောင်းရတာပေါ့ကွာ"
"အမှန်တရားကို မြင်စမ်းပါကွ"
ဂျီအိုဒီနိုက မောက်မောက်မာမာ ပြောလိုက်၏။
"စိတ်နေစိတ်ထား မှန်ကန်တဲ့ ဘယ်လိုလူစားမျိုးမဆို အဲ့ကာလ ညအခါမှာ လေယာဉ်ပျံကြီး တစ်စင်းလုံးကို သူ့သဘောနဲ့သူ ပင်လယ်ထဲကို ထိုးဆင်းကြမှာ မဟုတ်ဘူး၊ အဲလေ - မင်းကလွဲရင်ပေါ့ကွာ။ ဒီဒဲလ်ဖီဆိုတဲ့ ပုဂ္ဂိုလ်ကြီးကတော့ ငါတို့ဟာ ထောက်လှမ်းရေး ခရီးစဉ်အတွက် ဒီအပေါ်ကဖြတ်ပြီး ပျံသန်းနေတယ်လို့ပဲ ထင်သွားမှာပါ။ သူက အလင်းရောင် ပေါ်မလာသေးခင် ဘာကိုမှ သံသယဖြစ်မှာ မဟုတ်ဘူး"
"မင်းက အဲဒီလို အကောင်းဘက်ကို လှည့်ပြီး တွေးတတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"
"မေမေကတော့ ငါ့ကို စကားပြော သိပ်ကောင်းတယ်လို့ ချီးမွမ်းလေ့ရှိတယ်"
"ငါတို့ရဲ့ ခရီးသည်တွေကရော"
"ဘယ်သူကမှ သူတို့ကို တောင်းတောင်းပန်ပန်နဲ့ [illegible]


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ သူတို့က ခုချိန်လောက်ကျရင် လေယာဉ်ပျံနောက်ပိုင်းမှာ နာရေးကြော်ငြာစာသားတွေကိုတောင် ရေးချင် ရေးနေကြမှာ၊ ဒီတော့ သူတို့ စိတ်မချမ်းမသာဖြစ်သွားအောင် ဘာဖြစ်လို့ လုပ်ရမှာလဲ"

"ကောင်းပြီလေ၊ ခုအတိုင်းပဲ ထားလိုက်ပါတော့ကွာ"

သူသည် စက်ခလုတ်ခုံဆီသို့ လက်လှမ်းလိုက်ပြီး အမြင့်ပြ ကိရိယာကို လက်နှင့် ခေါက်လိုက်၏။ သေးကွေးလှသော အဖြူရောင်မြားကလေးသည် အောက်ဘက်နား၌ ကပ်နေလေပြီ။

ပစ်က လေယာဉ်ပျံဆင်းသက်ချိန်တွင် ဖွင့်ထားရသော မီးလုံးများကို ဖွင့်လိုက်၏။ လေယာဉ်ပျံ၏အရှိန်နှုန်းတို့ကိုပြသော ကိရိယာသည် မိုင် (၂၇၀)၌ တန်းနေချိန်တွင် ပစ်သည် လေယာဉ်ပျံကိုယ်ထည် အောက်ဘက်မှ ရေများကို လှမ်းကြည့်လိုက်သည်။

ထို့နောက် ဒုတိယနားကြပ်တစ်ခုကို ခေါင်းပေါ်တွင် တင်လိုက်ပြီး အတန်ငယ်ကြာအောင် စူးစူးစိုက်စိုက် နားထောင်လိုက်၏။

ပစ်က ပြောလိုက်သည်။

"ရေအောက်က အချက်ပြနေတဲ့ အသံလှိုင်းတွေဟာ အားအကောင်းဆုံးအဆင့်နားကို နီးကပ်လာပြီ။ ငါတို့က ရေပေါ်ကို မဆင်းခင် နောက်ဆုံးအကြိမ် စစ်ဆေးဖို့ ကောင်းတယ်"

ဂျိုအိုဒီနိုသည် ပျင်းပျင်းရိရိနှင့် သက်ပြင်းချလိုက်ပြီးနောက် ထိုင်ခုံခါးပတ်ကို ဖြုတ်လိုက်ပြီး အင်ဂျင်နီယာ၏ စက်ခလုတ်ခုံဆီသို့ သွား၍ စစ်ဆေးရမည့် စာရင်းစာရွက်ကို ပစ်ထံသို့ လှမ်းပေးလိုက်သည်။

"ငါ့ကို ဖတ်ပြစမ်း"

ပစ်က အမှတ်စဉ် တပ်ထားသော အချက်အလက်များကို တစ်ခုချင်း ဖတ်ပြနေစဉ် ဂျိုအိုဒီနိုက စစ်ဆေးပြီး ပြန်ဖြေသည်။ နောက်ဆုံးတွင်၊ အချက်အလက် အားလုံးကို စစ်ဆေး၍ ပြီးစီးသွားတော့သည်။

"ဒါပဲပေါ့"

ပစ်က ပြောလိုက်ပြီးနောက် စစ်ဆေးရန် အချက်အလက်များပါသောကတ်ပြားကို ပခုံးပေါ်မှ ကျော်၍ ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်၊

"အဲဒီ ကတ်ပြားကို ဘယ်သူကမှ ထပ် အသုံးလိုတော့မှာ မဟုတ်ဘူး"

ဂျိုအိုဒီနိုသည် စက်ခလုတ်များဆီသို့ ငုံ့လိုက်ပြီးနောက် လက်ညှိုးထိုးပြလိုက်၏၊

"ရှေ့တည့်တည့် မိုးကုပ်စက်ဝိုင်းဆီက ကြယ်တာရာတွေက တဖြည်းဖြည်းနဲ့ မှေးမှိန်ကုန်ပြီ"

ပစ်သည် နားကြပ်ထဲမှ ကြားနေသောအသံများကို အာရုံစိုက်နေသောကြောင့် ဂျိုအိုဒီနိုက ကျယ်လောင်စွာ ပြောလိုက်၏။

ပစ်က ခေါင်းညိတ်လိုက်သည်။





"နှင်းမြူထုလေ"

များမကြာမီ သူတို့သည် မိုးကုပ်စက်ဝိုင်းဆီ၌ အစက်အပြောက်အစွန်းအထင်းကလေးပမာ ဖြစ်နေသောနှင်းမြူထုကို ခွဲခြားနိုင်စွမ်း ရှိလာတော့သည်။ မိုင်နှုန်းပြကိရိယာက မိုင် (၁၂၀) တွင် ပြနေသည်အထိ ပစ်က စက်ရှိန်မြင့်ကိရိယာကို လျှော့ချလိုက်၏။

"ဒါ တို့အတွက် အချိန်ကောင်းပဲ"

ပစ်က ခပ်တိုးတိုး ပြောလိုက်သည်။

ပစ်က ဂျိုအိုဒီနို၏ နက်မှောင်သောမျက်လုံးထဲသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ ဂျိုအိုဒီနို၏မျက်နှာသည် ပြုံးမနေသော်လည်း တည်တည်ငြိမ်ငြိမ်နှင့် သောက မရှိကြောင်း တွေ့လိုက်ရသည်၊ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရချိန်တွင် အချို့သောပုဂ္ဂိုလ်များအား လက်ကိုဆွဲ၍ အတင်းအဓမ္မ ခေါ်ယူသွားရတတ်သလို၊ အချို့သောပုဂ္ဂိုလ်များကမူ အားပေးစကား ပြောကြား၍လည်း ,မရ၊ အမိန့်ပေး၍လည်း မရဘဲ တုန်လှုပ်ချောက်ချားမှုကြောင့် ကြက်သေသေ၍ နေတတ်ကြသည်။

ဂျိုအိုဒီနိုသည် ထိုကဲ့သို့သော လူစားမျိုး မဟုတ်ပါ။ သူနှင့် ပစ်သည် အလွန် တိကျသော နာရီပင်နယံများပမာ တစ်ဦး၏လှုပ်ရှားမှုနှင့် တစ်ဦး၏သဘောကို ကျန်တစ်ဦးက အလိုလိုသိ၍ တက်ညီလက်ညီ လှုပ်ရှားတတ်သောအတွဲပင် ဖြစ်နေပသည်။

ပစ်က ပြောလိုက်၏။

"ဖလက်ပ်ကို ဒီဂရီ (၁၀၀) အထိ ချလိုက်ဝါ၊ အဲဒီနောက်တော့ ကေဗင်ခန်းထဲသွားပြီး အခြား ပုဂ္ဂိုလ်တွေနဲ့ အတူတူ နေပေတော့"

ဂျိုအိုဒီနိုသည် ဖလက်ပ်ကို ဒီဂရီ (၁၀၀) ချလိုက်ပြီးနောက်-

"သွားတော့မယ် သူငယ်ချင်း" ဟု နှုတ်ဆက်ပြီး နောက်ဘက်ရှိ ကေဗင်ထဲသို့ ဝင်သွားတော့သည်။

ကန့်လန့်ဖြတ်၍ တိုက်ခတ်နေသော လေကြောင်းတစ်ခု ရှိနေသောကြောင့် ပစ်က ရွေ့လျားသွားသောဒီဂရီကို ပြန်ထိန်းနိုင်အောင် လေယာဉ်ပျံကို ခပ်စောင်းစောင်း မောင်းနှင်နေသည်။

ထိုလေယာဉ်ပျံကြီးသည် အောက်ဘက်သို့ အနည်းငယ် ရောက်ရှိလာချိန်တွင် ပစ်သည် လေယာဉ်ပျံအောက်ဘက်၌ ထွန်းထားသော မီးရောင်များကြောင့် လှိုင်းလုံးကြီးများ၏အမြင့်ကို ထင်ရှားစွာ မြင်နိုင်စွမ်း ရှိလာသည်။

သူက လေယာဉ်ပျံကြီးကို ရေပြင်ပေါ်တွင် မီးရောင်တစ်ကွက်မျှ မထွက်စေဘဲနှင့် ဆင်းနိုင်ပါစေဟု ဆုတောင်းလိုက်၏။

သို့သော် ထိုကဲ့သို့ ဆင်းသက်ရန် လုံးဝ မဖြစ်နိုင်ပါ။

ပစ်သည် -

'မရောက်သေးဘူး၊ မရောက်သေးဘူး' ဟု စိတ်ထဲက တဖွဖွ ရွတ်


www.burmeseclassic.com

www.burmeseclassic.com

နေသည်။

နောက်ထပ် သုံးမိုင် လိုသေးသည်။

အချက်ပြနေသော ကိရိယာပေါ်၌ တည့်တည့် ဆင်းသက်နိုင်ရန် အတိအကျ အချိန်ကိုက်နိုင်ဖို့ လိုအပ်သည့်အပြင် လေယာဉ်ပျံကြီးသည် သတ်မှတ်ထားသော ဧရိယာထဲသို့ အရှိန်နှင့် ဝင်သွားနိုင်သော အနေအထားတွင် ရှိနေပေသေးသည်။ လေယာဉ်ပျံ၏အရှိန်သည် (၁၅၀) မိုင်အထိ လျော့ကျသွားလေပြီ။

"တောင့်ထားစမ်းပါ ကလေးရယ်၊ ခုချိန်ကျမှ ငါ့ကို ဒုက္ခမပေးပါနဲ့"

သူ့နှုတ်ခမ်းများက လှုပ်ရှားသွားသော်လည်း သူ့နားက ကြားနိုင်စွမ်း မရှိပါ။

ပစ်က အတောင်ပံများကို ရေပြင်နှင့် တညီတည်း ဖြစ်နေအောင် အထူးတလည် အာရုံစိုက်နေရသည်။ အကယ်၍ အတောင်ပံထိပ်ဖျား တစ်ဖက်သည် လှိုင်းလုံးကြီးတစ်ခု၏ ထိပ်ဖျားနှင့် ဝင်တိုးမိမည် ဆိုပါက လေယာဉ်ပျံကြီးသည် လေရဟတ်ကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပေလိမ့်မည်။

ပစ်က လေယာဉ်ပျံကြီးကို အောက်သို့ ဖြည်းညင်းစွာ ချလိုက်၏။ သူက လေယာဉ်ပျံနှင့် ရေပြင် ထိတွေ့ရာတွင် အရှိန် သိပ်မပြင်းစေရန် လှိုင်းလုံးကြီးတစ်ခု၏ အောက်ဘက်သို့ ဆင်ခြေလျှောအတိုင်း လှိုင်းစီး၍ ဆင်းသွားနိုင်အောင် ကြိုးစားလိုက်သည်။

ပထမဦးဆုံးအကြိမ် ရေပြင်နှင့် ရိုက်ခတ်မိချိန်တွင် ပန်ကာလေးလုံးက ရေမှုန်ရေမွှားများ ပေါ်ထွက်လာအောင် ရိုက်ထုလိုက်ကြသလို မြူနှင်းထုကလည်း လေယာဉ်ပျံမောင်းနှင်ခန်းမှ လေကာမှန်များကို ဖုံးအုပ်သွားစေတော့သည်။

လေယာဉ်ပျံနှင့် ရေပြင် ထိတွေ့မိသောအသံသည် မိုးချုန်းသံနှင့်တူသည်။ သို့သော် မိုးချုန်းသံထက် ပို၍ ကျယ်လောင်ပါသည်။

ပစ်၏နောက်ဘက်တွင် ချိတ်ထားသော မီးသတ်ဘူးတစ်ဘူးသည် ချိတ်မှ လွင့်ထွက်လာပြီး ပစ်၏ပခုံးပေါ်မှကျော်၍ ဒိုင်ခွက်များရှိနေသော စက်ခလုတ်ခုံကို သွားရောက် ထိမှန်တော့သည်။

လေယာဉ်ပျံကြီးသည် ရေပြင်ပေါ်၌ ရပ်၍ ဆက်တိုက် ထိမှန်သွားအောင် ကျောက်ခဲတစ်လုံးပမာ လေယာဉ်ပျံကြီး၏ဝမ်းဗိုက်သည် ရေပြင်နှင့် ဒုတိယအကြိမ် ရိုက်ခတ်မိချိန်တွင် ပစ်သည် သတိလစ်သွားရာမှ နိုး၍ သတိရလာချိန် ဖြစ်သည်။

ထို့နောက် လေယာဉ်ပျံကြီး၏ ဦးခေါင်းသည် လှိုင်းလုံးကြီးတစ်ခုအတွင်းသို့ တိုးဝင်သွားတော့ရာ လှိုင်းလုံးကြီး၏အလယ်တွင် ဖြုန်းခနဲ ရပ်တန့်သွားလေတော့သည်။

ပစ်သည် ရေတစက်စက် စီးကျနေသော ရှေ့လေကာမှန်မှတစ်ဆင့်





နှင်းမြူထုကို အူကြောင်ကြောင် စိုက်ကြည့်နေသည်။

လေယာဉ်ပျံကြီးအား ရေချသောလုပ်ငန်းကို ဆောင်ရွက်၍ ပြီးစီးခဲ့လေပြီ။

သူက လေယာဉ်ပျံကြီးအား မပျက်စီးစေဘဲနှင့် ရေပြင်ပေါ်သို့ ချောချောမောမော ဆင်းသက်နိုင်ခဲ့သည်။ ဤလေယာဉ်ပျံကြီး၏ ဝမ်းဗိုက်သည် ရေပြင်နှင့်ထိတွေ့ရာတွင် မည်မျှလောက် ပျက်စီးသွားသည် ဆိုသောအချက်ပေါ်တွင် မူတည်၍ ဤလေယာဉ်ပျံကြီးသည် မိနစ်ပိုင်း သို့မဟုတ် နှစ်ရက် သုံးရက် ဆက်၍ ရေပေါ်တွင် ပေါ်နေမည် ဖြစ်သည်။

လေယာဉ်ပျံပေါ်မှ ဘက်ထရီအိုးများသည် ရေပြင်နှင့် ဝင်ဆောင့်မိသည့်ဒဏ်ကို ခံနိုင်ကြသောကြောင့် လေယာဉ်ပျံ အတွင်းပိုင်းအား ခပ်ဖျော့ဖျော့ လင်းနေစေသည်ကို တွေ့ရသဖြင့် ပစ်သည် ကျေနပ်အားရစွာ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်မိသည်။

သူက ဘက်ထရီအိုးများကို အားကုန် မသွားစေရန် အင်ဂျင်စက်နှိုးသောခလုတ်နှင့် ပြေးလမ်းဆင်း မီးခလုတ်တို့ကို ပိတ်လိုက်ပြီးနောက် ထိုင်ခုံမှ ခါးပတ်ကို ဆွဲဖြုတ်လိုက်ပြီး တံခါးပေါက်မှတစ်ဆင့် ပင်မကေဗင်ခန်းထဲသို့ ပြေးဝင်သွားတော့သည်။

ယခုအချိန်တွင် သူသည် ယခင်ကထက် ပို၍ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိနေသူများအား တွေ့မြင်နေရသည်။

သူ့ကျောကုန်းကို ကရိုးဟောဗင်က လက်နှင့် ပုတ်လိုက်၏။ သို့နောက် ကျန်ပုဂ္ဂိုလ်များကလည်း လေချွန်သူက ချွန်၍ လက်ခုပ်တီးသူက တီးပြီး သူ့ကို ချီးကျူးလိုက်ကြသည်။

ဖျံ့များ(SEALS)ဟု နာမည်ပေးထားသော လုံခြုံရေးကွန်မန်ဒိုများကမူ လေယာဉ်ပျံပေါ်မှ ထွက်ပေါက်တံခါးကို ဖွင့်လိုက်ကြပြီးနောက် မိမိတို့၏ လက်နက်ကိရိယာများကို အဆင်သင့်ဖြစ်အောင် စစ်ဆေး၍ ပြီးစီးသွားကြလေပြီ။

"သိပ်ကောင်းတယ် ဒတ်ခ်ရေ"

ဂျိုအိုဒီနီက အားရပါးရ ပြုံးလိုက်၏။

"ငါသာဆိုရင် မင်းထက် ပိုကောင်းအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

"မင်းက ပြောတယ် ဆိုတော့လည်း တကယ့်ကို အဆင့်အတန်းမြင့်တဲ့ ချီးကျူးစကားလို့ ယူဆရတော့မှာပေါ့ကွာ"

ပစ်သည် ရေငုပ်ဝတ်စုံကို ကပျာကယာ ဝတ်ဆင်လိုက်ပြီးနောက် လေဘူးတစ်ဘူးကို ကျောကုန်းပေါ်တွင်တင်ရင်း ရေကာမှန်ကို နေသားတကျ ဖြစ်အောင် ပြုပြင်လိုက်သည်။

ကရိုးဟောဗင်က မေးလိုက်၏။

"ဒီလေယာဉ်ပျံက ဘယ်လောက်ကြာအောင် ရေပေါ်မှာ နေမှာလဲ"

"ကျုပ်က လေယာဉ်ပျံရဲ့ အောက်ဘက်ကို ဆင်းကြည့်ခဲ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ပစ်၏ ကျောကုန်းပေါ်မှ လေဘူးကို စစ်ဆေးနေသော ဂျီအိုဒီနိုက ဝင်ပြောလိုက်၏။

"ရေနည်းနည်းစိမ့်ဝင်နေတာလောက်ပဲရှိတယ်"

ကရိုးဟောဗင်က ထပ်ပြောလိုက်ပြန်သည်။

"အဲဒီလေယာဉ်ပျံကြီး မြုပ်သွားအောင် အပေါက်ဖောက်ပေးလိုက်ရင် မကောင်းပေဘူးလား"

"အဲဒီလိုလုပ်ဖို့တော့ မကောင်းဘူး"

ပစ်က ပြန်ဖြေလိုက်သည်။

"ဒဲလ်ဖီက လူတစ်ယောက်မှ မရှိတော့တဲ့ လေယာဉ်ပျံကြီး ရေပေါ်မှာ မျောပါနေတာကို တွေ့ရရင် ကျုပ်တို့ အသက်ကယ်လှေကလေးတွေနဲ့ ထွက်သွားကြပြီလို့ ထင်သွားလိမ့်မယ်။ ဒါကြောင့် ကျုပ်က အသက်ကယ်လှေ မှန်သမျှကို ဟစ်တယ်လှေဆိပ်မှာ ထားခဲ့တာပေါ့။ သူက ကြိုးနဲ့ချည်ထားတဲ့ အထုပ်ကိုတောင် မဖောက်ရသေးတဲ့ အသက်ကယ်လှေတွေကို အထုပ်လိုက် တွေ့သွားရင် ဘယ်နိုပ်ပါ့မလဲ။ ကျုပ်တို့ ရေအောက်မှာ ရှိနေတုန်း သူက ရေပြင်ပေါ် လိုက်ရှာနေပါစေလို့ ဆုတောင်းရတော့တာပဲ"

ကရိုးကေဗင်က မကျေမနပ်နှင့် ပြောလိုက်သည်။

"ရေကြောင်းဗိုလ်ချုပ်ကြီး ဖြစ်အောင် ကြိုးပမ်းရတဲ့ နည်းတွေထဲမှာ ခုလိုလုပ်ရတာထက် ပိုလွယ်တဲ့နည်း ရှိလိမ့်မယ်လို့ ကျုပ် ထင်တယ်"

ပစ်က ဆက်ပြောလိုက်ပြန်၏။

"ခင်ဗျားက ရေငုပ်သင်္ဘောကို မောင်းနှင်နိုင်ပြီ ဆိုရင် ဗိုလ်ချုပ်ကြီးဟန်းတားကို ကီလိုဆိုင်ကယ် (၁၂၅၀) က ဆက်သွယ်ပါ"

ကရိုးဟောဗင်၏မျက်လုံးများသည် ကျဉ်းမြောင်းသွားကြသည်။

"ခင်ဗျားက ကျုပ်ကို သက်သက်မဲ့ ချောက်တွန်းနေတာပဲ။ အဲဒါက ကော်မာရှယ် ဖရီကွင်စီဗျ၊ ကျုပ်က ကီလိုဆိုင်ကယ် (၁၂၅၀) ထက်ကျော်ပြီး အသံလွှင့်ခဲ့ရင် ပြည်ထောင်စု ဆက်သွယ်ရေးကော်မရှင်က ကျုပ်ကို ရေရေလည်လည် အရေးယူလိမ့်မယ်"

"အရေးယူခံရတာမျိုးလည်း ဖြစ်နိုင်ပါတယ်လေ"

ပစ်က စိတ်ပျက်ပျက်နှင့် သဘောတူလိုက်၏။

"ဒါပေမယ့် ဒဲလ်ဖီမှာ အသံလှိုင်းတွေကို ထိန်းချုပ်ထားနိုင်တဲ့ အသံလွှင့်စက်တစ်ခု ရှိတယ်။ အခု သူက ကျုပ်တို့ ကြိုတင်ပြီး စီစဉ်ထားတဲ့ ဖရီကွင်စီကို ဝင်ထိန်းထားလိုက်ပြီ။ ဖရီကွင်စီ (၁၂၅၀) ဟာ လွတ်လွတ်ကျွတ်ကျွတ် အသံလွှင့်နိုင်လိမ့်မယ်လို့ ယူဆရတဲ့ အသံလှိုင်းပဲ။ ကျုပ်တို့က နောက်တစ်နေ့ နေထွက်တာကို မြင်ရတဲ့အထိ ကံကောင်းကြတယ်ဆိုရင် အရေးယူခံရမယ် ဆိုတဲ့ကိစ္စကို ထပ်ပြီး စဉ်းစားကြတာပေါ့ဗျာ"

ပစ်သည် ရေယက်များကို ခြေထောက်တွင် စွပ်လိုက်ပြီးနောက် အဘက်ရှူကိရိယာကို စစ်ဆေးလိုက်၏။ ထို့နောက် သူသည် ပွင့်နေသော





အပေါက်မှ အပြင်သို့ ကိုယ်ကို ပြူထွက်လိုက်ပြီးနောက် အမှောင်ထုထဲသို့ လှမ်းကြည့်လိုက်၏။

လေယာဉ်ပျံကြီးသည် ရေထဲသို့ အနည်းငယ် ဦးစိုက်နေသဖြင့် လှိုင်းလုံးကြီးများသည် အတောင်ပံ၏ ရှေ့ဦးပိုင်းကို လာရောက်နေကြသည်။

ပစ်က ဂျီအိုဒီနိုဘက်သို့ လှည့်လိုက်၏။

"မင်းက ဟိုသေတ္တာကလေးနဲ့ အဆင်သင့်ဖြစ်ပြီလား"

ဂျီအိုဒီနိုက အသံလွှင့်၍ အချက်ပြနေသည့်နေရာအား တွေ့အောင် ရှာဖွေပေးသည့် သေတ္တာကလေးကို မြှောက်ပြလိုက်သည်။

ပစ်က မေးလိုက်၏။

"ကဲ - သွားကြရအောင်လား"

"ကောင်းပြီ၊ သွားကြရအောင်"

ပစ်က တံခါးပေါက်ဆီသို့ ခေါင်းညိတ်ပြရင်း မှာလိုက်၏။

"မင်းက ရေငုပ်သင်္ဘောတစ်စီးကို မတွေ့ တွေ့အောင် ရှာပေးစမ်းကွာ"

ဂျီအိုဒီနိုသည် ရေပြင်ကို ကျောပေးထိုင်ရင်း ပါးစပ်ထဲမှ ကိရိယာကို နေသားတကျဖြစ်အောင် ခေတ္တမျှ ပြုပြင်လိုက်သည်။ ထို့နောက် ပစ်အား ခပ်နောက်နောက်ပုံစံနှင့် အလေးပြုလိုက်ပြီးနောက် ရေထဲသို့ နောက်ပြန်ပစ်ပြီး ခုန်ဆင်း၍ ပျောက်ကွယ်သွားတော့သည်။

ထို့နောက် ဖျူနှစ်ယောက်၊ ကရိုးဟောဗင်၊ သူ့တပည့်များနှင့် နောက်ဆုံးတွင် ဖျူသုံးယောက်တို့သည် လေယာဉ်ပျံကြီး၏ အပြင်ဘက် အမှောင်ထုထဲသို့ တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းပြီး ပျောက်ကွယ်သွားကြတော့သည်။

ပစ်က အောက်သို့ငုံ့ကြည့်လိုက်ရာ တစ်ယောက်ယောက်ဆီက သူ့ရှေ့တွင်ရှိနေသော ပုဂ္ဂိုလ်ထံသို့ ရေငုပ်မီးခွက်မှ မီးရောင်နှင့် ထိုးကြည့်ပြီး ရေနက်ပိုင်းဆီသို့ ငုပ်ဆင်းသွားကြသောကြောင့် မီးရောင်များသည် မြင်ကွင်းထဲမှ တဖျပ်ဖျပ်နှင့် ပျောက်ကွယ်သွားကြသည်ကို ပစ်က သတိထားမိလိုက်သည်။

ပစ်သည် လေယာဉ်ပျံပေါ်မှ နောက်ဆုံး ထွက်ခွာရမည့်ပုဂ္ဂိုလ် ဖြစ်သောကြောင့် လေယာဉ်ပျံအတွင်းပိုင်းကို နောက်ဆုံးအကြိမ် အဖြစ် လှမ်းကြည့်လိုက်သည်။ ထို့နောက် ရက်သတ္တပတ် အားရက်တွင် နေအိမ်မှ ပြင်ပသို့ ခေတ္တခဏ ခရီးထွက်ခွာသွားသူတစ်ဦးပမာ ဖျူစ်သေတ္တာအဖုံးကို ဖွင့်လိုက်ပြီးနောက် ခလုတ်ကိုပိတ်၍ မီးရောင်များကို ငြိမ်းသတ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

အနည်းငယ် ပူနွေးပြီး မည်းနက်နေသော ပစိဖိတ်သမုဒ္ဒရာပင်လယ်ရေက သူ့ဦးခေါင်းအား ဖုံးလွှမ်းသွားချိန်တွင် ပစ်သည် ပင်လယ်ရေထုကြောင့် အလေးချိန်ပေ့ါပါးသွားသလို ခံစားရမှုကို အခွင့်ကောင်းယူလျက် သူ၏ကြွက်သားများကို ပျော့ခွေသွားအောင် ခေတ္တမျှ လျှော့ချလိုက်သည်။

ပစ်၏ရေငုပ်မီးခွက်မှ ခပ်ဝိုင်းဝိုင်း မီးရောင်တန်းကလေးက ပစ်၏အောက်ဘက် ပေနှစ်ဆယ် အကွာတွင် ရှိနေသော ရေငုပ်သမားအား ထင်ထင်ရှားရှား မြင်နေရစေသည်။

ထိုရေငုပ်သမားက ပစ်သည် သူ့နောက်ဘက်မှ ကပ်၍ လိုက်ပါလာခြင်း ရှိ၊ မရှိကို အချိန် မဖြုန်းဘဲ ပခုံးပေါ်မှ ကျော်၍ နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ရေငုပ်သမားများ၏နောက်ဆုံးမှ လိုက်ပါလာခဲ့ခြင်းသည် သိပ်ကောင်းသော စိတ်ကူးစိတ်သန်း မဟုတ်ဟု ပစ်က ဖြုန်းခနဲ တွေးလိုက်မိ၏။ အသက်ရှူ ကျပ်လောက်အောင် မည်းမှောင်နေသော အမှောင်ထုက ပစ်အား အရပ်ဆယ်မျက်နှာမှ ဝိုင်းရံထားကြသည်ဖြစ်ရာ ပစ်သည် အကြီးအကျယ် စိတ်ပူပန်မှုကို ခံစားနေရသည်။

ရေထဲတွင်ရှိသော ကြောက်စရာကောင်းလှသည့် အသားစားသတ္တဝါမျိုးစုံက သူ့ခြေထောက်ကို လာရောက် ကိုက်ခဲရန် သူ့ပတ်ပတ်လည်တွင် နေရာယူနေကြသည်ဟု သူ့စိတ်အာရုံထဲတွင် ထင်မြင်မိလာသည်။ သူက စက္ကန့် အနည်းငယ် ကြာတိုင်း နောက်ဘက်သို့ပြန်လှည့်ပြီး ရေငုပ်မီးခွက်မှ မီးရောင်နှင့် အရပ်ရှစ်မျက်နှာသို့ လှည့်ပတ်ပြီး ရှာလိုက်မိ၏။ ကြောက်စိတ်မှ မွေးဖွားလာသော ထိုလှုပ်ရှားမှုက မည်သို့သော ရေသတ္တဝါဆိုးများကိုမျှ မတွေ့ရပါချေ။ သူမြင်နေရသော ထူးခြားသည့် သတ္တဝါများမှာ သူ့အောက်ဘက်တွင် ကူးခတ်နေကြသော သူနှင့် တွဲဖက်၍ လိုက်ပါလာကြသည့် လူသားများသာ ဖြစ်ကြပေသည်။

သမုဒ္ဒရာ၏ အောက်ခြေကြမ်းပြင်သည် သူ့မျက်စိရှေ့၌ ဘွားခနဲ ပေါ်လာသောကြောင့် ပစ်သည် ကြောက်စိတ် အနည်းငယ် ပြေလျော့သွားသည်။ သမုဒ္ဒရာကြမ်းပြင်ပေါ်မှ ကျောက်တုံးကျောက်ခဲများသည် သရဲတစ္ဆေလို မျက်နှာပြင်များနှင့် ထူးဆန်းသောအသွင်သဏ္ဌာန်များ ရှိနေကြသော်လည်း သူက ကျောက်တုံး၊ ကျောက်ခဲများ၏ ကြမ်းတမ်းသော ကိုယ်ထည်ကို လက်နှင့် စမ်းသပ်လိုက်သည့်အခါတွင် ထိုကျောက်တုံး၊ ကျောက်ခဲများသည် ပစ်၏ မိတ်ဟောင်းဆွေဟောင်းများ ဖြစ်သည်ဟု သူ့စိတ်ထဲက ခံစားလာရသည်။

ထိတ်လန့်သွားပုံရသော ပြည်ကြီးငါးတစ်ကောင်သည် သူ့ရှေ့မှ ဖြတ်သန်းသွားပြီး ကျောက်တုံးကျောက်ခဲများ အကြားတွင် ပျောက်ကွယ်သွားသည်။ ထို့နောက် ကျောက်တုံးကျောက်ခဲများသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီး သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် သဲများကို စတင်၍ တွေ့လာရသည်။ ထို့နောက် ယိမ်းယိုင်လှုပ်ရှားနေသော မီးရောင်တန်းများအောက်တွင် ကြီးမားသော အနက်ရောင် ပုံသဏ္ဌာန်ကြီးတစ်ခုကို မြင်လိုက်ရချိန်တွင် ပစ်၏ အက်ဒရီနယ်လင်ဂလင်းမှ ထွက်သော စိတ်ကြွဟော်မုန်းများသည် တစ်ကိုယ်လုံးတွင် ကြွတက်လာကြတော့သည်။

စတားဘတ်ခ်သည် ပစ်ထားခဲ့သည့် ပုံစံအတိုင်း အမှောင်ထဲမှ ကြီးမားသော သရဲသဘက်ကြီးပမာ ထီးတည်းကြီး ရှိနေသည်။

ပစ်သည် ခြေထောက်မှ ရေယက်များကို လှုပ်ရှားရင်း ရေငုပ်သမားများကို ကျော်၍ လှေတန်းကြီး၏ ထိပ်ဆုံးသို့သွားပြီး ဂျိအိုဒိနို၏လက်ကို ဆုပ်ကိုင်၍ သူ့မိတ်ဆွေ၏ရေကာမှန်ထဲသို့ လှမ်းကြည့်လိုက်သည်။

ရေကာမှန်ထဲတွင် ရှိနေသော ဂျိအိုဒိနို၏မျက်နှာသည် ရေငုပ်မီးခွက်မှ မီးရောင်ကြောင့် အနည်းငယ် ပုံပျက်ပန်းပျက် ဖြစ်နေသော်လည်း သူ့မျက်လုံးများသည် တလက်လက် တောက်နေကြသည်။ ၎င်းအပြင် သူ့ပါးစပ်ထဲ၌ အသက်ရှူကိရိယာ ရှိနေသော်လည်း ဂျိအိုဒိနိုက သူ့အား လက်မကို ပြန်ထောင်ပြလိုက်ချိန်တွင် သူ့အပြုံးမှာ သိသာ ထင်ရှားလွန်းလှပါသည်။

ပစ်သည် ကျောက်သင်ပုန်းကလေးပေါ်၌ ကမန်းကတန်း ရေးလိုက်ပြီး ကရိုဟေဗင်အား အချက်ပြ၍ ထိုကျောက်သင်ပုန်းကလေးကို ထောင်ပြလိုက်သည်။

*ကျုပ်တို့ ဒီနေရာကစပြီး လမ်းခွဲကြမယ်၊ ခင်ဗျား ဒီမှာ ကြီးကြပ်ပြီး နေရစ်ပေတော့*

ကရိုဟေဗင်က ခေါင်းညိတ်ပြလိုက်ရာ ရေထဲတွင် လွင့်နေသော သူ့ရွှေရောင်ဆံပင်သည် ဦးခေါင်း လှုပ်ရှားမှုကြောင့် ရေထဲတွင် လှုပ်ရှားသွားသည်။ ကရိုဟေဗင်က သူ့ရဲဘော်များကို လျင်မြန်စွာ နေရာချလိုက်၏။ ဖျဲတစ်ယောက်နှင့် ရေငုပ်သမား လေးယောက်က ရှေ့သို့လှူနေသော





www.burmeseclassic.com

www.burmeseclassic.com

တိုပီဒိုခန်းထဲသို့ ဝင်ရောက်ပြီး မာသာအန်း၏ရေငုပ်သမားများက ဖွင့်ထားခဲ့သော အဆို့ရှင်များနှင့် အပေါက်တို့ကို ပြန်ပိတ်ပေးကြရမည်။ ကျန်ပုဂ္ဂိုလ်များကမူ ရေငုပ်သင်္ဘောနောက်ဘက်ရှိ အရေးပေါ်ထွက်ပေါက်မှ တစ်ဆင့် ခြောက်သွေ့နေသော ရေငုပ်သင်္ဘောထဲသို့ အရောက်ဝင်ကြပြီး ထိန်းချုပ်ကွပ်ကဲခန်းဆီသို့ အရောက်သွားကြရမည် ဖြစ်ပေသည်။

ရေငုပ်သင်္ဘောသားများသည် ယခုအချိန်တွင် ကြောက်စိတ်အလျင်းမရှိကြတော့ပါ။ သူတို့၏ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ အပေါ်တွင် ရာနှုန်းပြည့် အားကိုးရမည့်အချိန်ပိုင်းသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် သူတို့ လုပ်ကိုင်ရမည့်လုပ်ငန်းများကို သေသေသပ်သပ် လုပ်ကိုင်နေကြသည်။ ရေငုပ်သင်္ဘော၏ရှေ့ပိုင်းမှ ပုဂ္ဂိုလ်များသည် အရေးပေါ်ထွက်ပေါက်ခန်းထဲတွင် တစ်စုတစ်ဝေးတည်း ဝင်သွားနိုင်ကြသော်လည်း ရေငုပ်သင်္ဘောနောက်ပိုင်းမှ ရေငုပ်သမားများကမူ အရေးပေါ်ထွက်ပေါက်နှင့် အခန်း၏ကျဉ်းမြောင်းမှုကြောင့် အုပ်စုသုံးစုခွဲ၍ ဝင်ကြရသည်။

ပစ်သည် ရေငုပ်သင်္ဘော၏ထွက်ပေါက်နံဘေး၌ အဆင်သင့် စောင့်နေပြီး ရေငုပ်သင်္ဘောထဲသို့ နောက်ဆုံး ငါးယောက် ဝင်သွားချိန်တွင် အံဖုံးတံခါးကို ပစ်က ပြန်ပိတ်ပေးလိုက်သည်။

ထို့နောက် အရေးပေါ်ထွက်ပေါက်ခန်းထဲမှ ရေများကို ပြန်မှုတ်ထုတ်မှုကြောင့် ရေများ ထိုးထွက်လာကြသည်ကို သိရှိရချိန်အထိ ဆက်စောင့်နေသည်။ ထို့နောက် ပစ်သည် ဓားမြှောင်လက်ကိုင်ရိုးနှင့် ရေငုပ်သင်္ဘော၏ကိုယ်ထည်ကြီးကို သုံးကြိမ် ခေါက်လိုက်၏။ ချက်ချင်းလိုလိုပင် ရေငုပ်သင်္ဘောထဲမှ သုံးချက်ခေါက်၍ အန္တရာယ်မရှိကြောင်း ပြန်သတင်းပို့သံသည် ခပ်အုပ်အုပ် ခပ်ဝါးဝါးနှင့် ထွက်ပေါ်လာတော့သည်။

ပစ်သည် ရေငုပ်သင်္ဘော၏ ဦးပိုင်းဆီသို့ ကူးခတ်သွားပြီး ဓားမြှောင်လက်ကိုင်ရိုးနှင့် သုံးကြိမ် ခေါက်လိုက်ပြန်၏။ ယခုအချိန်တွင် ပစ် ကြားရသောအသံသည် တော်ပီဒိုခန်းထဲ၌ ရေများ ပြည့်လျှံနေမှုကြောင့် သင်္ဘောနောက်ပိုင်းတွင် ကြားရသောအသံထက် ပို၍ နေးကွေးပြီး ပို၍ မသဲမကွဲ ဖြစ်နေသည်။

ပစ်က ကျောက်သင်ပုန်းကလေးပေါ်တွင် ထပ်ရေးလိုက်ပြန်၏။

*တစ်နေရာရာမှာ ဝင်ပေါက်ရှိလိမ့်မယ်၊ ၁၈ မိနစ်*

ဂျီအိုဒီနို နားလည်ပါသည်။ လေရှူရန် (၁၈) မိနစ်သာ အချိန်ရှိသည်။ သူတို့သည် ထိုအချိန်ပိုင်း အတွင်း ရေအောက်တောင်ကုန်းမှ ဝင်ပေါက်ကို ရှာဖွေရလိမ့်မည်။

ပစ်သည် ဂျီအိုဒီနို၏ပခုံးကို ပုတ်လိုက်ပြီးနောက် ညာဘက်သို့ ကူးထွက်သွားသည်။ ဂျီအိုဒီနိုသည် ပစ်၏နောက်ဘက်မှ လိုက်ပါလာသည်။

သူတို့ နှစ်ယောက်စလုံးသည် လမ်းညွှန်အမှတ်အသားကို ဒုက္ခခံ၍





မှတ်သားနေမည့်အစား ပစ်၏ဘယ်ဘက် လက်ကောက်ဝတ်တွင် ချည်နှောင်ထားသော အိမ်မြှောင်ကိုသာ အားကိုးအားထားပြု၍ သူတို့၏လေပူပေါင်းထဲမှ အသက်ရှူရန် လေများ ကုန်မသွားမီ စတားဘတ်ခ်ဆီသို့ အရောက် ပြန်လာနိုင်ရန် ကြိုးပမ်းကြမည် ဖြစ်ပေသည်။

ပစိဖိတ်ဝဲကတော့၏သားကောင် တစ်ကောင်သည် မီးရောင်တန်း နှစ်ခု၏ရှေ့မှောက်၌ တဖြည်းဖြည်းပေါ်လာစဉ် ကြောက်စရာကောင်းသော အတွေးများသည် ပစ်၏ဦးနှောက်ထဲမှ လျှင်မြန်စွာ ထွက်ပြေး ပျောက်ကွယ်သွားကြတော့သည်။

ထိုသင်္ဘောကိုယ်ထည်သံပေါ်မှ သံပြားများသည် ချောမွေ့ပြီး ပြောင်လက်နေကြသည်။ ရေညှိတက်သည်ကိုပင် မတွေ့ရပါ။

ဤသင်္ဘောသည် လောလောလတ်လတ် နစ်မြုပ်ထားသော သင်္ဘောတစ်စီး ဖြစ်သည်။

ပစ် ဦးနှောက်ခြောက်သွားသည်။ ပစ်သည် ပျောက်ဆုံးနေသော သင်္ဘောစာရင်းကို လေ့လာခဲ့ပြီးဖြစ်ရာ စတားဘတ်ခ်ကလွဲ၍လျှင် လွန်ခဲ့သော (၆) လအတွင်းက သင်္ဘောနစ်မြုပ်သည် ဆိုသော သတင်းကို မရရှိခဲ့ကြချေ။ ဤသင်္ဘောလောက် ကြီးမားသော သင်္ဘောတစ်စီးသည် သင်္ဘောဆိပ်သို့ အချိန်လွန်သည်အထိ ပြန်ရောက်မလာကြောင်း သတင်းပို့သူ မရှိဘဲနှင့် ပျောက်ဆုံးနေနိုင်မည် မဟုတ်ဟု ပစ်က တွေးလိုက်၏။

ထိုသင်္ဘောသည် သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် ရေပြင်ပေါ်၌ ရှိနေသည့်အလား တည့်တည့်မတ်မတ် ရှိနေသည်။

သူတို့နှစ်ယောက်သည် မည်သူမျှမရှိသော ကုန်းပတ်ကိုဖြတ်ကျော်၍ ကူးခတ်သွားကြစဉ် ထိုသင်္ဘောသည် တစ်ချိန်က အလွန်ကြီးမားသော ငါးဖမ်းသင်္ဘောတစ်စီး ဖြစ်ကြောင်း သိလိုက်ကြရသည်။

'နှမြောစရာ ကောင်းလိုက်တာ' ဟု ပစ်က တွေးလိုက်၏။ ဒီသင်္ဘောသည် အလွန် ကောင်းမွန်သော သင်္ဘောတစ်စီး ဖြစ်သည်။ သင်္ဘောမှ နံရံများသည် ဆေးအဖြူရောင်နှင့် သုတ်ထားသောကြောင့် တောက်တောက်ပြောင်ပြောင် ဖြစ်နေကြသလို သင်္ဘောပေါ်တွင်လည်း ခေတ်မီ အီလက်ထရွန်းနစ် စကန်နာ (Scanners) များနှင့် ကောင်းကင်ကြိုးတိုင်များ ရှိနေကြသည်။

ဤအချိန်အထိ ဒဲလ်ဖီ၏ရဲဘော်များကို အရိပ်အယောင်ပင် မတွေ့ရသေးချေ။ သို့ရာတွင် ပစ်က ပွဲစင်ပေါ်၌ လိုက်လံ ရှာဖွေနေစဉ် ပို၍လုံခြုံမှုရှိအောင် ဂျီအိုဒီနိုအား စောင့်ကြည့်ပေးရန် လက်ဟန်ခြေဟန်နှင့် တာဝန်ပေးထားသည်။ ဂျီအိုဒီနိုက နားလည်ကြောင်း လက်ဝှေ့ယမ်း၍ ပြလိုက်ပြီးနောက် အောက်ထပ်ရှိ နံရံဘေး ကပ်၍ ရေငုပ်မီးခွက်ကို ပိတ်လိုက်ရာ သူသည် အမှောင်ထုနှင့် တစ်သားတည်းဖြစ်ပြီး ပျောက်ကွယ်သွား... သည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် ပဲ့စင်ပေါ်ရှိ ပွင့်နေသောတံခါးမှ မှောင်မည်းနေသော ပဲ့စင် အတွင်းပိုင်းသို့ တိုးဝင်သွားသည်။ သူက ရောက်သည့်နေရာတွင် ခြေစုံရပ် ရင်း ရေငုပ်မီးခွက်မှ မီးရောင်နှင့် ပဲ့စင်ခန်း အတွင်းပိုင်းကို လှည့်လည်၍ ထိုးကြည့်လိုက်၏။

ပစ်သည် မည်သည့်ပစ္စည်းအား ရှာတွေ့ရလိမ့်မည်ဟု တာထစ်ခန့် မျှော်လင့်ထားခြင်း မရှိပါ။ သို့ရာတွင် သူ ရှာတွေ့ခဲ့ရသော မြင်ကွင်းက သူ့အား နှစ်ပေါင်းများစွာ ကြာအောင် ခြောက်လှန့်နေပေလိမ့်မည်။

ရေစီးကြောင်း၏လှုပ်ရှားမှုကြောင့် စားပွဲပေါ်တွင် ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေသော မြေပုံစာရွက်များသည် မနေ့တစ်နေ့ကမှ ရေကန်ထဲတွင် နှစ်မြှုပ်ခံခဲ့ရသည့် စာရွက်များပမာ မာမာတောင့်တောင့်ပင် ရှိနေပေသေး သည်။ ထို့အတူ ပဲ့ကိုင်သော လက်ကိုင်ဘီးကလည်း သူ့တို့အား မည်သည့် လက်ကမျှ ထပ်မံ၍ ကိုင်တွယ်လိမ့်မည် မဟုတ်ကြောင်း သိနေသည့် အလား ရေထဲတွင် တဖြည်းဖြည်း လည်နေသည်။ ဗင်နက်ကယ် (Bin - nacle) ပေါ်မှ ကြေးဝါရောင်သည် ခပ်မှိန်မှိန် အလင်းရောင်ထဲတွင် ဟာလက်လက် တောက်နေသလို အိမ်မြှောင်လက်တံကလည်း သစ္စာရှိရှိ ပြသလျက်ပင် ရှိနေသေးသည်။ သံကြိုးရိုက်သော ကိရိယာပေါ်မှ မြားတံ များသည် 'အားလုံးရပ်' ဆိုသော နေရာတွင် ထာဝရ ရပ်တန့်နေသည်။

ပစ်က ဦးခေါင်းကို ပို၍ ငုံ့လိုက်၏။ တစ်ခုခုသည် အထာမကျ ဖြစ်နေသည်။ သံကြိုးရိုက်သော လက်တံအောက်မှ စာလုံးများသည် အင်္ဂလိပ်စာလုံးများ မဟုတ်ကြပါ။ သူက ထိုစာလုံးများကို စူးစူးစိုက်စိုက် လေ့လာပြီးနောက် ဗင်နက်ကယ်ထဲသို့ ပြန်ကူးသွားပြီး အိမ်မြှောင်ဒိုင်ခွက် ပေါ်သို့ မီးရောင်နှင့် ထိုးကြည့်လိုက်၏။ သူသည် ရုရှားဘာသာကို စကား လုံးပေါင်း နှစ်ဆယ်ထက် ပို၍ နားမလည်သော်လည်း ပြောင်းပြန် ရေးထား သော စာလုံးများကို ပေါင်း၍ အင်ဒရီဗိုင်းဇော့ဂ် ဆိုသော သင်္ဘော အမည်ကို ဖတ်နိုင်ခဲ့သည်။

ဆိုဗီယက် သူလျှိုသင်္ဘော အင်ဒရီဗိုင်းဇော့ဂ်သည် စတားဘတ်ခ်ကို ရှာဖွေ၍ တွေ့ရှိသွားခဲ့သော်လည်း နောက်ဆုံးတွင် ဒဲလ်ဖီနှင့်ပင်လယ်ဓားပြ များ၏ ကောင်းမှုကြောင့် စတားဘတ်ခ်နံဘေးတွင် ထာဝရ လဲလျောင်း နေရလေပြီဟု ပစ်က တွေးလိုက်သည်။ ပစ်သည် ထို့ထက်ပို၍ ဆက်တွေး ရန် အချိန်မရတော့ပါ။

ထိုအခိုက်အတန့်တွင် တစ်စုံတစ်ရာက သူ့ပခုံး၏နောက်ဘက်ကို လာ၍ တို့ထိလိုက်သည်။

အများတကာက ကြားပင် မကြားဘူးသော အင်မတန် နက်ရှိုင်း သည့်ရေနက်ပိုင်း၌ အလုပ်လုပ်ကြရသည့် ရေငုပ်သူများနှင့် အကြိမ်ပေါင်း များစွာ အသက်ဆုံးရှုံးရလုနီးပါး ရေနစ်ခဲ့သူများအား ထိုပုဂ္ဂိုလ်များ၏ စာရင်း၌ ရေခဲတုံးပမာ အေးစက်နေသောဓားမြှောင်နှင့် အထိုးခံလိုက်ရ





သလို ဖြုန်းခနဲ ကြောက်လန့်သွားစေမည့်ကိစ္စမှာ မည်သည့်ကိစ္စမျိုး ဖြစ်ပါ သနည်းဟု မေးမြန်းကြည့်မည် ဆိုပါက အမည်မသိရသော အရာဝတ္ထု တစ်ခုက နောက်ဘက်မှ လာ၍ ထိသည်ကို ခံလိုက်ရခြင်းပင် ဖြစ်သည်ဟု အဖြေပေးကြပေလိမ့်မည်။

ပစ်၏ရင်ထဲမှ ခုန်နေသောနှလုံးသည် ရုတ်တရက် ရပ်တန့်သွား ပြီးနောက် အောက်ဘက်ရှိ အူထဲသို့ ပြုတ်ကျသွားသလို ခံစားလိုက်ရ၏။

ပစ်က နောက်ဘက်သို့ ချာခနဲ လှည့်လိုက်သည်။ သို့ရာတွင် အနက် ပေ (၁၆၀) ရှိသော ရေထဲ၌ နောက်ဘက်သို့ လှည့်ပြီး လူတစ်ယောက်၏ မျက်နှာကို ရေငုပ်မီးခွက်မှ မီးရောင်နှင့် မိအောင်ထိုးရသည့်ကိစ္စကို 'ချာခနဲ' လှည့်သည်ဟု ပြောလိုက်ခြင်းသည် မှန်ကန်ချင်မှ မှန်ကန်ပါ လိမ့်မည်။

ထိုမျက်နှာကြီးသည် ကြောက်စရာကောင်းလောက်အောင် ပုံပျက် ပန်းပျက် ဖြစ်နေသည်။ ခပ်ဟဟဖြစ်နေသော ထိုသူ၏ ပါးစပ်ထဲမှ ဖြူ နေသောသွားများအား ခပ်ဝါးဝါး မြင်နေရသလိုလို။ သူသည် မျက်တောင် မခတ်သော မျက်စိတစ်ဖက်တည်းနှင့် ပစ်အား ပြန်ကြည့်နေသည်။ ကျန် မျက်လုံးတစ်လုံးကိုမူ မျက်စိထဲသို့ ထက်ဝက်ခန့်အထိရောက်အောင် ထိုး ဖောက်၍ ဝင်စားနေသော ကဏန်းကလေးတစ်ကောင်က ဖုံးကွယ်ထား သည်။ ထိုသူသည် အရက်မူးနေသော စာခြောက်ရုပ်ကဲ့သို့ လက်များကို မြှောက်ချည်ပင့်ချည်လုပ်ရင်း ရေစီးကြောင်းထဲ၌ ယိမ်းယိုင်လှုပ်ရှားနေ သည်။

ကြောက်စရာကောင်းလှသော မကောင်းဆိုးဝါးတောင်ကြီးသည် ကုန်းပတ်နှင့် တစ်ပေခန့်အကွာတွင် တွဲလောင်းကြီး ဖြစ်နေပြီး ထိုနေရာ၌ ကြောက်စိတ်ကြောင့် ကျောက်ချထားသလို မလှုပ်နိုင်မရှားနိုင် ဖြစ်နေ သောပစ်ကို ဝင်ထိုးတော့သည်။

ပစ်သည် အကြောအခြင်များ သေသွားလုမတတ် ထိတ်လန့်သွား သော ကြောက်စိတ်ကို အတင်း တွန်းလှန်ဖယ်ရှားရင်း ထိုအလောင်းကြီးကို ခပ်ကြမ်းကြမ်း တွန်းဖယ်ပစ်လိုက်သည်။ လက်ကို ဝှေ့ယမ်းပြနေသကဲ့သို့ လှုပ်နေသော ထိုအလောင်းကြီးသည် ပဲ့စင်အတွင်းဘက်သို့ နောက်ပြန် မျောပါသွားပြီး အမှောင်ထုထဲတွင် ပျောက်ကွယ်သွားတော့သည်။

ပစ်သည် ဆိုဗီယက်သင်္ဘောသား၏ အလောင်းကြီး ပျောက်ကွယ် သွားပြီးနောက် အတန်ငယ်ကြာအောင် စိုက်ကြည့်နေမိပြီးမှ အသက်ကို ပြန်ရှူမိတော့သည်။ သူသည် အသက်မရှူမိဘဲ ရပ်တန့်နေမိခဲ့သော်လည်း အသက်မရှူမိသည်ကို သတိမထားမိခဲ့။ လေဘူးထဲမှ လေကိုရှူရာ၌ပင် အပုပ်နံ့ကြီးကို ရှူနေရသည်ဟု ပစ်၏စိတ်ထဲက ထင်မိယောင်မှားဖြစ် လာခဲ့ရသည်။

ပစ်သည် ဆိုဗီယက်ငါးဖမ်းသင်္ဘောပေါ်၌ နောက်ထပ်ရှာဖွေစုံစမ်း


www.burmeseclassic.com

www.burmeseclassic.com

ရန် မလိုအပ်တော့ပါ။ ထိုအတူ ဆိုဗီယက်သင်္ဘောသားများ၏ အလောင်းများနှင့်လည်း ထပ်မံ၍ မဆုံစည်းလိုတော့ပါ။ သူနှင့် ဂျိအိုဒီနိုတို့အတွက် အသက်ရှူရန် လေသည် အနည်းငယ်မျှသာ ကျန်တော့မည်ဖြစ်ရာ ထိုနေရာမှ အလျင်အမြန် ထွက်ခွာသွားရန် လိုအပ်နေပေပြီ။

ပွဲစင်၏အောက်ဘက်ရှိ ကုန်းပတ်ပေါ်၌ ကင်းစောင့်နေသော ဂျိအိုဒီနိုသည် ခပ်လှမ်းလှမ်းမှ အသံလှိုင်းများကို စတင်၍ ကြားလိုက်ရသည်။

ဤတွင် သူသည် ပွဲစင်ပေါ်သို့ ကပျာကယာ ကူးတက်သွားပြီး ပစ်အား မီးမှိတ်ရန် အချက်ပြလိုက်သည်။

ပစ်က ရေငုပ်မီးခွက်ကို မှိတ်ပစ်ပြီးနောက် သူတို့နှစ်ယောက်သည် ဘယ်ဘက်ပြတင်းပေါက်အောက်တွင် ဝပ်ရင်း နားစွင့်လိုက်ကြ၏။ သူတို့သည် မှုန်ဝါးဝါးမီးရောင်ကို စတင်၍ မမြင်ရမီ လျှပ်စစ်မော်တာတစ်လုံး၏ တဝီဝီမြည်သံကို စက္ကန့်အနည်းငယ်စော၍ ကြားခဲ့ကြရသည်။

အစပထမတွင် ထိုအရာဝတ္ထုသည် ကမ္ဘာဦးရှိခဲ့သော ထူးခြားသော သတ္တဝါတစ်မျိုးဟု ထင်ရသော်လည်း နီးကပ်လာသောအခါတွင် ထိုအရာဝတ္ထုသည် ရေအောက်တွင် မောင်းနှင်သွားလာရန် လင်းပိုင်တစ်ကောင်၏ ပုံစံကဲ့သို့ တည်ဆောက်ထားသော ယာဉ်တစ်မျိုးဖြစ်ကြောင်း မြင်လိုက်ရတော့သည်။ သေးငယ်သော ထိုရေငုပ်သင်္ဘောကလေးပေါ်တွင် လူနှစ်ယောက် ခွထိုင်ထားသည်။ ဦးပိုင်းမှ ပုဂ္ဂိုလ်က သွားလိုရာသို့သွားနိုင်အောင် ပွဲကိုင်ပေးသည်။ ထိုယာဉ်ကလေး၏ နောက်ဘက်တွင် ရေယက်ပန်ကာကလေးတစ်ခုက တဝီဝီလည်လျက်ရှိနေပြီး ထိုယာဉ်ကလေးအား တစ်နာရီလျှင် ငါးမိုင်နှုန်းနှင့် သွားနိုင်အောင် တွန်းအားပေးလျက်ရှိသည်။ ထိုရေယာဉ်ကလေးသည် အင်ဒရီးဗိုင်းတော့ဂ်၏ပွဲစင်ဆီသို့ ဦးတည်၍ မောင်းနှင်လာနေသည်။

ပစ်နှင့် ဂျိအိုဒီနိုတို့သည် သူတို့၏ခန္ဓာကိုယ်များကို ပြတင်းပေါက်အောက်ဘက်ရှိ နံရံဘေးတွင် ပုကပ်၍ ဝပ်နေလိုက်ကြ၏။ သူတို့က အသက်မရှူဘဲ အောင့်ထားရန် အချိန်မရလိုက်တော့ပါ။ သိပ်နောက်ကျသွားခဲ့လေပြီ။ သူတို့နှစ်ယောက်၏ အသက်ရှူကိရိယာများမှ ထွက်လာသော လေပူဖောင်းကလေးများသည် ထိုရေငုပ်သင်္ဘောကလေး မောင်းနှင်လာသော လမ်းကြောင်းဆီသို့ အစီအရီ တက်သွားကြသည်ကို မည်သို့မျှ တတ်နိုင်စွမ်းမရှိဘဲ ငေးကြည့်နေခဲ့ကြရသည်။

သူတို့နှစ်ယောက်သည် ချိန်ကိုက်ထားကြသည့်အလား ဓားမြှောင်များကို ဆွဲထုတ်၍ လာမည့်ဘေးကို ပြေးတွေ့ရန် အသင့်ပြင်ဆင်ထားလိုက်သည်။ သူတို့ထံမှ အပေါ်သို့ တက်သွားသော လေပူဖောင်းအတန်းကလေးနှစ်တန်းက ၎င်းတို့ ရှိနေကြောင်း မလွဲမသွေ ဖော်ထုတ်ပေးပေလိမ့်မည်။

ထိုရေငုပ်သင်္ဘောကလေးသည် သင်္ဘောဦးပိုင်းရှိ ရွက်တိုင်ကို ကွေ့





ပတ်၍ ပွဲစင်ဆီသို့ ချဉ်းကပ်လာနေသည်။ ထိုအချိန်တွင် ထိုသင်္ဘောကလေးသည် ပစ်တို့နှင့် အလွန် နီးကပ်နေပြီ ဖြစ်သဖြင့် ပစ်သည် ထိုပုဂ္ဂိုလ်နှစ်ယောက်၏ ရင်ဘတ်ပေါ်မှ အသက်ရှူကိရိယာများကိုပင် ထင်ထင်ရှားရှား မြင်နေရလေပြီ။

ပစ်က သူ ကိုင်ထားသော ဓားမြှောင်သည် ထိုပုဂ္ဂိုလ်များထံ၌ ပါရှိလာသော သေနတ်များနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိကြောင်း သိရှိပါသော်လည်း တံခါးပေါက်မှ ခုန်ထွက်ပြီး သူက စ၍ ဓားနှင့် ထိုးနိုင်အောင် အားယူထားရင်း ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

စိတ်တထင့်ထင့်ဖြစ်နေရသော အချိန်ကာလ ကုန်ဆုံးသွားခဲ့လေပြီ။ နောက်ဆုံးတွင် ထိုရေငုပ်သင်္ဘောကလေး၏ ဦးပိုင်းသည် အပေါ်သို့ မော့တက်သွားပြီး လေပူပေါင်းကလေးများကို ဖြတ်သန်း၍ ပွဲစင်ပေါ်တွင် ပျောက်ကွယ်သွားတော့သည်။

ထိုရေငုပ်သင်္ဘောကလေးသည် သူတို့ကို လှည့်ဖြားလိုက်ခြင်းမဟုတ်ပါ။ တစ်နေရာရာမှ ကွေ့ပြီး နောက်ဘက်သို့ ပြန်လာခြင်း မရှိပါ။ မော်တာသံသည် တဖြည်းဖြည်း အားနည်းသွားသည်။

ထို့နောက် ချက်ချင်းလိုလိုပင် ရေငုပ်သင်္ဘောကလေးမှ အလင်းရောင်သည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသလို ပန်ကာသံသည်လည်း တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားတော့သည်။

ဂျိအိုဒီနိုက သူ့မီးခွက်ကို ပြန်ဖွင့်လိုက်ရာ မေးခွန်းထုတ်လိုတမှုဖြင့် ပခုံးတွန့်၍ ပြလိုက်သော ဂျိအိုဒီနို၏ အမူအရာကို ဝစ်တ ထိုမီးရောင်ဖြင့် မြင်လိုက်ရသည်။

ထို့နောက် ပစ်သည် အဖြစ်မှန်ကို သဘောပေါက်သွားတော့သည်။ အင်ဒရီးဗိုင်းတော့ဂ်သည် သင်္ဘောထဲတွင် ခိုနေသောလေများကို ကုန်စင်အောင် အန်ထုတ်ခြင်း မရှိသေးပါ။ သင်္ဘောကိုယ်ထည်တစ်လျှောက်မှ လေပူဖောင်းအတန်းကလေးများသည် ပင်လယ်၏ရေမျက်နှာပြင်ဆီသို့ ပလုံစီ၍ တက်နေကြဆဲပင်တည်း။ ထို့ကြောင့် နစ်မြုပ်သွားသော သင်္ဘောတစ်စီးသည် သင်္ဘောထဲ၌ ခိုအောင်းနေသောလေများကို အန်ထုတ်ရန် လပေါင်းများစွာနှင့် တစ်ခါတစ်ရံတွင် နှစ်ချီ၍ ကြာတတ်ကြောင်း သိထားကြသော ဒဲလ်ဖိ၏တပည့်များက ပစ်တို့၏လေပူဖောင်းကလေးများကို လုံးဝ ဂရုစိုက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ပစ်က သူ့လက်ပတ်နာရီကို ခေါက်၍ တဖြည်းဖြည်းဝေးသွားသော ရေငုပ်သင်္ဘောကလေးဘက်သို့ ညွှန်ပြလိုက်၏။ ဂျိအိုဒီနိုက ခေါင်းညိတ်ပြလိုက်ပြီး သူတို့နှစ်ယောက်သည် သင်္ဘော၏ သံလက်ရန်းပေါ်မှ [illegible] ကျောက်တုံးကျောက်ခဲများနှင့် ရေအောက်မှ အပင်များကို အထွေအထွေ ယူရင်း ပင်လယ်ကြမ်းပြင်ဆီသို့ ကူးဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရီပိုင်းဖော့ဂ်သည် သူတို့၏နောက်ဘက်၌ တဖြည်းဖြည်း ဝေးကွာပြီး ကျန်ရစ်ခဲ့ချိန်တွင် ပစ်က နောက်ဆုံးအကြိမ် အဖြစ် လှည့်ကြည့်လိုက်၏။ ထိုသင်္ဘောကြီးသည် ပင်လယ်ရေပြင်ကို နောက်တစ်ကြိမ် ကျော်ဖြတ်ခြင်း မပြုတော့မည့် သံထည်ပစ္စည်းကြီးတစ်ခုသာ ဖြစ်နေလေပြီ။

အမေရိကန်တို့က ထိုသင်္ဘော နစ်မြုပ်သည့်နေရာကို သိရှိခဲ့လေပြီ။ သို့သော် ထိုသင်္ဘောအား မည်သည့်နေရာ၌ ရှာဖွေရမည် ဖြစ်ကြောင်း အမေရိကန်တို့က ဆိုဗီယက်တို့အား သတင်းပေးလိမ့်မည် မဟုတ်ဟု ပစ်က တထစ်ချ သိလိုက်သည်။

တဖြည်းဖြည်းနှင့် ထိုသင်္ဘောကြီး၏ ကောက်ကြောင်းအရိပ်သည် မထင်ရှားသော အရိပ်မည်းကြီးဘဝသို့ ပြောင်းလဲသွားပြီး၊ နောက်ဆုံးတွင် လုံးဝ ပျောက်ကွယ်သွားတော့သည်။

ပစ်၏ရေနက်ပြကိရိယာမှ အနက်ပေသည် တဖြည်းဖြည်း လျော့နည်းလာသည်။ ပစ်သည် ပုံမကျပန်းမကျ ဖြစ်နေသော ကျောက်တုံးကျောက်ခဲကြီးများကို အကာအကွယ်ယူ၍ ဂျီအိုဒီနိုကို ဦးဆောင်ပြီး ရေအောက်တောင်ကုန်းကလေးပေါ်သို့ တက်ခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာ၏ ဤနေရာဘက်ပိုင်းတွင် ပင်လယ်ရေသည် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် အများကြီး ပိုအေးနေသည်။ သူတို့နှစ်ယောက်သည် မျက်စိညောင်းလာသည်အထိ ရေငုပ်မီးခွက်မှ မီးရောင်ဖြင့် လူသားတို့က တည်ဆောက်ထားသော အဆောက်အအုံများကို တွေ့လိုတွေ့ငြား လိုက်လံရှာဖွေခဲ့ကြသည်။ သို့သော် မည်သည့်အဆောက်အအုံကိုမျှ ရှာမတွေ့ခဲ့ပါ။ တစ်နေရာရာတွင် ဝင်ပေါက်ရှိရမည်ဟု ပစ်က တွေးလိုက်၏။ ထိုရေငုပ်သင်္ဘောကလေးသည် တစ်နေရာမှ ထွက်လာခြင်း ဖြစ်သည်။

သူတို့သည် ယခုအချိန်တွင် သတ်မှတ်ထားသော အချိန်ပိုင်းကို ကုန်လွန်ခဲ့ပြီ ဖြစ်သဖြင့် စတားဘတ်ခ်သို့ ပြန်နိုင်ရန် လုံးဝ အခွင့်အရေး မရှိတော့ပါ။ သူတို့သည် လေဘူးထဲတွင် လေကုန်လုနီးပါးဖြစ်သည်အထိ ဆက်၍ ကူးခတ်သွားပြီးနောက် မော်နီတာသင်္ဘောမှ ဒုံးပျံက သူတို့၏ခန္ဓာကိုယ်များအား ပျော့ဖတ်ဖြစ်အောင် ဒုက္ခမပေးခင် တစ်ဦးဦးက ၎င်းတို့အား အယ်ဆယ်နိုင်ကြပါစေ ဆိုသော ဆန္ဒနှင့် ရေပြင်ပေါ်သို့ တက်သွားကြရန်သာ ရှိတော့သည်။

ပစ်က အနိဋ္ဌာရုံအတွေးများကို တွေးနေမိစဉ် ရေအပူချိန်သည် ရုတ်တရက် ပြောင်းလဲသွားသည်ကို သိလိုက်ရသည်။ ပင်လယ်ရေက ပိုနွေးလာသည်၊ ဆိုရေသည် ငါးဒီဂရီခန့် ပိုနွေးလာသည်ဟု သူက ခန့်မှန်းလိုက်၏။ တစ်ချိန်တည်းမှာပင် အားကောင်းသော ရေလုံးကြီး တစ်လုံးသည် အောက်ခြေ၌ရှိသော သဲများကို ဝဲကတော့ ထိုးသွားစေပြီး ဆင်ခြေလျှောပေါ်၌ ပေါက်နေသော သစ်ပင်ကလေးများကို ပြားချပ်သွားအောင် ဆင်ခြေလျှောပေါ်မှ စီးဆင်းလာသည်။





ရုတ်တရက် စီးဆင်းလာသော ရေစီးကြောင်းကြီး၏ မမြင်ရသော အားက ပစ်နှင့် ဂျီအိုဒီနိုကို လေမုန်တိုင်းထဲ၌ ရောက်နေသော ပင်ပေါင်ဘောလုံးကလေးများပမာ ပင်လယ်သမုဒ္ဒရာ၏ အောက်ခြေကြမ်းပြင်ပေါ်သို့ တွန်းချလိုက်လေတော့သည်။

ပစ်သည် မော်တော်ကားတစ်စီး၏ နောက်ဘက်တွင် ကြိုးနှင့်ချည်နှောင်ခံရပြီး မညီမညာနှင့် ကြမ်းတမ်းခက်တရော်လှသော မြေပြင်ပေါ်မှ ကြိုးနှင့်ဆွဲ၍ အတင်း မောင်းနှင်သွားသည်ကို တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဘူးသော်လည်း ယခုကဲ့သို့ပင် ခံစားရလိမ့်မည်ဟု တွေးလိုက်မိသည်။ ပြင်းထန်သော ရေလုံးကြီးသည် သူတို့နှစ်ယောက်အား ထူထဲစွာ ပေါက်နေကြသော ပင်လယ်ရေအောက်မှ ပေါင်းပင်များအကြား၌ မျောပါသွားစေခဲ့ခြင်းဖြစ်ရာ ကျူရွက်များနှင့် သဏ္ဌာန်တူသော အရွက်များက ပစ်၏ပါးပြင်နှင့် နဖူးပြင်ပေါ်တွင် နီရဲသောအစင်းကြီးများကို ထင်ကျန်စေခဲ့တော့သည်။

ပစ်သည် နောက်ဘက်သို့ တစ်ပတ်ကျွမ်းပစ်သလို လိမ့်ထွက်သွားပြီးနောက် ရေညှိရေမှော်များနှင့် ဖုံးအုပ်နေသည့် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးနှင့် ဝင်တိုးမိတော့သည်။

ပစ်၏လက်ဖဝါးထဲတွင် အစိမ်းရောင် ချွဲကျိကျိအရည်များ ကပ်ပါလာသလို အဆိုပါ ကျောက်တုံးပေါ်တွင် ကပ်နေကြသော ခရုလိုအကောင်ငယ်ကလေးများ၏ ချွန်ထက်သောအသွားများက စိုနေသော သူ၏ရာဘာဝတ်စုံကို ထိုးဖောက် ဆုတ်ဖြဲပြီး အသားထဲသို့ စူးဝင်သွားစေခဲ့သည်။

သူသည် ထိုကျောက်တုံးကြီးပေါ်တွင် အတန်ငယ်ကြာအောင် တစ်နေမိပြီးနောက်, ခန့်မှန်း၍ မရနိုင်သော ရေစီးကြောင်း၏ အထာအတိုင်း သူ့အား ရေစီးကြောင်းထဲသို့ ပြန်တွန်းထုတ်လိုက်ပြန်၏။ တစ်စုံတစ်ခုက သူ၏ပေါင်ခြံအား လာရောက် ဆုပ်ကိုင်လိုက်သည်ကို သူ ခံစား သိရှိလိုက်ရသည်။ ဂျီအိုဒီနို၏လက်နှစ်ဖက်က ပစ်၏ပေါင်ခြံခွဆုံ အောက်နားဆီမှ ကပ်၍ ဟိုက်ဒရောလစ်ပြုတ်တူနှင့်တူသော ခွန်အားနှင့် အတင်းဖက်ထားလိုက်ခြင်းပင် ဖြစ်တော့သည်။

ပစ်သည် ဂျီအိုဒီနို၏ ရေကာမျက်နှာဖုံးအား လှမ်းကြည့်လိုက်ရာ ဂျီအိုဒီနို၏ မျက်နှာညိုညိုကြီးတစ်ဖက်က သူ့အား မျက်စပစ်ပြလိုက်သည်ကို မြင်လိုက်ရသည်ဟု ထင်လိုက်ရသည်။

သည်ပေါတောတော အရူးက ဦးနှောက်ကိုလွှာ၍ သုံးလိုက်ခြင်းပင်ဖြစ်သည်။ ခန္ဓာကိုယ်နှစ်ခုကို ပေါင်းစပ်ထားသော သူတို့၏ဒင်အားက ရေစီးကြောင်း၏ဆွဲအားကို သိသိသာသာ လျော့နည်းသွားစေခဲ့သည်၊ ထို့အပြင် ပို၍အရေးကြီးသော အချက်မှာ ဂျီအိုဒီနိုက ပစ်အား ဖက်တွယ်ထားမှုကြောင့် ဆိုးဆိုးရွားရွား မုန်တိုင်းထန်နေသော သဲလုံးကြီးများနှင့် ပင်လယ်ရေအောက်မှ ပေါင်းပင်များအကြား၌ သူတို့နှစ်ဦး လိမ့်ပါသွား



www.burmeseclassic.com

www.burmeseclassic.com


ရသည့် အချိန်ပိုင်းအတွင်းတွင် တစ်ယောက်နှင့်တစ်ယောက် ကွဲကွာသွားခဲ့ကြသည် ဆိုသော အဖြစ်မျိုးနှင့် ကြုံရန် မရှိတော့ပြီတည်း။

ပစ်သည် တဒေါင်ဒေါင်မြည်နေသော ခပ်အုပ်အုပ် ခပ်ဝါးဝါးအသံကို သတိထားလိုက်မိပြန်၏။ သူသည် လေဘားက ကျောက်ခဲများနှင့် ရိုက်ခတ်နေသောကြောင့် ထိုကဲ့သို့ ထူးဆန်းသောအသံများ ပေါ်ထွက်နေခြင်းဖြစ်ကြောင်း ပစ်၏ဦးနှောက်က သတိပြုလိုက်မိသည်။

သူသည် ခေတ္တမျှ ပက်လက်လန်၍ လဲကျသွားပြီးနောက် ရေငုပ်မီးခွက်မှ မီးရောင်က အပေါ်ဘက်သို့ ထောင်သွားချိန်တွင် မီးရောင်ဖြင့် ရောင်ပြန်ဟပ်လိုက်သောကြောင့် တပြောင်ပြောင် တလက်လက် ဖြစ်နေသော ကျောက်သားမျက်နှာပြင်ကို မြင်လိုက်ရတော့သည်။

သူက ထိုကျောက်တုံးအား လက်နှင့်ထိကိုင်ရန် လက်ကို ဆန့်တန်းလိုက်မိပြီးမှ သူ၏စိတ်အစဉ်သည် ကြောင်တောင်တောင်ဖြစ်သွားကြောင်း ရုတ်တရက် သတိပြုလိုက်မိသည်။ သူ၏ဦးနှောက်ထဲသို့ မှန်ကန်သော အသိက ဖြုန်းခနဲ ပြန်ဝင်လာချိန်တွင် သူက သူ့မျက်နှာကို ပင်လယ်ခရုများနှင့် ပြည့်နှက်နေသော ကျောက်ဆောင်စွန်းကြီးနှင့် ဝင်မတိုးမိအောင် လက်နှင့် အချိန်မီ ကာကွယ်လိုက်နိုင်တော့သည်။

ကျောက်ဆောင်ကြီးနှင့် ဝုန်းခနဲ ဝင်တိုးမိသော ထိုအချိန်ပိုင်းတွင် တစ်လက်မ၏ လေးပုံတစ်ပုံခန့်ထူသော ရေငုပ်ဝတ်စုံမှ ရာဘာအသားက သူ့အား ရာနှုန်းပြည့် ကာကွယ်နိုင်အောင် လုံလောက်မှု မရှိခဲ့ပါ။ ချွန်ထက်နေသော ခရုကိုယ်ထည်များက ရာဘာအသားနှင့် အတွင်းမှ ခံထားသော နိုင်လွန်စတို့ကို ထွင်းဖောက်သွားသည်ဖြစ်ရာ လက်ပေါ်မှ သွေးများ ဝေါခနဲ စီးထွက်လာချိန်တွင် ပစ်သည် ဓားနှင့် အထိုးခံလိုက်ရသကဲ့သို့ နာကျင်သောဝေဒနာကို ခံစားလိုက်ရလေတော့သည်။ သူ့မျက်နှာပေါ်မှ ရေကာမှန်သည် လွင့်စဉ်၍ ပြုတ်ထွက်သွားလေရာ ဝဲဂယက်ကဲ့သို့ ရေထဲတွင် ကြွထနေသော သဲမှုန်များသည် မျက်လုံးများနှင့် နှာခေါင်းများထဲသို့ အတင်းအဓမ္မ ဝင်ရောက်လာကြပြီး နူးညံ့သောအသားလွှာ တစ်ရှူးများကို ဒုက္ခပေးကြတော့သည်။

ပစ်က သဲများကို ထွက်သက်လေနှင့် နှာခေါင်းထဲက ပြန်ထုတ်ပစ်ရန် ကြိုးပမ်းလိုက်၏။ သို့ရာတွင် ယားကျိကျိဝေဒနာ ပိုမို ဆိုးရွားလာမှုကသာ အဖတ်တင်၍ ကျန်ရစ်ခဲ့တော့သည်။ ပစ်၏ မျက်လုံးများသည် သဲများနှင့် ဆားငန်ရေတို့၏ စုပေါင်း ထိုးနှက်မှုကြောင့် နာကျင်လှသဖြင့် မျက်စိကို ရုတ်တရက် ပိတ်ပစ်လိုက်ရချိန်တွင် သူ့ဦးနှောက်သည် မှောင်အတိကျသွားသလို ဖြစ်ခဲ့ရတော့သည်။

ပစ်က သူသည် သတိလစ်တော့မည့်ဆဲဆဲ အနေအထားတွင် ရှိနေကြောင်း သိလိုက်၏။ သူ့ဦးနှောက်က သတိလစ်မသွားအောင် အပြင်းအထန် ခုခံတိုက်ခိုက်နေသော်လည်း သူ၏ခန္ဓာကိုယ်သည် ဦးနှောက်က ပေးသော အမိန့်ကို ငြင်းဆန်နေသည်။

ထို့နောက် ပစ်၏ဦးခေါင်းသည် ခပ်နိမ့်နိမ့်ရှိနေသော ကျောက်ခဲတစ်လုံးနှင့် ဝင်ဆောင့်မိပြန်ရာ သူ့ဦးခေါင်းထဲတွင် ဒုံးပျံတစ်စင်း လွှတ်လိုက်သလို ဝင်းခနဲ လက်ခနဲ ဖြစ်သွားပြီးနောက် သက်တန့်ရောင်စုံကို ဖျတ်ခနဲ မြင်လိုက်ရပြီး သတိလစ်သွားလေတော့သည်။

ပစ်၏ခန္ဓာကိုယ်ကြီးသည် ပျော့ခွေသွားကြောင်း ဂျီအိုဒီနိုက သိလိုက်သည်။ ရေငုပ်မီးခွက်သည် ဖြန့်ထားသော ပစ်၏လက်ထဲမှ လွတ်ထွက်သွားပြီး မြေပြင်ပေါ်သို့ ကျသွားတော့သည်။

ဂျီအိုဒီနိုက ပစ်၏မျက်နှာအား သူ့မီးခွက်မီးရောင်နှင့် ထိုးကြည့်လိုက်ရာ ရေကာမှန် ပြုတ်ထွက်နေပြီး မည်သည့်ကိစ္စကိုမျှ အမှုမထားဟန်နှင့် မှိတ်နေသော ပစ်၏မျက်လုံးများကို တွေ့လိုက်ရတော့သည်။ ပစ်၏ပါးစပ ထဲမှ လေရှူသော ပိုက်ခေါင်းကလေးသည် နေသားတကျ ရှိနေသောကြောင့် စိတ်သက်သာရာရသွားသော ဂျီအိုဒီနိုက ပစ်၏ပေါင်ကို ဆက်လက်၍ ဖက်တွယ်ထားလိုက်၏။

ဂျီအိုဒီနို၏ ခန္ဓာကိုယ်အောက်ဘက်တွင် သဲနှင့် ရောနှောနေသော ကျောက်စရစ်ခဲတစ်ကွက်ကို တွေ့လိုက်ရပြန်သောကြောင့် ဂျီအိုဒီနိုက အရှိန်သေသွားအောင် ဘရိတ်ဖမ်းသည့်သဘောနှင့် ကျောက်စရစ်ခဲများကို ခြေထောက်နှင့် သွေးရူးသွေးတန်း ဖိကန်ထားလိုက်၏။ ထိုကဲ့သို့ ဖိကန်ထားလိုက်မှုကြောင့် ဂျီအိုဒီနို၏ ခြေထောက်မှ ရေယက်များသည် စုတ်ပြတ်သွားကြရသလို သူ၏ခြေထောက်နှင့် ခြေချင်းဝတ်မှ အရေပြားများသည် စုတ်ပြတ်သွားကြတော့သည်။

ဂျီအိုဒီနိုသည် ပါးစပ်ထဲတွင်ရှိနေသော လေရှူသည့် ရာဘာပိုက်ခေါင်းကို ကျိုးပဲ့သွားစေသည်အထိ သွားနှင့် ကိုက်လိုက်ပြီးနောက် သွေးများစီးကျနေသော ခြေထောက်ကို သဲထဲသို့ ပိုနက်အောင် အတင်း နင်းချလိုက်ပြန်၏။ ထိုအပြုအမူမှာ သွေးရူးသွေးတန်း ပြုလုပ်လိုက်သော အပြုအမူသာ ဖြစ်သည်။ သူ့ခြေထောက်နှစ်ဖက်သည် သဲထဲတွင် အစင်းကြောင်းကြီး နှစ်ခုကို ဖြစ်ပေါ်လာစေခဲ့ပြီးနောက် ဂျီအိုဒီနိုသည် ခြေကုပ်မိနေရာမှ လွတ်ထွက်သွားလေတော့သည်။

ချက်ချင်းဆိုသလိုပင် မိမိ ဆော့ကစားနေရသော ကြွက်ကလေးကို ရုတ်တရက် ငြီးငွေ့သွားသော ကြောင်တစ်ကောင်ပမာ ကြောက်စရာကောင်းလှသော ရေအောက်မှ ရေစီးကြောင်းကြီးသည် ဂျီအိုဒီနိုနှင့် ပစ်တို့ကို ပင်မရေစီးကြောင်းထဲမှ အပြင်သို့ ကန်ထုတ်ပြီး ပစ်လွှတ်လိုက်လေတော့သည်။

ဂျီအိုဒီနိုသည် လက်ကို ကမန်းကတန်း ဆန့်တန်းလိုက်ပြီးနောက် ပင်လယ်ရေအောက်မှ မြက်တစ်ဖုတ်ကို လက်နှင့်ဆုပ်ကိုင်ပြီး [illegible] သောပစ်၏ ခန္ဓာကိုယ်ကြီးကို အောက်ခြေတွင်ရှိသော ကျ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွာသည့် နေရာဆီသို့ ဆွဲယူလာခဲ့သည်။

ထို့နောက် ဂျီအိုဒီနိုသည် တည်ငြိမ်နေသော ပင်လယ်ရေထဲတွင် ကိုယ်ကို ဖြေလျှော့၍ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားသော ပစ်၏ခန္ဓာကိုယ်ကို စောင့်ကြည့်နေလိုက်တော့သည်။

ပုလဲဆိပ်ကမ်းရှိ ဗုံးခိုကျင်းထဲတွင် တိတ်ဆိတ် ငြိမ်သက်နေသည်။ လက်နှိပ်စက်များက ငြိမ်သက်နေသလို ကွန်ပျူတာများကလည်း အလုပ်မလုပ်ဘဲ ငြိမ်နေကြသည်။ ဗုံးခိုကျင်းထဲရှိ ဝန်ထမ်းထက်ဝက်လောက်သည် ရေဒီယိုနံဘေး၌ စုစုရုံးရုံး ရှိနေကြသည်။

အတွေးနယ်ချဲ့နေသောအမျိုးသားများက စကားမပြောဘဲ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေကြချိန်တွင် မျက်နှာဖြူရော်ရော်နှင့် ညှိုးချုံးနေပုံရသောအမျိုးသမီးများက စိတ်လှုပ်ရှားစွာနှင့် ကော်ဖီများကို ငုံ့ထည့်နေကြသည်။ တမျှော်မျှော်နှင့် စောင့်စားနေရမှုက သူတို့အား အနေအထိုင်ကျဉ်းကျပ်နေစေသလို သူတို့၏ ခွန်အားများကို ဆုတ်ယုတ်နေစေခဲ့၏။

ရေဒီယိုအော်ပရေတာ၏ တစ်ဖက်တစ်ချက်စီ၌ ဝင်ထိုင်နေကြသော ဟန်းတားနှင့်ဒင်ဗာသည် နီရဲနေသောမျက်လုံးကြီးများနှင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်နေကြသည်။

ဒင်ဗာသည် ရင်ဘတ်ပေါ်ရှိ အင်္ကျီအိတ်ထဲမှ ပလတ်စတစ်ဘူးကလေးတစ်လုံးကို ဆွဲထုတ်ယူပြီး ထိုဘူးကလေးကို စားပွဲပေါ်တွင် လှိမ့်ရင်း ပျင်းပျင်းရိရိနှင့် ဆော့ကစားနေသည်။

ဟန်းတားသည် ဒင်ဗာအား ခေတ္တမျှ ကြည့်နေလိုက်ပြီးနောက် မေးခွန်းထုတ်လိုဟန်နှင့် မျက်ခုံးကိုပင့်လိုက်၏။

"အဲဒါက ဘာလဲ"

ဒင်ဗာက ထောင်ပြလိုက်၏။

"ဟောဒါကို ခါတ်ခွဲကြည့်ဖို့ ပစ်က ပေးခဲ့တာပဲ၊ အဲဒါကို ဆေးထိုးပြွန်တစ်ခုထဲက ထုတ်ယူခဲ့တာတဲ့"

"ပစ်က မင်းကိုပေးခဲ့တာ ဟုတ်လား၊ အထဲမှာ ဘာပါသလဲ"

ဒင်ဗာက ခပ်တိုတို ပြောလိုက်၏။

"ဒီဂျီတစ်ဆယ် ဆိုတဲ့ အဆိပ်လေ။ ကြောက်စရာ အကောင်းဆုံးအဆိပ်တစ်မျိုးပဲ။ သူ့ကို ထောက်လှမ်းဖို့ အတော်ခက်တယ်၊ ဒီအဆိပ်ကြောင့် သေတဲ့လူဟာ နှလုံးရောဂါနဲ့ သေတဲ့ပုံစံမျိုး ဖြစ်နေတတ်တယ်"

"သူက အဲဒါနဲ့ ဘာလုပ်တာလဲ"

ဒင်ဗာက ပခုံးကိုတွန့်လိုက်၏။

"ကျုပ်လည်း မသိဘူး၊ အဲဒီကိစ္စကို ဟဟမပြောဘူး၊ ကျုပ်တို့ နောက်ဆုံးတွေ့ရင် သိလာမှာပဲလို့ ပြောခဲ့တယ်"

ဟန်းတား၏မျက်လုံးများသည် မမြင်ရဘဲနှင့်ငေးကြည့်နေပုံရသည်။





"အဲဒီလူကတော့ တကယ့်ပဟေဠိပါပဲကွာ၊ သူက ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ တကယ့် ပဟေဠိပုဂ္ဂိုလ်ပဲ"

"တယ်လီဖုန်းလာနေပါတယ် ဗိုလ်ချုပ်ကြီး"

အရာရှိတစ်ယောက်က ဗိုလ်ချုပ်ကြီးအား စကားပြောခွက်ကို ကမ်းပေးရင်း ပြောလိုက်သည်။

"ဘယ်သူလဲ . . ."

ထိုအရာရှိသည် ရှတ်တရက် အူကြောင်ကြောင်ဖြစ်သွားပြီးနောက် တွန့်ဆုတ်ဆုတ်နှင့် ပြောလိုက်၏။

"ရေဒီယိုအသံလွှင့်ဌာန 'ပိုပို' က ညဉ့်နက်ပိုင်းမှာ သောတရှင်လိုရာ သီချင်းတွေကို ဖွင့်ပေးနေတဲ့ အသံလွှင့်ဝန်ထမ်း အလိုဟာဝီလီပါ"

ဟန်းတား၏ ပါးစပ်သည် ပြဲသွားသည်။

"ဒါက ဘာသဘောလဲကွ၊ ငါက ခါတ်ပြားဖွင့်ပေးတဲ့ ဘယ်လိုလူမျိုးမှ မတွေ့ချင်ဘူး၊ သူက ဘယ်လိုနည်းနဲ့ ငါတို့ရဲ့ သီးသန့်တယ်လီဖုန်းနံပါတ်ကို သိသွားရတာလဲ"

ထိုအရာရှိသည် ထူးထူးခြားခြား စိတ်ညစ်သွားပုံရသည်။

"သူက ဒီကိစ္စဟာ သိပ်ကိုအရေးကြီးတယ်လို့ ပြောပါတယ်"

"သူ့ရဲ့ခါတ်ပြားပဟေဠိမေးခွန်းကတော့ 'မည်းနက်နေသော ငှက်ကြီးတစ်ကောင်၊ သိုက်မြုတွင် ခိုနားမိလေပြီ' တဲ့။ အဲဒီပဟေဠိကို ဗိုလ်ချုပ်ကြီး ဖြေဆိုနိုင်ရင် ဒိုင်းဆုကြီးကို ရလိမ့်မယ်လို့ သူက ပြောပါတယ်"

"ဒါက ဘယ်လိုပေါက်ကရတွေလဲကွ"

ဟန်းတားတစ်ယောက် ကြီးကြီးကျယ်ကျယ် ပေါက်ကွဲတော့သည်။

"မင်းက အဲဒီအရူးကို . . ."

ဟန်းတား၏နှုတ်ခမ်းသည် ချက်ချင်းလိုလိုပင် ရပ်တန့်သွားပြီးနောက် သူ့မျက်လုံးများသည် ပြူးထွက်လာကြတော့သည်။

'မည်းနက်နေသော ငှက်ကြီးဆိုတာ ကရိုဟေဗင်ပဲ'

သူသည် တယ်လီဖုန်းစကားပြောခွက်ကို ဆက်ခနဲ ဆွဲယူပြီးနောက် တစ်ဖက်မှ ပုဂ္ဂိုလ်အား လျှင်မြန်စွာ စကားပြောတော့သည်။ ထို့နောက် သူက စကားပြောခွက်အား ကြောင်နေသော အရာရှိထံသို့ ပြန်ပေးလိုက်ပြီး ဒင်ဗာ့ဘက်သို့ လှည့်လိုက်၏။

"ကရိုဟေဗင်က ဟိုနိုလူလူ ရေဒီယိုအသံလွှင့်ရုံတစ်ခုက ဖရီကွင်စီနဲ့ အသံလွှင့်နေတာလေ"

ဒင်ဗာသည် ကြီးကြီးကျယ်ကျယ် ဦးနှောက်ခြောက်သွားပုံရသည်။

"ကျုပ်တော့ နားမလည်ဘူး"

ဟန်းတားက စိတ်လှုပ်ရှားစွာနှင့် ပြောချလိုက်၏။

"သိပ်တော်တဲ့ စိတ်ကူးပဲကွာ၊ သိပ်ကိုတော်တဲ့ စိတ်ကူးပဲ ဒါလ်ဒီတာ စီးပွားဖြစ် အသံလွှင့်နေတဲ့ အသံလွှင့်ရုံတစ်ရုံက ရော့ခ်အင်ရိုးတေးဂီတ



www.burmeseclassic.com

www.burmeseclassic.com

အစီအစဉ်ကို ဝင်ပြီးဖျက်ဆီးပစ်ဖို့ နည်းနည်းမှ စိတ်ကူးမိမှာ မဟုတ်ဘူး ခုလို နံနက်ခင်းမျိုးမှာ ချာတိတ်တစ်စုလောက်ကသာ ရေဒီယိုဖွင့်ပြီး နားထောင်နေကြမှာ"

ဗိုလ်ချုပ်ကြီးက ရေဒီယိုအော်ပရေတာအား ငုံ၍လှမ်းပြောလိုက်၏။

"မင်း ဖရီကွင်စီကို (၁၂၅၀) မှာ ထားလိုက်စမ်းကွာ"

အစပထမတွင် ဗုံးခိုကျင်းထဲ၌ ရှိနေသူအားလုံး နားအူသွားလောက်အောင် မည်သည့်ပုံစံနှင့်မျှ ဆဲသဲကွဲကွဲ နားထောင်၍မရသည့် ရော့ခ်အင်ရိုးတေးဂီတသည် ဆူညံစွာ ပေါ်ထွက်လာသည်။

ထို့နောက် ရေဒီယို၏ပတ်ပတ်လည်၌ နားထောင်နေကြသူများသည် ရုတ်တရက် ထိတ်လန့်သွားမှုကို ပြည့်ပြည့်ဝဝ မခံစားကြရသေးခင် အသံစာစာနှင့် စက်သေနတ်ပစ်သလို တတွတ်တွတ် ပြောလိုက်သော အသံတစ်သံသည် စပီကာထဲမှ ပေါ်လာလေတော့သည်။

*"သာယာသော နံနက်ခင်းမှာ အိပ်ရာကထပြီး ငှက်ကလေးများကို လေ့လာနေကြတဲ့ ပုဂ္ဂိုလ်များ ခင်ဗျား၊ အခု ကျွန်တော် 'အလိုဟာဝီလီ' က တေးဂီတဝါသနာရှင်များကို ထိပ်တန်း ရော့ခ်အင်ရိုးတေးသီးချင်းလေးဆယ်နဲ့ အသုံးတော်ခံပါတော့မယ်။ အချိန်ကတော့ နံနက် ၃နာရီ မိနစ် ၅၀ ဖြစ်ပါတယ်။ ကဲ - သောတရှင်များ အဆင်သင့်ဖြစ်ကြပြီဆိုရင် ဖေဖေကြီးနဲ့ တို့အဖွဲ့က အသုံးတော်ခံကြမှာ ဖြစ်တဲ့အတွက် ထရန်စစ်စတာရေဒီယိုများကို နားရွက်မှာ ကော်နဲ့ကပ်ထားသလို အနားမှာ ထားကြပြီး နားသောတ ဆင်တော်မူကြပါ။*

*ကဲ - ဖေဖေကြီးနဲ့ တို့အဖွဲ့က ဆက်ပြီး တာဝန်ယူပါတော့"*

ဗုံးခိုကျင်းထဲက ရေဒီယိုအော်ပရေတာသည် အသံလွှင့်သော ခလုတ်ကို နှိပ်လိုက်ပြီးနောက် ထိုအစီအစဉ်ကို ကြားဖြတ်၍ ဝင်လိုက်၏။

"ဖေဖေကြီးက တို့အဖွဲ့နဲ့ ဆက်သွယ်နေပါတယ်၊ ကျေးဇူးပြုပြီး ပြန်ထူးပါ၊ အိုဗာ"

"တို့အဖွဲ့က ပြန်ပြောနေပါတယ် ဖေဖေကြီး၊ အခု ပြောတာကို ကြားရပါသလား၊ အိုဗာ"

ဒင်ဗာသည် ထိုင်ရာမှ ထခုန်လိုက်၏။

"အဲဒါ ကရိုးဟေဗင်ပဲ၊ သူ အောင်မြင်သွားပြီ၊ သူ စတားဘတ်ခ်ထဲက ပြန်ခေါ်နေတာ"

"ကျုပ်တို့ ကြားရပါတယ် တို့အဖွဲ့ရယ်၊ အိုဗာ"

"ဟောဒါ နောက်ဆုံးအခြေအနေတွေပဲ၊ ဧည့်သည်တော်အသင်းက တွင်းတစ်ပတ်တိတိ ပြေးနိုင်ခဲ့တယ်၊ ဘောလုံးတစ်ချက်ထိတယ်၊ အမှားသုံးကြိမ် ဖြစ်ခဲ့တယ်၊ အိမ်ရှင်အသင်းကတော့ တစ်ပတ်မှမရဘူး၊ ဘောလုံးသုံးချက် ထိတယ်၊ အမှား လေးကြိမ် ဖြစ်ခဲ့တယ်"





ဟန်းတားက စပီကာအား ကြောင်တောင်တောင်နှင့် ငေးကြည့်နေသည်။

"ဒဏ်ရာရတဲ့ စာရင်းကို လျှို့ဝှက်သင်္ကေတနဲ့ သတင်းပို့နေတာ၊ ကရိုးဟေဗင်က ရေငုပ်သင်္ဘောကို အပိုင်စီးနိုင်ခဲ့ပြီ၊ ဒါပေမယ့် တစ်ယောက်ကျဆုံးပြီး သုံးယောက် ဒဏ်ရာရသွားတယ်"

"အမှတ်စာရင်းကို လက်ခံပါတယ် တို့အဖွဲ့ရယ်"

ရေဒီယိုအော်ပရေတာက ပြန်ပြောလိုက်၏။

"အောင်မြင်မှုရသွားတဲ့ ဧည့်သည်တော်အသင်းကို ကျုပ်တို့က ချီးကျူးလိုက်ပါတယ်။ သူတို့ ဘယ်အချိန်လောက်ကျရင် ကစားကွင်းထဲက ပြန်ထွက်လာနိုင်ကြမလဲ"

အဖြေကလည်း တုံ့ဆိုင်းမှုမရှိဘဲ ထွက်ပေါ်လာသည်။

"ရေချိုးခန်းတွေထဲမှာ ရေနွေးငွေ့တွေကို ဖွင့်ထားတဲ့အပြင် အဝတ်လဲတဲ့အခန်းကလည်း နောက်ထပ် တစ်နာရီလောက်ကြာရင် လူရှင်းသွားပါလိမ့်မယ်၊ ကျုပ်တို့က ဘတ်စ်ကားပေါ်ကိုတက်ပြီး ဝ၄း၀၀ နာရီကျရင် အားကစားကွင်းထဲက ပြန်ထွက်ခဲ့ကြမယ်"

ဒင်ဗာသည် စားပွဲကို လက်နှင့်ထုလိုက်ပြီး အားရပါးရပြုံးလိုက်သည်။

"ဓာတ်ပေါင်းဖိုတွေက တာဘိုင်စက်[illegible]းတွေဆီကို ရေနွေးငွေ့တွေ လွှတ်ပေးနေတဲ့အပြင် သင်္ဘောဦးပိုင်း တိုပီဒိုခန်းထဲက ရေတွေကိုလည်း တစ်နာရီအတွင်းမှာ ကုန်သွားအောင် ပြန်ထုတ်ပစ်နိုင်လိမ့်မယ်၊ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ သူတို့က မှန်းထားတာထက်တောင် စော်နေပြီပဲ"

ဟန်းတားက ရှေ့သို့ငိုက်ပြီး စကားပြောခွက်ကို အော်ပရေတာထံမှ ဆွဲယူလိုက်၏။

"တို့အဖွဲ့ရေ၊ ခုပြောတာ ဖေဖေကြီး၊ ချာတိတ်တစ်ယောက် ဘယ်မှာလဲ"

"ချာတိတ်နဲ့ သူ့အဖော် တောင်ကုန်းကလေးရဲ့ဟိုဘက်မှာ ပျောက်ဆုံးနေတဲ့ ရွှေမိုင်းကို ရှာဖွေဖို့ ထွက်သွားကြတယ်၊ အဲဒီအချိန်ကစပြီး ဘာသံမှ မကြားရတော့ဘူး၊ သူတို့နှစ်ယောက် သဲကန္တာရထဲမှာ လမ်းပျောက်ပြီး ရေလည်း ကုန်သွားကြပုံရတယ်"

ဟန်းတားသည် စကားပြောခွက်ကို တိတ်တိတ်ဆိတ်ဆိတ် ပြန်ချလိုက်၏။ ထိုစကားကို ဘာသာပြန်ရန် မလိုတော့ပါ။ သူပြောလိုက်သည့်သတင်းက ရှင်းလွန်း စင်းလွန်းလှပေသည်။

ကရိုးဟေဗင်၏အသံက ဆက်ပြောလိုက်၏။

"ကျုပ်တို့က အားကစားနဲ့ ပတ်သက်တဲ့ နောက်ဆုံးသတင်းကို ဝ၅း၀၀နာရီကျရင် ထပ်သတင်းပို့ပါမယ်၊ တို့အဖွဲ့နားပြီ ဒါပဲ"

အလိုဟာဝီလီသည် တုံ့ဆိုင်းခြင်းမရှိဘဲ ဆက်၍ အသံလွှင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ကိုယ့်လူတို့ ကြားကြရပြီ မဟုတ်လား၊ ကဲ - အမှတ်စဉ်(၁၂) က သီချင်းကို ဖွင့်ပြပါတော့မယ်၊ သီချင်းအမည်က 'ပြသွားတဲ့ ဘောင်းဘီကလေး' တဲ့"

ပရိသတ်ကို သနားသွားပုံရသော ရေဒီယိုအော်ပရေတာက စပီကာမှ ခလုတ်ကို ပိတ်လိုက်၏။

"၀၅း၀၀ နာရီအထိ စောင့်ရပါလိမ့်မယ် ဆရာ"

ဗိုလ်ချုပ်ကြီး ဟန်းတားသည် တံ့ဆိုင်းနှေးကွေးစွာ လျှောက်သွားပြီးနောက် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်၏။ သူက နံရံကို ကြောင်တောင်တောင်နှင့် ငေးကြည့်နေသည်။

ဟန်းတားက ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ငါတို့ဘက်က ပေးရတဲ့အဖိုးအခကလည်း များလှချည်လား"

ဒင်ဗာက နာနာကြည်းကြည်း ပြောလိုက်သည်။

"ပစ်က ကရိုးဟောဗင်နဲ့ မခွဲဘဲ နေဖို့ကောင်းတယ်၊ သူက ဗိုလ်ချုပ်ကြီးသမီးကို ဘယ်လိုနည်းနဲ့မှ လိုက်မရှာသင့်ဘူး"

ဒင်ဗာက သူ့ပါးစပ်ကို အချိန်မီ ပြန်မပိတ်နိုင်ခဲ့ချေ။

ဟန်းတားက မော့ကြည့်လိုက်၏။

"ငါက အက်ဒရင်နီကိုရှာဖို့ ခွင့်ပြုချက်မပေးခဲ့ပါဘူး"

"ကျုပ်သိပါတယ် ဆရာ"

ဒင်ဗာက စိတ်ပျက်လက်ပျက်နှင့် ပခုံးကို တွန့်ပြလိုက်၏။

"ကျုပ်က သူ့ကို မလုပ်ဖို့ တားမြစ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် သူက စမ်းကြည့်သင့်တယ်လို့ မရမက ပြောခဲ့တယ်၊ သူက အဲဒီလိုလူစားမျိုး"

ဟန်းတားက ပစ္စုပ္ပန်ကာလနှင့်ပြောခဲ့သော ဒင်ဗာ၏စကားကို အတိတ်ကာလနှင့် ပြင်ပြောလိုက်၏။

"သူက အဲဒီလိုလူစားမျိုး ဖြစ်ခဲ့ဖူးပါတယ်လို့ ပြင်ပြောလိုက်စမ်းပါကွာ"

"လမ်းလျှောက်တတ်သော အလောင်းကောင်များရဲ့ နယ်မြေက ကြိုဆိုလိုက်ပါတယ်"

ပစ်သည် သူ့မျက်လုံးများကို တဖြည်းဖြည်းနှင့် ချိန်သားကိုက်အောင် အားယူပြီး မော့ကြည့်လိုက်ရာ အဖြတ်မ်း ပြုံးနေသော ဂျီအိုဒီနို၏ မျက်နှာကို မြင်လိုက်ရတော့သည်။

"ဘယ်သူက လမ်းလျှောက်နေတာလဲ"

ပစ်က ညည်းလိုက်၏။ သူက ပြန်ပြီး သတိလစ်နေချင်မိသည်။ တိုက်ခဲနာကျင်နေသော လက်မောင်းမှ ဝေဒနာနှင့် တဒုန်းဒုန်းမြည်၍ နာနေသော ဦးခေါင်းတို့သည် အခြားပုဂ္ဂိုလ်တစ်ယောက်၏ လက်နှင့်ဦးခေါင်းများသာ ဖြစ်စေချင်မိသည်။ သူသည် နည်းနည်းမျှ မလှုပ်ရှားပါ။





ထိုနေရာတွင် လဲလျောင်းရင်း ခန္ဓာကိုယ်ထဲက ကြွတက်လာသော ဝေဒနာကို အောင့်အည်းသည်းခံပြီး ခံစားနေသည်။

ဂျီအိုဒီနိုက အမှုမဲ့အမှတ်မဲ့ လေသံနှင့် ပြောလိုက်၏။

"ငါက မင်းအတွက် ခေါင်းတစ်လုံး ဝယ်ရတော့မယ်လို့တောင် ထင်လိုက်မိသေးတယ်"

"ခုအချိန်မှာ ငါခံစားနေရတဲ့ ဝေဒနာရဲ့စာရင်း အဲဒါကမှ ပိုကောင်းလိမ့်ဦးမယ်လို့ ငါထင်တယ်"

ပစ်က လက်ကမ်းပေးလိုက်ရာ ဂျီအိုဒီနိုက ပစ်ထထိုင်လိုက်နိုင်အောင် ဆွဲထူပေးလိုက်သည်။ ပစ်သည် သူ့မျက်လုံးထဲမှ သဲနှင့်ဆားရည်များ ထွက်သွားအောင် မျက်တောင်တဖျပ်ဖျပ် ခတ်ပစ်လိုက်၏။

"ငါတို့ ဘယ်နေရာကို ရောက်နေကြတာလဲ"

ဂျီအိုဒီနိုက ဖြေလိုက်သည်။

"ရေအောက်လိုဏ်ဂူ တစ်ခုထဲမှာလေ၊ မင်းသတိမေ့သွားပြီး တို့နှစ်ယောက် ကြောက်စရာကောင်းတဲ့ ရေစီးချောင်းထဲက လွတ်လာတဲ့အချိန်မှာ ငါက အဲဒီလိုဏ်ဂူကို ရှာတွေ့ခဲ့တာပဲ"

ပစ်သည် ဂျီအိုဒီနို၏ ရေငုပ်မီးခွက်မှ ခပ်မှိန်မှိန်ကလေး လင်းနေသော အလင်းရောင်ဖြင့် ထိုဂူကျဉ်းကျဉ်းကလေးကို လှည့်ပတ်ကြည့်လိုက်၏။ ထိုဂူကလေးသည် အနံ့ပေနှစ်ဆယ်ခန့်ကျယ်ဝန်းပြီး အမြင့်မှာ သုံးဆယ်ခန့် ရှိပေသည်။ မျက်နှာကြက်၏အမြင့်မှာ တညီတည်း[illegible] (၅) ပေနှင့် (၁၀) ပေအထိ မညီမညာဖြစ်နေကြောင်း တွေ့လိုက်ရသည်။ လိုဏ်ဂူကြမ်းပြင်၏ လေးပုံသုံးပုံသည် ရေအောက်တွင် ရောက်ရှိနေပြီး ကျောက်ခဲများနှင့် ပြွမ်းနေသော ကျန်လေးပုံတစ်ပုံနေရာတွင် ပစ်နှင့် ဂျီအိုဒီနိုတို့က အနားယူနေခြင်း ဖြစ်သည်။ တစ်ဝက်တစ်ပျက် ရေလွှမ်းမိုးနေသော ထိုဂူ၏နံရံများမှာ ချောမွတ်နေပြီး ထိုနံရံပေါ်တွင် ကြောက်လန့်နေသော ပုရွက်ဆိတ်ကလေးများပမာ ပြေးလွှားနေကြသော ကဏန်းငယ်ကလေးများ ရှိနေကြသည်။

ပစ်က ပြောလိုက်၏။

"တို့ ဘယ်လောက်လောက်အနက်ပေမှာ ရောက်နေကြသလဲ မသိဘူး"

"အနက်ပေကို ပြတဲ့ ငါ့ကိရိယာကတော့ ဒီဂူရဲ့အဝင်ဝနားမှာ ပေငါးဆယ်ကို ပြနေတာပဲ"

ပစ်သည် စိုးကရိမ်သောက်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ သူသည် နာကျင်ကိုက်ခဲနေသော ခန္ဓာကိုယ်ကြီးကို တရွတ်ဆွဲ၍ ယူလာပြီး[illegible] စွန်းထင်းနေသော သွေးကွက်ကြီးကို စိတ်ဝင်တစား ငေးကြည့်နေသည်။

ဂျီအိုဒီနိုက ပြောလိုက်၏။

"ငါ့ဆီမှာ ကင်မရာပါမလာတာ နာလိုက်တာကွာ၊ [illegible]



www.burmeseclassic.com

သာ ရေးပြလိုက်ရရင် လူတွေက သိပ်ကို စိတ်ဝင်စားကြမှာပဲ"

ပစ်က ညာပြောလိုက်၏။

"တကယ်တော့ မင်းမြင်နေရတာထက် ငါ့ဝေဒနာက ပိုဆိုးတယ်ကွ"

သူက ဂျိုအိုဒီနို၏ ခြေထောက်ကို ခေါင်းညိတ်ပြလိုက်သည်။

"မင်းလည်း ငါ့လိုနေမှာပါပဲကွာ"

ဂျိုအိုဒီနိုက ပြန်မေးလိုက်၏။

"ကဲ - ဘာလုပ်ကြမလဲ"

ပစ်က စဉ်းစဉ်းစားစားနှင့် ဖြေလိုက်သည်။

"တို့အပြင်ကိုတော့ ပြန်ထွက်လို့ မဖြစ်ဘူး၊ ဟောဒီသွေးတွေနဲ့သာဆိုရင် ဆယ်မိုင်အတွင်းမှာရှိတဲ့ ငါးမန်းတွေကို အကုန်လာကြဟေ့လို့ ခေါ်လိုက်သလို ဖြစ်သွားလိမ့်မယ်"

သူက လက်ပတ်နာရီကိုကြည့်ရင်း စကားကို ရပ်တန့်ထားလိုက်၏။ ထို့နောက် ရေပြင်ကို ငေးကြည့်နေသည်။

"မော်နီတာ စစ်သင်္ဘောက ဒုံးပျံကို မလွှတ်လိုက်ခင် တို့အဖို့ နှစ်နာရီနီးပါး အချိန်ရသေးတယ်၊ တို့ အဲဒီအချိန်အတောအတွင်းမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်ကြရရင် မကောင်းဘူးလား"

ဂျိုအိုဒီနို၏ မျက်နှာမှာ ခံစားမှုအလျှင်းမရှိသလို ဖြစ်နေသည်။

"ငါတို့က လိုဏ်ဂူတွေကို လျှောက်လေ့လာနိုင်အောင် ကျန်းမာရေးမကောင်းကြဘူးကွ"

"ငါကလည်း အလကားထိုင်နေရရင် ဘယ်လောက်တောင် ပျင်းတတ်တယ်ဆိုတာကို မင်းလည်းသိသားနဲ့"

ဂျိုအိုဒီနိုက စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်၏။

"အင်း - သူငယ်ချင်းအတွက် ဒုက္ခခံရသေးတာပေါ့လေ"

"ငါတို့ရဲ့ ပစ္စည်းကိရိယာ အခြေအနေက ဘယ်လိုလဲ"

"ငါက အဲဒါကို မင်းမမေးပါစေနဲ့လို့ ဆုတောင်းနေတာ"

ဂျိုအိုဒီနိုက ငေါ့တော့တော့ လေသံနှင့် ပြန်ပြောလိုက်၏။

"ငါတို့ အခုဖြစ်နေတဲ့ အနေအထားမျိုးမှာပါ လေဘူးတွေက လေကုန်သလောက် ဖြစ်နေပြီ၊ ငါတို့ဆီမှာ ရေကာမှန်က တစ်ခု၊ နိုင်လွန်ကြိုးက ခပ်လေးဆယ်၊ ခြေထောက်မှာတပ်ရတဲ့ ရေယက်က တစ်ခု၊ ပြီးတော့ အားကုန်တော့မယ့် ငါ့မီးခွက်၊ ဒါတွေပဲ ရှိတော့တယ်"

"လေဘူးကို အသာထားလိုက်စမ်းပါကွာ၊ ငါက လေဘူးမပါဘဲ ရေထဲကို စမ်းငုပ်ကြည့်မယ်"

ပစ်သည် ရေယက်ကို ခြေထောက်တစ်ဖက်တွင် စွပ်လိုက်ပြီးနောက် နိုင်လွန်ကြိုးစတစ်စကို ခါးတွင် ချည်နှောင်လိုက်သည်။

"မင်းက ကြိုးတစ်ဖက်ကိုကိုင်ပြီး အေးအေးဆေးဆေးသာ အနားယူ





ပါ၊ ငါက ကြိုးကို သုံးခါဆောင့်ဆွဲလိုက်ရင် မင်းဒီနေရာက သုတ်ခြေတင်ပြီး ထွက်ပြေးပေတော့၊ နှစ်ခါဆောင့်ဆွဲရင် ငါ့ကို ပြန်ဆွဲပြီး ခေါ်ပေးပါ၊ ငါက တစ်ချက်တည်း ဆောင့်ဆွဲလိုက်ရင်တော့ ငါ့နောက်ကို မင်းလိုက်ခဲ့ပေတော့"

ဂျိုအိုဒီနိုက သက်ပြင်းချလိုက်၏။

"ငါ ဒီကဏန်းတွေနဲ့သာ နေရမယ်ဆိုရင်တော့ ငါ သိပ်ပျင်းနေရစ်တော့မှာပဲ"

ပစ်က ပြုံးလိုက်သည်။

"ငါက စက္ကန့် (၉၀) လောက်ပဲ အသက်ကို အောင့်ထားနိုင်တယ်ဆိုတော့ မင်း ကြာကြာ ပျင်းရမှာ မဟုတ်ပါဘူးလေ"

ပစ်သည် ရေငုပ်မီးခွက်ကို ကောက်ကိုင်လိုက်ပြီးနောက် ကျောက်တုံးစွန်း၌ထိုင်ရင်း သူ့ခန္ဓာကိုယ်ထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များအကုန်အစင် ပြန်ထွက်သွားအောင် အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်၊ ခပ်ပြင်းပြင်း ထုတ်လိုက် လုပ်နေသည်။ နောက်ဆုံးတွင် သူ့အဆုတ်များက ထို့ထက်ပို၍ ခံနိုင်ရည် မရှိတော့ကြောင်း ကျေနပ်သွားသည့်အခါတွင် သူသည် ရေထဲသို့ ဆင်းလိုက်ပြီး လိုဏ်ဂူ၏ အောက်ခြေကြမ်းပြင်ဆီသို့ ငုပ်ဆင်းသွားတော့သည်။

ပစ်သည် ရေငုပ်ရာတွင် အလွန် ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။ သူသည် အသက်မရှူဘဲ အောင့်ထားပြီး ရေထဲတွင် နှစ်မိနစ်ခန့် နေနိုင်သူဖြစ်သည်။ သူ့ခန္ဓာကိုယ်ပေါ်ရှိ ကြွက်သားများက တောင့်နေသလို အသားပေါ်ရှိ ဒဏ်ရာများက ဆားရည်နှင့်ထိချိန်၌ စပ်နေကြသော်လည်း ဝစ်သည် ချောမွတ်သောနံရံကို လက်တစ်ဖက်နှင့်စမ်းရင်း ကျွန်တစ်ဖက်တာရှေ့သို့ မီးရောင်နှင့် ထိုးပြပြီး အောက်ဘက်သို့ ငုပ်သွားခြင်း ဖြစ်သည်။ လိုဏ်ဂူနံရံသည် (၁၅) ပေအထိ ဆင်ခြေလျှောကလေး ဖြစ်နေသော်လည်း နောက်ပိုင်းတွင် တပြေးညီဖြစ်သွားပြီး ကျဉ်းမြောင်းသော ဂူပေါက်တလေးအသွင်သို့ ပြောင်းလဲသွားတော့သည်။

ပစ်သည် သူသွားမည့်လမ်းကို ပိတ်ဆို့လုမတတ် ကာဆီးနေသော ကျောက်ခဲပုံနှင့် ရင်ဆိုင်လိုက်ရသော်လည်း နောက်ဆုံးတွင် အခက်အခဲများအကြားမှ တွန့်လိမ်ကောက်ကွေး၍ တိုးထွက်နိုင်ခဲ့တော့သည်။

ထိုနေရာမှ တိုးထွက်လိုက်ချိန်တွင် လိုဏ်ဂူနံရံများသည် ဘေးဘက်သို့ ပြန့်ကားသွားကြကြောင်း ပစ်က မြင်လိုက်ရသည်။ ပစ်သည် လိုဏ်ဂူအသစ်ထဲသို့ ဝင်ခဲ့ပြီး ရေယက်ကို ဖြည်းညင်းစွာခတ်ရင်း အပေါ်ဘက်သို့ ကူးတက်လာခဲ့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ပစ်သည် လတ်ဆတ်သော လေကို ရှူလိုက်ရပြီး အဝါရောင် ခပ်ဖျော့ဖျော့ လင်းနေသော လိုဏ်ဂူကြီးထဲသို့ ရောက်ရှိသွားတော့သည်။

ပစ်သည် ရုတ်ခြည်းလိုလိုပင် ရွှေရောင်လွှမ်းနေသော ထူးခြားလှ

www.burmeseclassic.com



သည့် ကမ္ဘာသစ်တစ်ခုထဲသို့ ရောက်ရှိသွားတော့သည်။ အရိပ်များသည် ပင်လျှင် ရွှေရောင်လွှမ်းနေကြသည်၊ လိုဏ်ဂူကြီး၏ ခေါင်မိုးသည် အနည်းဆုံး ပေနှစ်ဆယ်ခန့်မြင့်ပြီး တွဲလွဲကျနေသော ကျောက်ပန်းခက်များမှ ရေစက်များသည် ရေပြင်ပေါ်တွင် ရေပွက်ကလေးများဖြစ်အောင် တစက်စက် ကျဆင်းနေကြသည်။

ပစ်သည် ရွှေရောင်သန်းနေသော ရေပြင်ပေါ်တွင် လက်ပစ်ကူးခတ်၍ ကျောက်သားကို ထွင်းထုထားသော လှေကားကြီးဆီသို့ ချဉ်းကပ်သွားတော့သည်။ ထိုလှေကားကြီးသည် ကောက်ကွေ့သွားသော လိုဏ်ခေါင်းကြီးတစ်ခုဆီအထိ ရောက်ရှိနေပြီး လှေကားထစ်များပေါ်တွင် ထူးဆန်းပုံရသော ကြိုက်ပုံများကို ထွင်းထုထားသည်။ ကမ်းပေါ်သို့ စ၍တက်ရသော လှေကားထစ်များ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် လေးထောင့်ပုံ မုတ်ဆိတ်မွေးများရှိသော ယောက်ျားတစ်ယောက်၏ ရုပ်တုကြီးများရှိနေကြသည်၊ ထိုယောက်ျားကြီးများတွင် ခြေထောက်များအစား ရေသူမသဏ္ဌာန်ငါးအမြီးများ ရှိနေကြပြီး ထိုယောက်ျားသည် စဖင့်စ်ရုပ်တုကြီးများကဲ့သို့ ကုန်းကုန်းကွကွပုံစံနှင့် စီးကျနေသော ရေစက်များကြောင့် ဆိုးဆိုးရွားရွား ပျက်စီးနေကြပြီး ထိုရုပ်တုကြီးများသည် အလွန် ရှေးကျသောရုပ်တုကြီးများ ဖြစ်ပုံရသည်။

ပစ်သည် အောက်ဆုံး လှေကားထစ်ပေါ်တွင် တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး ရေကာမျက်မှန်ကို ဖြုတ်လိုက်ရာ ထူးဆန်းသော အလင်းရောင်ကြောင့် ကျင့်သားရအောင် မျက်စိကို တဖျပ်ဖျပ် ခတ်လိုက်ရသည်။ ကျပ်ကျပ်တည်းတည်းရှိလှသော ရေငုပ်ဝတ်စုံက ပစ်၏လက်မောင်းကို စတင်၍ ယားကျိကျိ ဖြစ်လာစေခဲ့သည်။ ပစ်သည် ဒဏ်ရာများကို မထိအောင် ဂရုစိုက်ရင်း ရေငုပ်ဝတ်စုံကို ကိုယ်ပေါ်မှ ချွတ်လိုက်၏။ ထို့နောက် ပစ်သည် ခါးတွင်ပတ်ထားသော နိုင်လွန်ကြိုးကို ဖြေလိုက်ရာ အရှည်သုံးပေခန့်သာ ကျန်တော့သည်ကို တွေ့ရတော့သည်။ ပစ်က ကြိုးကို တစ်ချက်ဆောင့်ဆွဲလိုက်ပြီးနောက် ကြိုးတင်းလာသည်နှင့် တစ်ပြိုင်နက် ရေပြင်ပေါ်သို့ ဂျိုအိုဒီနို၏ ဦးခေါင်းပေါ်လာသည်အထိ ကြိုးကို လက်တစ်ဖက်နှင့် ဆွဲတင်ပေးလိုက်သည်။

ဂျိုအိုဒီနိုက အ,ထစ်အ,ထစ်နှင့် ရေရွှတ်လိုက်၏။

"ငါတော့ အဝါရောင်ဇရဲထဲကို ရောက်သွားပြီ"

ဂျိုအိုဒီနိုသည် မျက်လုံးပေါ်တွင် ဝဲကျနေသော ဆံပင်များကို ဖယ်ထစ်လိုက်ပြီး ပစ်ဆီသို့ လက်ကမ်းပေးလိုက်၏။

"ဒဲလ်ဖီရဲ့ ကြောက်စရာ စံအိမ်တော်က ကြိုဆိုပါတယ်"

ပစ်က ပြောပြောဆိုဆိုနှင့် ဂျိုအိုဒီနို၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ရေထဲမှ လှေကားထစ်များပေါ်သို့ရောက်အောင် ဆွဲတင်ပေးလိုက်၏။

ဂျိုအိုဒီနိုက ရုပ်တုကြီးများထံသို့ ခေါင်းဆတ်ပြလိုက်သည်။





"ဒီဒေသက ဧည့်ခံကြိုဆိုရေး ကော်မတီလား"

သူက လေးထောင့်ကျကျ မုတ်ဆိတ်မွေးများနှင့် ကျောက်သားမျက်နှာပြင်ကို လက်နှင့် ပွတ်လိုက်၏။

"ဘယ်လိုနည်းနဲ့ ဒီလို ထူးထူးခြားခြား အရောင်တွေ ထွက်တယ်လို့ မင်းထင်သလဲ"

"အဲဒီအရောင်တွေက ကျောက်ခဲတွေထဲက ထွက်နေတယ်လို့တောင် ထင်နေရတယ်ကွ"

"ဟုတ်တယ်၊ ကျောက်ခဲတွေထဲက ထွက်နေတာ"

ဂျိုအိုဒီနိုက သဘောတူလိုက်သည်။

"ငါ့လက်ကိုပဲ ကြည့်ဦးလေ"

ဂျိုအိုဒီနိုက လက်ဖဝါးကို ထောင်ပြလိုက်ရာ အရေပြားထဲမှ ထူးခြားသောအရောင်များ ပေါ်ထွက်နေသည်ကို တွေ့ရတော့သည်။

"ငါက ဘာသတ္တုတွေ ပါတယ်ဆိုတာကို မာတ်ခွဲပြီး မပြောတတ်ဘူး၊ ဒါပေမယ့် မီးစုန်းဓာတ် တော်တော်များများ ပါလိမ့်မယ်လို့ ငါထင်တယ်"

ပစ်က ပြောလိုက်၏။

"ငါကတော့ ဒီလောက်လောက်အထိ လင်းလိမ့်မယ်လို့ကို မထင်မိဘူး"

ဂျိုအိုဒီနိုက လေကို ရှူရှိုက်လိုက်သည်။

"ယူကလစ်တပ်စ်အနံ့ရတယ်"

"ယူကလစ်ဆီလေ၊ သူတို့က လေရဲ့စိုထိုင်းဆလျော့နည်းသွားအောင်နဲ့ လေကိုသန့်စင်သွားအောင် ယူကလစ်ဆီကို သုံးလေ့ရှိတယ်"

ဂျိုအိုဒီနိုသည် ဒဏ်ရာရနေသော ခြေထောက်ကို သတိထားရင်း သူ့ကိုယ်ပေါ်မှ ရာဘာဝတ်စုံကို ချွတ်လိုက်၏။ ဂျိုအိုဒီနို၏ ခြေထောက်သည် အရိုးသို့ရောက်လုနီးပါး အသားများ စုတ်ပြတ်ကုန်ပြီး သူ့ခြေထောက်သည် အိုင်ထွန်းလာသော သွေးကွက်ထဲ၌ ရှိနေသည်ကို ပစ်က သတိထားလိုက်သည်။ သို့သော် ပစ်က ထိုကိစ္စကို ဖွင့်မပြောချေ။

"ငါ လှေကားပေါ်ကို တက်ကြည့်လိုက်ဦးမယ်၊ မင်းက ရှုမျှော်ခင်းတွေကို အရသာခံပြီး ဒီမှာပဲ နေရစ်ခဲ့ပါလားကွာ"

"ဘယ်ရမလဲကွ . . ."

ဂျိုအိုဒီနိုက ပြန်ပြောလိုက်၏။

"တို့နှစ်ယောက် အတူတူ တတွဲတွဲနေတာက ပိုကောင်းလိမ့်မယ်လို့ ငါထင်တယ်၊ ငါ မဖြစ်ဖြစ်အောင် လိုက်ခဲ့ပါ့မယ်၊ မင်းက ရှေ့ကိုသာကြည့်ပြီး လမ်းရှင်းပေးပါ"

ပစ်သည် ဂျိုအိုဒီနို၏ သွေးထွက်နေသော ခန္ဓာကိုယ်အား လှမ်းကြည့်လိုက်သလို သူ့ကိုယ်သူလည်း ငုံ့ကြည့်လိုက်သည်။

'ငါတို့နှစ်ယောက်ဟာ တော်တော် သနားစရာကောင်းတဲ့လူတွေပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပစ်က တွေးလိုက်၏။

သူတို့နှစ်ယောက်စလုံး ပြင်းထန်စွာ ဒဏ်ရာရထားကြသည်။ သွေးအထွက်များနေကြသည်။ မည်သည့်ဆရာဝန်ကမဆို သူတို့နှစ်ယောက်အား ချက်ချင်း ဆေးရုံပေါ်တင်ပြီး ခုတင်ပေါ်က ပြန်ဆင်းခိုင်းလိမ့်မည် မဟုတ်ပါချေ။

သို့သော် ဂျီအိုဒီနီအား တားထား၍ ရမည် မဟုတ်ဘဲ သတိလစ်ပြီး မေ့မြောသွားသည်အထိ သူနောက်က လိုက်လာလိမ့်မည်ဖြစ်ကြောင်း ပစ်သိပါသည်။ ထို့ကြောင့် ပစ်သည် အာမှုမပြောတော့ဘဲ ချာခနဲ လှည့်ပြီး လှေကားပေါ်သို့ တက်သွားတော့သည်။

သူတို့နှစ်ယောက်သည် သဘာဝမကျသော ဝန်းကျင်ထဲတွင် စိတ်ညစ်စရာကောင်းလောက်အောင် နွေးထွေးလှစွာနှင့် လေတဟူးဟူးတိုက်ခတ်နေသော ဥမင်လိုဏ်ခေါင်းထဲသို့ ဝင်ခဲ့ကြသည်။ သူတို့ကြားရသည့် အသံမှာ ပင်ပင်ပန်းပန်း ရှူနေရသော သူတို့၏ အသက်ရှူသံများနှင့် ကျောက်ခက်များထံမှ အဆက်မပြတ် ကျနေသော ရေစက်များ၏ အသံသာ ဖြစ်သည်။ ဥမင်လိုဏ်ခေါင်းသည် တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းသွားပြီး အနံ သုံးပေ၊ အမြင့်ငါးပေသာရှိသော ဥမင်လိုဏ်ခေါင်းဘဝသို့ ရောက်ရှိသွားတော့သည်။ လှေကားထစ်များ၏ အမြင့်မှာလည်း တဖြည်းဖြည်းနှင့် နိမ့်လာပြီး နောက်ဆုံးတွင် တညီတည်း ဖြစ်သွားတော့သည်။

ပစ်သည် စိုထိုင်းနေသော နံရံကို ကျောနှင့်ကပ်ထားပြီး ဦးခေါင်းနှင့် မျက်နှာကြက် ဝင်မဆောင့်မိအောင် ဦးခေါင်းကို ငုံ့ထားရင်း ထိုဥမင်လိုဏ်ခေါင်းအတိုင်း ရှေ့သို့ တရွေ့ရွေ့ တိုးလာခဲ့သည်။ ရေငုပ်မီးခွက်မှ ဓာတ်ခဲများသည် အားကုန်လုဆဲဆဲဖြစ်နေရာ ထိုမီးခွက်မှ မီးရောင်သည် မီးစုန်းဓာတ်မှ အရောင်ထက် ပိုမလင်းတော့ချေ။ ရှေ့ဘက်သို့ ပေသုံးဆယ်သွားမိတိုင်း ဂျီအိုဒီနီတစ်ယောက် သူနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာအောင် ဝေဒနာခံစားရင်း ခုန်ဆွဆွနှင့် လာနေသည်ကို ပစ်က စောင့်ရလေ့ရှိသည်။ သူက ရပ်တန့်စောင့်ရသည့်အခါတိုင်း ဂျီအိုဒီနီက မီအောင် လိုက်လာရသည့်အချိန်မှာ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ ကြာသွားကြောင်း ပစ်က သတိထားလိုက်မိသည်။ ဒဏ်ရာရနေသော သူမိတ်ဆွေသည် ကြာကြာခံတော့မည် မဟုတ်သည်မှာ သေချာနေလေပြီ။

"နောက်အခါကျရင် စက်လှေကား (Escalatorn) ရှိတဲ့ လိုဏ်ဂူကိုရှာပါကွာ"

မောဟိုက်နေသော ဂျီအိုဒီနီက ပြောလိုက်၏။ သူက ထိုဝါကျကို ပြောနိုင်အောင် သုံးကြိမ်တိတိနားပြီး အသက်ရှူခဲ့ရသည်။

"နည်းနည်းလောက် လေ့ကျင့်ခန်းယူတယ် ဆိုတာ လူတိုင်းအတွက် သိပ်ကောင်းပါတယ်ကွာ"

ပစ်က ကြင်နာစိတ်မရှိဟန်နှင့် ပြောလိုက်၏။



သူတို့၏ အသက်ရှင်ရေးအတွက် ပစ်က ဂျီအိုဒီနီအား လှုပ်လှုပ်ရှားရှားရှိနေအောင် တွန်းအားပေးနေရလိမ့်မည်။ သူတို့သည် ရေအောက်တောင်ကုန်းပေါ်ရှိ ရေပြင်ပေါ်သို့ ပြန်တက်နိုင်သည့်လမ်းကို ရှာမတွေ့ခဲ့ပါက တန်ပေါင်းများစွာ လေးလံသော ကျောက်ခဲများအတွက် စိစိညက်ညက် သေကျေပျက်စီးကြရပေတော့မည်။

ပစ်က ရှေ့ဆက်သွားသည်။ ရေငုပ်မီးခွက်မှ အလင်းရောင်သည် နီကြင်ကြင်ကလေးမျှသာ ကျန်ရှိတော့ရာ ပစ်က ထိုမီးခွက်ကို ဂရုမစိုက်တော့ဘဲ လက်ထဲက လွှတ်ချလိုက်လေတော့သည်။ ထိုမီးခွက်ကလေးသည် သူလာခဲ့သောလမ်းအတိုင်း လိမ့်ဆင်းလျှောကျသွားသည်ကို ပစ်က ခေတ္တမျှ စောင့်ကြည့်နေလိုက်မိသည်။ ထိုမီးခွက်ကလေးသည် ဂျီအိုဒီနီ၏ နံဘေးတွင် တဒေါက်ဒေါက်နှင့် လိမ့်ဆင်းသွားပါက ဂျီအိုဒီနီက မည်ကဲ့သို့ တွေးတောလေမည်နည်းဟု ပစ်က တွေးကြည့်လိုက်၏။

ရုတ်ခြည်းဆိုသလိုပင် အေးမြသောလေက သူ့အသားပေါ်သို့ လာရောက်ထိတွေ့လေတော့ရာ ပစ်သည် ကြက်သီးတဖြန်းဖြန်း ထသွားရလေတော့သည်။ ရှေ့ဘက်တစ်နေရာရာတွင် လေဝင်ပေါက် သို့မဟုတ် အပေါက်တစ်ခုခု ရှိရပေလိမ့်မည်။

ပစ်သည် မကြာမီ နူးညံ့သောအပြာရောင် အလှာကလေးတစ်လွှာကို မြင်လိုက်ရတော့သည်။ ထိုအပြာရောင် အလွှာကလေးသည် စကြံလမ်း၏ နံရံပေါ်၌ ကျရောက်နေသော ဖျော့တော့တော့အရိပ်များနှင့် တစ်လှည့်စီ လှုပ်ရှားနေသည်ဟု ထင်သည်။

ပစ်က ရှေ့သို့ တိုးကပ်သွားလိုက်၏။ ထိုပစ္စည်းသည် သူ မြင်ဖူးတွေ့ဖူးနေသော ပစ္စည်းတစ်ခုကဲ့သို့ လှုပ်ရှားနေသည်။

'ငါ ဘာဖြစ်လို့ မခွဲခြားနိုင်ရတာလဲ' ဟု ပစ်က တွေးကြည့်လိုက်မိ၏။ သူ့ဦးနှောက်သည် လေးလံထိုင်းမှိုင်းနေသည်။ ပင်ပန်းနွမ်းနယ်မှုက အသွေးအသားများထဲတွင် စီးဝင်နေကြသည်ဖြစ်ရာ သူ၏ တွေးမှုစိတ်အစဉ်ကို တုံ့ဆိုင်းသွားစေခဲ့ကြသည်။ သူ့ကိုယ်ထဲမှ သွေးအထွက်များမှုက ဒုက္ခပေးစပြုလေပြီ။

သူက ရပ်တန့်ပြီး ဂျီအိုဒီနီကို စောင့်လိုက်၏။ သို့ရာတွင် ဂျီအိုဒီနီ ပေါ်မလာတော့ပါ။

ပစ်သည် သူ့တစ်ကိုယ်လုံးကို ထုထပ်သော တိမ်တိုက်မည်းကြီးပမာ လွှမ်းခြုံထားသော အထီးကျန်နိုင်မှု၊ စိတ်ကျဉ်းကျပ်မှုနှင့် အသက်ရှူ၍ မဝမှုတို့ကို တွန်းလှန်တိုက်ဖျက်ရန် ခက်ခဲနေသည်။ လွန်ခဲ့သော တစ်နာရီအတွင်းတွင် ပစ်သည် ဒုတိယအကြိမ်အဖြစ် ထိုင်းမှိုင်းနေသော ဦးနှောက်ကို အလုပ်လုပ်နေအောင် ကြိုးပမ်းနေရသည်သာမက သူ့အမြင်ကိုကန့်လန့်ခံ၍ တားဆီးနေသော အနက်ရောင် ကန့်လန့်ကာကြီး ပွင့်သွားအောင် ကြိုးပမ်းနေရပြန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပစ်သည် လက်ကို ဆန့်တန်း၍ တလက်လက် တောက်နေသော အပြာရောင်ကို လက်နှင့်ထိလိုက်၏။ သူ့လက်ချောင်းများသည် ချောမွေ့ပြီး နူးညံ့သော ပစ္စည်းတစ်ခုကို တွေ့ထိလိုက်ရသည်။

"ကန့်လန့်ကာတစ်ခုပါကလား"

သူက မည်သူ့ကိုမျှ ရည်ရွယ်ခြင်းမရှိဘဲ ပြောလိုက်၏။

ပစ်က ကန့်လန့်ကာပေါ်မှ အတွန့်အခေါက်များကို ဖယ်ရှားပစ်လိုက်ရာ နံရံပေါ်တွင် အနက်နှင့် အပြာရောင်ကတ္တီပါစများ ဖုံးအုပ်ထားသော စိတ်ကူးယဉ်ကမ္ဘာကလေးထဲသို့ ရောက်ရှိသွားလေတော့သည်။

ကြီးမားသော အခန်းကြီးထဲတွင် မဲနယ်ရောင် ကော်ဇောထူထူကြီးပေါ်၌ သက်န်းနက်သားနှင့် လှလှပပ သေသေသပ်သပ် ထွင်းထုထားသော ငါးရုပ်များ အပြည့်အနှက် ရှိနေကြသည်။ ထိုကော်ဇောကြီးသည် ပစ် မြင်ဖူးခဲ့သော ကော်ဇောများနှင့် လုံးဝ မတူပါချေ။

သူ့ခြေထောက်များသည် ကော်ဇောထဲတွင် ခြေချင်းဝတ်အထိ နစ်မြုပ်နေကြသည်။ ပစ်က ဦးခေါင်းကို မော့ကြည့်လိုက်ရာ ထိုအဆင်အပြင်တစ်ခုလုံးသည် မျက်နှာကြက်မှ ကြမ်းပြင်အထိ အခန်းနံရံတိုင်းပေါ်တွင် ရှိနေသော မှန်ကြီးများမှတစ်ဆင့် ရောင်ပြန်ဟပ်နေခြင်းသာ ဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။

ထိုအခန်း၏ အလယ်ဗဟိုတွင် သစ်သားနှင့် ထွင်းထုထားသော ငါးပျံလေးကောင်၏ ပင့်တင်ပေးထားမှုကြောင့် ကြွတက်နေသော ကနုကမာခွံသဏ္ဌာန် အိပ်ရာကြီးတစ်ခုရှိနေပြီး တလက်လက် တောက်ပြောင်နေသော ဖဲသားအိပ်ရာခင်းပေါ်တွင် အဝတ်အစား ကင်းမဲ့နေသော မိန်းမပျိုကလေးတစ်ယောက် ရှိနေသည်။

သူမ၏ ဖြူဖွေးသော အသားရောင်သည် အနက်ရောင်နှင့် အပြာရောင် ကဲနေသော အခန်းထဲတွင် ထူးထူးခြားခြား ပေါ်လွင်နေသည်။

သူမသည် ပက်လက်လှန်၍ အိပ်နေခြင်းဖြစ်ပြီး ဒူးတစ်ဖက်ကို ထောင်ထားသလို သူမ၏လက်တစ်ဖက်က သေးငယ်၍ ဖြူဖွေးသော ရင်သားတစ်ဖက်ပေါ်တွင် အုပ်လျက်သား ရောက်ရှိနေသည်။

သူမ၏မျက်နှာအား အလင်းရောင်ထဲ၌ တလက်လက် တောက်နေသော ရှည်လျားလှသည့် ဆံပင်များက စွဲမက်ချင်စရာ ကောင်းလောက်အောင် ဖုံးအုပ်ထားသည်။ ထိုဆံပင်များသည် ခေါင်းအုံးပေါ်၌လည်း ပြန့်ကျဲနေကြသည်။ အသက်ရှူမှုကြောင့် နိမ့်ချည်မြင့်ချည် ဖြစ်နေသည့် သူမ၏ဝမ်းဗိုက်သားကလေးသည် တင်းတင်းရင်းရင်းနှင့် ကျစ်ကျစ်လျစ်လျစ် ရှိနေကြောင်း ဖော်ပြနေသည်။

ပစ်သည် ယိုင်ထိုးထိုးနှင့် အိပ်ရာပေါ်သို့ ငုံ့လိုက်ပြီးနောက် သူမ၏ မျက်နှာပေါ်မှ ဆံပင်များကို ဖယ်ရှားပစ်လိုက်၏။

ပစ်၏ထိတွေ့မှုက အိပ်ပျော်နေသော သူမအား နိုးသွားစေခဲ့သည်





ဖြစ်ရာ သူမသည် လှုပ်ရှားလာပြီး ကြွတ္တိယတို့၏ ကျက်သရေရှိမှုမျိုးနှင့် ခပ်တိုးတိုးကလေး ညည်းညူလိုက်၏။

သူမ၏မျက်လုံးများသည် ပွင့်လာကြပြီး ပစ်၏မျက်လုံးများနှင့် ဆုံလိုက်မိကြသည်။ ထို့နောက် အိပ်ပျော်နေမှုကြောင့် ထုံထိုင်းပြီး အုံ့မှိုင်းနေသော သူမ၏ဦးနှောက်က သူမ၏အိပ်ရာပေါ်၌ ငုံ့ကြည့်နေသော သွေးစိုရွှဲနေသည့် တစ္ဆေသရဲကြီးကို ထင်ထင်ရှားရှား မြင်လာရသည့်အချိန်တွင် ချစ်စရာကောင်းလှသော သူမ၏မျက်နှာကလေးသည် ကြောက်စိတ်ကြောင့် ရှုပ်ပျက်ဆင်းပျက် ဖြစ်သွားရတော့သည်။

မှုန်ခေါ်နေသော သူမ၏နှုတ်ခမ်းများက ပွင့်ဟသွားကြသော်လည်း သူမ၏နှုတ်ခမ်းမှ ခေါ်သံ ထွက်ပေါ်မလာခဲ့ပါ။

"ဟယ်လို . . . ဆမ်းမား"

ပစ်က နှုတ်ခမ်းကို ကွေးကောက်၍ ပြုံးပြလိုက်၏။

"ကိုယ်က ဒီအနီးအနားကို ရောက်နေတဲ့အတွက် မင်းတို့ဆီကို ဝင်လည်ရရင် ကောင်းမှာပဲ ဆိုပြီး ဝင်လာခဲ့တာလေ"

ထို့နောက် ပစ်၏ဦးနှောက်သည် ရုတ်တရက် မှောင်အတိကျသွားတော့သလို ပစ်သည် နောက်ဘက်ရှိ ကော်ဇောပေါ်သို့ နောက်ပြန်လဲ၍ ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၁၆)

ပစ်သည် သတိလစ်နေရာမှ ပြန်၍သတိရလာအောင် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း သတိရလုနီးပါး ဖြစ်လာပြီးမှ အမှောင်ထုထဲသို့ ပြန်၍ရောက်ခဲ့ရသည်မှာ အကြိမ်ကြိမ် ရှိခဲ့လေပြီ။ လူများ၊ အသံများ၊ မြင်ကွင်းများသည် သူ့ဦးနှောက်ထဲတွင် ရှုပ်ရှုပ်ထွေးထွေးနှင့် ချားရဟတ်ပမာ လည်နေကြသည်။ သူက လည်နေသော ထိုအသံများ၊ မြင်ကွင်းများကို နေ့ကွေးသွားအောင် အချိုးအစားကျနစွာ မြင်ရလေအောင် အတင်းအဓမ္မ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ရှုပ်ထွေးနေသော မြင်ကွင်းသည် ရှိနေဆဲပင်တည်း။

ထို့နောက် သူသည် မျက်စိကို ဖွင့်လိုက်မည်ဆိုပါက အိပ်မက်ဆိုးကြီး ပျောက်ကွယ်သွားလိမ့်မည်ဟု တွေးလိုက်မိသော်လည်း တကယ် ဖွင့်လိုက်သောအခါတွင် သူသည် အိပ်မက်ဆိုးကြီးတစ်ခုမှ နောက် အိပ်မက်ဆိုးကြီးတစ်ခုဆီသို့ ရောက်သွားခဲ့သည်ကိုသာ စိတ်ပျက်စရာ ကောင်းလောက်အောင် တွေ့လိုက်ရတော့သည်။

ဒဲလ်ဖီ၏ အဝါရောင် မျက်လုံးကြီးများသည် အခြား မည်သူနှင့်မျှ မှားယွင်းနိုင်စရာ မရှိပါချေ။

"မင်္ဂလာနံနက်ခင်းပါ မစ္စတာပစ်"

ဒဲလ်ဖီက ခြောက်ကပ်ကပ်လေသံနှင့် ပြောလိုက်၏။ သူ့လေသံနှင့် အနေအထားမှာ ယဉ်ကျေးပုံရသော်လည်း အေးစက်မာကျောနေသော သူ့မျက်နှာတမှ မုန်းတီးရွံရှာမှုကို ထင်ထင်ရှားရှား ဖော်ပြနေကြသည်။

"မင်းရဲ့ဒဏ်ရာတွေအတွက် ကျုပ် ဝမ်းနည်းမိပါတယ်၊ ဒါပေမယ့် မင်းတဲ့ နစ်နာမှုအတွက်တော့ တရားမစွဲနိုင်ပါဘူးလေ၊ ဟုတ်တယ်မဟုတ်လား"

"ခင်ဗျားက အခွင့်မရှိ မဝင်ရဆိုတဲ့ ဆိုင်းဘုတ်တွေဘာတွေ ချိတ်ထားဖို့ မေ့သွားတာကိုး"





ပစ်၏အသံသည် သူငယ်ပြန်နေသော သက်ကြီးရွယ်အိုတစ်ယောက်က ပြောလိုက်သောအသံလို ပြတ်တောင်းပြတ်တောင်းနှင့် ပေါ်ထွက်လာသည်။

"ကျုပ်က လိုသွားတာပေါ့လေ၊ ဒါပေမယ့် မင်းကို ဘယ်သူကမှ ကျုပ်တို့ရဲ့ လျှပ်စစ်တာဘိုင် ရေလွှတ်ပေါက်က ရေစီးကြောင်းထဲကို ကမူးရှူးထိုးနဲ့ ဝင်လာခဲ့ပါလို့ ဖိတ်ခေါ်ခဲ့တာမှ မဟုတ်ဘဲ"

"လျှပ်စစ်တာဘိုင်စက် ဟုတ်လား"

"ဟုတ်တယ်"

ဒဲလ်ဖီသည် မေးခွန်းထုတ်လိုဟန်ရှိသော ပစ်၏အကြည့်ကို အရသာတွေ့သွားပုံရသည်။

"ကျုပ် နေထိုင်တဲ့ ဘုံဗိမာန်ကလေးထဲမှာ ဥမင်လိုဏ်ခေါင်းတွေဟာ စုစုပေါင်း လေးမိုင်ကျော်ရှိတယ်။ ပြီးတော့လည်း မင်းကိုယ်တိုင် ကြုံတွေ့ခဲ့ရသလို တော်တော်ကလေး အေးတယ်၊ ဒီတော့ ကျုပ်တို့ဆီမှာ ရေနွေးငွေ့တာဘိုင်စက်တွေက ထုတ်လုပ်ပေးနိုင်မယ့် အပူဓာတ်နဲ့ လျှပ်စစ်ဓာတ်အားကို အသုံးပြုဖို့ လိုအပ်လာတာပေါ့"

"ဇိမ်ရှိရှိ နေနိုင်အောင်ပေါ့လေ"

ပစ်က ဦးနှောက်ကို ကြည်လင်အောင် ကြိုးစားရင်း ခပ်တိုးတိုး ရေရွတ်လိုက်၏။

"ရေပြင်ပေါ်မှာ မြူနှင်းတွေ ဆိုင်းနေတာ၊ အဲဒီ စက်တွေကြောင့်ပဲ ပေါ့နော်"

"ဟုတ်တယ်၊ အဲဒီ တာဘိုင်စက်တွေက ထွက်လာတဲ့ အပူဓာတ်တွေဟာ ပိုပြီး အေးတဲ့ရေနဲ့ တွေ့လိုက်တဲ့အခါ ရေနွေးငွေ့တွေဟာ စဲသွားပြီး မြူနှင်းတွေလို ဖြစ်လာရတော့တာပေါ့"

ပစ်သည် သူ့ကိုယ်သူ ထိုင်နိုင်သည့် အနေအထားသို့ ရောက်အောင် ကိုယ်ကို ဆွဲထူပြီး ပြင်ထိုင်လိုက်သည်။ သူက လတ်ပတ်နာရီပေါ်မှ လက်တံများကို ဖတ်နိုင်ရန် ကြိုးစားလိုက်သော်လည်း သူ့မျက်စိထဲတွင် ဒိုင်ခွက်သည် ဝါးနေလေသည်။

"ကျုပ်မေ့နေတာ ဘယ်လောက်တောင် ကြာသွားသလဲ"

"လွန်ခဲ့တဲ့ မိနစ်လေးဆယ်က မင်းကို ကျုပ်သမီးရဲ့ အိပ်ဆောင်ထဲမှာ တွေ့ခဲ့ရတယ်"

ဒဲလ်ဖီသည် ဒဏ်ရာဗရပွရှိနေသော ပစ်၏ ခန္ဓာကိုယ်အား ခံစားမှု အလျှင်းရှိပုံမရဘဲ စေ့စေ့စပ်စပ် စိုက်ကြည့်နေသည်။

ပစ်က ပြုံးပြုံးရယ်ရယ်နှင့် ပြန်ပြောလိုက်၏။

"တော်တော့်ကို မကောင်းတဲ့ ကျုပ်ရဲ့ အကျင့်ဆိုးတစ်ခုပေါ့လေ၊ မဟုတ်မဟတ်တဲ့အချိန်ကျရင် အမျိုးသမီးကလေးတွေရဲ့ အိပ်ဆောင်ထဲကို ရောက်ရောက်နေတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒဲလ်ဖီ၏အမူအရာက ခပ်တည်တည်ပင်။ ငွေရောင်ဆံပင်နှင့် လူဘိုလူးကြီးသည် အဖြူရောင်ကျောက်သားကို ထွင်းထုပြီး အနီရောင် ကူရှင်များခင်းထားသော ထိုင်ခုံပေါ်တွင် ထိုင်နေပြီး ပစ်ကိုယ်တိုင်ကမူ အေးစက်နေသော ကျောက်သားကြမ်းပြင်ပေါ်တွင် ထိုင်နေကြောင်း သတိပြုလိုက်မိသည်။

ပစ်က ဒဲလ်ဖီအား လျစ်လျူရှုလိုက်ပြီး သူရောက်နေသော ပတ်ဝန်းကျင်ကို လေ့လာလိုက်၏။ ထိုရုံးခန်းသည် ကမ္ဘာ့ပြပွဲကြီးများတွင် တွေ့ရတတ်သော အနာဂတ်ကာလမှ ရုံးခန်းမျိုးပင် ဖြစ်သည်။ ထိုအခန်းမှာ အလျားပေ (၂၅) ပေ၊ အနံ (၂၅) ပေခန့် ကျယ်ဝန်းသော ကျောက်သားကို ထွင်းထုထားသည့် အခန်းကျယ်ကြီးဖြစ်သလို နံရံပေါ်တွင် ပင်လယ်ရှုမျှော်ခင်း မူရင်း ပန်းချီကားများကို သေသေသပ်သပ်နှင့် ကြည့်ကောင်းအောင် ချိတ်ဆွဲထားသည်။ လုံးဝိုင်းနေသော ကြေးဝါမီးတိုင်များမှ လင်းထိန်နေသော အလင်းရောင်များ ပေါ်ထွက်နေပြီး ထိုအလင်းရောင်များသည် ဖြူဖွေးနေသော မျက်နှာကြက်ပေါ်သို့ ကျရောက်နေကြရာ ထိုမျက်နှာကြက်က အောက်ဘက်တွင်ရှိသော အခန်းကြီးအား နူးညံ့သောအလင်းရောင်များကို တစ်ဆင့် ဖြန့်ဖြူးပေးနေလေသည်။

အစွန်ဆုံး နံရံ နံဘေးတွင်မူ နီရဲသော သားရေကို မျက်နှာပြင်တစ်ခုလုံးပြည့်အောင် ခင်းထားသော သစ်သားစားပွဲကြီးတစ်လုံး ရှိနေသည်။ ထိုစားပွဲနံဘေး၌ စားပွဲနှင့်လိုက်ဖက်သော ပရိဘောဂတစ်စုံ ရှိနေသည့်အပြင် စားပွဲပေါ်တွင်လည်း ခေတ်အမီဆုံး အင်တာကွန် စကားပြောကိရိယာ တစ်ခုရှိနေပေသည်။

သို့ရာတွင် ဤအခန်းထဲ၌ ပြောစမှတ်ပြုရလောက်အောင် ထူးခြားပြီး အခြား မည်သူနှင့်မျှ မတူသော တီထွင်မှုတစ်ခုမှာ ပင်လယ်သမုဒ္ဒရာကြီးဘက်သို့ ဖောက်ထားသော အလျား (၁၀) ပေနှင့် အမြင့် (၈) ပေခန့်ရှိပြီး အထက်ဘက်နား၌ ခုံးနေသော မှန်ပြတင်းပေါက်ကြီးတစ်ခုပင်တည်း။

ပစ်သည် ကြည်လင်သော မှန်ချပ်ကြီးကို ထွင်းဖောက်၍ ရေအောက်တွင် ထွန်းထားသော မီးရောင်များကြောင့် ရုပ်လုံးပေါ်နေကြသော မှိုပွင့်သဏ္ဌာန် ကျောက်တုံးကျောက်ခဲကြီးများကို လှမ်းမြင်နေရသည်။ ရှစ်ပေခန့် ရှည်လျားသော ငါးလင်ပန်းကြီးတစ်ကောင်သည် မှန်ပြတင်းပေါက်နားဆီသို့ ချဉ်းကပ်လာပြီး အခန်းထဲ၌ရှိသော ပုဂ္ဂိုလ်များကို ခပ်တည်တည် စိုက်ကြည့်နေသည်။ ဒဲလ်ဖီက ငါးလင်ပန်းကြီးကို သတိမထားမိပါ။ ရွှေရောင်မျက်လုံးများက ပစ်အား မျက်စိမှေးပြီး ငေးကြည့်နေကြဆဲပင်။

ပစ်က ဒဲလ်ဖီဘက်သို့ ပြန်ကြည့်လိုက်၏။ ထူးခြားလှသော ထိုအခန်းထဲ၌ နေမထိထိုင်မသာ ဖြစ်အောင် အေးမြနေသော်လည်း ပစ်သည် ဖော်ပြ၍ မရသော အနွေးဓာတ်တစ်မျိုးကို ခံစားနေရသည်။ သူ့အပေါ်ဘက်၌





ထိုင်နေသော ကြီးထွားလှသည့် လူဘိုလူးကြီးသည် မည်သည့်နည်းနှင့်မျှ မမှားမယွင်းနိုင်သော မဟာပညာရှင်ကြီးတစ်ယောက် မဟုတ်ကြောင်း သူ ယခု နားလည်သွားလေပြီ။

"မင်းက ဒီကနေ့ မနက်မှာ သိပ်ပြီး စကားမသွက်လှပါကလား၊ မင်းက မင်းသူငယ်ချင်းရဲ့ ကံကြမ္မာကို တွေးပြီး စိတ်ပူနေလို့လား"

"သူငယ်ချင်း ဟုတ်လား၊ ခင်ဗျားပြောနေတာတွေကို ကျုပ် နားမလည်ပါလား"

"ခြေထောက်မှာ ဒဏ်ရာရနေတဲ့လူလေ၊ မင်းက သူ့ကို လူမရှိတဲ့ ကြေလမ်းထဲမှာ ထားပစ်ခဲ့တယ်"

"ခုခေတ်မှာ အမှိုက်ဆိုတာ နေရာတကာမှာ ရှိနေတတ်တာပဲ"

"မင်းက ခုလိုဆက်ပြီး မသိချင်ယောင်ဆောင်နေတာ တော်တော်မိုက်မဲတဲ့ အပြုအမူပဲ။ ကျုပ်တပည့်တွေက မင်းတို့ရဲ့ လေယာဉ်ပျံကို ရှာတွေ့သွားကြပြီ၊ ဒီတော့ မင်း ဒီမှာ ဘာလာလုပ်သလဲ ဆိုတာ ကျုပ်ကို ပြောပြဖို့ စက္ကန့်သုံးဆယ်ပဲ အချိန်ပေးမယ်"

"ကေ းပြီလေ၊ ကျုပ်က စုံစုံလင်လင် ပြောပြပါ့မယ်။ ကျုပ်တို့က လားစ်ဗီးဂတ်စ်မှာ လောင်းကစားဖို့အတွက် လေယာဉ်ပျံတစ်စီးကို ငှားလိုက်တယ်၊ လမ်းရောက်တော့ လမ်းမှားသွားတယ်၊ အဲဒါ အကုန်ပါပဲ၊ အဲဒါကို ကျုပ်က ကျိန်တွယ်ပြီး ပြောရဲပါတယ်ဗျာ"

"မင်းက တော်တော် ဉာဏ်သွားသားပဲ"

ဒဲလ်ဖီက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်၏။

"ဒါပေမယ့် မင်းနဲ့ကျုပ် အလုပ်လုပ်သို့ မပြီးသေးခင် မင်းက ကျုပ်ကို တောင်းတောင်းပန်ပန်နဲ့ ဖွင့်ပြောပြရလိမ့်မယ်"

"ကျုပ်ကို နှိပ်စက်ညှဉ်းပန်းတဲ့အခါကျရင် ကျုပ်ဟာ ဘယ်လောက်အထိ ခံနိုင်ရည်ရှိမလဲလို့ တစ်ခါတစ်ခါကျရင် တွေးကြည့်မိတယ်"

ဒဲလ်ဖီက ပစ်ကို အမြင်ကတ်လောက်အောင် စိုက်ကြည့်လိုက်၏။

"မင်းကို အဲဒီလို မလုပ်ပါဘူး ပစ်ရယ်၊ ကျုပ်က မင်းကို နည်းနည်းကလေးမှ နေမထိထိုင်မသာဖြစ်အောင် လုပ်ဖို့ စိတ်မကူးပါဘူး။ အမှန်တရားကို ဖော်ထုတ်တဲ့နေရာမှာ ဒါ့ထက်ပိုပြီး ပညာပါတဲ့နည်းတွေ ရှိပါသေးတယ်"

ဒဲလ်ဖီသည် ကျောက်တန်းလျားကလေးပေါ်မှ ထလိုက်ပြီး အင်တာကွန်ပေါ်သို့ ဦးခေါင်းကို ငုံ့လိုက်၏။

"နောက်တစ်ယောက်ကို ငါ့ဆီခေါ်လာခဲ့"

သူက ခါးကို ပြန်မတ်လိုက်ပြီးနောက် ပစ်အား အသက်ကင်းမဲ့သော အပြုံးနှင့် ပြုံးပြလိုက်သည်။

"သက်သက်သာသာနေပါကွာ၊ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူးလို့ ကျုပ်ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည် ဒူးခေါင်းနှစ်လုံးကို ကွေးလိုက်ပြီးနောက် ကိုးရိုးကားရားပုံစံနှင့် မတ်တတ်ရပ်လိုက်၏။ သူသည် မူးဝေနေမှုနှင့် အားအင်ကုန်ခန်းနေမှုတို့ကြောင့် ရီတီတီ ဖြစ်နေသော်လည်း အက်ဒရီနယ်ဟိုမုန်းများ ကြွထလာမှုကြောင့် သူ့ဦးနှောက်သည် ကြည်လင်နေသည်။

သူက လက်ပတ်နာရီအား တစ်ချက် ခိုးကြည့်လိုက်၏။ နာရီက နံနက် (၄) နာရီ (၁၀) မိနစ်ရှိပြီဟု ဖော်ပြနေသည်။

မောအီကျွန်းပေါ်ရှိ အသံလွှင့်စက်အား မရိန်းတပ်သားများက ဝင်ရောက် တိုက်ခိုက်ရန် မိနစ် (၅၀) လိုပေသေးသည်။

မော်နီတာစစ်သင်္ဘောက ရေအောက်တောင်ကုန်းအား ကျောက်ခဲပုံဖြစ်သွားအောင် ဖောက်ခွဲပစ်ရန် မိနစ်ငါးဆယ် လိုသေးသည်။

ယခုအချိန်တွင် ဤနေရာမှ အသက်နှင့် ခန္ဓာကိုယ် တစ်တွဲတည်းနှင့် ပြန်လည် လွတ်မြောက်လာရန် မလွယ်ကူလှတော့ပါ။ အကယ်၍ ကရိုးဟေဗင်ကသာ စတားဘတ်ခ်ကို ပြန်မောင်းသွားနိုင်မည် ဆိုပါလျှင် ထိုကဲ့သို့ စွန့်စွန့်စားစားနှင့် အနစ်နာခံရမှုမှာ ထိုက်ထိုက်တန်တန် ရှိပေလိမ့်မည်ဟု ပစ်က တွေးလိုက်၏။

သူက မျက်စိကို မှိတ်လိုက်ပြီးနောက် စတားဘတ်ခ်က သမုဒ္ဒရာကြီးကို ကျော်ဖြတ်၍ ဟာဝေယံကျွန်းဆီသို့ ပြန်လည် ခုတ်မောင်းသွားနေသည်ကို အာရုံထဲတွင် ပေါ်လာအောင် စဉ်းစားကြည့်လိုက်သည်။

သို့သော် သူ့အာရုံထဲတွင် မည်သည့်ရုပ်ပုံလွှာမျှ ပေါ်လာခြင်း မရှိပါ။

ကရိုးဟေဗင်သည် ထိုမျှလောက် များပြားသောသွေးများကို တစ်ခါမျှ မမြင်ဘူးခဲ့ပါ။ ထိန်းချုပ်ခန်းထဲရှိ ကြမ်းပြင်ပေါ်တွင် သွေးများနှင့်သုတ်လိမ်းထားသလို ပေကျံနေသည့်အပြင် လျှပ်စစ်ခက်ခလုတ်ခုံများပေါ်တွင်လည်း သွေးများသည် စိတ္တဇပန်းချီကားများလို ရုပ်ပျက်ဆင်းပျက် ပေကျံနေကြသည်။ အစဦးပိုင်းတွင် အစစအရာရာသည် ချောမွေ့ပြေပြစ်နေသည်။ ထိုစဉ်က ချောမွေ့ပြေပြစ်လွန်းလှသည်ဟု ကရိုးဟေဗင်က နောက်ပိုင်းတွင် ပြန်တွေးမိလာခဲ့သည်။

သူတို့သည် ရေငုပ်သင်္ဘောနောက်ပိုင်းရှိ စက်တိုခန်းထဲရှိ ခုခံမှုအလျှင်းမရှိဘဲ ဝင်နိုင်ခဲ့ကြသည်။ သူတို့သည် ရေငုပ်ကိရိယာများကို ကိုယ်ပေါ်မှချွတ်၍ ခေတ္တခဏပင် အနားယူနိုင်ခဲ့ကြသည်။ သို့ရာတွင် ဖျံတပ်ဖွဲ့မှ ရေငုပ်ပြေးကင်းသမားများသည် ထိန်းချုပ်ခန်းထဲသို့ ဝင်လိုက်သည့်အချိန်တွင်မူ ကမ္ဘာကြီး ပျက်စီးသွားသလို ဖြစ်ခဲ့ရလေတော့သည်။

ကရိုးဟေဗင်အဖွဲ့မှ ထိုလေးမိနစ်သည် အိပ်မက်ဆိုးကြီး၏ တစ်စိတ်တစ်ဒေသပင် ဖြစ်တော့သည်။

ဖျံတပ်သားများ၏လက်ထဲရှိ သေနတ်ပြောင်းများမှ ထွက်ပေါ်လာသော နားကွဲလုမတတ် ဆူညံလှသည့်အသံများကို နားထောင်ခဲ့ရသော





လေးမိနစ်။

ပိတ်လှောင်နေသော ရေငုပ်သင်္ဘောထဲတွင် ခေါ်သံ ညည်းညူသံတို့ကို ပွဲတင်သံများနှင့်အတူ ကျယ်လောင်စွာ ကြားခဲ့ရသော ထိုလေးမိနစ်။

ယခုအချိန်မှာပင် ကရိုးဟေဗင်၏ နားများသည် ရေငုပ်သင်္ဘောကို အပိုင်ရရှိရေးအတွက် သဲသဲမဲမဲ တိုက်ခိုက်ကြမှုမှ ကြားခဲ့ရသည့် အသံဗလံများကြောင့် အူနေဆဲပင် ဖြစ်တော့သည်။

ဒဲလ်ဖီ၏ တပည့်များသည် လူသားတို့၏ သတ္တိမျိုးနှင့် မတူသော မိုက်ရူးရဲသတ္တိမျိုးနှင့် တိုက်ခိုက်ခဲ့ကြသည်။ ဖျံတပ်သားများ၏ လက်နက်များမှ ကျည်ဆန်များသည် သူတို့၏ခန္ဓာကိုယ်ထဲသို့ ခြောက်ကြိမ်မှ ရှစ်ကြိမ်အထိ ထိမှန်သွားကြသည့်တိုင်အောင် ကြံ့ကြံ့ခံ၍ ခုခံပစ်ခတ်ခဲ့ကြသည်။ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ထိုကဲ့သို့သော ပင်ပန်းဆင်းရဲမှုမျိုးကို မည်သည့်အတွက်ကြောင့် ခံနိုင်ရည်ရှိကြလေသနည်းဟု ကရိုးဟေဗင်က စဉ်းစားကြည့်လိုက်မိ၏။ နံငယ်ပိုင်းကလေးများသာ ဝတ်ဆင်ထားကြသော ထိုပုဂ္ဂိုလ်သုံးယောက်သည် ပွဲချင်းပြီး သေဆုံးခဲ့ကြပြီး ဟန်းတားကို အစီရင်ခံခဲ့ချိန်မှ ယခုအချိန်အထိ နောက်ထပ် လေးယောက် သေဆုံးခဲ့ကြသည်။ သူတို့သည် ပစ္စည်းကိရိယာပြည့်စုံလှသော ဆေးရုံကြီးတစ်ခု၌ အရေးပေါ် ခွဲစိတ်ကုသမှုကို ချက်ချင်း ခံယူရပါမှ အသက်ရှင်ကြမည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သူတို့သည် ကျည်ဆန်ပေါင်း ခြောက်ဆယ်ခန့်နှင့် အပစ်ခံထားရသောကြောင့် ကုန်းပတ်ပေါ်၌ လဲလျောင်းရင်း သူတို့၏ ဒဏ်ရာများထဲမှ အသက်များ စိမ့်ထွက်သွားကြသည်ကို အသံတစ်ချက်မျှ မထွက်ဘဲ စောင့်ကြည့်နေနိုင်ကြသူများသာ ဖြစ်ကြသည်။ ကရိုးဟေဗင်တသူတို့၏ မိုက်ရူးရဲဆန်မှုနှင့် သူတို့၏ ရူးသွပ်သောခေါင်းဆောင်တို့တို စိတ်ထဲက ဆဲရေးတိုင်းထွာလိုက်မိသည်။

တိုက်ပွဲ ဖြစ်ပွားနိုင်သည်ဟု သူ့အား ကြိုတင်၍ အသိပေးခဲ့သော်လည်း ထိုကဲ့သို့ ဖြစ်လာလိမ့်မည် မဟုတ်ဟု သူ့စိတ်ထဲက မျှော်လင့်မိခဲ့သည်။ ယခုမူ ဖျံတစ်ယောက် သေဆုံးရလေပြီ။ နောက်ထပ် သုံးယောက်ကလည်း ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်။ သူတို့ကို သင်္ဘောပေါ်ရှိ ဆေးခန်းထဲ၌ ထားရှိသည်။ သူတို့ကို ကရိုးဟေဗင်က ကျည်ဆန်ထက်ပို၍ မြန်သော အမြန်နှုန်းဖြင့် ဆေးရုံတစ်ရုံရုံဆီသို့ ပို့ပေးလိမ့်မည် ဆိုသော အသိနှင့် သူတို့က ဝေဒနာကို အံကြိတ်၍ ခံစားနေကြသည်။ သို့ရာတွင် သူက ဖျံတပ်သားများကို နည်းနည်းမျှ မမုန်းပါ။ ဖျံတပ်သားများသာ မပါလာပါက သူတို့အားလုံး သေကြပေလိမ့်မည်။

အင်မတန်လျင်သော ပစ်က သူတို့ကို ထိုသင်္ဘောရှိနေသော နေရာပေါ်သို့ ရောက်အောင် ပို့ပေးခဲ့သည်။ သူ့သူငယ်ချင်းကိုတော့ ခွဲခွဲ သူငယ်ကလေးက သူတို့ကို စတားဘတ်ခ်ဆီအထိ ခေါ်လာပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျံတပ်သားများက ရေငုပ်သင်္ဘောကို အပိုင် ရရှိရေးအတွက် သွေးမြေကျအောင် တိုက်ခိုက်၍ အသေခံပေးကြသည်။

ယခု ရေငုပ်သင်္ဘောကို ရေအောက်မြေပြင်မှ ကြွတက်လာပြီး ပုလဲဆိပ်ကမ်းသို့ ပြန်လည် မောင်းနှင်သွားရန်မှာ ကရိုးဟောဗင်၏ တာဝန်သာ ဖြစ်တော့သည်။

လောလောဆယ်မှာပင် သူသည် သတ်မှတ်ချက်ထက် နောက်ကျနေရလေပြီ။ သူက ဗိုလ်ချုပ်ကြီး ဟန်းတားအား (၀၄း၀၀) နာရီတွင် ထွက်ခွာလာနိုင်မည်ဟု မိုက်မိုက်မဲမဲ အာမခံခဲ့မိသည့်အတွက် စိတ်မကောင်းဖြစ်နေသည်။ ကရိုးဟောဗင်က သူ ယခု (၁၄) မိနစ်နောက်ကျနေပြီဟု စိတ်မချမ်းမသာနှင့် တွေးလိုက်သည်။

ရေငုပ်သင်္ဘောသည် ပင်လယ်အောက်ခြေ ကြမ်းပြင်ပေါ်တွင် ခြောက်လမျှ ရောက်ရှိနေခဲ့သည့်အတွက် မြေကြီးထဲတွင် အတော်အတန် နစ်မြုပ်နေသည်။ ထိုကဲ့သို့ နစ်မြုပ်နေမှုက ဒုက္ခပေးနေခြင်းပင် ဖြစ်သည်။ ရေငုပ်သင်္ဘောတွင်ရှိသော ကန်အားလုံးထဲမှ ရေများကို ထုတ်ပစ်ပြီး လေများကို သွင်းပြီးခဲ့လေပြီ၊ သို့ရာတွင် ရေငုပ်သင်္ဘောသည် ပင်လယ်အောက်ခြေကြမ်းပြင်၏ စုပ်ယူအားထဲမှ လွတ်မထွက်နိုင်ဘဲ ရှိနေသည်။ သူတို့သည် စကားဘတ်ခ်ပေါ်မှ သင်္ဘောသားများကဲ့သို့ ကြမ္မာဆိုးနှင့် ဆုံရလေမည်လောဟု စိတ်ပျက်လက်ပျက် တွေးမိတော့သည်။

ကရိုးဟောဗင်၏တပည့် ဤအဖွဲ့၏ ဒုတိယခေါင်းဆောင် သူ့ထံသို့ ချဉ်းကပ်လာသည်။

"ကွန်မင်ဒါ၊ ကျွန်တော်တို့ဆီမှာ အပြင်ကိုထုတ်ပစ်ဖို့ ဘာပစ္စည်းမှ မကျန်တော့ပါဘူး ဆရာ၊ ပင်မ ရေကန်ကြီးတွေထဲမှာ ဟာလာဟင်းလင်း ဖြစ်နေပါပြီ၊ ဒီဇယ်တွေနဲ့ သောက်ရေတွေ အားလုံးကိုလည်း အပြင်ကို နုတ်ထုတ်ပြီးပါပြီ၊ ဒါပေမယ့် သင်္ဘောက တုတ်တုတ်မျှ မလှုပ်ပါဘူးဆရာ"

ကရိုးဟောဗင်သည် မိမိ၏ဝိညာဉ် မိမိ၏ခန္ဓာကိုယ်ထဲမှ ထွက်ခွာသွားသည်ကို မြင်နေရသူကဲ့သို့ ချောက်ချောက်ချားချား ဖြစ်နေသည်။ ထို့နောက် သူသည် ဆိုဆုံးမရခက်သော ကလေးငယ်တစ်ယောက်ကဲ့သို့ ခြေပုံဘားပွဲကို ခြေထောက်နှင့် ကန်ပစ်လိုက်၏။

"မရဘူး၊ ဒီသင်္ဘောကို တစ်စစီဖြစ်အောင် လုပ်ချင်ရင် လုပ်ရမှာပေါ့၊ ဒီသင်္ဘော လှုပ်ကို လှုပ်လာရမယ်"

ကရိုးဟောဗင်က သူ့တပည့်အား စိုက်ကြည့်လိုက်၏။

"နောက်ဘက်ကို ပြန်ဆုတ်"

အရာရှိငယ်၏ မျက်လုံးများသည် ပြူးထွက်လာကြသည်။

"ခင်ဗျာ"

"ငါက နောက်ပြန်ဆုတ်လို့ အမိန့်ပေးနေတယ်ကွ၊ ချီးမှုပဲ"

"ကွန်မင်ဒါကို တောင်းပန်ပါတယ် ခင်ဗျာ၊ အဲဒီလိုသာဆိုရင် ရေ





ယက်ပန်ကာတွေ ပျက်စီးကုန်ပါလိမ့်မယ်၊ အခုဆိုရင် ပန်ကာတွေဟာ မြေကြီးထဲမှာ တစ်ဝက်လောက် နစ်မြုပ်နေပါပြီ၊ ရှပ်တွေ ကျိုးသွားနိုင်တဲ့ အနေအထားမှာတောင် ရှိနေပါတယ် ဆရာ"

"မလှုပ်မယှက်ရှိနေတဲ့ ဒီသင်္ဘောကို ဒီလိုပဲ လုပ်ရမှာပေါ့ကွ"

ကရိုးဟောဗင်က ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"ငါတို့က ရွှံ့ထဲမှာ မြုပ်နေတဲ့မြည်းကို ခြေထောက်နဲ့ကန်သလို ကန်ထုတ်ရလိမ့်မယ်။ နောက်ထပ် ဆင်ခြေပေးမနေနဲ့တော့ကွာ၊ နောက်ဘက်ကို ငါးစက္ကန့် ပြန်ဆုတ်၊ ပြီးရင် ရှေ့ဘက်ကို ငါးစက္ကန့် ပြန်မောင်း၊ အဲဒီလုပ်ငန်းကို ဒီသင်္ဘောက တစ်စစီ ဖြစ်သွားတဲ့အချိန်အထိ ဒါမှမဟုတ် မြေကြီးထဲက လွတ်ထွက်လာတဲ့ အချိန်အထိ တစ်ချိန်လုံး ဆက်လုပ်ပေတော့"

အရာရှိငယ်ကလေးသည် စိတ်ပျက်လက်ပျက်နှင့် ပခုံးကိုတွန့်ပြပြီး အင်ဂျင်စက်ခန်းဆီသို့ ပြန်ပြေးသွားတော့သည်။

တာဘိုင်အင်ဂျင်များအား စက်နှိုးပြီးနောက် မိနစ်ဝက်အကြာမှာပင် ထိန်းချုပ်ခန်းထဲသို့ ကြောက်စရာကောင်းသောသတင်းပို့သံသည် ပထမဦးဆုံး ရောက်ရှိလာလေတော့သည်။

"အင်ဂျင်စက်ခန်းကပါ ကွန်မင်ဒါ"

အရာရှိငယ်၏ အသံသည် စပီကာထဲက ပေါ်ထွက်လာသည်။

"ဒီသင်္ဘောက နောက်ထပ်ပြီး ခံနိုင်ရည်မရှိတော့ပါဘူး ဆရာ၊ အခု ရေယက်ပန်ကာအသွားတွေ လိမ်ကောက်ကုန်တဲ့အပြင် သဲထဲကိုတောင် စိုက်ဝင်နေကြပါပြီ၊ အဲဒီပန်ကာတွေဟာ ချိန်သားမကိုက်တော့တဲ့အပြင် ကိုးရိုးကားရား တုန်နေကြပါပြီ"

"အဲဒါကိုပဲ ဆက်လုပ်"

ကရိုးဟောဗင်က စကားပြောခွက်ထဲသို့ ခပ်ဆတ်ဆတ် ပြောထည့်လိုက်၏။

သူ့ကို ပြောပြရန် မလိုပါ။ ကြီးမားသော ရေယက်ပန်ကာကြီးများက မြေကြီးထဲ၌ လှုပ်ရှားနေစဉ် သူ့ခြေထောက်အောက်တွင်ရှိသော ကုန်းပတ်က တုန်လှုပ်နေသည်ကို သူ သိနေရသည်။

ကရိုးဟောဗင်သည် မျက်နှာကြက်အထိရောက်သော စက်ခလုတ်ခုံများ၏ ရှေ့ဘက်၌ မတ်တတ်ရပ်ရင်း ဒိုင်ခွက်များနှင့် ရောင်စုံမီးလုံးများတို့ လှေ့လာနေသော ဆံပင်နီနီ၊ မဲ့ခြောက်ဗရပွနှင့် ချာတိတ်ကလေးတစ်ယောက်ဆီသို့ လျှောက်သွားသည်။ ထိုချာတိတ်ကလေး၏ မျက်နှာမှာ ဖြူဖွေးနေသည့်အပြင် နှုတ်ကလည်း တရွရွ လှုပ်ရှားနေသည်၊ ထိုချာတိတ်ကလေးသည် တရားစာများကို ရွတ်နေခြင်းဖြစ်ရမည်ဟု ကရိုးဟောဗင် တွေးကြည့်လိုက်၏။

ကရိုးဟောဗင်က ထိုချာတိတ်ကလေး၏ပခုံးကို လက်[illegible] ပြော လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ကြိမ် နောက်ဘက်ကို ဆုတ်တဲ့အခါကျရင် မင်းက ရှေ့ဘက်က တိုပီဒိုအားလုံးကို ပစ်ထည့်လိုက်ပေတော့"

"အဲဒါက အထောက်အကူ ဖြစ်စေလိမ့်မယ်လို့ ယူဆပါသလား ခင်ဗျား"

"အဲဒါက ဖိအားပေးတဲ့နေရာမှာ နည်းနည်းလောက် အထောက်အကူ ရချင်ရမှာပေါ့ကွာ၊ ဒါပေမယ့် ငါက ကောက်ရိုးတစ်မျှင်ကိုပဲ ဖြစ်ဖြစ် ဆွဲကြည့်ဖို့ ဝန်မလေးပါဘူး"

အင်ဂျင်စက်ခန်းမှ အရာရှိငယ်ကလေး၏အသံက ပေါ်ထွက်လာပြန်သည်။

"ညာဘက်က ရှပ်ဖ်၊ အခုပဲ ကျိုးသွားပါတယ် ကွန်မင်ဒါ၊ ဒီရှပ်ဖ်နဲ့ အတူတူ ဘယ်ရာရင်နှစ်ခုပါ ပျက်စီးသွားပါတယ်"

ကရိုးဟောဗင်က ပြန်ပြောလိုက်၏။

"ပထမအစီအစဉ်အတိုင်း ဆက်လုပ်"

"ဒါပေမယ့် ခင်ဗျာ . . ."

အရာရှိငယ်ကလေး၏အသံက သွေးရူးသွေးတန်း တောင်းပန်သောလေသံ ပေါ်ပေါက်နေသည်။

"တကယ်လို့ ဘယ်ဘက်ကရှပ်ဖ် ကျိုးသွားခဲ့ရင် ဘယ်လို ဆက်လုပ်မလဲ ဆရာ၊ တကယ်လို့ ရေပြင်ပေါ်ကို ပြန်ရောက်လာသည့်တိုင်အောင် ကျွန်တော်တို့က သင်္ဘောကို ဘယ်လိုမောင်းကြမလဲ ဆရာ"

"တို့က တက်နဲ့လှော်မယ်ကွ"

ကရိုးဟောဗင်က ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ပထမအစီအစဉ်အတိုင်း ဆက်လုပ်လို့ ငါထပ်ပြောတယ်"

'တကယ်လို့ ရေယက်ပန်ကာနှစ်ခုမှ ရှက်ဖ်နှစ်ခုစလုံး ကျိုးရမယ်ဆိုရင် ကျိုးပေစေပဲပေါ့။ သို့ရာတွင် ဘယ်ဘက်မှ ရေယက်ပန်ကာက ညာဘက်ရေယက်ပန်ကာလို ကျိုးမသွားမီ စတားဘုတ်ခ်နှင့် သူ၏သင်္ဘောသားများ အတွက် မျှော်လင့်ချက် အနည်းငယ် ရှိနိုင်ပါသေးသည်။ ဘယ်လိုဖြစ်ပြီး နောက်ဆုံးမိနစ်ပိုင်းကျမှ ဆိုးဆိုးရွားရွား မှားမှားယွင်းယွင်းတွေ ဖြစ်ကုန်ရတာပါလိမ့်' ဟု သူက တွေးကြည့်လိုက်မိ၏။

အမေရိကန် မရိန်းတပ်မှ လက်ဖတင်နင်ရောဘတ်အမ်ဘက်ခ်မာစတာကလည်း ကွန်ကရိပန်ကာကို အော်တိုမစ်တစ် ရိုင်ဖယ်နှင့် ခပ်တိုတိုတစ်ချက်ဆွဲပစ်လိုက်ပြီး ထိုကဲ့သို့ပင် တွေးနေယိုက်မိသည်။

သူတို့ဆောင်ရွက်ရမည့် အော်ပရေးရှင်းမှာ ခပ်လွယ်လွယ်သာ ဖြစ်သည်။ သူ့ကို ပေးလိုက်သောအမိန့်မှာ အသံလွှင့်စက်ကို သိမ်းပိုက်ရန်ပင် ဖြစ်သည်။ ရေတပ်မတော်မှ တပ်သားတစ်စုသည် -

'အသံလွှင့်စက်ကို ဝင်သိမ်းတော့' ဆိုသည့် အမိန့်သံကို စောင့်ရင်း





ချုံဖုတ်များအောက်၌ ပုန်းကွယ်နေကြသည်။ ထိုကဲ့သို့ သိမ်းပိုက်ပြီးမှသာ ဘတ်ခ်မာစတာ တစ်ဦးတည်းက ထိပ်တန်းလျှို့ဝှက်ဟု သိထားသော သတင်းများကို အသံလွှင့်ပေးနိုင်မည် ဖြစ်သည်။

ရေတပ်မှ မရိန်းလက်ဖတင်နင်များသည် ထိပ်တန်းလျှို့ဝှက်များကို သိရခဲလှသည်။ သူတို့အဖို့ သေရသည်မှာ လွယ်ကူသော်လည်း လျှို့ဝှက်ချက်များကို လွယ်လွယ်ကူကူနှင့် သိခွင့် မရှိကြပါ။

မောအီကျွန်း၏ အနောက်မြောက်ဘက်စွန်းတွင်ရှိသော ကြည်းတပ်မှ ခံတပ်ဟောင်းကြီးသည် လူသူကင်းမဲ့ပြီး သိမ်းပိုက်ရာတွင် ခက်ခက်ခဲခဲ ရှိမည့်ပုံမပေါ်လှပါ။ သို့ရာတွင် သူ့တပ်သားများက ခံတပ်၏အဝန်းအဝိုင်းထဲသို့ စတင်ထိုးဖောက်၍ ဝင်ရောက်ကြသည်နှင့်တစ်ပြိုင်နက် ရှေးဟောင်းခဲများကို သိမ်းဆည်းထားသော ဖော့နေ့ဒ်ခံတပ်တစ်ပိုက်တွင် တွေ့ရမည့် ထောက်လှမ်းရေးကိရိယာများထက်ပို၍ များပြားသော ထောက်လှမ်းရေးကိရိယာများနှင့် ကြိုတင် သတိပေးသော ကိရိယာများကို တွေ့ကြရတော့သည်။ လျှပ်စစ်ဓာတ်အား လွှတ်ထားသော သံကြိုးများ၊ တစ်နေရာမှ အခြားတစ်နေရာဆီသို့ ထိုးထားသော မီးရောင်တန်းများ စသည်တို့ကို တွေ့နေရသည်။

ထိုမီးရောင်တန်းကို ဖြတ်သန်းမိသဖြင့် မီးရောင်တန်းပြတ်တောက်သွားမည် ဆိုပါက နားကွဲလု ဆူညံသော ဥဩသံများ ပေါ်ထွက်လာမည့်အပြင် ခံတပ်ကြီး တစ်ခုလုံးကို လင်းထိန်နေသော အလင်းရောင်ဖြင့် ဖုံးလွှမ်းထားမည့် မီးလုံးကြီးများသည် ရုတ်တရက် လင်းထိန်လာကြမည် ဖြစ်ပေသည်။

သူ့ကို ညွှန်ကြားချက်ပေးစဉ်က ထိုကဲ့သို့သော ကိစ္စမျိုးနှင့် တွေ့ရလိမ့်မည်ဟု သတိပေးလိုက်ခြင်း မရှိကြောင်း သူက ဒေါပွပွနှင့် ပြန်တွေးလိုက်မိသည်။ အခက်အခဲများကို အသေးစိတ်ဖော်ပြ၍ သတိပေးမထားသောကြောင့် ဤစီမံချက်သည် အင်မတန်ညံ့ဖျင်းသော စီမံချက်ပင် ဖြစ်သည်။ သူက လင်ဖတင်နင်ကလေး တစ်ယောက်သာ ဖြစ်စေကာမူ ဤကဲ့သို့ ရှုပ်ရှုပ်ထွေးထွေး ခက်ခက်ခဲခဲဖြစ်အောင် ဖန်တီးခဲ့သော သူ့အထက်အရာရှိများအား မာမာထန်ထန် ပြန်၍ ပြောရပေလိမ့်မည်။

မကြာသေးမီက လူသူလေးပါး ရှိခဲ့ပုံမရသော ပြတင်းပေါက်များ၊ တံခါးပေါက်များနှင့် ခေါင်မိုးထိပ်ဖျားမှ ခုခံသူများသည် အော်တိုမစ်တစ် လက်နက်များနှင့် ပြင်းပြင်းထန်ထန် ခုခံပစ်ခတ်ကြလေရာ ဘတ်ခ်မာစတာ၏ ကွန်မန်ဒိုတပ်သားများသည် ရှေ့မတိုးနိုင်ဘဲ ရပ်တန့်သွားရလေတော့သည်။ မရိန်းတပ်သားများကလည်း ပြန်၍ ပစ်ခတ်ကြလေသည်။ မရိန်းတပ်သားများ၏ ပစ်ချက်က ထိရောက်မှုရှိသောကြောင့် ဘန်တာ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ဆောက်လုပ်ထားသော ထိုအဆောက်အအုံ၏ အပေါက်ဝများတွင် အလောင်းများ တဖြည်းဖြည်း စုပြုံစ ပြုလာလေပြီ။ တိုက်ပွဲပြင်းပြင်းထန်ထန် ဖြစ်ပွားနေချိန်တွင် ထွားထွားကျိုင်းကျိုင်းရှိလှသော ဆာဂျင်ကြီးသည် မှောင်ရိပ်ခို၍ ပြေးလာပြီးနောက် ဘတ်ခ်မာစတာ၏ နံဘေးတွင် လှဲချလိုက်၏။

"ကျွန်တော် သေနေတဲ့ အလောင်းကောင်တစ်ခုဆီက သေနတ်တစ်လက်ကို ဆွဲယူလာတယ်"

သူက ဆူညံနေသော ပစ်ခတ်သံများပေါ်မှ ကြားရအောင် အော်ပြောလိုက်သည်။

"အဲဒီ သေနတ်က ဆိုဗီယက်လုပ် ZZK လက်ရှိနက်ဖ် အော်တိုမတ်တစ် ရိုင်ဖယ်ပဲ"

"ဆိုဗီယက် . . . ဟုတ်လား"

ဘတ်ခ်မာစတာက မယုံနိုင်ဟန်နှင့် ပြန်မေးလိုက်၏။

"ဟုတ်ပါတယ် ဆရာ၊ ဟောဒီမှာပါ"

ဆာဂျင်က အော်တိုမက်စာစ်လက်နက်ကို ဘတ်ခ်မာစတာ၏ မျက်စိရှေ့တွင် ထောင်ပြလိုက်သည်။

"ဒီသေနတ်က ဆိုဗီယက်လုပ် လက်နက်တွေထဲမှာ ခေတ်အမီဆုံးနဲ့ အသစ်လွင်ဆုံး လက်နက်ငယ်ပဲ၊ အဲဒီငတိတွေဟာ ဘယ်လိုနည်းနဲ့ ရထားတယ် ဆိုတာကို ကျွန်တော် တွေးလို့ကို မရတော့ဘူး"

"ထောက်လှမ်းရေးဌာန အတွက် သိမ်းထားလိုက်ကွာ"

ဘတ်ခ်မာစတာသည် ပစ်ခတ်သံများ ပို၍ပြင်းထန်လာသော အသံလွင့်စက်ရုံဆီသို့ သူ့အာရုံကို ပြန်၍ စုစည်းလိုက်၏။

"တပ်ကြပ်ဒန်ဇစ်နဲ့ သူ့အဖွဲ့သားတွေဟာ ပြိုမကျအောင် ကျားကန်ထားတဲ့ နံရံနောက်မှာ ပိတ်မိနေကြတယ်"

တပ်ကြပ်ကြီးက ခုခံသူများအား အာရုံပြောင်းသွားအောင် ဆွဲဆောင်သည့်အနေဖြင့် အတွဲလိုက် ပြတ်တောင်းပြတ်တောင်း ပစ်ထည့်နေရသဖြင့် စကားစ ပြတ်သွားပြန်သည်။ သူက ပြတ်တောင်းပြတ်တောင်း ပစ်ခတ်နေသည့်အကြားမှ အော်ပြောလိုက်၏။

"ကျွန်တော်ကတော့ မသုံးဘဲ သိမ်းထားရတဲ့ ကိုးဆယ်မီလီမီတာ တင့်ကားပစ်အမြောက်ကို ပြန်သုံးချင်ပြီ"

"ဒီတိုက်ပွဲက အင်္ဂလိပ်မှာ ဝင်ဆော်တဲ့ တိုက်ပွဲ ဆိုတာ မင်းမှတ်မိရဲ့လား။ တို့အတွက် လက်နက်ကြီးတွေ မလိုဘူးလို့ သူတို့က ပြောခဲ့တာပဲ"

ရုတ်ခြည်း ဆိုသလိုပင် အလွန် ပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာပြီး ကြီးမားသော ဖုန်မှုန့်လုံးကြီးတစ်လုံးသည် ကြွတက်လာသလို ကွန်ကရီအကျိုးအပဲ့များသည် ထိုနေရာတွင် မိုးသီးမိုးပေါက်များပမာ ကျလာလေတော့သည်။ ထိုပေါက်ကွဲမှုကြီးကြောင့် ဘတ်ခ်မာစတာသည်





အသက်ရှူကျပ်ပြီး မွန်းသွားခဲ့ရာ နှစ်မိနစ်ကြာမှ ပုံမှန်အတိုင်း ပြန်၍ အသက်ရှူနိုင်တော့သည်။ ထို့နောက် သူသည် တဖြည်းဖြည်း မတ်တတ်ရပ်လိုက်ပြီး မြင်မကောင်းအောင် ပျက်စီးနေသော အသံလွင့်ရုံကို မှုန်မှုန်ဝေဝေနှင့် ငေးစိုက်ကြည့်နေမိသည်။

"ရေဒီယို ဘယ်မှာလဲ"

ဘတ်ခ်မာစတာက အော်လိုက်၏။

"ချီးမှပဲ၊ ရေဒီယိုသမား ဘယ်မှာလဲကွ"

မျက်နှာပေါ်တွင် ဆေးအမည်းများကို သုတ်လိမ်းထားပြီး အစိမ်းနှင့် အနက်ရောင် ပုံဖျက်အဝတ်အစားကို ဝတ်ဆင်ထားသော မရိန်းတပ်သားတစ်ယောက်သည် မှောင်ရိပ်ထဲက ပြေးထွက်လာသည်။

"ဒီမှာပါ လက်ဖတင်နင်"

လက်ဖတင်နင် ဘတ်ခ်မာစတာသည် ကမ်းပေးနေသော စကားပြောခွက်ကို လှမ်းယူရင်း သူပြောရမည့်စကားကို ဝန်လေးနေမိသည်။

"ဖေဖေကြီး . . . ဖေဖေကြီး၊ ခုပြောနေတာ မက်ဒ်ချော့ပါးပါ၊ အိုဗာ"

"ဖေဖေကြီး ပြောနေတယ် မက်ဒ်ချော့ပါး၊ ဆက်ပြောနိုင်တယ်၊ အိုဗာ"

စကားပြောခွက်ထဲက အသံသည် ရေတွင်းတစ်တွင်း၏အောက်ခြေမှ ထွက်ပေါ်နေသလို သဲ့သဲ့ကလေးသာ ကြားနေရသည်။

"ဟိုဘက်က အဖွဲ့ဟာ ကျွန်တော်တို့ မျက်စိရှေ့မှာတင် လဲပြိုသွားတယ်၊ ကျွန်တော်တို့ မျက်စိရှေ့မှာတင် လဲပြိုသွားတယ်လို့ ထပ်ပြောမယ်၊ ကျွန်တော်တို့ ဒီည ထပ်မခေါ်တော့ဘူး"

"ဖေဖေကြီး နားလည်ပါတယ် မက်ဒ်ချော့ပါး၊ ဖေဖေကြီးက ဝမ်းနည်းသဝဏ်လွှာပို့လိုက်ပါတယ်၊ ပြီးပြီ ဒါပါပဲ"

ဘတ်ခ်မာစတာသည် စကားပြောခွက်ကို အတင်းထိုးထည့်လိုက်၏။

သူက အကြီးအကျယ် ဒေါသထွက်နေသည်။ သူဒေါသထွက်နေကြောင်း ပင်တဂွန်အထိ ပုဂ္ဂိုလ်ကြီးများက သိသွားကြလျှင်လည်း သူက ဂရုမစိုက်ပါ။

ဒီကနေ့ည ဒီနေရာတွင် တစ်ခုခုသည် ကြီးကြီးကျယ်ကျယ် ဆိုးဆိုးရွားရွား မှားယွင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

တံခါးပွင့်လာပြီး လူနှစ်ယောက်က ဂျီဒိုဒီနီကို အခန်းထဲသို့ ဆွဲသွင်းလာသည်။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ခပ်ကြမ်းကြမ်း ပစ်ချလိုက်ကြ၏။

ပစ်က အသက်အောင့်၍ စိတ်ကို ထိန်းထားလိုက်ရသည်။

သူသည် သနားစရာကောင်းသော အနေအထားတွင် ရှိနေသည်။ ဒဏ်ရာရနေသော ဂျီအိုဒီနီ၏ ခြေထောက်ကို လုံးဝ ပြုစုမထားပါ။ ဆေးလိမ်းပေးသည်ကိုလည်း မတွေ့ရ။ ပတ်တီးစည်းပေးသည်ကိုလည်း မတွေ့ရပါ။ ဘယ်ဘက်မျက်ခုံးပေါ်ရှိ စုတ်ပြဲသွားသော ဒဏ်ရာမှ ထွက်လာသော သွေးများသည် မျက်လုံးပတ်ပတ်လည်တွင် ခဲနေသည်ဖြစ်ရာ မျက်လုံးကို ထက်ဝက်ခန့်သာ ပွင့်နေအောင် ကော်နှင့်ကပ်ထားသလို ဖြစ်နေသည်။ ထိုကဲ့သို့ ထက်ဝက်ခန့် ပွင့်နေသော မျက်လုံးက အာခံသော အသွင်ကို ထင်းထင်းကြီး ပေါ်လွင်နေပေသည်။

"ကဲ - မေဂျာ ပစ်"

ဒဲလ်ဖီက ဆိုဆုံးမသောလေသံနှင့် ပြောလိုက်၏။

"မင်းရဲ့ ကလေးဘဝက သူငယ်ချင်းနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာမရှိတော့ဘူးလား၊ အင်းလေ မင်းက သူ့နာမည်ကိုတောင် မေ့ချင်မေ့နေမှာ၊ ဒီတော့ သူ့နာမည် အဲလ်ဘတ်ဂျီအိုဒီနီဆိုရင် မင်းပြန်ပြီး မှတ်မိလာမလား ;ပဲ"

"ခင်ဗျားက သူ့နာမည်ကို သိလို့လား"

"သိတာပေါ့၊ မင်းက အံ့သြသွားလို့လား"

"သိပ်တော့ မအံ့သြပါဘူး"

ပစ်က ရှောရှောရှူရှူ ဖြေလိုက်၏။

"အော်လ်စီနာနာက ကျုပ်နဲ့ ဂျီအိုဒီနီအကြောင်း ခင်ဗျားကို ပြည့်ပြည့်စုံစုံ အစီရင်ခံထားလိမ့်မယ်လို့ ထင်တာပဲ"

ဒဲလ်ဖီ နားလည်လိုက်ပုံမရပါ။





စားပွဲနောက်မှ ကြီးထွားသော ခန္ဓာကိုယ်ပိုင်ဆိုင်သူ ထိုပုဂ္ဂိုလ်ကြီးသည် သဘောပေါက်ပုံ မရပါ။ ထို့နောက် ပစ်၏စကားလုံးများကို နားလည်စပြုလာသောအခါ ဒဲလ်ဖီက မေးခွန်းထုတ်လိုဟန်နှင့် မျက်စချီလိုက်သည်။

"ဗိုလ်ချုပ်ကြီး စီနာနာကို ပြောတာလား"

သူ့လေသံသည် ကျောက်တုံးကျောက်ခဲကဲ့သို့ တည်ငြိမ်လျက်ပင် ရှိသော်လည်း သံသယရှိလာဟန်နှင့် အနည်းငယ် တုန်လှုပ်နေသည်ဟု ပစ်က တွေးလိုက်သည်။

"မင်းက ရေမရှိတဲ့ချောင်းမှာ ငါးလာမျှားတာကိုး၊ မင်းက ဘယ်လိုနည်းနဲ့မှ . . ."

"ဟန်ဆောင်နေတာကို ရပ်တန်းက ရပ်ပါတော့ဗျာ"

ပစ်က ခပ်ဆတ်ဆတ် ဝင်ပြောလိုက်၏။

"အော်လ်စီနာနာက ဗိုလ်မှူးကြီးလစာကို အမေရိကန်ရေတပ်က ထုတ်ချင်ထုတ်နေမယ်၊ ဒါပေမယ့် သူက ခင်ဗျား ဘက်တော်သားလည်း ဖြစ်နေပြန်တယ်။ တော်တော်ကောင်းတဲ့ ပုံစံပဲဗျာ။ ကိုယ်နဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းရဲ့ ထိပ်ပိုင်းမှာ သတင်းပေးသူတစ်ယောက် ရှိနေတယ်၊ ခင်ဗျားက အမှတ်(၁၀၁)သင်္ဘောအုပ်စုက ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို စာရွက်ပေါ် ရေးမချခင် ကြိုသိနေပြီ။ ခင်ဗျားက စီနာနာကို ဘယ်လို စည်းရုံးခဲ့သလဲ ဒဲလ်ဖီ။ ငွေနဲ့လား၊ အကျပ်ကိုင်ပြီး ခိုင်းတာလား။ ခင်ဗျားရဲ့ လုပ်ပုံကိုင်ပုံနဲ့ ခန့်မှန်းပြီးပြောရရင် အကျပ်ကိုင်တာပဲ ဖြစ်ရမယ်"

"မင်းက တော်တော် နားလည်တဲ့ပုဂ္ဂိုလ်ပဲ"

"ဒီလောက်လည်း မဟုတ်ပါဘူး၊ အနံ့ခံပြီး လိုက်ဖို့ သိပ်ပြီး လွယ်ပါတယ်၊ ဗိုလ်မှူးကြီးက တည်ကြက်အနေနဲ့ အသုံးမဝင်တော့ဘူးလေ၊ သူက သစ္စာဖောက်တစ်ယောက်အနေနဲ့ ဆက်ပြီး နေနိုင်စွမ်းမရှိတော့ဘူး၊ တဖြည်းဖြည်းနဲ့ သတိတရား ရစပြုလာပြီ။ စီနာနာက စိတ်ဓာတ်ချောက်ချားပြီး ဖွင့်ပြောတော့မယ့်ဆဲဆဲ ဖြစ်နေပြီ။ အဲဒီအထဲမှာ အက်ဒရင်နီဟန်းတားနဲ့ ကျိတ်ပြီး ဖောက်ပြန်နေတဲ့ကိစ္စက ထပ်ဆောင်းလာပြန်တော့ သူက တစ်ဖက်ကို ကူးပြောင်းသွားပြီး ခင်ဗျားရဲ့ အဖွဲ့အစည်းအကြောင်း ဖွင့်မပြောခင် သူ့ကို သုတ်သင်ရှင်းလင်းဖို့ ဖြစ်လာတယ်။ ဒါပေမယ့် သူ့ကို သတ်တဲ့ကိစ္စမှာ ခင်ဗျားလုပ်တာတွေ တလွဲတချော် ဖြစ်ကုန်ကြတယ် ဒဲလ်ဖီ"

ဒဲလ်ဖီက ပစ်အား အေးစက်စက်နှင့် ပြန်ကြည့်လိုက်၏။

"မင်းက အထင်နဲ့ ရမ်းကြိတ်နေတာပါ"

ပစ်က ပြန်ဖြေလိုက်၏။

"ရမ်းကြိတ်နေတာ မဟုတ်ဘူး၊ ကျုပ်တို့နှစ်ယောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟာဝေယံဟိုတယ်က ဘားကောင်တာမှာ မတော်တဆ တွေ့လိုက်ကြတဲ့ ကိစ္စက ခင်ဗျား အစီအစဉ်တွေကို ပျက်သွားစေခဲ့တာပဲ။ စီနာနာက အက်ဒရင်နီဟန်းတားကို ဘားခန်းထဲက စောင့်နေတဲ့အချိန်မှာ ကျုပ်က ဘားခန်းထဲကို ဝင်သွားခဲ့တယ်။ ကျုပ်ကလည်း အက်ဒရင်နီရဲ့ အပျော်တမ်းချစ်သူ တစ်ယောက်ပဲ ဆိုတာကို သူ မသိရှာပါဘူး။ ဒါပေမယ့် သူက အက်ဒရင်နီနဲ့ ကျုပ်ကို မိတ်ဆက်ပေးရမယ့်ကိစ္စအထိ ဆက်ပြီး မလုပ်ရဲတော့ဘူး။ ဘားကောင်တာတစ်ခုရဲ့ မှောင်နေတဲ့ ထောင့်တစ်ထောင့်မှာ ဗိုလ်ချုပ်ကြီးတစ်ယောက်ရဲ့ သမီးလည်း ဖြစ်ပြန် ပြီးတော့ ကိုယ့်ထက် အသက်နှစ်ဆယ်လောက်ငယ်တဲ့ မိန်းမပျိုကလေးတစ်ဦးနဲ့ ချိန်းတွေ့တဲ့ ကိစ္စကြောင့် သူ့အပေါ်မှာ သို့လောသို့လောနဲ့ မကောင်းတဲ့ကိစ္စတွေကို တွေးလာစေနိုင်တယ်လေ။ ဒါကြောင့် သူက အက်ဒရင်နီရောက်မလာခင် ထွက်ပြေးသွားခဲ့တယ်။ အဲဒီနောက်တော့ ဆမ်းမားက လူသတ်ဖို့ ဝင်လာတဲ့အချိန်မှာ သူမက ကျုပ်ကို စီနာနာလို့ ထင်သွားတယ်။ ထင်လည်း ထင်စရာပါပဲ။ ကျုပ်က သူနဲ့တူနေတယ်၊ အဲဒီညတုန်းက သူရော ကျုပ်ရော ယူနီဖောင်း ဝတ်မထားကြဘူး။ ပြီးတော့လည်း လူကိုခွဲခြားပြီး မှတ်သားတဲ့နေရာမှာ ပိုပြီး လွယ်ကူသွားအောင် စီနာနာထွက်သွားပြီး နောက်ပိုင်းမှာ ဘားခန်းထဲကို ဝင်လာတဲ့ မစ္စဟန်းတားက ကျုပ်နဲ့အတူတူ အရက်ထိုင်သောက်နေပြန်တယ်။ အဲဒါကြောင့် ဆမ်းမားစိတ်ထဲမှာ သိပ်ကို သေချာသွားတယ်။ သူမက အက်ဒရင်နီကို ရှင်းပစ်လိုက်ပြီး ဇာတ္တာရာဂစိတ်များတဲ့ပစ်ကို အဆိပ်ပြွန်နဲ့ ထိုးနိုင်အောင် ကမ်းစပ်ကို မျှားပြီး ခေါ်သွားတယ်။ သူမက ကျုပ်အခန်းထဲကို ရောက်တဲ့အခါကျမှ မှားသွားပြီဆိုတာကို သိတော့တယ်။ သူမက ကျုပ်ကို ဗိုလ်မှူးကြီးလို့ စခေါ်လိုက်ချိန်မှာ တစ်ခုခုတော့ မှားနေပြီလို့ စရိပ်မိခဲ့တယ်။ အဲဒီ နောက်ပိုင်းကျတော့ ခင်ဗျားက ခင်ဗျားကို သတင်းပေးတဲ့လူတစ်ယောက် ရှိတယ်လို့ ပြောခဲ့တဲ့အတွက် သိပ်ကို သေချာသွားတယ်။ နှစ်နဲ့နှစ်ကို ပေါင်းလိုက်တဲ့အခါကျတော့ အဖြေက စီနာနာပဲ ဆိုတာ ပေါ်လာတယ်။ ဒီကိစ္စအားလုံးဟာ လွယ်လွန်းလှပါတယ်လေ"

"ဒီမှာ ဒဲလ်ဖီ၊ ခင်ဗျားဟာ တော်တော်ဆိုးရွားတဲ့ ပုဂ္ဂိုလ်ပဲ၊ တခြား ပုဂ္ဂိုလ်သာဆိုရင် ကိုယ့်သွေးသားအရင်းအချာ တစ်ယောက်ကို ညကြီးသန်းခေါင်မှာ လူသတ်ဖို့ လွှတ်ရက်ပါ့မလား။ ခင်ဗျားဟာ စံပြဖခင်ဆိုကိုရမယ့်ပုဂ္ဂိုလ် မဟုတ်ဘူး။ ခင်ဗျားငှားထားတဲ့ လက်မရွံ့လူသတ်သမားတွေကလည်း စက်ရုပ်တွေလို လှုပ်ရှားနေကြတယ်၊ ခင်ဗျားရဲ့လှည့်ကွက်ဟာ ဘာလဲ ဒဲလ်ဖီ။ ကိုယ့်ဘက်ကို ပါလာအောင် သိမ်းသွင်းတဲ့ ဗီယဆေးတွေကို ပေါက်ပေါက်ဆုပ်ပေါ်မှာဖြူးပြီး သူတို့ကို ကျွေးထားသလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့ အတုအယောင်ဆောင် မျက်လုံးဝါဝါကြီးတွေနဲ့ လူတွေကို ဖြူစားထားတာလား"





နှစ်ပေါင်းများစွာအတွင်းတွင် ဒဲလ်ဖီသည် ပထမဦးဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကိုယ် စိတ်မချနိုင်သလိုလို ဖြစ်လာရတော့သည်။

ပစ်၏အမူအရာများသည် လမ်းဆုံးသို့ရောက်နေသူ တစ်ယောက်နှင့် မတူလှချေ။ ပစ်သည် တရားလိုဘက်မှ ဆွဲချရှေ့နေကြီးတစ်ယောက်ပမာ မေးခွန်းထုတ်နေသည်။

"မင်း သိပ်လွန်လာပြီ"

သူက ရှေ့သို့ငုံ့လိုက်ပြီး ပစ်အား စိတ်ညို့သလို စိုက်ကြည့်လိုက်သည်။

ပစ်၏အစိမ်းရောင်မျက်လုံးများကလည်း တုံ့ဆိုင်းနေခြင်း မရှိပါ။ ဒဲလ်ဖီ၏မျက်လုံးအစုံကို စူးစူးစိုက်စိုက် တုံ့ပြန်ပြီး ပြန်စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အပင်ပန်းမခံပါနဲ့ ဒဲလ်ဖီ၊ ကျုပ်က ခင်ဗျားကို နည်းနည်းမှ အထင်မကြီးဘူး။ ကျုပ် ပြောခဲ့သလို ခင်ဗျား မျက်စိတွေက အတုအယောင်တွေပါ၊ အဝါရောင် မျက်စိကပ်မှန်တွေပါ။ အဲဒါထက် မပိုပါဘူး။ ခင်ဗျားကို လှောင်ပြောင်နေတဲ့လူတို့ ခင်ဗျားက ဖြူစားလို့ မရပါဘူး။ ခင်ဗျားဟာ ခြေဖျားကစပြီး ငယ်ထိပ်အထိ အတုအယောင်တွေချည်းပဲ၊ လာဗယ်လာနဲ့ ရိုဗယ်မန်းတို့ အကြောင်း ခင်ဗျားက ထည့်ပြောသွားတယ်။ ဒါပေမယ့် ခင်ဗျားက သူတို့ရဲ့ စာရွက်သင်ပုန်းကို ဖျက်ပေးထိုက်တဲ့လူတောင် မဟုတ်ဘူး။ ပြီးတော့လည်း ခင်ဗျားက ဖရက်ဒရစ်မိုရန်နဲ့ သိက္ခာရှိရှိ တူအောင်တောင် လုပ်နိုင်တာ မဟုတ် . . ."

ပစ်သည် စကားကို ရုတ်တရက် ရပ်တန့်လိုက်ရသည်။

ထို့နောက် မျက်နှာတစ်ပြင်လုံး ရဲရဲနီသွားပြီး သွားကို စေ့စေ့ဝါအောင်ကြိတ်ရင်း စားပွဲနောက်မှခုန်ထ၍ လက်သီးနှင့် လှမ်းထိုးလိုက်သော ဒဲလ်ဖီ၏လက်ချက်မှ လွတ်အောင် ပစ်သည် ဘေးသို့ ရှောင်ပေးရုံသာမက နောက်ဘက်သို့ပါ ပြန်ဆုတ်ပေးလိုက်သည်။

ထိုလက်သီး၏နောက်ဘက်တွင် ဒဲလ်ဖီ၏ ကြီးမားသော အင်အားသည် တစ်အောင်စမကျန် အပြည့်အဝ ပါရှိလာသည်။ သို့ရာတွင် မျက်စိပြာသွားလောက်အောင် ဖြစ်ပေါ်လာသောဒေါသက ဒဲလ်ဖီ၏ ချိန်တိုက်မှုကို လွဲမှားသွားစေခဲ့သောကြောင့် သူ့လက်သီးသည် မည်သည့်နေရာကိုမျှ မထိဘဲ ပွစ်နံ့ဘေးမှ ဝေါခနဲ ဖြတ်သန်းသွားတော့သည်။

ဒဲလ်ဖီသည် ရှေ့သို့ ခလုတ်တိုက်၍ ဟပ်ထိုးဟပ်ထိုး ဖြစ်သွားပြီးနောက် ကိုယ့်ကိုယ်ကိုယ် ပြန်၍ထိန်းလိုက်နိုင်ခဲ့သည်။ သို့ရာတွင် ငြိမ်နေဟန်ထား ပျက်ပြားသွားချိန်၌ လှမ်းကန်လိုက်သော ပစ်၏ခြေထောက်က သူ၏အရှိက်ကို ထိသွားစေခဲ့ရာ ဒဲလ်ဖီသည် ညည်းညူသံတစ်ချက်လေးဖက်ထောက်ပြီး ရှေ့သို့ လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကြမ်းပြင်ပေါ်တွင် ကိုယ်ကို ဟိုဘက်ဒီဘက်သို့ ယိမ်းထိုးရင်း ကုန်းကုန်းကွကွကြီး ရှိနေခဲ့သည်။

ဒဲလ်ဖီအား လူတိုင်းက စိုက်ကြည့်နေကြသည်။

ဂျီအိုဒီနိုသည် ဖြည်းညင်းစွာဖြင့် တံတောင်ဆစ်ကို ထောက်၍ ခေါင်းထောင်လိုက်ပြီး မေးစေ့ကို ရှေ့သို့ထုတ်၍ ချိန်ရွယ်လိုက်သည်ကို မည်သူကမျှ သတိမထားမိခဲ့ကြချေ။ ထို့နောက် ဂျီအိုဒီနိုသည် ရနိုင်သမျှသောတံတွေးများကို စု၍ ဒဲလ်ဖီအား လှမ်းထွေးလိုက်တော့သည်။

သို့ရာတွင် အကွာအဝေးမှာ အနည်းငယ် လှမ်းနေသောကြောင့် ဒဲလ်ဖီ၏မျက်နှာကို မထိဘဲ မေးစေ့အောက်ဘက်ရှိ လည်ပင်းကိုသာ သွားရောက် ထိမှန်တော့သည်။

အခန်းထဲတွင် ရုတ်တရက် ကြက်သေသေပြီး ငြိမ်ကျသွားကြသည်။ ထို့နောက် ဒဲလ်ဖီသည် ယိုင်တိယိုင်ထိုးနှင့် ထလိုက်ပြီးနောက် စားပွဲစွန်းကို ကိုင်၍ သူ့ကိုယ်ကို ထိန်းထားလိုက်သည်။ သူသည် အသက်ကို ပြတ်တောင်း ပြတ်တောင်း ရှူနေရသလို ပါးစပ်ကို တင်းကျစ်စွာ စေ့ထားသည်။ ရွှေရောင်တောက်နေသော ဒဲလ်ဖီ၏မျက်လုံးများသည် ယခုအချိန်တွင် အရောင်ဖျော့နေပုံရသည်။ သူက မည်သူ့ကိုမျှ ပြန်မကြည့်နေပါ။ သို့ရာတွင် သူ့လည်ပင်းပေါ်မှ တံတွေးများကို ခပ်ဖြည်းဖြည်း သုတ်ပစ်လိုက်သည်။

ပစ်သည် ဒဲလ်ဖီ၏ တင်းမာသောမျက်နှာထားကို ကြည့်ရင်း မလှုပ်မယှက် မတ်တတ်ရပ်နေမိသည်။ သူနှင့် ဂျီအိုဒီနိုတို့က လိုအပ်သည်ထက်ပို၍ ရန်စလိုက်မိသဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်၍ ကျိန်ဆဲနေမိသည်။

သူတို့၏ စိတ်ထဲတွင် သော်လည်းကောင်း၊ ထိုအခန်းထဲတွင် ရှိနေသူအားလုံး၏ စိတ်ထဲတွင် သော်လည်းကောင်း ဒဲလ်ဖီက သူတို့အား ထိုအချိန်တွင် သတ်တော့မည်ဆိုသည့်ကိစ္စကို မည်သူမျှ ယုံမှားသံသယ မရှိကြပါ။

ဒဲလ်ဖီသည် စားပွဲ၏နောက်ဘက်သို့သွားပြီး အံဆွဲတစ်ခုကို ဆွဲဖွင့်၍ သေနတ်တစ်လက်ကို ထုတ်ယူလိုက်၏။ ထိုသေနတ်မှာ သူတို့ မြင်တွေ့ခဲ့ရသော အသံတိတ် ဒုံးကျည်သေနတ်မျိုး မဟုတ်ဘဲ ပြောင်းဝကျယ် ဒသမ လေးဆယ့်လေးရှိသော ကို့တ်ခြောက်လုံးပြူးတစ်လက် ဖြစ်သည်။ ထိုသေနတ်မှာ ဒဲလ်ဖီက ကိုင်တွယ်၍ အသုံးပြုလိမ့်မည်ဟု ယူဆမထားသော သေနတ် အမျိုးအစားဖြစ်ကြောင်း ပစ်က စိတ်မသက်မသာနှင့် သတိထားလိုက်မိသည်။

ဒဲလ်ဖီသည် အချိန်ယူ၍ ဆုံလည်အိမ်ကို ဖွင့်လိုက်ပြီးနောက် ကျည်ဆန်များကို စစ်ဆေးပြီး သေနတ်ကို အသင့်ဖြစ်အောင် ပြင်ဆင်လိုက်သည်။

ရွှေရောင်မျက်လုံးများသည် အရောင် မပြောင်းလဲကြချေ။ ထိုမျက်လုံး များပေါ်တွင် မည်သည့် အဓိပ္ပာယ်ကိုမျှ ရှာဖွေ၍ မရသလို





ထိုမျက်လုံးများသည် ထုံးစံအတိုင်း အေးစက်မာကျောနေကြသည်။

ပစ်က နောက်သို့ လှည့်ပြီး ဂျီအိုဒီနိုအား ကြည့်လိုက်ရာ ဂျီအိုဒီနိုက ပြုံးပြသည်ကို တွေ့လိုက်ရလေတော့သည်။ ဂျီအိုဒီနိုသည် မည်သည့်အချိန်တွင်မျှ ထိတ်ထိတ်ပျာပျာ မဖြစ်ချေ။

ပစ်သည် သူ့ခန္ဓာကိုယ်ထဲသို့ အရှိန်ပြင်းစွာနှင့် ရုတ်တရက် ဝင်ရောက်လာမည့် ကျည်ဆန်အား ခန္ဓာကိုယ်ကို တောင့်တင်းပြီး စောင့်ကြိုနေလိုက်သည်။

'ဒါပဲပေါ့' ဟု ပစ်က တွေးလိုက်၏။

ပစ်ကဲ့သို့သော ထူးသော အ,သောပုဂ္ဂိုလ်မျိုးသည် ထိုကဲ့သို့ပင် အဆုံးသတ်ရပေလိမ့်မည်ဟု တွေးလိုက်မိသည်။

ထို့နောက် ယခုအချိန်အထိ သူ သတိမထားခဲ့မိသော ပုဂ္ဂိုလ်တစ်ယောက် တံခါးဝတွင် မတ်တတ်ရပ်နေသည်ကို ရုတ်တရက် သတိထားလိုက်မိပြန်သောကြောင့် ပစ်သည် ချက်ချင်း စိတ်သက်သာရာ ရရှိသွားတော့သည်။

"မလုပ်ပါနဲ့ ဖေဖေ"

ဆမ်းမားက တောင်းပန်လိုက်သည်။

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့"

ဆမ်းမားသည် ပေါင်လယ်လောက်အထိရောက်သော အစိမ်းရောင်ခြုံထည်ကလေးကိုခြုံရင်း ထိုနေရာတွင် မတ်တတ်ရပ်နေသည်။ သူမ၏ နွေးထွေးမှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတို့သည် တြောနီရောင်ထပြီး ချောမွေ့နေသော သူမ၏အသားပေါ်မှ ဖြာထွက်နေသလို ထင်ရသည်။

သူမသည် ဣန္ဒြေသိက္ခာရှိလှသောကြောင့် ပစ်၏သွေးကြောများထဲမှ သွေးများသည် ပို၍ လှုပ်ရှားသွားကြတော့သည်။

သူမသည် ဒဲလ်ဖီအား စိန်ခေါ်သောအကြည့်နှင့်ကြည့်ရင်း အခန်းထဲသို့ လျှောက်ဝင်လာသည်။

"မင်း ဝင်မရှုပ်ပါနဲ့"

ဒဲလ်ဖီက ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ဒီကိစ္စက မင်းနဲ့ မဆိုင်ပါဘူး"

ဆမ်းမားက ဖွတ်အတင်း ဘပ်ပြောလိုက်ပြန်သည်။

"သူတို့ကို ဒီမှာပစ်သတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီမှာ သတ်လို့ကို မဖြစ်ဘူး၊ ဒီနံရံတွေကြားမှာတော့ ဖြစ်ကို မဖြစ်ဘူး"

သူမ၏ကြီးမားသော မီးခိုးရောင်မျက်လုံးကြီးများက တောင်းပန်နေကြသည်။

"သူတို့ရဲ့ သွေးတွေကို ဆေးကြောပစ်နိုင်သားပဲ"

"အဲဒါ မကောင်းဘူး ဖေဖေ၊ ဖေဖေက ဖေဖေ့ဘုံဗိမာန်ကလေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ဖို့အတွက် လူတွေကို သတ်မှဖြစ်မယ်။ ဒါပေမယ့် အဲဒါက ပင်လယ်ထဲမှာပါ။ သေခြင်းတရားကိုတော့ အိမ်ထဲကို သယ်ဆောင်မလာသင့်ပါဘူး"

ဒဲလ်ဖီက တွဲဆိုင်းဆိုင်း ဖြစ်သွားပြီး သူ့လက်ထဲက သေနတ်ပြောင်းသည် အောက်ဘက်သို့ ခပ်ဖြည်းဖြည်း နိမ့်ကျသွားတော့သည်။ ရုတ်ခြည်းဆိုသလိုပင် ကောက်ကျစ်သောအပြုံးသည် သူ့မျက်နှာပေါ်၌ ပြန်၍ ပေါ်လာပြီး ဒဲလ်ဖီသည် ယခင်အတိုင်း ပုံမှန်အနေအထားသို့ ပြန်လည် ရောက်ရှိသွားတော့သည်။

"သမီး ပြောတာ သိပ်မှန်တယ်၊ ကျည်ဆန်ကြောင့် သေရတဲ့ကိစ္စဟာ သိပ်ပြီး မြန်ဆန်လွန်းလှတယ်။ သိပ်ပြီး ကြင်နာသနားစိတ် ထားရာလည်း ရောက်တယ်၊ သိပ်ပြီးတော့လည်း ပေရေညစ်ပတ်တယ်။ ဒီတော့ သူတို့ကို အသက်ရှင်နိုင်ဖို့ အထူးအခွင့်အရေး ပေးထားတဲ့အနေနဲ့ ရေပြင်ပေါ်ကို ပြန်လွှတ်ပေးရမယ်"

"လွှတ်နိုင်မယ့် အခွင့်အရေးက သိပ်များများမှာကိုး"

ပစ်က ဒေါသနှင့် ပြန်ပြောလိုက်၏။

"ဒီနေရာဟာ ကမ်းခြေနဲ့ မိုင်ပေါင်းများစွာဝေးတယ်၊ အသားစားမယ့် ရေသတ္တဝါတွေကလည်း လူသားစားချင်ကြလို့ အဆင်သင့် စောင့်နေကြတယ်၊ ခင်ဗျားက တော်တော် ကရုဏာထားပေတာပဲ"

"အနိဋ္ဌာရုံစကားတွေကို ထပ်မပြောကြနဲ့တော့ကွာ"

လူဘီလူးကြီးက လှောင်တောင်တောင်မျက်နှာထားနှင့် ပြောလိုက်၏။

"မင်းပြောတဲ့ ပေါက်ကရ စကားတွေကို ထိုင်နားထောင်ဖို့ ငါ့မှာ အချိန်မရှိဘူး၊ ဒါပေမယ့် မင်း ဒီကို ဘယ်လိုနည်းနဲ့ ရောက်လာတယ်ဆိုတာကိုတော့ သိချင်သေးတယ်"

ပစ်က သူ့လက်ပတ်နာရီကို အမှုမဲ့အမှတ်မဲ့ ကြည့်လိုက်၏။

"တိတိကျကျ ပြောရမယ် ဆိုရင် သုံးဆယ့်တစ်မိနစ်လောက်တော့ အချိန် ရှိသေးတယ်"

"သုံးဆယ့်တစ်မိနစ်၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါက ခင်ဗျားရဲ့ ဘုံဗိမာန်ကလေး ပြိုကျပြီး ပျက်စီးသွားမယ့်အချိန်လေ"

"မင်းက ရယ်စရာစကားတွေကို ထပ်ပြောလာပြန်ပြီလား"

ဒဲလ်ဖီသည် မှန်ပြတင်းပေါက်ကြီးဆီသို့ လျှောက်သွားပြီး ငါးလင်ပန်းကြီးကို ကြည့်နေပြီးနောက် ဖြုန်းခနဲ ပြန်လှည့်လိုက်၏။

"မင်း လေယာဉ်ပျံထဲမှာ ဘယ်နှယောက် ပါလာသေးသလဲ"

ပစ်ကလည်း နောက်မေးခွန်းတစ်ခုနှင့် တုံ့ပြန်လိုက်၏။

"လာဗယ်လာ၊ ရှိဗယ်မန်းနဲ့ မိုရန်တို့ ဘာဖြစ်ကုန်ကြသလဲ"





"မင်းက ကျုပ်ကို သက်သက်မဲ့ ဆွဲပေးနေတာကိုး"

"မဟုတ်ပါဘူး၊ ကျုပ်က တကယ် လေးလေးနက်နက် မေးတာပါ"

ပစ်က ပြန်ပြောလိုက်၏။

"ခင်ဗျားက မေးခွန်းတစ်ခု နှစ်ခုကို ဖြေမယ်ဆိုရင် ကျုပ်ကလည်း သိချင်တာကို ပြန်ဖြေမယ်လို့ ကျုပ် ကတိပေးပါတယ်"

ဒဲလ်ဖီသည် သေနတ်ကို စဉ်းစဉ်းစားစားနှင့် ကြည့်နေလိုက်၏။ ထို့နောက် စားပွဲပေါ်တွင် တင်လိုက်သည်။

"မင်း ကတိတည်လိမ့်မယ်လို့ ကျုပ် ထင်တယ်၊ အေးလေ မင်းဟာ ဒီကမ္ဘာပေါ်မှာ ကတိတည်တဲ့လူ လက်တစ်ဆုပ်စာထဲက တစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျုပ် ထင်တယ်"

ဒဲလ်ဖီက ပြန်ထိုင်လိုက်၏။

"ကဲ - မေဂျာ၊ စပြောရမယ်ဆိုရင် ကျုပ်နာမည်ကလည်း မိုရန်ပါပဲ။ ဖရက်ဒရစ်မိုရန်ဟာ ခုအချိန်အထိ သက်ရှိထင်ရှား ရှိမယ်ဆိုရင် အသက် ရှစ်ဆယ်ကျော်ရောပေါ့"

ဒဲလ်ဖီက ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

"ကျုပ် သူ့သားပဲ။ သူက ဒေါက်တာလာဗယ်လာ၊ ဒေါက်တာရှိဗယ်မန်းတို့နဲ့ အတူတူ ပျောက်ဆုံးနေတဲ့ ကနိုလီကျွန်းကို အရှာထွက်ကြတဲ့ အချိန်တုန်းက ကျုပ်က လူငယ်လေးတစ်ယောက်ပဲ ရှိသေးတယ်။ ကျုပ် အဖေက ငြိမ်းချမ်းရေးဝါဒီတစ်ယောက်ပဲ။ အဏုမြူဗုံးကြောင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားရတဲ့အချိန်မှာ လူသားတစ်မျိုးလုံး အဏုမြူလက်နက်တွေကြောင့် အားလုံး ပြုတ်ပြုတ်ပြုန်းသွားမယ့်ကိစ္စဟာ အချိန်ပိုင်းလောက်ပဲ လိုတော့တယ် ဆိုတာကို ကျုပ်အဖေက သိခဲ့တယ်။

နိုင်ငံတွေက စစ်တိုက်ဖို့အတွက် လက်နက်ပစ္စည်းတွေကို စုဆောင်းကြပြီ ဆိုရင် အဲဒီ လက်နက်တွေကို အသုံးမပြုဘူးဆိုတာ ဘယ်တုံးကမှ မရှိခဲ့ဖူးဘူးလို့ တစ်ခါက ပြောခဲ့ဖူးတယ်။

ဒီတော့ သူက အဏုမြူရောင်ခြည်တွေနဲ့ ကင်းလွတ်မယ့်နေရာ၊ စစ်ပွဲကြီးတွေ ဖြစ်လာရင် ပစ်မှတ်ဖြစ်မယ့်နေရာတွေနဲ့ လွတ်ကင်းတဲ့ နေရာကို လိုက်ရှာခဲ့တယ်။ မကြာခင်မှာပဲ ရေအောက်မှာရှိတဲ့ အခြေစိုက်စခန်းတစ်ခုဟာ ပုန်းခိုဖို့ကောင်းတဲ့ အကောင်းဆုံးနေရာ ဖြစ်မှာပဲလို့ ရှာတွေ့လာတယ်။ သမိုင်းတွေလို လေ့လာလိုက်တဲ့အခါကျတော့ ရှေးရာစုနှစ်ပေါင်းများစွာက ကနိုလီကျွန်းဟာ မီးတောင်ပေါက်ကွဲမှု ဒါမှမဟုတ် အခြား ပျက်စီးမှုကြီးနဲ့ မကြုံတွေ့ရဘဲ ရေအောက်ကို ရုတ်တရက် မြုပ်သွားခဲ့တယ် ဆိုတာကို ရှာတွေ့လာရတယ်။

အဲဒီအတိုင်းသာ မှန်ခဲ့ရင် ရှေးဒဏ္ဍာရီထဲမှာ ပါတဲ့အတိုင်း [illegible] အနားကြီးတွေမှာ သုံးတဲ့ ဂူကြီးတွေ၊ လိုဏ်ခေါင်းကြီးတွေဟာ ရှိကို ရှိနိုင်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဒေါက်တာလာဇယ်လာနဲ့ ရိုဇယ်မန်းတို့ကလည်း ကမ္ဘာကြီးရဲ့ နောင်ရေးနဲ့ ပတ်သက်ပြီး ကျုပ်ဖေဖေနဲ့ သဘောထားချင်း တိုက်ဆိုင်ခဲ့ကြတဲ့အတွက် ပျောက်ဆုံးသွားတဲ့ ကနိုလီကျွန်းကို သူတို့ အတူတူ လက်တွဲပြီး ရှာခဲ့ကြတယ်။ သုံးလလောက်ကြာအောင် သမုဒ္ဒရာ အောက်ခြေ မျက်နှာပြင်ကို အသံလှိုင်းနဲ့ လေ့လာလိုက်တဲ့အခါကျတော့ အဲဒီနေရာကို ရှာတွေ့လာရတယ်။ အဲဒီမှာတင် သူတို့က လိုဏ်ဂူတွေထဲက ရေတွေ ခြောက်ကုန်အောင် စုပ်ထုတ်ဖို့ အစီအစဉ်တွေကို စလုပ်တော့တယ်။ သူတို့ဟာ ရေအောက်တောင်ကုန်းမှာဝင်ပြီး အခြေစိုက်နိုင်အောင် တစ်နှစ်လောက် အချိန်ယူပြီး လုပ်ခဲ့ကြရတယ်"

"အဲဒီလောက်တောင်ကြာအောင် ဘယ်လိုနည်းနဲ့ လျှို့လျှို့ဝှက်ဝှက် လုပ်နိုင်ခဲ့ကြတာလဲ"

ပစ်က မေးလိုက်၏။

မှတ်တမ်းများအရ အိတ်စ်ပလိုးရားသင်္ဘောသည် ဆိပ်ကမ်းမှ ထွက်ခွာပြီး နှစ်လသုံးလအတွင်းမှာပင် ပျောက်ဆုံးသွားသည်ဟု သိရှိရသည်။

ဒဲလ်ဖီက ဆက်ပြောလိုက်၏။

"လျှို့လျှို့ဝှက်ဝှက်လုပ်ဖို့ဆိုတာက သိပ်မခက်ပါဘူး။ သင်္ဘောပေါ်က ရေငုပ်သမားတွေနဲ့ ပစ္စည်းတွေကို ရေထဲချဖို့နဲ့ ပြန်တင်ဖို့အတွက် သင်္ဘောကိုယ်ထည်ကို ပြင်ဆင်ပစ်လိုက်တယ်။ ပြီးတော့ ဆေးရောင်ကိုပါ ပြင်သုတ်လိုက်တဲ့အခါကျတော့ အဲဒီသင်္ဘောဟာ အဲဒီနေရာတစ်ဝိုက်မှာ ကူးသန်းသွားလာနေတဲ့ တခြား သင်္ဘောတစ်စီး ဖြစ်သွားရပြန်တယ်။ ကျုပ်တို့အတွက် ကြီးမားတဲ့ပြဿနာက လျှို့လျှို့ဝှက်ဝှက်လုပ်ဖို့ မဟုတ်ဘဲ ငွေကြေး လုံလောက်အောင် ရှာဖို့က အဓိက ဖြစ်လာတယ်"

"ကျန်တာတွေကိုတော့ ကျုပ် သိပါတယ်"

ပစ်က တထစ်ချသိထားဟန်ဖြင့် ခပ်တည်တည် ပြောချလိုက်၏။

ဒဲလ်ဖီက မော့ကြည့်လိုက်သည်။ ဆမ်းမားကလည်း ဒဲလ်ဖီကဲ့သို့ပင် ဝေခွဲမရဟန် မျက်နှာထားနှင့် ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။

"ကျုပ်သာမက အမှတ်(၁၀၁)သင်္ဘောအုပ်စုနဲ့ အမေရိကန်ရေတပ်မတော်တစ်ခုလုံးက ခင်ဗျားအဖွဲ့ အကြောင်း သိနေကြပြီ ဆိုတာကို ခင်ဗျားက မရိပ်မိသေးတာ တော်တော် ထူးဆန်းတာပဲ"

"မင်းက လိမ်ညာပြောလို့ ဘာအကျိုးထူးမှာလဲ"

ဒဲလ်ဖီက ပြန်မေးလိုက်၏။

"ခင်ဗျားရိပ်မိဖို့ကောင်းတာပေါ့ ဒဲလ်ဖီရယ်၊ ခင်ဗျား ကျုပ်ရဲ့အိပ်ခန်းက ပြန်သွားတာကို မှတ်မိသေးရဲ့လား။ ကျုပ်က ကနိုလီလို့ ပြောခဲ့သေးတယ်။ ဒါပေမယ့် ခင်ဗျားက မျက်တောင်ကလေးတောင် တစ်ချက်ခတ်မသွားဘူး၊ အဲလေ - ကျုပ်က သေရတော့မယ့်ပုဂ္ဂိုလ်ဆိုတော့ ကျုပ်က နည်းနည်းပါးပါး သိထားတဲ့ကိစ္စတွေဟာ အရေးမကြီးဘူးလို့ ခင်ဗျားက





ထင်လို့ဖြစ်မှာပေါ့"

"မင်း . . . မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဘိရှော့ပြတိုက်က ပြတိုက်မှူးကြီးလေ၊ သူက ခင်ဗျား အဖေကို မှတ်မိလိုက်တယ်။ ဒါပေမယ့် ဒါက အစပဲရှိသေးတယ်။ နောက်တော့ အပိုင်းအစအနကလေးတွေဟာ တဖြည်းဖြည်းနဲ့ အံဝင်ခွင်ကျဖြစ်လာပြီး ပုံပေါ်လာတော့တယ်"

ပစ်သည် လျှောက်သွားပြီးနောက် ဂျီအိုဒီနို၏ နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်ရင်း ဂျီအိုဒီနိုအား လက်နှင့် ပွေ့ဖက်ထားလိုက်၏။

ထို့နောက် ဒဲလ်ဖီနှင့် ပြန်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"ခင်ဗျားက လောဘကြောင့် လူသတ်နေတာပါ၊ တခြား ဘာကိစ္စမှ မဟုတ်ပါဘူး။ ခင်ဗျားက သွေးအေးအေးနဲ့ အင်မတန် ရက်စက်တဲ့ အတွေးအခေါ်ကို ခင်ဗျားသမီးရဲ့ ဦးခေါင်းထဲမှာတောင် ရိုက်သွင်းထားတယ်။ ခင်ဗျားအဖေဟာ ငြိမ်းချမ်းရေးသမား ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် ဒေါက်တာမိုရန်က လူသားတွေရဲ့ ငြိမ်းချမ်းရေးနဲ့ သိပ္ပံလောကအတွက် စူးစမ်းရှာဖွေခဲ့တဲ့ကိစ္စတွေဟာ ခင်ဗျားလက်ထဲကျတော့ ရေကြောင်းရာဇဝင်မှာ အချောအမောဆုံး သင်္ဘောပြန်ပေးဆွဲတဲ့ လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပေါ်လာခဲ့တယ်"

"မင်းစကားကို ရပ်မပစ်လိုက်နဲ့ကွာ၊ ငါက ပြည့်ပြည့်စုံစုံ ကြားချင်သေးတယ်"

ဒဲလ်ဖီက ခပ်တည်တည်နှင့် ဝင်ပြောလိုက်၏။

"ခင်ဗျားက ဒီပြင်ပုဂ္ဂိုလ်တွေက သူတို့အမြင်နဲ့ ပြောကြတာကို ကြားချင်တာလား"

ပစ်က သံမှန်မှန်ဖြင့် ပြန်မေးလိုက်၏။

"မှတ်တမ်းတွေထဲမှာ ဘယ်လိုရေးသားထားတယ်ဆိုတာ သိချင်တယ်ပေါ့၊ ရပါတယ်။ ဒါပေမယ့် ကျုပ်က ဆက်မပြောခင် ခင်ဗျားက ဂျီအိုဒီနိုကို အခုထက်ပိုပြီး နေသာထိုင်သာရှိအောင် လုပ်ပေးမယ်ဆိုရင် ပိုပြီး ကျေးဇူးတင်မိလိမ့်မယ်။ သူက ကြမ်းပြင်ပေါ်မှာ တိရစ္ဆာန်တစ်ကောင်လို လှဲနေရတာ အင်မတန် ရှက်ဖို့ကောင်းတယ်"

ဒဲလ်ဖီက အင်တင်တင်နှင့် သူ့တပည့်များအား ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြလိုက်ရာ ထိုအစောင့်များက ဂျီအိုဒီနိုအား ကူရှင်အနိမ့်များ ခင်းထားသောခုံရှည်ဆီသို့ သယ်သွားကြသည်။

ဂျီအိုဒီနိုသည် ပို၍ သက်သောင့်သက်သာနှင့် ထိုင်မိသည့် အခါ [illegible] ပစ်က ဆက်ပြောလိုက်၏။ ပစ်သည် ဒဲလ်ဖီ၏အဖွဲ့အစည်း [illegible] ဇာတ်လမ်းကို ရေရေရာရာ ရိပ်မိထားခြင်း မရှိပါ [illegible] ပြောသောစကားများသည် အဓိပ္ပာယ်ရှိလိမ့်မည် [illegible] မကြာမီ ဖြစ်ပေါ်လာမည့် ပေါက်ကွဲမှုကြီးကြောင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သေရမည့်ဘေးမှ လွတ်မြောက်လာစရာအကြောင်းရှိခဲ့သည်ဟု ဆိုခြားအံ့။ သူသည် ဂျီအိုဒီနိုနှင့် ဆမ်းမားတို့ကို ထိုအခန်းမှ ထွက်အောင် လုပ်နိုင်မှ ဖြစ်လိမ့်မည်။ ပေါက်ကွဲမှုဖြစ်ပွားပါက အလွန် ကြီးမားသော မှန်ပြတင်းပေါက်ကြီးသည် ပထမဦးဆုံး ပျက်စီးသွားမည် ဖြစ်ပြီး တစ်ချက်တည်းနှင့် ဂါလန် သန်းပေါင်းများစွာရှိသော ရေတို့ကို လိုဏ်ဂူထဲသို့ ဝုန်းခနဲ ဝင်လာစေလိမ့်မည် ဖြစ်သည်။

ပစ်က အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီးနောက် ဆက်ပြောလိုက်၏။

"အိတ်စ်ပလိုးရား၊ အဲဒါက ခင်ဗျားအဖေရဲ့သင်္ဘော၊ သိပ္ပံပညာရှင်တွေက ရေအောက်တောင်ကုန်းထဲမှာ လူတွေနေလို့ရအောင် ပြုပြင်ပြီးတဲ့အခါမှာ အဲဒီ အိတ်စ်ပလိုးရားသင်္ဘောကို ဆက်အသုံးချဖို့ မသင့်တော်တော့ဘူး။ ဒါပေမယ့် ဒေါက်တာမိုရန်က ရေအောက်မှာ လူနေဖို့နေရာတွေ ဆက်ပြီး ဖန်တီးနိုင်အောင် စက်ကိရိယာတွေကိုဝယ်ဖို့ ငွေလိုလာပြန်တယ်၊ ဒီတော့ သူက အဲဒီမှာတင် ကမ္ဘာပေါ်မှာ အများသုံး နေအေးလိမ်နည်းတစ်မျိုးဖြစ်တဲ့ အာမခံကုမ္ပဏီကိုလိမ်တဲ့ လုပ်ငန်းကို စပြီး လုပ်ကိုင်ခဲ့တော့တယ်။ သိပ္ပံပညာအတွက်ဆိုပြီး ငွေလိမ်ရတဲ့ကိစ္စက သူ့စိတ်ကို ချွေးသိပ်နိုင်ခဲ့တယ်။ ပြီးတော့ သူက ဘာကို ဂရုစိုက်ရမှာလဲ။ သူ၊ လာဗယ်လာနဲ့ ရိုဗယ်မန်းတို့ဟာ လူ့အသိုင်းအဝိုင်းထဲက ထွက်သွားခဲ့ကြပြီပဲ။

ဒီတော့ သူက အိတ်စ်ပလိုးရားကို အမေရိကန်နိုင်ငံအထိ မောင်းသွားတယ်။ သင်္ဘောတစ်စင်းလုံးမှာ အဖိုးမတန်တဲ့ပစ္စည်းတွေကို အပြည့်အနှက် တင်လိုက်တယ်။ ပြီးတော့ အိတ်စ်ပလိုးရားကို ပြုပြင်ပြီး နာမည်ပြောင်းထားတဲ့ သင်္ဘောတစ်စီးလုံးနဲ့ သင်္ဘောပေါ်မှာတင်ထားတဲ့ ကုန်တွေအားလုံးအတွက် တန်ဖိုးအမြင့်ဆုံးနဲ့ အာမခံထားလိုက်တယ်။ ပြီးတော့ အဲဒီသင်္ဘောကို ကနိုလီကျွန်းဆီ ပြန်မောင်းလာပြီး ပစိဖိတ်ဝဲကတော့ရဲ့ ပထမဦးဆုံး သားကောင်အဖြစ် သင်္ဘောထဲကို ရေသွင်းပြီး မြုပ်ပစ်လိုက်တယ်။ အဲဒီနောက်တော့ အာမခံကုမ္ပဏီဆီက လျော်ကြေး တောင်းခတော့တာပဲ။

အဲဒီ လုပ်နည်းကိုင်နည်းဟာ သိပ်ကို ချောမွေ့ခဲ့တယ် ဒဲလ်ဖီ။ ဒီတော့ မဟုတ်မဟတ်လုပ်တာကို ကန့်ကွက်ကြမယ့် သိပ္ပံပညာရှင်တွေ ကွယ်လွန်ပြီးနောက်ပိုင်းမှာ ခင်ဗျားက ခုလုပ်ငန်းကို ကြီးကြီးကျယ်ကျယ် ဆက်လုပ်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ခင်ဗျားက သင်္ဘောမဝယ်ရတဲ့နည်းကို အသုံးပြုလာတယ်။ ဒီနည်းက ပိုပြီး အမြတ်ရတယ်။ သိပ်ပြီးတော့လည်း လွယ်ကူနေခဲ့တယ်။ ခင်ဗျားက ခင်ဗျားတပည့်တွေကို အမေရိကန်နိုင်ငံက အနောက်ဘက်ကိုသွားကြတဲ့ကုန်သင်္ဘောတွေပေါ်မှာ သင်္ဘောသားတွေအနေနဲ့ လိုက်ခိုင်းလိုက်တယ်။

ဒါပေမယ့် အနောက်ဘက်ကိုသွားတဲ့ သင်္ဘောတွေကိုမှ ဘာဖြစ်လို့





ရွေးရတာလဲလို့ မေးစရာ အကြောင်းရှိတယ်၊ အနောက်ဘက်ကိုသွားတဲ့ သင်္ဘောတွေက ခင်ဗျားတို့ရဲ့ အခြေစိုက်ဒေသနဲ့နီးလို့၊ ပြီးတော့လည်း အမေရိကန်မှာ လုပ်သည်ဆိုတဲ့ ပစ္စည်းတွေက မှောင်ခိုဈေးမှာ ချရောင်းရတာ ပိုပြီး လွယ်ကူလို့ပဲ။ ခင်ဗျား တပည့်တွေက လုပ်ကိုင်ပေးမယ့် အလုပ်ကလည်း သိပ်မများလှပါဘူး။ သင်္ဘောလမ်းကြောင်းကို ဒီဂရီ နည်းနည်းလောက် စောင်းပေးလိုက်ဖို့နဲ့ အင်ဂျင်စက်ခန်းကို ရပ်ခိုင်းလိုက်ပြီး ခင်ဗျားတပည့် ပင်လယ်ဓားပြတွေက သင်္ဘောပေါ်တက်ပြီး သင်္ဘောသားတွေ အားလုံးကို သတ်တဲ့အချိန်အထိ စောင့်ပေးနေကြဖို့ပါပဲ။ အဲဒီ သင်္ဘောတွေနဲ့ ပတ်သက်တဲ့ အစအနတွေကို ဘယ်တော့မှ မတွေ့ကြရတော့ဘူး။ အဲဒါကရော ဘယ်လိုနည်းနဲ့ ဖြစ်နိုင်သလဲ။ သင်္ဘောသားတွေရဲ့အလောင်းတွေကို ခဲဆွဲပြီး ရေထဲကို ပစ်ချလိုက်တယ်။သင်္ဘောကိုယ်ထည်တစ်ခုလုံးကို ဆေးရောင်ပြောင်းပြီး သုတ်လိုက်တယ်။ သင်္ဘောကိုယ်ထည်အထက်ပိုင်းက ထူးခြားတဲ့နေရာတွေကို ပြုပြင်လိုက်တယ်။

ကဲ - အဲဒီမှာတင် ခင်ဗျားအတွက် သင်္ဘောအသစ်တစ်စီး ရသွားတယ်။ အဲဒီ နောက်တော့ သင်္ဘောပေါ်မှာ ပါလာတဲ့ ကုန်တွေကို ရောင်းဖို့ဆိုတဲ့ အသေးအမွှား ပြဿနာကလေးလောက်ပဲ ကျန်တော့တယ်။ တချို့ ပစ္စည်းတွေက အနံ့ခံလို့ လွယ်ကူတဲ့ပစ္စည်းတွေ ဖြစ်နေရင် ရေထဲကို ပစ်ချလိုက်ရုံပဲပေါ့။ ပြီးတော့လည်း အဲဒီသင်္ဘောကို မှတ်ပုံတင်အသစ်နဲ့ မှီမှီသားသား နှစ်ခေါက် သုံးခေါက်လောက် ပြေးပြလိုက်မယ်။ ပြီးမှ မတန်တဆ အာမခံထားပြီး ခင်ဗျားနဲ့ လက်လှမ်းမီတဲ့ ရေအောက်တောင်ကုန်းကလေးအပေါ်မှာ နှစ်မြုပ်ပစ်လိုက်တယ်။ ဒါမှ ခင်ဗျားက မတရားတဲ့နည်းနဲ့ နောက်ထပ် ရလာတဲ့ သင်္ဘောတွေကို ပြုပြင်ချင်တယ်၊ ပြင်ဆင်ချင်တယ် ဆိုရင် အရန်ပစ္စည်းတွေကို အလွယ်တကူ ဖြုတ်ယူနိုင်လိမ့်မယ်။

ဒီတော့ စပိန်က ပင်လယ်ဓားပြတွေဟာ ခင်ဗျားနဲ့စာရင် လမ်းဘေးမှာ ပိုက်ဆံအိတ်ကို အတင်း လုပြေးတဲ့ ခါးပိုက်နှိုက်တွေရဲ့အဆင့်အတန်းလောက်ပဲ ဖြစ်နေတော့တယ်။ ပြီးတော့လည်း ဒီနေရာတစ်ဝိုက်မှာ ပျောက်နေတဲ့ သင်္ဘောစုစုပေါင်းရဲ့ ထက်ဝက်လောက်ပဲ ရှိနေတာကို သင်္ဘောသုံးဆယ်ကျော် နစ်မြုပ်နေတယ်လို့ ထင်သွားအောင် ခင်ဗျားက ကမ္ဘာတစ်ခြမ်းလောက်ကို အကြောင်းရိုက်နိုင်ခဲ့တယ်။ အဲဒီသင်္ဘောတိုင်းဟာ မူလ နာမည်ရင်းနဲ့ တစ်ကြိမ်၊ ခင်ဗျားက လုယက်ပြီး မောင်းတဲ့အခါကျတော့ နာမည်သစ်နဲ့ တစ်ကြိမ်၊ နှစ်ကြိမ်စီ ပျောက်နေပါတယ်လို့ အတိုင်ခံကြရတဲ့သင်္ဘောတွေလေ"

"မင်းရဲ့ အတွေးအခေါ်ကတော့ တော်တော် စူးရောက်ပါပေတယ်"

ဒဲလ်ဖီ၏လေသံတွင် လှောင်သံပါနေသည်။ သို့ရာတွင် သူ့မျက်လုံးများက ပစ်၏စကားကို လေးလေးနက်နက် နားထောင်နေကြောင်း ဖော်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ်က လေသံခပ်အေးအေးနှင့် ဆက်ပြောလိုက်ပြန်၏။

"လီလီမာလီနီဆိုတဲ့ သင်္ဘောကတော့ တကယ့်ကို ပါးပါးနပ်နပ်နဲ့ လိမ်ညာလိုက်တဲ့ကိစ္စပဲ။ ပျောက်သွားတဲ့သင်္ဘောတွေက တဖြည်းဖြည်းနဲ့ များပြားလာတဲ့အခါကျတော့ အဲဒီသင်္ဘောတွေဆီက ပစ္စည်းတွေကို သယ်ယူဖို့ သင်္ဘောပျက်တွေကို အပျော်တမ်းပုဂ္ဂိုလ်တွေက လိုက်ရှာကြတော့တယ်။ ဒါကြောင့် ခင်ဗျားနေထိုင်တဲ့ ဒေသတစ်ဝိုက်မှာ တော်တော်ကလေး ခြေရှုပ်လာကြတယ်။ မကြာခင် အနက်ပေကို တိုင်းတဲ့ ကိရိယာတွေနဲ့ အသံလှိုင်းကိရိယာတွေက သင်္ဘောကိုယ်ထည်တွေကို ရှာတွေ့လာကြတော့မယ်။ ဒီတော့ ခင်ဗျားက ခင်ဗျားလုပ်ငန်းကို လူတွေက စိတ်မဝင်စားဘဲ ရှောင်သွားကြအောင် လီလီမာလီနီကိစ္စကို အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တယ်။

အဲဒီကိစ္စကို ခင်ဗျားက သေသေသပ်သပ်နဲ့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တဲ့အတွက် ကျုပ်က ချီးကျူးပါတယ်။

ကမ်းခြေစောင့်တပ်ဖွဲ့က ပုဂ္ဂိုလ်တွေ၊ ရေတပ်မတော်က ပုဂ္ဂိုလ်တွေနဲ့ ကုန်သွယ်ရေကြောင်းလုပ်ငန်းကို လုပ်ကိုင်စားတဲ့လူတွေ အားလုံးက အဲဒီသင်္ဘောပေါ်မှာ တွေ့ကြရတယ်ဆိုတဲ့ အဖြစ်အပျက်တွေကို လက်ခံသွားခဲ့ကြတယ်။ ခင်ဗျားဟာ အင်မတန် ထိရောက်မှုရှိအောင် ကြော်ငြာတတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲ။

အလောင်းတွေရဲ့ မျက်နှာတွေဟာ အရည်ပျော်ကျနေပြီး အသားအရေက အစိမ်းရောင်အဖြစ် ပြောင်းလဲနေတယ်ဆိုတဲ့ ကိစ္စက အယူသီးတတ်တဲ့ သင်္ဘောသားတွေရဲ့ဦးနှောက်ထဲမှာ ကြောက်စိတ်တွေ ဖြစ်ပေါ်လာအောင် ရိုက်သွင်းနိုင်ခဲ့တယ်။ သင်္ဘောတွေနဲ့ သင်္ဘောသားတွေက အဲဒီနေရာကို ပလိပ်ရောဂါဖြစ်တဲ့နေရာလိုပဲ ကွင်းရှောင်သွားကြတော့တယ်။ သူတို့က အဲဒီနေရာကို 'ဟာဝေယံဝဲကတော့'လို့တောင် နာမည်ပေးထားကြသေးတယ်။ ခင်ဗျားက သူတို့အားလုံးကို တစ်ပတ်ရိုက်နိုင်ခဲ့တယ်။ တမင်သက်သက် အကွက်ဆင်ထားမယ်လို့ ဘယ်သူကမှ မထင်ခဲ့ကြဘူး။ ခင်ဗျားက လီလီမာလီနီရဲ့ ရေဒီယိုကနေပြီး မဟုတ်မဟုတ် သတင်းကို အသံလွှင့်လိုက်တယ်။ အဲဒီအချိန်မှာ ရေဒီယိုအော်ပရေတာက သေနေပြီလေ။ ခင်ဗျားရဲ့သင်္ဘော ဆန်ဂေဘာရီယယ်ပေါ်က သင်္ဘောသားတွေက ရေဒီယိုအော်ပရေတာနဲ့ လီလီမာလီနီပေါ်မှာရှိတဲ့ သင်္ဘောသားအားလုံးကို သတ်ပစ်လိုက်ကြတယ်"

ပစ်က သူ့စကားလုံးများကို စိမ့်ဝင်သွားအောင် ခေတ္တမျှ ရပ်တန့်လိုက်၏၊

"လီလီမာလီနီ သူ့အလိုလို ပေါက်ကွဲပြီး သင်္ဘောပေါ်ကိုတက်တဲ့လူတွေအားလုံး သေကုန်ကြတယ်ဆိုတဲ့ကိစ္စဟာ တော်တော် အကြံပိုင်တဲ့ စိတ်ကူးပဲ၊ တကယ်ကတော့ ဘာပေါက်ကွဲမှုမှ မဖြစ်ခဲ့ဘူး။ အဲဒီသင်္ဘောကို





အပိုင်စီးပြီး အရင်ပုံစံနဲ့မတူအောင် ပြုပြင်ဖို့ ရေအောက်တောင်ကုန်းရှိတဲ့ နေရာကို မောင်းယူသွားကြတယ်။ အဲဒီသင်္ဘောကလေးက ပင်လယ်ထဲမှာ အခေါက်ခေါက်အခါခါ မောင်းနှင်နေဖို့ကောင်းအောင် အလွန်လှပတဲ့ သင်္ဘောကလေး။ ခင်ဗျားက အဲဒီသင်္ဘောကို နာမည်အသစ် ပြင်ရေးပြီး ဟိုနိုလူလူမှာရှိတဲ့ ခင်ဗျားပိုင် အခြားသင်္ဘောတွေနဲ့အတူတူ ဆိပ်ကမ်းမှာ ဆိုက်ထားသလားတောင် မသိဘူး။ အခု ထပ်မှည့်ထားတဲ့နာမည်က ဘယ်လိုတဲ့၊ ပစ်စက်ပစီဖိတ်ကော်ပိုရေးရှင်း တဲ့လား"

ဒဲလ်ဖီသည် ဖြုန်းခနဲ တောင့်တင်းသွားတော့သည်။

"မင်းက ပစ်စက်ပစီဖိတ်အကြောင်း သိသလား"

"လူတိုင်း သိတာပေါ့ဗျ"

ပစ်က အေးစက်စက်အပြုံးနှင့် ဆက်ပြောလိုက်၏။

"ခုအချိန်မှာဆိုရင် ရေအောက်တောင်ကုန်းပြင်ပမှာရှိတဲ့ ခင်ဗျားပိုင် ပစ္စည်းအားလုံးကို ထိန်းသိမ်းထားလိုက်ကြပြီနဲ့ တူတယ်။ သဘောလောက် ပြောရမယ်ဆိုရင် ခင်ဗျားပိုင် လေယာဉ်ပျံကော်ပိုရေးရှင်းရုံးခန်းတွေ၊ မြို့တော့ မောအီကျွန်းပေါ်မှာရှိတဲ့ ရေဒီယိုအသံလွှင့်စက်ရုံ အဲဒါတွေပေါ့ဗျာ"

ပစ်သည် ခိုင်ခိုင်မာမာ ပြောနိုင်သောအဆင့်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် ယခင် ပုံစံအတိုင်း ကျေနပ်သိက္ခာအပြည့်နှင့် ပြန်ဖြစ်လာသည်။

"ခင်ဗျားက တော်တော်ပိုင်အောင် လုပ်နိုင်ခဲ့တာပဲ။ မမျှော်မှန်းနိုင်တဲ့ ကိစ္စကလေးတွေ အားလုံးကို ခြုံငုံမိအောင် လုပ်ထားတယ်။ တကယ်လို့ ခင်ဗျားတို့ ဝင်တိုက်တဲ့ သင်္ဘောက ကယ်ပါကူပါ ဆိုတဲ့ သတင်းကို အသံလွှင့်နိုင်ခဲ့လို့ရှိရင် မောအီကျွန်းပေါ်မှာရှိတဲ့ ခင်ဗျားအသံလွှင့်စက်က အဲဒီအသံလွှင့်ချက်ကို ဖျက်ဆီးပစ်လိုက်ပြီး အဲဒီသင်္ဘောရဲ့ တည်နေရာကို ခါးပြတိုက်မှု ဖြစ်နေတဲ့နေရာနဲ့ မိုင်တစ်ရာလောက်ဝေးတဲ့နေရာ ဖြစ်အောင် ထပ်ပြီး အသံလွှင့်ပေးလိုက်တယ်"

ဒဲလ်ဖီ၏မျက်နှာထားသည် ဆိုးဆိုးရွားရွား ဒေါပွနေသလို ဖြစ်နေသည်။

"မင်း သေသွားဖို့ကောင်းတယ် ပစ်၊ မင်းဟာ တစ်ကြိမ်မကဘဲ သုံးကြိမ်လောက်တောင် သေဖို့ကောင်းတယ်"

"အင်း - သိပ်ဟုတ်တာပေါ့"

ပစ်က ပခုံးတွန့်ပြလိုက်၏။

"ဥပမာတစ်ခုလောက်ကို ရွေးပြီးပြရမယ် ဆိုရင် မီးခိုးရောင်ထရပ်ကားထဲက ပုဂ္ဂိုလ်က ကျုပ်ကို လုပ်ကြံတဲ့ကိစ္စကိုပဲ ပြောရလိမ့်မယ်၊ အဲဒီကိစ္စဟာ ခင်ဗျားလို သေသေသပ်သပ် လုပ်တတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်အဖို့ တော်တော့်ကို မသေသပ်တဲ့ကိစ္စပဲ။ ဒါပေမယ့် စီနာနာက ကျုပ်တို့ ဗိုလ်ချုပ်ကြီးဟန်းတားနဲ့ တွဲဖက်ပေးလိုက်ပြီလို့ ခင်ဗျားဆီကို သတင်းပို့လိုက်တဲ့အတွက် ခင်ဗျားအနေနဲ့ အသေးစိတ် အစီအစဉ်လုပ်ဝံ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com

သိပ်မရလိုက်ဘူးလို့ ကျုပ်ထင်တယ်။ လွန်ခဲ့တဲ့ညက မအောင်မမြင် ဖြစ်ခဲ့ရတဲ့ ဆမ်းမားရဲ့လုပ်ကြံမှုကြောင့် ကျုပ်က တစ်ကိုယ်တော် စုံစမ်းထောက်လှမ်းမှုတွေကို ပြုလုပ်လာမယ်ဆိုရင် တော်တော် အခြေအနေ ဆိုးရွားသွားနိုင်တယ်။ ပြီးတော့လည်း အက်ဒရင်နီဟန်းတားက သူမနဲ့ စီနာနာတို့ရဲ့ အချစ်ဇာတ်လမ်းကလေးကို စကားပြောရင်းဆိုရင်းနဲ့ အမှတ်တမဲ့ ဖွင့်ပြောလိုက်မိမယ်ဆိုရင် ပိုလို့တောင် အခြေအနေ ဆိုးရွားသွားနိုင်တယ်။ ဒီတော့ ဘယ်သူကမှ သဘောမကျတဲ့ ဒတ်ခ်ပစ်ဆိုတဲ့ သတ္တဝါကို ခပ်မြန်မြန် ရှင်းပစ်ဖို့ပဲ ရှိတော့တာပေါ့"

"မင်းဟာ တော်တော် ကောက်ကျစ်တဲ့ပုဂ္ဂိုလ်ပဲ"

ဒဲလ်ဖီက ခပ်ဖြည်းဖြည်း ပြောလိုက်၏။

"ကျုပ်က မင်းကို ထင်ထားတာထက် မင်းက အများကြီး ပိုပြီး ကောက်ကျစ်တယ်။ ဒါပေမယ့် ခုအချိန်မှာတော့ သိပ်မထူးခြားတော့ပါဘူးလေ။ မင်းက ခပ်တည်တည်နဲ့ ဖြီးတတ်တယ်။ ဒါပေမယ့် ကျုပ်အဖေနဲ့ ပတ်သက်တဲ့ကိစ္စမှာတော့ မင်းလုံးလုံးလျားလျား မှားသွားတယ်။ ကျုပ်ဖေဖေက အင်မတန် ရိုးသားတဲ့ လူကောင်းတစ်ယောက်ပါ။ သူနဲ့ သိပ္ပံပညာရှင်တွေဟာ သူတို့လုပ်ငန်း မပြီးသေးခင် ရေစုပ်စက်တစ်လုံး ပျက်သွားတဲ့အတွက် ရေလျှံသွားတဲ့ လိုဏ်ခေါင်းတစ်ခုအတွင်းမှာ ရေနစ်ပြီး သေခဲ့ကြရတယ်။ သင်္ဘောတွေ ပျောက်တဲ့ကိစ္စဟာ ကျုပ်နဲ့ပဲ လုံးလုံးလျားလျား ပတ်သက်ပါတယ်။ ကျုပ်က အဲဒီ လုပ်ငန်းကြီးတစ်ခုလုံးကို အိတ်စ်ပလိုးရားက လုပ်ခဲ့မိပါတယ်။ ဒါပေမယ့် ပြင်လို့မရတဲ့ အမှားမျိုးတော့ မဟုတ်ဘူး။

ဟုတ်တယ် မစ္စတာပစ်၊ မင်းက သက်သက်မဲ့ ဖြီးနေတာပဲ၊ ဗိုလ်မှူးကြီးစီနာနာက သူမသေဆုံးခင်အထိ ကျုပ်ကို သတင်းပေးသွားရှာပါတယ်။ ဗိုလ်ချုပ်ကြီး ဟန်းတားဟာ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီအတွင်းမှာ ဒီကိစ္စကြီးတစ်ခုလုံးကို ဒီလောက် အကွက်စေ့စေ့ သိလာနိုင်မှာ မဟုတ်ပါဘူး"

ဒဲလ်ဖီသည် သူ့လက်ကို မျက်နှာပေါ် တွင်တင်လိုက်ပြီး အတိတ်ကာလမှ အမှားအယွင်းတစ်ခုကို ချေဖျက်ပစ်လိုက်သည့်အလား မှိတ်ထားသော မျက်လုံးများကို လက်နှင့် ပွတ်လိုက်၏။

"မင်းဟာ ကျုပ်အတွက် ခွင့်မလွှတ်နိုင်တဲ့ အမှားကြီးတစ်ခုပဲ။ ကျုပ်ဟာ အနှစ်သုံးဆယ်လုံးလုံး သိုးသိုးသန့်သန့် နေနိုင်ခဲ့တယ်၊ အခု မင်းက ငါ့ဘဏ္ဍာလေးကို ဖျက်ဆီးပစ်နိုင်ဖို့ လက်တစ်ကမ်းအလိုအထိ နီးစပ်လာခဲ့တယ်"

ပစ်က ပြန်ပြောလိုက်သည်။

"ဒီလောက်တောင် ကြီးမားတဲ့ ပြစ်မှုကြီးနဲ့ အနှစ် သုံးဆယ်လုံးလုံး လွတ်အောင်ရှောင်ပြေးဖို့ ဆိုတာ သိပ်မလွယ်ပါဘူး။ ဘယ်လို အကွက်စေ့တဲ့ ဒုစရိုက်စီမံချက်ပဲ ဖြစ်ဖြစ် မမျှော်လင့်တဲ့ကိစ္စတွေကြောင့် ပျက်စီးသွားရတာပါပဲ။ ခင်ဗျားကိုယ်ခင်ဗျား ပြန်ဖျက်ဆီးလိုက်တာပဲ ဒဲလ်ဖီ။ ခင်ဗျားက ကိုယ်ဝါးနိုင်မယ့် ပမာဏထက်ပိုပြီး ပါးစပ်ထဲမှာ ငုံလိုက်တယ်။ ခင်ဗျားရဲ့ အကြီးမားဆုံး ချို့ယွင်းမှုကတော့ စတားဘတ်ခ်ကို ဖမ်းဆီးလိုက်တဲ့ကိစ္စပဲ။ ကုန်သင်္ဘော ဒါမှမဟုတ် ဇိမ်ခံသင်္ဘောတစ်စီးကို ပြန်ပေးဆွဲတယ်ဆိုတဲ့ကိစ္စက တစ်မျိုးပါ။ ကမ်းခြေစောင့်တပ်တွေဟာ ပျောက်သွားတဲ့သင်္ဘောရဲ့ နောက်ဆုံး တည်နေရာတစ်ဝိုက်က ရေပြင်ပေါ်မှာပဲ လိုက်ရှာတတ်ကြတယ်။ အဲဒါထက် ပိုမလုပ်တတ်ကြဘူး။ ဒါပေမယ့် ရေတပ်က သင်္ဘောတစ်စီးတလေ ပျောက်သွားပြီ ဆိုရင်တော့ ရေတပ်တစ်ခုလုံးဟာ ဘယ်လောက်ပဲ ဝေးဝေး၊ ဘယ်လောက်ပဲ နက်နက် သင်္ဘောပျက်ကို ရှာမတွေ့မချင်း သမုဒ္ဒရာထဲမှာ မရပ်မနား လိုက်ပြီး ရှာနေတော့တာပဲ"

ပစ်၏မျက်လုံးများသည် ရေခဲတုံးများပမာ အေးစက်လာကြသည်။

"ခင်ဗျားက ဘယ်လိုလုပ်ခဲ့တာလဲ၊ အဏုမြူရေငုပ်သင်္ဘောတစ်စီး ရေအောက်မှာရှိနေတုန်း ခင်ဗျား ဘယ်လိုနည်းနဲ့ ဖမ်းဆီးခဲ့တာလဲ"

ဒဲလ်ဖီက ကျေနပ်မှုရှိဟန်နှင့် ပြန်ဖြေလိုက်၏။

"တကယ်တော့ သိပ်ကိုလွယ်ပါတယ်။ ကျုပ်လူတွေက သင်္ဘောသွားမယ့်လမ်းကြောင်းမှာ အလွန် ကြီးမားတဲ့ သံမဏိသံကြိုးကြီးတစ်ချောင်းကို တန်းထားလိုက်တယ်။ အဲဒီသံကြိုးကြီးက ရေငုပ်သင်္ဘောရဲ့ ရေယက်ပန်ကာတွေနဲ့ငြိပြီး ထိထိရောက်ရောက် ဒုက္ခပေးတော့တာပဲ၊ ရေငုပ်သင်္ဘောကြီး မျောသွားပြီး ဆက်မမောင်းနိုင်ဘဲ ရပ်တန့်သွားတဲ့အခါကျတော့ ကျုပ်တို့က လေကန် အတော်များများထဲကို ရေတွေ ဝင်ကုန်အောင် အပြင်ဘက်က အတင်း ဖွင့်ပစ်လိုက်ကြတယ်။ ပြီးတော့လည်း ရေငုပ်သင်္ဘောရဲ့ အတွင်းပိုင်းမှာရှိတဲ့ အခန်းနှစ်ခန်းကိုပါ ရေလျှံအောင် လုပ်ပစ်လိုက်တယ်။ စတားဘတ်ခ်က ရေအောက်ကို တဖြည်းဖြည်းနစ်မြုပ်သွားတဲ့အချိန်မှာ သူက လှိုင်းတိုနဲ့ လွှင့်နေတဲ့အသံလွှင့်ချက်တွေကို ကြားကဝင်ပြီး ဖျက်ဆီးပစ်လိုက်တယ်။ ရေငုပ်သင်္ဘောထဲက ထွက်လို့ရမယ့်အပေါက်ပေါက် မှန်သမျှကိုလည်း အပြင်ဘက်က ပိတ်ထားလိုက်တယ်။ လပေါင်းများစွာ ကြာပြီးတဲ့နောက်ပိုင်းမှာ သင်္ဘောသားတွေ အစာရေစာ ပြတ်မှုကြောင့် အားနည်းနေတဲ့ အချိန်ကျမှ ကျုပ်လူတွေက အထဲကို ဝင်ပြီး သူတို့ကို ရှင်းပစ်လိုက်တယ်"

"တကယ်ကတော့ သိပ်ကို လွယ်ကူတာပဲ"

ပစ်က ခပ်တည်တည်နှင့် နောက်တစ်ကြိမ် ထပ်ရေရွတ်လိုက်၏။

"စတားဘတ်ခ် ဆိုတာ ခင်ဗျားအတွက် ဒီရာစုနှစ်ရဲ့ အကြီးကျယ်ဆုံး ဆုလာဘ်၊ ဒါပေမယ့် ရာဇဝတ်မှုထဲမှာလည်း သရဖူဆောင်းမယ့် အမှားအယွင်းပဲ။ ဒါပေမယ့် ခင်ဗျားက ခင်ဗျားရဲ့ ဘုံဗိမာန်မှာ ဘယ်သူမှ ရှာမတွေ့ကြဘဲ လွတ်မြောက်နေထယ်။ ရေတပ်မတော်က မိုင်ထောင်ချီ ဝေးတဲ့နေရာတွေမှာ လိုက်ရှာနေကြတယ်။ ရေတွေပြည့်





www.burmeseclassic.com

www.burmeseclassic.com

နှစ်ခန်းထဲက ရေတွေကုန်သွားအောင် ရှင်းထုတ်ဖို့ကလည်း တစ်ရက်နှစ်ရက်ပဲကြာတယ်။ ဒီတော့ စတားဘတ်ခ်ဟာ ပေ (၁၈၀) သာနက်တဲ့ ရေထဲမှာ အသစ်အတိုင်း မပျက်မစီး ရှိနေခဲ့တယ်။

ဒါပေမယ့် ခင်ဗျားဆီမှာ ပြဿနာတစ်ခုရှိနေတယ် ဒဲလ်ဖီ။ အစပိုင်းမှာ ကျုပ်က အဲဒါကို သဘောမပေါက်ခဲ့ဘူး။ အဲဒါက အစီပွာယ်လည်း သိပ်မရှိဘူး။ ခင်ဗျားဆီမှာ ဒုံးပျံတွေပါတဲ့ ခေတ်အမီဆုံး အဏုမြူ ရေငုပ်သင်္ဘောတစ်စီး ရှိနေတယ်။ အဲဒီသင်္ဘောဟာ ခင်ဗျားနေတဲ့ အိမ်ပေါက်ဝနဲ့လည်း သိပ်ဝေးလှတာ မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျားက အဲဒီရေငုပ်သင်္ဘောကို တစ်လက်မကလေးတောင် နေရာက မရွှေ့နိုင်ခဲ့ဘူး။

အဲဒါက ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ဘယ်လို ကိုင်တွယ်မောင်းနှင်ရမယ်ဆိုတဲ့ အတတ်ပညာကို ခင်ဗျားမှ မတတ်ဘဲ။ စတားဘတ်ခ် ဆိုတာ သိပ်ကို ရှုပ်ထွေးပွေလီလှတဲ့ စက်ပစ္စည်းတစ်ခု၊ ခင်ဗျားအဖေနဲ့ သိပ္ပံပညာရှင်တွေ သေကုန်ကြတဲ့နောက်ပိုင်းမှာ ဉာဏ်ပညာနည်းနည်းပါးပါးရှိတဲ့လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ကျန်ရစ်ခဲ့တော့တယ်။ ခင်ဗျားရဲ့ အဖွဲ့သားတွေ အားလုံးက ခင်ဗျားကို ဆင်ကန်းတောတိုးရိုသေပြီး ခင်ဗျားကို တစ်သဝေမတိမ်း လိုက်နာကြမယ့်လူတွေ။ ခင်ဗျားတပည့်တွေက အသိဉာဏ်ဆိုလို့ တစ်အောင်စလောက်တောင်ရှိတဲ့လူတွေမဟုတ်ဘူး။

ဒါကြောင့် ဒီသင်္ဘောကြီးကို ပိုက်ဆံများများ ပေးမယ့်လူရဲ့လက်ထဲကို ရောင်းစားနိုင်အောင် သင်္ဘောကို မောင်းသွားပြီး သူတို့လက်ထဲကို အပ်နိုင်မယ့် အဆင့်အထိ ပထမတန်း သင်္ဘောသား ဖားရစ်က ခင်ဗျားတပည့်တွေကို သင်ပေးနိုင်လိမ့်မယ်ထင်လို့ ခင်ဗျားက သူ့ကို မသတ်ဘဲ တမင် ချန်ထားခဲ့တာ မဟုတ်ဘူးလား။ ဒါပေမယ့် ဖားရစ်က ဦးနှောက်ပျက်သွားပြီ။ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့အထိ သူ့ရဲ့ဘော်ရဲဘက်တွေ သေသွားကြတာ၊ ပျောက်သွားတာကို မြင်ရတဲ့အဖြစ်က သူ့အတွက် ဆိုးရွားလွန်းလှတယ်။ ဒါကြောင့် သူ ကြောင်သွားတာပဲ"

ဒဲလ်ဖီက လေးလေးပင်ပင်ကြီး ပြောလိုက်၏။

"အဲဒါကလည်း မပြောပလောက်တဲ့ အတွက်အချက် မှားယွင်းမှုကလေးပါ"

"အင်ဒရီဗိုင်းဗော့ဂ်က ဘာဖြစ်တာလဲ ဒဲလ်ဖီ၊ ဆိုဗီယက်တွေက စတားဘတ်ခ်ကို လာဆယ်ဖို့ ကြိုးစားတာလား"

"အဲဒီနေရာမှာတော့ မင်း သွက်သွက်ခါအောင် မှားသွားပြီ မေကျာပစ်"

ဒဲလ်ဖီသည် သူ့အား ပစ်က ခြေထောက်နှင့်ကန်လိုက်သည့်နေရာကို လက်နှင့် အသာအယာ ပွတ်သပ်လိုက်သည်။

"မင်းတို့ရဲ့ သင်္ဘော မာသာအန်းက တစ်နေရာတည်းမှာအကြာကြီး





ရပ်နားနေတာကို တွေ့လိုက်ရတဲ့ အခါကျတော့ အင်ဒရီဗိုင်းဗော့ဂ်ရဲ့ ကပ္ပတိန်က သံသယဖြစ်လာတယ်။ ဒါကြောင့် သူက လာပြီး စုံစမ်းတော့တာပဲ။ အဲဒီမှာတင် ကျုပ်က သူ့ကို မလွဲမရှောင်သာ ရှင်းပစ်လိုက်ရတော့တယ်"

ပစ်က ငေါ့တော့တော့နှင့် ပြောလိုက်၏။

"မာသာအန်းကို လက်လွှတ်လိုက်ရတဲ့အတွက် ခင်ဗျား အသည်းကွဲသွားမှာပဲနော်၊ အဲဒီသင်္ဘောဟာ ခင်ဗျားလက်ထဲက ပထမဦးဆုံးအကြိမ်ပြန်လွှတ်သွားတဲ့သင်္ဘောပဲ"

"ကံဆိုးချင်တော့ အဲဒီသင်္ဘောကို ဝင်ဖမ်းတဲ့အချိန်တုန်းက ကျုပ်တို့ဘက်က အကျအဆုံး သိပ်များခဲ့တယ်"

ဒဲလ်ဖီက ပြောလိုက်၏။

ဒဲလ်ဖီက ပစ်အား စိုက်ကြည့်နေသည့်မျက်နှာထားကို ပစ်က ဂရုမစိုက်ပါ။

"ကျုပ်လူတွေက မာသာအန်းကို ရပ်တန့်သွားအောင် မလုပ်နိုင်ခင်ပုလဲဆိပ်ကမ်းကို မာသာအန်း ပြန်ခုတ်မောင်းသွားအောင် အသက်သွင်းပေးလိုက်ခဲ့ကြတယ်လေ"

"ခင်ဗျားက အဲဒီ သင်္ဘောကို ဖော ႏြခွဲပစ်လိုက်နိုင်သားပဲ"

"သိပ်နောက်ကျသွားပြီ။ ဗိုလ်မှူးကြီး စီနာနာတ အဲဒီသင်္ဘောကိုမောင်းဖို့ သင်္ဘောသားအသစ်တွေကို လေယာဉ်ဖြန့် လွှတ်လိုက်ပြီလို့ သတင်းပို့လိုက်တယ်။ ကျုပ်တို့က ကျုပ်တို့ဘက်က သေတဲ့လူတွေနဲ့ ဒဏ်ရာရတဲ့လူတွေကို ရှင်းလင်းပစ်ဖို့လောက်ပဲ အချိန်ရတယ်"

"ခင်ဗျားအတွက် ဘာတစ်ခုမှ အဆင်မပြေပုံရပါတလား"

ပစ်က အာလာပသလ္လာပ ပြောသည့် ပုံစံနှင့် ပြောလိုက်၏။

ဒဲလ်ဖီက ဒေါသသံနှင့် ပြန်ပြောလိုက်သည်။

"မင်းက မာသာအန်းပေါ်မှာ ရှိနေခဲ့တယ်လေ၊ ကျုပ်လူတွေကို သေနတ်နဲ့ပစ်ပြီး သင်္ဘောသားတွေကို ရဟတ်ယာဉ်နဲ့ တင်ခေါ်သွားတာမင်းပဲ။ ကျုပ် အစီအစဉ်ကို မပျက်ပျက်အောင် လိုက်ဖျက်နေတာ မင်းပဲ"

"သွားစမ်းပါ"

ပစ်က ခပ်ထန်ထန်ပြောလိုက်၏။

"ခင်ဗျားရဲ့ ပါတီပွဲကိုလာဖို့ ကျုပ်ကို ခင်ဗျားကစပြီး ဖိတ်ကြားခဲ့တာပဲ။ မှတ်မိသေးရဲ့လား၊ ကျုပ်က ဟိုအတုအယောင် ဆက်ႏြာယ်ရေးဘူးကို တွေ့ချင်လှချည်ရဲ့ဆိုပြီး လိုက်ရှာနေတာမှ မဟုတ်တာ"

ဒဲလ်ဖီက သူ့သွားများကို ရှုံ့စရာကောင်းလောက်အောင် ဖြဲပြလိုက်၏။

"မင်းက ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဒဲလ်ဖီက မေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းက လေယာဉ်ပျံတစ်စီးကို ဘာရည်ရွယ်ချက်မှ မရှိဘဲနဲ့ ဒီနေရာမှာလာပြီး ဆင်းမှာ မဟုတ်ဘူး၊ မင်းလုပ်ငန်းရဲ့ ရည်ရွယ်ချက်က ဘာလဲ"

ပစ်ကလည်း ချက်ချင်းပင် ပြန်ဖြေလိုက်၏။

"ကျုပ်တို့ရဲ့ လုပ်ငန်းက အက်ဒရင်နီကို ကယ်ဆယ်ဖို့ပဲ"

"မင်း ညာပြောတယ်"

ဒဲလ်ဖီက အော်ပြောလိုက်သည်။

"ခင်ဗျားသဘောပဲလေ"

ဒဲလ်ဖီ၏မျက်လုံးများသည် ပြူးကျယ်သွားကြပြီး ရုတ်ခြည်းဆိုသလိုပင် ဒဲလ်ဖီက နားလည် သဘောပေါက်သွားတော့သည်။

ဒဲလ်ဖီက ပစ်၏မျက်နှာအား လက်ဖဝါး၊ လက်ဖမိုးတို့နှင့် ဘယ်ပြန် ညာပြန် ရိုက်ချလိုက်၏။

ပစ်သည် ပါးစပ်မှ သွေးထွက်လာသည်ကို ခံစားလိုက်ရင်း ယိုင်တိယိုင်ထိုးနှင့် နောက်ဘက်ရှိ နံရံပေါ်သို့ ယိုင်ကျသွားသော်လည်း လဲကျမသွားဘဲ မတ်တတ်ရပ်လျက်သားပင် ရှိနေသေးသည်။

"ရှေ့ငုပ်သဘော်ကို ကယ်ဖို့လာတာပဲ"

ဒဲလ်ဖီက အသံမှန်မှန်နှင့် ခပ်တိုးတိုး ပြောလိုက်၏။

"မင်းက စတားဘတ်ခ်ကို မောင်းလို့ရသေးကြောင်း သိသွားခဲ့တယ်၊ မင်းက ကျုပ်လူနှစ်ယောက်ကို သတ်ဖြတ်ပြီး ဖားရစ်ကို ခေါ်သွားတယ်၊ အခု မင်းက စတားဘတ်ခ်ကို ပြန်ဆယ်ဖို့ သဘော်မောင်းမယ့်အဖွဲ့နဲ့ လာခဲ့တာပေါ့လေ"

"ဒါမှ မှုတမှာပေါ့"

ဒဲလ်ဖီသည် ပစ်၏လှည့်ဖြားမှုကို နားလည်သွားသောကြောင့် ပါးစပ်အဟောင်းသားနှင့် ကြက်သေသေသွားတော့သည်။

ဆမ်းမား၏ မီးခိုးရောင်မျက်လုံးကြီးများသည် ပြူးကျယ်လာကြပြီး သူမက ထူးထူးခြားခြား ထိတ်လန့်နေဟန်နှင့် ပစ်အား လှမ်းကြည့်နေသည်။

ပစ်က ပြောလိုက်၏။

"ကျုပ် ကတိပေးခဲ့တဲ့အတိုင်း အမှန်တရားထက် လျှော့ပေါ့ပြီး မပြောပါဘူး၊ ခင်ဗျား လွန်တယ် ဒဲလ်ဖီ။ ကျုပ်က စတားဘတ်ခ်ကို ပြန်ဆယ်ယူဖို့ ရေတပ်မတော်က ရေငုပ်သဘော်မောင်းတဲ့လူတွေကို တစ်ပါတည်း ခေါ်လာခဲ့တယ်၊ ကျုပ်တို့က ဒီနေရာမှာ မတ်တတ်ရပ်ရင်း ခင်ဗျားရဲ့ ဒုစရိုက်မှုတွေကို ဆွေးနွေးနေကြတုန်း သူတို့ရေငုပ်သဘော်ကို သမုဒ္ဒရာရဲ့ အောက်ခြေကြမ်းပြင်ပေါ်က ကြွတက်လာအောင် လုပ်ခဲ့ကြပြီ"

ပစ်က လက်ပတ်နာရီကို ကြည့်လိုက်၏။

(၀၅း၀၀) နာရီသို့ (၁၁) မိနစ် လိုပေသေးသည်။

"ကျုပ်က ခုအချိန်ဆိုရင် အဲဒီသဘော်ဟာ တောင်ဘက်ကို မိုင်နှစ်





ဆယ်လောက်အထိ ရောက်နေပြီလို့ ပြောရလိမ့်မယ်။ စစ်တိုက်လို့ စစ်ခွဲမှာရတဲ့ ပစ္စည်းတွေဟာ ဒီလိုပဲ သူက ရသွားလိုက်၊ ကိုယ်က ပြန်ရလိုက် ဖြစ်တတ်ပါတယ်။ ဒါပေမယ့် တအံ့တဩ ဖြစ်ဖို့တော့ မသင့်ပါဘူးလေ။ ခင်ဗျားက ဒီကိစ္စကြီး တစ်သက်လုံးမပေါ်ဘဲ လွတ်မြောက်သွားလိမ့်မယ်လို့ ထင်ရင် ရှုံးရာကျပါလိမ့်မယ်။

ခင်ဗျား ဇာတ်သိမ်းပါပြီ ဒဲလ်ဖီ။ အားလုံး နိဂုံးချုပ်သွားပါပြီ။

နောက်ထပ် ဆယ့်တစ်မိနစ်ကြာရင် ဒုံးပျံတစ်ခုကို ခင်ဗျားရဲ့ ရေအောက်တောင်ကုန်း အလယ်တည့်တည့်ကို ပစ်ထည့်လိုက်လိမ့်မယ်၊ ဆယ့်တစ်မိနစ် ကြာရင် ကျုပ်တို့အားလုံး သေကုန်ကြရမှာပဲ"

ဒဲလ်ဖီက တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်၏။

"ဟောဒီ နံရံတွေကို ဘယ်လိုနည်းနဲ့မှ ဖျက်ဆီးလို့ မရဘူး။ သေးဘိ လှည့်ကြည့်ပါဦး မေဂျာ။ ဟောဒီ ရေအောက်တောင်ကုန်းရဲ့အောက်ခြေဟာ အင်မတန် မာကျောတဲ့ လိပ်သည်းကျောက်ကွ။ အားဖြည့်ကွန်ကရိထက် ပိုပြီး မာကျော ခိုင်ခံ့တယ်"

ပစ်က ခေါင်းခါလိုက်၏။

"အက်ကြောင်းကလေး တစ်ကြောင်း ဖြစ်ရုံလောက်ပဲ လိုတာပါ။ အက်ကြောင်းကလေးတစ်ကြောင်း ပေါ်လာရုံနဲ့ တန်ပေါင်းထောင်များစွာရှိတဲ့ ရေတွေဟာ ဟောဒီလိုဏ်ခေါင်းတွေထဲကို မီးသတ်ပိုက်တထွက်လာတဲ့ ရေအားထက် ဆယ်ဆလောက် ပြင်းတဲ့ရေအားနဲ့ ဝင်လာကြမှာ ခင်ဗျားတို့အားလုံး ရေမွန်းဖို့ အချိန်မရခင် ရေအားကြောင့် စိစိညက်ညက် ကြေသွားကြလိမ့်မယ်"

"မင်းဟာ တော်တော်ထွင်ပြီး ပြောတတ်တဲ့လူပဲ"

ဒဲလ်ဖီက ပြောလိုက်သည်။

"မင်းရယ်၊ ကပ္ပတိန်ဂျီအိုဒီနိုရယ်၊ ပြီးတော့ မစ္စဟန်းတားရယ် ဒီအထဲမှာ ရှိနေသရွေ့ ကာလပတ်လုံး ဒီနေရာကို ဘယ်ဒုံးပျံနဲ့မှ ပစ်မှာ မဟုတ်ပါဘူး"

"အဲဒါကို သွားပြီး လောင်းကြေးမထပ်နဲ့နော်။ အဲဒီ ဆုံးဖြတ်ချက်ဟာ ဝါရှင်တန်ကလာတာ။ ဗိုလ်ချုပ်ကြီး ဟန်းတားက ဆုံးဖြတ်တာ မဟုတ်ဘူး။ ခင်ဗျားဟာ ဟန်းတားကို လျှော့တွက်ထားတာကိုး။ သူက ကျုပ်တို့ရဲ့ အသက်တွေအတွက် အမိန့်ကို ပြင်ပေးပါလို့ တောင်းပန်မယ့်လူ မဟုတ်ဘူး။ ပြီးတော့လည်း သူက ဂျီအိုဒီနိုနဲ့ ကျုပ်ကို သေပြီလို့ ယူဆထားတာ၊ အက်ဒရင်နီနဲ့ ပတ်သက်လာရင်လည်း ဟာဝေယံဝဲကတော့ကို ဖျက်ဆီးပစ်ဖို့ ရေတပ်က ကြိုးပမ်းရင်း မတော်တဆ သေဆုံးသွားတယ်လို့ အားလုံးက သိကြရမှာ။ အဲဒီ အဘိုးကြီးက သိပ်သတ္တိကောင်းတယ်၊ ခင်ဗျားရဲ့ ရွံမုန်းစရာ ကောင်းလှတဲ့ ဒုစရိုက်အဖွဲ့အစည်းကြီး ပျက်စီးသွားအောင် အက်ဒရင်နီရဲ့အသက်ကို စတေးဖို့ ဝန်လေးမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်နေသော ဒဲလ်ဖီ၏မျက်နှာသည် တဖြည်းဖြည်းနှင့် ပျက်စီးယိုယွင်းစ ပြုလာလေပြီ။

"အရည်မရ အဖတ်မရ ပြောနေတဲ့ စကားတွေပါကွာ။ မင်း ဘာကိုမှ သက်သေမပြနိုင်ပါဘူး"

ပစ်က နောက်ဆုံး ဖဲချပ်ကို ပစ်ချရန် ဆုံးဖြတ်လိုက်သည်။

အချိန် ဆယ်မိနစ်သာ ကျန်တော့သဖြင့် ယခုအချိန်တွင် ဆောင်ရွက်မှ တော်ကာ ကျပေလိမ့်မည်။ သို့မဟုတ် ထာဝရ နောက်ကျသွားပေလိမ့်မည်။

ထို့ကြောင့် ပစ်က ထိုဖဲချပ်ကို ပစ်ချလိုက်တော့သည်။

"ကျုပ်ပြောတဲ့စကားတွေဟာ အမှန်တွေပါပဲလို့ ကျုပ်က ခိုင်ခိုင်မာမာ သက်သေပြနိုင်ပါတယ်ဗျာ။ ခင်ဗျားရဲ့ ရေဒီယိုအသံလွှင့်စက်နဲ့ စစ်ဆေးကြည့်လေ။ မောအီကျွန်းပေါ်မှာရှိတဲ့ ခင်ဗျားရဲ့ အသံလွှင့်စက်ဟာ အမေရိကန် မရိန်းတပ်သားတွေရဲ့ လက်ထဲကို ရောက်နေပြီ ဆိုတာ ခင်ဗျား တွေ့လာရလိမ့်မယ်။ ပြီးတော့လည်း လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်လောက်ကတည်းက ဗိုလ်ချုပ်ကြီး ဟန်းတားက ခင်ဗျား လက်နက်ချဖို့ကိစ္စကို ဆွေးနွေးဖို့ အဆက်မပြတ် ဆက်သွယ်နေခဲ့တယ် ဆိုတာကို ခင်ဗျား တွေ့ရလိမ့်မယ်"

ထိုစကားလုံးများသည် ပစ်၏လေထဲကတိုက်အိမ်ကလေးကို ပြိုကျသွားစေခဲ့သော နောက်ဆုံး ကောက်ရိုးတစ်မျှင်ပင် ဖြစ်တော့သည်။

ဒဲလ်ဖီသည် ပစ်က တွေးထင်ထားသလို တုံ့ပြန်မှုပြုခဲ့ခြင်း အလျင်းမရှိပါ။

ပစ်နှင့်ဂျီအိုဒီနိုတို့က အစောင့်နှစ်ယောက်ကို အလစ်တွင်ဝင်လုံးပြီး ထွက်ပြေးနိုင်သော အခွင့်အရေးမျိုး ရရှိအောင် သူတို့ နှစ်ယောက်ကို အစောင့်များနှင့်သာ ထားရစ်ခဲ့ပြီး ဒဲလ်ဖီက ရေဒီယိုအသံလွှင့်စက် ရှိသောနေရာဆီသို့ ကမူးရှူးထိုး ထ၍ ပြေးမသွားခဲ့ပါ။ ထိုပုံစံမျိုး ဖြစ်ပေါ်မလာခဲ့ပါ။

ဒဲလ်ဖီသည် အတန်ငယ်ကြာအောင် ငေးစိုက်ကြည့်နေပြီးနောက် သူ့မျက်နှာသည် ပြုံးရွှင်လာပြီး မကောင်းဆိုးဝါးသံနှင့် ဟက်ဟက်ပက်ပက် ရယ်လိုက်လေတော့သည်။

"…င်း အရူးပဲ"

သူက တဟားဟား ရယ်နေသည့်အကြားမှ အသက်ရှူနိုင်ရန် ကြိုးစားနေသည်။

"မင်း တော်တော်မိုက်တဲ့ အရူးပဲ။ မင်းရဲ့ ဖြီးလုံးတွေအားလုံး ပျက်သွားကြပြီကွ။ မင်းက မင်းကိုယ်မင်း အထင်ကြီးနေသလို ဉာဏ်သိပ်မရှိပါဘူး။ အေးလေ - ဒါပေမယ့် မင်းက သိတော့လည်း မသိနိုင်ပါဘူးလေ။ ဗိုလ်ချုပ်ကြီး ဟန်းတား၊ ကွန်မင်ဒါဒင်တာနဲ့ မင်းတို့ရဲ့ စိတ်ထဲမှာ အဲဒီ





အတွေးကို ဘယ်လိုနည်းနဲ့မှ တွေးမိကြမှာ မဟုတ်ဘူး။ မောအီကျွန်းပေါ်မှာရှိတဲ့ အသံလွှင့်စက်ရုံကို ကျုပ်မပိုင်တော့ဘူး။ ကျုပ်က အဲဒီအသံလွှင့်ရုံအပါအဝင် အဲဒါနဲ့ သက်ဆိုင်တဲ့ပစ္စည်းအားလုံးကို လွန်ခဲ့တဲ့ ရက်သတ္တခြောက်ပတ်ကတည်းက ဆိုဗီယက်ကို ရောင်းလိုက်ပြီးပြီ။ ကျုပ်က အသံလွှင့်တာတွေကို ကြားကဖြတ်ပြီး မဖျက်ဆီးတော့ဘူး။ အဲဒါတွေကို သူတို့က လုပ်နေတာ။ ဆိုဗီယက်ရေတပ်မတော်က အမေရိကန်ရဲ့ ပစိဖိတ်ဒေသဆိုင်ရာ ရေတပ်မတော်ဌာနချုပ်နဲ့ နီးနီးနားနားမှာ အသံလွှင့်ရုံတစ်ရုံကို ပိုင်ဆိုင်ချင်တဲ့အတွက် ဈေးကြီးကြီးပေးပြီး ဝယ်သွားကြတယ်။ သူတို့က အမှတ် (၁၀၁) သင်္ဘောအုပ်စုရဲ့ အသံလွှင့်ချက်တွေကို ကြားက ဖြတ်ပြီး နားထောင်ရင်း စတားဘတ်ခ် ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သိချင်ကြတယ်။ ဒါ သိပ်ကောင်းတဲ့ လှည့်ကွက်ပဲ ဆိုတာ ခင်ဗျားကကော သဘောမတူဘူးလား မေဂျာ။ သူတို့က ရေငုပ်သင်္ဘောကို ပိုင်ထားတဲ့ အဖွဲ့အစည်းနဲ့ ဆက်သွယ်နေရတယ် ဆိုတာကိုတောင် သိကြတာ မဟုတ်ဘူး"

ဒဲလ်ဖီက ပစ်အား လက်စားချေဟန်နှင့် ပြန်ကြည့်လိုက်၏။

"…က နောက်ဆုံးအချိန်ကျမှ ကပ်ပြီး ဆိုင်းငံ့ပေးတာမျိုးကို မျှော်လင့်နေတယ်ဆိုရင် မင်း ကံဆိုးသွားလိမ့်မယ်။ ဗိုလ်ချုပ်ကြီးဟန်းတားဆီက ဆက်သွယ်တယ် ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး။ လက်နက်ချဖို့ တင်ပြနေတယ် ဆိုတာလည်း ဖြစ်လာမှာ မဟုတ်ဘူး။ ဒီနေရာက ထွက်သွားတော့မှာဆိုတော့ အဏ္ဏဝါထိပ်ဖူးတပ်ဖွဲ့နဲ့ ပစ်ရေးလည်း ခုထိ ဒီနေရာမှာ လုပ်စရာ လုပ်ငန်းတာဝန်တွေ ကုန်သွားပြီ။ နောက်ကြပ်ခါကျရင် ကျုပ်က ကျုပ်အဖွဲ့အစည်းကို အခြားနေရာသစ်တစ်ခုဆီကို ရွှေ့ထားမယ်။ ကျုပ်ဆီမှာရှိတဲ့ ဆက်သွယ်ရေးကိရိယာတွေကို ဖြုတ်ထားတဲ့အတွက် ခုအချိန်မှာ ပုလဲဆိပ်ကမ်း ဒါမှမဟုတ် အခြားဘယ်နေရာနဲ့မှ ဆက်သွယ်လို့ မရနိုင်တော့ဘူး"

ပစ်က အဖြေမပေးပါ။ သူ ထိုနေရာတွင် ဆက်၍ မတ်တတ်ရပ်နေသည်။ သူ့မျက်နှာသည် ဝေဒနာကြောင့် ရှုံ့မဲ့နေသည်။

သူ ရှုံးနိမ့်သွားလေပြီ။

"အေး . . . အဲဒါက ထက်ဝက်လောက်ပဲ ရှိသေးတယ်"

ဒဲလ်ဖီက လှောင်လိုက်ပြန်၏။

"မင်းက စတားဘတ်ခ်ကို ဒီနေရာရဲ့အောက်ဘက် မိုင်နှစ်ဆယ်လောက်မှာ ရောက်နေပြီလို့ပြောတာ သိပ်ဟုတ်မှာပေါ့။ မင်းက အဲဒီလိုခပ်တည်တည်နဲ့ လိမ်နိုင်အောင် ဘယ်လောက်လောက် လေ့ကျင့်ထားခဲ့သလဲ မသိဘူး"

သူက ပစ် စိတ်မသက်မသာဖြစ်နေသည်ကို ဟက်ဟက်ပက်ပက် အရသာခံစားနေပုံရသည်။

"မင်း ပြောတာ တစ်ခုတော့ မှန်တယ် ပစ်၊ ကျုပ်က အဲဒီရေငုပ်



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကို အတွေ့အကြုံမရှိတဲ့ သင်္ဘောသားတွေနဲ့ ဘယ်လိုနည်းနဲ့မှ မမောင်းတတ်ဘူး၊ ဒါပေမယ့် ကျုပ်က ရေငုပ်သင်္ဘောရဲ့ ရေထုတ်စနစ်ကို နားလည်ထားတယ်၊ ခုအချိန်လောက်ဆိုရင် ရှိရှိသမျှ လေကန်တွေထဲမှာ ရေတွေကုန်သလောက် ရှိနေလောက်ပြီ၊ ဒါပေမယ့် ရေငုပ်သင်္ဘောဟာ ရေအောက်ကြမ်းပြင်ပေါ်မှာ မြုပ်နေတုန်းပဲ ဖြစ်လိမ့်မယ်။ အဲဒီ ရေငုပ်သင်္ဘောကို ကြီးကြီးကျယ်ကျယ် ဆယ်မတင်ဘဲနဲ့ သင်္ဘောဝမ်းကို မြေပြင်ပေါ်က ကြွတက်လာအောင် လုပ်နိုင်မှာ မဟုတ်ဘူး။ ရေငုပ်သင်္ဘောဟာ နေရာတစ်နေရာတည်းမှာ လပေါင်းများစွာ တင်နေခဲ့တဲ့အတွက် လေကန်တွေ အားလုံးမှာ လေတွေကို ပြန်ဖြည့်လိုက်တဲ့တိုင်အောင် မြေကြီးက စုပ်ထားတဲ့ စုပ်အားကို လွတ်ထွက်သွားအောင် လုပ်နိုင်မှာ မဟုတ်ဘူး။

ဟုတ်တယ်။ သနားစရာပဲ၊ မင်းရဲ့ ရေငုပ်သင်္ဘောက သင်္ဘောသားတွေဟာ ကျုပ်ရဲ့အတော်ဆုံး တပည့်ခုနစ်ယောက်လက်ချက်နဲ့ မသေဘူးဆိုရင် အဲဒီရေငုပ်သင်္ဘောထဲမှာ ပိတ်မိပြီး မလွဲမသွေ သေလူတွေ ဖြစ်ကုန်ပြီ။ မင်းတို့ရဲ့ ရေတပ်မတော်က လွယ်လွယ်ကူကူနဲ့ အလျှော့မပေးဘူးဆိုတာ ကျုပ်သိတယ်။ သူတို့က ရေငုပ်သင်္ဘောကိုဆယ်ဖို့ နောက်တစ်ကြိမ် ပြန်လာမှာပဲဆိုတာ ကျုပ်သိတယ်၊ ဒီတော့ ကျုပ်က လူသတ်ရတာကို သိပ်သဘောကျတဲ့ အယုံကြည်ရဆုံး ကျုပ်တပည့်တွေကို ရေငုပ်သင်္ဘောပေါ်မှာ ထားခဲ့တယ်။ အဲဒီလူတွေနဲ့သာဆိုရင် မင်းရဲ့အင်ဂျင်နီယာ သင်္ဘောသားတွေဟာ အကြိမ်တစ်သောင်းမှာတောင် တစ်ကြိမ်လောက် အသက်ရှင်ဖို့ အခွင့်အရေး မရှိဘူး"

ပစ်က ဒဲလ်ဖီအား ကြီးကြီးကျယ်ကျယ် ဒဏ်ရာရရှိသွားပြီး အသေသတ်လိုသောဆန္ဒနှင့် ခုန်၍ လက်သီးနှင့် ထိုးရန် ကြိုးစားလိုက်၏။ သို့သော် သူသည် ထိုလုပ်ငန်းကိုပင် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ အစောင့်တစ်ယောက်က သူ၏ဘယ်ဘက်ပခုံးအား အသံတိတ် ဒုံးကျည်သေနတ်ကလေးနှင့် ပစ်ခတ်လိုက်လေရာ သူသည် နံရံပေါ်သို့ ဘေးတစောင်း ဝုန်းခနဲ စဉ်ကျသွားပြီး အောက်ခြေရှိ ကြမ်းပြင်ပေါ်သို့ ခပ်ဖြည်းဖြည်း လျှောကျသွားလေတော့သည်။

ဂျီအိုဒီနိုသည် လှုပ်ရှားခြင်း မရှိပါ။ ပစ်က သူ့အား တုန်လှုပ်မှုကင်းစွာနှင့် စိုက်ကြည့်နေသော်လည်း ဂျီအိုဒီနိုက သူ့အား သတိပေးသည့်အနေနှင့် လှုပ်သည်ဆိုရုံ ဦးခေါင်းအား ညိတ်ပြလိုက်သည်ကို သတိထားမိလိုက်သည်။

ပစ်က စေ့ထားသော သွားကြားမှ တရှုးရှုး လေထွက်အောင် အော်ပြောလိုက်၏။

"ခင်ဗျားက တိုက်ပွဲကလေးတစ်ပွဲကိုသာ နိုင်လိုက်တာပါဗျာ၊ စစ်ပွဲကြီး တစ်ခုလုံးကို နိုင်သေးတာ မဟုတ်ပါဘူး"

"နောက်တစ်ကြိမ် သွားပြန်ပြီ မေဂျာပစ်၊ ကျုပ်နိုင်သွားပြီ။ ကျုပ်က





စ - လယ် - ဆုံး သိမ်းကျုံးပြီးနိုင်သွားတာ။ စတားဘတ်ခ်ဟာ ကျွဲ၀် အတွက် နတ်ပြည်က ကျလာတဲ့ ပစ္စည်းပဲ။ ကျုပ်က စတားဘတ်ခ်ကို လက်ပြောင်း လက်လွှဲလုပ်ပေးပြီးတာနဲ့ တစ်ပြိုင်နက် ပစိဖိတ်သမုဒ္ဒရာထဲက ကျုပ်လုပ်ငန်းကို ရုပ်သိမ်းပြီး အဲဒီလောက် ခေါင်းမကိုက်ရတဲ့ လုပ်ငန်းကို ပြောင်းလုပ်တော့မယ်။ ပိုင်ရှင်သစ်တွေကတော့ ဟိုက်ပရီရွှန် ဒုံးပျံတွေကို သိပ်ပြီး သဘောကျမှာပဲ"

ပစ်က လေးလေးပင်ပင်ကြီး ပြောလိုက်၏။

"ခင်ဗျားက အဏုမြူနဲ့ ခြိမ်းခြောက်တာပဲ၊ ခင်ဗျား ရူးနေပြီ"

"အဏုမြူနဲ့ ခြိမ်းခြောက်တယ်၊ ဟုတ်လား မေဂျာ။ မင်းတို့က ဒီပုံစံချည်းပါပဲလား။ အဲဒါက မင်းတို့ရဲ့ စိတ်ကူးယဉ် သူလျှိုဝတ္ထုတွေအတွက် ထားလိုက်စမ်းပါ။ ကျုပ်က အင်အားလွန်နိုင်ငံကြီးတွေကို အဏုမြူနဲ့ ခြိမ်းခြောက်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ကျုပ်ရဲ့ရည်ရွယ်ချက်က အမြတ်ရရေး သက်သက်ပါ။ မင်းက ကျုပ်အပေါ်မှာ ဘယ်လိုပဲထင်ထင် မလိုအပ်ဘဲနဲ့ မိန်းကလေးတွေနဲ့ ကလေးတွေကို မသတ်ရက်ပါဘူး။ ယောကျ်ားတွေကို သတ်ရတာကတော့ အမျိုးသမီးတွေ၊ ကလေးတွေနဲ့ မတူဘူး။ တိရစ္ဆာန်တစ်ကောင်ကို သတ်ရသလိုပဲ၊ သတ်ပြီးရင် ဘယ်လိုမှ နောင်တမရဘူး"

ပစ်သည် သူ့ကိုယ်ကို နံရံပေါ်တွင် မတ်သွားအောင် မြှင့်လိုက်ပြီးနောက် ဒဏ်ရာပေါ်တွင် လက်နှင့် ဆုပ်ကိုင်ထားလိုက်၏။

"မဟုတ်သေးပါဘူးလေ"

ဒဲလ်ဖီက ဆက်ပြောပြန်သည်။

"ကျုပ်အစီအစဉ်က ပိုပြီး သိမ်မွေ့ပါတယ်၊ အင်မတန်လည်း လွယ်ကူပါတယ်။ ကျုပ်က စတားဘတ်ခ်နဲ့ လက်နက်တွေကို အာရပ်နိုင်ငံတစ်နိုင်ငံကိုရောင်းဖို့ ယထာဘူတကျကျ စီစဉ်ပြီးပြီ။ ဘယ်နိုင်ငံဆိုတာ ကျွဲ၀်အတွက် ဘာမှ မထူးခြားပါဘူး၊ အရေးကြီးတာက သူတို့က ကျုပ်ကို ဈေးမဆစ်ဘဲနဲ့ ထိုက်ထိုက်တန်တန် ပေးကြဖို့ပဲ"

ပစ်က ထပ်ပြောလိုက်၏။

"ခင်ဗျား ရူးနေပြီ၊ ခင်ဗျားက စိတ်ပျက်စရာကောင်းလောက်အောင် ဦးနှောက်ချောင်နေပြီ"

သို့ရာတွင် သူပြောသည့်စကားလုံးများမှာ လေသာဖြစ်ပေသည်။ သူ့ထံတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အလျှင်းမရှိတော့ချေ။

ဒဲလ်ဖီသည် ဦးနှောက်တွင် ဝက်အူချောင်နေသူတစ်ဦး ဖြစ်ပုံမရပါ။ သူ ပြောနေသည့် စကားများမှာ ရူးပုံမရပါ။ ၎င်းအပြင် စိုးရိမ်စရာ အကောင်းဆုံးမှာ သူပြောနေသော စကားများသည် အလွန်ပင် ယထာဘူတကျနေခြင်းပင်တည်း။ ရေနံထွက်သော အာရပ်နိုင်ငံတစ်နိုင်ငံသည် အကောင်းဆုံး ဖောက်သည် ဖြစ်နိုင်ပေသည်။ သူတို့သည် ဥစ္စာနှင့် ကြွယ်ဝကြသူများ ဖြစ်ကြသလို ဈေးသိပ်မဆစ်ဘဲ ခပ်မြန်မြန် ဝယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မည်။ ဒဲလ်ဖီသည် ရှုံးနေသူ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

"ကျုပ်တို့ မကြာခင် သိကြရမှာပဲပေါ့။ ဟုတ်တယ် မဟုတ်လား"

ဒဲလ်ဖီသည် စားပွဲဆီသို့ လျှောက်သွားပြီးနောက် အင်တာကွန်စကားပြောခွက်တစ်ခုကို ကောက်ကိုင်ရင်း လှမ်းပြောလိုက်၏။

"ငါ့ ရေငုပ်သင်္ဘော အငယ်စားကလေးကို အဆင်သင့် ပြင်ဆင်ထား။ ငါ အဲဒီကို ငါးမိနစ်အတွင်း အရောက်လာခဲ့မယ်"

ထို့နောက် ပစ်ဘက်သို့ ပြန်လှည့်လိုက်၏။

"စတားဘတ်ခ်ကို ကိုယ်တိုင်သွားကြည့်လိုက်ဦးမယ်။ မင်းရဲ့ သင်္ဘောသားတွေထဲက မသေဘဲ ကျန်နေသေးသူတွေ ရှိသေးရင် မင်းက မေတ္တာပို့လိုက်တယ် ဆိုတဲ့အကြောင်း ပြောလိုက်ပါ့မယ်"

ပစ်က နာနာကြည်းကြည်း ပြောလိုက်၏။

"ခင်ဗျား သက်သက်မဲ့ အချိန်ဖြုန်းနေတာပဲ"

"ကျုပ်ကတော့ အဲဒီလို မထင်ဘူး"

ဒဲလ်ဖီက ရွှတ်ချဟန်နှင့် ပြန်ဖြေလိုက်သည်။

"အဲဒီ ရေငုပ်သင်္ဘောကြီးက ကျုပ်ထားခဲ့တဲ့အတိုင်း ပေ (၁၈၀)နက်တဲ့ မြေကြီးပေါ်မှာ ရှိနေသေးတယ်"

"ရေတပ်မတော်က စတားဘတ်ခ်ကို ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ဘူး၊ သူတို့က အရင် ဖျက်ဆီးပစ်လိမ့်မယ်"

"နက်ဖြန်ခါ ဒီအချိန်လောက်ကျရင် သူတို့က ဒီကိစ္စမှာ ဘာမှ ဝင်ပြောလို့ ရတော့မှာ မဟုတ်ဘူး။ အဲဒီအချိန်ကျရင် အာရပ်နိုင်ငံ တစ်နိုင်ငံက ရေငုပ်သင်္ဘောဆယ်မယ့် အဖွဲ့တစ်ဖွဲ့ဟာ ဒီနေရာကို ရောက်နေပြီ။ ဒီနေရာက နိုင်ငံတကာရေပိုင်နက်ပဲ။ မင်းတို့ ရေတပ်မတော်က ပျက်စီးနေတဲ့ ရေငုပ်သင်္ဘောတစ်စီးအတွက် အခြား နိုင်ငံတစ်နိုင်ငံကို စတင်တိုက်ခိုက်မှာ မဟုတ်ပါဘူး။ အဲဒီလို ရန်စပြီး တိုက်ခိုက်တဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းက ဝိုင်းပြီး အပြစ်တင် ရှုတ်ချတာကိုလည်း ခံမှာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘယ်တော့မှ ခွင့်ပြုတော့မှာ မဟုတ်ဘူး။ သူတို့က ရေငုပ်သင်္ဘော ပြန်လည်ရရှိရေးအတွက် အာရပ်နိုင်ငံတွေနဲ့ ဆွေးနွေးတဲ့ကိစ္စ အောင်မြင်ပါစေလို့ပဲ ဆုတောင်းနေကြမှာပါ၊ အဲဒီ အချိန်ကျတော့ ကျုပ် ကောက်ရထားတဲ့ ပစ္စည်းအတွက် တန်ဆာဘန်ကြေးအဖြစ် ဆွစ်ဇာလန်က ဘဏ်တစ်ဘဏ်မှာ ပေါင်စတာလင် သန်းရှစ်ရာကို ကျုပ်အတွက် သွင်းပေးထားပြီး ဖြစ်သလို ကျုပ်ကိုယ်တိုင်ကလည်း တခြား တစ်နေရာ ထွက်ခွာသွားပြီပေါ့ဗျာ"

"ခင်ဗျား ဒီ ရေအောက်တောင်ကုန်းကလွဲပြီး ဘယ်ကိုမှ သွားလို့ရမှာ မဟုတ်ဘူး"

ပစ်က ပြောလိုက်၏။ သူ့မျက်နှာသည် မုန်းတီးမှုကြောင့် ပုံပျက်ပန်းပျက် ဖြစ်နေသည်။





"ငါးမိနစ်အတွင်းမှာ ခင်ဗျား သေရလိမ့်မယ်"

ဒဲလ်ဖီက ပစ်၏မျက်လုံးများအား ပြန်ကြည့်လိုက်၏။ ပစ်၏ မျက်လုံးစိမ်းများမှ ထွက်ပေါ်နေသော ဒေါသမှာ ကြောက်စရာ ကောင်းလွန်းလှသည်။

"ဒီလိုလား၊ ကျုပ်က သေရမှာပေါ့၊ ဟုတ်လား"

သူက သေးငယ်သော ပိုးမွှားကလေး တစ်ကောင်အား မျက်နှာလွှဲပစ်ခဲ့သလို ပစ်အား မျက်နှာလွှဲခဲ့ပြီးနောက် တံခါးဆီသို့ ဆက်လျှောက်သွားသည်။ ထို့နောက် သူက ပြန်လှည့်ကြည့်လိုက်၏။

"ဒါဆိုရင် မင်းက ငါ့အရင် သေသွားရှာရတယ်ဆိုတဲ့ အသိကိုတော့ ငါက အရသာခံလိုက်ဦးမယ်"

သူက အစောင့်များဘက်သို့ ခေါင်းညိတ်ပြလိုက်၏။

"သူတို့ကို ပင်လယ်ထဲ ပစ်ချလိုက်"

"ခင်ဗျားက သေတော့မယ် ပုဂ္ဂိုလ်တွေကို နောက်ဆုံးပိတ်အနေနဲ့ သက်သက်ညှာညှာ စဉ်းစားမပေးတော့ဘူးလား"

ပစ်က မေးလိုက်သည်။

"ဘာမှ စဉ်းစားစရာ မလိုပါဘူး"

ဒဲလ်ဖီက ရွံစရာကောင်းသော အပြုံးကလေးနှင့် ပြုံးပြလိုက်၏။

"နောက်တစ်ကြိမ် ထပ်ပြီး နှုတ်ဆက်ခဲ့ပါတယ် မေဂျာပစ်၊ ကျုပ်တို့ စိတ်ပြေလက်ပျောက်ဖြစ်အောင် မင်းက ဖြေဖျော်ပေးခဲ့တဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

သူ့ဖိနပ်သံများသည် တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားပြီးနောက် တိတ်ဆိတ်ခြင်းကသာ လွှမ်းမိုးသွားလေတော့သည်။

၀၅း၀၀ နာရီ ထိုးရန် ငါးမိနစ်သာ လိုတော့သည်တကား။

⚓



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

မျက်လုံးများမှ အဖြူသားများသာ ပေါ်နေသည်အထိ မျက်လုံးများလည်နေသော ဂျီအိုဒီနို၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ရှည်လျားသော လည်ချောင်းသံကြီးနှင့်အတူ စည်းချက်ဝါးချက်ညီညီ အပေါ်သို့ မြောက်တက်သွားအောင် တွန့်ခနဲ ဖြစ်နေသည်။ ဂျီအိုဒီနိုသည် အသက်ရှူ၍ရလိုရငြား လည်ပင်းကို ဆုပ်ကိုင်ရင်း ခုံရှည်ပေါ်မှ အောက်သို့ လိမ့်ကျသွားသည်။ သူသည် မျက်နှာတစ်ခုလုံး ပြာနှမ်းလာသည်အထိ အသက်မရှူဘဲ အောင့်ထားရာ မြင်ရသူများအဖို့ ဟန်ဆောင်နေသည်ဟူ၍ပင် မထင်နိုင်စရာ ဖြစ်နေရပေသည်။ သူသည် တံတွေးများကိုပင် ယခုအချိန်အထိ ရနိုင်သမျှ စုဆောင်းထားခဲ့ပြီး အသက်ရှူမဝဟန်နှင့် ဝေဒနာကို ခံစားနေရဟန် ဖန်တီးသည့်အခါကျမှ တံတွေးများကို တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းနှစ်ဖက်အကြားမှ ဖူးခနဲ စဉ်ထွက်သွားစေခဲ့သည်။

ဂျီအိုဒီနို၏သရုပ်ဆောင်မှုသည် အသက်ပါလှသည်ဖြစ်ရာ အစောင့်များသည် တအံ့တသြဖြစ်ရုံမျှသာမက ကြက်သေသေ၍ပင် သွားကြရတော့သည်။

ပစ်အား သေနတ်နှင့် လှမ်းချိန်ထားပြီး ဂျီအိုဒီနို၏ ပျော့ခွေနေသော လက်နှစ်ဖက်ကို အစောင့်နှစ်ယောက်က သူတို့၏ပခုံးပေါ်သို့ ဆွဲတင်နေကြပုံကို ပစ်က မည်သို့မျှ ခံစားရပုံမပြဘဲ ပြန်ကြည့်နေသည်။

အစောင့်များက ထိုအချိန်အထိ စကားတစ်ခွန်းမျှ မပြောဘဲ ပစ်ကို သူတို့ရှေ့မှ လမ်းလျှောက်သွားရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်ကြသည်။

ပစ်က ခေါင်းညိတ်ပြလိုက်ပြီးနောက် အခန်းကို ကျော်ဖြတ်၍ လျှောက်သွားပြီး ဆမ်းမား ရှေ့၌ ရပ်တန့်လိုက်၏။

ပစ်က အသံတိုးတိုးကလေးနှင့် -

"ဆမ်းမား" ဟု ခေါ်လိုက်သည်။

ပစ်သည် ညှိုးချုံးပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသော ဆမ်းမား၏မျက်နှာ





ပေါ်မှ မီးခိုးရောင်မျက်လုံးကြီးများကို စိုက်ကြည့်လိုက်ပြီးနောက် ဒဏ်ရာမရသေးသည့် လက်အကောင်းနှင့် ဆမ်းမား၏ပခုံးကို ဖြည်းညင်းစွာ ထိလိုက်သည်။

"ကိုယ့်မှာ ပြောစရာစကားတွေ အများကြီးရှိနေပြီး အဲဒီစကားတွေကိုပြောဖို့ အချိန်သိပ်နည်းလွန်းနေတယ်၊ မင်း ကိုယ်နဲ့ လမ်းလျှောက်ပြီးလိုက်ခဲ့ပါလား ဟင်"

ဆမ်းမားက ခေါင်းညိတ်ပြီး အစောင့်များကို လက်ပြလိုက်သည်။ သူတို့က ဆင်ခြေမတတ်ကြဘဲ နားလည်ဟန်နှင့် ဦးညွှတ်ပြလိုက်ကြ၏။

ဆမ်းမားသည် ပစ်၏လက်ကို ကိုင်လိုက်ပြီးနောက် ကျောက်သားကို ထွင်းထုထားသော ရှည်လျားသည့် စင်္ကြံလမ်းအတိုင်း ဆွဲခေါ်သွားသည်။ ထိုစင်္ကြံလမ်းတွင် မီးထိန်နေအောင် ထွန်းညှိထားသည့်အပြင် ထိုစင်္ကြံလမ်းမှ တခြားနေရာများသို့ ခွဲထွက်သွားနိုင်သော တံခါးပေါင်း မြောက်မြားစွာ ရှိနေကြသည်။ မကြာမီ သူတို့သည် ပို၍မြင့်သော အဆင့်တစ်ခုဆီသို့ ရောက်လာခဲ့ကြ၏။ စင်္ကြံလမ်းထဲတွင် လှေကားထစ်များမရှိဘဲ အထက်နှင့်အောက်သို့ မြင့်တက်နိမ့်လျှောသွားသော ဆင်ခြေလျှောကြမ်းပြင်များသာ ရှိနေကြသည်။

"ကျွန်မကို ခွင့်လွှတ်ပါ"

ဆမ်းမား၏အသံသည် ကြားရသည်ဆိုရုံ တိုးတိုးကလေးသာ ဖြစ်သည်။

"ဘာအတွက် ခွင့်လွှတ်ရမှာလဲ၊ အခုတို့စွတွေအားလုံးဟာ မင်းလုပ်တာမှ မဟုတ်တာဘဲကွာ၊ မင်းက ကိုယ့်အသက်ကိုကယ်ခဲ့တာ နှစ်ခါရှိသွားပြီ၊ မင်းက ဘာဖြစ်လို့ ကယ်ခဲ့တာလဲ"

ဆမ်းမားသည် ပစ်၏စကားကို ကြားပုံမရချေ။

ဆမ်းမားက မော့ပြီး ပစ်၏မျက်လုံးများကို ကြည့်လိုက်၏။ သူမ၏မျက်နှာမှ ဖြာထွက်နေသော နူးညံ့မှုနှင့် အလှအပတို့သည် စင်္ကြံလမ်းထဲတွင် ရှိသော အရာဝတ္ထုမှုန်သမျှကို မှေးမှိန်၍ သွားစေသည်ဟု ထင်ရပေသည်။

"ကျွန်မ ရှင့်ရှေ့ကို ရောက်လာပြီဆိုရင် ကျွန်မမှာ ထူးခြားတဲ့ ခံစားမှုတစ်မျိုးကို ခံစားနေရတယ်"

ဆမ်းမားက တိုးတိုးကလေး ပြောလိုက်၏။

"အဲဒါက ဝမ်းမြောက်ဝမ်းသာ ဖြစ်တာမျိုးလည်း မဟုတ်ဘူး၊ ရောင့်ရဲတင်းတိမ်ပြီး ကျေနပ်မှုဖြစ်တာမျိုးလည်း မဟုတ်ဘူး။ ဒါပေမယ့် ဘာလဲဆိုတာကိုလည်း ကျွန်မက ရှင်းလင်းသွားအောင် ပြောမပြတတ်ဘူး"

"အဲဒီခံစားချက်က အချစ်စိတ်ပဲပေါ့"

ပစ်က ကြင်ကြင်နာနာနှင့် ပြောလိုက်သည်။

ပစ်က ငုံ့လိုက်ရာ ပခုံးမှ ဝေဒနာကြောင့် ရှုံ့မဲ့သွားမိရင်း ဝစ်ထ



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမား၏ မျက်လုံးများကို နမ်းလိုက်၏။

ဂျီအိုဒီနို၏ တစ်ဖက်တစ်ချက်တွင် ရှိနေကြသော အစောင့်များသည် နားမလည်ဟန်နှင့် ကြက်သေသေသွားပြီး သူတို့နှစ်ယောက်ကို လှမ်းကြည့်ရင်း ရုတ်တရက် တန့်သွားကြတော့သည်။

ဂျီအိုဒီနို၏ ခြေထောက်သည် ကြမ်းပြင်ပေါ်တွင် တရွတ်ဆွဲ၍ တွဲလောင်းပါလာသလို သူ၏ဦးခေါင်းသည် ညာဘက်ပခုံးပေါ်တွင် စောင်းကျနေသည်။ ဂျီအိုဒီနို၏မျက်လုံးများသည် ပိတ်နေပုံရသလို သူက ခပ်ဖွဖွကလေး ညည်းညူနေသည်။ ဂျီအိုဒီနို၏လက်ဖျံများသည် အစောင့်များ၏ ပခုံးပေါ်သို့ ခပ်ဖြည်းဖြည်း တက်သွားကြပြီး အတွင်းဘက်သို့ လှည့်ထားသော လက်ဖဝါးနှစ်ဖက်က အစောင့်နှစ်ယောက်၏ လည်ပင်းနားတွင် လျော့ရဲရဲ ရောက်ရှိနေချိန်အထိ အစောင့်များ သတိမထားမိခဲ့ကြချေ။

ထို့နောက် ဂျီအိုဒီနို၏ လက်မောင်းကြွက်သားကြီးများသည် ဖြုန်းခနဲ ဖောင့်တင်းလာကြပြီး အစောင့်နှစ်ယောက်၏ ဦးခေါင်းနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး ပြင်းထန်စွာ ရိုက်မိကြသောကြောင့် အရိုးချင်း ရိုက်မိကြသည့်အသံကို ကြားကြရတော့သည်။ ထိုအသံမှာ မမှည့်သေးသော ဖရဲသီးနှစ်လုံးကို ရေပန်းအောက်တွင်ထားပြီး တစ်လုံးနှင့်တစ်လုံး ရိုက်ခွဲလိုက်သော စိတ်မချမ်းသာစရာ ကောင်းလှသည့်အသံမျိုးပင် ဖြစ်တော့သည်။

ဦးခေါင်းမှ သွေးများ ယိုစီးကျနေပြီး အရေပြားများ ကွဲထွက်သွားသော အစောင့်နှစ်ယောက်သည် ဘေးဘက်သို့ လွင့်ထွက်သွားကြပြီး ကြမ်းပြင်ပေါ်၌ ဘေးစောင်းလဲကျသွားကြတော့သည်။

ဂျီအိုဒီနိုသည် ဒဏ်ရာရနေသော ခြေထောက်ပေါ်တွင် ယိုင်တိယိုင်ထိုးနှင့် မတ်တတ်ရပ်ရင်း အားရကျေနပ်သော အပြုံးကလေးနှင့် ပြောလိုက်၏။

"အဲဒီကိစ္စဟာ အနုပညာ မဆန်လှဘူးလားကွ"

ပစ်က ပြန်ပြုံးပြလိုက်သည်။

"လှုပ်ရှားမှုတိုင်းဟာ လှပါပေတယ်"

ပစ်က ဆမ်းမား၏ မေးစေ့အား လက်တစ်ဖက်နှင့် ကိုင်လိုက်၏။ ပစ်၏ ကျန်တစ်ဖက်မှာ ထုံကျဉ်သွားပြီး သွက်ချာပါဒ လိုက်သလို လှုပ်ရှား၍မရဘဲ တွဲလောင်းကြီး ကျနေသည်။

"ကိုယ်တို့ကို ဒီအထဲက ထွက်လို့ရအောင် မင်းက ကူညီမှာလားဟင်"

ဆမ်းမားသည် ပထမနေ့တွင် သူငယ်တန်း၌ ကျောင်းစတက်ရသောကြောင့် ကြောက်လန့်နေသော ကလေးငယ်တစ်ယောက်ပမာ ရွှေနီရောင်ဆံပင်များ ဖုံးအုပ်နေသော မျက်နှာကို ဖြည်းညင်းစွာ မော့၍ ပစ်အား ပြန်ကြည့်လိုက်၏။





ထို့နောက် ဆမ်းမားသည် ပစ်၏ခါးကို လက်နှစ်ဖက်နှင့် ဖက်လိုက်ပြီးနောက် ပစ်၏ခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားသည်။ ဆမ်းမား၏ မီးခိုးရောင်မျက်လုံးများပေါ်တွင် မျက်ရည်စများ ရေကာတာကြီး ကျိုးပေါက်သွားသလို ဖြုန်းခနဲ ထွက်ပေါ်လာကြတော့သည်။

"ကျွန်မ ရှင့်ကို ချစ်တယ်"

"ကျွန်မ ရှင့်ကို ချစ်တယ်"

"ကျွန်မ ရှင့်ကို ချစ်တယ်"

ဆမ်းမားသည် ထိုအသံကို ကျေနပ်မှုရှိဟန်နှင့် ထပ်ခါတလဲလဲ ရေရွတ်လိုက်သည်။

ပစ်က ဆမ်းမားအား နမ်းလိုက်ပြန်၏။ ယခုတစ်ကြိမ်တွင် နှုတ်ခမ်းကို နမ်းလိုက်ခြင်း ဖြစ်သည်။

ဂျီအိုဒီနိုက ဖြတ်ပြောလိုက်၏။

"ငါက မင်းတို့နှစ်ယောက်ကြားမှာ ကန့်လန့်ကန့်လန့်နဲ့ ကြားမဝင်ချင်ပါဘူးကွာ၊ ဒါပေမယ့် အချိန်မရှိတော့ဘူးကွ"

ပစ်တို ဖက်ထားသော လက်များအား ဆမ်းမားက ပြန်ရုပ်လိုက်ပြီးနောက် သတိမေ့နေသော အစောင့်များအား ခေါင်းညိတ်ပြရင်း ဆမ်းမားက ပြောလိုက်သည်။

"ကျွန်မဖေဖေရဲ့ အစောင့်တွေက ကျွန်မတို့ကို ဒီလိုပုံစံနဲ့ တွေ့သွားခင် ကျွန်မတို့ သွားကြမှ ဖြစ်မယ်"

"နေဦး"

ပစ်က ဆတ်ခနဲ ပြောလိုက်၏။

"အက်ဒရင်နီဟန်းတား ဘယ်မှာလဲ၊ သူ့ကို ကိုယ်တို့နဲ့ပါ တစ်ပါတည်း ခေါ်သွားမှ ဖြစ်မယ်"

"သူက ကျွန်မရဲ့ ဟိုဘက်ခန်းမှာ အိပ်နေတယ်"

"ကိုယ်တို့ကို အဲဒီကို ခေါ်သွားပါ"

ဆမ်းမားက ပစ်၏ပခုံးအား ညင်သာစွာ လက်နှင့်ကိုင်လိုက်၏။

"ဘယ်လိုလုပ်ပြီး သွားကြမှာလဲ၊ ရှင်က ဒဏ်ရာရနေတယ်၊ သူငယ်ချင်းက လမ်းမလျှောက်နိုင်ဘူး"

"ကိုယ်က သူ့ကို ထမ်းပိုးလာခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ"

ပစ်က ဒူးထောက်ချလိုက်ရာ နားလည်သဘောပေါက်သွားသော ဂျီအိုဒီနိုက တိတ်တိတ်ဆိတ်ဆိတ်နှင့် ပစ်လည်ပင်းကို ဖက်တွယ်လိုက်၏။ ထို့နောက် ပစ်သည် ဒဏ်ရာမရသေးသောလက်ကို ဂျီအိုဒီနို၏ ဒူးတစ်ဖက်အောက်သို့ သွင်းလိုက်ပြီး ယိုင်တိယိုင်ထိုးနှင့် မတ်တတ်ရပ်လိုက်သည်။

ဂျီအိုဒီနိုက ပြောလိုက်၏။

"ငါက နို့စို့အရွယ်ကလေးလေးတစ်ယောက်နဲ့ တူနေမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လုံးကိုယ်ပေါက်ကတော့ နည်းနည်းမှ မတူပါဘူးကွာ"

ထို့နောက် ပစ်က ဆမ်းမားအား ခေါင်းညိတ်ပြလိုက်၏။

"ကဲ ရှေ့က သွားပေတော့"

ဆမ်းမား ရှေ့က ခပ်သုတ်သုတ် သွားသည်။ သူတို့သည် လမ်းဆုံလမ်းခွသို့ ရောက်သည့်အခါတိုင်း ဆမ်းမားက ခေါင်းပြူပြီး အန္တရာယ်ကင်းရှင်းမှု ရှိ မရှိမှုကို ကြည့်လေ့ရှိသည်။ ထို့နောက် သူတို့အား ရှေ့ဆက်လာခဲ့ရန် လက်ပြ၍ ခေါ်ယူလေ့ရှိသည်။

ရေအောက်တောင်ကုန်းထဲတွင် အေးမြနေသည့်တိုင်အောင် ပစ်တစ်ယောက် ချွေးထွက်နေသည်။ ကျောက်ခဲနှင့် ဝင်တိုးမိပြီး ဒဏ်ရာရနေသောလက်နှင့် ဒုံးကျည်သေနတ်နှင့် အပစ်ခံရသော လက်တို့မှာ တစ်ဖက်တည်း ဖြစ်နေသောကြောင့် သူ၏ခန္ဓာကိုယ်တစ်ခြမ်းသည် ဝေဒနာကို မခံစားရဘဲ ရှိနေသည်။ ထိုကိစ္စအတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါသည်။ သို့ရာတွင် နာနေသော လက်မောင်းနှင့် ဒဏ်ရာရနေသော ပခုံးတို့မှ ဝေဒနာတို့သည် အပြိုင်အဆိုင် ဒုက္ခပေးလျက်ရှိကြပြီး နောက်ဆုံးတွင် ဒဏ်ရာနှစ်ခုပူးပေါင်း၍ ပစ်အား မခံမရပ်နိုင်အောင် ဆိုးရွားသော ဝေဒနာနှင့် အကြီးအကျယ် ဒုက္ခပေးကြတော့သည်။

ရုတ်ခြည်း ဆိုသလိုပင် ဆမ်းမားက သူတို့အား နောက်ဘက်သို့ ပြန်ဆုတ်ရန် လက်ပြလိုက်သည်။

တစ်ယောက်သော ပုဂ္ဂိုလ်သည် ဘေးဘက်ရှိ စကြိုလမ်းမှ ၎င်းတို့ထံသို့ ချဉ်းကပ်လာနေသည်။

ပစ်က ဂျီအိုဒီနီအား ဖက်ထားသည့်လက်ကို အနည်းငယ် လျှော့ပေးလိုက်ပြီးနောက် သူတို့နှစ်ယောက်စလုံးသည် တံခါး၏နောက်ဘက်တွင် ဝင်ကပ်နေလိုက်ကြသည်။ ထိုပုဂ္ဂိုလ်၏ ခြေသံများကို စကြိုလမ်းနှစ်ခု ဖြတ်သန်းသွားသော လမ်းတစ်လျှောက်ဆီမှ ပြတ်ပြတ်သားသား ကြားနေရသည်။

ငါးစက္ကန့်၊ ခြောက်စက္ကန့် (သူတို့၏စိတ်ထဲတွင်မူ ထို့ထက်မက ပို၍ ရှည်ကြာသည်ဟု ထင်ကြရသည်။) အထိ ထိုပုဂ္ဂိုလ်၏ခြေသံများကို စကြိုလမ်းနှစ်ခု ဖြတ်သန်းသောနေရာတွင် ပီပီသသကြီး ကြားနေရသည်။

ပစ်၏နှလုံးသားသည် ပင်ပန်းမှုကြောင့် တဆတ်ဆတ် တုန်လှုပ်နေ[illegible] ချွေးသီးချွေးပေါက်များသည် သူ၏မျက်နှာပေါ်မှ မြစ်ငယ် ချောင်းငယ်များသဖွယ် စီးကျနေကြသည်။

နောက်ဘက်တွင် သန်သန်မာမာရှိနေသော လူတစ်ယောက်နှင့် ကျန်တစ်ဖက်တွင် ဆိုးဆိုးရွားရွား ဒဏ်ရာရထားသော လူနှစ်ယောက်။ တစ်ဖက်တွင် သန်မာသောလက်နှင့် ကျန်တစ်ဖက်တွင် ပင်ပန်းလွန်းလှသောကြောင့် မြှောက်နိုင်စွမ်းပင် မရှိတော့သော လက်သုံးဖက်။ လူဆိုးများဘက်ကသာ အနိုင်ရသွားမည့် အနေအထားတွင် ရှိနေသည်ဟု ပစ်က





ဆုံးဖြတ်လိုက်၏။ ထို့နောက် ခြေသံများသည် စကြိုလမ်းနှစ်ခု ဆုံမိသည့်နေရာကို ဖြတ်သန်းပြီးနောက် အခြားတစ်ဖက်ဆီသို့ ရောက်ရှိသွားပြီး ထိုအသံပါ ပျောက်ကွယ်သွားတော့သည်။

"လာခဲ့လေ၊ လာခဲ့တော့"

ထိုစကြိုလမ်းထဲရှိ ခပ်လှမ်းလှမ်းနေရာတွင်ရှိသော တံခါးပေါက်တစ်ခုဆီမှ ဆမ်းမားက လေသံကလေးနှင့် လှမ်းခေါ်လိုက်၏။

"ဘေးကင်းသွားပါပြီ"

ပစ်က ဂျီအိုဒီနီကို ပွေ့ချီပြီး ရှေ့သို့ ခက်ခက်ခဲခဲ ဆက်သွားခဲ့ရပြီး ပစ်က မေးလိုက်သည်။

"ဘယ်အချိန်ရှိပြီလဲ"

ဂျီအိုဒီနီက စိတ်ပျက်လက်ပျက်နှင့် ဖြေလိုက်၏။

"ဒုံးပျံကို သတ်မှတ်တဲ့အချိန်အတိုင်း ပစ်လိုက်မယ်ဆိုရင် ငါတို့ မလွတ်နိုင်တော့ဘူး"

"သတ်မှတ်ထားတဲ့ အချိန်အတိုင်း ပစ်မှာပါ"

ပစ်[illegible] ဟောဟဲ ဟောဟဲ ဖြစ်နေသည်။

"အဲဒါနဲ့ ပတ်သက်ရင်တော့ ဒဲလ်ဖီ ယူဆတာ မှားတယ်။ ရေတပ်မတော်က လက်နက်ချဖို့ ဖိတ်ခေါ်တာကို ပြန်ကြားချက် မရခဲ့ရင် သူတို့က အံ့ချတာပဲလို့ ယူဆပြီး ရေအောက်တောင်ကုန်းကို ပစ်ခတ်တော့မှာပဲ"

ဆမ်းမားသည် ပစ်၏လက်ကိုကိုင်ရင်း ဂျီအိုဒီနီ၏ခန္ဓာကိုယ်ကို မနိုင်မနင်း သယ်ပိုးနေရသောပစ်အား တတ်နိုင်သမျှ အကူအညီပေး၍ လမ်းပြနေသည်။

ပစ်သည် ယိုင်တီယိုင်ထိုးနှင့် တစ်ကြိမ်တွင် ခြေထောက်တစ်ဖက်ကို ရှေ့သို့ရွှေ့ရင်း 'နောက်တစ်ကြိမ်ဆိုလျှင် ရောက်ပါပြီ' ဟု ကိုယ့်ကိုယ်ကိုယ် အားပေး၍ ကြိုးစားပမ်းစား လျှောက်နေသည်။

ဂျီအိုဒီနီ၏ခန္ဓာကိုယ်ကြီးက လေးလံလှသည်။ ပစ်၏အင်အားမှာလည်း ကုန်သလောက် ရှိနေပြီ။ ယခုလို ကြိုးပမ်းနေခြင်းသည် အချည်းနှီး အလဟဿသာ ဖြစ်သည်ဟု ပစ်၏ဦးနှောက်ကပင် တော်လှန် ပုန်ကန်၍ နေလေပြီ။

နောက်ဆုံးတွင် ပစ်က ခံနိုင်ရည်ရှိမှု၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားချိန်တွင် ဆမ်းမားသည် ဘေးဘက်မှ တံခါးပေါက်တစ်ပေါက် ရှေ့တွင် ရပ်တန့်လိုက်၏။ သူမသည် တံခါးရွက်ကို နားနှင့်ကပ်၍ ခေတ္တမျှ နားစွင့်ထောင်လိုက်သည်။ ထို့နောက် သူမသည် တံခါးကို အနည်းငယ် တွန်းလိုက်ပြီးနောက် အခန်းထဲသို့ ဝင်လိုက်၏။ သူမ၏နောက်ဘက်မှ ဝင်လိုက်လာသောပစ်သည် ခလုတ်တိုက်၍ လဲကျသွားပြီး သူ့လက်ပေါ်မှ ဂျီအိုဒီနီသည် နီရဲသောကော်ဇောကြီးပေါ်သို့ လွတ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမားသည် ဟိုဘက်နံရံတွင် ထွင်းထုထားသော အိပ်ရာကြီးတစ်ခုဆီသို့ ပြေးသွားပြီး အိပ်ပျော်နေသော အက်ဒရင်နီကို လှုပ်နှိုးလိုက်၏။

"အက်ဒရင်နီ၊ အက်ဒရင်နီ ထတော့"

အက်ဒရင်နီ၏ တုံ့ပြန်မှုမှာ အသံခပ်တိုးတိုးနှင့် ညည်းညူလိုက်ခြင်းသာ ဖြစ်သောကြောင့် ဆမ်းမားသည် အက်ဒရင်နီ၏ သက်ကောက်ဝတ်ကို ဆုပ်ကိုင်၍ အဝတ်အစားမပါ ဗလာကျင်းနေသော အက်ဒရင်နီကို အိပ်ရာပေါ်က အတင်းဆွဲချတော့သည်။

အိပ်ချင်မူးတူး ဖြစ်နေမှုသည် အက်ဒရင်နီ၏ မျက်လုံးအစုံဆီမှ ဆုတ်ခွာသွားကြပြီး အက်ဒရင်နီသည် ကြမ်းပြင်ပေါ်၌ ရှိနေသော ပစ်နှင့် ဂျီအိုဒီနီတို့ကို သတိပြုလိုက်မိတော့သည်။

အက်ဒရင်နီသည် အခန်းကို ကျော်ဖြတ်ပြေးသွားပြီး ပစ်၏ နံဘေး၌ ဒူးထောက်၍ ထိုင်ချလိုက်၏။

"ဘုရားသခင် ကယ်တော်မူပါ၊ အမလေး ဒတ်ခ်ရယ်၊ ရှင် ဘယ်လိုဖြစ်လာတာလဲ၊ ရှင်က ဘယ်လိုနည်းနဲ့ ဒီကိုရောက်လာတာလဲ"

ဟောဟဲဟောဟဲ ဖြစ်နေသော ပစ်က အားယူ၍ ပြောလိုက်သည်။

"တို့က မင်းကို ကယ်ဖို့လာခဲ့တာပဲ"

အက်ဒရင်နီက မယုံကြည်နိုင်ဟန်နှင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ဟင့်အင်း ဟင့်အင်း၊ ဒါ ဖြစ်ကို မဖြစ်နိုင်ဘူး၊ ဒီနေရာက ထွက်ပြေးလို့ရတဲ့လမ်း မရှိဘူး"

"ဒီအခန်းရဲ့ နောက်တစ်ခန်း၊ ဆမ်းမားရဲ့ အိပ်ခန်းထဲမှာ ပင်လယ်ထဲကိုထွက်တဲ့လမ်း ရှိတယ်"

ပစ်ပြောနေသော စကားသည် ကြီးမားသော ပေါက်ကွဲမှုကြီးကြောင့် ပြတ်တောက်သွားရသည့်အပြင် ထိုအခန်းသည် အဝေး၌ ဖြစ်ပေါ်နေသော ပေါက်ကွဲမှု လှိုင်းအားကြောင့် တစ်ခန်းလုံး တုန်လှုပ်သွားတော့သည်။

မော်နီတာ စစ်သင်္ဘောက ပစ်ခတ်လိုက်သော ဒုံးပျံသည် ရေအောက်တောင်ကုန်းအပေါ်ဘက်ရှိ ရေမျက်နှာပြင်ကို လာရောက်ထိမှန်လေပြီ။

ကတ္တီပါ ကန့်လန့်ကာများသည် ဟိုဟိုဒီဒီ ယိမ်းခါသွားကြသလို [illegible]ကျောက်သားစားပွဲပေါ်၌ တင်ထားသည့် သန္တာနှင့် ပြုလုပ်ထားသော သတ်ဝတ်လက်စားများသည် မြင်နိုင်စွမ်းမရှိသောအားတစ်ခု၏ ရိုက်ခတ်မှုကြောင့် ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားကြစဉ် သူတို့ လေးယောက်သည် ထိုနေရာတွင် မည်သို့မျှ ပြုလုပ်နိုင်စွမ်း မရှိဘဲ မတ်တတ်ရပ်နေကြသည်။

ပစ်က ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ပြန်ပြောနေဖို့ အချိန်မရှိဘူး၊ အားလုံးထွက်ကြ"





ဆမ်းမားသည် စိတ်ရှုပ်ပြီး ဦးနှောက်ချောက်သွားပုံရသည်။ ထိုနေရာမှ ရွေ့နိုင်စွမ်း ရှိပုံမရချေ။

"ကျွန်မတော့ မထွက်နိုင်ဘူး၊ ကျွန်မဖေဖေ ရှိသေးတယ်"

ပစ်က ပြောလိုက်သည်။

"ကိုယ်တို့နဲ့ အတူတူနေချင်ရင်နေ၊ မနေရင်တော့ သေရမှာ၊ ဟောဒီတောင်ကုန်းတစ်ခုလုံးဟာ စက္ကန့်ပိုင်းအတွင်း ပြိုကျတော့မယ်"

သို့တိုင်အောင် ဆမ်းမားသည် နေရာက မရွေ့ပါ၊ ဆမ်းမားနှင့် အက်ဒရင်နီတို့သည် စိတ်ညို့ထားခံရသူများပမာ မျက်လုံးပြူးကြီးများနှင့် မည်သည့်အရာဝတ္ထုကိုမျှ မြင်ပုံမရဘဲ ကြောင်ပြီး ကြည့်နေကြသည်။

ဂျီအိုဒီနီက ခပ်မာမာပြောလိုက်၏။

"ကဲ - အမျိုးသမီးတွေ၊ သူ ပြောတာကို ကြားကြတယ် မဟုတ်လား၊ ကဲ - ဆက်ပြီး လမ်းလျှောက်ကြပေတော့"

ဂျီအိုဒီနီ၏စကားက ကြောင်နေသည်ကို ပျက်ပြယ်သွားစေတော့သည်။ ဆမ်းမားသည် ရုတ်တရက် ထိတ်လန့်သွားဟန်နှင့် ထခုန်လိုက်ပြီး သူမ၏အခန်းဆီသို့ ထွက်ပြေးသွားတော့သည်။ အက်ဒရင်နီသည် ဆမ်းမား၏နောက်က ထက်ကြပ်မကွာ လိုက်ပါသွားသလို ပစ်နှင့် ဂျီအိုဒီနီတို့ကလည်း ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းဖြင့် သူတို့နောက်က မီအောင် ကြိုးစားပမ်းစား လိုက်ခဲ့ကြရတော့သည်။

သူတို့လေးယောက်သည် အပြာရောင်လွှမ်းနေသော ဆမ်းမား၏ အိပ်ခန်းဆီသို့ ရောက်ရုံမျှသာ ရှိကြသေးစဉ် နားကွဲလုမတတ် ပြင်းထန်သော အသံကြီးနှင့်အတူ အလွန်အားပါသော ပေါက်ကွဲမှုလှိုင်းအားက သူတို့လေးယောက်စလုံးကို ကြမ်းပြင်ပေါ်သို့ အတုံးအရုံး လဲကျသွားစေတော့သည်။ ရေအောက်တောင်ကုန်း၏ အပေါ်ပိုင်းရှိ ကြီးမားသော အက်ကြောင်းကြီးများနှင့် ပဲ့ကြားအက်များအကြားမှ ပေါက်ကွဲပြီး တိုးဝင်လာသော ရေလုံးကြီးများသည် အမြန်ရထားကြီးတစ်စီးပမာ လမ်းတွင် တွေ့သမျှ ပစ္စည်းများကို ကြေမွသွားအောင် ဖျက်ဆီးရင်း ဥမင်လိုဏ်ခေါင်းထဲမှ အတင်း တိုးထွက်လာနေကြသည်။

ဝေဒနာဟူသမျှကို မေ့ပျောက်သွားပြီဖြစ်သော ပစ်သည် ကိုးရိုးကားရားနှင့် ကြိုးစား၍ မတ်တတ်ရပ်လိုက်ရင်း စကြိုလမ်းဘက်မှ တံခါးတို့ အတင်းဆောင့်ပိတ်လိုက်၏။

ထို့နောက် ပစ်သည် အက်ဒရင်နီ၏လက်မောင်းကို ဆွဲတိုင်လိုက်ပြီး နောက် လိုက်ကာကြားမှတစ်ဆင့် အပြင်သို့ ထွက်သော [illegible] လိုဏ်ခေါင်းထဲသို့ အက်ဒရင်နီကို အတင်းတွန်းပစ်လိုက်သည်။

ထို့နောက် ပစ်သည် လဲကျသွားသော ဆမ်းမားပေါ်သို့ [illegible] ပြီး ဆမ်းမားကို ပွေ့ချီ၍ လဲကျနေသော အက်ဒရင်နီပေါ်သို့ ပစ်ချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် မျက်နှာကြက်၌ တပ်ဆင်ထားသော မှန်ချပ်ကြီးသည် အောက်ဘက်တွင် ရှိသော အခန်းထဲသို့ ဝုန်းခနဲ ပြုတ်ကျလာလေရာ ပစ်နှင့် သီသီကလေး ကပ်၍ လွတ်သွားသည်။

ရေလုံးကြီးတစ်လုံးသည် မှန်ကွဲများနောက်ဘက်မှ ဝေါခနဲ လိုက်ပါလာသလို ကျောက်ခဲများသည် တစ်စတစ်စနှင့် ပဲ့ကုန်ကြသောကြောင့် ကျောက်ခဲချင်း ပွတ်တိုက်ကြိတ်ခြေနေသည့်အသံကြီးကို ကြားလိုက်ကြရတော့သည်။

"အလ်"

ပစ်သည် တဝုန်းဝုန်း တဒိုင်းဒိုင်းဖြစ်နေသော ရေသံနှင့် ကျောက်တုံးကျောက်ခဲများ၏ အသံကြားမှ အော်ခေါ်လိုက်၏။

"ငါ ဒီမှာဟေ့"

ဂျီအိုဒီနိုက ပြန်အော်သည်။ သူသည် ကျောက်သားနှင့် ပြုလုပ်ထားသော အလှပြင်သည့် ခုံအောက်မှ လက်တစ်ဖက်ကို ဝှေ့ယမ်းပြနေသည်။

ပစ်သည် အမြှုပ် တစီစီထနေသော ရေမြှုပ်များကြားမှ ရှေ့သို့ တရွေ့ရွေ့တိုးသွားရင်း မြှောက်ထားသော ဂျီအိုဒီနို၏လက်ကို လှမ်းဆွဲလိုက်၏။

"နောက်ပြန်ဆုတ်"

ဂျီအိုဒီနိုက အော်လိုက်သည်။

"မင်း ငါ့ကိုသာ သယ်သွားမယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မင်း လွတ်မှာမဟုတ်ဘူး"

"ဘာလဲ၊ မင်းက ငါ့ကို အသက်ကယ်တဲ့ဆုတံဆိပ် မရစေချင်လို့လား၊ အဲဒီလိုတော့ ဘယ်ရမလဲကွာ"

ပစ်က ခပ်တည်တည် ပြောလိုက်၏။

ပစ်က ဂျီအိုဒီနို၏လက်ကို ဒဏ်ရာမရသေးသော သူ့ပခုံးပေါ်သို့ တင်လိုက်ပြီး ဂျီအိုဒီနိုကို ထွက်ပေါက်လိုဏ်ခေါင်းဆီသို့ တစ်ဝက်သယ် တစ်ဝက်ဆွဲရင်း ခေါ်လာလေတော့သည်။

ထိုအပေါက်ဝသို့ ရောက်ချိန်တွင် ရေသည် သူတို့၏ဒူးခေါင်းများကို မြှုပ်စေသည်အထိ မြင့်တက်နေလေပြီ။

ပစ်က အမိန့်ပေးလိုက်၏။

"မင်းတို့မိန်းကလေးတွေ ရှေ့ကသွားကြ၊ ကိုယ်နဲ့အလ်က မင်းတို့နောက်က ထက်ကြပ်မကွာ လိုက်လာခဲ့မယ်"

အင်ဒရင်နီနှင့် ဆမ်းမားတို့သည် နောက်တစ်ကြိမ် ထပ်ပြောရန် မလိုတော့ဘဲ ကျဉ်းမြောင်းသော လိုဏ်ခေါင်းထဲသို့ တစ္စပ်စွပ်နှင့် ဝင်သွားကြတော့သည်။

ဂျီအိုဒီနိုကိုသယ်ရင်း သွားရလာရသည်မှာ နှေးကွေးလှသောကြောင့် ပစ်သည် မကြာမီ မိန်းကလေးနှစ်ယောက်ကို မှောင်ထဲတွင် မျက်ခြည်ပြတ်





သွားရတော့သည်။ အောက်ဘက်သို့ နိမ့်သွားသော ဆင်ခြေလျှောကြမ်းပြင်ပေါ်သို့ တဝေါဝေါ စီးဆင်းနေသည့် ရေလုံးကြီးက ပစ်အား ခလုတ်တိုက်မိပြီး လဲပြိုစေခဲ့သည်။

သူလဲကျသွားစဉ် သူ့ဦးခေါင်းသည် ရေအောက်သို့ ခေတ္တခဏ ရောက်ရှိသွား၍ သူသည် ဂါလန်ပေါင်း မြောက်မြားစွာ ရှိသည်ဟု ထင်ရသော ပင်လယ်ရေများကို ခန္ဓာကိုယ်ထဲသို့ ရှူသွင်းမိလေတော့သည်။ ပစ်သည် တဟွတ်ဟွတ်သီးရင်းကပင် ဒူးထောက်၍ ထလိုက်ပြီးနောက် ကျန်ခရီးကို သန်မာသောလက်ကြီးတစ်ချောင်း၏ ဖေးကူမှုဖြင့် မယိုင်မလဲဘဲ ဆက်၍ ခရီးသွားနိုင်ခဲ့တော့သည်။

ရေလုံးကြီးကြောင့် ယိုင်လဲသွားခြင်း မရှိသော်လည်း ခြေထောက်မှ ဝေဒနာကြောင့် သွားကိုစေ့စေ့ပါအောင် ကြိတ်ထားရသော ဂျီအိုဒီနိုက ပစ်အား ပြန်၍မတ်တတ်ထနိုင်အောင် ဆွဲထူပေးလိုက်ခြင်း ဖြစ်သည်။

ဂျီအိုဒီနိုက ခပ်ကြိုးကြိုး ရေရွတ်လိုက်၏။

"မင်းအခုလုပ်နေတဲ့ အင်မတန်မြင့်မြတ်တဲ့ အပြုအမူကို မင်း တစ်နေ့ကျရင် ဝမ်းနည်းရလိမ့်မယ်ကွ"

ပစ်က ပါးစပ်ထဲမှ ဆားငန်ရေများကို ပြန်ထွေးထုတ်ရင်း ပြောလိုက်၏။

"မင်းကတော့ အမြဲလိုလို မကျေမနပ်ဖြစ်နေတာပဲကွာ၊ အခု ပြောတာလောက်ဆိုရင် တော်လောက်ပါပြီ၊ တို့က သင်္ဘောကို မီအောင် သွားဖို့ရှိသေးတယ်ကွ"

ဂျီအိုဒီနိုသည် နားမလည်နိုင်ဟန်နှင့် ဦးခေါင်းကို ခါယမ်းလိုက်၏။ ခုလိုအချိန်မျိုးမှာ ပစ်က ဘယ်လိုနည်းနဲ့ နောက်တီးနောက်တောက် စကားတွေကို ပြောနိုင်စွမ်းရှိလေသနည်းဟု တွေးကြည့်လိုက်မိ၏။

ခြေထောက်အောက်တွင် ချောနေသော ဆင်ခြေလျှောကြမ်းပြင်သည် တဖြည်းဖြည်းနှင့် ကျယ်ဝန်းလာပြီး လှေကားအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် ပစ်အဖို့ သွားရသည်မှာ အနည်းငယ်ပို၍ လွယ်ကူသွားသည်။ အဝါရောင်မီးစုန်းကျောက်များသည် တဝေါဝေါစီးကျနေသော ရေလုံးကြီးနှင့် သူတို့၏ ပတ်ပတ်လည်တွင် မိုးသီးမိုးပေါက်များပမာ တဖွပ်ဖွပ် တစ္စပ်စွပ် မြည်အောင် ကျဆင်းနေကြသည်။ ထိုဂူကြီး၏ ခေါင်မိုးဆီမှ အရောင်တောက်နေသော ကျောက်ခဲများ အောက်ဘက်သို့ ကျဆင်းနေမှုက ထိုမြင်ကွင်းတစ်ခုလုံးအား ဥက္ကာပျံများ တဖွဲဖွဲကျဆင်းနေသလို ထင်နေရစေသည်။

နောက်ဆုံးတွင် တဝေါဝေါ စီးဆင်းနေသော ရေလုံးကြီး[illegible] နောက်ဆုံး လှေကားထစ်ပေါ်မှ ရေကန်ထဲသို့ စီးဆင်းသွားချိန်[illegible] သူသည် မည်သည့်နေရာ၌ ခြေလှမ်းနေရသည်ကို မြင်နိုင်စွမ်း[illegible] သည်။


www.burmeseclassic.com

www.burmeseclassic.com

ပစ်က ဂျီအိုဒီနီအား အားပေးစကား ပြောလိုက်၏။

"တောင့်ထားစမ်းပါဦး ကိုယ့်လူရယ်၊ တို့ အဲဒီနေရာကို ရောက်လုနီးနီးရှိနေပါပြီ၊ နောက်တစ်ကွေ့ဆိုရင် ဟိုရုပ်တုကြီးနှစ်ခုကို တွေ့ရတော့မှာပါ"

"အမျိုးသမီးကလေးတွေကို တွေ့သေးသလား"

ဂျီအိုဒီနီက မေးလိုက်၏။

"ခုအထိ မတွေ့ရသေးဘူး"

သူတို့ ဒီနေရာတွင် ရှိကိုရှိရမည်ဟု ပစ်က တထစ်ချ တွေးလိုက်၏။ လွတ်မြောက်ရမည်ဆိုသော ယုံကြည်မှုသည် ပစ်သွေးကြောထဲတွင် စီးဝင်ပျံ့နှံ့သွားသည်။

သူတို့လူစုသည် ပေါက်ကွဲမှုဒဏ်နှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ထိခိုက်မှုဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြလေပြီ။ ယခုအချိန်သို့ရောက်မှ မသေလိုကြတော့ပါ။ သူတို့သည် ရေထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် အပြင်ဘက်ရှိ လိုဏ်ဂူမှတစ်ဆင့် ရေမျက်နှာပြင်ဆီသို့ ကူးခတ်သွားရန်ဆိုသောကိစ္စမှာ သိပ်မဝေးလှတော့ပါ။

သူတို့သည် ပင်လယ်သမုဒ္ဒရာကြီးထဲတွင် ငါးမန်းများနှင့် ရင်ဆိုင်တွေ့ရနိုင်သည်။ အားအင်ကုန်ခန်းသွားမှုနှင့် တွေ့ရနိုင်သည်။ ရေနစ်မွန်းသွားမှုနှင့် တွေ့ရနိုင်သည်။

ထို့ကြောင့် မရဏတရားက သူတို့ကို ပင်လယ်ထဲမှ စောင့်ကြိုနေနိုင်သည် ဆိုသည့်ကိစ္စမှာ ဖြစ်နိုင်စရာ ရှိပေသည်။ သို့ရာတွင် ပစ်သည် အသက်ရှင်နေသေးသရွေ့ လွတ်မြောက်နိုင်သော နောက်ဆုံးတံခါးရွက်ကို မရဏတရားက အတင်းပိတ်မပစ်သေးသရွေ့ သူတို့လူစုအား လွတ်ရာကျွတ်ရာသို့ရောက်အောင် အတင်းခေါ်၍သွားမည်သာ ဖြစ်ပေသည်။

ပစ်သည် သူသွားနေသော အဖွဲ့ကို မြှင့်လိုက်ပြီးနောက် ဂျီအိုဒီနီအား တစ်ကြိမ်လျှင် လှေကားနှစ်ထစ်အထိ အတင်းဆွဲခေါ်လာသည်။ သူတို့သည် သေရမည် ဆိုပါက သူတို့နှင့် ရင်းရင်းနှီးနှီး သိကျွမ်းပြီး ဖြစ်သော နေရောင်ခြည်နှင့် မိုးကောင်းကင်ကြီး၏ အောက်ဘက်တွင်သာ သေလိုသောဆန္ဒ ရှိပေသည်။

သူတို့သည် နောက်ဆုံးအကွေ့ကို ကွေ့ပတ်လိုက်ကြသည်။

ပစ်က ဆမ်းမားကို လှမ်းမြင်လိုက်ရ၏။ ဆမ်းမားသည် ရေကန်စပ်အနီး မီးခုန်းကျောက်မှ ထွက်လာသော အဝါရောင် အလင်းရောင်အောက်၌ ကျောက်သားရုပ်တုတစ်ခုပမာ မတ်တတ်ရပ်နေသည်။

ပစ်သည် ရုပ်တုကြီးတစ်ခု၏ အောက်ခြေကို စိတ်မသက်မသာနှင့် မှီရင်း မတ်တတ်ရပ်နေသော အက်ဒရင်နီကို တွေ့လိုက်ရပြန်၏။ သူတို့ရောက်လာချိန်တွင် အက်ဒရင်နီသည် ကြောက်လန့်နေသော မျက်လုံးအစုံနှင့် မော့ကြည့်လိုက်သည်။

"ဒတ်ခ် သိပ်နောက်ကျသွားပြီ"





အက်ဒရင်နီက ဗလုံးဗထွေးနှင့် ပြောလိုက်၏၊

"သူ . . ."

ပစ်က အက်ဒရင်နီ၏ စကားမဆုံးခင် ဖြတ်ပြောလိုက်သည်။

"စကားပြောဖို့ အချိန်မရှိဘူး၊ ခေါင်မိုးကြီးက အချိန်မရွေး ပြိုကျတော့မယ်"

နောက်ဆုံး စကားလုံးသည် ပစ်၏လည်ချောင်းထဲတွင် အေးစက်ပြီးခဲသွားတော့သည်။ ပင်ပန်းခြင်း၊ နာကျင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ မျှော်လင့်ချက်ရှိခြင်း စသော ခံစားမှုမျိုးစုံသည် ရုတ်ခြည်း ဆိုသလိုပင် ရှုံးနိမ့်သည့်ခံစားမှုအဖြစ်သို့ ပြောင်းလဲသွားရတော့သည်။

ဒဲလ်ဖီသည် ပင်လယ်နတ်ဘုရား ရုပ်တုကြီးတစ်ခု၏ နောက်ဘက်မှ ရှေ့သို့ ထိုးထွက်လာသည်။

သူ၏ ညာဘက်လက်က ကြီးမားသော ကိုတ်ခြောက်လုံးပြူးကြီးတို ဆုပ်ကိုင်ထားပြီး ထိုခြောက်လုံးပြူးကြီးနှင့် ပစ်၏နဖူးကို ချိန်ရွယ်ထားသည်။

"ပွဲမပြီးခင် ပြန်တော့မလို့လား"

ဒဲလ်ဖီက ပြောလိုက်၏။ မုန်းတီးသောအသွင်သည် သူ့မျက်နှာပေါ်၌ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေသည်

"ကျုပ်က သိပ်ပျင်းတတ်တယ်"

ပစ်က ပခုံးကိုတွန့်ရင်း စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်၏။ သူ့ထံတွင် ရှိနေသော ဖွဲ့မာန်ဟူသမျှ ပျောက်ကွယ်သွားခဲ့လေပြီ။

"ခင်ဗျားက ကျုပ်ကို ခုချက်ချင်း သတ်လိုက်ရင် ပိုတောင်းလိမ့်မယ်ထင်တယ်။ ခင်ဗျားက ကျနော်တဲ့လူတွေ အသက်ရှင်အောင် တယ်ချင်သေးတယ်ဆိုရင် အချိန်သိပ်မရှိတော့ဘူး"

"မင်းက တော်တော်သဘောထား ပြည့်ဝတာပဲ မေကျာ"

ဒဲလ်ဖီက ပြန်ပြောလိုက်၏။ သူ့မျက်နှာသည် မကောင်းဆိုးဝါးပုံစံမျိုး ဖြစ်နေသည်။

"ဒါပေမယ့် မင်းက အသေးစိတ်တွေကို ပြောပြစရာ မလိုတော့ပါဘူးလေ၊ ဒီလိုဏ်ဂူထဲက အသက်နဲ့ခန္ဓာကိုယ်မမြဲပြီး ထွက်မယ့်လူတွေက ကျုပ်နဲ့ကျုပ်သမီးပဲ"

အတန်ငယ်ကြာအောင် မည်သူမျှ စကားမပြောကြချေ။

ကျောက်တုံးကျောက်ခဲကလေးများ ရေထဲသို့ တပွက်ပွက် ကျနေသံကိုသာ ကြားနေကြရသည်။ ရှေးခေတ်က တူးဖော်ထားခဲ့သော လိုဏ်ဂူများထဲသို့ ပင်လယ်ရေများ အတင်းတိုးဝင်လာမှုကြောင့် ရေအောက်တောင်ကုန်း၏ အတွင်းပိုင်း၌ တဝုန်းဝုန်းမြည်၍ တုန်လှုပ်သွားမှုကိုသာ သိရှိနေကြရသည်။

မကြာမီ၊ သိပ်မကြာမီ ကနိုလီကျွန်းသည် နောက်ထပ်[illegible] ပြို၍

www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့နိုင်အောင် လုံးဝဥဿုံ ပျက်စီးသွားပေတော့မည်။

လိုဏ်ဂူနံရံများ အက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော တဝုန်းဝုန်း မြည်သံကြီးသည် လိုဏ်ဂူတစ်လျှောက်လုံးတွင် တောက်လျှောက် မြည်ဟည်းလာခဲ့ပြီး ခိုင်ခံ့ပြီး မာကျောသော ဂူနံရံကြီးများကို တုန်ခါသွားစေသောအချိန်တွင် ထိုအသံကြီးသည် နားကွဲလုမတတ် ကျယ်လောင်စွာ မြည်ဟည်းသွားလေတော့သည်။

ဖဲလ်ဖီက သူ့အား သေနတ်နှင့် ပစ်လိုက်လေပြီဟု ပစ်က ဖြုန်းခနဲ ထင်လိုက်မိ၏။ ထို့နောက် ထိုအသံသည် ဦးခေါင်းပေါ်က ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သူ သိလိုက်ရပြန်သည်။

နံရံကြီးတစ်ခုသည် ပြိုကျလာပြီး လှေကားအတိုင်း ဝုန်းခနဲ ပြိုဆင်းလာတော့သည်။ ပစ်သည် ရုတ်တရက် ကြောက်လန့်သွားမိသော်လည်း သူ၏ အကြောအခြင်များက ကြောက်စိတ်ကို လက်မခံကြပါ။ ပစ်က ဆမ်းမားအား အဝါရောင်ရေကန်ထဲသို့ လိမ့်ကျသွားအောင် တွန်းပစ်လိုက်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပစ်သည် အက်ဒရင်နီ၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ပြီး အက်ဒရင်နီကို သူ၏ ကိုယ်လုံးကြီးနှင့် ကွယ်ထားလိုက်တော့သည်။

ကျောက်ခဲထုကြီး ပြိုကျလာလေပြီ။ တန်ပေါင်းများစွာရှိသော ရွှေရောင်သန်းနေသည့် ကျောက်တုံးကျောက်ခဲများသည် နိမ့်လျှောဖြစ်နေသောကြောင့် ကြမ်းပြင်မှတစ်ဆင့် လှေကားပေါ်သို့ ကျဆင်းလာကြပြီး လှေကားကြီးကို ဖုံးအုပ်သွားလေတော့သည်။

ကျောက်သားကို ထုထားသော စဖင့်ခ်ကြီးနှင့်တူသည့် ပင်လယ်နတ်ဘုရားရုပ်တုကြီးတစ်ခုသည် ပြိုကျလာသော ကျောက်ခဲထုကို ကြံ့ကြံ့ခံရင်း အောက်ခံခုံပေါ်၌ ထီးတည်းကြီး ရှိနေသေးသော်လည်း ဒုတိယရုပ်တုကမူ ပြိုဆင်းလာသော ကျောက်ခဲထု၏ဒဏ်ကို မခံနိုင်တော့ဘဲ အောက်ခံခုံပေါ်မှ လိမ့်ကျသွားလေတော့သည်။

ပစ်သည် သူ့ကျောကုန်းပေါ်သို့ ကျောက်တုံးကျောက်ခဲများက အညှာအတာကင်းမဲ့စွာ တဝုန်းဝုန်း ကျဆင်းလာချိန်တွင် အံကိုကြိတ်ရင်း ကြွက်သားများကိုတောင့်၍ အောင့်ခံထားလိုက်သည်။ လိမ့်ဆင်းလာသော ကျောက်တုံးကြီးတစ်တုံးသည် သူ့နံဘေးသို့ဝင်၍ ထိမှန်လေရာ နာကျင်မှုဝေဒနာကို မခံစားရဘဲ နံရိုးတစ်ချောင်း ကျိုးသွားသည့်အသံကိုသာ ကြားလိုက်ရတော့သည်။ ပစ်၏ဦးခေါင်းမှ အရေပြား ကွဲအက်သွားသောကြောင့် ထွက်လာသော သွေးများသည် ပါးပြင်ပေါ်သို့ စီးကျလာချိန်တွင် ပစ်၏ မျက်နှာသည် တခြားဝေဒနာများနှင့် အဆက်အစပ်မရှိဘဲ ယားယံ၍နေလေတော့သည်။

စူးစူးရှရှ အော်လိုက်သော အသံတစ်သံသည် တဝုန်းဝုန်း မြည်သံများအကြားမှ သူ့နားထဲသို့ တိုးဝင် ရောက်ရှိလာ၏။





ထိုအသံသည် အလွန် ဝေးကွာသောနေရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ထင်လိုက်ရသော်လည်း တကယ့်တကယ်ထွင်မူ ပစ်နှင့် လက်မ အနည်းငယ်မျှသာ ကွာဝေးသော အက်ဒရင်နီ၏ ပါးစပ်မှ ထိန်းသိမ်းမရသော ကြောက်စိတ်ကြောင့် ပေါ်ထွက်လာသော အော်သံပင် ဖြစ်တော့သည်။

ကျောက်ခဲများသည် ဆက်လက်ကျဆင်းနေပြီး ပစ်၏ခြေထောက်နှင့် ခါးများကို ဖုံးအုပ်သွားလေတော့သည်။ ပစ်သည် မလှုပ်မယှက်နိုင်အောင် ကျောက်ခဲပုံထဲ၌ ပိနေသည်။ အက်ဒရင်နီ၏ ခန္ဓာကိုယ်ထဲမှ ကြောက်စိတ်ကို ညှစ်ထုတ်ပစ်မည်ဆိုပါက ရနိုင်သည့်အလား ပစ်သည် အက်ဒရင်နီအား ယခင်ကထက် ပို၍ တင်းကျပ်စွာ ဖက်ထားသည်။

လူတိုင်းလူတိုင်းသည် သူသေချင်သောပုံစံသို့ သူသေချင်သောနေရာဌာနတွင် သေရလေ့မရှိကြသည်မှာ ထူးဆန်းသည်။ မရဏတရားသည် အံ့အားသင့်စရာကိစ္စတစ်ခုအနေနှင့် အမြဲတစေ ရောက်ရှိလာတတ်ပေသည်ဟု ပစ်က တွေးနေမိသည်။

တစ်ခါတစ်ရံတွင် ကျောက်ခဲငယ်ကလေးတစ်လုံး ဆင့်ခြေလျှောအတိုင်း လိမ့်ကျလာပြီး ရေထဲသို့ စွပ်ခနဲ ကျဆင်းသွားသည်မှအပ ထူးထူးခြားခြား ငြိမ်သက်သွားသည်ကို တစ်မိနစ်ကျော်ကျော် ကြာမြင့်သည့်အခါကျမှ ပစ်က သတိပြုမိတော့သည်။ ယခုအချိန်တွင် ပစ်သည် သွေးလေချောက်ချားပြီး လွန်လွန်မင်းမင်း ထိတ်လန့်နေသော အက်ဒရင်နီက ရှိုက်၍ငိုလိုက်သည်ကို ခံစားပြီး သိရှိနေရလေပြီ။

ပစ်သည် ဦးခေါင်းကို ဖြည်းညင်းစွာ ထောင်ပြီးနောက် ထိုးထိုးထောင်ထောင် ဖြစ်နေသော ကျောက်ခဲပုံထဲသို့ လှမ်းကြည့်လိုက်၏။

မီးစုန်းကျောက်မှ ကျောက်ခဲမှုန်များသည် စိုထိုင်းနေသောလေထုထဲတွင် လွင့်ပါနေကြပြီး တလက်လက်တောက်နေသော ပိုးစုန်းကြူးများပမာ ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း ကျဆင်းနေကြသည်။ ဝါးတားတားဖြစ်နေသော ဖုန်ထုထဲတွင် သဲသဲကွဲကွဲ မမြင်ရသော အရာဝတ္ထုများကို ခပ်ရေးရေး ပုံဖော်နိုင်သည်အထိ မိနစ်များစွာ ထပ်စောင့်ခဲ့ရသည်။

ရုပ်တုကြီးတစ်ခု၏ အောက်ခြေပတ်ပတ်လည်တွင် ကျောက်တုံးကျောက်ခဲများ ထူထပ်စွာ ဝန်းရံနေကြသော်လည်း ထိုရုပ်တုကြီးသည် မလဲမပြိုဘဲ ဆက်ရှိနေသည်။

သို့ရာတွင် ပစ်က သေသေချာချာ ထပ်၍ လှမ်းကြည့်ရှုလိုက်သောအခါ ထိုရုပ်တုသည် ကြမ်းပြင်ပေါ်၌ တုံးလုံးကြီးလဲပြီး ပျက်စီးနေသော ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ် တွေ့လိုက်ရတော့သည်။

ထို့နောက် တစ်စုံတစ်ရာသည် လဲကျနေသော ရုပ်တုကြီး၏အောက်ဘက်မှ လှုပ်ရှားလာသည်။ ပစ်က ရှင်းရှင်းလင်းလင်း မမြင်ရသောမြင်ကွင်းကို ထိုးဖောက်၍ မြင်နိုင်အောင် မျက်စိကို အားစိုက်၍ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

၏။ သူက လက်တစ်ဖက်ကို ကျောက်ခဲပုံအောက်မှ လွတ်သွားအောင် လုပ်လိုက်ပြီး မျက်စိအမြင်ပိုကောင်းသွားအောင် မျက်လုံးပေါ်မှ သွေးများနှင့် ဖုန်မှုန့်ကို ဖယ်ပစ်လိုက်သည်။ လုံးလုံးဝိုင်းဝိုင်းအရာဝတ္ထုတစ်ခုသည် အနည်းငယ် ကြွတက်လာပြီး တလက်လက်တောက်နေသော မျက်လုံးနှစ်လုံးက ပစ်ရှိရာဘက်သို့ လှမ်းကြည့်လိုက်၏။

ထိုပုဂ္ဂိုလ်မှာ ဒဲလ်ဖီပင်တည်း။

ဒဲလ်ဖီ၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် လဲပြိုနေသော ရုပ်တုကြီး၏ အောက်ဘက်တွင် ပိညပ်နေသည်။ ဦးခေါင်းနှင့် ပခုံးတစ်ဖက်သည်သာ အပျက်အစီးပုံထဲမှ ပေါ်ထွက်နေသည်ကို မြင်နေရသည်။ သူ့ပါးစပ်ထဲမှ သွေးများ စီးကျနေသည်။ သို့ရာတွင် ဒဲလ်ဖီက သတိပြုမိဟန်မတူ။ ထို့နောက် ရွှေရောင်မျက်လုံးကြီးများက ပစ်အား သတိပြုမိလိုက်သည်တွင် ရွံစရာကောင်းသော သူ၏မျက်နှာထားသည် မာန်ဖီနေသော မြွေဟောက်တစ်ကောင်၏ ပုံစံသို့ ပြောင်းလဲသွားလေတော့သည်။

ယခုအချိန်တွင် ပို၍ လင်းလင်းချင်းချင်း မြင်ကြရပြီ ဖြစ်သလို ဒဲလ်ဖီနှင့် ပစ်တို့သည် ဒဲလ်ဖီ၏ဦးခေါင်းနှင့် လေးပေခန့်ဝေးကွာသောနေရာရှိ အပျက်အစီးပုံထဲမှ ပြောင်းကလေး ပြူ၍ ထွက်နေသော ကို့တ်သေနတ်ကို တစ်ပြိုင်နက်တည်း မြင်လိုက်ကြတော့သည်။

ဒဲလ်ဖီ၏လက်က ထိုသေနတ်ဆီသို့ တရွေ့ရွေ့ တိုးကပ်သွားနေစဉ် ပစ်သည် မိမိ၏ခန္ဓာကိုယ်ကို ရွေ့လျားအောင် မည်သို့မျှ တတ်နိုင်ခြင်းမရှိသော သူ၏အခြေအနေကြောင့် ဖြစ်ပေါ်လာသော စိတ်ဓာတ်ကျဆင်းမှုကို ပြင်းပြင်းထန်ထန် တွန်းလှန် တိုက်ဖျက်နေရသည်။

ပစ်သည် တရွေ့ရွေ့ ယိုယွင်းလာသော ခွန်အားကလေးနှင့် သူ့ကိုယ်ခန္ဓာကို အပျက်အစီးပုံထဲက လွတ်ထွက်သွားအောင် အတင်း ရုန်းကန်နေသည်။ သို့ရာတွင် သူ၏ခြေထောက်နှစ်ဖက်သည် ကျောက်ခဲပုံအောက်၌ မလှုပ်နိုင်အောင် ညပ်နေလေသည်။ ပစ်၏အသက်ရှူသံသည် ဟောဟဲ ဟောဟဲ ဖြစ်လာသလို မျှော်လင့်ချက်ကင်းမဲ့သော အခြေအနေကြောင့် ပစ်၏ဦးနှောက်သည်လည်း သွေးပျက်လုဆဲဆဲ ဖြစ်လာသည်။

သေနတ်သည် ဒဲလ်ဖီနှင့် နှစ်ပေခန့် အထိ နီးလာလေပြီ။

ပစ်သည် သွေးရူးသွေးတန်း အသက်ရှင်လိုပါသေးသည်။ သေခြင်းတရားနှင့် ကြိမ်ဖန်များစွာ ရင်ဆိုင်ရတော့မလိုလို ဖြစ်ခဲ့ရပြီးနောက် ပန်းဝင်ခါနီး အချိန်ကျမှ လက်မ အနည်းငယ်ခန့် နောက်ကျပြီး ရှုံးနိမ့်ခဲ့ရသည့်အဖြစ်သည် လုံးဝ မတရားပါဟု ပစ်က တွေးမိသည်။

သူက ဒဲလ်ဖီအား ပစ်နိုင်မည့် ခဲလုံးတစ်လုံးကို လိုက်ရှာလိုက်၏။ သို့ရာတွင် သူလက်လှမ်းမီသည့် နေရာ၌ရှိသော ကျောက်ခဲများသည် ပစ်ပေါက်ရန် မဆိုထားနှင့်၊ မ,နိုင်ရန်အတွက်ပင် အလွန် လေးလံနေကြသည်။





ဒဲလ်ဖီ၏ မျက်နှာကြီးသည် ကြိုးပမ်းအားထုတ်ရမှုကြောင့် ရှုံ့မဲ့နေပြီး သူ့အသားသည် ချွေးများကြောင့် တပြောင်ပြောင် တလက်လက် ဖြစ်နေသည်။ ဒဲလ်ဖီသည် တဖြည်းဖြည်း ဆုတ်ယုတ်နေသော အင်အားများကို ကုန်ခန်းမသွားစေလိုသောကြောင့် စကားတစ်ခွန်းမျှ မပြောချေ။

ဒဲလ်ဖီက ကိုယ်ကို ဆန့်ထုတ်လိုက်ပြန်၏။ သို့ရာတွင် သေနတ်ကို မီရန် ခြောက်လက်မခန့် လိုနေပေသေးသည်။ သူက ပစ်အား လှမ်းကြည့်လိုက်ပြန်၏။ ထို့နောက် အလွန်ပြင်းထန်သော မုန်းတီးမှုက သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည့်အလား ဦးခေါင်းကို ခါယမ်းလိုက်ပြီးနောက် ကို့တ်သေနတ်ဆီသို့ အားစိုက်၍ လက်လှမ်းလိုက်ပြန်၏။

ပစ်အဖို့မူ အချိန်ကာလသည် ရပ်တန့်သွားသလို ခံစားလိုက်ရသည်။ သူသည် ခြေထောက်ပေါ်တွင် ပိနေသော ကျောက်ခဲကြီးများကို သွေးရူးသွေးတန်း စတင်၍ တွန်းပစ်ရတော့သည်။ သို့ရာတွင် ကြိုးပမ်းမှုတိုင်းသည် သူ့အတွက် လွန်လွန်မင်းမင်း အားစိုက်ရမှုမျိုး ဖြစ်နေသလို သူ့ထံတွင် ထိုကဲ့သို့ အားစိုက်နိုင်ရန် ခွန်အား အနည်းငယ်မျှသာ ကျန်ရှိတော့သည်။ သူသည် သည်တစ်ပွဲတွင် ရှုံးနိမ့်ရပေတော့မည်။ ထိုကိစ္စနှင့် ပတ်သက်၍ သံသယဖြစ်စရာ မလိုတော့ပါ။ စစ်မရောက်မီက မြားကုန်နေသော ဆုံးဖြတ်ချက်သာ ဖြစ်တော့သည်။

ဒဲလ်ဖီ၏ လက်ချောင်းထိပ်ဖျားများသည် ကို့တ်သေနတ်ပြောင်းအား လက်ချောင်းနှင့် ထိလိုက်ပြီး လှမ်းဆွဲလိုက်၏။ သေနတ်ပြောင်းသည် အနည်းငယ်စောင်းသွားလေရာ သူက သေနတ်ပြောင်းကို လက်နှစ်ချောင်းနှင့်ညှပ်၍ ဆွဲလိုက်သည်။ ထိုသေနတ်သည် တစ်လက်မ၏ ရှစ်ပုံတစ်ပုံခန့် ပါလာသော်လည်း မမိတမိ ကိုင်ထားသော သေနတ်သည် လက်ထဲက ပြန်လွတ်ထွက်သွားပြန်တော့သည်။

ဒဲလ်ဖီသည် ဒသမလေးဆယ့်လေး သေနတ်ကို လက်ဖဝါးနှင့် ဆုပ်ကိုင်နိုင်သည်အထိ အကြိမ်ကြိမ် အထပ်ထပ် ကြိုးစားခဲ့သည်။ ထို့နောက် ဒဲလ်ဖီသည် သေနတ်ဒင်ကို လက်ဆစ်များဖြူဖွေးလာသည်အထိ ဆုပ်ကိုင်လိုက်၏။

ဒဲလ်ဖီသည် ချောင်းတစ်ချက် ဆိုးလိုက်ပြီးနောက် သွေးများသည် သူ့ပါးစပ်ထဲမှ ပွက်ခနဲ ထွက်ကျလာလေရာ သူ့အောက်ဘက်ရှိ ကျောက်တုံးများကို စွန်းထင်းသွားစေတော့သည်။ သို့ရာတွင် သူ့ရည်ရွယ်ချက်သည် ပျက်ပြားသွားခြင်း မရှိ။ သူက သေနတ်ပြောင်းကို မ,ယူလိုက်စဉ် သူ့မျက်နှာသည် ရုပ်ပျက်ဆင်းပျက် ရှုံ့မဲ့နေသည်။

သူက ကျည်ရိုက်တံကို လက်မနှင့် နောက်ဘက်သို့ ဆွဲတင်လိုက်၏။ သူက ပစ်၏မျက်လုံးနှစ်လုံးအကြားသို့ သေနတ်နှင့် ထိုးချိန်လိုက်၏။ သွေးခြင်းခြင်းနီနေသော သွားများပေါ်သွားအောင် ပြုံးလိုက်၏။ အပြုံးသည် အရူးတစ်ယောက်၏အပြုံးနှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်းလိုလိုပင် ဒဲလ်ဖီ၏ရှေ့ဘက် ပေအနည်းငယ်အကွာ၌ လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာသည်။ အခြား လက်တစ်ဖက်သည် ကျောက်ခဲပုံကြားထဲမှ တွန့်လိမ်လိမ်နှင့် မြောက်တက်လာသည်ကို ပစ်က စိတ်ဝင်တစား လှမ်းကြည့်နေလိုက်မိ၏။

အုတ်ဂူထဲက ကြွထလာသော တစ္ဆေသရဲပမာ ထိုလက်သည် မြောက်တက်လာပြီး ဒဲလ်ဖီထံသို့ စက်ဝိုင်းခြမ်းသဏ္ဌာန် ရွေ့လျားသွားတော့သည်။ ထိုလက်သည် ထောင်နေသော လက်ချောင်းကလေးတစ်ချောင်းကိုသာ ချန်လှပ်၍ လက်သီးဆုပ်ဖြစ်အောင် ခပ်ဖြည်းဖြည်း ဆုပ်လိုက်သည်။ ထို့နောက် ထိုလက်သီးသည် လျင်မြန်လှသောအရှိန်နှင့် အောက်ဘက်သို့ ထိုးစိုက်ကျလာပြီး လက်သန်းကလေးကို လက်ဆစ်သို့ ရောက်သည်အထိ သေနတ်ပြောင်းထဲသို့ ထိုးသွင်းလိုက်လေတော့သည်။

'မင်း တော်တော် မိုက်တဲ့ကောင်ပဲ' ဟု ပစ် စိတ်ထဲက အော်လိုက်မိ၏။ သို့ရာတွင် ထိုလုပ်ရပ်သည် ရူးသွပ်မိုက်မဲမှု တစ်ခုတော့ မဟုတ်ပါချေ။

ဂျိအိုဒီနိုသည် ဒဲလ်ဖီ၏လက်ထဲမှ သေနတ်ကို လုယူနိုင်သည်အထိ နီးကပ်သောနေရာတွင် မရှိပါ။ ထို့ကြောင့် သူက လက်သန်းကလေးကို သေနတ်ပြောင်းထဲသို့ ထည့်ထားလိုက်ခြင်း ဖြစ်သည်။ အကယ်၍ ဒဲလ်ဖီက သေနတ်မောင်းကို ဆွဲလိုက်မည် ဆိုပါက ထိုကဲ့သို့ ပြောင်းဝမှ ယာယီ ပိတ်ဆို့ထားမှုက ပေါက်ကွဲမှုကို နောက်ဘက်သို့ကန်၍ သွားစေမည်ဖြစ်ရာ ကျည်အိမ်နောက်ဘက်အဖုံးသည် ပွင့်ထွက်သွားပြီး ထိုလူဘီလူးကြီး၏ မျက်နှာကို ပြန်၍ ထိမှန်စေလိမ့်မည် ဖြစ်ပါသည်။

ဒဲလ်ဖီ၏ မျက်စိပေါ်တွင် မယုံကြည်နိုင်လောက်အောင် အံ့သြသွားသော အရိပ်အယောင်များ ဖုံးလွှမ်းသွားသည်။ သူက အားအင်ချည့်နဲ့စွာနှင့် ကိုတ်သေနတ်ကို နံဘေးသို့ ခါယမ်းပစ်လိုက်၏။ သို့ရာတွင် ဒဲလ်ဖီသည် အားအင်ကုန်ခန်းနေပြီဖြစ်ရာ ပြောင်းဝထဲတွင် ထိုးသွင်းထားသော လက်ကို ဖယ်ပစ်နိုင်အောင် ပြင်းပြင်းထန်ထန် လှုပ်ရှားတုံ့ပြန်နိုင်ဖို့ဝေးစွ သေနတ်ပြောင်းကို တည့်တည့်မတ်မတ် ချိန်နိုင်အောင်ကိုပင် ကြိုးပမ်းနေရသည်ဖြစ်ရာ ပြောင်းထဲက လက်ကို ထုတ်ပစ်၍ မရတော့ပါချေ။

ဒဲလ်ဖီသည် သူ အကောင်းဆုံး ဆောင်ရွက်နိုင်မည့်ကိစ္စကို စဉ်းစားလိုက်၏။

သို့ရာတွင် သူ့စိတ်သည် သတိကင်းလွတ်တော့မည်ဆဲဆဲ ဖြစ်နေလေပြီ။ သူသည် နောက်ဆုံးအကြိမ်အဖြစ် သွေးခြင်းခြင်းနီနေသော သွားများပေါ်အောင် ပြုံးပြလိုက်ပြီးနောက် ခလုတ်ကို ဆွဲလိုက်တော့သည်။

ခပ်အုပ်အုပ် ပေါ်လာသော သေနတ်သံက ဂူကြီးကို တုန်လှုပ်သွားစေသည်ဟုပင် ထင်လိုက်ရသည်။ လိုဏ်ဂူကြီး၏ ခေါင်မိုးဆီမှ ကျောက်ခဲကလေးများ ပြုတ်ကျလာကြသည့်အပြင် ဂူထဲ၌ ပိုတက်စီယမ်နိုက်ထရိတ်နှင့် ဆာလ်ဖာတို့၏ စူးရှသောအနံ့အသက်များသည် ဖုံးလွှမ်းသွားတော့





သည်။

ဒဲလ်ဖီ၏မျက်နှာ ညာဘက်ခြမ်းသည် အရည်ပျော်သွားသလို ထင်လိုက်ရသည့်အပြင် ပျက်စီးနေသော သေနတ်သည် သူ့လက်ထဲမှ လွတ်ကျသွားပြီးနောက် သူသည် ရှေ့ဘက်သို့ လဲကျသွားတော့ရာ သူ့ဦးခေါင်းသည် ကျောက်ခဲများနှင့် ပြင်းထန်စွာ ရိုက်ခတ်သွားလေတော့သည်။

ဂျိအိုဒီနိုက လုံးဝ မအော်မဟစ်ပါ။ သူက လက်မ တစ်ချောင်းနှင့် လက်ချောင်းသုံးချောင်းသာ ကျန်ရှိတော့သောလက်ကို ဖြန့်လိုက်စဉ် သူ့လက်မောင်းသည် ထောင်လျက်ပင် ရှိနေပေသေးသည်။ သူ့လက်သန်းကလေးကမူ အရင်းတိအောင် ကျိုးပဲ့ပျက်စီးနေလေပြီ။

ပစ်သည် ပိနေသော ကျောက်ခဲပုံအောက်မှ ထွက်နိုင်ရန် ကြိုးစားခဲ့ရာ နောက်ဆုံးတွင် လွတ်မြောက်ခဲ့ရလေတော့သည်။

ပစ်သည် အက်ဒရင်နီအား ကျောက်ခဲပုံထဲမှ ဆွဲထုတ်လိုက်ပြီးနောက် မလဲမပြိုသော ကျောက်ရုပ်တစ်ရုပ်၏ ခြေရင်းတွင် ထောင်ထားလိုက်သည်။ အက်ဒရင်နီသည် သတိလစ်နေလေပြီ။

ဂျိအိုဒီနိုက စေ့ထားမှုသော နှုတ်ခမ်းများအကြားမှ ခပ်တိုးတိုးကလေး ပြောလိုက်၏။

"မင်းက အလုပ်လုပ်ချင်စိတ် ရှိသေးတယ်ဆိုရင် ငါ့ကို တောအီ အပျက်အစီးပုံထဲက ဆွဲထုတ်ပေးပါလားကွာ"

"တောင့်ထားကွာ"

ပစ်က အဖြေပေးလိုက်၏။

ပစ်သည် ဂျိအိုဒီနိုထံသို့ရောက်အောင် ကျောက်ခဲပုံပေါ်မှာ တွားသွားပြီး ဂျိအိုဒီနို၏ မျက်နှာပေါ်တွင် ညာဘက်လက်မောင်းတို့ကို ဖုံးအုပ်နေသော ကျောက်ခဲများအား နှစ်ယောက်အတူတူ ဖယ်ရှားပစ်ကြသည်။

"မင်း လက်သန်းကလေးအပြင် တခြား ကျိုးပဲ့သွားတဲ့ အရိုးတွေများ ရှိသေးသလား"

ပစ်က မေးလိုက်၏။

"မရှိပါဘူး"

ဂျိအိုဒီနိုက ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

ထို့နောက် လက်မှ ဝေဒနာကြောင့် ရှုံ့မဲ့ရင်း -

"မင်းကော ဘယ့်နှယ်လဲ"

"နံရိုးတစ်ချောင်း နှစ်ချောင်းလောက် ချိုင့်သွားတယ်"

ပစ်သည် စုတ်ပြတ်နေသော ရေကူးဘောင်းဘီတိုကလေးကို ချွတ်စ လိုက်ပြီးနောက် ပတ်တီးစကလေးများ ဖြစ်သွားအောင် ဆုတ်ဖြဲလိုက် သည်။

"လာကွာ၊ မင်းလက်ကို ပတ်တီးစည်းပေးပါရစေ"

ဂျိအိုဒီနို၏လက်အား ပတ်တီးစည်း၍ပေးပြီးချိန်တွင် အသ



www.burmeseclassic.com

www.burmeseclassic.com

ဝပုံမရသောကြောင့် ရှုလိုက်သောအသံတစ်သံကို ရေကန်ထဲမှ ကြားလိုက်ရ၏။ မျက်လုံးနှစ်လုံး ကြောင်တောင်တောင် ဖြစ်နေသော ဆမ်းမားသည် သူ့ကိုယ်သူ ရေထဲမှ ဆွဲထုပြီး ထလာသည်။ ဆမ်းမားက ပစ်အား ကြောင်စီစီနှင့် ကြည့်လိုက်၏။

"ကျွန်မ ဖေဖေ . . .၊ ဘာဖြစ် . . ."

သူမ၏အသံသည် တဖြည်းဖြည်းနှင့် တိမ်ဝင်သွားတော့သလို ပြောနေသော စကားလုံးများသည်လည်း အဓိပ္ပာယ်ကင်းမဲ့၍ ကပေါက်ချိကပေါက်ချာ ဖြစ်လာတော့သည်။

ပစ်က နှစ်သိမ့်လိုက်၏။

"စိတ်မပူပါနဲ့တော့ကွာ၊ ကိုယ်တို့ ဒီအထဲက ထွက်နိုင်ကြပြီ မိနစ်ပိုင်းအတွင်း ဘေးရန်ကင်းရှင်းတော့မှာပါ"

ပစ်က သူမအား လှမ်းကိုင်လိုက်ပြီးနောက် သူ့ဆီသို့ အသာအယာဆွဲယူရင်း သူမ၏ဦးခေါင်းကို လက်နှင့်ပွေ့ပိုက်ထားလိုက်၏။ ပစ်၏လက်ချောင်းများက ရေစိုနေသော ဆံပင်များအား သူမ၏မျက်နှာပေါ်မှ ဖယ်ရှားပစ်လိုက်ရာ သူမ၏နားထင်တွင် ဖူးရောင်လာပြီး သွေးကျနေသော ဒဏ်ရာတစ်ခုကို တွေ့လိုက်ရတော့သည်။ ပစ်က ဆမ်းမား၏ နားရွက်ထဲသို့ စကားအနည်းငယ်ကို ခပ်တိုးတိုးကလေး ပြောလိုက်ပြီးနောက် သူမ၏နှုတ်ခမ်းအား ညင်သာစွာ နမ်းလိုက်၏။

လျင်မြန်စွာ မြင့်တက်လာနေသော ရေသည် လှေကားထစ်အတိုင်း အပေါ်သို့ မြင့်တက်လာနေသည်။

သို့ရာတွင် ပစ်က သတိမထားမိပါ။ သူ့မျက်နှာပေါ်တွင် ဆမ်းမားအား သနားရုံမျှသာမက နားလည်သော အရိပ်အယောင်များ ပေါ်လွင်နေသည်။ ပစ်က ဆမ်းမားအား ချစ်ကြောင်း ဖော်ဟစ်၍ ပြောလိုက်ချင်သော်လည်း သူ့နှုတ်ခမ်းများသည် အသံမထွက်ဘဲ လှုပ်ရှားနေကြသည်။

ဆမ်းမားက ပစ်အား အရေးမထားသည့်ဟန်နှင့် လှမ်းကြည့်လိုက်၏၊ သူမ၏နှုတ်ခမ်းသည် လှုပ်ရှားလာပြီး သူမက ပစ်၏ရင်ဘတ်ပေါ်တွင် လက်တစ်ဖက်ကို တင်လိုက်သည်။

"သူသေပြီ မဟုတ်လား"

"ဟုတ်တယ်၊ ကျောက်ခဲပြိုကျတာ"

ပစ်က သာပြောလိုက်၏။ ပေါက်ကွဲသွားသော ကိုတ်ဂ ဒဲလ်ဖီ၏ ဇာတ်သိမ်းခန်းကို ပို၍မြန်ဆန်အောင် ဘွန်းအားပေးလိုက်ခြင်းသာ ဖြစ်သည်။ ရုပ်တုကြီး ပိသွားသောကြောင့် ကြေမွသွားသော သူ့ခန္ဓာသည် တစ်နာရီအတွင်း သေပန်းပွင့်ရပေလိမ့်မည်။

"ငါ မင်းတို့နှစ်ယောက်ကြားမှာ ကန့်လန့်ကန်လန့်နဲ့ ဝင်မပါချင်ဘူးကွာ"

ဂျီအိုဒီနိုက ပြောလိုက်ပြန်၏။





"ဒါပေမယ့် ငါတို့ မြန်မြန်ထွက်ကြမှ ကောင်းလိမ့်မယ် ထင်တယ် အဲလေ - ခေါင်မိုးကြီး ပြိုမကျခင် ဆိုပါတော့ကွာ"

ပစ်သည် ဆမ်းမားအား နောက်တစ်ကြိမ် နမ်းလိုက်ပြီးနောက် ယိုင်တိယိုင်ထိုးနှင့် မတ်တတ်ရပ်လိုက်၏။ သူက ဂျီအိုဒီနိုအား သတိရအောင် လုပ်ပေးဖို့ပြောမည်ဟု ကြံစည်လိုက်ချိန်မှာပင် အဝတ်အစားကင်းမဲ့ပြီး ခန္ဓာကိုယ်တစ်ခုလုံးပေါ်တွင် မီးစုန်းကျောက်မှုန့်များ ဖုံးလွှမ်းနေသော အက်ဒရင်နီသည် ဆိုင်ရာမှ ထလာတော့သည်။

ဂျီအိုဒီနိုသည် သူ၏ မျက်စိများကို အက်ဒရင်နီ၏ ခန္ဓာကိုယ်မှ ဖယ်ပစ်နိုင်ရန် ကြိုးစားရင်း -

"မင်း ရေကူးနိုင်လိမ့်မယ်လို့ ထင်သလား၊ မစ္စဟန်းတား"

ဟု မေးလိုက်သည်။

"ကျွန်မ ကြိုးစားပါ့မယ်"

အက်ဒရင်နီက ချည့်နဲ့စွာ ပြောလိုက်၏။

"အလ်၊ မင်းနဲ့ အက်ဒရင်နီတို့က အရင်သွားကြ"

ပစ်က ပြောလိုက်သည်။

"သူ့ကို မင်းပခုံးပေါ်မှာ ဖက်ထားခိုင်း၊ ဆမ်းမားနဲ့ငါက နောက်ကလိုက်ခဲ့မယ်"

ပစ်က ဂျီအိုဒီနို ကျေနပ်အောင် ထပ်၍ ခေါင်းညိတ်ပြလိုက်ပြန်၏။

"ငါတို့ရဲ့ ပစ္စည်းကိရိယာတချို့ မရှိတော့တာ သိပ်ပြီး ဆိုးရွားတာပဲကွာ"

"ရှိခဲ့ရင်လည်း ခုလို ရှုပ်ရှုပ်ယှက်ယှက်တွေထဲမှာ ရှာတွေ့တော့မှာ မဟုတ်ပါဘူးကွာ"

"ကဲ - လာဟေ့"

ဂျီအိုဒီနိုက အက်ဒရင်နီအား လှမ်းပြောလိုက်၏။ သူက အက်ဒရင်နီ၏လက်ကို ညင်သာစွာကိုင်၍ ရေထဲသို့ ဦးဆောင်ပြီး ဆင်းသွားသည်။ ဂျီအိုဒီနိုက နွားလည်ပင်းနှင့်တူသော သူ၏လည်ပင်းကို အက်ဒရင်နီက ဖက်ထားနိုင်အောင် ဖက်ပုံဖက်နည်းကို ပြသလိုက်ရာ အက်ဒရင်နီသည် ဂျီအိုဒီနို၏ လည်ပင်းကို ဖက်လိုက်ပြီးနောက် သူမ၏မျက်နှာကို ဂျီအိုဒီနို၏ ပခုံးနှစ်ဖက်အကြားရှိ ကျောပြင်ပေါ်တွင် အပ်ထားလိုက်သည်။

ဂျီအိုဒီနိုက အမိန့်ပေးလိုက်၏။

"ကဲ - ခပ်မြဲမြဲဖက်ထားပြီး အသက်ကို ဝဝရှူသွင်းလိုက်"

ထို့နောက် သူတို့နှစ်ယောက်သည် ရေအောက်သို့ ပျောက်သွားလေတော့ရာ ဘေးဘက်သို့ ပြန့်ကားသွားသော ဝဲဂယက်တ... ရေမျက်နှာပြင်ပေါ်၌ ကျန်ရစ်ခဲ့တော့သည်။

ဆမ်းမားသည် ကြမ်းပြင်ပေါ်၌ လဲကျနေသော ... ကျောက်ခဲပုံကြီးကို ပြန်စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက မေးလိုက်၏။

"ကျွန်မတို့ လုပ်နိုင်တာဆိုလို့ ဘာမှ မရှိတော့ဘူးလား"

"ဘာမှ မရှိတော့ဘူး"

ပရိဒေဝမီးသည် စိတ်၏ထူးခြားသော ခံစားမှုတစ်မျိုး ဖြစ်သည်။ ညှိုးနွမ်းနေသော ဆမ်းမား၏ ချစ်စရာကောင်းသော မျက်နှာကလေးသည် ရုတ်ခြည်းဆိုသလိုပင် အေးစက်မာကျောပြီး သန္နိဋ္ဌာန်ချထားသော မျက်နှာထားတစ်ခု အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

"ကျွန်မ ရှင့်ကို ချစ်ပါတယ် ဒတ်ခ်၊ ဒါပေမယ့် ကျွန်မ . . . ကျွန်မ ရှင်နဲ့ မလိုက်နိုင်တော့ဘူး"

ပစ်က ဆမ်းမားအား ငေးကြည့်နေသည်။

"မဟုတ်တာဘဲကွာ"

"ကျွန်မကို နားလည်စမ်းပါရှင်"

ဆမ်းမားက တိုးလျှိုးတောင်းပန်လိုက်၏။

"ဟောဒီ ရေအောက်တောင်ကုန်းဟာ ကျွန်မရဲ့ ထာဝရနေအိမ် ဖြစ်ခဲ့ပါတယ်။ ကျွန်မ မေမေကို ဒီနေရာမှာမြှုပ်နှံထားတဲ့အပြင် ဖေဖေ့ကို လည်း ဒီမှာ မြှုပ်နှံခဲ့ရပြီ"

"အဲဒါကြောင့်တော့ မင်းလည်း ဒီနေရာမှာ မသေထိုက်ပါဘူးလေ"

ဆမ်းမားက သူမ၏မျက်နှာကို ပစ်၏ရင်ခွင်တွင် ကပ်ထားလိုက်သည်။

"တစ်ခါတုန်းက ကျွန်မက ကျွန်မ ဖေဖေကို ဘယ်တော့မှ သူ့အနား က မခွဲခွာပါဘူးလို့ ကတိပေးခဲ့ဖူးတယ်၊ ကျွန်မ အဲဒီကတိကို တည်အောင် ကြိုးစားရလိမ့်မယ်"

ပစ်က သူမ၏ပါးကို လက်ဝါးနှင့်ရိုက်၍ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်း စမ်းဟု အမိန့်ပေးလိုသောဆန္ဒကို အတင်းအဓမ္မ ချိုးနှိမ်ထားလိုက်သည်။ ထိုကဲ့သို့ ပြုလုပ်မည့်အစား ပစ်က သူမ၏ဆံပင်ကို ပွတ်သပ်ပြီး ကြင်နာ ယုယစွာ ပြောလိုက်၏။

"ကိုယ်က အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ မင်းဖေဖေသေပြီ ဆိုတော့ မင်းကို ကိုယ် အခုပိုင်သွားပြီ၊ ကိုယ်က မင်းကို လိုချင်တယ်၊ ကိုယ့်အတွက် မင်းရှိဖို့ လိုအပ်တယ်၊ သူကိုယ်တိုင်ကတောင် မင်းရှူးရှူးမိုက် မိုက် အရွယ်တုန်းက ပေးခဲ့တဲ့ကတိကို တည်အောင် ကြိုးစားရင်း အသေ ခံတာမျိုးကို ကြိုက်လိမ့်မယ် မထင်ပါဘူးကွာ"

ပစ်က ဆမ်းမားအား တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်၏။

"နောက်ထပ် ဆင်ခြေမပေးနဲ့တော့ကွာ၊ ကိုယ်တို့နှစ်ယောက် ဒီအထဲ က အတူတူထွက်ကြမယ်၊ ကိုယ်တို့နှစ်ယောက် ခုပဲ ထွက်ကြမယ်"

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက်က ကိုင် ရင်း အဝါရောင်သန်းနေသော ရေထဲသို့ ဆင်းခဲ့ကြချိန်တွင် ဆမ်းမားသည်





ခပ်တိုးတိုးကလေး ငိုနေဆဲပင်တည်း။

ပစ်နှင့် ဆမ်းမားတို့သည် ရေမျက်နှာပြင်ပေါ်သို့ ဘွားခနဲ ပေါ်လာ ချိန်တွင် ဂျီအိုဒီနိုနှင့် အက်ဒရင်နီတို့သည် အပြင်ဘက်ဂူထဲမှ အဆင့်စွန်း ကလေးပေါ်တွင် ထိုင်နေကြဆဲ ဖြစ်သည်။

"မင်းတို့နှစ်ယောက်က ဘာဖြစ်လို့ ကြာနေရတာလဲ"

ဂျီအိုဒီနိုက မေးလိုက်၏။

"ဒီမှာ ထိုင်စောင့်နေရတာကြာလို့ ငါတောင် ဆာလာပြီ"

"တချို့လူတွေဟာ မဟုတ်မဟုတ်တဲ့အချိန်ကျမှ အစားအသောက် အကြောင်းကို ထည့်ပြောတတ်ကြတယ်"

ပစ်က မှတ်ချက်ချလိုက်၏။

ထိုအချိန်ပိုင်းတွင် ပစ်၏စိတ်ထဲ၌ အစားအသောက်အကြောင်း လုံးဝ မစဉ်းစားမိပါချေ။ သူ့ရှေ့မှောက်၌ ငါးကို ပါးပါးလွှာ၍ လာချပေး သည့်တိုင်အောင် သူသည် မျိုချနိုင်လိမ့်မည် မဟုတ်ပါ။ သူ့နှလုံးသည် ယခုအချိန်တွင် သာမန်နှုန်းထားထက် နှစ်ဆရှိသော နှုန်းထားနှင့် နာကျင် စွာ ခုန်နေပြီး သူ့နှလုံးခုန်သံကို သူ့နားထဲက ကြားနေရသည်ဟု သူက ကျိန်တွယ်၍ ပြောကောင်းပြောမိပေလိမ့်မည်။

သူ့မျက်နှာသည် ဖွေးဖွေးဖြူနေပြီး အရှုံးနှင့်မလိုက်အောင် ရင့်ရော် နေကြောင်း မျက်နှာကို ပြန်မကြည့်ပါဘဲနှင့် သိလိုက်သည်။ မိစ္ဆာနတ်ဆိုး နှစ်ယောက်က အချွန်အတက်များပါသော ကြိုးတစ်ချောင်းကို ပခုံးမှ ဒဏ်ရာတွင် ထိုးသွင်းပြီး ဟိုဘက်နှင့် ဒီဘက်သို့ အပြန်ပြန်အလှန်လှန် ဆွဲနေကြသလို သူ့ပခုံးဒဏ်ရာက ပို၍ ပို၍ နာကျင်လာသည်။ သူသည် ခြောက်သွေ့နေသော အဆင့်စွန်းကလေးပေါ်သို့ သူ့ကိုယ်ကို ရောက် အောင် ဆွဲ၍ မတင်နိုင်သဖြင့် ရေထဲ၌ ဆက်နေခဲ့ရသည်။

သူက ယုံကြည်စိတ်ချမှု အပြည့်အဝနှင့် ပြောလိုက်၏။

"ငါတို့ အိမ်ကို ပြန်ရောက်ဖို့ လမ်းထက်ဝက်ကျိုးသွားပြီ၊ ရေမျက်နှာ ပြင်ပေါ်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ဟိုနိုလူလူကို ပြန်ရောက် သလောက် သေချာသွားပြီ"

ထိုအချိန်တွင် ကဏန်းကလေးတစ်ကောင်သည် အက်ဒရင်နီ၏ခြေ ထောက်ပေါ်မှ ဖြတ်ပြေးလေတော့ရာ သူမက တအားကုန် မအော်ဟစ် လိုက်မီ သူမ၏တစ်ကိုယ်လုံးသည် ကြက်သီးတဖြန်းဖြန်းထသလို တုန်လှုပ် သွားလေတော့သည်။

အက်ဒရင်နီ၏အော်သံသည် ကျဉ်းမြောင်းသော ဂူလေးထဲတွင် ပဲ့တင်ထပ်သွားသောကြောင့် အခြား ကဏန်းပေါင်း မြောက်မြားစွာတို့ ခြောက်လှန့်လိုက်သလို ဖြစ်သွားလေတော့ရာ ကဏန်းကောင်များသည် ကျောက်ခဲများပေါ်မှတစ်ဆင့် ပပ်ကြားအက်များထဲသို့ အတင်းတိုးဝှေ့ပြီး ပြေးဝင်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ကွာ၊ တော်တော့"

ဂျိအိုဒီနိုသည် အက်ဒရင်နီကို တင်းကျပ်စွာ ဖက်ထားရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"တောင့်ထားစမ်းပါ ကလေးမရာ၊ ကိုယ်တို့ နောက်ထပ်နှစ်မိနစ်ကြာရင် အားလုံး အဆင်ပြေသွားတော့မှာပါ"

ဂျိအိုဒီနိုသည် ယုံကြည်မှု အပြည့်အဝရှိသော လေသံနှင့် ပြောလိုက်၏။ သို့ရာတွင် သူပြောသမျှ စကားလုံးတိုင်းကို သူသည် တစ်လုံးမျှ အယုံအကြည် မရှိချေ။

"ငါတို့ အခုအစီအစဉ်အတိုင်းပဲ အပေါ်ကို တက်သွားကြမယ်"

ပစ်က ခိုင်ခိုင်မာမာ ပြောလိုက်၏။

"ပြီးတော့လည်း ရေပြင်ပေါ်ကို ကူးခတ်ပြီး တက်သွားတဲ့အချိန်မှာ ထွက်သက်ကို ပြန်ထုတ်ပစ်ရမယ်။ ငါတို့ ဒီလောက်လောက်နေရာအထိ ရောက်လာပြီးမှ လေဆို့သွားတာမျိုး အဖြစ်ခံရရင် သိပ်မကောင်းတော့ဘူး"

သူက ဆမ်းမားဘက်သို့ လှည့်လိုက်၏။ ရေစိုသွားသော သူမ၏အစိမ်းရောင်ဝတ်စုံသည် ထုတ်ချင်းခတ် မြင်နေရသော အထည်ဘဝသို့ ပြောင်းလဲသွားလေတော့ရာ အသားပေါ်တွင် ကပ်နေသော ထိုအဝတ်အစားက ဆမ်းမား၏လှပသော ခန္ဓာကိုယ်တစ်ခုလုံးကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင် ဖော်ပြပေးနေလေသည်။

ပစ်သည် သူမ၏ ဟနေသောပါးစပ်မှ နူးနူးညံ့ညံ့နှုတ်ခမ်းသားများနှင့် မျက်တောင်ကော့ကြီးများ ကာရံထားသော မိုးခိုးရောင်မျက်လုံးများကို ငေးကြည့်နေလိုက်မိ၏။

သူသည် အမျိုးသမီးပေါင်း မြောက်မြားစွာကို သိခဲ့ဖူးပါသည်။ သို့ရာတွင် ရေအောက်တောင်ကုန်းဒေသမှ ဤအမျိုးသမီးကလေးနှင့် နှိုင်းယှဉ်သော် ထိုအမျိုးသမီးများသည် အသွေးအရောင် မတောက်တော့ဘဲ စာမဖွဲ့လောက်သူများသာ ဖြစ်ကုန်ကြတော့သည်။

ပစ်၏စိတ်အစဉ်သည် အတွေးရေလျဉ်ကြောထဲတွင် မျောပါနေသဖြင့် ဂျိအိုဒီနိုနှင့် အက်ဒရင်နီတို့ ရေထဲသို့ ဆင်းသွားကြသည်ကို သူ မသိလိုက်ချေ။

"မင်းနဲ့ အပေါ်မှာ ပြန်ဆုံတွေ့မယ်"

ဂျိအိုဒီနိုက ပြုံးရယ်ရင်း ပြောလိုက်၏။ သို့ရာတွင် သူ့မျက်လုံးများက ဦးနှိုက်ကောင်းဖြစ်နေကြောင်း အတိုင်းသား ဖော်ပြနေကြသည်။ သူတို့သည် ရေပြင်ပေါ်၌ မည်သည့်ကိစ္စနှင့် တွေ့ကြုံရလိမ့်မည်ကို မည်သူကမျှ အတတ်ပြောနိုင်ကြမည် မဟုတ်ပါ။

ပစ်က ကြိုးစား၍ ပြုံးပြလိုက်၏။

"ကံကောင်းပါစေ၊ ငါးမန်းတွေကိုလည်း သတိထားပြီး စောင့်ကြည့်





ပေါ့ကွာ"

"စိတ်မပူပါနဲ့လေ၊ ငါးမန်းတစ်ကောင်တလေကို တွေ့ရရင်တောင် ငါက စပြီး ဟိုက်ပါ့မယ်"

ဂျိအိုဒီနိုသည် ဒဏ်ရာမရသောလက်နှင့် ဝှေ့ယမ်းပြလိုက်ပြီးနောက် သူ့ပခုံးပေါ်၌ မြဲမြံစွာ ဖက်ထားပြီဖြစ်သော အက်ဒရင်နီနှင့်အတူ ရေထဲသို့ ငုပ်ဆင်းသွားပြီး ရေအောက်ရှိ ထွက်ပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ကူးထွက်သွားလေတော့သည်။

ထူးဆန်းသော ငြိမ်သက်မှုသည် လိုဏ်ဂူကလေးအတွင်း၌ ကြီးစိုးမင်းမူနေသည်။ ရွှံ့နှစ်ရောင်ပေါက်နေသော ပင်လယ်ရေသည် နံရံကို ညင်သာစွာ လာရောက်ရိုက်ခတ်နေသည်။

ပစ်က ယုယုယယ ပြောလိုက်၏။

"အပေါ်မှာ ကိုယ်တို့နှစ်ယောက်အတွက် ဘဝသစ်ရှိနေပါပြီကွယ်"

ဆမ်းမားသည် ပစ်၏အစိမ်းရောင်မျက်လုံးကြီးများကို စိုက်ကြည့်နေပြီး ပစ်၏မျက်နှာကို လက်ဖျားကလေးများနှင့် အသာအယာ ပွတ်သပ်နေသည်။ ထို့နောက် ဆမ်းမားက ငိုချလိုက်၏။

ဆမ်းမားသည် ဖခင်ကိုချစ်သော အချစ်စိတ်နှင့် သူ့အကြောင်းကို ကောင်းကောင်းပင် မသိရသေးသော လူတစ်ယောက်အပေါ်၌ ချစ်မိသော အချစ်စိတ်တို့အကြားတွင် ဝေခွဲမရအောင် ဖြစ်နေမိသည်။

ဆန်းမားသည် ရေထဲတွင် ကိုယ်ကိုဖော့ရင်း -

ရှည်လျားသော ရွှေနီရောင်ဆံပင်များက ရေပေါ်တွင် လှိုင်းကလေးများနှင့်အတူ မြင့်တက်လာလိုက်၊ နိမ့်ကျသွားလိုက်နှင့် ရေထဲ မျောပါနေကြစဉ် -

မျက်ရည်စများက သူမ၏ပါးပြင်ပေါ်တွင် ဆားငန်ရည်များနှင့်အတူ ရောနှောသွားကြစဉ် -

သူမ၏ရင်တွင်း၌ သူမ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်အောင် ကြိုးစား အားထုတ်နေသည်။

ထို့နောက် ဆမ်းမားသည် သူမ ဆောင်ရွက်ရမည့်ကိစ္စကို နားလည်သဘောပေါက်သွားတော့သည်။

ဆမ်းမားက ပြောလိုက်၏။

"ကျွန်မ အဆင်သင့် ဖြစ်ပါပြီ၊ ရှင်က ဆိုးဆိုးရွားရွား ဒဏ်ရာရထားတယ်ဆိုတော့ ရှေ့က ရှင် အရင်သွားမှ ဖြစ်မယ်၊ ကျွန်မ ရှင့်နောက်က လိုက်ခဲ့ပါ့မယ်"

ပစ်သည် သူမ၏ ယထာဘူတကျသော စကားကို လက်ခံ[illegible] တိတ်ဆိတ်စွာ ခေါင်းညိတ်ပြလိုက်၏။ ပစ်က သူ့နှုတ်ခမ်း[illegible] လက်နှစ်ဖက်နှင့် ပွတ်သပ်လိုက်သည်။ ထို့နောက် ပစ်သ[illegible] ရေအောက်သို့ငုပ်၍ ပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမားသည် အဝတ်အစားမပါသော ပစ်၏ခန္ဓာကိုယ်ကို ကျောက်ခဲများအောက်သို့ တိုးဝင်သွားပြီး ပင်လယ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေလိုက်သည်။

"နှုတ်ဆက်လိုက်ပါတယ် ဒတ်ခ်ပစ်ရယ်"

လူမရှိတော့သော လိုဏ်ဂူထဲတွင် ဆမ်းမားသည် ကိုယ့်ကိုယ်ကိုယ် ခပ်တိုးတိုးပြောလိုက်၏။

သူမသည် ရေစပ်တွင်ရှိသော အဆင့်စွန်းကလေးပေါ်သို့ တက်လိုက်ပြီး ပျော့ပျောင်းသော သူမ၏ခန္ဓာကိုယ်ကိုကွေး၍ ရေထဲသို့ လှလှပပ ဒိုင်ဗင်ထိုးချလိုက်၏။

သူမသည် နေရောင်ခြည်ထိုးနေသော အပြင်ဘက် ထွက်ပေါက်ဆီသို့ ခေတ္တမျှ လှမ်းကြည့်လိုက်၏။ ထို့နောက် သူမသည် နောက်ဘက်သို့မြန်လှည့်ပြီး အဝါရောင်သန်းနေသော လိုဏ်ဂူနှင့် သူမ၏ဖခင် ရှိရာသို့ ကူးခတ်လေတော့သည်။

ပစ်က ခြေထောက်ကို ပျင်းပျင်းရိရိနှင့် ကန်ထုတ်ရင်း အပေါ်သို့ ကူးခတ်၍ တက်လာစဉ် ပင်လယ်ရေသည် တဖြည်းဖြည်းနှင့် ပို၍ နွေးလာသည်။ ပေငါးဆယ်ဟု ပစ်က တွေးလိုက်၏။ လေခိုနေသော ဂူကလေးထဲသို့ သူတို့နှစ်ယောက် ဝင်ရောက်ခဲ့ကြစဉ်က ဂျိုအိုဒိန်နို၏ ရေနက်တိုင်းကိရိယာက အနက်ပေ ငါးဆယ်ဟု ပြသခဲ့သည်။ ယခု သူသည် ရေကာမှန် မပါသောကြောင့် အသေးစိတ် မမြင်ရသော်လည်း လှိုင်းလုံးကြီးများ ဟန်ချက်ညီညီ ရိုက်ခတ်နေသော နေရောင်ခြည်လင်းလက်နေသည့် ရေမျက်နှာပြင်ဆီသို့ စိမ်းပြာရောင်ရေထုအကြားမှ အားယူ၍ လှမ်းကြည့်လိုက်၏။ သူက ထွက်သက်ကို ဖြည်းညင်းစွာ ပြန်ထုတ်ရင်း သူ၏ဦးခေါင်းနံဘေးမှ အပေါ်သို့ ပလုံစီ၍ တက်သွားကြသော လေပူဖောင်းကလေးများကို ထူးထူးဆန်းဆန်း လိုက်ကြည့်နေမိသည်။ ထိုလေပူဖောင်းများသည် အာကာသထဲ၌ မလှုပ်မရှားဘဲ တွဲလဲခိုနေကြသလို ထင်နေရသည်။

သူသည် ရေပေါ်သို့ ဘွားခနဲ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အလုံးလိုက်မှ ပူပြင်းသော နေရောင်ခြည်နှင့် ထိတွေ့လိုက်ရလေတော့သည်။ ထွက်သက်နှင့် ဝင်သက်များသည် အဆုတ်ထဲမှ ကမန်းကတန်း ဝင်ထွက်နေကြသည်ဖြစ်ရာ ပစ်သည် လှိုင်းလုံးကြီးများပေါ်၌ အလိုက်သင့် [illegible] နာကျင်ပြီး အားအင်ကုန်ခန်းနေသော သူ့ခန္ဓာကိုယ်က ခွင့်ပြုသည့်အကာအထိ သက်သောင့်သက်သာ ဖြစ်အောင် ခေတ္တမျှ အနားယူလိုက်သည်၊ သူက မျက်စိများကို ကြည်လင်သွားအောင် မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်ပြီး ဂျိုအိုဒိန်နိုနှင့် အက်ဒရင်နီတို့ကို လိုက်ရှာရာ ပေနှစ်ဆယ်ခန့်ဝေးသောနေရာ၌ သူတို့၏ဦးခေါင်းများကို မြင်လိုက်ရတော့သည်။ သူတို့ကို လှိုင်းလုံးကြီး၏ထိပ်သို့ ရောက်ရှိလာချိန်၌ မြင်လိုက်ရခြင်းဖြစ်ပြီး ချက်ချင်းလိုလိုပင် လှိုင်းခွက်ထဲသို့ ပြန်ရောက်သွားကြသောကြောင့် သူတို့





နှစ်ယောက်သည် ပစ်၏မြင်ကွင်းထဲမှ ပျောက်ကွယ်သွားကြပြန်၏၊

ရုတ်ခြည်း ဆိုသလိုပင် သူတို့၏အောက်ဘက်မှ မိုးချုန်းသံကဲ့သို့ တဝုန်းဝုန်း မြည်သံများကို ကြားလိုက်ရပြီးနောက် မကြာမီ ကြီးမားသော လေပူဖောင်းများသည် ပင်လယ်မျက်နှာပြင်သို့ ရောက်ရှိလာကြတော့သည်။ ထို့နောက် ရေနက်ပိုင်းဆီမှ အပျက်အစီး အစအနများဖြစ်သော သစ်သားစများ၊ ဆီကွက်များနှင့် အထည်စများသည် ရေပေါ်သို့ ပေါ်တက်လာကြတော့သည်။

ထိုပေါက်ကွဲမှုသည် ကန်နီလီကျွန်း၏ နောက်ဆုံး ဇာတ်သိမ်းခန်းသို့မဟုတ် ဟာဝေယံဝဲကတော့၏ နောက်ဆုံး ဇာတ်သိမ်းခန်းပင် ဖြစ်တော့သည်။

ပစ်က ဆမ်းမားကို ရှာဖွေ ကြည့်ရှုလိုက်သည်။ လှိုင်းလုံးကြီးတိုင်း၏ လှိုင်းထိပ်များကို သွေးရူးသွေးတန်း လှမ်းကြည့်ရင်း ရှာဖွေနေသည်၊

သို့ရာတွင် သူမ၏ရွှေနီရောင်ဆံပင်ကို မမြင်မတွေ့ရပါ။

ပစ်က သူမ၏နာမည်ကို အော်ခေါ်လိုက်၏။

သို့ရာတွင် ဖြေသံအဖြစ် ပင်လယ်အောက်ခြေမှ တဝုန်းဝုန်း မြည်သံများကိုသာ ကြားနေရသည်။

ပစ်သည် ရေထဲ၌ ငုပ်လျှိုးရင်း ဆမ်းမားအား လိုက်လံ ရှာဖွေကြည့်ပြန်၏။ သို့ရာတွင် ပစ်၏ခန္ဓာကိုယ်က မတုံ့ပြန်တော့ပါ။ ပစ်၏ခန္ဓာကိုယ်သည် ခံနိုင်ရည် မရှိတော့ပါ၊ ရေထဲရှိ ခပ်လှမ်းလှမ်းတစ်နေရာမှ အသံဗလံများကို ကြားနေရသည်ဟု သူ ထင်လိုက်မိသည်။

သို့ရာတွင် သူသည် စိတ်၏ခေါ်ဆောင်မှု မပါဘဲနှင့် အပေါ်ဘက်သို့ မရောက်ရောက်အောင် အတင်းပြန်တက်ခဲ့ရတော့သည်၊

ကြီးမားလှသော အနက်ရောင် ငါးကြီးတစ်ကောင်သည် ရေထဲမှ ပေါ်ထွက်လာပြီး သူ့ဦးခေါင်းပေါ်၌ မိုးထားရင်း သူ့ကို ဝါးစားမည်ဟု ခြိမ်းခြောက်နေသည်။ အသိဉာဏ်ကင်းမဲ့လုနီးပါး ဖြစ်နေသော ပစ်ဦးနှောက်က ထိုကဲ့သို့ပင် လက်ခံထားလိုက်သည်။ ပစ်က ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်တော့ပါ။ သူ သေရန် အဆင်သင့် ဖြစ်ပါပြီ။

သူက ပင်လယ် သမုဒ္ဒရာကြီးကို ကျိန်ဆဲလိုက်မိ၏။ ပင်လယ်သမုဒ္ဒရာကြီးက ပစ်အား ချစ်ရမည့်သူတစ်ဦးကို ရှာပေးခဲ့သည်။ ယခုပင်လယ်သမုဒ္ဒရာကြီးက သူ့ချစ်သူကို ရက်ရက်စက်စက် ပြန်၍ ခိုးယူခဲ့လေပြီ။ သူ့ပါးစပ်မှ ပေါက်ကရစကားများကို ကယောင်ကတမ်းစတင်၍ ပြောဆိုမိတော့သည်။

ဘဝဆိုတာ ဘာလဲ။

ဘယ်လိုကောင်းကျိုး ပြုမှာလဲ။

လှိုင်းလုံးကြီး တစ်လုံးက သူ့ကို ဖုံးလွှမ်း၍သွားပြန်ရာ ပစ်သည် ရေအောက်သို့ နစ်မြုပ်သွားပြန်တော့သည်။



www.burmeseclassic.com

ပစ်သည် သူ့ဘဝတစ်သက်တာတွင် ပထမဦးဆုံးအချိန် အဖြစ် သေခြင်းတရားကို လက်ခံရန် အဆင်သင့် ရှိနေလေပြီ။

ထို့နောက် တစ်စုံတစ်ရာက သူ၏လက်ကို လှမ်းကိုင်လိုက်ပြီး လွတ်မသွားအောင် မြဲမြဲကြီး ဆုပ်ကိုင်ထားလိုက်၏။ ပင်ပန်းနွမ်းနယ်မှုကြောင့် သတိလစ်မတတ် ဖြစ်နေသော ပစ်က အူကြောင်ကြောင် မော့ကြည့်လိုက်မိသည်။ ကြီးမားလှသော အနက်ရောင်ငါးကြီးဆီမှ မှုန်ဝါးဝါးမျက်နှာများက အဝတ်အစားကင်းမဲ့ပြီး ဆိုးဆိုးရွားရွား ဒဏ်ရာရနေသော သူ့ခန္ဓာကိုယ်ကို ညင်သာစွာ မ,ယူလိုက်ကြပြီး စောင်တစ်ထည်နှင့် ရစ်ပတ်ပေးလိုက်ကြသည်။ ထိုမျက်နှာမှုအကြားမှ မျက်နှာတစ်ခုသည် ကျန်မျက်နှာများနှင့် ခွဲထွက်လာပြီး ပစ်အား နီးနီးကပ်ကပ် ငုံ့ကြည့်လိုက်၏။

"ဘုရားသခင် ကယ်တော်မူပါ"

ကရိုးဟေဗင်က အထိတ်တလန့် အော်လိုက်သည်။

"ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ"

ပစ်သည် စကားပြောနိုင်အောင် အင်အား မရှိတော့ပါ။ သို့ရာတွင် ပစ်သည် အသက်ရှူကျပ်သွားပြီး ချောင်းဆိုးလိုက်ရာ ပင်လယ်ရေများသည် ပါးစပ်ထဲမှ ထွက်လာသလို ပစ်သည် အဖြူရောင် စောင်ပေါ်သို့ အန်ချလိုက်လေတော့သည်။

ပစ်က အသံအက်ကွဲကွဲနှင့် တိုးတိုးကလေး ပြောလိုက်၏။

"ခင်ဗျားက စတားဘတ်ခ်ကို မြောက်တက်လာအောင် လုပ်နိုင်ခဲ့သလား"

"ကရိုးဟေဗင်ရဲ့ ကုသိုလ်ပေါ့ဗျာ"

ကရိုးဟေဗင်က စိတ်ရှည်လက်ရှည် ပြန်ဖြေလိုက်၏။

"မော်နီတာရဲ့ ဒုံးပျံက ရေအောက်တောင်ကုန်းရဲ့ ဟိုဘက်မှာ သွားပြီး ပေါက်ကွဲတယ်။ ဒါကြောင့် ကျုပ်တို့က ရေအောက်က လှိုင်းဒဏ်ကို သိပ်မခံလိုက်ရဘူး။ အဲဒီလို ဖြစ်လိုက်တဲ့ ပေါက်ကွဲမှုဒဏ်က မြေကြီးအောက်က စုပ်အားကို ချေဖျက်ပစ်လိုက်သလို ဖြစ်သွားပြီး ကျုပ်တို့ ရေပေါ်ကို တက်လာနိုင်ခဲ့တာပဲ။ ဒါပေမယ့် ရေငုပ်သင်္ဘောကို ကျုပ်က ရက်စက်စက် ကိုယ်တွယ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရေတပ်မတော်က ကျုပ်ကို သိပ်ကျေနပ်ကြမှာ မဟုတ်ဘူး။ ညာဘက်က ရေယက်ပန်ကာ ကျိုးသွားသလို ဘယ်ဘက်က ရေယက်ပန်ကာကလည်း ပုံပျက်သွားတဲ့ ... သိမ်တစ်ခုလို တွန့်လိမ်ကောက်ကွေးသွားတယ်"

ပစ်က ဦးခေါင်းကို စောင်းကြည့်လိုက်ရာ ဂျီအိုဒီနီနှင့် အက်ဒရင်နီတို့သည် သင်္ဘောပေါ်သို့ ရောက်နှင့်နေကြပြီး သူကဲ့သို့ပင် အမေရိကန်ရေတပ်မတော်က သုံးစွဲသော ထူထူထဲထဲ စောင်အဖြူကြီးများနှင့် ရစ်ပတ်ထားခံရသည်ကို တွေ့လိုက်ရတော့သည်။

ရေတပ်သားတစ်ယောက်က ဂျီအိုဒီနီ၏လက်ကို ပြုစုပေးနေသည်။





"ရေအောက်မှာ မိန်းကလေးတစ်ယောက် ကျန်ရစ်ခဲ့တယ်"

ကရိုးဟေဗင်သည် ပစ်၏ကိုယ်ပေါ်သို့ ငုံ့လိုက်၏။

"စိတ်အေးအေးသာထားပါ မေဂျာ၊ အဲဒီအမျိုးသမီး အဲဒီမှာသာရှိရင် ကျုပ်တို့ တွေ့အောင် ရှာပေးမယ်"

ပစ်သည် ချောင်းတစ်ချက်ဆိုးလိုက်ပြီးနောက် နောက်ဘက်သို့ ယိုင်လဲသွားသည်။ သူသည် ခန္ဓာကိုယ်ထဲမှ အင်အားများ စိမ့်ထွက်သွားသလို ခံစားနေရသည်။ သူ့စိတ်သည် ဟာလာဟင်းလင်း ဖြစ်နေသလို မည်းနက်သော မြူနှင်းထုက တဖြည်းဖြည်းနှင့် ဝန်းရံလာလေပြီ။

ကရိုးဟေဗင်၏ တပည့်များသည် ရေငုပ်၍ အချိန်ကြာမြင့်စွာ ရှာဖွေခဲ့ကြသော်လည်း ဆမ်းမား၏ အစအနတိုပင် မည်သည့်အခါတွင်မျှ ရှာမတွေ့ကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အဆုံး၏နိဂုံး

နံနက် (၁၀) နာရီ (၃၅) မိနစ်တိတိတွင် ဂိတ်နံပါတ် (၅) သည် ပွင့်လာပြီး ဆန်ဖရန်စစ္စကိုသို့ထွက်ခွာမည့် ပင်န်အမေရိကန်လေကြောင်းခရီး အမှတ်စဉ် (၃၆) နှင့် လိုက်ပါကြမည့် လူတန်းရှည်ကြီးသည် လေယာဉ်ပျံပေါ်သို့ စတင်၍ တက်ကြလေပြီ။

ရောင်စုံပန်းကုံးများကို လည်ပင်းတွင် ချိတ်ဆွဲထားကြသော ကမ္ဘာလှည့်ခရီးသည် အများစုသည် ရယ်သံများနှင့် မျက်ရည်စများ အကြားမှ လေယာဉ်ပျံအမှတ် (၉၃၅ PA) ဆီသို့ ဦးတည်၍ သွားကြလေပြီ။

ပထမ အင်ဂျင်စက်သည် နိုးလာပြီး အခြားအင်ဂျင်စက်သုံးလုံးသည် လျင်မြန်စွာ ဆက်တိုက် နိုးလာကြသည်။ အစစအရာရာ အဆင်သင့်ဖြစ်ချိန်တွင် မြေပြင်မှ အင်ဂျင်နီယာအဖွဲ့က အဆင်သင့် ဖြစ်ပြီ ဖြစ်ကြောင်း အချက်ပြလိုက်၏။ ထိုအချိန်တွင် လေယာဉ်မှူးက တရားဝင်စတင်၍ တာဝန်ယူလိုက်တော့သည်။

ဂျမ်ဘိုဂျက်လေယာဉ်ပျံကြီးသည် ပြေးလမ်းထိပ်သို့ မောင်းနှင်သွားပြီး ထိုနေရာတွင် ခေတ္တမျှ ရပ်နားလိုက်သည်။ ထို့နောက် ပင်န်အမေရိကန် လေကြောင်းခရီးစဉ် အမှတ်စဉ် (၃၆) လေယာဉ်ပျံကြီးသည် ကျယ်လောင်သောအသံကြီးနှင့် ဟာဝေယံကျွန်းပေါ်မှ လေများကို အားကောင်းလှသော တာဘိုင်ဂျက်အင်ဂျင်စက်ကြီးများထဲသို့ စုပ်ယူလိုက်ပြီး မြောက်ဘက်သို့ ဘိုက်ခတ်နေသော လေကြောင်းထဲသို့ စတင်၍ တိုးဝင်စ ပြုတော့သည်။

အစဉ်သဖြင့်တွင် ဘိုးရင်း (၇၄၇)လေယာဉ်ပျံကြီးသည် အေးအေးဆေးဆေး အချိန်ယူနေသကဲ့သို့ ခပ်ဖြည်းဖြည်းသာ လှုပ်ရှားနေပြီးနောက် နောက်ဆုံးတွင် လေယာဉ်ပျံကြီးသည် အရှိန်ရလာပြီး ကြီးမားလှသော လေယာဉ်ပျံဘီးကြီးများသည် မြေပြင်ပေါ်မှ ကြွတက်စ ပြုလာကြသည်။ ဂျက်လေယာဉ်ပျံကြီးသည် အသွားအလာ ထူထပ် များပြားလှသော





နီးမစ်ဇ်ဟိုက်ဝေးလမ်းမကြီးပေါ်မှ ကျော်ဖြတ်မောင်းနှင်ပြီးနောက် ကြီးမားလှသော ထရစ်ပလာ စစ်ဆေးရုံပေါ်တွင် ညာဘက်သို့ ကွေ့ရရ ချိုးတွေ့လိုက်သည်။ ထို့နောက် ဂျက်လေယာဉ်ပျံကြီးသည် တိမ်တိုက်များထိုနမ်းရှုပ်လိုက်ပြီး တလွှက်လက်တောက်နေသော အလျှမီနီယံဦးခေါင်းထိုဆန်ဖရန်စစ္စကိုရှိရာ အရှေ့မြောက်ဘက်သို့ ဦးတည်လိုက်လေတော့သည်။

ပစ်သည် ဆေးရုံပြတင်းပေါက်တွင် မတ်တတ်ရပ်ရင်း (၇၄၇)ဂျက်လေယာဉ်ပျံကြီး ဒိုင်းမွန်းဟက်ဒ်မီးတောင်ဟောင်းကို ကျော်ဖြတ်၍ နံနက်ခင်း၏ နေရောင်ခြည်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည့် အချိန်အထိ သက်သက်မဲ့ ရပ်ကြည့်နေလိုက်သည်။

သူ့အတွေးများသည် ပစ္စုပ္ပန်ကာလသို့ ပြန်လည် ရောက်ရှိမလာမီ အတိတ်ကာလထဲ၌ တဝဲလည်လည်နှင့် ရှိနေခဲ့သည်။

ထို့နောက် သူ၏ ဘယ်ဘက်ကို အနက်ရောင် နိုင်လွန်ဆိုင်းကြိုးနှင့် ဆိုင်းထားရသောကြောင့် ရှပ်အကျီအား လက်တစ်ဖက်တည်းနှင့် ကြယ်သီးတပ်ရသော ကိုးရိုးကားရားနိုင်လှသည့် အလုပ်ကို ဆက်လုပ်ရလေတော့သည်။ ပစ်သည် အဝတ်အစား လဲလှယ်ဝတ်ဆင်မှု ပြီးစီးသွားသည့်အခါ ပိုးသတ်ဆေးစော်နံလှသော အိပ်ရာခင်းဖြူဖြူပေါ်၌ လှဲချလိုက်သည်။ သူသည် ထူးဆန်းသော သူ၏စွန့်စားမှု တစ်ခုလုံးကို အစမှအဆုံးပြန်တွေးကြည့်လိုက်ပြန်၏။

စတားဘတ်ခ်၏ ဆက်သွယ်ရေးဘူးကို ရှာဖွေ တွေ့ရှိရမှု၊

အလာမိုနာထံမှ အက်ဒရင်နီနှင့် ဗိုလ်မှူးကြီးစီနာနာ၊

မာသာအန်း၏ကုန်းပတ်ပေါ်တွင် တွားသွားနေသော ဗိုလန်၊

အမြဲတမ်း ပြုံးနေသော ဂျိုအိုဒိုနို၏မျက်နှာ၊

လိုက်ဂူထဲမှ အာယာတ ပြင်းထန်လှသော ဒဲလ်ဖီ၏အဝါရောင်မျက်လုံးများ။

ထိုမြင်ကွင်းအားလုံးသည် သုံးထောင့်မှန်ပြောင်းထဲ၌ထည့်ထားသော ရောင်စုံမှန်ပြောင်းထဲ၌ ထည့်ထားသော ရောင်စုံမှန်ကွဲစလေးများ ပုံစံအမျိုးမျိုး ပြောင်းလဲသွားကြသကဲ့သို့ စိတ်ချောက်ချားစရာကောင်းအောင် အမျိုးမျိုး ပြောင်းလဲနေကြသည်။

သို့ရာတွင် သူ့အစီအစဉ်သည် ဆမ်းမား တည်းဟူသော ပုံရိပ်တစ်ခုဆီသို့သာ ထပ်ခါတလဲလဲ ပြန်လည် ရောက်ရှိနေသည်။

ဆမ်းမားသည် တကယ်ပဲ ရှိခဲ့သူဖြစ်လေသလား၊ သူက လှလှပပနှင့် မြူးမြူးကြွကြွရှိလှသောပုံစံနှင့် သူ့ရှေ့တွင်ရပ်နေသော ဆမ်းမား၏ပုံစံ[illegible] စိတ်ထဲတွင် ပုံဖော်၍ကြည့်လိုက်၏။ သို့ရာတွင် ဆမ်းမားအား [illegible] ဘာစ်နေရာရှိ ကြည်လင်ပြတ်သားမှု မရှိသော ပုံရိပ်တစ်ခု[illegible] တားသာ မြင်နေရသည်။ အချိန်ကြာညောင်းသွားခဲ့သော် [illegible] ရသော ထိုပုံရိပ်ကလေးသည်ပင် အနိစ္စသဘောနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်ဖြစ်ကြောင်း သူ သိပါသည်။

သို့ရာတွင် သူသည် ဆမ်းမားအား မည်သည့်အခါတွင်မျှ မေ့နိုင်တော့မည် မဟုတ်ပါ။ ဆမ်းမားသည် အမျိုးသားတိုင်းက လိုချင်တပ်မက်ကြသော်လည်း မည်သည့်အခါတွင်မျှ ရနိုင်မည်မဟုတ်သော စိတ်လှုပ်ရှားဖွယ်ကောင်းသည့် အချစ်နက်သမီးကလေး၏ နိမိတ်ပုံ ဖြစ်နေသောကြောင့်ပင်တည်း။

တံခါးရွက်ကို ခေါက်လိုက်သောအသံကြောင့် ပစ်သည် ပစ္စုပ္ပန်ကမ္ဘာထဲသို့ ပြန်လည် ရောက်ရှိလာတော့သည်။

သူက 'ဝင်ခဲ့ပါ' ဟု မပြောလိုက်နိုင်ခင်မှာ ဗိုလ်ချုပ်ကြီး ဟန်းတားသည် အခန်းထဲသို့ ဝင်လာတော့သည်။

"မင်းဆီကို ဗြုန်းစားကြီး ပေါက်ချလာတဲ့အတွက် ဝမ်းနည်းပါတယ် ဒတ်ခ်၊ ဒါပေမယ့် မင်း ဒီကနေ့မနက် ဆေးရုံက ဆင်းနိုင်တော့မယ်လို့ ငါ သိရတယ်၊ ငါကလည်း မင်းပြန်မသွားခင် မင်းနဲ့ စကားပြောချင်သေးတယ်လေ"

ဟန်းတားသည် ရွှေခြည်နှင့် ပန်းခက်များ ထိုးထားသော ဦးထုပ်ကို ချွတ်၍ မှန်တင်ခုံပေါ်တွင် တင်လိုက်ပြီးနောက် အနီးအနားတွင်ရှိသော ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်၏။

အက်နေသောနံရိုးနှင့် ဒဏ်ရာတို့ကို သတိထားနေရသောပစ်သည် ထိုင်သည့် အနေအထားသို့ရောက်အောင် ခန္ဓာကိုယ်ကို ပြုပြင်လိုက်၏။

ပစ်၏မျက်လုံးများ ကျဉ်းမြောင်းသွားကြသည်။ ဗိုလ်ချုပ်ကြီး ဟန်းတားကို ကြည့်ရသည်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

ထို့နောက် ပစ်က ရယ်လိုက်၏။

"ဗိုလ်ချုပ်ကြီးကို စီးကရက်မပါဘဲနဲ့ မြင်ရတာ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ပဲ"

ဟန်းတားက ဒေါပွပွနှင့် ပြောလိုက်၏။

"ပိန်လိမ်ပြီး ခြောက်ကပ်နေတဲ့ ငါးဖောင်ရိုး သူနာပြုဆရာမတစ်ယောက်က ငါ့စီးကရက်ကို မီးငြိမ်းမပစ်မချင်း လူနာဆောင်ထဲကိုဝင်ဖို့ ခွင့်မပြုဘူးလေ"

ပစ်သည် အိပ်ရာပေါ်မှ ခပ်ဖြည်းဖြည်း ထလိုက်ပြီးနောက် တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ပိတ်လိုက်သည်။

"ဒဲ - မီးညှိပြီး အားရပါးရ သောက်စမ်းပါ ဗိုလ်ချုပ်ကြီး။ ဆေးလိပ်မီးခိုးနံ့မရှဲ ခင်ဗျားအနားမှာနေရရင် ကျုပ် နေလို့ ထိုင်လို့ ရတော့မှာမဟုတ်ဘူး"

ဟန်းတားသည် ပြုံးလိုက်ပြီး ကျေးဇူးတင်သောသဘောနှင့် ခေါင်းညိတ်ပြလိုက်၏၊ ချက်ချင်းလိုလိုပင် သေးသွယ်ရှည်လျားသော စီးကရက်ကလေးတစ်လိပ်သည် သူ၏သွားကြားထဲ၌ ခိုင်ခိုင်မြဲမြဲ ကိုက်ပြီးသား ဖြစ်





သွားတော့သည်။ ဟန်းတားက စီးကရက်ကို မိနစ်အနည်းငယ် ဖွာရှိုက်လိုက်ရချိန်တွင် သူသည် သိသိသာသာ နေသာထိုင်သာ ရှိသွားပုံရသည်။ ထို့နောက် ဟန်းတားသည် အိတ်ထဲသို့လက်နှိုက်ပြီး ပစ္စည်းတစ်ခုကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်၏။

"မင်းက ဒီပစ္စည်းတစ်ခုကို အမှတ်တရအနေနဲ့ သိမ်းထားချင်လိမ့်မယ်လို့ . . ."

ပစ်က ကောက်ယူလိုက်၏၊ ထိုပစ္စည်းမှာ ဒဲလ်ဖီ၏ ဒုံးကျည်သေနတ်တစ်လက်ပင် ဖြစ်သည်။

"ဒီပစ္စည်းကို ဘယ်လို ဖန်တီးထားတယ် ဆိုတာ ခင်ဗျားရဲ့လုံခြုံရေးဆိုင်ရာ ပုဂ္ဂိုလ်တွေက နားလည်သွားကြပြီလား"

ဟန်းတားက ခေါင်းညိတ်လိုက်၏။

"မင်းက ကြယ်သီးသဏ္ဍာန်ခလုတ်ကလေးကို နှိပ်လိုက်တဲ့အခါမှာ ကန်ထွက်သွားတဲ့ စပရင်တစ်ခုကြောင့် ဒုံးကျည်ကလေးတစ်ခုရဲ့ နောက်ဘက်ကိုသွားထိပြီး စနက်တံကို မီးရှို့ပေးလိုက်တဲ့အတွက် ဒုံးကျည်ကလေးဟာ သူ့စွမ်းအားနဲ့သူ ရှူးခနဲ ပျံတက်သွားတော့တယ်"

"ဒါဆိုရင် အဲဒါက ဒုံးကျည်အသေးစားကလေးတစ်ခုပဲပေါ့"

"ဒီပစ္စည်းကလေးဟာ တပ်မတော်သုံး ပစ္စည်းဝယ်ယူရေးအဖွဲ့တလက်ခံမယ့်ပစ္စည်းမျိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် နီးကပ်တဲ့ ပစ်ကွင်းမှာဆိုရင် တော်တော်ထိရောက်တဲ့ လူသတ်လက်နက်ကလေးပဲ"

ပစ်သည် ဒုံးကျည်သေနတ်ကလေးကို အိတ်ထဲသို့ ထည့်လိုက်သည်။ ပစ်သည် ထိုပစ္စည်းကလေးကို သူစုဆောင်းထားသော ပစ္စည်းများထဲ၌ သီးသီးသန့်သန့် နေရာပေးထားမည် ဖြစ်ပေသည်၊

ဟန်းတားသည် ရေထည့်ထားသော ဖန်ခွက်ထဲသို့ စီးကရက်ပြာကို ခြွေချလိုက်၏။

"ဒါနဲ့ စကားမစပ်၊ ငါတို့ရဲ့ ရေငုပ်သမားတွေက ရေအောက်တောင်ကုန်းနေရာမှာ အဖိုးတန်တဲ့ ပစ္စည်းတစ်ခုတလေကိုမှ ရှာမတွေ့ခဲ့ကြဘူးဆိုတာ မင်းက စိတ်ဝင်တစားနဲ့ သိချင်မလား မသိဘူး။ မင်း ဟိုအထဲမှာ မြင်ခဲ့ရသမျှ ပစ္စည်းတွေဟာ ထာဝရ ပျောက်ကွယ်သွားကြပြီ"

ပစ်သည် အဖြေကို သိပါလျက်နှင့် ထပ်မေးလိုက်၏။

"ဟိုအဝါရောင်လိုဏ်ဂူကြီးရော"

"အပြင်ဘက်က ဂူကလေးကတော့ ရှင်းရှင်းလင်းလင်း ရှိနေတုန်းပဲ၊ ဒါပေမယ့် အတွင်းဘက်ကဂူကို ဝင်တဲ့လိုဏ်ခေါင်းကတော့ တန်ပေါင်းများစွာရှိတဲ့ ကျောက်တုံးတွေနဲ့ ပိတ်ဆို့သွားပြီ"

ပစ်သည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြောင်ကြည့်နေ၏၊ အပြင်ဘက်တွင် တိမ်တိုက်ကြီးများက ရေပေါ်တွင် လွင့်မျောပြီး ဖြတ်သန်းနေကြသောကြောင့် မိုးကောင်းကင်နှင့် ပင်လယ်ပြင်တို့၏



www.burmeseclassic.com

www.burmeseclassic.com

အရောင်သည် ပြောင်းလဲနေကြသည်။ နေရောင်ခြည်တန်းများသည် တိမ်တိုက်များအကြားမှ ထိုးဆင်းလာပြီး ပင်လယ်ရေပြင်ပေါ်၌ ဖြတ်သန်းနေကြလေရာ နေရောင်ခြည်များက ပင်လယ်ရေကို အပြာရောင်မှ အစိမ်းရောင်၊ အစိမ်းရောင်မှ မီးခိုးရောင်များနှင့် မီးခိုးရောင်မှ အပြာရောင် ပြန်ဖြစ်အောင် အရောင်အမျိုးမျိုး ခြယ်ပေးနေကြသည်။

"ဒဲလ်ဖီကရော ဘယ်လိုလဲ"

ဟန်းတားက စီးကရက်ကို နှုတ်ခမ်းတစ်လျှောက်တွင် လိမ့်သွားအောင် လှိမ့်ကစားလိုက်၏။

"ဒဲလ်ဖီမိုရန်က ဒေါက်တာဖရက်မိုရန်ရဲ့သား၊ သူက သိပ်တော်တဲ့ကျောင်းသား တစ်ယောက်ပဲ။ ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ်က ဂုဏ်ထူးနဲ့ ဘွဲ့ရခဲ့တယ်။ သူ့အဖေလိုပဲ သူနဲ့ သူ့ဇနီးတို့ဟာ လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်လောက်က ပျောက်ကွယ်သွားခဲ့ကြတယ်"

"ဒါဆိုရင် ဟာဝေယံဝဲကတော့ဆိုတဲ့ ကြောက်စရာဒဏ္ဍာရီကို အမှန်အတိုင်း ဖော်ထုတ်နိုင်ခဲ့ပြီပေါ့။ ပရိသတ်ကို စိတ်ဝင်စားစေမယ့် စွမ်းအားရှင်တွေ ဘာတွေ နောက်ထပ် မရှိကြတော့ဘူးပေါ့နော် . . ."

"အဲဒီလိုလည်း လုံးလုံးလျားလျားကြီးတော့ မဟုတ်သေးဘူး"

ဟန်းတားက ခပ်တိုးတိုး ပြောလိုက်၏။

"နားမလည်နိုင်စရာ ထူးခြားအံ့ဩဖွယ်ကောင်းတဲ့ ကိစ္စတစ်ခုကတော့ ရှိမြဲရှိနေသေးတယ်"

"ဘာပါလိမ့် . . ."

"ကနိုလီလေ"

ဟန်းတားက ခပ်ဖြည်းဖြည်း ပြန်ဖြေလိုက်သည်။

"အဲဒါက ဖြေရှင်းလို့မရတဲ့ နောက်ဆုံး ပဟေဠိပဲပေါ့"

ပစ်က မျက်လုံးနှစ်ဖက်ကို ပင့်လိုက်၏။

"ဒေါက်တာမိုရန်က ကနိုလီ ရှိပါတယ်လို့ သက်သေပြခဲ့တယ်။ ခင်ဗျားသမီး၊ ပြီးတော့ ဂျီအိုဒီနဲ့ ကျုပ်တို့က မျက်စိနဲ့ တပ်အပ်မြင်ခဲ့ကြတယ်။ ဒီမှာ ဗိုလ်ချုပ်ကြီး၊ အဲဒါကို ရေအောက်တောင်ကုန်း ဒါမှမဟုတ် ကနုလီ၊ ဘယ်လိုပဲခေါ်ခေါ် အဲဒါဟာ ဟောဒီ ဆေးရုံကြီးလိုပဲ ဘဝင်ယ ရှိတယ်"

ဟန်းတားသည် အတန်ငယ်ကြာအောင် အတွေးနယ်ချဲ့ရင်း ထိုင်နေသည်၊ ထို့နောက် သူက ပြန်မေးလိုက်၏။

"ဒဲလ်ဖီက သူ့အဖေနဲ့ တခြားသိပ္ပံပညာရှင်တွေက စကြဲလမ်းတွေနဲ့ လိုဏ်ဂူကြီးတွေကို ရှာတွေ့ခဲ့တယ်၊ အဲဒါတွေကို ခြောက်သွေ့အောင် ရေစုပ်ပြီး ထုတ်ပစ်ဖို့ တစ်နှစ်လောက် အချိန်ယူခဲ့ရတယ်လို့ မင်း ပြောခဲ့တယ်နော်"

ပစ်က ခေါင်းညိတ်လိုက်သည်။





"ဒါဆိုရင် သူတို့က တူးဖော်တဲ့အလုပ်ကို နည်းနည်းပဲ လုပ်ခဲ့ကြတယ်လို့ ငါတို့က ယူဆရမှာပေါ့"

"ကျုပ်က အဲဒီလိုပဲ ယူဆတယ်၊ တကယ့်ဖြစ်ရပ်မှန်ပေါ်မှာ အခြေခံထားတဲ့ ဒဏ္ဍာရီ၊ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာက ခြေဦးတည့်ရာ သွားနေကြတဲ့ ပိုလီနီးရှန်းလူမျိုးတစ်စုဟာ ပင်လယ်ရေမျက်နှာပြင်ပေါ် ရှိနေတဲ့ ကျွန်းတစ်ကျွန်းကို မတော်တဆ တွေ့ခဲ့ကြပြီး ကျွန်းရဲ့အလယ်ပိုင်းအထိ ရောက်အောင် လိုဏ်ခေါင်းတွေ၊ ဂူတွေကို တူးခဲ့ကြတယ်။ အဲဒါက စဉ်းစားလို့မရအောင် ခက်ခဲနက်နဲလှတဲ့ ပြဿနာမဟုတ်ပါဘူး။ အီဂျစ်လူမျိုးတွေ၊ ပါရှန်းလူမျိုးတွေဟာ ခရစ်တော်မပေါ်မီ နှစ်ပေါင်းထောင်ပေါင်းများစွာက ကျောက်သားတွေကို ထွင်းထုခဲ့ကြတာပဲ"

"မှန်ပါတယ်၊ ဒါပေမယ့် ပိုလီနီးရှန်းလူမျိုးတွေဟာ သူတို့ဆီကို ကပ္ပတိန်ကွတ်ခ်*[1]ရောက်လာမှ သတ္တုနဲ့လုပ်တဲ့ ပစ္စည်းကိရိယာတွေကို မြင်ဖူးခဲ့ကြတာ။ အဲဒီအချိန်ကျတော့ ကနိုလီကျွန်းက ရေအောက်ကို နစ်ပြီး ပွရောင်းရောင်းဖြစ်နေတဲ့ ချော်ခဲတွေကို ဖြတ်တောက်နိုင်စွမ်း ရှိချင်ရှိလိမ့်မယ် ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် လိပ်သည်းကျောက်တွေကို ထွင်းဖောက်သွားတာမျိုးကျတော့ မင်းက ဘယ်လိုလုပ်ပြီး ရှင်းပြရမလဲ၊ သူတို့က လေးမိုင်လောက် ရှည်လျားတဲ့ ဝက်ပါလို စကြဲလမ်းတွေ၊ လိုဏ်ဂူတွေ၊ အခန်းတွေကို ပုံစံချပြီး တည်ဆောက်နိုင်အောင် သူတို့ဆီမှာ ဘယ်လို ပစ္စည်းကိရိယာတွေ၊ ဘယ်လိုစွမ်းရည်တွေ ရှိနေကြလို့လဲ၊ သူတို့က ချောမွေ့နေတဲ့ နံရံတွေ၊ လှေကားထစ်တွေ၊ ပြီးတော့ ရှုပ်ထွေး ရှုပ်လှတဲ့ ပန်းပုလက်ရာတွေကို ဘယ်လို ပစ္စည်းကိရိယာ၊ ဘယ်လို စွမ်းအင်တွေနဲ့ တည်ဆောက်နိုင်ခဲ့ကြတာလဲ။ အဖြေကတော့ သူတို့ မလုပ်နိုင်ဘူးလို့ ရှင်းရှင်းနဲ့ စင်းစင်းကလေး ပေါ်ထွက်လာတယ်"

"ဒါဖြင့်ရင် ဘယ်သူက လုပ်နိုင်မှာလဲ"

"အဲဒါကို ဘယ်သူက အတပ်ပြောနိုင်ကြမလဲ"

ဟန်းတားသည် ကြီးမားသော မီးခိုးလုံးကြီးတစ်လုံးကို လေအေးစက်မှ လေစုပ်ပန်ကာဆီသို့ မှုတ်ထုတ်လိုက်၏။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှေးဟောင်း သုတေသနပညာရှင်တွေဟာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ငြင်းကြခုံကြလိမ့်မယ်။ နီယန်ဒါသယ်လူ*[2]ကစပြီး ပေါ်ပေါက်လာခဲ့တဲ့ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းတိုင်းနဲ့ ဆက်စပ်ထားတဲ့ အယူအဆတွေကတော့ မီးတောင်ထဲက ပန်းထွက်လာတဲ့ ရေနွေးငွေ့တွေလို တစ်ပုံတစ်ပင်ကြီး ရှိနေပြီ၊ မင်းပြောပြခဲ့တဲ့ အဝါရောင်

*[1] ကျိမ်းစ်ကွတ်ခ် (၁၇၂၈ - ၇၉) သည် ပစိဖိတ်တောင်ပိုင်းသို့ ၁၇၇၂ ခုနှစ်မှ ၁၇၇၅ ခုနှစ်အတွင်း ခရီးထွက်ခဲ့သည်။

*[2] Neanderthal man

www.burmeseclassic.com

www.burmeseclassic.com

လိုက်ဂူထဲက ရုပ်တုကြီးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်ကျော်က ဆူမားရီးယန်း နတ်ဘုရားရုပ်တုတွေနဲ့ တူနေကြတယ်။ ဒါကြောင့် ဆူမားရီးယန်း လူမျိုးတွေကစပြီး လွန်ခဲ့တဲ့ နောက်ဆုံး ရေခဲနှစ်အတွင်းမှာ တခြားဂြိုဟ်က ကမ္ဘာကို ရောက်လာတဲ့ အာကာသဂြိုဟ်သားတွေအထိ၊ အယူအဆတွေကတော့ အမျိုးစုံပဲဟေ့။ မင်း ပြောချင်သလို ပြောလို့ရတယ်၊ ဒါပေမယ့် အဖြေက ဘာပဲဖြစ်ဖြစ် အဲဒီအဖြေဟာ ပင်လယ်သမုဒ္ဒရာကြီးရဲ့ အောက်ခြေမှာ ပျောက်ကွယ်သွားပြီ"

"ခုလောလောဆယ်မှာတော့ ရေတပ်မတော်ဟာ ပညာရှင်အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေအကြားမှာ သိပ်ပြီး လူကြိုက်များလိမ့်မယ် မထင်ဘူး"

ဟန်းတားက ဂရုမထားဟန်နှင့် ဦးခေါင်းကို ဆတ်လိုက်၏။

"အဲဒီနေရာကို ဒုံးပျံနဲ့ ပစ်တဲ့ကိစ္စဟာ ငါ့စိတ်ကူးမဟုတ်ဘူး ဆိုတာ ဘုရားသခင် သိပါတယ်"

သူတို့နှစ်ယောက်သည် အတွေးရေယဉ်ကြောတွင် ကိုယ်စီကိုယ်င မျောပါ၍ သွားကြသဖြင့် ခေတ္တမျှ ငြိမ်သက်သွားကြသည်။

ထို့နောက် ဟန်းတားသည် သူတို့နှစ်ယောက်အကြား၌ ရှိနေသော အဆီးအတားတစ်ခုကို သတိပြုလိုက်မိ၏။ ထိုအဆီးအတားမှာ အမျိုးသမီးတစ်ဦး၏ ရုပ်ပုံလွှာပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဟန်းတားသည် ပစ်ကိုကြည့်ပြီး ထိုအမျိုးသမီးကို သူ့စိတ်ထဲက ပုံဖော်ကြည့်ရန် ကြိုးစားလိုက်၏။ သို့ရာတွင် ပုံဖော်၍ မရခဲ့ချေ။

နောက်ဆုံးတွင် ဟန်းတားက ပြောလိုက်၏။

"ဒါနဲ့ စကားမစပ်၊ စတားဘတ်ခ်ဟာ လွန်ခဲ့တဲ့ ခြောက်လက ပြတ်တောက်သွားခဲ့ရတဲ့ ရေချစမ်းသပ်ပွဲကို လာမယ့်လကျရင် အဆုံးသတ်ရအောင် ပြန်ပြီး ခုတ်မောင်းကြလိမ့်မယ်။ မာလိန်မှူးအသစ်ရဲ့ နာမည်ကို မင်းစိတ်ဝင်စားလိမ့်မယ်ထင်ပါရဲ့၊ ကွန်မင်ဒါဆမ်ကရိုးဟေဗင်ဆိုတဲ့ လူ တစ်ယောက်ပဲ"

ပစ်က ပြုံးပြီး ပြန်ဖြေလိုက်သည်။

"သူ့ကောင်းတစ်ယောက်ပဲ၊ သင်္ဘောကွန်မင်ဒါကို ရွေးချယ်တဲ့ နေရာမှာ သူ့အသက်ကိုစွန့်ပြီး ရေငုပ်သင်္ဘောကို ပြန်ဆယ်ဖို့ ကြိုးစားတဲ့လူ ထက် ပိုသင့်လျော်တဲ့လူကို စဉ်းစားလို့ မရတော့ဘူး"

"အဲဒီသင်္ဘောဟာ ခုအချိန်ကစပြီး ပိုကောင်းတဲ့ ဂြိုဟ်စီးဂြိုဟ်နင်းတွေနဲ့ မောင်းနှင်နိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲ"

ဟန်းတားသည် ထိုင်ရာမှ ထလိုက်ပြီးနောက် မှန်တင်ခုံပေါ်မှ ဦးထုပ်ကို ကောက်ယူလိုက်၏။

"ငါသွားမှ ဖြစ်လိမ့်မယ်၊ အမှတ် (၁၀၁) အုပ်စုဟာ ဒုက္ခပေးမယ့် လုပ်ငန်းတစ်ခုကို လက်ခံထားရပြန်ပြီ"





"အင်ဒရီဗိုင်းဖောက်လား"

ဟန်းတားက ရယ်လိုက်၏။

"မင်းကတော့ တစ်ကွက်မကျန် အကုန်ကြိုမြင်တဲ့လူပဲ"

"ကျုပ်က အတတ်နိုင်ဆုံး ကြိုးစားပါတယ်ဗျာ"

"အဲဒီကိစ္စဟာ အင်မတန်အရေးပါတဲ့ ထိပ်တန်းလျှို့ဝှက် ဆိုတာ မင်းကို ပြောပြဖို့ လိုမယ်မထင်ဘူး"

"ကျုပ်က သတင်းစာဆွေးနွေးပွဲ မလုပ်တော့ဘူးလို့ ကတိပေးပါတယ်"

"ကောင်းတယ်"

သူတို့နှစ်ယောက်သည် လက်ဆွဲ၍ နှုတ်ဆက်လိုက်ကြသည်။

"နောက်တစ်ချက် ရှိသေးတယ်"

ဟန်းတား၏ လေသံသည် ရုတ်ခြည်းလိုလိုပင် ပျော့ပျောင်းပြီး လည်ချောင်းသံပေါက်လာသည်။

"မင်းက အက်ဒရင်နီကို ပြန်ခေါ်လာခဲ့တဲ့အတွက် ငါက မင်းကို ကျေးဇူးတင်ပါတယ်။ သမီးအပေါ်မှာ ဥပေက္ခာပြုထားပြီး အခုလို ဆောင်ရွက်ပေးဖို့ မထိုက်တန်တဲ့ ဖခင်တစ်ယောက်အတွက် မင်းက အင်မတန် ဂုဏ်ယူစရာကောင်းတဲ့ အလုပ်တစ်ခုကို လုပ်ပေးခဲ့တယ်။ ငါတို့နှစ်ယောက်ဟာ အတိတ်ကာလက အမှားအယွင်းတွေကို သင်ပုန်းချေပြီး တို့နှစ်ယောက်ရဲ့ ဆက်ဆံမှုကို ဒုတိယအကြိမ် အသစ်ပြန်စလို့ ရနိုင်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်၊ ငါက မင်းကို အမြဲတမ်း ကျေးဇူးတင်နေပါ့မယ်"

ပစ်သည် ဗိုလ်ချုပ်ကြီး၏ မျက်လုံးထဲ၌ မျက်ရည်များ ဝိုင်းလာသည်ကို မြင်လိုက်ရသောကြောင့် အထိတ်တလန့် ဖြစ်သွားရသည်။

ပစ်က တစ်စုံတစ်ရာပြောရန် ကြိုးစားလိုက်၏။ သို့ရာတွင် သူက ဘာကိုပဲပြောပြော အရာထင်မည် မဟုတ်ပါ။ ထို့နောက် တံခါးသည် ပြန်ပိတ်သွားပြီး ပစ်သည် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

ဓာတ်လှေကားမှ တံခါးရွက်များက ချောချောမွေ့မွေ့နှင့် ပွင့်လာချိန်တွင် ပစ်က ဆေးရုံမှ ဧည့်ကြိုခန်းထဲသို့ လှမ်းဝင်လိုက်၏။

ဂျီအိုဒီနို၊ ဗိုလန်နှင့် ဒင်တာတို့က သူ့အား နှုတ်ဆက်ရန် ထိုနေရာမှ စောင့်နေကြသည်။

သူငယ်ချင်းများကို မြင်လိုက်ရသောကြောင့် ဝမ်းသာသွားသောပစ်က ပြောလိုက်၏။

"ဒုက္ခရာရတဲ့ လူနာဆောင်က ပြန်ပေါင်းထုပ်ပွဲကလေးနဲ့ တွေ့လိုက်တာဗျာ"

ဆေးရုံမှ လူနာတိုင်း ဝတ်ဆင်ရသော အပြာရောင် ခြုံထည်အောက်၌ ရဲရဲနီနေသော ညအိပ်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဂျီအိုဒီနိုသည်



www.burmeseclassic.com

www.burmeseclassic.com



ဘီးတပ်ကုလားထိုင်ပေါ်၌ ပျော်ပျော်ရွှင်ရွှင် ထိုင်နေသည်။ ထူထပ်စွာ ပတ်တီးစည်းထားရသော သူ့ခြေထောက်များသည် သစ်သားဒေါက်များ၏ အကူအညီဖြင့် ဘီးတပ်ကုထားထိုင်၏ ရှေ့ဘက်တွင် တောင့်တောင့်တင်းတင်းကြီး ထောင်နေကြသည်။ ပစ်ကဲ့သို့ ညာဘက်လက်မောင်းကို အနက်ရောင်သိုင်းကြိုးနှင့် ချိတ်ဆွဲထားရသူ ဗိုလန်ကလည်း ဆေးရုံမှ ခြုံထည်အောက်၌ ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်။

"ငါတို့က မင်းကို ခရီးလမ်းမှာ ပျော်ရွှင်ပါစေဆိုတဲ့ နှုတ်ဆက်ပွဲကလေးကို မကျင်းပဘဲနဲ့ ပြန်မလွှတ်နိုင်ဘူး"

ဗိုလန်က ညှိကြိုခန်းတစ်လျှောက်ကို ကျီးကန်းတောင်းမှောက်လှမ်းကြည့်လိုက်၏။

"ငါက ကတ်တီဆတ်ခ်* တစ်ပုလင်းကို အခန်းထဲရောက်အောင် ခိုးသွင်းထားတယ်ကွ"

"ပြီးတော့ ငါကလည်း ဖော့ဒ်ကာတစ်လီတာကို ယူလာတယ်"

ဒင်ဗာက သူ၏ အလိုဟာရှပ်အင်္ကျီအောက်မှ ဖောင်းကြွနေသော နေရာကို လက်နှင့်ထိုးပြရင်း မြိန်ရေရှက်ရေ ပြောလိုက်၏။

ပစ်က ပြန်မေးလိုက်သည်။

"ဒီဆေးရုံကို ဘယ်သူတွေက အုပ်ချုပ်နေလို့လဲ"

"ဒီဆေးရုံက သူနာပြုဆရာမတွေဟာ အရက်နဲ့ ပတ်သက်လာရင် သိပ်ကို စည်းကမ်းကြီးကြတယ်ကွ"

ဂျိအိုဒိနိုက ဖြေလိုက်ခြင်း ဖြစ်သည်။

ပစ်က ပြန်ပြောလိုက်၏။

"ငါကတော့ ပိုးသတ်ဆေးစော်နံ့တဲ့ ဆေးရုံထဲမှာ တိုးတိုးတိတ်တိတ် တိုးတိတ်ပြီး လုပ်ရတဲ့ ဖဲယားဝဲလ်ပါတီကို မကြိုက်ဘူးကွာ။ နောက်တစ်နေ့ကျရင် ငါတို့ ဟိုတယ်မှာ ဆုံကြရအောင်၊ အဲဒီအချိန်ကျရင် မင်းတို့အားလုံး ဒီဆေးရုံက အာမခံအဖြစ်နဲ့ အပြင်ကို ရောက်နေလောက်ကြပါပြီ၊ ငါက မီခင်ဒိတ် အပြည့်အဝရှိတဲ့ အမျိုးသမီးကလေးတွေကို မင်းတို့အတွက် စီစဉ်ဆောင်ထားပါ့မယ်"

ဗိုလန်က သဘောတူလိုက်သည်။

"ဒါဆိုရင် စောင့်ရကျိုးနပ်လိမ့်မယ် ထင်တယ်"

ပျော်ပျော်ရွှင်ရွှင် ရှိနေလေဟန် တမင်လုပ်ကြံ၍ ပြောလိုက်သော စကားသံကို ဂျိအိုဒိနိုက အမှန်အတိုင်း သိလိုက်သည်။

"တောဒီပတ္တိလ်ဟာ ကျုပ်တို့အားလုံးက သိကြ၊ ချစ်ကြတဲ့ ဒုတ်ခ်ပစ်ပါပဲ"

ဂျိအိုဒိနိုသည် ပစ်၏လက်ကို လှမ်းကိုင်ပြီး ဖျစ်ညှစ်လိုက်၏။

* Cutty sark - ဝီစကီ





"ဟုတ်တယ် မဟုတ်လား ကိုယ့်လူ"

"ဟုတ်ပါတယ်"

ပစ်က ပြန်ဖြေလိုက်၏။ ပစ်သည် သူငယ်ချင်းဖြစ်သူ၏ ကြောင့်ကြမှုကို ကျေးဇူးတင်လိုက်မိသည်။

"ငါက ငါ့အတွက် ရွှေနီရောင်ဆံပင်နဲ့ အမျိုးသမီးတစ်ယောက်ရှာပေးထားပါလို့ အမှာစာ ပေးလိုက်မယ်"

ဂျိအိုဒိနိုက ပြောလိုက်ခြင်း ဖြစ်သည်။

"ငါ့ကို ပွေ့ချီသွားနိုင်လောက်အောင် ထွားကျိုင်းတဲ့ အမျိုးသမီးတစ်ယောက်ပေါ့ကွာ"

"ငါ တတ်နိုင်သမျှ လုပ်ထားပါ့မယ်"

ပစ်က အားလုံးနှင့် လက်ဆွဲနှုတ်ဆက်ပြီး ပင်မတံခါးပေါက်မှ တစ်ဖက်တစ်ချက်တွင် ထန်းပင်များစီတန်း၍ ပေါက်နေကြသော မော်တော်ကားလမ်းဆီသို့ တောင့်တောင့်တင်းတင်းကြီး လျှောက်သွားလေတော့သည်။

ပစ်သည် ကြီးမားကျယ်ပြန့်လှသော ဆေးရုံကြီးရှေ့၌ မတ်တတ်ရပ်ရင်း အနောက်ဘက်တွင်ရှိသော သင်္ဘောများဆိုက်ကပ်ထားသည့် ဖုလဲဆိပ်ကမ်းမှ အရှေ့ဘက်တွင်ရှိသော ဝိုင်ကီကီကမ်းခြေပေါ်မှ မိုးမျှော်ဟိုတယ်ကြီးများအထိ ကြီးမားကျယ်ပြန့်သော ဆန်းဆန်းကြယ်ကြယ်ရှုခင်းကို လှမ်းမျှော်ကြည့်လိုက်သည်။

သဲသောင်ခုံတန်း၏ ဟိုဘက်တွင် မည်းနက်သော တိမ်တိုက်များသည် မကြာမီ ရောက်ရှိလာတော့မည့် မိုးသက်မုန်တိုင်းကို အကြိုထောက်၍ နေကြသလို အိုဟာဟူးကျွန်းဆီသို့ အပြေးအလွှား လာနေကြသော မီးခိုးရောင်မိုးရေများသည် ထိုကျွန်းအား ကြီးမားသော တာလပတ်စကြီးတစ်ချပ်နှင့် ဖုံးဖိပေးရန်အတွက် မမြင်ရသောလက်များက တာလပတ်စကြီးကို ဆွဲတင်နေသလိုလို ထင်ရစေသည်။

ခပ်အုပ်အုပ် မြည်လိုက်သော စက်သံကြောင့် သူက သတိထားမိပြီး လှည့်ကြည့်လိုက်ရာ သူမြင်ဖူးနေသော ပုံသဏ္ဌာန်နှင့် သူ၏ တလက်လက်တောက်နေသော အနီရောင် ဒေစီကိုဘရာမော်တော်ကားကလေးသည် ကားလမ်းအတိုင်း မောင်းနှင်၍ တက်လာသည်ကို အချိန်မီ မြင်လိုက်ရလေတော့သည်။

ထိုမော်တော်ကားကလေးသည် ကားရပ်ရန်နေရာတွင် ရပ်တန့်သွားပြီးနောက် ရေတပ်သား ဟာဂါသည် မော်တော်ကားထဲမှ ထွက်လာသည်။

"ဟိုင်း မစ္စတာပစ်"

ယာဂါက ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

"ခင်ဗျားအနေနဲ့ မော်တော်ကား လိုနေလိမ့်မယ်လို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ခင်ဗျား ရပ်ထားခဲ့တဲ့ သင်္ဘောဆိပ်က မောင်းယူလာခဲ့တယ်၊ သော့မရှိတဲ့အတွက် ဝိုင်ယာကြိုးကိုပူးပြီး မောင်းခဲ့ရတယ်၊ မော်တော်ကားကိုတောင် ခင်ဗျားအတွက် ဆေးကြောလာပါတယ်"

"မင်းရဲ့ ဧည့်ဝတ်ကျေပွန်မှုကို ကျုပ် သိပ်သဘောကျပါတယ်"

ပစ်က စိတ်ပါလက်ပါ ပြောလိုက်၏။

"ကျုပ်က အငှားကားတစ်စီးကို ခေါ်တော့မလို့၊ ကျုပ်က မင်းကို လိုက်ပို့ပေးရမလား"

"မပို့ပါနဲ့၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ကျွန်တော့်ပြည်နယ်က သူနာပြုဆရာမလေးတစ်ယောက်နဲ့ အချိန်းဖြုန်းမလို့ပါ"

သူက ပစ်အား ပြုံးပြလိုက်၏။

"တွေ့ကြသေးတာပေ့ါလေ"

သူက ပေ့ါတီးပေ့ါဆနှင့် အလေးပြုလိုက်ပြီးနောက် ချာခနဲ လှည့်ပြီး ဆေးရုံထဲသို့ ဝင်သွားလေတော့သည်။

မော်တော်ကား လက်ကိုင်ဘီးနောက်၌ ပြန်ထိုင်ရသည်မှာ အရသာရှိလှပေသည်။

ပစ်က ဂီယာကို အနည်းငယ် ပြောင်းလဲ၍ ထိုးပြီးသွားသောအခါ ပစ်သည် မော်တော်ကားကို လက်တစ်ဖက်တည်းနှင့် မောင်းထွက်သွားလေတော့သည်။

သူသည် ပထမပိုင်းတွင် ရည်ရွယ်ချက်လည်း မရှိ၊ ဦးတည်ချက်လည်း မထားဘဲ ခပ်ဖြည်းဖြည်း မောင်းနှင်နေသည်။ ထို့နောက် သူဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ရှိနေသေးကြောင်း စဉ်းစားလိုက်မိသောကြောင့် နယူးပါလီလမ်းပေါ်သို့ ကွေ့တက်ခဲ့သည်။

ဥမင်လိုဏ်ခေါင်းများသည် နောက်ဘက်၌ ကျန်ရစ်ခဲ့ကြသလို တိုဘရာ မော်တော်ကားသည် ကျွန်း၏ လေထန်သော ကမ်းခြေဘက်သို့ ဆင်ခြေလျှောအတိုင်း မောင်းနှင်ပြီး ဆင်းသွားသည်။

အောက်ခြေရှိ နာနူပါလီတောင်ကြားသို့ အရောက်တွင် ပစ်သည် ဆယ်ဘက်သို့ချိုး၍ ဟိုင်းဝေး အမှတ်(၈၃)ပေါ်သို့ တက်ခဲ့ပြီး ကနိုအိုဟီသို့ သွားရာ လမ်းမကြီးပေါ်တွင် မိုင်နှုန်းပြလက်တံကို (၉၅) အထိရောက်အောင် အရှိန်ကိုမြှင့်တင်၍ မောင်းနှင်ခဲ့သည်။

စိမ်းလန်းနေသော ကူလောတောင်တန်းသည် ကြောက်စရာကောင်းလောက်အောင် အနောက်ဘက်မှ ဖြုန်းခနဲ ပေါ်ထွက်လာပြီး ကမ်းခြေတစ်လျှောက်တွင် ဖောက်ထားသော ဟိုင်းဝေးလမ်းမကြီးနှင့် ယှဉ်လျက်သား ရှိနေသည်။ အမြဲတမ်း တိုက်ခတ်နေသော မြောက်လေက ကမ်းခြေသို့ လာရောက်ရိုက်ခတ်သော လှိုင်းလုံးကြီးများထံမှ ရေမှုန်ရေမွှားများကို သယ်ဆောင်လာသောကြောင့် လေသည် တလက်လက်တောက်နေသည့်အပြင် ဟိုင်းဝေးလမ်းမကြီးကိုလည်း စိုထိုင်းနေစေသည်။





[illegible]ယ် ခရီးပေါက်လာသည့်အခါတိုင်း ကိုဘရာ မော်တော်ကားကလေးသည် ရွာတစ်ရွာနှင့် တွေ့ရသောကြောင့် အရှိန်ကို လျှော့ချရလေ့ရှိသည်။ ထိုရွာကလေးများတွင် ဟီးယာ၊ ကာလေ၊ ဝိုင်ကာနီ ကားဝါး၊ ကိုဟားနား စသော ထူးခြားသည့် နာမည်များ သီးသီးသန့်သန့် ရှိနေကြသော်လည်း ရွာအားလုံးသည် တစ်ပုံစံတည်းလိုလို ထင်နေရသည်။

ပစ်သည် ရေတပ်မတော်မှ ပယ်ထားသော ဘတ်စ်ကားဟောင်းကြီး တစ်စီးနောက်သို့ တိုးကပ်လိုက်၏။ ထိုမော်တော်ကားကို တောက်ပသစ်လွင်သော ခရမ်းရောင် ဆေးသုတ်ထားသော်လည်း အောက်ခံဆေးသားကို ကော်ပတ်စား၍ ဖျက်ပစ်ရန် မေ့သွားခဲ့သောကြောင့် ဆေးရောင်အသစ်သည် အချို့နေရာများတွင် ကြီးမားသော အကွက်ကြီးများ ဖြစ်နေပြီး အလွှားလိုက်ကွာကျနေကြလေရာ အောက်ခံဆေးအစိမ်းရောင်ကိုပင် မြင်နေရသည်။

ပစ်သည် လီဗာကိုနင်းလိုက်ပြီးနောက် ကျဉ်းမြောင်းသော လမ်းပေါ်တွင် ထိုဘတ်စ်ကားကြီးကို ကျော်တက်သွားသည်။ သူသည် ဘတ်စ်ကားပေါ်ရှိ စီးနင်းလိုက်ပါလာသူများ၏ ရုပ်အင်္ကျီများမှ သစ်လွင် တောက်ပသော ဆေးရောင်များကို မျက်လုံးထောင့်စွန်းမှ ဖျတ်ခနဲ မြင်လိုက်ရသည်။ ယောကျ်ားကလေးအများစု ပါဝင်သောထိုအဖွဲ့သည် ဗျပ်စောင်းကလေးများနှင့် ဂီတာများကို တီးကြရင်း ရယ်ရယ်မောမောနှင့် သီချင်းဆိုနေကြသည်။

ပစ်သည် မော်တော်ကားကို လမ်းပေါ်မှဖဲ့ဆင်းခဲ့ပြီးနောက် ထန်းပင်ရှည်ကြီးများအောက်ရှိ လူနေထိုင်တော့ပုံမရသော အိမ်တစ်လုံးရှေ့တွင် ရပ်တန့်လိုက်၏။ ပေါင်းပင်များ ပေါက်နေပြီး စွန့်ပယ်ထားခြင်းခံရသော ခြံဝင်း၏အလယ်တွင် ပလူးမီးရီးယားပန်းပင်တစ်ပင် ရှိနေသည်။ ထိုပန်းပင်မှ ရှည်လျားပြီး ချွန်ထက်သော သစ်ရွက်များသည် ပေနှစ်ဆယ်ခန့်အမြင့်အထိ ကောင်းကင်ပြာကြီးထဲသို့ ထိုးတက်နေကြပြီး ထိုအချိန်တွင် ပန်းပွင့်များသည် ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။

အင်မတန်လှပသော ထိုပန်းပွင့်ကလေးများသည် ပစ်၏ပတ်ပတ်လည်၌ ရှိနေကြသည်။

ပစ်သည် သစ်ကိုင်းများပေါ်မှ အဝါရောင်နှင့်အဖြူ ရောင်စပ်နေသော ကတော့ပုံစံ ပန်းပွင့်ကလေးများကို ဆွတ်ခူးနေစဉ် ထိုပန်းကလေးများ၏ သင်းပျံ့သော မွှေးရနံ့က ပစ်အား မွန်းသွားလုနီးပါး ဖြစ်စေခဲ့သည်။

ပန်းစည်းတစ်စည်းစာခန့် ရရှိသောအခါ ပစ်သည် မော်တော်ကားဆီသို့ ပြန်လာပြီး ထိုပန်းစည်းကလေးကို ဘေးနားရှိ ထိုင်ခုံပေါ် ချသောာတင်လိုက်၏။ ထို့နောက် ပစ်သည် အနောက်ဘက်သို့ ဦးတည်လိုက်ပြီး ကေးနားအငူစွန်းဆီသို့ မောင်းနှင်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီရေတက်ချိန် ဖြစ်သဖြင့် ကမ်းခြေသို့ ဦးတည်၍ လာနေသော လှိုင်းလုံးကြီးများသည် မတ်စောက်သော ကမ်းပါးခြေရင်းသို့ မရောက်မီ အလုံးအထည် ပြိုကွဲပြီး သဲပြင်ပေါ်တွင် ပြန့်ကားသွားကြသည်။ လှိုင်းလုံးကြီးတစ်လုံး ကမ်းခြေပေါ်မှ ပြန်၍ နောက်ဆုတ်သွားသည့်အခါတိုင်း ဒီရေက ဆေးကြောပေးလိုက်သောကြောင့် သန့်ရှင်းသွားသော သဲသောင်ပြင်သည် ပြန်၍ ပေါ်လာစမြဲပင် ဖြစ်သည်။

ပစ်သည် ကေးနားအငူစွန်းမှ မတ်စောက်သော ကမ်းပါးဆိပ်၌ မတ်တတ်ရပ်ရင်း မငြိမ်မသက်ဖြစ်နေသော ပင်လယ်ရေပြင်ကို စောင့်ကြည့်နေသည်။ ပင်လယ်ဒီရေသည် အမြင့်ဆုံးအဆင့်သို့ ရောက်လာပြီဖြစ်၍ ပြန်၍ ကျဆင်းစပြုချိန်အထိ ပစ်သည် အတန်ငယ်ကြာအောင် မတ်တတ်ရပ်နေခဲ့သည်။

'ဒီနေရာက ဇာတ်လမ်းစခဲ့တာပဲ' ဟု ပစ်က တွေးလိုက်၏။

အနည်းဆုံး သူ့အဖို့ ဒီနေရာသည် ဇာတ်လမ်းဆုံးသောနေရာ ဖြစ်သင့်ပေသည်။ သို့တိုင်အောင် အချို့သောကိစ္စများသည် နှလုံးခုန်မှု ရပ်ဆိုင်းသွားသည့်အချိန်အထိ အမျိုးသားတစ်ယောက်၏ရင်ထဲ၌ ရှိနေတတ်ကြောင်း သူ သိပါသည်။

ပလူးမီးရီးယား ပန်းပွင့်ကလေးများထံမှ သင်းပျံ့သော ရနံ့ကလေးသည် သူ့နှာခေါင်းထဲသို့ ထိုးဖောက် ဝင်ရောက်လာသလို မိုးကုပ်စက်ဝိုင်း၏ ဟိုဘက်တစ်နေရာမှ ခပ်တိုးတိုး အသံကလေးတစ်သံက

'အေး . . . ကာမာနီဟီမာကာ' ဟု ပြောနေသယောင်ယောင် သူ့နားထဲတွင် ကြားယောင်နေရသည်။

ထိုစကားလုံးကလေးများသည် ပင်လယ်ဆီမှ တိုက်ခတ်လာသော လေပြည်လေညင်းကလေးများပေါ်တွင် တွဲလဲခို၍ လိုက်ပါလာကြသည်။

ပစ်က ထိုအသံကို နားစွင့်ထောင်လိုက်၏။ သို့ရာတွင် ထပ်မံ၍ မကြားရတော့ပါ။

ပစ်သည် ပန်းစည်းကလေးကို အတန်ကြာအောင် ငေးကြည့်နေပြီးနောက် ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။ ထို့နောက် ပင်လယ်ရေလှိုင်းက ပန်းစည်းပေါ်သို့ ဖုံးအုပ်လိုက်ပြီး အမြှုပ်တစီစီထနေသော သဲပြင်ပေါ်တွင် ပြန့်ကျဲသော ပန်းပွင့်ကလေးများအား ကြဲဖြန့်ပစ်လိုက်သည်ကို စောင့်ကြည့်နေလိုက်သည်။

ပစ်သည် ပင်လယ်ကမ်းစပ်မှ ပြန်လှည့်လာစဉ် ကြီးကြီးကျယ်ကျယ် စိတ်သက်သာရာရမှုကို ခံစားလိုက်ရသလို ဖြူနီးခနဲ ဝမ်းသာသွားမိသည်။

အေစီကိုဘရာမော်တော်ကားကလေးသည် ဖုန်တန်းကလေးတစ်ခုကို နောက်ဘက်တွင် ကျန်ရစ်စေခဲ့ပြီး လေထန်သော ဖုန်လမ်းကလေးအတိုင်း အောက်ဘက်သို့ အရှိန်နှင့် မောင်းဆင်းလာလေတော့သည်။

မောင်မြင့်ကြွယ်



BURMESE CLASSIC .com
www.burmeseclassic.com